www.dhammaransi.com

# ထင်ပေါ်ကျော်ကြား ဥပါသကာများ

သာမဏေကျော်



www.dhammaransi.com

သာမဏေကျော်

# ထင်ပေါ်ကျော်ကြားဥပါသကာများ

ပါရမီ
စာပေ

www.dhammaransi.com

ထင်ပေါ်ကျော်ကြားဥပါသကာများ
ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် ဧပြီလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၁၄၁၀၆၀၃ နှင့် စာမူခွင့်ပြုချက်အမှတ် ၃၂၀၄၀၉၀၅၀၆ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အမှတ် ၁၂၇၊ အခန်း ၃၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

တန်ဖိုး ၂၀၀၀ ကျပ်

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

www.dhammaransi.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဇောတိကသူဌေး | ၅ |
| ၂။ | ဇဋိလသူဌေး | ၉ |
| ၃။ | မေဏ္ဍကသူဌေး | ၁၄ |
| ၄။ | ပုဏ္ဏသူဌေး | ၁၇ |
| ၅။ | ဥဂ္ဂသေနသူဌေးသား | ၂၃ |
| ၆။ | သန္တတိအမတ်ကြီး | ၂၈ |
| ၇။ | လင် မုဆိုး၊ မယား သောတာပန် | ၃၃ |
| ၈။ | အဒိန္နပုဗ္ဗကသူဌေး | ၃၇ |
| ၉။ | ဓမ္မိကဥပါသကာ | ၄၄ |
| ၁၀။ | ဗိဠာလပါဒကသူဌေး | ၄၉ |
| ၁၁။ | မစ္ဆရိယကောသိယသူဌေး | ၅၃ |
| ၁၂။ | ဥပါလိသူကြွယ် | ၆၁ |
| ၁၃။ | သီဟစစ်သူကြီး | ၇၃ |
| ၁၄။ | ရောဇမင်းသား | ၇၆ |
| ၁၅။ | အသောကမင်းကြီး | ၇၈ |
| ၁၆။ | အဘယမင်းသား | ၈၂ |
| ၁၇။ | ဇီဝက | ၈၃ |
| ၁၈။ | အနာထပိဏ် | ၈၉ |
| ၁၉။ | ငါဟဲ့ အာဠဝက | ၉၄ |
| ၂၀။ | ပသေနဒီကောသလမင်း | ၁၁၁ |
| ၂၁။ | ဗိမ္ဗိသာရမင်း | ၁၂၀ |
| ၂၂။ | ကာကဝလိယသူဌေး | ၁၃၀ |
| ၂၃။ | ဗြဟ္မာယုပါမောက္ခ | ၁၃၃ |

www.dhammaransi.com




| | | |
|---|---|---|
| ၂၄။ | ဒုဋ္ဌဂါမဏိမင်း | ၁၃၉ |
| ၂၅။ | မိလိန္ဒမင်းကြီး | ၁၄၂ |
| ၂၆။ | မာဂဏ္ဍိယပရိဗိုဇ် | ၁၅၂ |
| ၂၇။ | ဥပကတက္ကတွန်း | ၁၅၅ |
| ၂၈။ | တပုဿနဲ့ ဘလ္လိက ညီနောင် | ၁၅၇ |
| ၂၉။ | စိတ္တသူကြွယ် | ၁၆၁ |
| ၃၀။ | အဇာတသတ်မင်း | ၁၆၉ |
| ၃၁။ | ပုက္ကုသာတိမင်း | ၁၇၇ |
| ၃၂။ | သုဒ္ဓေါဒနမင်း | ၂၀၁ |
| ၃၃။ | သုပ္ပဗုဒ္ဓလူနူ | ၂၁၀ |
| ၃၄။ | သုရမ္ဗဋ္ဌသူဌေး | ၂၁၅ |
| ၃၅။ | ဥဂ္ဂတသူဌေး | ၂၁၈ |
| ၃၆။ | ဥဂ္ဂသူဌေး | ၂၂၀ |
| ၃၇။ | မဟာနာမ်သာကီဝင် | ၂၂၇ |
| ၃၈။ | နကုလရဲ့ အမေနဲ့ အဖေ | ၂၃၁ |
| ၃၉။ | ဗာဟိယဒါရုစိရိယ | ၂၃၄ |
| ၄၀။ | လူသတ်ဗိုလ်ကြီး တမ္ဗဒါဌိက | ၂၄၀ |
| ၄၁။ | ဗောဓိမင်းသား | ၂၄၂ |
| ၄၂။ | တိပိဋကစရေ ဆတ္တပါဏိ | ၂၄၇ |
| ၄၃။ | သိရိဂုတ္တနဲ့ ဂရဟဒိန္န | ၂၅၁ |
| ၄၄။ | အနိတ္ထိဂန္ဓသတို့သား | ၂၆၃ |
| ၄၅။ | ကျောင်းဒကာ နန္ဒိယ | ၂၆၇ |
| ၄၆။ | အဂ္ဂိဒတ္တပုဏ္ဏား | ၂၇၀ |
| ၄၇။ | ထင်းခွေသမားရဲ့ သားလေး | ၂၇၇ |
| ၄၈။ | အသက် ၁၂၀ ရှည်သူ | ၂၈၁ |
| ၄၉။ | ကုမ္ဘဃောသကသူဌေး | ၂၈၅ |
| ၅၀။ | ပဉ္စဂ္ဂဒါယကပုဏ္ဏား | ၂၉၄ |
| ၅၁။ | အနာထပိဏ်ရဲ့သား ကာလ | ၂၉၇ |

www.dhammaransi.com

# ဇောတိကသူဌေး

ဇောတိကသူဌေးဟာ ရာဇဂြိုဟ်မြို့သား ဖြစ်တယ်။ သူမွေးဖွားရာနေ့မှာ တစ်မြို့လုံးက လက်နက်အားလုံးဟာ တောက်ပနေကြတယ်။ မြို့သူမြို့သား အားလုံးရဲ့ ကိုယ်မှာ ရောက်နေကြတဲ့ အဆင်တန်ဆာအားလုံးဟာလည်း အလျှံတောက်သလိုဖြစ်ကာ အရောင်ကိုလွှတ်ကြတယ်။ မြို့က တစ်ခဲနက်တောက်ပနေတယ်။ သူ့နာမည်ယူရာနေ့မှာ တစ်မြို့လုံး တစ်ခဲနက် တောက်ပနေတယ်။ ဒါကြောင့် ဇောတိက လို့ နာမည်တွင်တယ်။ 'ဇောတိကမှာ ရတနာ ၇ ပါးနဲ့ပြီးတဲ့ ဘုံ ၇ ဆင့်ရှိပြာသာဒ် ပေါ်ပေါက်လာသတဲ့။ ရတနာ ၇ ပါးနဲ့ပြီးတဲ့ တံတိုင်း ၇ ထပ်၊ တံခါးမုခ် ၇ မုခ်၊ ရွှေအိုးကြီး ၄ လုံး ပေါ်ပေါက်လာသတဲ့' လို့ ဗိမ္ဗိသာရမင်းက ကြားရပြီး သူဌေးအဆောင်အယောင်ထီးကို ပို့လိုက်တယ်။ သူဟာ ဇောတိကသူဌေးအမည်တွင်သွားတယ်။ တံတိုင်းတွေအဆုံးမှာ ပဒေသာပင်တွေလည်း ပေါ်ပေါက်လာကြတယ်။

သူ့မယားက သတုလကာယီ မည်တဲ့ မြောက်ကျွန်းသူဖြစ်ပါတယ်။ နတ်တွေက သူမကို ဆောင်ယူပေးကြပါတယ်။ သူတို့ဟာ ပတ္တမြားအရောင်နဲ့ နေကြပါတယ်။ မီးအရောင်၊ ဆီမီးအရောင်ကို သူတို့မသိကြပါ။ 'ဇောတိကရဲ့စည်းစိမ်က ဒီလိုသဘောရှိသတဲ့'လို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ထင်ရှားတယ်။ လူအများက ယာဉ်စသည်တွေကို တပ်ယှဉ်ပြီး ကြည့်ရှုဖို့ လာကြတယ်။ ဇောတိကသူဌေးက လာလာသမျှ လူတွေအား မြောက်ကျွန်းက ဆန်တွေနဲ့ ထမင်းချက်ခိုင်းပြီး ပေးခိုင်းတယ်။ 'ပဒေသာသစ်ပင်တွေက အဝတ်တွေကို ယူကြလော့၊

www.dhammaransi.com



အဆင်တန်ဆာတွေကို ယူကြလော့'လို့ စေခိုင်းတယ်။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ လူတွေက ဥစ္စာကိုယူပြီး သွားကြတဲ့အခါ ရွှေအိုးမှာ လက်တစ်ချောင်းစာလောက်တောင် လျော့မသွားပါ။

အဇာတသတ်မင်းသားက ဒေဝဒတ်နဲ့ပေါင်းပြီး ဖခင်ကို သတ်ကာ မင်းအဖြစ်မှာ တည်တဲ့အခါ 'ဇောတိကသူဌေးရဲ့ ပြာသာဒ်ကြီးကို သိမ်းယူမယ်'လို့ ကြံပြီး စစ်တိုက်ဖို့ ပြင်ဆင်ကာ ထွက်လာတယ်။ ပတ္တမြားတံတိုင်းမှာ အခြံအရံနဲ့တကွသော မိမိရဲ့အရိပ်ကို မြင်ရပြီး 'ဇောတိကသူဌေးဟာ စစ်တိုက်ဖို့ ပြင်ဆင်ထားကာ စစ်သည်တော်အပေါင်းကို ခေါ်ပြီး ထွက်လာတယ်'လို့ ထင်မှတ်ကာ မချဉ်းကပ်ဝံ့။ ဇောတိကသူဌေးကလည်း အဲဒီနေ့မှာ ဥပုသ်စောင့်ကာ နံနက်စောစောပဲ နံနက်စာစားပြီး ကျောင်းကိုသွားကာ ဘုရားရှင်ထံ တရားနာရင်း ထိုင်နေတယ်။

ပထမတံခါးမှုခ်မှာ စောင့်ရှောက်တဲ့ ယမကောဠိ အမည်ရှိ ဘီလူးက အဲဒီအဇာတသတ်ကို မြင်ပြီး 'သင် ဘယ်ကိုသွားမလို့လဲ'လို့ မေးကာ အခြံအရံပရိသတ်ကိုပါ ဖျက်ဆီးပြီး အရပ် ၈ မျက်နှာတွေမှာ နောက်ကလိုက်တယ်။ အဇာတသတ်မင်းက ကျောင်းကိုပဲသွားတယ်။ အဲဒီအခါ ဇောတိကသူဌေးက အဇာတသတ်မင်းကို မြင်လျှင်မြင်ချင်းပဲ 'အရှင်မင်း၊ ဘာပါလဲ'လို့ ပြောကာ နေရာမှထပြီး ရပ်တယ်။

'ဇောတိကသူကြွယ်၊ သင်က သင့်ရဲ့ယောကျ်ားတွေကို ငါနဲ့အတူ စစ်တိုက်ကြ'လို့ စေခိုင်းပြီး ဒီအရပ်ကိုလာကာ တရားနာသလို လုပ်ပြီး ဘာကြောင့်ထိုင်နေပါသလဲ'

'အရှင်မင်းက ကျွန်ုပ်ရဲ့အိမ်ကို သိမ်းယူဖို့ လာတာပါလား'

'ဟုတ်တယ်'

'ကျွန်ုပ်ရဲ့အလိုဆန္ဒမပါဘဲ ကျွန်ုပ်ရဲ့အိမ်ကို သိမ်းယူဖို့ မင်းတစ်ထောင်ကတောင်မှ မစွမ်းနိုင်ပါ အရှင်မင်း'

www.dhammaransi.com



'သင်က မင်းဖြစ်မှာလား' (အဲဒီလိုပြောပြီး အဇာတသတ်က စိတ်ဆိုးတယ်)

'ကျွန်ုပ်က မင်းမဟုတ်ပါ၊ ကျွန်ုပ်ရဲ့ဥစ္စာကို အမြိတ်ဆာပါတဲ့ ချည်ကိုတောင်မှ ကျွန်ုပ်ရဲ့အလိုဆန္ဒမပါဘဲ မင်းတွေ၊ သူခိုးတွေဟာ မယူနိုင်ကြပါ'

'ငါဟာ သင့်ရဲ့ကြိုက်နှစ်သက်မှုကို ယူရမှာလား'

'အရှင်မင်း ဒီလိုဆိုရင် ကျွန်ုပ်ရဲ့ လက် ၁၀ ချောင်းက ဒီ လက်စွပ် ၂၀ ကို သင့်အား မပေးပါ၊ စွမ်းနိုင်ရင် ယူပါ'

အဲဒီအဇာတသတ်မင်းဟာ မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ပြီး ခုန်ရင် ၁၈ တောင် ရှိအရပ်ကို တက်ရောက်တယ်။ ရပ်ပြီး ခုန်ရင် အတောင် ၈၀ ရှိအရပ်ကို တက်ရောက်တယ်။ အဲဒီလောက် အင်အား ကြီးမားသူဖြစ်ပေမယ့် နည်းမျိုးစုံနဲ့ ချွတ်ပေမယ့် လက်စွပ်တစ်ခုကို တောင် မချွတ်နိုင်ပါ။ အဲဒီအခါ အဇာတသတ်မင်းကို ဇောတိကသူဌေး က 'အရှင်မင်း၊ အဝတ်ကို ဖြန့်ပါ'လို့ ပြောပြီး လက်ချောင်းတွေကို ဖြောင့်အောင် လုပ်လိုက်ပါတယ်။ လက်စွပ် ၂၀ လုံးပဲ ထွက်ကျလာ ကြတယ်။ အဲဒီအခါ အဇာတသတ်မင်းကို ဇောတိကသူဌေးက 'အရှင် မင်း၊ ကျွန်ုပ်ရဲ့ဥစ္စာကို ကျွန်ုပ်ရဲ့အလိုဆန္ဒမပါဘဲ မယူနိုင်ပါ'လို့ ပြော တယ်။

အဇာတသတ်မင်းရဲ့ အပြုအမူကြောင့် သံဝေဂဖြစ်ကာ 'အရှင် မင်း၊ ကျွန်ုပ်အား ရဟန်းဝတ်ဖို့ ခွင့်ပြုပါ'လို့ ပြောတယ်။ အဇာတသတ် မင်းက 'ဒီဇောတိကသူဌေး ရဟန်းဝတ်ရင် ငါဟာ ချမ်းချမ်းသာသာ ပြာသာဒ်ကို ယူမယ်'လို့ကြံကာ စကားတစ်ခွန်းနဲ့ပဲ 'သင်ဟာ ရဟန်း ဝတ်ပါ'လို့ ပြောလိုက်တယ်။ ဇောတိကသူဌေးဟာ ဘုရားရှင်ထံ ရဟန်း ဝတ်ပြီး မကြာခင်မှာပဲ ရဟန္တာဖြစ်တယ်။ ဇောတိကမထေရ်လို့ အမည် တွင်တယ်။ ဇောတိကမထေရ် ရဟန္တာဖြစ်ရာခဏမှာပဲ အဲဒီစည်းစိမ်

www.dhammaransi.com



အားလုံးလည်း ကွယ်ပျောက်သွားတယ်။ သူ့ရဲ့ သတ္တုလကာယိမည်တဲ့ မယားကိုလည်း နတ်တွေက မြောက်ကျွန်းကိုပဲ သယ်ဆောင်သွားကြပါတယ်။

တစ်နေ့မှာ ရဟန်းတွေက ဇောတိကမထေရ်ကို ခေါ်ပြီးမေးလို့ ဖြေပေးရတယ်။

'ငါ့ရှင်ဇောတိက၊ အဲဒီပြာသာဒ်နဲ့ ဒီမိန်းမအပေါ် တပ်မက်တွယ်တာမှုတဏှာ သင့်မှာရှိပါသလား'

'ငါ့ရှင်တို့၊ တပည့်တော်မှာ မရှိပါ'

ရဟန်းတွေက ဘုရားရှင်အား လျှောက်ထားလို့ ဘုရားရှင်က မိန့်တော်မူတယ်။

'မြတ်စွာဘုရား၊ ဒီဇောတိကရဟန်းဟာ မဟုတ်မမှန်တာကို ပြောပြီး အရဟတ္တဖိုလ်ကို ဖြေဆိုနေပါတယ်'

'ရဟန်းတို့၊ ငါ့ရဲ့သား ဇောတိကရဟန်းဟာ အဲဒီပြာသာဒ်နဲ့ မိန်းမအပေါ် တဏှာမရှိတော့သည်သာ'

'ဒီလောကမှာ ဒွါရ ၆ ပါးမှာ ဖြစ်တဲ့ တဏှာနဲ့မာနကို ပယ်စွန့်ပြီး လူ့ဝတ်ကြောင်ဘဝကို အလိုမရှိလို့ ရဟန်းဝတ်လာတယ်။ တဏှာနဲ့ ဘဝကုန်ပြီးတဲ့ အဲဒီပုဂ္ဂိုလ်ကို ငါဘုရားက ရဟန္တာလို့ မိန့်တော်မူတယ်'

ဒီတရားဒေသနာအဆုံးမှာ လူအများဟာ သောတာပန်စသည် ဖြစ်ကြပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၄၃၆၊ ၄၄၆)

www.dhammaransi.com

# ဇင်္ဂီလသူဌေး

ဇင်္ဂီလသူဌေးရဲ့မိခင်က ဗာရာဏသီသူဌေးရဲ့သမီး၊ ဖခင်က ဝိဇ္ဇာဓိုရ် တစ်ဦး။ မိခင်က ရုပ်အလွန်လှတယ်။ သူ့မိခင်အား အသက် ၁၅ ၁၆ အရွယ်မှာ စောင့်ရှောက်ဖို့ ကျွန်မတစ်ယောက်ကိုပေးကာ ဘုံ ၇ ဆင့်ရှိ ပြာသာဒ်ရဲ့ အထက်ထပ်က ကျက်သရေတိုက်ခန်းမှာ နေစေ တယ်။ တစ်နေ့မှာ လေသာပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ကိုကြည့်နေ တဲ့ သူဌေးသမီးကို ကောင်းကင်ခရီးနဲ့သွားနေတဲ့ ဝိဇ္ဇာဓိုရ်တစ်ယောက် က မြင်သွားပြီး ချစ်ကြိုက်ကာ လေသာပြတင်းပေါက်နဲ့ဝင်ပြီး သူဌေး သမီးနဲ့အတူ ပေါင်းသင်းဆက်ဆံတယ်။ သူဌေးသမီးဟာ အဲဒီဝိဇ္ဇာဓိုရ် နဲ့ပေါင်းသင်းဆက်ဆံပြီး မကြာခင်ပဲ ကိုယ်ဝန်ရတယ်။ အဲဒီအခါ သူမ ကို အဲဒီကျွန်မကမြင်ပြီး 'ဒါ ဘာလဲ'လို့ မေးတယ်။ 'ရှိပါစေ၊ ဘယ်သူ့ ကိုမှ မပြောပါနဲ့'လို့ သူဌေးသမီးက ပြောလို့ ကျွန်မက ကြောက်တဲ့ အတွက် ဆိတ်ဆိတ်နေတယ်။ သူမလည်း ၁၀ လ လွန်တဲ့အခါ သားလေးမွေးဖွားတယ်။ ခွက်အသစ်ကို ဆောင်ယူခိုင်းပြီး အဲဒီခွက်ထဲမှာ အဲဒီကလေးကို အိပ်စေကာ အဲဒီခွက်ကိုပိတ်တယ်။ ခွက်အပေါ် ပန်း ဆိုင်းတွေကိုထားပြီး 'ဒီခွက်ကို ဦးခေါင်းနဲ့ရွက်ချီကာ ဂင်္ဂါမြစ်မှာ မျှောလိုက်ပါ'။ 'ဒါ ဘာလဲ'လို့ မေးခဲ့ရင် 'ငါ့အရှင်မရဲ့ နတ်ပူဇော်မှုပဲ' လို့ ပြောပါလို့ ကျွန်မကို စေခိုင်းတယ်။ ကျွန်မက အဲဒီအတိုင်းလုပ် တယ်။

ဂင်္ဂါမြစ်အောက်ဘက်မှာလည်း မိန်းမ ၂ ယောက်ဟာ ရေချိုး နေကြတဲ့အခါ ရေနဲ့မျောပါလာတဲ့ အဲဒီခွက်ကို မြင်သွားကြတယ်။

www.dhammaransi.com



တစ်ယောက်က 'အဲဒီခွက်ဟာ ငါ့ခွက်'လို့ ပြောတယ်။ တစ်ယောက်က 'အဲဒီခွက်အတွင်းက ပစ္စည်းဟာ ငါ့ပစ္စည်း'လို့ ပြောတယ်။ ခွက်ရောက်လာတဲ့အခါ အဲဒီခွက်ကိုယူပြီး ကုန်းပေါ်ထားကာ ဖွင့်ကြတယ်။ ကလေးကိုမြင်ပြီး တစ်ယောက်က 'ငါ့ခွက်ပဲလို့ ပြောလို့ ကလေးဟာ ငါ့ဟာပဲ'လို့ ပြောတယ်။ တစ်ယောက်က 'ခွက်အတွင်းက ပစ္စည်းဟာ ငါ့ပစ္စည်းပဲ ဖြစ်ပါစေ'လို့ ပြောလို့ ငါ့ကလေးပဲ'လို့ ပြောတယ်။ သူတို့ငြင်းခုံပြီး တရားဆုံးဖြတ်ရာနေရာကိုသွားကာ အဲဒီအကြောင်းကို ပြောပြကြတယ်။ အမတ်တွေက မဆုံးဖြတ်နိုင်လို့ မင်းထံသွားကြတယ်။ သူမတို့ရဲ့စကားကို မင်းက ကြားရပြီး 'သင်က ကလေးကိုယူ၊ သင်က ခွက်ကိုယူ'လို့ ပြောတယ်။ ကလေးရသွားတဲ့မိန်းမက မဟာကစ္စာနမထေရ်ရဲ့ အလုပ်အကျွေး ဒကာမဖြစ်တယ်။ ဒါကြောင့် အဲဒီမိန်းမက ကလေးကို 'ဒီကလေးကို မထေရ်ထံ ကိုရင်ဝတ်ပေးမယ်'လို့ မွေးမြူတယ်။

အဲဒီကလေး မွေးဖွားတဲ့နေ့မှာ ကိုယ်ဝန်အညစ်အကြေးကို ဆေးကြောပြီး မဖယ်ရှားလို့ ဆံပင်တွေက ရှုပ်ထွေးကာ တည်ရှိနေကြတယ်။ ဒါကြောင့် အဲဒီကလေးရဲ့နာမည်ကို 'ဇဋိလ'လို့ ခေါ်ကြတယ်။ ဇဋိလ ခြေထောက်နဲ့ သွားနိုင်တဲ့အခါ မထေရ်က အဲဒီအိမ်ကို ဆွမ်းခံဝင်တယ်။ ဥပါသိကာမက မထေရ်ကို ထိုင်ခိုင်းပြီး အာဟာရကို လှူတယ်။ မထေရ်က ကလေးကိုမြင်ပြီး မေးတယ်။

'ဥပါသိကာမ၊ ကလေးရထားသလား'

'မှန်ပါဘုရား၊ ဒီကလေးကို အရှင်ဘုရားထံ ရှင်ပြုပေးမယ်လို့ ရည်ရွယ်ကာ မွေးမြူခဲ့ပါတယ်။ အဲဒီကလေးကို ရှင်ပြုပေးတော်မူပါ'

မထေရ်က ကောင်းပြီလို့မိန့်ကာ ခေါ်ယူပြီး သွားတဲ့အခါ 'ဒီကလေးမှာ လူ့စည်းစိမ်ကိုခံစားဖို့ ကောင်းမှုကံရှိသလား'လို့ ကြည့်တယ်။ 'ဘုန်းကံကြီးတဲ့ သတ္တဝါဟာ ကြီးကျယ်တဲ့စည်းစိမ်ကို ခံစားလိမ့်မယ်။ ဒီကလေးဟာ ငယ်သေးတယ်။ သူ့ဉာဏ်မရင့်ကျက်သေး'

www.dhammaransi.com



လို့ ကြံကာ ကလေးကို ခေါ်ယူပြီး တက္ကသိလာပြည်က အလုပ်အကျွေး ဒကာတစ်ဦးရဲ့အိမ်ကို သွားတယ်။ အဲဒီဒကာက မထေရ်ကို ရှိခိုးပြီး ရပ်တည်ကာ အဲဒီကလေးကိုကြည့်ပြီး မေးတယ်။

'အရှင်ဘုရား၊ အရှင်ဘုရားဟာ ကလေးကို ရထားပါသလား'

'ဥပါသကာ၊ ဟုတ်တယ်။ ရှင်ရဟန်းဝတ်လိမ့်မယ်၊ ငယ်သေးတယ်၊ သင့်ထံမှာ ရှိပါစေ'

အဲဒီဒကာက ကောင်းပါပြီဘုရားလို့ လျှောက်ကာ သူ့ကို သားအရာမှာ ထားကာ ပြုစုတယ်။ အဲဒီဒကာရဲ့အိမ်မှာ ၁၂ နှစ်ပတ်လုံး ပစ္စည်းဥစ္စာ ပေါများတယ်။ အဲဒီဒကာက အခြားရွာကိုသွားတဲ့ခါ အဲဒီပစ္စည်းဥစ္စာအားလုံးကို ဈေးသို့သယ်ဆောင်ကာ ကလေးကို ဈေးမှာ အထိုင်ခိုင်းတယ်။ ထိုထိုပစ္စည်းတွေရဲ့ တန်ဖိုးကိုပြောပြပြီး 'ဒါ ဒါကို ဒီလောက်ဥစ္စာကို ယူပြီး ပေးပါ' လို့ ပြောကာ ဖဲသွားတယ်။ အဲဒီနေ့မှာ မြို့စောင့်နတ်တွေက အောက်ထစ်ဆုံးအားဖြင့် ငရုတ်ကောင်း၊ ဇီရာလောက် အလိုရှိသူတွေကိုတောင် အဲဒီကလေးရှိရာဈေးကို ရှေ့ရှုအောင် ပြုလုပ်ကြတယ်။ အဲဒီကလေးဟာ ၁၂ နှစ်ပတ်လုံး ပေါများတဲ့ ပစ္စည်းဥစ္စာကို တစ်နေ့တည်းနဲ့ပဲ ရောင်းတယ်။

သူကြွယ်က လာပြီး ဈေးမှာ ဘာကိုမှ မမြင်ရလို့ 'ချစ်သား၊ ပစ္စည်းဥစ္စာအားလုံးကို သင်ဖျက်ဆီးလိုက်ပြီလား' လို့ မေးတယ်။ 'မဖျက်ဆီးပါ၊ ပစ္စည်းအားလုံးကို သင်ပြောတဲ့နည်းအတိုင်းပဲ ရောင်းပါတယ်။ ဒါက ဒါရဲ့အဖိုး၊ ဒါက ဒါရဲ့အဖိုး' လို့ ပြောတယ်။ သူကြွယ်က သဘောကျပြီး 'တန်ဖိုးမဖြတ်နိုင်တဲ့ကလေးပဲ၊ ဘယ်နေရာမှာမဆို အသက်မွေးနိုင်တယ်' လို့ တွေးကာ သူ့အိမ်မှာ အရွယ်ရောက်နေတဲ့ သမီးကို အဲဒီကလေးအား ပေးတယ်။ 'သူ့အတွက် အိမ်ကို လုပ်ပေးကြ' လို့ ယောကျ်ားတွေကို စေခိုင်းပြီး အိမ်ပြီးသွားတဲ့အခါ 'သွားကြပါ၊ သင်တို့ဟာ သင်တို့ရဲ့အိမ်မှာ နေကြပါ' လို့ ပြောတယ်။ ဇင္ဂလ

www.dhammaransi.com



အိမ်ထဲဝင်တဲ့အခါ ခြေတစ်ဖက်နဲ့ တံခါးခုံကို နင်းမိကာမျှမှာ အိမ်ရဲ့ နောက်ပိုင်းမှာ မြေကြီးကိုခွဲပြီး အတောင် ၈၀ ရှိ ရွှေတောင် ပေါ်ထွက်လာတယ်။ မင်းက 'ဇဋိလမင်းသားရဲ့အိမ်မှာ မြေကြီးကိုခွဲပြီး ရွှေတောင် ပေါ်ထွက်လာသတဲ့'လို့ ကြားပြီးချင်းပဲ ဇဋိလထံ သူဌေးအဆောင် အယောင် ထီးကို ပို့လိုက်တယ်။ ဇဋိလသူဌေးလို့ အမည်တွင်တယ်။ သူ့မှာ သား ၃ ယောက် ရှိတယ်။ အဲဒီသားတွေ အရွယ်ရောက်လာတဲ့အခါ ရဟန်းဝတ်ဖို့ စိတ်ကိုဖြစ်စေကာ 'ငါတို့နဲ့ စည်းစိမ်တူအမျိုးရှိတဲ့ သူဌေးမျိုးရှိရင် ရဟန်းပြုခွင့်ပေးကြလိမ့်မယ်။ မရှိရင် ပေးကြမှာ မဟုတ်။ ဇမ္ဗူဒိပ်မှာ ငါတို့နဲ့စည်းစိမ်တူအမျိုး ရှိလေသလား'လို့ စူးစမ်းဖို့ ရွှေနဲ့ ပြီးတဲ့ အုတ်၊ ရွှေနဲ့ပြီးတဲ့ နင်တံ၊ ရွှေနဲ့ပြီးတဲ့ ခြေနင်းတို့ကို အလုပ်ခိုင်းတယ်။ ယောကျ်ားတွေရဲ့လက်မှာ အဲဒါတွေကိုပေးပြီး 'သွားကြပါ၊ ဒီဟာတွေကိုယူပြီး တစ်စုံတစ်ခုကိုသာ ကြည့်သလိုလုပ်ကာ ဇမ္ဗူဒိပ်တစ်ဝှန်းလုံး လှည့်လည်ပြီး ငါတို့နဲ့စည်းစိမ်တူတဲ့ သူဌေးရှိ မရှိကို သိပြီး လာခဲ့ကြပါ'လို့ စေလွှတ်လိုက်တယ်။ အဲဒီလူတွေက လှည့်လည်ကြတဲ့အခါ ဘဒ္ဒိယမြို့က မေဏ္ဍကသူဌေးနဲ့ ရာဇဂြိုဟ်မြို့က ဇောတိကသူဌေးတို့ထံ ရောက်ကြလို့ အဲဒီသူဌေးတွေရဲ့ အခြေအနေကို သိကြရတယ်။ ဇဋိလသူဌေးအား ပြောပြလို့ ဇဋိလက သူတို့ရဲ့စကားကို ကြားရပြီး ဝမ်းသာအားရတယ်။ 'အခု ငါဟာ ရဟန်းဝတ်ခွင့် ရတော့မယ်'လို့ ကြံကာ မင်းထံသွားပြီး 'အရှင်မင်း၊ အကျွန်ုပ် ရဟန်းဝတ်လိုပါတယ်'လို့ ပြောတယ်။

'သူဌေးကြီး၊ ကောင်းပါတယ်။ ရဟန်းဝတ်ပါ'လို့ မင်းက ပြောတယ်။ ဇဋိလက သားတွေကိုသွန်သင်ပြီး ဘုရားရှင်ထံ ရဟန်းဝတ်ကာ ရက်အနည်းငယ်နဲ့ ရဟန္တာဖြစ်သွားတယ်။ ဘုရားရှင်က နောင်အခါ ရဟန်း ၅၀၀ နဲ့အတူ ဆွမ်းခံလှည့်လည်တဲ့အခါ ဇဋိလမထေရ်ရဲ့ သားတွေ အိမ်တံခါးကို ရောက်သွားတယ်။ သားတွေက ဘုရားရှင်အမှူးရှိ

www.dhammaransi.com



တဲ့ ရဟန်းအပေါင်းအား ၁၅ ရက်ပတ်လုံး ဆွမ်းအလှူကို လှူကြတယ်။ တရားသဘင်မှာ ရဟန်းတွေက မေးလို့ ဇဋိလမထေရ်က ဖြေတယ်။

'ငါ့ရှင်ဇဋိလ၊ သင့်မှာ ဒီနေ့တိုင်အောင် အတောင် ၈၀ ရှိ ရွှေတောင်နဲ့ သားတွေအပေါ် တဏှာရှိသေးသလား'

'ငါ့ရှင်တို့၊ တပည့်တော်မှာ အဲဒါတွေအပေါ် တဏှာလည်း မရှိပါ၊ မာနလည်းမရှိပါ'

'ဒီဇဋိလထေရ်ဟာ မမှန်တာကိုပြောပြီး အရဟတ္တဖိုလ်ကို ဖြေဆိုတယ်'လို့ ရဟန်းတွေက ပြောလို့ ဘုရားရှင်က ဒီလိုမိန့်တော်မူတယ်။

'ရဟန်းတို့၊ ငါ့သားဇဋိလမှာ အဲဒါတွေမှာ တဏှာ မာန မရှိတော့။' (ဓမ္မပဒ၊ ၄၊ ၃၊ ၄၄၀)

www.dhammaransi.com

# မေဏ္ဍကသူဌေး

မေဏ္ဍကသူဌေးရဲ့ အိမ်နောက်ပိုင်းက ရှစ်ပယ် (ရှစ်ကရီသ) လောက်ရှိတဲ့အရပ်မှာ ဆင်ပမာဏ၊ မြင်းပမာဏ၊ နွားလားဥသဘပမာဏရှိတဲ့ ရွှေ သိုး (ဆိတ်ကုလား) တွေဟာ မြေကြီးကို ဖောက်ခွဲပြီး ကျောကျောချင်း ပူတ်ခတ်ကာ ထွက်ပေါ်လာကြတယ်။ အဲဒီရွှေသိုးတွေရဲ့ ပါးစပ်တွေမှာ အရောင်ငါးမျိုးရှိတဲ့ ချည်လုံးတွေကို ထည့်ထားကြတယ်။ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲစသည်နဲ့ အဝတ်၊ ရွှေ၊ ငွေစသည်တွေကို အလိုရှိရင် အဲဒီရွှေသိုးတွေရဲ့ ပါးစပ်မှ ချည်လုံးတွေကို ဖယ်ရှားကြတယ်။ သိုးတစ်ကောင်ရဲ့ပါးစပ်ကတောင် ဇမ္ဗူဒိပ်နေသူတွေအား လောက်တဲ့ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲ၊ အဝတ်၊ ရွှေ၊ ငွေ ဟာ ထွက်လာကြတယ်။ အဲဒီအချိန်ကစပြီး မေဏ္ဍကသူဌေးလို့ ထင်ရှားတယ်။ (ဓမ္မပဒ၊ ဋ၊ ၃၊ ၂၃၂)

မေဏ္ဍကသူဌေးရဲ့မယားက စန္ဒပဒုမာ။ သူဌေးရဲ့သားက ဓနဉ္စယ၊ ဓနဉ္စယရဲ့မယားက သုမနဒေဝီ၊ မေဏ္ဍကသူဌေးရဲ့ကျွန်က ပုဏ္ဏ၊ သူတို့ ၅ ဦးဟာ မဟာပုည၊ ဘုန်းကံကြီးသူတွေဖြစ်ကြပါတယ်။ ဗိမ္ဗိသာရမင်းရဲ့နိုင်ငံ (အာဏာပြန့်နှံ့ရာနေရာ) မှာ အမိတဘောဂ၊ မနှိုင်းယှဉ်အပ်တဲ့ စည်းစိမ်ဥစ္စာရှိသူ ၅ ဦး ရှိပါတယ်။ မေဏ္ဍကအပြင် ဇောတိက၊ ဇဋိလ၊ ပုဏ္ဏ ကာကဝလိယတို့လည်း ပါဝင်ပါတယ်။ မေဏ္ဍကသူဌေးဟာ ဘုရားရှင်က မေဏ္ဍကရဲ့ဘဒ္ဒိယမြို့ကို ရောက်လာကြောင်းသိလို့ သား ဓနဉ္စယ သူဌေးရဲ့သမီး ဝိသာခါကလေးမကို အခေါ်ခိုင်းကာ 'ငါ့မြေး သင့်မှာလည်း မင်္ဂလာဖြစ်တယ်၊ ငါတို့မှာလည်း မင်္ဂလာဖြစ်တယ်။ သင့်ရဲ့အခြွေအရံကလေးမ ၅၀၀ နဲ့အတူ ရထား

www.dhammaransi.com



၅၀၀ ကို တက်စီးပြီး ကျွန်မ ၅၀၀ ခြံရံကာ ဘုရားရှင်ကို ကြိုဆိုမှု ပြုပါ'လို့ ပြောတယ်။

ဝိသာခါက ကောင်းပါပြီလို့ ဝန်ခံပြီး အဲဒီအတိုင်း ပြုလုပ်တယ်။ အကြောင်း ဟုတ်မဟုတ်မှာ ကျွမ်းကျင်လို့ ယာဉ်သွားလို့ ရရာနေရာ တိုင်အောင် ယာဉ်နဲ့သွားပြီး ယာဉ်မှဆင်းကာ ခြေကျင်ပဲ ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ အဲဒီအခါ ဝိသာခါ ရဲ့စရိုက်နဲ့အညီ ဘုရားရှင်က တရားဟောတယ်။ ဝိသာခါဟာ တရား ဒေသနာအဆုံးမှာ အခြံအရံ ၅၀၀ နဲ့အတူ သောတာပန် ဖြစ်သွား တယ်။ မေဏ္ဍကသူဌေးလည်း ဘုရားရှင်ထံချဉ်းကပ်ကာ တရားစကား ကို ကြားနာရပြီး သောတာပန်ဖြစ်တယ်။ နက်ဖြန်ဖြစ်မယ့်ကောင်းမှု အတွက် ပင့်ဖိတ်ပြီး နောက်နေ့မှာ သူ့အိမ်မှာ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်နဲ့ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးပြီး အဲဒီနည်းအတိုင်းပဲ ၁၅ ပတ်လုံး အလှူကြီးလှူတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၄၃၊ အံ၊ ဋ္ဌ၊ ပ၊ ၃၁၂)

တစ်နေ့မှာ မေဏ္ဍကသူဌေးက သူ့ကောင်းမှုကို စူးစမ်းလိုလို့ ၁၂၅၀ သော ကျီတိုက်တွေကို ရှင်းလင်း သုတ်သင်ပြီး ဦးခေါင်းလျှော် ကာ တံခါးမှာထိုင်ပြီး အထက်ကို မော်ကြည့်လိုက်တယ်။ ကျီတိုက် အားလုံးဟာ သလေးစပါးအနီတွေနဲ့ ပြည့်သွားတယ်။ မေဏ္ဍကသူဌေး ဟာ ကျန်တဲ့လူတွေရဲ့ကောင်းမှုတွေကိုလည်း စူးစမ်းလိုလို့ မယားနဲ့ သားစသည်တွေကိုပါ 'သင်တို့ရဲ့ ကောင်းမှုတွေကို စူးစမ်းကြလတ္တံ့'လို့ ပြောတယ်။ အဲဒီအခါ သူ့မယားက တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး လူအများကြည့်နေတုန်းမှာပဲ ဆန်တွေကို ချင့်ခိုင်းကာ အဲဒီဆန်တွေနဲ့ ထမင်းချက်ခိုင်းတယ်၊ တံခါးမုခ်က ခင်းထားတဲ့နေရာမှာထိုင်ပြီး ရွှေဇွန်း ကိုယူကာ 'ထမင်းအလိုရှိသူတွေ လာကြပါ'လို့ ကြွေးကြော်ခိုင်းတယ်။ လာလာသမျှလူတွေ သယ်ယူလာတဲ့ခွက်တွေမှာ အပြည့်ထည့်ပေးတယ်။ တစ်နေ့လုံး လှူပေမယ့် ဇွန်းနဲ့ ယူတဲ့နေရာသာ ထင်ရှားတယ်။

www.dhammaransi.com



မေဏ္ဍကသူဌေးရဲ့သားကလည်း ဦးခေါင်းလျှော်ပြီး အသပြာတစ်ထောင်အိတ်ကို ယူကာ 'အသပြာ အလိုရှိသူတွေ လာကြ'လို့ ပြောတယ်။ လာလာသမျှလူတွေ ယူလာတဲ့ခွက်တွေမှာ အပြည့်ထည့်ပေးတယ်။ အိတ်ထဲမှာ အသပြာတစ်ထောင်ရှိနေသည်သာ။ မေဏ္ဍကသူဌေးရဲ့ချွေးမကလည်း အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး စပါးတောင်းကိုယူကာ ကောင်းကင်ပြင်မှာ ထိုင်ပြီး 'မျိုးစေ့ထမင်း အလိုရှိသူတွေ လာကြ'လို့ ပြောတယ်။ လာလာသမျှလူတွေ ယူလာတဲ့ခွက်တွေမှာ အပြည့်ထည့်ပေးတယ်။ တောင်းဟာ ပြည့်မြဲပဲပြည့်နေတယ်။ မေဏ္ဍကရဲ့ကျွန်ကလည်း အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး ရွှေထမ်းပိုးတွေမှာ ရွှေကြိုးတွေနဲ့ နွားတွေကိုတပ်ယှဉ်ပြီး ရွှေနှင်တံကို ယူတယ်။ နွားနှစ်ကောင်အား နံ့သာလက်ငါးချောင်းရာပေးပြီး ဦးချိုတွေမှာ ရွှေအိတ်တွေစွပ်ကာ လယ်ကိုသွားပြီး မောင်းနှင်တယ်။ ဒီနေရာက ထွန်ကြောင်း ၃ ကြောင်း၊ ဟိုနေရာက ထွန်ကြောင်း ၃ ကြောင်း၊ အလယ်က ထွန်ကြောင်းတစ်ကြောင်း ပေါင်းတော့ ထွန်ကြောင်း ၇ ကြောင်း ဖောက်ခွဲပြီး သွားကြတယ်။ ဇမ္ဗူဒိပ်နေသူတွေက ထမင်း၊ မျိုးစေ့၊ ရွှေ၊ ငွေ စသည်တွေမှာ အလိုရှိသလောက် မေဏ္ဍကသူဌေးရဲ့ အိမ်မှာပဲ ယူကြတယ်။

ဘုရားရှင်ဟာ အင်္ဂုတ္တရာပမှာ ခရီးလှည့်လည်ရင်း အဲဒီဘုန်းကံကြီးသူ ၅ ဦးရဲ့ သောတာပန်ဖြစ်ဖို့ အားကြီးတဲ့ရှေးကံအကြောင်းကို မြင်လို့ ဘဒ္ဒိယမြို့ကို ကြွကာ မြတ်လေးတောမှာ သီတင်းသုံးတော်မူပါတယ်။ မေဏ္ဍကသူဌေးက 'ဘုရားရှင် ကြွလာသတဲ့'လို့ ကြားရပြီး 'ဘုရားရှင်ကို ခရီးဦးကြိုမယ်'လို့ ကြံကာ ထွက်လာတယ်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ အဲဒီအခါ ဘုရားရှင်က သူဌေးအား အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောတော်မူတယ်။ သူဌေးဟာ အဲဒီတရားဒေသနာအဆုံးမှာ သောတာပန်ဖြစ်သွားတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၂၃၂)

www.dhammaransi.com

# ပုဏ္ဏသူဌေး

ရာဇဂြိုဟ်မြို့က သုမနသူဌေးကိုအမှီပြုပြီး ပုဏ္ဏမည်တဲ့ ဆင်းရဲသားဟာ အခစားအလုပ်ကို လုပ်ပြီး အသက်မွေးတယ်။ သူ့မယားနဲ့သမီးဖြစ်သူ ဥတ္တရာရယ်၊ အိမ်သားက နှစ်ယောက်ပဲ ရှိပါတယ်။ တစ်နေ့မှာ '၇ ရက်ပတ်လုံး နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်ထိုက်တယ်'လို့ ရာဇဂြိုဟ်မြို့မှာ ကြွေးကြော်ကြတယ်။ အဲဒီစကားကို ကြားရပြီး သုမနသူဌေးက နံနက်စောစောပဲ လာတဲ့ပုဏ္ဏကို ခေါ်ပြီး 'ချစ်သား၊ ငါတို့ရဲ့အခြွေအရံအပေါင်းဟာ နက္ခတ်ပွဲသဘင် ပျော်ရွှင်လိုကြတယ်။ သင်က နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်မလား၊ ဒါမှမဟုတ် အခစားအလုပ်ကို လုပ်မလား'လို့ မေးတယ်။ 'အို အရှင်၊ နက္ခတ်ပွဲသဘင်ဆိုတာ ပစ္စည်းဥစ္စာရှိသူတွေအတွက် ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့အိမ်မှာတော့ နက်ဖြန်အတွက် ယာဂု၊ ဆန်တောင်မှ မရှိပါ၊ ကျွန်ုပ်မှာ နက္ခတ်ပွဲသဘင်က ဘာအကျိုးရှိမှာလဲ၊ နွားတွေကို ရရင် ထွန်ဖို့ သွားပါမယ်'လို့ ပြောတယ်။ သူဌေးက 'ဒီလိုဆိုရင် နွားတွေကို ယူလော့'လို့ ပြောတယ်။ ပုဏ္ဏက အားကောင်းတဲ့နွားတွေနဲ့ ထွန်တုံးကို ယူကာ 'ရှင်မရေ၊ မြို့သူမြို့သားတွေက နက္ခတ်ပွဲသဘင် ပျော်ရွှင်ကြတယ်၊ ငါက ဆင်းရဲလို့ အခစားအလုပ်ကို လုပ်ဖို့သွားမယ်၊ ငါ့အတွက်လည်း ဒီနေ့ ထမင်းနှစ်ဆချက်ကာ သယ်ဆောင်ခဲ့ပါ'လို့ မယားကို ပြောကာ လယ်ကိုသွားတယ်။

အရှင်သာရိပုတ္တရာကလည်း ၇ ရက်ပတ်လုံး နိရောဓသမာပတ်ကိုဝင်စားတယ်။ အဲဒီနေ့မှာ နိရောဓသမာပတ်မှထကာ 'ဒီနေ့ ငါ ဘယ်သူ့ကို ချီးမြှောက်သင့်သလဲ'လို့ ကြည့်တဲ့အခါ ပုဏ္ဏက ဘုရားရှင်ရဲ့ ဉာဏ်ကွန်ရက်တွင်း ဝင်လာတာကို တွေ့ရတယ်။ 'ဒီပုဏ္ဏဟာ သဒ္ဓါရှိ

www.dhammaransi.com



သလား၊ ငါ့အား ထောက်ပံ့နိုင်မလား’လို့ ကြည့်တဲ့အခါ ပုဏ္ဏရဲ့ သဒ္ဓါရှိပုံ၊ ထောက်ပံ့နိုင်ပုံနဲ့ အဲဒီထောက်ပံ့မှုကြောင့် ပုဏ္ဏမှာ စည်းစိမ် အကြီးအကျယ် ရမှာကို သိသွားတယ်။ သပိတ်၊ သင်္ကန်းကို ယူပြီး ပုဏ္ဏ ထွန်ရာနေရာကိုသွားကာ တွင်းကမ်းပါးနားက ချုံတစ်ချုံကို ကြည့်ရင်း ရပ်တည်နေတယ်။ ပုဏ္ဏဟာ မထေရ်ကိုမြင်လျှင်မြင်ချင်းပဲ ထွန်တာကို ထားခဲ့ပြီး တည်ခြင်းငါးပါးနဲ့ မထေရ်ကို ရှိခိုးတယ်။ ‘ဒန်ပူအလိုရှိတာ ဖြစ်လိမ့်မယ်’လို့ နားလည်ပြီး ဒန်ပူကို အပ်စပ်အောင် ပြုလုပ်ကာ လှူတယ်။ အဲဒီအခါ ပုဏ္ဏအား မထေရ်က သပိတ်နဲ့ရေစစ်ကို ထုတ်ဆောင်ပြီး ပေးတယ်။ ပုဏ္ဏက ‘သောက်ရေအလိုရှိတာ ဖြစ်လိမ့်မယ်’လို့ တွေးပြီး သပိတ်နဲ့ရေစစ်ကိုယူကာ သောက်ရေကိုစစ်ပြီး လှူတယ်။

မထေရ်က ‘ဒီပုဏ္ဏဟာ သူတစ်ပါးတွေရဲ့အိမ်နောက်ဖေးမှာ နေတယ်။ ငါဟာ သူ့အိမ်တံခါးကို သွားရင် သူ့မယားက ငါ့ကိုမြင်ခွင့် ရမှာမဟုတ်၊ သူ့မယား ထမင်းကိုယူပြီး လမ်းကိုလာတဲ့အထိ ငါဟာ ဒီနေရာမှာပဲ နေမယ်’လို့ ကြံတယ်။ မထေရ်က အဲဒီနေရာမှာပဲ အချိန် အနည်းငယ် ကုန်လွန်စေကာ ပုဏ္ဏမယား လမ်းပေါ်တက်ရောက်နေတာ ကို သိပြီး မြို့တွင်းဆီ ရှေ့ရှုသွားတယ်။ ပုဏ္ဏမယားက လမ်းခရီး အကြားမှာ မထေရ်ကို မြင်ရပြီး ‘ငါဟာ တစ်ခါတစ်ရံ လှူဖွယ်ရှိတဲ့ အခါ မထေရ်ကို မတွေ့ရ၊ တစ်ခါတစ်ရံ ငါ မထေရ်ကို မြင်တွေ့ရတဲ့ အခါ လှူဖွယ်က မရှိ။ ဒီနေ့တော့ ငါဟာ မထေရ်ကို မြင်တွေ့ရတယ်၊ ဒီလှူဖွယ်လည်း ရှိနေတယ်။ မထေရ်က ငါ့အား ချီးမြှောက်ပါ့မလား’လို့ တွေးတယ်။ သူမက ထမင်းခွက်ကို အောက်ချပြီး ထေရ်ကို တည်ခြင်း ငါးပါးနဲ့ ရှိခိုးကာ ‘အရှင်ဘုရား၊ ဒီပစ္စည်းက ညံ့တယ်၊ မွန်မြတ်တယ် လို့ မကြံစည်ဘဲ အရှင်ဘုရားတို့ရဲ့ကျွန်အား ချီးမြှောက်တော်မူပါ’လို့ လျှောက်တယ်။

www.dhammaransi.com



မထေရ်က သပိတ်ကို ကပ်ဆောင်ပြီး သူမက လက်တစ်ဖက်နဲ့ ခွက်ကို ဆောင်ထားပြီး အခြားလက်တစ်ဖက်နဲ့ အဲဒီခွက်ထဲမှဆွမ်းကို လှူတဲ့အခါ ဆွမ်းတစ်ဝက်ကို လှူပြီးတော့ 'တော်ပြီ'လို့ မိန့်ကာ လက်နဲ့ သပိတ်ကို ပိတ်တယ်။ သူမက 'အရှင်ဘုရား၊ ဒါက တစ်ယောက်စာအတွက်ပဲ ဖြစ်ပါတယ်။ နှစ်ပိုင်းခွဲလို့ မတတ်နိုင်ပါ။ အရှင်ဘုရားတို့ရဲ့ကျွန်အား ဒီဘဝအတွက် ချီးမြှောက်မှုကို မပြုဘဲ နောက်ဘဝအတွက် ချီးမြှောက်မှု ပြုတော်မူပါ။ မချွင်းချန်ဘဲသာ လှူလိုပါတယ်'လို့ လျှောက်ပြီး အကုန်လုံးကိုပဲ မထေရ်ရဲ့သပိတ်မှာ တည်စေကာ 'အရှင်ဘုရားတို့ မြင်တဲ့တရားကိုပဲ မြင်ရပါလို၏'လို့ ဆုတောင်းမှု ပြုတယ်။ မထေရ်က 'အဲဒီဆုတောင်းတိုင်း ဖြစ်ပါစေ'လို့ ပြောပြီး ရပ်ရင်းပဲ အနုမောဒနာပြုကာ ရေချမ်းသာရာတစ်နေရာမှာ ထိုင်ပြီး ဆွမ်းကိစ္စကို ပြုတယ်။ သူမကလည်း ပြန်လှည့်ပြီး ဆန်တွေကိုရှာဖွေကာ ထမင်းချက်တယ်၊ ပုဏ္ဏလည်း ရှစ်ပယ်လောက်အရပ်ကို ထွန်ပြီး ထမင်းဆာတာကို သည်းမခံနိုင်လို့ နွားတွေကိုလွှတ်ကာ သစ်ပင်တစ်ပင်အရိပ်ကို ဝင်ပြီး လမ်းကိုကြည့်ရင်း ထိုင်နေတယ်။

အဲဒီအခါ ပုဏ္ဏမယားက ထမင်းကိုယူပြီး သွားတဲ့အခါ ပုဏ္ဏကို မြင်ပြီးချင်းပဲ 'ဒီပုဏ္ဏဟာ ထမင်းဆာမှုနှိပ်စက်ခံရလို့ ငါ့ကိုကြည့်ရင်း ထိုင်နေတယ်။ ငါ့ကို 'သင်ဟာ သိပ်ကြာတာပဲ'လို့ ခြိမ်းခြောက်ပြီး နှင်တံနဲ့ ငါ့ကိုရိုက်ခဲ့ရင် ငါ့လုပ်ခဲ့တဲ့အမှုဟာ အကျိုးမရှိဖြစ်လိမ့်မယ်။ ကြိုတင်ပြီးပဲ သူ့အား ပြောပြမယ်'လို့ ကြံကာ 'အို အရှင်၊ ဒီနေ့တစ်နေ့လုံး စိတ်ကိုကြည်လင်စေပါ၊ ငါ လုပ်ခဲ့တဲ့အလုပ်ကို အကျိုးမဲ့ဖြစ်အောင် မလုပ်ပါနဲ့၊ ဟုတ်တယ်၊ ငါဟာ နံနက်စောစောပဲ သင့်အတွက် ထမင်းကို သယ်ဆောင်လာတဲ့အခါ လမ်းခရီးအကြားမှာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာကိုမြင်ပြီး သင့်အတွက် ထမင်းကို မထေရ်အား လှူပြီး တစ်ဖန်သွားကာ ထမင်းချက်ပြီး လာခဲ့ပါတယ်။ အို အရှင်၊

www.dhammaransi.com



စိတ်ကို ကြည်လင်စေပါ'လို့ ပြောတယ်။ ပုဏ္ဏက 'အို ရှင်မ၊ သင်က ဘာကိုပြောလိုက်တာလဲ'လို့ မေးပြီး တစ်ဖန် ဒီအကြောင်းကိုကြားရလို့ 'ရှင်မ၊ မထေရ်အား လှူတဲ့ သင်လုပ်တာဟာ ကောင်းပေစွ၊ ငါလည်း မထေရ်အား ဒီနေ့နံနက်စောစောပဲ ဒန်ပူနဲ့ မျက်နှာသစ်ရေကို ပေးလှူလိုက်တယ်'လို့ ကြည်လင်တဲ့စိတ်နဲ့ အဲဒီစကားကို ကျေနပ်နှစ်သက်တယ်။ နေမြင့်မှ ထမင်းစားရလို့ ကိုယ်ပင်ပန်းပြီး သူမရဲ့ရင်ခွင်မှာ ဦးခေါင်းထားပြီး အိပ်ပျော်သွားတယ်။

အဲဒီအခါ ပုဏ္ဏ ထွန်ထားတဲ့နေရာဟာ မြေမှုန့်ကစပြီး အားလုံးဟာ အနီရောင်ရွှေဖြစ်ကာ မဟာလှေခါးပန်းပုံလို တင့်တင့်တယ်တယ် တည်ရှိနေတယ်။ ပုဏ္ဏ အိပ်ရာမှနိုးလာပြီး ကြည့်ကာ မယားကို 'ရှင်မ၊ အဲဒီလယ်ထွန်ထားတဲ့နေရာအားလုံး ငါ့အဖို့ ရွှေဖြစ်ပြီး ထင်ရှားနေတယ်။ အလွန်နေမြင့်မှ ထမင်းစားရလို့ ငါ့မျက်စိတွေ မှုန်ဝါး တုန်လှုပ်နေကြတာလား'လို့ ပြောတယ်။ 'အို အရှင်၊ ငါ့မှာလည်း အဲဒီအတိုင်းပဲ ထင်ရှားနေတယ်'လို့ မယားက ပြောတယ်။ ပုဏ္ဏက ထပြီး အဲဒီနေရာကိုသွားကာ မြေခဲတစ်ခဲကိုယူကာ ထွန်တုံးခေါင်းမှာ ပုတ်ခတ်လိုက်တော့ ရွှေမှန်းသိသွားတယ်။ 'ဩော်၊ အရှင်သာရိပုတ္တရာအား ငါလှူလိုက်တဲ့ အလှူက ဒီနေ့ပဲ အကျိုးကိုပြပေစွ၊ ဒီလောက်ဥစ္စာကို ဖုံးကွယ်ပြီး သုံးစွဲဖို့ မတတ်နိုင်'လို့ ပြောကာ မယား သယ်ဆောင်လာတဲ့ ထမင်းခွက်ကို ရွှေနဲ့ပြည့်စေပြီး မင်းနန်းတော်ကို သွားတယ်။ မင်းက ခွင့်ပြုလို့ ဝင်ပြီး မင်းကိုရှိခိုးတယ်။

မင်းက 'ချစ်သား၊ ဘာလဲ'လို့ မေးတဲ့အခါ 'အရှင်မင်း၊ ဒီနေ့ အကျွန်ုပ် ထွန်တဲ့နေရာအားလုံးဟာ ရွှေတွေနဲ့အပြည့် ဖြစ်ကာသာ တည်ရှိနေပါတယ်။ အဲဒီရွှေကို ဆောင်ယူခိုင်းဖို့ သင့်ပါတယ်'လို့ ပုဏ္ဏက ပြောတယ်။

'သင်က ဘယ်သူလဲ'

www.dhammaransi.com

သုတေသနစာကြည့်တိုက်



'အကျွန်ုပ်ဟာ ပုဏ္ဏမည်ပါတယ်'

'ဒီနေ့ သင်က ဘာကိုပြုလုပ်ခဲ့ပါသလဲ'

'ဒီနေ့ အကျွန်ုပ်ဟာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာအား နံနက်စောစောပဲ ဒန်ပူနဲ့ မျက်နှာသစ်ရေကို လှူခဲ့ပါတယ်။ အကျွန်ုပ်ရဲ့ မယားကလည်း အကျွန်ုပ်အတွက် သယ်ဆောင်လာတဲ့ထမင်းကို အရှင် သာရိပုတ္တရာအားပဲ လှူလိုက်ပါတယ်'

အဲဒီစကားကို ကြားရပြီး မင်းက 'အမောင်တို့၊ ဒီနေ့ပဲ အရှင် သာရိပုတ္တရာအား လှူတဲ့အလှူက အကျိုးကိုပြသတဲ့'လို့ ပြောကာ 'ချစ်သား ပုဏ္ဏ၊ ငါက ဘာလုပ်ရမှာလဲ'လို့ မေးတယ်။ 'လှည်းထောင် ပေါင်းများစွာ စေလွှတ်ပြီး ရွှေကိုသယ်ဆောင်ခိုင်းပါ'လို့ လျှောက်တယ်။ မင်းက လှည်းတွေကို စေလွှတ်တယ်။ မင်းခယောကျ်ားတွေက 'မင်းရဲ့ ဥစ္စာပဲ'လို့ ယူကြတဲ့အခါ ယူယူသမျှဟာ မြေညက်ချည်းပဲ ဖြစ်သွား တယ်။ မင်းခစားတွေက သွားပြီး မင်းအားပြောကာ 'သင်တို့က ဘယ်လို ပြောပြီး ယူကြတာလဲ'လို့ အမေးခံရလို့ 'သင်မင်းတို့ရဲ့ဥစ္စာပဲ'လို့ ပြော ကြပါတယ်။ 'အမောင်တို့၊ ငါ့ဥစ္စာမဟုတ်၊ သွားကြပါ၊ ပုဏ္ဏရဲ့ ဥစ္စာပဲ' လို့ ပြောပြီး ယူကြပါလို့ မင်းက ပြောတယ်။ အဲဒီမင်းခစားတွေက အဲဒီအတိုင်း လုပ်ကြတယ်။ ယူယူသမျှဟာ ရွှေချည်းပဲ ဖြစ်သွားတယ်။ အကုန်လုံးကိုပဲ သယ်ဆောင်ပြီး မင်းရင်ပြင်မှာ စုပုံကြတယ်။ အပုံဟာ ၁၈ တောင် မြင့်တယ်။ မင်းက မြို့သူမြို့သားတွေကို စည်းဝေးခိုင်းပြီး မေးတယ်။

'ဒီမြို့မှာ တစ်စုံတစ်ယောက်မှာ ဒီလောက်ရှိတဲ့ရွှေ ရှိသလား'

'အရှင်မင်း၊ မရှိပါ'

'ပုဏ္ဏအား ဘာကို ပေးသင့်သလဲ'

'အရှင်မင်း၊ သူဌေးအဆောင်အယောင်ထီးကို ပေးသင့်ပါတယ်'

မင်းက 'ဥစ္စာများစွာရှိတဲ့သူဌေးအမည်တွင်စေ'လို့ များစွာသော

၂၈၉၅၅

www.dhammaransi.com



စည်းစိမ်ဥစ္စာနဲ့အတူ ပုဏ္ဏအား သူဌေးထီးကို ပေးလိုက်ပါတယ်။ အဲဒီအခါ မင်းကို ပုဏ္ဏက 'အရှင်မင်း၊ အကျွန်ုပ်တို့ဟာ ဒီလောက်ကာလပတ်လုံး သူတစ်ပါးအိမ်မှာ နေခဲ့ကြပါတယ်။ အကျွန်ုပ်တို့အား နေရာအရပ်ကို ပေးပါ'လို့ ပြောတယ်။ 'ဒီလိုဆိုရင် ကြည့်လော့။ ဒီချုံထင်ရှားတယ်။ အဲဒီချုံကို ရှင်းခိုင်းပြီး အိမ်ဆောက်ခိုင်းပါ'လို့ သူဌေးဟောင်းရဲ့အိမ်နေရာကို ညွှန်ပြတယ်။ ပုဏ္ဏက အဲဒီနေရာမှာ ရက်အနည်းငယ်နဲ့ပဲ အိမ်အဆောက်ခိုင်းပြီး အိမ်သွင်းမင်္ဂလာနဲ့ ထီးမင်္ဂလာကို တစ်ပေါင်းတည်းပဲ ပြုလုပ်တယ်။ ၇ ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူတယ်။ အဲဒီအခါ ဘုရားရှင်က ပုဏ္ဏအား အနုမောဒနာပြုတဲ့အခါ အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောကြားတယ်။ တရားစကားအဆုံးမှာ ပုဏ္ဏသူဌေးရော၊ မယားရော၊ သမီးဥတ္တရာရော သုံးယောက်စလုံး သောတာပန်ဖြစ်ကြတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၁၉၆)

www.dhammaransi.com

# ဥဂ္ဂသေနသူဌေးသား

ကချေသည် ၅၀၀ ဟာ တစ်နှစ်မှာ တစ်ခါ၊ သို့မဟုတ် ၆ လမှာ တစ်ခါ ရာဇဂြိုဟ်မြို့ကိုသွားပြီး မင်းအတွက် ၇ ရက်ပတ်လုံး ပွဲသဘင်ပြုလုပ်ကာ ရွှေငွေများစွာကို ရကြတယ်။ အကြားအကြားမှာ ဆုချတာတွေကတော့ အဆုံးမရှိ။ လူအများဟာ ညောင်စောင်းအဆင့်ဆင့်စသည်တွေမှာ ရပ်တည်ကာ ပွဲကိုကြည့်ရှုကြတယ်။ အဲဒီအခါ ကျွမ်းသမားသမီးတစ်ယောက်က ဝါးပေါ်တက်ပြီး အဲဒီဝါးရဲ့အထက်မှာ လှည့်ပြီး အဲဒီဝါးရဲ့အဆုံး ကောင်းကင်မှာ စင်္ကြံသွားရင်း ကလည်း ကတယ်၊ သီချင်းလည်းဆိုတယ်။ အဲဒီအခါမှာ ဥဂ္ဂသေနသူဌေးသားက သူငယ်ချင်းနဲ့အတူ ညောင်စောင်းအဆင့်ဆင့်မှာ ရပ်ရင်း သူမကို ကြည့်တယ်။ သူမရဲ့လက်ခြေလှုပ်ရှားဟန်စသည်တွေမှာ နှစ်ခြိုက်စွဲလမ်းသွားတယ်။ အိမ်ကိုသွားကာ 'သူမကို ရရင် အသက်ရှင်မယ်၊ မရရင် ငါဟာ ဒီနေရာမှာပဲ သေမယ်'လို့ အစာကိုဖြတ်ကာ ညောင်စောင်းငယ်ပေါ် လဲလျောင်းနေတယ်။ မိဘတွေက 'ချစ်သား၊ သင့်မှာရောဂါဖြစ်နေသလား'လို့ မေးတဲ့အခါ 'ကျွန်တော်ဟာ အဲဒီကချေသည်သမီးကို ရရင် အသက်ရှင်မယ်၊ မရရင် ဒီနေရာမှာပဲ သေမယ်'လို့ ပြောတယ်။

'ချစ်သား၊ ဒီလိုမလုပ်ပါနဲ့၊ သင့်အတွက် ငါတို့ရဲ့အမျိုး၊ စည်းစိမ် ဥစ္စာတွေနဲ့ လျော်တဲ့ အခြားသတို့သမီးကို ဆောင်ပေးကြပါမယ်'

အဲဒီလိုပြောကြပေမယ့် ရှေးကအဆိုအတိုင်းပဲပြောကာ လဲလျောင်းတယ်။ အဲဒီအခါ သူ့ရဲ့ဖခင်က အကြိမ်များစွာတောင်းဆိုပေမယ့်လည်း သူ့ကိုနားလည်အောင် ပြောမနိုင်လို့ သူ့ရဲ့သူငယ်ချင်းကို အခေါ်ခိုင်းကာ

www.dhammaransi.com



အသပြာတစ်ထောင်ကို ပေးတယ်။ 'ဒီအသပြာတွေကို ယူပြီး မိမိရဲ့ သမီးကို ငါ့သားအား ပေးပါ'လို့ စေလွှတ်တယ်။ ကချေသည်မရဲ့ဖခင်က 'ငါဟာ အသပြာတွေကို ယူပြီး မပေးအံ့၊ သူဌေးသားဟာ ဒီသမီးကို မရဘဲ အသက်မရှင်နိုင်ရင် ငါတို့နဲ့အတူပဲ လှည့်လည်ပါ၊ သူဌေးသားအား သမီးကို ပေးပါမယ်၊ မိဘတွေက သားအား အဲဒီအကြောင်းကို ပြောပြကြတယ်။ သူဌေးသားက 'ကျွန်တော်ဟာ သူတို့နဲ့အတူ လှည့်လည်ပါမယ်'လို့ ပြောပြီး တောင်းဆိုနေကြပေမယ့် မိဘတွေရဲ့စကားကို မနာယူဘဲ သူတို့နဲ့အတူ ကချေသည်ထံ သွားတယ်။ ကချေသည်က သူဌေးသားအား သမီးကိုပေးပြီး အဲဒီသူဌေးသားနဲ့အတူပဲ ရွာ၊ နိဂုံး၊ မင်းနေပြည်တော်တွေမှာ အတတ်ကိုပြရင်း လှည့်လည်တယ်။

ကချေသည်သမီးကလည်း အဲဒီသူဌေးသားနဲ့အတူ ပေါင်းသင်းပြီး မကြာခင်မှာပဲ သားကိုရပြီး ချော့တဲ့အခါ 'လှည်းစောင့်ရဲ့သား၊ ပစ္စည်းသယ်ဆောင်သူရဲ့သား၊ ဘာကိုမှ မသိသူရဲ့သား'လို့ ပြောတယ်။ ဥဂ္ဂသေနကလည်း သူတို့လှည်းဝိုင်းလုပ်ကာ ရပ်တည်ရာနေရာမှာ နွားတွေအတွက် မြက်ကိုသယ်ဆောင်တယ်၊ အတတ်ပြရာနေရာမှာ ရတဲ့ ပစ္စည်းကို ထမ်းပိုးကာ သယ်ဆောင်တယ်။ အဲဒါကိုပဲ ရည်ရွယ်ပြီး အဲဒီကချေသည်မက ကလေးချော့ရင်း အဲဒီလိုပြောတယ်။ ဥဂ္ဂသေနဟာ သူ့ကိုအကြောင်းပြုပြီး သူမ သီဆိုတာကိုသိပြီး သူမကိုမေးတယ်။ သူမက ဖြေတယ်။

'ငါ့ကိုရည်ရွယ်ပြီး ပြောတာလား'

'ဟုတ်တယ်၊ သင့်ကိုရည်ရွယ်ပြီး ပြောတယ်'

'ဒီလိုဆိုရင် ငါ ထွက်ပြေးမယ်'

'သင် ထွက်ပြေးပြေး လာလာ ငါ့မှာ ဘာအကျိုးရှိမှာလဲ'

သူမက ထပ်ကာထပ်ကာ အဲဒီသီချင်းကိုပဲ သီဆိုတယ်။ သူမဟာ သူမရဲ့ရုပ်ရည်ပြည့်စုံမှုနဲ့ ဥစ္စာရမှုကိုမှီပြီး ဥဂ္ဂသေနကို အထင်မကြီး

www.dhammaransi.com



ဖြစ်နေသတဲ့။ ဥဂ္ဂသေနက 'ဘာကိုမှီပြီး ဒီမိန်းမဟာ ဒီမာန်ရှိနေသလဲ'လို့ တွေးတယ်။ 'အတတ်ပညာကို အမှီပြုပြီး ရှိနေတယ်'လို့ သိပြီး 'ရှိပါစေ၊ အတတ်ပညာကို ငါ သင်ယူမယ်'လို့ ကြံကာ ယောက္ခမယောက်ျား ထံ ချဉ်းကပ်ပြီး သူသိထားတဲ့အတတ်ပညာကို သင်ယူတယ်။ ရွာ၊ နိဂုံးစသည်တွေမှာ အတတ်ပညာကို ပြရင်း အစဉ်အတိုင်း ရာဇဂြိုဟ်မြို့ကိုလာကာ 'ဒီကနေ့ကနေ ၇ ရက်မြောက်မှာ ဥဂ္ဂသေနသူဌေးသားဟာ မြို့သူမြို့သားတွေအား အတတ်ကို ပြလိမ့်မယ်'လို့ အပြောခိုင်းတယ်။ မြို့သူမြို့သားတွေက ညောင်စောင်းအဆင့်ဆင့်စသည်တွေမှာ ဖွဲ့ခိုင်းကာ ၇ ရက်မြောက်နေ့မှာ စုဝေးကြတယ်။ ဥဂ္ဂသေနကလည်း အတောင် ၆၀ ရှိ ဝါးပေါ်တက်ပြီး အဲဒီဝါးရဲ့အထက်မှာ ရပ်တည်တယ်။

အဲဒီနေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အခါ လောကကြီးကို ကြည့်ရှုတော်မူတဲ့အခါ ဥဂ္ဂသေန သူ့ဉာဏ်တော်အတွင်း ဝင်လာတာကို မြင်ရတယ်။ 'ဘာဖြစ်လိမ့်မလဲ'လို့ ဆင်ခြင်တော်မူတဲ့အခါ 'နက်ဖြန်ခါမှာ သူဌေးသားဟာ အတတ်ပညာကို ပြမယ်ကြံကာ ဝါးထိပ်ပေါ် ရပ်တည်မယ်။ သူ့ကိုကြည့်ဖို့ လူအများ စုဝေးကြလိမ့်မယ်။ အဲဒီမှာ ငါဘုရားက ၄ ပါဒရှိ ဂါထာကို ဟောကြားမယ်။ အဲဒီဂါထာကို ကြားနာရပြီး သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀) ဟာ တရားထူးကို ထိုးထွင်းသိမြင်လိမ့်မယ်။ ဥဂ္ဂသေနလည်း ရဟန္တာဖြစ်လိမ့်မယ်'လို့ သိတော်မူတယ်။ ဘုရားရှင်က နောက်နေ့မှာ အချိန်ကို မှတ်သားပြီး ရဟန်းအပေါင်းခြံရံကာ ရာဇဂြိုဟ်မြို့ကို ဆွမ်းခံဝင်တယ်။ ဥဂ္ဂသေနလည်း ဘုရားရှင် မြို့တွင်းမဝင်မီပဲ ကြွေးကြော်ဖို့ လူအများအား လက်ချောင်းအမှတ်အသားကို ပေးတယ်။ ဝါးထိပ်ပေါ်တည်ပြီး ကောင်းကင်မှာပဲ ၇ ကြိမ်လှည့်ကာ သက်ဆင်းပြီး ဝါးထိပ်ပေါ်ရပ်တည်တယ်။

အဲဒီခဏမှာ ဘုရားရှင်က မြို့ကိုဝင်တဲ့အခါ ဥဂ္ဂသေနကို ပရိ

www.dhammaransi.com



သတ် မကြည့်အောင် လုပ်ပြီး ဘုရားရှင်ကိုပဲ ကြည့်ရှုစေတယ်။ ဥဂ္ဂသေနက ပရိသတ်ကိုကြည့်ပြီး 'ပရိသတ်က ငါ့ကိုမကြည့်'လို့ တွေးကာ စိတ်မကောင်းဖြစ်တယ်။ 'ဒီအတတ်က ငါ ဒီနှစ်လုပ်ထိုက်တဲ့အတတ်ပဲ၊ ဘုရားရှင် မြို့ကိုဝင်တဲ့အခါ ပရိသတ်ဟာ ငါ့ကိုမကြည့်ဘဲ ဘုရားရှင်ကိုပဲ ကြည့်တယ်။ ငါ့ရဲ့အတတ်ပညာပြမှုဟာ အချည်းနှီးဖြစ်ပြီ'လို့ တွေးတယ်။ ဘုရားရှင်က ဥဂ္ဂသေနရဲ့စိတ်ကိုသိပြီး မဟာမောဂ္ဂလ္လာန်ကို ခေါ်ကာ 'မောဂ္ဂလ္လာန်၊ သွားပါ၊ သူဌေးသားကို အတတ်ပညာပြပါတဲ့လို့ ပြောလိုက်ပါ'လို့ ပြောတယ်။ မထေရ်က သွားပြီး ဝါးရဲ့အောက်မှာ ရပ်လျက် သူဌေးသားကိုခေါ်ကာ ပြောတယ်။

'အင်အားကြီးတဲ့ ကချေသည်သား ဥဂ္ဂသေန၊ တိုက်တွန်းပါတယ်၊ ကြည့်ပါ၊ ပရိသတ်အား ကပြပါ။ လူအများကို ရယ်ရွှင်စေပါ'

ဥဂ္ဂသေနက မထေရ်ရဲ့စကားကို ကြားရပြီး ဝမ်းသာရွှင်ပျကာ 'ဘုရားရှင်က ငါ့ရဲ့အတတ်ပညာကို ကြည့်ရှုလိုတယ် ထင်တယ်'လို့ ကြံပြီး ဝါးထိပ်ပေါ်ရပ်ရင်းပဲ ပြောတယ်။

'ပညာနဲ့တန်ခိုးကြီးမားတဲ့ အရှင်မောဂ္ဂလ္လာန်၊ တိုက်တွန်းပါတယ်၊ ရှုစားတော်မူပါ၊ တပည့်တော် ပရိသတ်အား ကပြပါမယ်။ လူအများကို ရွှင်စေပါမယ်'

အဲဒီလိုပြောပြီး ဝါးထိပ်မှကောင်းကင်ကို တက်ကာ ကောင်းကင်မှာပဲ ၁၄ ကြိမ်တိုင်တိုင် လှည့်ပြီး သက်ဆင်းကာ ဝါးထိပ်ပေါ်ပဲ ရပ်တည်တယ်။ အဲဒီအခါ ဘုရားရှင်က 'ဥဂ္ဂသေန၊ ပညာရှိဆိုတာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာတွေမှာ တွယ်တာမှုကို ပယ်စွန့်ကာ ဇာတိစသည်တွေမှ လွတ်မြောက်သင့်တယ်'လို့ မိန့်ပြီး အောက်ပါစကားကို မိန့်တယ်။

'အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ခန္ဓာတွေမှာ တွယ်တာမှုကို စွန့်လွှတ်ပါ။ ဘဝအဆုံးကို ရောက်ပါ။ ရုပ်နာမ်သင်္ခါရအားလုံးမှာ

www.dhammaransi.com



ကိလေသာမှ လွတ်မြောက်စိတ် ရှိပါစေ၊ အဲဒီလိုနေရင် နောက်ထပ် ဇာတိ၊ ဇရာ၊ မရဏ (ဘဝမှာဖြစ်မှု၊ အိုမှု၊ သေမှု) တွေသို့ မကပ်ရောက်ရတော့'

အဲဒီတရားဒေသနာအဆုံးမှာ သတ္တဝါပေါင်း ၈၄၀၀၀ ဟာ တရားထူးရတယ်။ သူဌေးသားလည်း ဝါးထိပ်ပေါ်ရပ်ရင်းပဲ ပဋိသမ္ဘိဒါ လေးပါးနဲ့တကွ ရဟန္တာဖြစ်တယ်။ ဝါးပေါ်က သက်ဆင်းပြီး ဘုရားရှင်ထံ လာတယ်။ တည်ခြင်းငါးပါးနဲ့ ဘုရားရှင်ကိုရှိခိုးပြီး ရဟန်းအဖြစ် တောင်းတယ်။ အဲဒီအခါ သူ့ကို ဘုရားရှင်က လက်ဆန့်တန်းကာ 'ရဟန်း၊ လာလော့'လို့ မိန့်လိုက်ပါတယ်။ အဲဒီခဏမှာပဲ ဥဂ္ဂသေနဟာ ပရိက္ခရာ ၈ ပါးကို ဆောင်ထားတဲ့ ဝါ ၆၀ ရ မထေရ်လို ဖြစ်သွားတယ်။ အဲဒီအခါ ရဟန်းတွေက ဥဂ္ဂသေနကို 'ငါ့ရှင်ဥဂ္ဂသေန၊ အတောင် ၆၀ ရှိ ဝါးပေါ်က သက်ဆင်းတဲ့အခါ သင်မှာ မကြောက်ဖူးလား'လို့ မေးလို့ 'မကြောက်ပါ'လို့ ဖြေတယ်။ ရဟန်းတွေက အောက်ပါအတိုင်း လျှောက်လို့ ဘုရားရှင်က ပြန်မိန့်ပါတယ်။

'မြတ်စွာဘုရား၊ ဥဂ္ဂသေနက 'ငါ မကြောက်ပါ'လို့ ပြောပါတယ်။ မမှန်တာကို ပြောပြီး အရဟတ္တဖိုလ်ကို ဖြေဆိုပါတယ်'

'ရဟန်းတို့၊ ငါ့သားတော် ဥဂ္ဂသေနနဲ့တူတဲ့ ရဟန်းတွေဟာ သံယောဇဉ်ကို ဖြတ်ထားလို့ မကြောက်၊ မထိတ်လန့်ကြ'

အဲဒီကချေသည်ရဲ့သမီးဟာလည်း 'ငါ့လင်သွားတဲ့လမ်းကို ငါ လိုက်မယ်'လို့ ဆုံးဖြတ်ကာ ရဟန်းမဝတ်ပြီး ရဟန္တာမ ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၃၄၁)

www.dhammaransi.com

# သန္တတိအမတ်ကြီး

သန္တတိအမတ်ကြီးဟာ တစ်ချိန်မှာ ပသေနဒီကောသလမင်းရဲ့ နိုင်ငံအစွန်မှာ ပုန်ကန်သောင်းကျန်းနေတာကို ငြိမ်သက်အောင် လုပ်ပြီးလာတယ်။ အဲဒီအခါ အမတ်ကြီးအား မင်းက သဘောကျလို့ ၇ ရက်ပတ်လုံး မင်းအဖြစ်ကို ပေးကာ အက၊ အဆိုကျွမ်းကျင်တဲ့ မိန်းမတစ်ယောက်ကို ပေးတယ်။ သန္တတိက ၇ ရက်ပတ်လုံး အရက်မူးပြီး ၇ ရက်မြောက်မှာ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ကာ ဆင်ကျောပေါ် စီးလျက် ရေချိုးဆိပ်ကိုသွားတယ်။ ဆွမ်းခံဝင်လာတဲ့ ဘုရားရှင်ကို တံခါးအကြားမှာ မြင်ရပြီး ဆင်ကျောပေါ်ကပဲ ဦးခေါင်းကိုလှုပ်ကာ ရှိခိုးပြီး ဖဲသွားတယ်။ ဘုရားရှင်က ပြုံးတော်မူပြီး 'မြတ်စွာဘုရား ပြုံးတော်မူရခြင်းရဲ့အကြောင်းက ဘာလဲ'လို့ အရှင်အာနန္ဒာရဲ့အမေးခံရလို့ ပြုံးခြင်းရဲ့အကြောင်းကို ပြောပြလိုလို့ မိန့်တော်မူပါတယ်။

'အာနန္ဒာ၊ သန္တတိအမတ်ကြီးကို ကြည့်ပါ၊ ဒီနေ့ တန်ဆာအားလုံးနဲ့ တန်ဆာဆင်လျက်ပဲ ငါဘုရားထံလာပြီး ၄ ပိုဒ်ရှိတဲ့ဂါထာရဲ့အဆုံးမှာ ရဟန္တာဖြစ်ပြီး ထန်း ၇ ပင်လောက်ရှိတဲ့ ကောင်းကင်မှာ ထိုင်ကာ ပရိနိဗ္ဗာန်စံလိမ့်မယ်'

လူအများက အရှင်အာနန္ဒာနဲ့အတူ စကားပြောနေတဲ့ ဘုရားရှင်ရဲ့စကားကို ကြားရတယ်။ အဲဒီထဲက အယူမှားရှိသူတွေက 'ရဟန်းဂေါတမရဲ့ လုပ်ကြံပုံကိုကြည့်ကြပါ။ ပါးစပ်ထဲရောက်လာတာကိုပဲ ပြောတယ်။ ဒီလောက်အရက်မူးနေတဲ့ ဒီသန္တတိအမတ်ကြီးက ဒီနေ့ ဒီလိုတန်ဆာဆင်လျက်ပဲ ဒီရဟန်းဂေါတမထံ တရားနာပြီး ပရိနိဗ္ဗာန်

www.dhammaransi.com



စံမယ်တဲ့။ ဒီနေ့ပဲ ဒီရဟန်းဂေါတမကို လိမ်ညာပြောဆိုမှုနဲ့ နှိပ်ကွပ်ကြမယ်'လို့ ကြုံးကြတယ်။ အယူမှန်ရှိသူတွေက 'ဘုရားရှင်တွေရဲ့အစွမ်းဟာ အံ့ဩဖွယ်ကောင်းပါပေတယ်။ ဒီနေ့ ဘုရားရှင်နဲ့ သန္တတိအမတ်ကြီးတို့ရဲ့ တင့်တယ်မှုကို ကြည့်ရှုခွင့်ရကြမယ်'လို့ ကြုံးကြတယ်။

သန္တတိအမတ်ကြီးကလည်း ရေချိုးဆိပ်မှာ တစ်နေ့လုံး ရေကစားပြီး ဥယျာဉ်ကိုသွားကာ အရက်သောက်နေရာမှာ ထိုင်တယ်။ အဲဒီမိန်းမကလည်း ကပွဲသဘင်အလယ် သက်ဆင်းပြီး အက၊ အဆိုကိုပြဖို့ ကြိုးစားတယ်။ အဲဒီမိန်းမက ခန္ဓာကိုယ်တင့်တယ်မှုကို ပြဖို့ ၇ ရက် ပတ်လုံး အစားအစာနည်းလို့ အဲဒီနေ့မှာ အက အဆိုကို ပြတဲ့အခါ ဝမ်းဗိုက်အတွင်း ဓားလို လေတွေပေါ်ထွက်လာကာ နှလုံးသားကိုဖြတ်ပြီး သွားကြတယ်။ အဲဒီမိန်းမဟာ အဲဒီခဏမှာပဲ ပါးစပ်ရော၊ မျက်စိတွေပါ ပွင့်ပြီး သေသွားတယ်။ သန္တတိအမတ်ကြီးက 'သူမကို ရှုစမ်းကြပါ'လို့ ပြောတယ်။ 'အရှင်အမတ်ကြီး သေသွားပါပြီ'လို့ ပြောကြရုံမျှမှာပဲ သောကအကြီးအကျယ် လွှမ်းမိုးကာ အဲဒီခဏမှာပဲ ၇ ရက်ပတ်လုံး သောက်ထားတဲ့သေရည်ဟာ ပူကျက်နေတဲ့ခွက်ပေါ်က ရေပေါက်ပမာ ကုန်ခန်းသွားတယ်။ 'ငါ့ရဲ့ဒီသောကကို ဘုရားမှတစ်ပါး အခြားသူတွေ ငြိမ်းအေးအောင် မလုပ်နိုင်ကြ'လို့ နားလည်ပြီး သန္တတိဟာ စစ်သည်အပေါင်းခြံရံပြီး ညနေချမ်းအခါမှာ ဘုရားရှင်ထံသွားပြီး ရှိခိုးကာ လျှောက်ထားပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်မှာ ဒီလိုသောက ဖြစ်နေပါတယ်။ တပည့်တော်ရဲ့ ဒီသောကကို အရှင်ဘုရားက ငြိမ်းအေးအောင် လုပ်ပေးနိုင်လိမ့်မယ်လို့ တွေးပြီး လာခဲ့ပါတယ်။ တပည့်တော်ရဲ့အားကိုးရာ ဖြစ်တော်မူပါ'

အဲဒီအခါ ဘုရားရှင်က အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

www.dhammaransi.com



'သင်ဟာ သောကငြိမ်းအေးစေနိုင်သူထံ ရောက်နေတာပဲ။ ဒီ မိန်းမ ဒီနည်းနဲ့သေတဲ့အခါ ငိုတဲ့သင့်ရဲ့မျက်ရည်တွေဟာ သမုဒ္ဒရာ ကြီး ၄ စင်းထဲက ရေတွေထက် ပိုများတယ်'

'အတိတ်ရုပ်နာမ်သင်္ခါရအပေါင်းမှာ ဖြစ်နိုင်တဲ့ ကိလေသာတွေ ကို ခြောက်သွေ့ပါစေ၊ အနာဂတ်ရုပ်နာမ်သင်္ခါရအပေါင်းမှာ ကြောင့် ကြမှု ကိလေသာ မဖြစ်ပါစေနဲ့၊ အလယ်ပိုင်းရုပ်နာမ် ပစ္စုပ္ပန်သင်္ခါရမှာ မစွဲယူရင် ကိလေသာမီးငြိမ်းကာ သင်ဟာ လှည့်လည်ရပါလိမ့်မယ်'

အဲဒီတရားစကားအဆုံးမှာ သန္တတိအမတ်ကြီးဟာ ရဟန္တာဖြစ် သွားပါတယ်။ သူ့ရဲ့အသက်ရှည်စေမယ့်ကံကို ကြည့်ရှုတဲ့အခါ ရှေ့ ဆက် မဖြစ်တော့တာကို သိပြီး ဘုရားရှင်ကို လျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်အား ပရိနိဗ္ဗာန်စံခွင့် ပြုတော်မူပါ'

ဘုရားရှင်က သန္တတိပြုလုပ်ခဲ့တဲ့ကံကို သိပေမယ့် 'မှသာဝါဒနဲ့ နှိပ်ကွပ်ဖို့ စုဝေးနေတဲ့ အယူမှားရှိသူတွေ အခွင့်မရဖြစ်ကြလိမ့်မယ်။ ဗုဒ္ဓနဲ့ သန္တတိတို့ရဲ့ တင့်တယ်မှုကို ကြည့်ရှုကြမယ်'လို့ ကြံကာ စုဝေး နေကြတဲ့ အယူမှန်ရှိသူတွေက သန္တတိပြုလုပ်ခဲ့တဲ့ကံကို ကြားရပြီး ကောင်းမှုတွေမှာ လေးစားစွာပြုလုပ်ကြလိမ့်မယ်လို့ မှတ်သားပြီး 'ဒီလို ဆိုရင် သင်ပြုလုပ်ခဲ့တဲ့ကံကို ငါ့အား ပြောပြပါ။ ပြောတဲ့အခါမှာလည်း မြေကြီးပေါ် ရပ်တည်ကာ မပြောဘဲ ထန်း ၇ ပင်လောက်ရှိတဲ့ ကောင်း ကင်မှာ ရပ်တည်ကာ ပြောပါ'လို့ မိန့်ပါတယ်။

သန္တတိက 'ကောင်းပါပြီ ဘုရား' လို့ လျှောက်ကာ ဘုရားရှင် ကို ရှိခိုးပြီး ထန်းတစ်ပင်လောက်အရပ်ကို တက်ကာ သက်ဆင်းပြီး တစ်ဖန် ဘုရားရှင်ကို ရှိခိုးပြီး တက်ပြန်တယ်။ အစဉ်အတိုင်း ထန်း ၇ ပင်လောက်ရှိတဲ့ ကောင်းကင်မှာ တင်ပျဉ်ခွေထိုင်ကာ 'မြတ်စွာ ဘုရား၊ တပည့်တော်ရဲ့ရှေးကံကို နားထောင်တော်မူပါ'လို့ လျှောက်ကာ အောက်ပါအတိုင်း လျှောက်ပြပါတယ်။

www.dhammaransi.com



တပည့်တော်ဟာ ဒီကမ္ဘာကနေ ၉၁ ကမ္ဘာအထက်မှာ ဝိပဿီဘုရားရှင် ပွင့်တော်မူတဲ့အခါ ဗန္ဓုမတီမြို့က အမျိုးတစ်မျိုးမှာ ဖြစ်ခဲ့ပါတယ်။ 'သူတစ်ပါးတွေကို ဖြတ်တောက်ညှဉ်းဆဲမှု မပြုလုပ်ရတဲ့အလုပ်က ဘာလဲ'လို့ စူးစမ်းတဲ့အခါ တရားကြွေးကြော်တဲ့အလုပ်ကို မြင်ရပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီအလုပ်ကိုလုပ်ရင်း လူအများကို တိုက်တွန်းခဲ့ပါတယ်။

'ကောင်းမှုတွေကို ပြုလုပ်ကြပါ၊ ဥပုသ်နေ့တွေမှာ ဥပုသ်စောင့်ကြပါ၊ အလှူ လှူကြပါ၊ တရားနာကြပါ၊ ဘုရားရတနာစသည်တို့နဲ့ တူတဲ့ အခြားရတနာဆိုတာ မရှိပါ။ ရတနာသုံးပါးအပေါ် ပူဇော်မှု ပြုကြပါ'

အဲဒီလိုကြွေးကြော်ပြီး လှည့်လည်ခဲ့ပါတယ်။ တပည့်တော်ရဲ့ အသံကို ကြားရပြီး ဘုရားရှင်ရဲ့ခမည်းတော် ဗန္ဓုမတီမင်းကြီးက တပည့်တော်ကို အခေါ်ခိုင်းပြီး မေးပါတယ်။

'ချစ်သား၊ သင်ဟာ ဘာကိုလုပ်ကာ လှည့်လည်နေပါသလဲ'

'အရှင်မင်း၊ အကျွန်ုပ်ဟာ ရတနာသုံးပါးတို့ရဲ့ဂုဏ်ကို ထင်ရှားပြုပြီး လူအများကို ကောင်းမှုတွေမှာ တိုက်တွန်းကာ လှည့်လည်နေပါတယ်'

'ဘယ်မှာထိုင်ပြီး လှည့်လည်တာလဲ'

'ခြေကျင်ပါပဲ အရှင်မင်း'

'ချစ်သား၊ သင်ဟာ ဒီလိုမလှည့်လည်ထိုက်၊ ဒီပန်းကုံးကို ပန်ဆင်ပြီး မြင်းရဲ့ကျောပေါ်မှာ လှည့်လည်ပါ'

အဲဒီလိုပြောပြီး တပည့်တော်အား ပုလဲကုံးနဲ့တူတဲ့ ပန်းကုံးကို ပေးကာ ယဉ်ကျေးပြီးတဲ့မြင်းကို ပေးပါတယ်။ မင်းကပေးတဲ့အဆောင်အယောင်နဲ့ အဲဒီအတိုင်း ကြွေးကြော်ကာ လှည့်လည်နေတဲ့ တပည့်တော်ကို မင်းက နောက်ထပ်အခေါ်ခိုင်းပြီး မေးပါတယ်။

www.dhammaransi.com



'ချစ်သား၊ ဘာကိုလုပ်ကာ လှည့်လည်နေပါသလဲ'

'အရှင်မင်း၊ အရင်အလုပ်ကိုပါပဲ'

'ချစ်သား၊ သင့်အား မြင်းလည်း မသင့်လျော်၊ ဒီမှာထိုင်ပြီး လှည့်လည်ပါ'

အဲဒီလိုပြောပြီး သိန္ဓောမြင်း ၄ ကောင်ကပ်ယှဉ်တဲ့ရထားကို ပေးပါတယ်။ သုံးကြိမ်မြောက်မှာလည်း မင်းက တပည့်တော်ရဲ့အသံကို ကြားရပြီး အခေါ်ခိုင်းကာ မေးပါတယ်။

'ချစ်သား၊ ဘာကိုလုပ်ကာ လှည့်လည်ပါသလဲ'

'အရှင်မင်း အရင်လုပ်ကိုပါပဲ'

'ချစ်သား၊ ရထားလည်း သင့်အား မသင့်လျော်'

အဲဒီလိုပြောကာ တပည့်တော်အား စည်းစိမ်ဥစ္စာများစွာနဲ့ ကြီးကျယ်တဲ့ အဆင်တန်ဆာကိုပေးပြီး ဆင်တစ်ကောင်ကိုလည်း ပေးပါတယ်။ တပည့်တော်ဟာ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး ဆင်ကျောပေါ်ထိုင်ကာ အနှစ် ၈ သောင်းပတ်လုံး တရားကြွေးကြော်တဲ့အလုပ်ကို လုပ်ခဲ့ပါတယ်။ တပည့်တော်ရဲ့ခန္ဓာကိုယ်မှ အဲဒီကာလပတ်လုံး စန္ဒကူးနံ့နဲ့ မွှေးကြိုင်ပါတယ်။ ပါးစပ်မှ ကြာညို ပန်းနံ့ မွှေးကြိုင်ပါတယ်။ အဲဒါဟာ တပည့်တော်လုပ်ခဲ့တဲ့ ကံပါပဲ။

အဲဒီလိုသန္တတိဟာ သူ့ရဲ့ရှေးကံကိုလျှောက်ထားပြီး ကောင်းကင်မှာ ထိုင်ရင်းပဲ တေဇောကသိုဏ်းစျာန်ကို ဝင်စားကာ ပရိနိဗ္ဗာန်စံတယ်။ ခန္ဓာကိုယ်မှာ မီးတောက်ထွက်ပေါ်လာပြီး အသားအသွေးကို လောင်မြိုက်ပါတယ်။ မြတ်လေးပန်းပွင့်တွေလို ဓာတ်တော်တွေကြွင်းကျန်ပါတယ်။ ဘုရားရှင်က ဖြူစင်တဲ့အဝတ်ကို ဖြန့်ခင်းလိုက်ပါတယ်။ ဓာတ်တော်တွေက အဲဒီအဝတ်မှာ ကျပါတယ်။ အဲဒီဓာတ်တော်တွေကို သပိတ်မှာထည့်ပြီး 'လူအများက ရှိခိုးပြီး ကောင်းမှုအဖို့ရှိလိမ့်မယ်'လို့ ရည်ရွယ်ကာ လမ်းလေးခွမှာ စေတီတည်ခိုင်းပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၅၀)

www.dhammaransi.com

# လင် မုဆိုး၊ မယား သောတာပန်

ရာဇဂြိုဟ်မြို့က သူဌေးသမီးတစ်ယောက်ဟာ အရွယ်ရောက်လာတဲ့အခါ ဘုံ ၇ ဆင့်ရှိ ပြာသာဒ်အထက်က ကျက်သရေတိုက်ခန်းမှာ စောင့်ရှောက်ဖို့ အလုပ်အကျွေး ကျွန်မတစ်ယောက်ကိုပေးပြီး မိဘတွေရဲ့ အထားခံရတယ်။ တစ်နေ့မှာ ညနေချမ်းအခါ လေသာပြတင်းက လမ်းခရီးအကြားကို လှမ်းကြည့်လိုက်တယ်။ ကျော့ကွင်း ၅၀၀ နဲ့ တံချွန် ၅၀၀ ကိုယူပြီး သားကောင်တွေကိုသတ်ကာ အသက်မွေးနေတဲ့ ကုက္ကုဋမိတ္တမည်တဲ့ မုဆိုးတစ်ယောက် သားကောင် ၅၀၀ ကို သတ်ပြီး အဲဒီသားကောင်တွေရဲ့အသားနဲ့ လှည်းကြီးကိုပြည့်စေကာ လှည်းဦးမှာ ထိုင်ပြီး အသားရောင်းဖို့ မြို့ထဲဝင်လာတာကို မြင်သွားတယ်။ အဲဒီမုဆိုးအပေါ် သူဌေးသမီးက တွယ်တာစိတ်ဖြစ်လို့ အလုပ်အကျွေးမိန်းမရဲ့ လက်မှာ လက်ဆောင်ပေးပြီး 'သွားပါ၊ အဲဒီမုဆိုးအား လက်ဆောင်ပေးပြီး သွားမယ့်အချိန်ကို သိကာ လာခဲ့ပါ'လို့ စေလွှတ်လိုက်ပါတယ်။ အလုပ်အကျွေးမက သွားပြီး အဲဒီမုဆိုးအား လက်ဆောင်ပေးပြီး မေးတယ်၊ မုဆိုးက ဖြေတယ်။

'ဘယ်အချိန်မှာ သွားမလဲ'

'ဒီနေ့ အသားကိုရောင်းပြီး နံနက်စောစောပဲ ဒီအမည်ရှိတံခါးက ထွက်ကာ သွားပါမယ်'

အလုပ်အကျွေးမက မုဆိုးပြောတဲ့စကားကို ကြားနာကာ လာပြီး သူဌေးသမီးအားပြောတယ်။ သူဌေးသမီးက ယူထိုက်တဲ့ အဝတ်၊ အဆင်တန်ဆာကို စီမံပြီး နံနက်စောစောပဲ ညစ်ပေတဲ့အဝတ်ကိုဝတ်ကာ

www.dhammaransi.com



အိုးကိုယူပြီး ကျွန်မတွေနဲ့အတူ ရေချိုးဆိပ်ကိုသွားသလို ထွက်ကာ အဲဒီအရပ်ကို သွားတယ်။ မုဆိုးအလာကို ကြည့်ရင်း ရပ်တည်နေတယ်။ နံနက်စောစောပဲ လှည်းကိုမောင်းနှင်ကာ ထွက်လာတယ်။ သူဌေးသမီးက အဲဒီလှည်းရဲ့နောက်က နောက်ကသွားတယ်။ မုဆိုးက သူဌေးသမီးကိုမြင်ပြီး 'ငါဟာ အဲဒီမိန်းမကို 'ဘယ်သူ့သမီးလဲ'လို့ မသိ။ နှမ၊ ငါ့နောက်ကို မလိုက်ပါနဲ့'လို့ ပြောတယ်။ 'ငါ့ကို သင်ကမခေါ်၊ ငါက ငါ့သဘောအတိုင်း လာတယ်၊ သင်ဟာ ဆိတ်ဆိတ်နေပြီး သင့်လှည်းကို မောင်းနှင်ပါ'လို့ သူဌေးသမီးက ပြောတယ်။ မုဆိုးက သူဌေးသမီးကို အထပ်ထပ်တားမြစ်တာပါပဲ။

အဲဒီအခါ မုဆိုးကို သူဌေးသမီးက ပြောတယ်။

'အို အရှင်၊ ကျက်သရေဆိုတာ ကိုယ့်ထံလာရင် မတားမြစ်သင့်ပါ'

မုဆိုးက သူဌေးသမီးရဲ့ လာခြင်းအကြောင်းကို သံသယမရှိဘဲ သိကာ သူမကို လှည်းပေါ်တင်ပြီးသွားတယ်။ သူမရဲ့မိဘတွေက ဟိုဟို ဒီဒီ အရှာခိုင်းပြီး မတွေ့ကြတဲ့အခါ 'သေတာဖြစ်လိမ့်မယ်'လို့ တွေးပြီး သေသူအတွက် ထမင်းအလှူ ပြုလုပ်ကြတယ်။ သူမလည်း အဲဒီမုဆိုးနဲ့ အတူပေါင်းသင်းပြီး အစဉ်အတိုင်း သား ၇ ယောက်ကို မွေးဖွားတယ်။ သူတို့အရွယ်ရောက်တဲ့အခါ အိမ်ထောင်ချပေးကြတယ်။ တစ်နေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အချိန် လောကကို ကြည့်တဲ့အခါ ကုက္ကုဋမိတ္တကို သားတွေ၊ ချွေးမတွေနဲ့ပါ ဘုရားရှင်ဉာဏ်ကွန်ရက်ထဲ ဝင်လာတာကို တွေ့ရတယ်။ 'ဒါက ဘာလဲ'လို့ စူးစမ်းတော်မူတဲ့အခါ ဖခင်၊ သား ၇ ယောက်၊ ချွေးမ ၇ ယောက် ပေါင်း ၁၅ ယောက်လုံးရဲ့ သောတာပန်ဖြစ်ဖို့ ပါရမီရှိတာကို မြင်ရတယ်။ နံနက်စောစောပဲ သပိတ်၊ သင်္ကန်းကိုယူပြီး အဲဒီမုဆိုးရဲ့ ကျော့ကွင်းထောင်ရာနေရာကို ကြွသွားတယ်။ အဲဒီနေ့မှာ ကျော့ကွင်းမှာမိတဲ့ သားကောင်တစ်ကောင်မှ

www.dhammaransi.com



မရှိ၊ ဘုရားရှင်က အဲဒီမုဆိုးရဲ့ ကျောင်းကွင်းခြေရင်းမှာ ခြေရာတော်ကို ပြပြီး ရေ့ကချုံတစ်ချုံရဲ့အောက်က အရိပ်မှာ ထိုင်နေတယ်။

ကုက္ကုဋမိတ္တက နံနက်စောစောပဲ လေးကိုယူကာ ကျောကွင်း ထောင်ရာနေရာကို သွားတယ်။ အစကစပြီး ကျောကွင်းတွေကိုကြည့် တဲ့အခါ ကျောကွင်းမှာမိနေတဲ့ သားကောင်တစ်ကောင်ကိုမှ မတွေ့ရဘဲ ဘုရားရှင်ရဲ့ခြေရာကို တွေ့ရတယ်။ အဲဒီအခါ မုဆိုးက 'ဘယ်သူက ငါ့ကျောကွင်းမှာမိနေတဲ့ သားကောင်တွေကို လွှတ်ပေးကာ လှည့်လည် နေတာလဲ'လို့ ကြံတယ်။ ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ပြီးသွားတဲ့ အဲဒီ မုဆိုးက ချုံအောက်မှာထိုင်နေတဲ့ ဘုရားရှင်ကိုမြင်ပြီး 'ငါ့သားကောင် တွေကို ဒီပုဂ္ဂိုလ်က လွှတ်ပစ်တာ ဖြစ်လိမ့်မယ်၊ သူ့ကို ငါသတ်မယ်'လို့ ကြံကာ လေးကိုဆွဲငင်လိုက်တယ်။ ဘုရားရှင်က လေးကိုဆွဲခွင့်ပေးပြီး လွှတ်ခွင့်မပေး၊ မုဆိုးက မြားကို လွှတ်လည်းမလွှတ်နိုင်၊ ချလည်း မချနိုင်လို့ နံရိုးတွေကွဲပျက်တော့မလိုဖြစ်ကာ ပါးစပ်မှ တံတွေးယိုစီး ကျကာ ကိုယ်ပင်ပန်းပြီး ရပ်တည်နေတယ်။ အဲဒီအခါ သူ့သားတွေက အိမ်ကိုသွားပြီး 'ငါတို့ရဲ့ဖခင်ဟာ ကြာမြင့်တယ်၊ ဘာများဖြစ်ပါလိမ့်' လို့ ပြောပြီး 'သားတို့၊ သင်တို့ဖခင်ထံ သွားကြ'လို့ မိခင်က ခိုင်းလိုက် လို့ လေးတွေကိုယူကာ သွားကြတယ်။ အဲဒီအတိုင်း တည်နေတဲ့ဖခင်ကို မြင်ရပြီး 'ဒီပုဂ္ဂိုလ်က ငါတို့ဖခင်ရဲ့ရန်သူဖြစ်လိမ့်မယ်'လို့ ထင်မှတ်ကာ ၇ ယောက်လုံးပဲ လေးတွေကိုဆွဲငင်ကာ ဘုရားအာနုဘော်ကြောင့် သူတို့ရဲ့ ဖခင် ရပ်တည်နေသလိုပဲ ရပ်တည်နေကြတယ်။

အဲဒီအခါ သူတို့ရဲ့မိခင်က 'ငါ့သားတွေလည်း ဘာကြောင့် ကြာမြင့်ကြပါလိမ့်'လို့ ပြောကာ ချွေးမ ၇ ယောက်နဲ့အတူသွားပြီး သူတို့တစ်တွေ အဲဒီလိုရပ်တည်နေတာကို မြင်သွားတယ်။ 'ဒီလူတွေ လေးတွေကို ဆွဲငင်ပြီး ဘယ်သူ့ကိုချိန်ရွယ်ထားကြတာလဲ'လို့ ကြည့် လိုက်တော့ ဘုရားရှင်ကို တွေ့ရလို့ လက်မောင်းတွေကိုမြှောက်ချီကာ အသံကျယ်ကျယ်နဲ့ အော်လိုက်တယ်။

www.dhammaransi.com



'ငါ့ဖခင်ကို မဖျက်ဆီးကြပါနဲ့၊ ငါ့ဖခင်ကို မဖျက်ဆီးကြပါနဲ့'

ကုက္ကုဋမိတ္တက အဲဒီအသံကိုကြားရပြီး ကြဲတယ်။

'ငါတော့ ပျက်စီးပါပကော၊ အဲဒီပုဂ္ဂိုလ်က ငါ့ယောက္ခမတဲ့၊ ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိလေစွတကား'

သားတွေကလည်း ကြဲကြတယ်။

'အဲဒီပုဂ္ဂိုလ်က ငါတို့ရဲ့အဘိုးတဲ့၊ ငါတို့ဟာ ဝန်လေးတဲ့အမှုကို ပြုမိကြလေစွတကား'

ကုက္ကုဋမိတ္တက 'ဒီပုဂ္ဂိုလ်ဟာ ငါ့ရဲ့ယောက္ခမပဲ'လို့ မေတ္တာစိတ်ထားတယ်။ သူ့ရဲ့သားတွေကလည်း 'ငါတို့ရဲ့အဘိုးပဲ'လို့ မေတ္တာစိတ်ထားကြပါတယ်။ အဲဒီအခါ အဲဒီသားတွေကို သူတို့ရဲ့မိခင်ဖြစ်တဲ့ သူဌေးသမီးက 'လေးတွေကို မြန်မြန်စွန့်ပစ်ပြီး ငါ့ဖခင်ကို တောင်းပန်ကြပါ'လို့ ပြောက်တယ်။ ဘုရားရှင်က သူတို့ရဲ့စိတ်နူးညံ့တာကိုသိပြီး လေးကို ချခွင့်ပေးလိုက်ပါတယ်။ အဲဒီသူအားလုံးဟာ ဘုရားရှင်ကို ရှိခိုးပြီး 'အရှင်ဘုရား၊ တပည့်တော်တို့အား သည်းခံတော်မူပါ'လို့ တောင်းပန်ကာ သင့်တင့်ရာအရပ်မှာ ထိုင်ကြတယ်။ အဲဒီအခါ သူတို့အား ဘုရားရှင်က အစဉ်အတိုင်းဖြစ်တဲ့ တရားစကား ဟောကြားပါတယ်။ အဲဒီဒေသနာရဲ့အဆုံးမှာ ကုက္ကုဋမိတ္တဟာ သားတွေနဲ့ရော၊ ချွေးမတွေနဲ့ပါ စုစုပေါင်း ၁၅ ယောက်ဟာ သောတာပန် ဖြစ်သွားကြပါတယ်။ ကုက္ကုဋမိတ္တရဲ့ဇနီးဖြစ်တဲ့ သူဌေးသမီးက သူ့မိဘအိမ်မှာ အပျိုဘဝကတည်းက သောတာပန်ဖြစ်ခဲ့ပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၁၆)

www.dhammaransi.com

# အဒိန္နပုဗ္ဗကသူဌေး

သာဝတ္ထိမြို့မှာ အဒိန္နပုဗ္ဗကမည်တဲ့ ပုဏ္ဏားရှိခဲ့ပါတယ်။ သူက ဘယ်သူ့အား ဘာကိုမျှ မပေးဘူး။ ဒါကြောင့် သူ့ကို အဒိန္နပုဗ္ဗကလို့ပဲ သိကြပါတယ်။ သူ့မှာ ချစ်ခင်မြတ်နိုးရတဲ့ သားလေးတစ်ယောက် ရှိပါတယ်။ သားအတွက် အဆင်တန်ဆာကို ပြုလုပ်ခိုင်းလိုတဲ့အခါ 'ငါဟာ ပန်းထိမ်သည်တွေကို ပြုလုပ်ခိုင်းရင် ထမင်းရိက္ခာကို ပေးရလိမ့်မယ်'လို့ တွေးပြီး ကိုယ်တိုင်ပဲ ရွှေကိုထုထောင်းကာ ပြေပြစ်တဲ့နားတောင်းတွေကို ပြုလုပ်ပေးပါတယ်။ ဒါကြောင့် သူ့ရဲ့သားဟာ မဋ္ဌကုဏ္ဍလီလို့ပဲ ထင်ရှားပါတယ်။ သားမှာ ၁၆ နှစ်အရွယ်ရှိတဲ့အခါ ဖျော့တော့တဲ့ရောဂါ ဖြစ်လာပါတယ်။ သူ့မိခင်က သားကိုကြည့်ပြီး 'ပုဏ္ဏား၊ သင့်သားမှာ ရောဂါဖြစ်နေပါပြီ၊ သားကို ဆေးကုခိုင်းပေးပါ'လို့ ပြောတယ်။

'ရှင်မ၊ ငါဟာ ဆေးဆရာကို ခေါ်ဆောင်ရင် ထမင်းရိက္ခာ ပေးရလိမ့်မယ်၊ သင်ဟာ ငါ့ဥစ္စာကုန်သွားမှာကို မကြည့်ရှုဘူးလား'

'ပုဏ္ဏား၊ ဒီလိုဆိုရင် သူ့ကို ဘယ်လိုလုပ်မလဲ'

'ငါ့ဥစ္စာ မကုန်တဲ့နည်းနဲ့ လုပ်မယ်'

ပုဏ္ဏားက ဆေးဆရာတွေထံသွားပြီး 'ဒီမည်တဲ့ရောဂါအတွက် သင်တို့က ဘယ်ဆေးကို ပြုလုပ်ကြပါသလဲ'လို့ မေးတယ်။ အဲဒီအခါ ပုဏ္ဏားအား ဆေးဆရာတွေက သစ်ခေါက်စတဲ့ တော်သလို လျော်သလို ဆေးကို ပြောပြလိုက်ကြတယ်။ ပုဏ္ဏားက အဲဒါကိုဆောင်ယူပြီး သားအား ဆေးကုပေးတယ်။ သားကို ဆေးကုပေးနေတုန်းမှာ ရောဂါက ဆိုးဝါးလာတယ်။ ကုသလို့မရတော့တဲ့အခြေအနေကို ဆိုက်ရောက်သွားတယ်။

www.dhammaransi.com



ပုဏ္ဏားက သားမှာ အားနည်းနေတာကို သိပြီး ဆေးဆရာတစ်ယောက်ကို ခေါ်တယ်။ ဆေးဆရာက သားကိုကြည့်ပြီးချင်းပဲ 'ငါ့မှာ ကိစ္စတစ်ခုရှိတယ်၊ အခြားဆေးဆရာကို ခေါ်ပြီး ဆေးကုသခိုင်းပေးပါ'လို့ ပြောကာ သားကိုစွန့်ပယ်ပြီး ထွက်ခွာသွားတယ်။ ပုဏ္ဏားက သားသေမယ့်အချိန်ကိုသိပြီး 'သားကို ကြည့်ရှုဖို့ လာကြသူတွေဟာ အိမ်တွင်းက ဥစ္စာနှစ်ကို မြင်ကြလိမ့်မယ်၊ သားကို အိမ်အပြင်ထုတ်မယ်'လို့ ကြံကာ သားကို ထုတ်ဆောင်ကာ ဆင်ဝင်အပြင်ဘက်မှာ လဲလျောင်းခိုင်းပါတယ်။

အဲဒီနေ့မှာ ဘုရားရှင်က နံနက်မိုးသောက် လင်းအားကြီးအချိန်မှာ မဟာကရုဏာသမာပတ်မှ ထကာ ရှေးဘုရားရှင်တွေမှာ ဆုတောင်းမှု ပြုပြီး ကုသိုလ်အရင်းအမြစ်များတဲ့ ကျွတ်ထိုက်တဲ့သတ္တဝါတွေကို ကြည့်ရှုဖို့ ဘုရားရှင့်ဉာဏ်မျက်စိနဲ့ လောကကိုကြည့်တော်မူတဲ့အခါ စကြဝဠာတစ်သောင်းမှ ဉာဏ်ကွန်ရက်ကို ဖြန့်ပါတယ်။ မဋ္ဌကုဏ္ဍလီက ဆင်ဝင်အပြင်ဘက်မှာ လဲလျောင်းနေတဲ့ အခြင်းအရာနဲ့ပဲ ဘုရားရှင်ရဲ့ဉာဏ်တော်အတွင်းမှာ ထင်ရှားပါတယ်။ ဘုရားရှင်က သူ့ကိုမြင်ပြီး အိမ်အတွင်းမှထုတ်ဆောင်ကာ အဲဒီနေရာမှာ လဲလျောင်းခိုင်းခံထားရတာကို သိသွားပါတယ်။ 'ငါဘုရား အဲဒီအရပ်ကို သွားလို့ အကျိုးရှိမှာလား' လို့ ဆင်ခြင်တော်မူတဲ့အခါ အောက်ပါအတိုင်း မြင်တော်မူပါတယ်။

'ဒီလုလင်ဟာ ငါ့အပေါ် ကြည်ညိုစိတ်ဖြစ်ပြီး သေကာ တာဝတိံသာနတ်ပြည်က ယူဇနာ ၃၀ ရှိ ရွှေဗိမာန်မှာ ဖြစ်လိမ့်မယ်။ နတ်သမီးအခြံအရံ ရှိလိမ့်မယ်။ ပုဏ္ဏားလည်း သားကို မီးသင်္ဂြိုဟ်ပြီး ငိုရင်း သုသာန်မှာ လှည့်လည်လိမ့်မယ်။ နတ်သားက သူ့ခန္ဓာကိုယ်ကို ကြည့်တယ်။ သူ့ခန္ဓာကိုယ်က ၃ ဂါဝုတ်ပမာဏရှိတယ်။ လှည်းအစီး ၆၀ တိုက်ဝန်ရှိ အဆင်တန်ဆာနဲ့ တန်ဆာဆင်ထားတယ်။ နတ်သမီးတစ်ထောင် အခြံအရံရှိတယ်။ သူ့ကိုယ်သူကြည့်ပြီး 'ငါဟာ ကျက်သရေ

www.dhammaransi.com



ရှိတဲ့ ဒီစည်းစိမ်ကို ဘယ်ကံကြောင့် ရခဲ့သလဲ'လို့ ဆင်ခြင်တဲ့အခါ ငါဘုရားအပေါ် ကြည်ညိုစိတ်ကြောင့် ရခဲ့တာကို သိသွားတယ်။ 'ဒီပုဏ္ဏား က ဥစ္စာကုန်မှာကြောက်လို့ ငါ့ကိုဆေးကုမပေးဘဲ အခုမှ သုသာန်ကို သွားပြီး ငိုနေတယ်၊ သူ့ကိုဖောက်ပြန်သွားအောင် လုပ်လိုက်မယ်'လို့ ကြံကာ ဖခင်ငိုနေတဲ့အခါ မဋ္ဌကုဏ္ဍလီအသွင်နဲ့လာကာ သုသာန်အနီး မှာ လဲလျောင်းပြီး ငိုလိမ့်မယ်'

'အဲဒီအခါ သူ့ကို ပုဏ္ဏားက 'သင်ဘယ်သူလဲ'လို့ မေးလိမ့်မယ်။ 'ငါဟာ သင့်ရဲ့သား မဋ္ဌကုဏ္ဍလီပါ'လို့ ပြောလိမ့်မယ်။ 'ဘယ်မှာ ဖြစ်နေသလဲ'လို့ မေးတဲ့အခါ 'တာဝတိံသာနတ်ပြည်မှာ'လို့ ဖြေလိမ့် မယ်။ 'ဘယ်ကံကို လုပ်ခဲ့လို့လဲ'လို့ မေးတဲ့အခါ 'ငါဘုရားအပေါ် ကြည်ညိုစိတ်ကြောင့် ဖြစ်တယ်'လို့ ပြောလိမ့်မယ်။ ပုဏ္ဏားက 'အရှင် ဘုရားကို ကြည်ညိုစိတ်ဖြစ်ပြီး နတ်ပြည်မှာဖြစ်သူဆိုတာ ရှိပါသလား'လို့ ငါဘုရားကို မေးလိမ့်မယ်။ အဲဒီအခါ ငါဘုရားက ပုဏ္ဏားအား 'တစ်ရာ တို့ပဲ၊ တစ်ထောင်တို့ပဲ၊ တစ်သိန်းတို့ပဲလို့ ဂဏန်းကိုမပိုင်းဖြတ်နိုင်' လို့ပြောပြီး ဓမ္မပဒမှာ ဂါထာကိုဟောမယ်။ ဂါထာအဆုံးမှာ သတ္တဝါ ပေါင်း ၈ သောင်း ၄ ထောင် တရားထူးကို ထိုးထွင်းသိကြလိမ့်မယ်။ မဋ္ဌကုဏ္ဍလီဟာ သောတာပန်ဖြစ်လိမ့်မယ်။ ပုဏ္ဏားလည်း သောတာပန် ဖြစ်လိမ့်မယ်။ အဲဒီလိုအမျိုးကောင်းသားကိုမှီပြီး တရားထူးရမှု အကြီး အကျယ်ဖြစ်လိမ့်မယ်။'

အဲဒီလိုမြင်ပြီး နောက်နေ့မှာ ကိုယ်လက်သုတ်သင်ကာ ရဟန်း များစွာ ခြံရံလျက် သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်တယ်။ အစဉ်အတိုင်း ပုဏ္ဏားအိမ်တံခါးကို သွားတယ်။ အဲဒီခဏမှာ မဋ္ဌကုဏ္ဍလီက အိမ် အတွင်းဘက်မျက်နှာမူကာ လဲလျောင်းနေတယ်။ အဲဒီအခါ မဋ္ဌကုဏ္ဍလီ က ဘုရားရှင်ကို မမြင်တာကို ဘုရားရှင်သိပြီး ရောင်ခြည်တော်တစ်ခု ကို လွှတ်လိုက်တယ်။ လုလင်က 'အဲဒီအရောင်က ဘာပါလိမ့်'လို့

www.dhammaransi.com



လှည့်ပြီး လဲလျောင်းရင်းပဲ ဘုရားရှင်ကိုမြင်ရပြီး 'ကန်းမိုက်တဲ့ဖခင်ကို မှီပြီး ဒီလိုဘုရားရှင်ကို ချဉ်းကပ်ကာ ကိုယ်နဲ့ ဝေယျာဝစ္စလုပ်ပေးခွင့်၊ အလှူလှူခွင့်၊ တရားနာခွင့်တွေကို မရခဲ့။ အခုတော့ ငါ့လက်တွေက လည်း အစိုးမရကြတော့၊ အခြားလုပ်စရာ မရှိတော့'လို့ တွေးကာ စိတ်ကိုပဲ ကြည်လင်စေပါတယ်။ ဘုရားရှင်က 'သူ့မှာ ဒီလောက် စိတ်ကြည်လင်သွားရင် တော်လောက်ပြီ'လို့ တွေးကာ ဖဲခွာတော်မူ တယ်။ လုလင်ဟာ ဘုရားရှင် မြင်ကွင်းကို စွန့်စဉ်မှာပဲ ကြည်ညိုစိတ်နဲ့ သေသွားတယ်။ အိပ်ရာကနိုးလာသူလိုပဲ နတ်ပြည်က ယူဇနာ ၃၀ ရှိ ရွှေဗိမာန်မှာ ဖြစ်တယ်။

ပုဏ္ဏားကလည်း သားရဲ့အလောင်းကို မီးသင်္ဂြိုဟ်ပြီး သုသာန်မှာ တငိုတည်းငိုနေတယ်။ နေ့တိုင်း သုသာန်ကိုသွားပြီး 'သားလေး တစ် ယောက် ဘယ်မှာပါလိမ့်၊ သားလေးတစ်ယောက် ဘယ်မှာပါလိမ့်'လို့ ငိုတယ်။ နတ်သားကလည်း သူ့စည်းစိမ်ကိုကြည့်ပြီး 'ငါဟာ ဘယ်ကံ ကြောင့် ရခဲ့သလဲ'လို့ စူးစမ်းတဲ့အခါ 'ဘုရားရှင်ပေါ် ကြည်ညိုစိတ် ကြောင့်'လို့ သိသွားတယ်။ 'ဒီပုဏ္ဏားဟာ ငါမကျန်းမာတုန်းက ဆေးကု မပေးဘဲ အခုမှ သုသာန်ကိုသွားပြီး ငိုနေတယ်။ သူ့ကိုဖောက်ပြန်သွား အောင် လုပ်သင့်တယ်'လို့ တွေးကာ မဋ္ဌကုဏ္ဍလီအသွင်နဲ့လာကာ သုသာန်အနီးမှာ လက်မောင်းတွေကို မြှောက်ချီပြီး ငိုရင်း ရပ်တည်နေ တယ်။ သားနဲ့အဖ အပြန်အလှန် စကားပြောကြပါတယ်။ ပုဏ္ဏားကို သူဟာ မဋ္ဌကုဏ္ဍလီဖြစ်ကြောင်း ပြောလိုက်ပါတယ်။ ပုဏ္ဏားကို ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ဖို့နဲ့ ငါးပါးသီလ ကို လုံခြုံအောင် စောင့်ထိန်းဖို့ နတ်သားက ပြောပါတယ်။ နတ်သား ပြောတဲ့အတိုင်း ပုဏ္ဏားက လုပ်ပါမယ်လို့ ပြောတယ်။ နတ်သားက ပုဏ္ဏားကို အောက်ပါစကားပြောပြီး အဲဒီနေရာမှာပဲ ကွယ်ပျောက်သွား တယ်။

www.dhammaransi.com



'ပုဏ္ဏား၊ သင့်အိမ်မှာ ဥစ္စာတွေ အများကြီးရှိတယ်။ ဘုရားရှင်ကို ချဉ်းကပ်ပြီး အလှူလှူပါ၊ တရားနာပါ၊ ပြဿနာကို မေးပါ'

ပုဏ္ဏားကလည်း အိမ်ကိုသွားပြီး ပုဏ္ဏေးမကိုခေါ်ကာ 'ရှင်မ၊ ယနေ့ ငါဟာ ရဟန်းဂေါတမကို ပင့်ဖိတ်ပြီး ပြဿနာကိုမေးမယ်၊ ပူဇော်မှုပြုပါ'လို့ ပြောပြီး ကျောင်းကိုသွားတယ်။ ဘုရားရှင်ကို ရှိမခိုး၊ နှုတ်မဆက်ဘဲ သင့်တင့်ရာတစ်နေရာမှာ ရပ်ရင်း 'ရှင်ဂေါတမ၊ နက်ဖြန်အတွက် ဆွမ်းကို ရဟန်းသံဃာနဲ့အတူ လက်ခံတော်မူပါ'လို့ ပြောတယ်။ ဘုရားရှင်က လက်ခံတော်မူတယ်။ ပုဏ္ဏားက ဘုရားရှင် လက်ခံတာကိုသိပြီး အဟုန်နဲ့လာကာ သူ့အိမ်မှာ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်ကို စီမံခိုင်းတယ်။

ဘုရားရှင်က ရဟန်းအပေါင်းခြံရံပြီး ပုဏ္ဏားအိမ်ကိုသွားကာ ခင်းထားတဲ့နေရာမှာ ထိုင်တယ်။ ပုဏ္ဏားက ရိုရိုသေသေပြုစုလုပ်ကျွေးတယ်။ လူအများက စုဝေးတယ်။ အယူမှားရှိသူက ဘုရားရှင်ကို ပင့်ဖိတ်တဲ့အခါ လူနှစ်အုပ်စု စုဝေးကြတယ်။ အယူမှားရှိသူတွေက 'ဒီနေ့ ရဟန်းဂေါတမကို ပြဿနာမေးခြင်းနဲ့ညှဉ်းဆဲခံရမှာကို ကြည့်ကြမယ်'လို့ ရည်ရွယ်ကာ စုဝေးကြတယ်။ အယူမှန်ရှိသူတွေက 'ဒီနေ့ ဘုရားအရာ၊ ဘုရားတင့်တယ်မှုကို ကြည့်ရှုကြမယ်'လို့ ရည်ရွယ်ကာ စုဝေးကြတယ်။ အဲဒီအခါ ပုဏ္ဏားက ဆွမ်းဘုဉ်းပေးပြီးတဲ့ ဘုရားရှင်ထံ ချဉ်းကပ်ကာ နိမ့်ရာအရပ်မှာထိုင်ရင်း ပြဿနာမေးပါတယ်။

'အရှင်ဂေါတမ၊ အရှင်ဘုရားတို့အား အလှူမလှူဘဲ၊ ပူဇော်မှုမပြုဘဲ၊ တရားမနာဘဲ၊ ဥပုသ်မစောင့်ဘဲ စိတ်ကြည်ညိုရုံမျှသက်သက်နဲ့ နတ်ပြည်မှာဖြစ်သူတွေဆိုတာ ရှိကြပါသလား'

'ပုဏ္ဏား၊ ဘာကြောင့် ငါ့ကိုမေးတာလဲ၊ သင့်ရဲ့သား မဋ္ဌကုဏ္ဍလီက ငါဘုရားအပေါ် ကြည်ညိုစိတ်ဖြစ်ပြီး သူ နတ်ပြည်မှာ ဖြစ်တဲ့အကြောင်းကို ပြောထားတယ်မဟုတ်လား'

www.dhammaransi.com



'အရှင်ဂေါတမ၊ ဘယ်အခါကပါလဲ'

'ပုဏ္ဏား၊ သင်ဟာ ဒီနေ့ သုသာန်ကိုသွားပြီး ငိုကြွေးတဲ့အခါ အနီးမှာ လက်မောင်းတွေကို မြှောက်ငိုကြွေးနေတဲ့ လုလင်တစ်ယောက်ကို မြင်တွေ့ပြီး စကားပြောခဲ့တယ်မဟုတ်လား'

'ပုဏ္ဏား၊ တစ်ရာလည်းမက၊ နှစ်ရာလည်းမကဘူး၊ ငါဘုရားအပေါ် ကြည်ညိုပြီး နတ်ပြည်မှာ ဖြစ်သူတွေရဲ့ အရေအတွက်ဆိုတာ မရှိ'

အဲဒီအခါ လူအများမှာ သံသယမကင်း ဖြစ်နေကြပါတယ်။ အဲဒီအခြေအနေကို သိပြီး ဘုရားရှင်က 'မဋ္ဌကုဏ္ဍလီနတ်သားဟာ ဗိမာန်နဲ့အတူသာ လာပါစေ'လို့ အဓိဋ္ဌာန်ပါတယ်။ နတ်သားဟာ ၃ ဂါဝုတ်ပမာဏရှိတဲ့ နတ်အဆင်တန်ဆာဆင်ပြီး ခန္ဓာကိုယ်နဲ့လာကာ ဗိမာန်မှသက်ဆင်းပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။

ဘုရားရှင်က မေးတယ်၊ နတ်သားက ဖြေတယ်။

'နတ်သား၊ သင်ဟာ ဘယ်ကံကို လုပ်ခဲ့ပြီး ဒီစည်းစိမ်ကို ရခဲ့ပါသလဲ'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ဒီစည်းစိမ်ကို အရှင်ဘုရားတို့အပေါ် ကြည်ညိုစိတ်ဖြစ်ပြီး ရခဲ့ပါတယ်'

'သင်ဟာ ငါဘုရားအပေါ် ကြည်ညိုပြီး ရခဲ့တာလား'

'မှန်ပါ ဘုရား'

လူအများက နတ်သားကို ကြည့်ပြီး 'ဩော်၊ ဘုရားဂုဏ်တွေဟာ အံ့ဩဖွယ်ကောင်းပါပေစွ၊ အဒိန္နပုဗ္ဗကရဲ့သားဟာ အခြား ဘာကောင်းမှုကိုမှ မလုပ်ဘဲ ဘုရားရှင်အပေါ် ကြည်ညိုစိတ်ဖြစ်ပြီး ဒီလိုစည်းစိမ်ကို ရတယ်'လို့ အားရဝမ်းသာစကား ပြောကြားကြတယ်။ အဲဒီအခါ ဘုရားရှင်က အဲဒီလူတွေအား အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

www.dhammaransi.com



'ကုသိုလ်၊ အကုသိုလ်ကံကိုပြုလုပ်ရာမှာ စိတ်ကပဲ ခေါင်းဆောင်ဖြစ်တယ်။ စိတ်ကပဲ မြင့်မြတ်တယ်၊ မှန်တယ်၊ ကြည်လင်တဲ့စိတ်နဲ့ ပြုလုပ်တဲ့အလုပ်ဟာ နတ်ပြည်၊ လူ့ပြည်သွားသူနောက်ကို အရိပ်လို လိုက်တယ်။'

အဲဒီတရားစကားအဆုံးမှာ သတ္တဝါပေါင်း ၈ သောင်း ၄ ထောင်ဟာ တရားထူးရကြတယ်။ မဋ္ဌကုဏ္ဍလီနတ်သားနဲ့ ဖခင်ပုဏ္ဏား က သောတာပန်ဖြစ်သွားတယ်။ ပုဏ္ဏားက ဒီလောက်များပြားတဲ့ စည်းစိမ်ကို ဗုဒ္ဓသာသနာမှာ စွန့်ကြဲပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၁၆)

www.dhammaransi.com

# ဓမ္မိကဥပါသကာ

သာဝတ္ထိမြို့မှာ ဓမ္မိကဥပါသကာ ၅၀၀ ရှိပါတယ်။ အဲဒီ ၅၀၀ ထဲက တစ်ယောက်တစ်ယောက်မှာ ဥပါသကာ ၅၀၀ စီ အခြံအရံ ရှိကြပါတယ်။ အဲဒီခေါင်းဆောင် ၅၀၀ ထဲက အကြီးအကဲခေါင်းဆောင်မှာ သား ၇ ယောက်၊ သမီး ၇ ယောက် ရှိပါတယ်။ အဲဒီ ၁၄ ယောက် ထဲက တစ်ယောက်တစ်ယောက်မှာ တစ်ခုစီ တစ်ခုစီသော စာရေးတံနဲ့ လှူတဲ့ ယာဂု၊ ဆွမ်းအလှူ၊ လဆန်း၊ လဆုတ်မှာ လှူတဲ့ အလှူ၊ ပင့်ဖိတ်ပြီး လှူတဲ့အလှူ၊ ဥပုသ်နေ့မှာ လှူတဲ့အလှူ၊ ဧည့်သည် သံဃာတွေအား လှူတဲ့အလှူ၊ ဝါဆိုသင်္ကန်းအလှူတွေ ရှိကြပါတယ်။ အဲဒီသား သမီးအားလုံးကလည်း မိဘနဲ့ထပ်တူဖြစ်တဲ့ သားသမီးတွေ ဖြစ်ကြပါတယ်။ သား သမီး ၁၄ ယောက်၊ မယား၊ ဥပါသကာဆိုတဲ့ ၁၆ ဦးမှာ ၁၆ မျိုးသော စာရေးတံ ယာဂုအလှူစတာတွေ ရှိကြပါတယ်။ အဲဒီလိုနည်းနဲ့ ဓမ္မိကဥပါသကာခေါင်းဆောင်အကြီးအကဲဟာ သားသမီး ဇနီးနဲ့အတူတကွ သီလရှိကြပါတယ်။ ကိုယ်ကျင့်ကောင်းကြပါတယ်။ လှူဒါန်းဝေဖန်ပေးကမ်းရတာမှာ ပျော်ကြပါတယ်။

အကြီးအကဲ အဲဒီဓမ္မိကဥပါသကာမှာ နောင်အခါ ရောဂါဖြစ်လာပါတယ်။ အသက်ရှင်ဖို့ကံ ဆုတ်ယုတ်လာတယ်။ အဲဒီဓမ္မိကဥပါသကာဟာ တရားနာလိုလို့ 'တပည့်တော်ထံ ရဟန်း ၈ ပါး သို့မဟုတ် ၁၆ ပါးကို စေလွှတ်ပေးတော်မူပါ'လို့ ဘုရားရှင်ထံ လူလွှတ်လိုက်တယ်။ ဘုရားရှင်က စေလွှတ်ပေးတယ်။ အဲဒီရဟန်းတွေက သွားပြီး အဲဒီ ဥပါသကာရဲ့ညောင်စောင်းကို ဝိုင်းရံကာ ခင်းထားတဲ့နေရာတွေမှာ ထိုင်ကြတယ်။

www.dhammaransi.com



'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ကို ဖူးမြင်ရဖို့ တပည့်တော်မှာ ရခဲ့ပါလိမ့်မယ်။ တပည့်တော်မှာ အားနည်းနေပါတယ်။ တပည့်တော် အတွက် သုတ္တန်တစ်ခုကို ရွတ်ဖတ်ပေးတော်မူကြပါ'

'ဥပါသကာ၊ ဘယ်သုတ္တန်ကို နာကြားလိုပါသလဲ'

'ဘုရားရှင်အားလုံး မစွန့်အပ်တဲ့ သတိပဋ္ဌာန်သုတ်တော်ကို နာကြားလိုပါတယ် ဘုရား'

'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ' စသည်ဖြင့် သတိပဋ္ဌာန်သုတ္တန်ကို ရွတ်ဖတ်တော်မူကြပါတယ်။ အဲဒီ ခဏမှာ နတ်ပြည် ၆ ထပ်က ရထား ၆ စင်း လာကြပါတယ်။ အဲဒီ ရထားတွေမှာ တန်ဆာအားလုံးနဲ့ တန်ဆာဆင်ထားပါတယ်။ သိန္ဓော မြင်းတစ်ထောင် ကပ်ယှဉ်ထားပါတယ်။ ယူဇနာ ၁၅၀ ရှိပါတယ်။ အဲဒီနတ်ရထားတွေမှာ ရပ်တည်နေတဲ့ နတ်တွေက 'ငါတို့ရဲ့ နတ်ပြည်ကို ခေါ်ဆောင်ကြမယ်၊ ငါတို့ရဲ့နတ်ပြည်ကို ခေါ်ဆောင်ကြမယ်၊ အိုဓမ္မိက ဥပါသကာ၊ မြေခွက်ကို ခွဲပြီး ရွှေခွက်ကို ယူသူလို ငါတို့ရဲ့နတ်ပြည်မှာ ပျော်ဖို့ ဒီရထားမှာ ဖြစ်ပါ၊ ငါတို့ရဲ့နတ်ပြည်မှာပျော်ဖို့ ဒီရထားမှာ ဖြစ်ပါ'လို့ ပြောကြတယ်။ ဥပါသကာက တရားနာရာမှာ အနှောင့် အယှက်ပေးတာကို မလိုလားလို့ 'ဆိုင်းငံ့ကြပါဦး၊ ဆိုင်းငံ့ကြပါဦး'လို့ ပြောတယ်။ 'ငါတို့ကို တားမြစ်တယ်'လို့ ထင်ပြီး ဆိတ်ဆိတ်နေပါ တော့တယ်။

အဲဒီအခါ သူ့သားသမီးတွေက 'ငါတို့ရဲ့ဖခင်ဟာ ရှေးက တရား နာရတာ မတင်းတိမ်၊ အားမရခဲ့ပါ၊ အခုတော့ ရဟန်းတွေကို ပင့်ဖိတ် ပြီး ရွတ်ဖတ်စေကာ ကိုယ်တိုင်ပဲ တားမြစ်တယ်၊ သေရမှာမကြောက်တဲ့ သတ္တဝါဆိုတာ မရှိ'လို့ ငိုကြွေးမြည်တမ်းကြပါတယ်။ ရဟန်းတွေက 'အခု အခွင့်အခါ မဟုတ်'လို့ နားလည်ပြီး နေရာမှထကာ ဖဲသွားကြ ပါတယ်။ ဥပါသကာက အနည်းငယ်အချိန်လွန်သွားပြီး သတိရကာ သားသမီးတွေကို မေးတယ်။

www.dhammaransi.com



'သားတို့၊ သမီးတို့၊ ဘာကို ငိုကြွေးနေကြတာလဲ'

'ဖခင်၊ သင်ဟာ ရဟန်းတွေကို ပင့်ခိုင်းပြီး တရားကိုနာတဲ့အခါ ကိုယ်တိုင်ပဲ တားမြစ်ခဲ့တယ်။ အဲဒီအခါ ကျွန်တော် ကျွန်မတို့က သေရမှာ မကြောက်တဲ့သတ္တဝါဆိုတာ မရှိလို့တွေးကာ ငိုကြွေးကြပါတယ်။'

'အရှင်မြတ်တွေကတော့ ဘယ်မှာလဲ'

'ဖခင်၊ အခွင့်အခါမဟုတ်ဘူးလို့တွေးကာ နေရာမှထပြီး ဖဲသွားကြပါပြီ'

'ငါက အရှင်မြတ်တွေနဲ့ စကားပြောတာ မဟုတ်ပါ'

'ဒီလိုဆိုရင် ဘယ်သူနဲ့အတူ စကားပြောတာပါလဲ'

'နတ်ပြည် ၆ ထပ်က နတ်တွေက ရထား ၆ စင်းကို တန်ဆာဆင်ကာ ယူပြီး ကောင်းကင်မှာရပ်လျက် ငါတို့ရဲ့နတ်ပြည်မှာ ပျော်မွေ့ပါ၊ ငါတို့ရဲ့နတ်ပြည်မှာ ပျော်မွေ့ပါလို့ အသံပြုကြတယ်။ အဲဒီနတ်တွေနဲ့အတူ စကားပြောပါတယ်'

'ဖခင်၊ ရထားတွေက ဘယ်မှာလဲ၊ ကျွန်တော် ကျွန်မတို့ မမြင်ကြရပါ'

'ငါ့အတွက် ကုံးထားတဲ့ပန်းတွေ ရှိသလား'

'ရှိပါတယ် ဖခင်'

'ဘယ်နတ်ပြည်ဟာ မွေ့လျော်ဖွယ်ကောင်းသလဲ'

'ဖခင်၊ ဘုရားလောင်းအားလုံးရော ဗုဒ္ဓရဲ့မိဘတွေပါ နေရာဖြစ်တဲ့ တုသိတာနတ်ပြည်ပါ'

'ဒီလိုဆိုရင် တုသိတာနတ်ပြည်က လာတဲ့ရထားမှာ ချိတ်ပါစေလို့ ပန်းကုံးကို ပစ်တင်လိုက်ကြပါ'

သားသမီးတွေက ပစ်တင်လိုက်ကြတယ်။ အဲဒီပန်းကုံးဟာ ရထားဦးမှာချိတ်ပြီး ကောင်းကင်မှာ တွဲလျားကျနေတယ်။ လူအများက

www.dhammaransi.com



အဲဒီပန်းကုံးကိုပဲ မြင်တယ်။ ရထားကို မမြင်ရ၊ ဥပါသကာက 'အဲဒီ ပန်းကုံးကို ကြည့်ကြလော့'လို့ ပြောပြီး 'ဟုတ်ကဲ့၊ ကြည့်ကြပါတယ်'လို့ သား သမီးတွေက ပြောတဲ့အခါ 'အဲဒီပန်းကုံးဟာ တုသိတာနတ်ပြည်က လာတဲ့ရထားမှာ ချိတ်ဆွဲနေတယ်။ ငါဟာ တုသိတာနတ်ပြည်ကို သွားမယ်။ သင်တို့ မပူပန်ကြပါနဲ့၊ ငါ့ထံမှာ ဖြစ်ချင်ရင် ငါလုပ်တဲ့ နည်းနဲ့ပဲ ကောင်းမှုတွေကို ပြုလုပ်ကြပါ'လို့ ပြောပြီး သေကာ ရထား မှာ ရပ်တည်တယ်။ အဲဒီခဏမှာပဲ အဲဒီနတ်သားရဲ့ခန္ဓာကိုယ်ဟာ သုံးဂါဝုတ်ပမာဏရှိတယ်။ လှည်းအစီး ၆၀ တိုက် တန်ဆာနဲ့ တန်ဆာ ဆင်ထားတယ်။ နတ်သမီးတစ်ထောင် ခြံရံတယ်။ ၂၅ ယူဇနာရှိတဲ့ ရွှေဗိမာန် ထင်ရှားပေါ်လာတယ်။

အဲဒီရဟန်းတွေ ကျောင်းရောက်တဲ့အခါ ဘုရားရှင်က မေးတယ်။

'ရဟန်းတို့၊ ဥပါသကာက တရားကို ကြားနာရဲ့လား'

'မှန်ပါဘုရား၊ အကြားကာလမှာပဲ 'ဆိုင်းငံ့ကြပါဦး'လို့ တား မြစ်ပါတယ်။ အဲဒီအခါ သူ့သားသမီးတွေက ငိုကြွေးကြပါတယ်။ အခုဟာ ငါတို့အခွင့်အခါမဟုတ်ဘူးလို့ နားလည်ပြီး နေရာမှထကာ ထွက်လာခဲ့ကြပါတယ်'

'ရဟန်းတို့၊ အဲဒီဥပါသကာက သင်တို့နဲ့အတူ စကားပြောတာ မဟုတ်၊ နတ်ပြည် ၆ ထပ်က နတ်တွေက ရထား ၆ စင်းကို တန်ဆာ ဆင်ကာ သယ်ဆောင်ပြီး အဲဒီဥပါသကာကို ခေါ်ကြတယ်။ အဲဒီ ဥပါသကာက တရားနာရာ အန္တရာယ်မလိုလို့ အဲဒီနတ်တွေနဲ့အတူ စကားပြောတာ ဖြစ်တယ်'

'မြတ်စွာဘုရား၊ အဲဒီအတိုင်းပါပဲလား ဘုရား'

'ရဟန်းတို့၊ အဲဒီအတိုင်းပဲ'

'အခု ဘယ်မှာဖြစ်ပါသလဲ ဘုရား'

'ရဟန်းတို့၊ တုသိတာနတ်ပြည်မှာ'

www.dhammaransi.com



'မြတ်စွာဘုရား၊ အခု ဒီလူ့ဘဝမှာ ဆွေမျိုးတွေရဲ့အလယ်မှာ ဝမ်းမြောက်ဝမ်းသာ လှည့်လည်ပြီး အခုပဲသွားကာ နောက်ထပ် ဝမ်းသာစရာ နေရာမှာပဲ ဖြစ်ပါတယ်'

'ရဟန်းတို့၊ ဟုတ်တယ်၊ မမေ့မလျော့တဲ့ လူဝတ်ကြောင်တွေပဲဖြစ်ဖြစ်၊ ရှင်ရဟန်းတွေပဲဖြစ်ဖြစ် နေရာတကာမှာ ဝမ်းသာကြရတာချည်းပဲ'

ဘုရားရှင်က အဲဒီလိုမိန့်ပြီး အောက်ပါစကားတွေကို မိန့်တော်မူပါတယ်။

'ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ပြီးသူဟာ 'ငါဟာ မကောင်းတာကို မလုပ်၊ ကောင်းတာကိုလုပ်ပြီးပြီ'လို့ ကံကိုဝမ်းသာကာ ဒီဘဝမှာ ဝမ်းသာရတယ်။ တမလွန်ဘဝမှာ အကျိုးကိုခံစားကာ ဝမ်းသာရတယ်။ အဲဒီနည်းနဲ့ ဒီဘဝ နောက်ဘဝ နှစ်ဘဝလုံးမှာ ဝမ်းသာရတယ်။ ဓမ္မိက ဥပါသကာဟာလည်း သူ့ကောင်းမှုကံ ပြည့်စုံတာကို ကြည့်ပြီး မသေခင် ဒီဘဝမှာလည်း ဝမ်းသာရတယ်။ သေပြီး နောက်ဘဝမှာလည်း အလွန်အကဲ ဝမ်းသာရတယ်။'

(ဓမ္မပဒ၊ ဌ၊ ပ၊ ၈၃)

www.dhammaransi.com

# မိဋ္ဌာလပါဒကသူဌေး

တစ်ချိန်မှာ သာဝတ္ထိမြို့သူမြို့သားတွေဟာ အုပ်စုဖွဲ့ပြီး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူကြတယ်။ တစ်နေ့မှာ ဘုရားရှင်က အနုမောဒနာပြုတဲ့အခါ အောက်ပါအတိုင်း ဟောတော်မူတယ်။

'ဥပါသကာတို့၊ ဒီလောကမှာ တချို့က ကိုယ်တိုင်ပဲ လှူတယ်၊ သူတစ်ပါးကို လှူဖို့ မတိုက်တွန်း၊ အဲဒီသူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ စည်းစိမ်နဲ့ ပြည့်စုံတယ်၊ အခြံအရံနဲ့ မပြည့်စုံ။

တချို့က ကိုယ်တိုင်မလှူ၊ သူတစ်ပါးကို လှူဖို့တိုက်တွန်းတယ်၊ အဲဒီသူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ အခြံအရံနဲ့ ပြည့်စုံတယ်၊ စည်းစိမ်နဲ့ မပြည့်စုံ။

တချို့က ကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးကိုလည်း လှူဖို့ မတိုက်တွန်း၊ အဲဒီသူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ စည်းစိမ်နဲ့ရော အခြံအရံနဲ့ပါ မပြည့်စုံ၊ စားကြွင်းစားဖြစ်ပြီး လှည့်လည်ရတယ်။

တချို့က ကိုယ်တိုင်လည်း လှူတယ်၊ သူတစ်ပါးကိုလည်း လှူဖို့တိုက်တွန်းတယ်။ အဲဒီသူဟာ ဖြစ်ရာဖြစ်ရာအရပ်မှာ စည်းစိမ်ရော၊ အခြံအရံပါ ပြည့်စုံတယ်။'

အဲဒီအခါ ပညာရှိယောကျာ်းတစ်ယောက်က အဲဒီတရားဒေသနာကို ကြားနာရပြီး 'ဒီအကြောင်းဟာ အံ့ဩဖွယ်ကောင်းလေစွ၊ ငါဟာ အခု စည်းစိမ် ၂မျိုးကို ဖြစ်စေတဲ့ကံကို လုပ်မယ်'လို့ ကြံကာ ဘုရားရှင်ကို ထသွားတဲ့အခါ လျှောက်တယ်။

'မြတ်စွာဘုရား၊ နက်ဖြန်မှာ တပည့်တော်တို့ရဲ့ဆွမ်းကို ခံယူတော်မူကြပါ'

www.dhammaransi.com



'သင်က ဘယ်လောက်သော ရဟန်းတွေကို အလိုရှိသလဲ'

'ရဟန်းအားလုံးပါ ဘုရား'

ဘုရားရှင်က လက်ခံပါတယ်။ အဲဒီယောကျ်ားကလည်း ရွာထဲဝင်ပြီး 'မိခင် ဖခင်တို့၊ ကျွန်တော်ဟာ နက်ဖြန်ဖြစ်မယ့် ကောင်းမှုအတွက် ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပင့်ဖိတ်ထားပါတယ်။ တတ်နိုင်သလောက် ရဟန်းတွေရဲ့ ယာဂုစသည်အတွက် ဆန်စသည်တွေကို လှူကြပါ။ တစ်နေရာမှာ ချက်ခိုင်းပြီး အလှူလှူကြပါမယ်'လို့ ကြွေးကြော်ကာ လှည့်လည်တယ်။ သူဌေးတစ်ယောက်က အဲဒီယောကျ်ား သူရဲ့ဈေးတံခါးရောက်လာတာကို မြင်ရပြီး 'ဒီယောကျ်ားက သူတတ်နိုင်သလောက် ရဟန်းတွေကို မပင့်ဘဲ တစ်ရွာလုံးကို တိုက်တွန်းကာ လှည့်လည်နေတယ်'လို့ စိတ်ဆိုးပြီး 'သင်ယူလာတဲ့ခွက်ကို ယူခဲ့ပါ'လို့ ပြောကာ လက် ၃ ချောင်းနဲ့ ယူပြီး ဆန်အနည်းငယ်ကို လှူတယ်။ အဲဒီလိုပဲ ပဲနောက်၊ ပဲကြီးတွေကိုလည်း လှူတယ်။ သူဟာ အဲဒီအချိန်ကစပြီး ဗိဠာလပါဒကသူဌေး မည်တယ်။ ထောပတ်၊ တင်လဲစသည်တွေကို လှူတော့လည်း ကြုတ်ကို အိုးထဲထည့်ကာ တစ်ဖက်မှာ ထောင့်ကိုပြုလုပ်ပြီး အပေါက်အပေါက်ယိုကျစေလျက် အနည်းငယ်၊ အနည်းငယ်ပဲ လှူတယ်။

ဥပါသကာက အခြားသူတွေ လှူထားတာတွေကို တစ်ပေါင်းတည်း ပြုလုပ်ပြီး ဒီဥပါသကာလှူတာကို သီးသန့်ပဲ ယူပါတယ်။ အဲဒီသူဌေးက အဲဒီဥပါသကာရဲ့လုပ်ပုံကိုကြည့်ပြီး 'ဒီလူက ငါလှူတာကို ဘာကြောင့် သီးခြားယူတာလဲ'လို့ တွေးပြီး အဲဒီလူရဲ့နောက်က နောက်က အလုပ်အကျွေးငယ်တစ်ယောက်ကို 'သွားပါ၊ အဲဒီလူ လုပ်တာကို သိအောင်လုပ်ပါ'လို့ ပြောကာ စေလွှတ်လိုက်တယ်။ အဲဒီဥပါသကာက သွားပြီး 'သူဌေးမှာ အကျိုးများပါစေ'လို့ကြံပြီး ယာဂု၊ ထမင်း၊ မုန့်တွေအတွက် ဆန်တစ်စေ့ နှစ်စေ့ကိုထည့်ပြီး ပဲနောက်၊

www.dhammaransi.com



ပဲကြီးတွေကိုရော၊ ဆီ၊ တင်လဲစသည်တွေရဲ့အပေါက်တွေကိုပါ ခွက်အားလုံးမှာ ထည့်တယ်။ အလုပ်အကျွေးငယ်က သွားပြီး သူဌေးအား ပြောတယ်။ အဲဒီစကားကိုကြားရပြီး သူဌေးက ကြံတယ်။

'ဒီလူဟာ ငါ့ရဲ့အပြစ်ကို ပရိသတ်အလယ်မှာ ပြောရင် ငါ့နာမည်ကို ပြောလိုက်တယ်ဆိုရင်ပဲ သူ့ကိုပုတ်ခတ်ပြီး သတ်မယ်'

အဝတ်ကြားထဲမှာ ဓားမြှောင်ကိုဖွဲ့ပြီး နောက်တစ်နေ့မှာ သွားကာ ဆွမ်းစားကျောင်းမှာ ရပ်တည်တယ်။ အဲဒီယောကျ်ားက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ်ကျွေးပြီး ဘုရားရှင်ကို လျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်က လူအများကို တိုက်တွန်းပြီး ဒီအလှူကို လှူပါတယ်။ အဲဒီအလှူမှာ တိုက်တွန်းခံရသူတွေက သူတို့ရဲ့ အင်အားအလျောက် ဆန်စသည်တွေကို အများကြီးရော၊ အနည်းငယ်ပါ လှူကြပါတယ်။ အဲဒီအလှူရှင်အားလုံးမှာ အကျိုးများပါစေ'

အဲဒီစကားကို ကြားရပြီး အဲဒီသူဌေးက ကြံတယ်။

'ငါဟာ ဘယ်သူက လက်ချောင်းနဲ့ ယူပြီး ဆန်စသည်တွေကို လှူပါတယ်လို့ ငါ့နာမည်ကို ပြောလိုက်တယ်ဆိုရင်ပဲ သူ့ကိုသတ်မယ်လို့ ရည်ရွယ်ကာ လာခဲ့တယ်။ ဒီယောကျ်ားကတော့ အားလုံးကို သိမ်းကြုံးပြီး 'ပြည်တောင်းစသည်တွေနဲ့ ချင်ပြီး လှူသူတွေနဲ့ လက်ချောင်းနဲ့ယူပြီး လှူသူတွေ၊ အဲဒီအလှူရှင်အားလုံးမှာ အကျိုးများပါစေ' လို့ လျှောက်တယ်။ ငါဟာ ဒီလိုပုဂ္ဂိုလ်ကို မတောင်းပန်ရင် ငါ့ဦးထိပ်ပေါ် မိုးကြိုးကျလိမ့်မယ်။'

သူဌေးက အဲဒီဥပါသကာရဲ့ခြေရင်းမှာ လဲလျောင်းကာ ပြောတယ်။

'အို အရှင်၊ ကျွန်ုပ်အား သည်းခံပါ'

'ဒါက ဘာပါလဲ'

www.dhammaransi.com



အဲဒီဥပါသကာက အဲဒီလိုမေးတဲ့အခါ သူဌေးက အဲဒီဖြစ်ပုံအားလုံးကို ပြောပြတယ်။ အဲဒီအမှုအရာကို ကြည့်ပြီး ဘုရားရှင်က 'ဒါက ဘာလဲ'လို့ အလှူမှာ ကြောင့်ကြစိုက်သူကို မေးတယ်။ အဲဒီဥပါသကာက လွန်ခဲ့တဲ့နေ့ကစပြီး ဖြစ်ပုံအားလုံးကို လျှောက်ပြတယ်။ အဲဒီအခါ ဘုရားရှင်က သူဌေးကိုမေးတယ်။

'သူဌေး၊ အဲဒီလိုတဲ့လား'

'မှန်ပါ ဘုရား'

'ဥပါသကာ၊ ကောင်းမှုဆိုတာ အနည်းငယ်လေးပဲလို့ အထင်မသေးထိုက်၊ ငါ့လို ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူလှူပြီး 'အနည်းငယ်ပဲ'လို့ အထင်မသေးထိုက်။ မှန်တယ်၊ ပညာရှိတဲ့လူတွေဟာ ကောင်းမှုပြုလုပ်ကြတဲ့အခါ ဖွင့်ထားတဲ့ခွက်ဟာ ရေနဲ့အစဉ်အတိုင်း ပြည့်လာသလို အစဉ်အတိုင်း ကောင်းမှုနဲ့ပြည့်လာကြတာချည်းပဲ'

'ပညာရှိဟာ ကောင်းမှုပြုလုပ်ပြီး 'ငါဟာ ကောင်းမှုအနည်းငယ်ကို ပြုလုပ်ပြီးပြီ။ ကောင်းမှုအနည်းငယ်ဟာ အကျိုးပေးမှာမဟုတ်လို့ ကောင်းမှုကို အထင်မသေးရ။ ရေပေါက်ဟာ မပြတ်ကျလာရင် ဖွင့်ထားတဲ့ အိုးခွက်ဟာ ပြည့်လာသလိုပဲ ပညာရှိဟာ အနည်းငယ်၊ အနည်းငယ်သော ကောင်းမှုကို ဆည်းပူးရင် ကောင်းမှုနဲ့ ပြည့်လာတယ်။'

အဲဒီတရားဒေသနာအဆုံးမှာ အဲဒီသူဌေးဟာ သောတာပန်ဖြစ်သွားတယ်။ ရောက်လာတဲ့ပရိသတ်မှာလည်း တရားဒေသနာဟာ အကျိုးရှိတယ်။

(ဓမ္မပဒ၊ ၅၊ ၃၊ ၁၂)

www.dhammaransi.com

# မစ္ဆရိယကောသိယသူဌေး

ရာဇဂြိုဟ်မြို့ရဲ့အနီးမှာ သက္ကာရဆိုတဲ့ နိဂုံးရှိတယ်။ အဲဒီနိဂုံးမှာ ကုဋေ ၈၀ ကြွယ်ဝတဲ့ မစ္ဆရိယကောသိယ အမည်ရှိ သူဌေးတစ်ယောက် နေတယ်။ သူက မြက်ဖျားနဲ့ ဆီပေါက်ကိုတောင် သူတစ်ပါးတွေအား မပေး။ ကိုယ်တိုင် မသုံးဆောင်။ အဲဒီနည်းနဲ့ သူ့ရဲ့စည်းစိမ်ဥစ္စာဟာ သား သမီး၊ ဇနီးစသည်တွေနဲ့ သူတော်ကောင်းသမဏ၊ ဗြာဟ္မဏတွေရဲ့ ကိစ္စကို မပြီးစေပါ။ ရက္ခိုဿသိမ်းပိုက်ထားတဲ့ ရေကန်လို အသုံးမဝင်ဘဲ တည်ရှိတယ်။ ဘုရားရှင်က တစ်နေ့မှာ နံနက်မိုးသောက်အခါ မဟာကရုဏာသမာပတ်မှ ထပြီး လောကဓာတ်တစ်ခုလုံးက ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော်မူတဲ့အခါ ၄၅ ယူဇနာအထက်မှာနေတဲ့ သူဌေးဇနီးမောင်နှံရဲ့ သောတာပန်ဖြစ်နိုင်တဲ့ ပါရမီကို မြင်တော်မူတယ်။ အဲဒီနေ့ရဲ့ အရင်နေ့က အဲဒီသူဌေးက မင်းထံ ဆည်းကပ်ဖို့ မင်းနန်းတော်ကို သွားပြီး မင်းထံဆည်းကပ်ကာ လာတဲ့အခါ ထမင်းဆာလောင်နေတဲ့ ဇနပုဒ်ကလူတစ်ယောက် မုယောအပြည့်ပါတဲ့ အိုးကင်းမုန့် စားနေတာကို မြင်ရလို့ စားချင်စိတ်ပေါက်ကာ သူ့အိမ်ကို သွားပြီး ကြံတယ်။

'ငါက အိုးကင်းမုန့်ကို စားလိုတယ်လို့ ပြောလိုက်ရင် လူများစွာဟာ ငါနဲ့အတူတူ စားလိုကြလိမ့်မယ်။ အဲဒီလိုဆိုရင် ငါ့ရဲ့များစွာသော နှမ်း၊ ဆန်၊ ထောပတ်၊ တင်လဲစတာတွေဟာ ကုန်သွားကြလိမ့်မယ်။ ဘယ်သူ့မှ မပြောအံ့။'

အဲဒီလို တွေးကာ စားလိုတဲ့တဏှာကို အောင့်အီးပြီးနေတယ်။ အချိန်ကြာလာတဲ့အခါ သူဌေးဟာ ဖက်ရွက်ရော်လို ဖြစ်လာတယ်။

www.dhammaransi.com



အကြောတွေ အပြိုင်းပြိုင်းထနေတယ်။ အဲဒီကနောက် စားလိုတဲ့တဏှာကို မအောင့်အီးနိုင်တော့လို့ တိုက်ခန်းထဲဝင်ကာ ခုတင်ပေါ် ပုန်းကွယ်ပြီး လဲလျောင်းနေတယ်။ အဲဒီလိုဖြစ်နေပေမယ့် ဥစ္စာကုန်မှာစိုးလို့ ဘယ်သူ့ကို ဘာမျှမပြော။ အဲဒီအခါ သူဌေးကတော်က သူဌေးထံ ချဉ်းကပ်ပြီး ကျောကိုပွတ်ပေးကာ မေးတယ်။

'အို အရှင်၊ သင့်မှာ မကျန်းမမာ ဖြစ်နေပါသလား'

'ငါ့မှာ မကျန်းမာတာ တစ်ခုမှမရှိပါ'

'သင့်ကို မင်းက စိတ်ဆိုးနေသလား'

'မင်းကလည်း ငါ့ကိုစိတ်မဆိုးပါ'

'ဒီလိုဆိုရင် သင့်ရဲ့သား သမီးတွေ၊ ကျွန်၊ အလုပ်သမားစသူတွေက သင်မကြိုက်တာတစ်ခုခုကို လုပ်တာ ရှိပါသလား'

'အဲဒါမျိုးလည်း မရှိပါ'

'သင့်မှာ တစ်စုံတစ်ရာအပေါ် တဏှာရှိနေပါသလား'

အဲဒီလိုမေးပေမယ့်လည်း ဥစ္စာကုန်မှာစိုးလို့ ဘာကိုမှ မပြောဘဲ အသံတိတ်ပဲ လဲလျောင်းနေပါတယ်။ အဲဒီအခါ သူဌေးကို မယားက မေးပါတယ်။

'အို အရှင်၊ ပြောပါ သင့်မှာ တစ်စုံတစ်ရာအပေါ် တဏှာရှိနေပါသလား'

သူဌေးက စကားကို မျိုချသလို လုပ်ကာ ပြောပါတယ်။

'ငါ့မှာ တဏှာရှိပါတယ်'

'အို အရှင်၊ ဘယ်လိုတဏှာပါလဲ'

'အိုးကင်းမုန့်ကို ငါစားချင်တယ်'

'ဒီလိုဆိုရင် ဘာလို့ ကျွန်မကို မပြောတာလဲ။ သင်က ဆင်းရဲသားလား၊ အခုအခါ နိဂုံးနေသူအားလုံးအတွက် လောက်အောင် အိုးကင်းမုန့်တွေကို ကြော်ပါမယ်'

www.dhammaransi.com



'အဲဒီလူတွေနဲ့ သင့်မှာ ဘာလုပ်မှာလဲ၊ သူတို့ရဲ့အလုပ်ကို လုပ်ပြီး စားကြပါလိမ့်မယ်'

'ဒီလိုဆိုရင် တစ်လမ်းနေသူတွေအား လောက်အောင်ကျွေးပါမယ်'

'သင့်မှာ ဥစ္စာပေါများတာကို ငါသိပါတယ်'

'ဒီအိမ်အနီးက လူအားလုံးအား လောက်အောင်ကျွေးမယ်'

'သင် လောဘကြီးတာကို ငါသိပါတယ်'

'ဒီလိုဆိုရင် သင့်ရဲ့သား သမီး၊ ဇနီးအားပဲ လောက်အောင် ကျွေးပါမယ်'

'အဲဒီလူတွေနဲ့ ဘာလုပ်မှာလဲ'

'သင်နဲ့ငါ့အား လောက်အောင်ကျွေးမယ်'

'သင်က ဘာလုပ်မှာလဲ'

'ဒီလိုဆိုရင် သင်တစ်ယောက်အားပဲ လောက်အောင်ကျွေးပါ မယ်'

'ဒီနေရာမှာ ကျွေးရင် လူအများက တောင့်တကြမယ်။ ဆန် အားလုံးကိုထားပြီး ဆန်ကျိုးတွေနဲ့ ဖိုခနောက်၊ ခွက်တွေကို ယူကာ နို့ရည်၊ ထောပတ်၊ ပျားရည်၊ တင်လဲအနည်းငယ်ကိုလည်း ယူပြီး ဘုံ ၇ ဆင့်ရှိ ပြာသာဒ်ရဲ့ အထက်ထပ်ကိုတက်ကာ ကျွေးပါ။ အဲဒီမှာ ငါတစ်ယောက်တည်းပဲ ထိုင်ကာစားပါမယ်'

သူဌေးကတော်က ကောင်းပါပြီလို့ ဝန်ခံပြီး ယူထိုက်တာတွေကို အယူခိုင်းကာ ပြာသာဒ်ပေါ်တက်တယ်။ ကျွန်မတွေကို လွှတ်ပြီး သူဌေး ကို အခေါ်ခိုင်းတယ်။ သူဌေးဟာ အစကစပြီး တံခါးတွေကို ပိတ် တယ်။ တံခါးအားလုံးမှာ ကလန့်ချကာ ၇ ထပ်မြောက်ကိုတက်တယ်။ အဲဒီမှာလည်း တံခါးကိုပိတ်ကာ ထိုင်တယ်။ သူ့မယားကလည်း ဖို ခနောက်မှာ မီးမွှေးပြီး အိုးကင်းကိုတင်ကာ မုန့်တွေကို ကြော်ဖို့

www.dhammaransi.com



အားထုတ်တယ်။ အဲဒီအခါ ဘုရားရှင်က နံနက်စောစောပဲ အရှင်မဟာမောဂ္ဂလ္လာန်ကို အမိန့်ရှိတယ်။

'မောဂ္ဂလ္လာန်၊ ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံးက အဲဒီ မစ္ဆရိယသူဌေးဟာ အိုးကင်းမုန့်တွေကို စားမယ်လို့ကြံကာ အခြားသူတွေမြင်မှာစိုးလို့ ဘုံ ၇ ဆင့် ပြာသာဒ်ပေါ် အိုးကင်းမုန့်တွေကို အကြော်ခိုင်းတယ်။ သင်ဟာ အဲဒီကိုသွားပြီး သူဌေးကို ဆုံးမကာ ယဉ်ကျေးအောင်လုပ်ပြီး ဇနီးမောင်နှံနှစ်ယောက်လုံးကို မုန့်၊ နို့ရည်၊ ထောပတ်၊ ပျားရည်၊ တင်လဲစသည်တွေကို အယူခိုင်းပြီး သင့်အစွမ်းနဲ့ ဇေတဝန်ကို ခေါ်ဆောင်ခဲ့ပါ။ ဒီနေ့ ငါဘုရားဟာ ရဟန်း ၅၀၀ နဲ့အတူ ကျောင်းမှာပဲ ထိုင်မယ်။ မုန့်တွေနဲ့ပဲ ဆွမ်းကိစ္စကို ပြုလုပ်မယ်။'

မထေရ်က 'ကောင်းပါပြီ ဘုရား'လို့ ဘုရားရှင်ရဲ့စကားကို လက်ခံပြီး အဲဒီခဏမှာပဲ တန်ခိုးအစွမ်းနဲ့ အဲဒီနိဂုံးကိုကြွတယ်။ အဲဒီပြာသာဒ်ရဲ့ ခြသေ့်လေသာပြတင်းတံခါးမှာ ကောင်းကောင်းဝတ်ရုံကာ ကောင်းကင်မှာပဲ ပတ္တမြားရုပ်လို ရပ်တည်တယ်။ သူဌေးကြီးရဲ့ နှလုံးသားဟာ မထေရ်ကို မြင်လျှင်မြင်ချင်းပဲ တုန်လှုပ်သွားတယ်။ သူဌေးကြီးက 'ငါဟာ ဒီလိုပုဂ္ဂိုလ်တွေ မြင်မှာစိုးရိမ်လို့ပဲ ဒီနေရာကို လာတယ်။ ဒီရဟန်းကတော့ ကောင်းကင်ကလာပြီး လေသာပြတင်းတံခါးမှာ ရပ်တည်နေတယ်'လို့ တွေးပြီး ယူထိုက်တာကို ယူဖို့ မတွေ့ရတာမို့ မီးထဲမှာထည့်တဲ့ ဆားအခဲလို ဒေါသထွက်ကာ တပျစ်တောက်တောက်နဲ့ ဒီလိုပြောတယ်။

'ရဟန်း၊ ကောင်းကင်မှာ ရပ်တည်ပေမယ့်လည်း ဘာကို သင်ရမှာလဲ။ ခြေရာမထင်ရာ ကောင်းကင်မှာ ခြေရာကိုပြပြီး စင်္ကြံလျှောက်ပေမယ့်လည်း မရလတ္တံ့'

မထေရ်က အဲဒီနေရာမှာပဲ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်တယ်။ သူဌေးက ပြောတယ်။

www.dhammaransi.com



'သင်ဟာ စကြံလျှောက်လို့ ဘာကိုရမှာလဲ။ ကောင်းကင်မှာ တင်ပျဉ်ခွေထိုင်နေပေမယ့်လည်း မရလတ္တံ့သည်သာ'

မထေရ်က တင်ပျဉ်ခွေကာ ထိုင်တယ်။ အဲဒီအခါ မထေရ်ကို ပြောတယ်။

'သင်ဟာ ကောင်းကင်မှာထိုင်လည်း ဘာကိုရမှာလဲ။ လာပြီး လေသာပြတင်းရဲ့ တံခါးခုံမှာ ရပ်တည်ပေမယ့်လည်း မရလတ္တံ့'

မထေရ်က တံခါးခုံမှာ ရပ်တည်တယ်။

'သင်ဟာ တံခါးခုံမှာ ရပ်တည်လည်း ဘာကိုရမှာလဲ။ အခိုး လွှတ်ရင်တောင် မရလတ္တံ့သည်သာ'

မထေရ်ကလည်း အခိုးလွှတ်တယ်။ ပြာသာဒ်တစ်ခုလုံး မီးခိုးဖုံးသွားတယ်။ သူဌေးရဲ့မျက်စိတွေမှာ အပ်နဲ့အထိုးခံရတဲ့အခါလို ဖြစ်နေတယ်။ အိမ်မီးလောင်သွားမှာကြောက်လို့တော့ 'သင်ဟာ မီးတောက်အောင် လုပ်ပေမယ့် မရလတ္တံ့'လို့ မပြောဘဲ 'ဒီရဟန်းဟာ အလွန်ငြိကပ်တယ်၊ မရဘဲ သွားမှာမဟုတ်၊ မုန့်တစ်ခုကို သူ့အားအပေးခိုင်းမယ်' လို့ ကြံကာ မယားကို ပြောတယ်။

'ရှင်မ၊ မုန့်ငယ်တစ်ခုကို ကြော်ပြီး ရဟန်းအားပေးကာ ရဟန်းကို ပြန်လွှတ်လိုက်ပါ'

မယားက မုန့်ညက်အနည်းငယ်ကိုပဲ အိုးကင်းထဲထည့်တယ်။ မုန့်ကြီးဖြစ်ကာ တစ်ခွက်လုံးကို ပြည့်စေပြီး ဖူးဖူးရောင်ကာ တည်ရှိတယ်။ သူဌေးက အဲဒါကိုမြင်ပြီး 'သင်က မုန့်ညက်ကို အများကြီး ယူတာဖြစ်လိမ့်မယ်'လို့ ပြောကာ ကိုယ်တိုင်ပဲ ယောက်မအဖျားနဲ့ မုန့်ညက်အနည်းငယ်ကိုယူကာ ထည့်တယ်။ မုန့်က အရင်မုန့်ထက် ပိုကြီးလာတယ်။ အဲဒီလိုကြော်လိုက်တိုင်းသောမုန့်ဟာ ကြီးကြီးပဲ လာတယ်။ သူဌေးက ငြီးငွေ့စိတ်ပျက်ကာ မယားကိုပြောတယ်။

'ရှင်မ၊ ဒီရဟန်းအား မုန့်တစ်ခုကို ပေးလိုက်ပါ'

www.dhammaransi.com



မယားက တောင်းထဲက မုန့်တစ်ခုကို ယူတဲ့အခါ မုန့်အားလုံးဟာ တစ်စပ်တည်းငြိကပ်နေကြတယ်။ မယားက သူဌေးကို ပြောတယ်။

'အို အရှင်၊ မုန့်အားလုံးဟာ တစ်ပေါင်းတည်း ကပ်ငြိနေကြတယ်။ ကွဲအောင် မလုပ်နိုင်ပါ'

'ငါ လုပ်မယ်'

သူဌေးလည်း မလုပ်နိုင်ပါ။ လင်မယားနှစ်ယောက်လုံး အစွန်မှာကိုင်ကာ ဆွဲငင်ကြပေမယ့်လည်း ကွဲအောင်မတတ်နိုင်ကြသည်သာ။ အဲဒီအခါ မုန့်တွေနဲ့အတူ အားထုတ်နေတဲ့ သူဌေးရဲ့ခန္ဓာကိုယ်မှ ချွေးတွေ ထွက်ကြတယ်။ ဆာလောင်မှု ပျောက်ပျက်သွားတယ်။ အဲဒီကနောက် မယားကို ပြောတယ်။

'ရှင်မ၊ ငါ မုန့်တွေကို အလိုမရှိတော့ပါ၊ တောင်းနဲ့အတူပဲ ဒီရဟန်းအား လှူလိုက်ပါ'

မယားက တောင်းကိုယူပြီး မထေရ်ကိုချဉ်းကပ်ကာ လှူတယ်။ မထေရ်က နှစ်ယောက်လုံးအား တရားဟောတယ်။ ရတနာသုံးပါးရဲ့ ဂုဏ်ကို ပြောပြတယ်။ 'အလှူကြီး၊ အလှူလေးတွေရဲ့အကျိုးဟာ ရှိတယ်' လို့ အလှူစသည်တွေရဲ့အကျိုးကို ကောင်းကင်အပြင်က လကို ပြသလို ပြတယ်။ အဲဒီတရားစကားကို ကြားနာရပြီး ကြည်ညိုကာ သူဌေးက လျှောက်တယ်။

'အရှင်ဘုရား၊ လာပြီး ဒီပလ္လင်မှာ ထိုင်ကာ ဘုဉ်းပေးပါ'

'သူဌေးကြီး၊ ဘုရားရှင်က မုန့်တွေကို ဘုဉ်းပေးမယ်ဆိုပြီး ရဟန်း ၅၀၀ နဲ့အတူ ကျောင်းမှာထိုင်နေတယ်။ သင်တို့ အလိုရှိရင် ငါဟာ သင်တို့ကို ခေါ်ဆောင်သွားမယ်။ သူဌေးကတော်ကို မုန့်တွေနဲ့ နို့ရည်စသည်တွေကို အယူခိုင်းပါ၊ ငါတို့ ဘုရားရှင်ထံ သွားကြမယ်'

'အရှင်ဘုရား၊ ဘုရားရှင်က အခုဘယ်မှာပါလဲ'

'သူဌေးကြီး၊ ဒီအရပ်ကနေ ၄၅ ယူဇနာအထက်ရှိ ဇေတဝန်ကျောင်းမှာပါ'

www.dhammaransi.com



'အရှင်ဘုရား၊ အချိန်ကိုမလွန်ဘဲ ဒီလောက်ခရီးကို ဘယ်လို သွားကြပါမလဲ'

'သူဌေးကြီး၊ သင်တို့အလိုရှိရင် ငါဟာ သင်တို့ကို ငါ့ရဲ့တန်ခိုး အစွမ်းနဲ့ ခေါ်ဆောင်မယ်။ သင်တို့ရဲ့ပြာသာဒ်က စောင်းတန်းဦးဟာ သူ့နေရာမှာပဲ ဖြစ်လိမ့်မယ်။ သင်တို့ရဲ့စောင်းတန်းအဆုံးကတော့ ဇေတဝန်ကျောင်းမုခ်မှာ ရှိလိမ့်မယ်။ ပြာသာဒ်ပေါ်က ပြာသာဒ်အောက်ကို ဆင်းတဲ့အချိန်လောက်နဲ့ပဲ ဇေတဝန်ကို ခေါ်ဆောင်မယ်'

သူဌေးက 'ကောင်းပါပြီဘုရား'လို့ လက်ခံတယ်။ မထေရ်က စောင်းတန်းဦးကို အဲဒီနေရာမှာပဲ ပြုလုပ်ကာ 'စောင်းတန်းခြေရင်းဟာ ဇေတဝန်ကျောင်းတံခါးမုခ်မှာ ဖြစ်ပါစေ'လို့ အဓိဋ္ဌာန်တယ်။ အဲဒီ အတိုင်းပဲဖြစ်တယ်။ အဲဒီကို မထေရ်က သူဌေးကိုရော၊ သူဌေးကတော် ကိုပါ ပြာသာဒ်အောက်ကို သက်ဆင်းရာအချိန်ထက် ပိုပြီးလျင်မြန်စွာ ဇေတဝန်ကို ရောက်စေပါမယ်။ အဲဒီဇနီးမောင်နှံနှစ်ယောက်လုံးပဲ ဘုရား ရှင်ကို ချဉ်းကပ်ကာ အချိန်ကို လျှောက်ထားကြတယ်။ ဘုရားရှင်က ဆွမ်းစားကျောင်းကိုဝင်ပြီး ခင်းထားတဲ့ ဘုရားရှင်နေရာမြတ်မှာ ရဟန်း အပေါင်းနဲ့အတူ ထိုင်တယ်။ သူဌေးကြီးက ဘုရားအမှူးရှိတဲ့ ရဟန်း အပေါင်းအား အလှူရေစက်ကို လှူတယ်၊ သူ့မယားကလည်း ဘုရားရှင် ရဲ့သပိတ်မှာ မုန့်ကိုတည်စေပါတယ်။ ဘုရားရှင်က သူ့အတွက် လောက်င ရုံပဲ ခံယူတယ်။ ရဟန်း ၅၀၀ ကလည်း လောက်ငရုံပဲ ခံယူကြတယ်။ သူဌေးက နို့ရည်၊ ထောပတ်၊ ပျားရည်၊ သကြားစသည်တွေကို ပေးလှူ တဲ့အခါ မကုန်ခန်းပါ။ ဘုရားရှင်က ရဟန်း ၅၀၀ နဲ့အတူ ဆွမ်းကိစ္စကို ပြီးစေပါတယ်။

သူဌေးကြီးကလည်း မယားနဲ့အတူ အလိုရှိသလောက် ခဲစားပါ တယ်။ မုန့်တွေရဲ့အဆုံးပင် မထင်ရှား။ တစ်ကျောင်းလုံးက ရဟန်းတွေနဲ့ စားကြွင်းစားတွေအား လှူပေမယ်လည်း အဆုံးမထင်ရှားသည်သာ။

www.dhammaransi.com



'မြတ်စွာဘုရား၊ မုန့်တွေက မကုန်ပါ'လို့ ဘုရားရှင်အား လျှောက်ကြတယ်။ 'ဒီလိုဆိုရင် ဇေတဝန်ကျောင်းတံခါးမုခ်မှာ စွန့်ပစ်ကြ'လို့ မိန့်တော်မူတယ်။ အဲဒီအခါ အဲဒီမုန့်တွေကို တံခါးမုခ်ရဲ့အနီးက တောင်ဝှန်းနေရာမှာ စွန့်ပစ်ကြတယ်။ ဒီနေ့တိုင်အောင်ပဲ အဲဒီနေရာဟာ အိုးကင်းမုန့်တောင်ဝှန်းလို့ပဲ ထင်ရှားတယ်။ သူဌေးကြီးဟာ သူ့မယားနဲ့အတူ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ ဘုရားရှင်က ဝမ်းမြောက်ဖွယ်စကား မိန့်ကြားတယ်။ အဲဒီစကားရဲ့အဆုံးမှာ ဇနီးမောင်နှံနှစ်ယောက်လုံးပဲ သောတာပန်ဖြစ်သွားကြတယ်။ ဘုရားရှင်ကို ရှိခိုးပြီး တံခါးမုခ်က စောင်းတန်းကိုတက်ကာ သူတို့ရဲ့ပြာသာဒ်မှာပဲ တည်ရှိကြတယ်။ အဲဒီအချိန်ကစပြီး သူဌေးဟာ ကုဋေ ၈၀ သောဥစ္စာကို ဗုဒ္ဓသာသနာမှာပဲ စွန့်ကြဲလှူဒါန်းပါတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၂၃၂)

www.dhammaransi.com

# ဥပါလိသူကြွယ်

နာဠန္ဒာမြို့မှာ ဥပါလိသူကြွယ်ဟာ မူလက နိဂဏ္ဌနာဋပုတ္တတိတ္ထိ ဆရာကြီးရဲ့ တပည့်ဖြစ်လို့ သူ့ဆရာတွေရဲ့ လှည့်စားထားချက်အရ ဗုဒ္ဓအပေါ်မှာ အထင်သေးနေတဲ့ လူကုံထံတစ်ယောက်ဖြစ်တယ်။ အဲဒီ နာဋပုတ္တဆရာကြီးမှာ 'ဒီဃတပဿီ' မည်တဲ့ လက်ထောက်ဆရာတစ်ယောက်ရှိသေးတယ်။ နာဠန္ဒာမြို့မှာ အဲဒီဆရာ တပည့်တွေ နေကြရာ ဗုဒ္ဓလည်း အထည်ကုန်သည်တစ်ဦးရဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးနေခိုက်နဲ့ ကြုံကြိုက်နေတယ်။ အခါတစ်ပါးမှာ ဒီဃတပဿီက ဆွမ်းခံအပြန်မှာ ဗုဒ္ဓအထံ ဝင်လာပြီး ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကြတယ်။ နောက် စကားဆက်ပြောကြတယ်။

ဗုဒ္ဓ။ ။ ဒီဃတပဿီ၊ နိဂဏ္ဌနာဋပုတ္တဆရာက မကောင်းမှုဖြစ်ဖို့ရာ ကံအမျိုး ဘယ်လောက်ပညတ်ထားသလဲ။

ဒီဃတပဿီ။ ။ အရှင်ဂေါတမ၊ နိဂဏ္ဌနာဋပုတ္တဆရာကြီးမှာ 'ကံ၊ ကံ'လို့ ပညတ်ရိုးထုံးစံ မရှိပါ။ 'ဒဏ်၊ ဒဏ်'လို့သာ ပညတ်ရိုးထုံးစံ ရှိပါတယ်။

ဗုဒ္ဓ။ ။ (သူ့စကားအတိုင်းလိုက်ပြီး) ဒဏ်အမျိုး ဘယ်လောက် ပညတ်ထားသလဲ။

ဒီဃ။ ။ မကောင်းမှုဖြစ်ဖို့ရာ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်လို့ သုံးမျိုးပညတ်ထားပါတယ်။

ဗုဒ္ဓ။ ။ အဲဒီသုံးမျိုးဟာ တစ်မျိုးနဲ့တစ်မျိုး မတူဘူးမဟုတ်လား။

ဒီဃ။ ။ မတူပါဘူး။

www.dhammaransi.com



ဗုဒ္ဓ॥ ॥ အဲဒီသုံးမျိုးထဲမှာ ဘယ်ဒဏ်ကို အပြစ်အကြီးဆုံးလို့ ပညတ်သလဲ။

ဒီဃ॥ ॥ ကာယဒဏ်ကို အပြစ်အကြီးဆုံးလို့ ပညတ်ပါတယ်။

ဗုဒ္ဓ॥ ॥ ကာယဒဏ်ကို အပြစ်အကြီးဆုံးလို့ ဆိုပါသလား။

ဒီဃ॥ ॥ ကာယဒဏ်ကို အပြစ်အကြီးဆုံးလို့ ဆိုပါတယ်။ (သုံးကြိမ်တိုင်အောင် မေးတယ်၊ သုံးကြိမ်ပဲ ပြန်ပြောတယ်။)

ဒီဃ॥ ॥ အရှင်ဂေါတမ၊ အရှင်ကတော့ မကောင်းမှုဖြစ်ဖို့ရာ ဒဏ်ဘယ်နှစ်မျိုး ပညတ်ပါသလဲ။

ဗုဒ္ဓ॥ ॥ 'ဒဏ်၊ ဒဏ်'လို့ ပညတ်ရိုးမရှိဘူး၊ 'ကံ၊ ကံ'လို့ ပညတ်ရိုးသာ ရှိတယ်။

ဒီဃ॥ ॥ ကံဘယ်နှစ်မျိုး ပညတ်ပါသလဲ။

ဗုဒ္ဓ॥ ॥ ကာယကံ၊ ဝစီကံ၊ မနောကံ (ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု) လို့ ကံသုံးမျိုး ပညတ်ပါတယ်။

ဒီဃ॥ ॥ ဘယ်ကံကို အပြစ်အကြီးဆုံးလို့ ပညတ်ပါသလဲ။

ဗုဒ္ဓ॥ ॥ မနောကံကို အပြစ်အကြီးဆုံးလို့ ပညတ်ပါတယ်။

ဒီဃ॥ ॥ မနောကံကို အပြစ်အကြီးဆုံးလို့ ဆိုပါသလား။

ဗုဒ္ဓ॥ ॥ မနောကံကို အပြစ်အကြီးဆုံးလို့ ဆိုတယ်။ (သုံးကြိမ်မေး၍ သုံးကြိမ်ပြန်ပြောတယ်။)

အဲဒီလောက်ပဲပြောပြီး ဒီဃတပဿီလည်း ပြန်သွားပါတယ်။ ဒီဃတပဿီ ပြန်လာချိန်မှာ နိဂဏ္ဌဆရာကြီးလည်း ဥပါလိသူကြွယ် အမှူးရှိတဲ့ ပရိသတ်ကြီးအလယ်မှာ ထိုင်နေခိုက်ဖြစ်တယ်။ အဲဒီအခါ ဆရာကြီးက ဒီဃတပဿီကိုမေးလို့ ဒီဃတပဿီက ဖြေပါတယ်။

'နေ့လယ်ကြောင်တောင်အချိန်မှာ ဘယ်ကလာခဲ့သလဲ'

www.dhammaransi.com



'အရှင်ဂေါတမဆီက လာခဲ့ပါတယ်။ အရှင်ဂေါတမနဲ့ စကားပြောဆိုခဲ့ပါတယ်။ တပည့်တော်က ကာယဒဏ်က သာပြီးအပြစ်ကြီးတယ်လို့ ပြောပါတယ်။ အရှင်ဂေါတမကတော့ မနောဒဏ်က သာပြီးအပြစ်ကြီးတယ်လို့ ပြန်ပြီးပြောပါတယ်'

အဲဒီအခါ ဆရာကြီးက 'သာဓု၊ သာဓု၊ ဆရာကောင်းတပည့်ပီသစွာ ဖြေဆိုခဲ့ပါတယ်။ အင်မတန်ထင်ရှားတဲ့ ကာယဒဏ်နဲ့ နှိုင်းစာရင် မနောဒဏ်က ဘာပြောပလောက်တော့မှာလဲ။ မကောင်းမှုအကုသိုလ်ဖြစ်ဖို့အရေးမှာ ကာယဒဏ် အပြစ်ကြီးသလောက် ဝစီဒဏ်၊ မနောဒဏ်တွေက အပြစ်မကြီးနိုင်'လို့ (ဒီဃတပဿီရဲ့အဖြေကို ထပ်မံအတည်ပြုတဲ့အနေနဲ့) ပရိသတ်အား ပြောပြတယ်။

(သူတို့က 'သူ့အသက်သတ်မှု၊ ပါဏာတိပါတက စိတ်နဲ့ကြံစည်ရုံ၊ နှုတ်နဲ့ ပြောနေရုံမျှနဲ့ အပြစ်မကြီးသေး။ ကိုယ်နဲ့ ထိထိရောက်ရောက် သတ်မှ အပြစ်ကြီးတယ်'လို့ ဆိုလိုတယ်။ အဲဒီအချက်ကို ဗုဒ္ဓနဲ့ ဥပါလိအတွေ့မှာ ထင်ရှားစေပါလိမ့်မယ်။)

ဥပါလိသူကြွယ်လည်း ဒီဃတပဿီရဲ့ ပြောစကားကို အားရနှစ်သက်စွာ သာဓုခေါ်ပြီး 'ဗုဒ္ဓထံ အပြစ်တင်ဖို့ အခုပဲသွားမယ်။ ဒီဃတပဿီနဲ့ အတည်ပြုခဲ့တဲ့အတိုင်း မနောဒဏ်ကို သာပြီးကြီးတယ်လို့ အတည်ပြုပြန်ရင် သိုးကလေးကို အမွေးကိုင်ပြီး ဟိုလိုဆွဲ၊ သည်လိုဆွဲ၊ ဆွဲနေသလို အရှင်ဂေါတမကို မိမိဝါဒနဲ့ ဆွဲဆွဲပြီး မွှေလိုက်မယ်'လို့ ပြောဆိုကာ ခွင့်တောင်းပါတယ်။

(ခွန်အားရှိတဲ့ သေတင်းကုပ်အလုပ်သမားဟာ သေတင်းကုပ်ကြီးထဲမှာ ခင်းထားတဲ့ ဖျာကို ရေအိုင်အနက်ကြီးထဲချကာ အစွန်းမှာကိုင်ပြီး ရှေးရှုဆွဲငင်၊ ထက်ဝန်းကျင်မှဆွဲငင်၊ ထိုမှ ဤမှ မွှေရမ်းဆွဲငင်တယ်ဆိုတဲ့ဥပမာ။ ခွန်အားရှိတဲ့ သေသောက်ကြူးဟာ ခွက်ကို အစွန်းမှာကိုင်ကာ အောက်သို့နှိပ်ပြီး ပွတ်တိုက်၊ အထက်သို့မြှောက်ပြီး ပွတ်တိုက်၊

www.dhammaransi.com



ခါတွက်တယ်ဆိုတဲ့ ဥပမာ။ အသက် ၆၀ ရှိပြီး အားယုတ်တဲ့ဆင်ပြောင်ကြီးဟာ နက်တဲ့ လေးထောင့်ကန်ရေကန်ထဲ သက်ဆင်းပြီး သာဏခေါဓိက ကစားမျိုးကို ကစားတယ်ဆိုတဲ့ ဥပမာတွေနဲ့လည်း ဥပါလိက ပြောပါသေးတယ်။)

နာဋပုတ္တဆရာကြီးက 'သွားပါလေ၊ အပြစ်တင်ချေပါ'လို့ ခွင့်ပြုပေမယ့် ဒီဃတပဿီကတော့ စဉ်းစားပြီး 'ကျုပ်တော့ ဥပါလိသွားမှာကို သဘောမတူဘူး၊ ရဟန်းဂေါတမဟာ သူတစ်ပါးကို လှည့်ပတ်နိုင်တဲ့ မျက်လှည့်အတတ်ကို တတ်ထားတယ်။ အဲဒီအတတ်နဲ့ အခြားသူတွေရဲ့တပည့်တွေကို လှည့်ပတ်လေ့ရှိတယ်'လို့ ကန့်ကွက်တယ်။ နာဋပုတ္တဆရာကြီးကတော့ 'ဥပါလိသူကြွယ်ဟာ ရှင်ဂေါတမရဲ့တပည့်ဖြစ်ဖို့ အကြောင်းမရှိပါ။ ဖြစ်ချင်းဖြစ်ရင် ရှင်ဂေါတမကသာ ဥပါလိရဲ့တပည့် ဖြစ်စရာရှိပါတယ်။ သွားသာသွားပါ'လို့ ပြောတယ်။ အဲဒီအခါ ဥပါလိက ဆရာကြီးရဲ့စကားကို နားထောင်ပြီး ဆရာကြီးကို ဦးချကာ ဗုဒ္ဓသီတင်းသုံးရာ သရက်ဥယျာဉ်သို့သွားတယ်။

ဥပါလိ။ ။ (သင့်တင့်ရာနေရာမှာ ထိုင်ပြီး) ဒီအရပ်ကို ဒီဃတပဿီနိဂဏ္ဌ ရောက်လာပါရဲ့လား။

ဗုဒ္ဓ။ ။ ရောက်လာပါရဲ့။

ဥပါလိ။ ။ စကားစမြည်ပြောလိုက်ပါရဲ့လား။

ဗုဒ္ဓ။ ။ ပြောလိုက်ပါရဲ့။

ဥပါလိ။ ။ ဘာများပြောကြပါသလဲ။

ဗုဒ္ဓ။ ။ (ဒီဃတပဿီနဲ့ ပြောခဲ့သမျှစကားတွေကို ပြန်ပြီး) ဒီဃတပဿီက ကာယဒဏ်ကို အပြစ်ကြီးတယ်လို့ ယူပြီး ငါဘုရားက မနောဒဏ်ကို အပြစ်ကြီးတယ်လို့ ယူကြောင်း မိန့်တော်မူတယ်။

ဥပါလိ။ ။ ဒီဃတပဿီဟာ ဆရာကောင်းတပည့်ပီပီ ဖြေဆိုနိုင်ပါ

www.dhammaransi.com



ပေတယ်။ ကာယဒဏ်ကို ထောက်ရင် မနောဒဏ်ဟာ ဘာပြောပလောက်မှာလဲ။ ကာယဒဏ်သာ (ကိုယ်နဲ့ ထိထိရောက်ရောက်ပြုမှုသာ) အပြစ်ကြီးတော့မပေါ့။

ဗုဒ္ဓ။ ။ ဥပါလိ၊ မှန်တဲ့အချက်ပေါ်မှာ အတည်ဖြစ်ဖို့ရာ ဆွေးနွေး ပြောဆိုမယ်လို့ ကြံရင် ဒီကာယနဲ့ မနော ၂ မျိုးမှာ 'ဘယ်ဟာက အပြစ်ကြီးတယ်'လို့ စိစစ်နိုးနှောကြဖို့ပါပဲ။ (ဘာပဲပြောပြော ငါတို့အယူသာ အမှန်ဖြစ်စေရမယ်လို့ စကားနိုင်လုလိုရင် ပြောဆိုဆွေးနွေးဖို့ မလိုလို့ ဆိုလို တယ်။)

ဥပါလိ။ ။ အမှန်အပေါ်မှာ တည်ဖြစ်ဖို့ ဆွေးနွေးလိုပါတယ်။

ဗုဒ္ဓ။ ။ (နိဂဏ္ဌတို့ဝါဒဝယ် ရေအေးမှာ အသက်ရှိတယ်လို့ ယူဆ ပြီး ရေအေးကို သောက်ချိုးသုံးစွဲလေ့မရှိတာကို သိထား နှင့်ပါ။)

ဥပါလိ၊ နိဂဏ္ဌတစ်ယောက်မှာ သည်းခြေရောဂါ ရောက်နေပြီလို့ ဆိုကြပါစို့။ ရေအေးကို မသောက် မချိုးရင် သူ့မှာ ရောဂါတိုးတော့မယ်၊ စိတ်ကလည်း ရေအေးကို အလွန်တောင့်တတယ်။ ဒါပေမဲ့ 'ရေအေးကို လိုချင်တယ်'လို့ ပြောရင် ဝစီဒဏ်ထိုက်ပြီး ရေအေးကို သောက်ချိုးရင် ကာယဒဏ်ထိုက်မှာစိုးလို့ အောင့်အီး သည်းခံနေရှာတယ်။ (သူတို့အလိုအားဖြင့် တောင့်တမှု မနောဒဏ်ကတော့ ထိုက်နေလေပြီ။) သူဟာ ရေအေးကို မရလို့ ရောဂါတိုးပြီး သေရရင် 'ဘယ်ဘဝ ရောက်တယ်' လို့ နိဂဏ္ဌဆရာတွေ အယူရှိကြပါသလဲ။

ဥပါလိ။ ။ သူဟာ ရေအေးအပေါ် စိတ်စွဲလမ်းပြီး သေရလို့ မနော သတ္တမည်တဲ့ နတ်ဖြစ်တယ်လို့ ပညတ်ကြပါတယ်။ (မနော၊ စိတ်၊ သတ္တ၊ ငြိကပ်သူ)

www.dhammaransi.com



ဗုဒ္ဓ။ ။ ဥပါလိ၊ သတိထားပြီး ဖြေပါ။ သင့်အဖြေဟာ ရှေ့နောက် အမြီးအမောက် မတည့်ဘူး။
(မနောဒဏ်ထက် ကာယဒဏ်က သတ္တိထက်တယ်လို့ ဆိုခဲ့ပါလျက် စောင့်စည်းထားတဲ့ ကာယဒဏ်ရဲ့အကျိုးကို မခံစားရဘဲ ပျက်စီးတဲ့ မနောဒဏ်ကပဲ နတ်ဖြစ်အောင် အကျိုးပေးတယ်လို့ဆိုလို့ 'ရှေ့နောက် မညီ'လို့ မိန့်တော်မူလိုတယ်။)

ဥပါလိ။ ။ (အဲဒီလို မိန့်တော်မူရင်ပဲ နဂိုပညာခံ မနည်းတဲ့ ဥပါလိ သူကြွယ်က (မိန်းမောတွေဝေနေသူတွေမှာ ကိုယ်လည်း မလှုပ်၊ နှုတ်လည်းမပြွက်ဘဲ စိတ်ရှိနေသေးတဲ့အတွက် ကြောင့်သာ အသက်ရှင်နေပုံကို သတိရကာ) မနောက သာ ကာယ၊ ဝစီတွေထက် သာပြီးသတ္တိထက်ကြောင်းကို သဘောပေါက်လာတော့တယ်။ ဒါပေမဲ့ ဗုဒ္ဓရဲ့ဆန်းကြယ် တဲ့ ပြဿနာတွေကို ကြားနာလိုသေးလို့) အရှင်ဘုရား က အဲဒီလိုပြောပေမယ့် ကာယဒဏ်ကသာ ပိုပြီးသတ္တိ ထက်ပါတယ်။

ဗုဒ္ဓ။ ။ နိဂဏ္ဌနာဋပုတ္တဆရာက 'သွားရင်း လာရင်း နင်းမိလို့ ပိုးကောင်ကလေးတွေသေရင် နင်းသူမှာ ဘယ်လိုအပြစ် ရှိတယ်'လို့ ပညတ်ပါသလဲ။

ဥပါလိ။ ။ သေစေလိုတဲ့ စေတနာမပါလို့ အပြစ်ကြီးတယ်လို့ မပညတ်ပါ။

ဗုဒ္ဓ။ ။ သေစေလိုတဲ့စေတနာ ပါလာရင် ဘယ်လိုပညတ်ပါ သလဲ။

ဥပါလိ။ ။ စေတနာပါလာရင် အပြစ်ကြီးတယ်လို့ ပညတ်ပါတယ်။

ဗုဒ္ဓ။ ။ စေတနာကို (ကာယ၊ ဝစီ၊ မနောသုံးမျိုးထဲမှာ) ဘယ်ထဲ သွင်းသလဲ။

www.dhammaransi.com



ဥပါလိ။ ။ မနောဒဏ်ထဲ သွင်းပါတယ်။

ဗုဒ္ဓ။ ။ ဥပါလိ၊ သတိထားပြီး ဖြေပါ။ သင့်စကားဟာ ရှေ့နောက် မညီဘူး။ ('မနောထက် ကာယက သတ္တိထက်တယ်'လို့ ဆိုပါလျက် မနောမပါတဲ့အခါ ကာယနဲ့နင်းမိလို့ သေပေမယ့် နင်းသူမှာ အပြစ်မရှိ၊ မနောပါမှ အပြစ်ရှိတယ်' လို့ ဆိုပြန်လို့ မနောကသာ သတ္တိထက်ကြောင်း၊ ဒီရုပ်ကာယကြီးထဲမှာ သူ့ချည်းသက်သက် သတ္တိမရှိကြောင်းကို ဝန်ခံစရာရောက်နေလို့ ရှေ့နောက် မညီလို့ မိန့်တော်မူလိုတယ်။)

ဥပါလိ။ ။ ဥပါလိသူကြွယ်လည်း ပြောရင်းပင် ငါတို့ဆရာကြီးဟာ 'စေတနာမပါတဲ့ကံကို အပြစ်မရှိ၊ စေတနာပါတဲ့ကံကို အပြစ်ကြီးတယ်'လို့ ပညတ်ပြီး စေတနာကို မနောဒဏ်မှာ ထည့်သွင်းထားတယ်။ 'ဆရာကြီးရဲ့စကားဟာ ရှေ့နောက်မညီပါတကား'လို့ သဘောပေါက်လာတယ်။ ဒါပေမဲ့ ဗုဒ္ဓရဲ့ဆန်းကြြယ်တဲ့စကားကို နာခံလိုသေးလို့ ကာယဒဏ်ကသာ အပြစ်ကြီးကြောင်း လျှောက်ပြန်တယ်။ အဲဒီအခါ ဗုဒ္ဓက တန်ခိုးရှိသူတွေရဲ့ စိတ်အစွမ်းကို မိန့်တော်မူရာ ဥပါလိလည်း အဲဒီစိတ်ရဲ့အစွမ်းကို ဝန်ခံတယ်။ ဗုဒ္ဓရဲ့အယူဝါဒကို အားရနှစ်သက်လှလို့ 'တပည့်တော်ဟာ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်ပါတယ်။ ဒီနေ့ကစပြီး အသက်ကိုအပ်လျက် ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာလို့ မှတ်တော်မူရန်'လျှောက်ထားတယ်။

ဗုဒ္ဓ။ ။ ဥပါလိ၊ သင်တို့လို ထင်ရှားတဲ့ လူကြီးလူကောင်းဆိုတာ စိစိစစ်စစ်နဲ့ နှိုင်းနှိုင်းချိန်ချိန် ပြုလုပ်သင့်တယ်။ ဥပါလိ

www.dhammaransi.com



ဆိုတဲ့သူကြွယ်ဟာ တွေ့ရာ ကြုံရာ ကိုးကွယ်ဆည်းကပ် လေ့ရှိတာပဲလို့ ပြောစရာဖြစ်တတ်တယ်။

ဥပါလိ။ ။ ဒီလို သတိပေးလို့ ဗုဒ္ဓကို သာပြီးအားရပါတယ်ဘုရား။ အခြားဆရာကြီးတွေကတော့ တပည့်တော်လို ဒကာ တစ်ယောက်ရရင် နာဠန္ဒာတစ်မြို့လုံး အလံစိုက်ပြီး ကြွေးကြော်လေ့ရှိကြပါတယ်။ ဗုဒ္ဓကတော့ စဉ်းစဉ်းစား စားနဲ့ ပြုဖို့တောင် သတိပေးပါသေးတယ်။ တပည့်တော် ကို 'နှစ်ကြိမ်မြောက် ဘုရား၊ တရား၊ သံဃာကို ဆည်း ကပ်သူ'လို့ မှတ်တော်မူပါ။

ဗုဒ္ဓ။ ။ ဥပါလိ၊ သင်ရဲ့အိမ်ဟာ နိဂဏ္ဌတွေ အမြဲဝင်ရောက် စားသောက်နိုင်တဲ့ ရေတွင်းလိုဖြစ်နေခဲ့တယ်။ ဒါကြောင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကို ဆည်းကပ်ကိုးကွယ်ပေမယ့် နိဂဏ္ဌ တွေလာရင် ပေးလှူထိုက်တယ်လို့ မှတ်ထားသင့်တယ်။

ဥပါလိ။ ။ ဒီစကားကို ကြားရလို့ သာလွန်ပြီး အားရပါတယ်။ 'ငါ့ကိုသာ လှူထိုက်တယ်၊ အခြားသူကို မလှူထိုက်၊ ငါ့ရဲ့တပည့်သာဝကတွေကိုသာ လှူထိုက်တယ်၊ အခြား တပည့်သာဝကတွေကို မလှူထိုက်၊ ငါနဲ့ ငါ့ရဲ့တပည့် သာဝကတွေကို လှူမှ အကျိုးကြီးတယ်၊ အခြားသူ တွေကို လှူလို့ အကျိုးမရှိဘူး'လို့ ဗုဒ္ဓက ဟောလေ့ရှိ ကြောင်းကို ကြားရဖူးပါတယ်။ အခုတော့ နိဂဏ္ဌတွေ ကို လှူဖို့တောင် တိုက်တွန်းနေပါသေးတယ်။ ဒီစကား ကို ကြားရတဲ့အခါ သာပြီးအားရလို့ သုံးကြိမ်မြောက် ဆည်းကပ်ကိုးကွယ်ပါတယ်။

အဲဒီနောက် ဗုဒ္ဓက ဒါန၊ သီလ၊ နတ်ပြည်အကြောင်းတွေနဲ့ လောကီအာရုံ ကာမဂုဏ်စည်းစိမ်ချမ်းသာတွေကို ပြပြီး အဲဒီစည်းစိမ်

www.dhammaransi.com



တွေရဲ့ အပြစ်ကိုရော၊ ကာမဂုဏ်မှ ခွာနိုင်ရင် ရနိုင်တဲ့ အကျိုးအာနိသင်ကို ပြတော်မူပါတယ်။ ဥပါလိရဲ့စိတ်ဟာ ကာမဂုဏ်မှာ အပြစ်မြင်ကာ လွန်စွာနူးညံ့နေတုန်း သစ္စာလေးပါးတရားကို ဟောပြပါတယ်။ အဲဒီနေရာမှာပဲ သောတာပန်ဖြစ်သွားပါတယ်။ အဲဒီကနောက် ဗုဒ္ဓကို ဝပ်ချပြီး အိမ်ကိုပြန်ရောက်တဲ့အခါ သူ့ရဲ့တံခါးမှူးကို အမိန့်ပေးပါတယ်။

'အချင်းတံခါးမှူး၊ ဒီနေ့ကစပြီး နိဂဏ္ဌတွေအတွက် အိမ်တံခါးကို ပိတ်ပြီး ဗုဒ္ဓနဲ့တပည့်တွေအတွက် တံခါးကို ဖွင့်လိုက်ပါပြီ။ တကယ်လို့ နိဂဏ္ဌတစ်ယောက်တလေ လာရင် ဒီမှာရပ်ပါ၊ မဝင်ခဲ့ပါနဲ့၊ ဆွမ်းအလိုရှိရင် ဆွမ်းယူခဲ့လိမ့်မယ်'လို့ ပြောဖို့ အမိန့်ပေးပါတယ်။

ဒီဃတပဿီဟာ နိဂဏ္ဌဆရာကြီးရဲ့ လက်ထောက်ဖြစ်ပေမယ့် ဆရာကြီးထက် အကင်းပါးသူဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓထံသို့ ဥပါလိသွားမယ်လို့ ဆိုကတည်းကပဲ သဘောမတူခဲ့။ သူ့ရဲ့တွေးဆချက်က ရဟန်းဂေါတမဟာ ရုပ်ရည်လှပပြီး ကြည့်ရှုဖွယ်ကောင်းတယ်။ တရားစကားလည်း ကောင်းတယ်။ ဥပါလိဟာ မြင်ရုံနဲ့ ကြည်ညိုပေလိမ့်မယ်။ စကားကို ကြားရရင်လည်း ကြည်ညိုပေလိမ့်မယ်။ ရဟန်းဂေါတမကို ဆည်းကပ်ရင်လည်း ဆည်းကပ်ပေလိမ့်မယ်။

အဲဒီလိုတွေးဆကာ စိတ်တထင့်ထင့်နဲ့ သတင်းကိုသာ နားထောင်နေရာ 'ဥပါလိဟာ ရဟန်းဂေါတမရဲ့ တပည့်ဖြစ်သွားပြီတဲ့' ဆိုတဲ့စကားကို ပထမဆုံး ကြားရတယ်။ အဲဒီလို ကြားလျှင်ကြားချင်း ဆရာကြီးထံ သွားပြီး အဲဒီအကြောင်းကို ပြောပြတယ်။ ဆရာကြီးက 'ဥပါလိဟာ ရှင်ဂေါတမရဲ့ တပည့်သာဝကဖြစ်ဖို့ရန် အကြောင်းမရှိပါဘူး၊ ဖြစ်ချင်းဖြစ်ရင် ရှင်ဂေါတမကသာ ဥပါလိရဲ့ တပည့်သာဝကဖြစ်ဖို့ရန် အကြောင်းရှိပါတယ်'လို့ အတင်းငြင်းနေပြန်တယ်။ 'ကိုင်း၊ ဒါဖြင့် ဟုတ် မဟုတ် သိရအောင် ယခုပဲ သွားပါမယ်'လို့ ဒီဃတပဿီက ပြောဆိုကာ ဥပါလိအိမ်သို့ အလာမှာ တံခါးမှူးက ဝင်ခွင့်မပေးလို့

www.dhammaransi.com



အဲဒီနေရာက ပြန်လှည့်ကာ ဆရာကြီးထံလာတယ်။ 'အမှန်ပဲ၊ ရဟန်းဂေါတမရဲ့ တပည့်ဖြစ်သွားကြောင်းနဲ့တကွ တပည့်တော်ဟာ ဒီလိုဖြစ်လိမ့်မယ်လို့ ကြိုတင်ပြီးမြင်လို့ ရဟန်းဂေါတမထံ ဥပါလိ သွားဖို့ သဘောမတူခဲ့ပါ။ အခုတော့ ကိုယ်တော်ရဲ့ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမက မျက်လှည့်နဲ့ လှည့်ပတ်လိုက်ပေါ့ဘုရား'လို့ ဝမ်းနည်းစွာ ပြောပြရှာတယ်။

ဥပါလိသူကြွယ်ဟာ နိဂဏ္ဌတွေရဲ့ ပဓာနလက်သုံး မျက်နှာဖုံး ဗန်းပြ (ဒီလိုပညာရှိသူဌေးကတောင် ငါတို့ကို ကိုးကွယ်နေရတာပဲလို့ ညွှန်ပြရတာတဲ့) တပည့်ဖြစ်ခဲ့သူပဲ၊ ဒါကြောင့် ဥပါလိကိစ္စအတွက် ဆရာကြီးကိုယ်တိုင် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ကာ ဥပါလိအိမ်ကို နိဂဏ္ဌပရိသတ်များစွာ ခြံရံလျက် ကိုယ်တိုင်ထွက်လာပါတယ်။ တံခါးမှူးက တားပြန်လို့ 'ငါတို့လာတဲ့အကြောင်းကို ဥပါလိအား ပြောပေးပါ' လို့ တံခါးမှူးကို တောင်းပန်တယ်။ တံခါးမှူးလည်း ဥပါလိထံသွားပြီး ပရိသတ်များစွာနဲ့တကွ နိဂဏ္ဌဆရာကြီး တံခါးပေါက်မှာ ရောက်နေကြောင်းကို ပြောပြတယ်။ 'အလယ်တံခါးမုခ်မှာ (တံခါးပေါင်း ၇ ထပ် ရှိတဲ့အထဲက အလယ်တံခါးရဲ့ ဆင်ဝင်မှာ) နေရာခင်းထားလိုက်' လို့ ဥပါလိက အမိန့်ပေးပြီး လာကာ အကောင်းဆုံးနေရာမှာ ထိုင်နေပြီးမှ နိဂဏ္ဌတွေကို ဝင်လာဖို့ အကြောင်းကြားခိုင်းပါတယ်။

အဲဒီကနောက် နိဂဏ္ဌပရိသတ်ကြီးနဲ့အတူ ဆရာကြီးဝင်လာရာ (ရှေးအခါကဆိုရင် နိဂဏ္ဌဆရာကြီးလာတဲ့အခါ မိမိတိုက်မှာ အကောင်းဆုံးနေရာကို မိမိအပေါ်ခြုံနဲ့ ထပ်ပြီးဖုန်ခါသလို ခါလိုက်သေးတယ်။ အဲဒီနောက်မှ ဆရာကြီးကို သူကိုယ်တိုင် သူ့ခြုံထည်နဲ့ ပွေ့ဖက်ဖေးမပြီးမှ အဲဒီနေရာမှာထိုင်စေပါတယ်။ အခုတော့ မိမိကိုယ်တိုင်က နေရာမှ မထဘဲ) 'အရှင်ဘုရားတို့၊ နေရာတွေအများကြီးရှိပါတယ်။ ထိုင်လိုရင် ထိုင်ကြပါ'လို့ ပြောတယ်။

www.dhammaransi.com



ဆရာကြီး။ ။ (အဲဒီစကားကို ကြားရတဲ့အခါ ဆရာကြီးလည်း ထိုင်တောင် မထိုင်နိုင်တော့ဘဲ) 'သူကြွယ်၊ သင်ရူးလာသလား၊ ထိုင်းမှိုင်းလာသလား၊ ရဟန်းဂေါတမအပေါ် အပြစ်တင်လိုက်မယ်လို့ ကြုံးဝါးသွားလျက် အခုတော့ ဆန့်ကျင်ဘက် ဝါဒပေါင်းများစွာကို ဦးခေါင်းပေါ်စွပ်ပြီး ပြန်လာခဲ့သလား၊ သင့်ကို မာယာမျက်လှည့်နဲ့ လှည့်ပတ်လိုက်ပြီလား'

ဥပါလိ။ ။ (မိမိရထားတဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ရည်ရွယ်ပြီး) 'အရှင်ဘုရား၊ ဗုဒ္ဓရဲ့မျက်လှည့်မာယာဟာ အလွန်ကောင်းပါပေတယ်။ ဒီမျက်လှည့်မျိုးနဲ့ တပည့်တော်ရဲ့ ချစ်ခင်သူတွေကို လှည့်ပတ်မယ်ဆိုရင် အဲဒီချစ်ခင်သူတွေလည်း စီးပွားချမ်းသာ ကြာမြင့်စွာ ဖြစ်ကြဖို့ပါပဲ။ မင်း၊ ပုဏ္ဏား၊ သူဌေး သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားစုကို လှည့်ပတ်ရင်လည်း အဲဒီသူအားလုံး ချမ်းသာဖို့ပါပဲ။

တပည့်တော် ဥပမာတစ်ခု ပြပါရစေ။ ပညာရှိများဟာ ဥပမာစကားနဲ့လည်း နားလည်နိုင်ကြပါတယ်။ မျောက်ရုပ်ငယ် ဥပမာကို ပြကာ မျောက်ရုပ်ငယ်လေးက အလှဆေးဆိုးရုံသာ ခံနိုင်ပြီး ဖွပ်လျှော်ဖို့ရန် အထုအရိုက်အနင်းအနယ် မခံနိုင်သလို နိဂဏ္ဌတွေရဲ့ဝါဒဟာ အပေါ်ယံ ဗန်းပြ အလှဆေးရောင်တင်ဖို့လောက်သာ ကောင်းပြီး ဉာဏ်နဲ့ စူးစူးစိုက်စိုက် ကြိတ်ကြိတ်နယ်နယ် စဉ်းစားတာကို မခံနိုင်ပါ။ ဗုဒ္ဓရဲ့ဝါဒကတော့ အဲဒီအားလုံးကို ခံနိုင်ပါတယ်'လို့ ပြန်ပြောပါတယ်။

ဆရာကြီး။ ။ ဥပါလိ၊ သင့်လို မင်းနဲ့တကွ ပရိသတ်က နိဂဏ္ဌရဲ့တပည့်လို့ အသိအမှတ်ပြုနေကြတယ်။ အခု ဘယ်သူ့တပည့်လို့ မှတ်ရမှာလဲ။

www.dhammaransi.com



ဥပါလိ။ ။ နေရာမှထပြီး ဗုဒ္ဓဘက်သို့ လက်အုပ်ချီကာ 'ဘယ်သူ့တပည့်ဆိုတာ သိချင်ရင် နားထောင်ပါ'လို့ ပြောပြီး ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို ဂါထာ ၁၀ ပုဒ်နဲ့ ထုတ်ဖော်ရွတ်ပြကာ အဲဒီဗုဒ္ဓရဲ့တပည့်သာဝက ဖြစ်ပါကြောင်း ပြောပြတယ်။

ဆရာကြီး။ ။ ယခုမှ တပည့်ဖြစ်လာတယ်။ အရှင်ဂေါတမရဲ့ဂုဏ်တော်တွေကို ဘယ်တုန်းက ဂါထာစီကုံးထားသလဲ။

ဥပါလိ။ ။ အရှင်ဘုရား၊ ပန်းအမျိုးမျိုးပုံထားတဲ့ ပန်းပုံကြီးကို တွေ့ရတဲ့အခါ အဆင်သင့်ကောက်ယူကာ ဆန်းကြယ်တဲ့ ပန်းကုံးဖြစ်အောင် ကုံးလိုက်ရုံသာဖြစ်သလို ဗုဒ္ဓမှာ ဂုဏ်တော်တွေ တစ်ပုံကြီးရှိနေမှတော့ အဲဒီဂုဏ်တော်တွေကို ကောက်ခါငင်ကာ ဂါထာစီကုံးလိုက်ရုံပါပဲ။ ဂုဏ်တော်ပန်းတွေကို ရှာဖွေနေဖို့ မလိုပါဘူး။

ဆရာကြီးဟာ အဲဒီလို ဥပါလိရဲ့ ဗုဒ္ဓအပေါ် ရှိသေလေးစားသွားရတာကို မခံချင်လှတဲ့ ဒေါသစိတ်၊ ဥပါလိအိမ်ကို ၅၀၊ ၆၀ အခြံအရံနဲ့ ဝင်ရောက်စားသောက်နေကျဖြစ်ပေမယ့် နက်ဖြန်ကစပြီး မစားရတော့ဘဲ မိမိရဲ့ထမင်းအိုးကြီးကွဲရလို့ ဝမ်းနည်းလှတဲ့သောကစိတ်တွေနဲ့ အတွင်းမှာ ပူလောင်ကာ စိတ္တဇအပူဓာတ်က နှလုံးကိုဟပ်တော့တယ်။ ဒါကြောင့် နှလုံးသွေးကြွေမွလျက် အထက်သို့လေပင့်ကာ သွေးအန်ပြီး လဲရာတယ်။ အဲဒီကနောက် အတော်ကြာတော့ အဲဒီရောဂါနဲ့ သေဆုံးသွားတယ်။ (မဇ္ဈိမပဏ်၊ ပါဠိ၊ ၃၅)

www.dhammaransi.com

# သီဟစစ်သူကြီး

သီဟစစ်သူကြီးကလည်း နိဂဏ္ဌ နာဋပုတ္တ တိတ္ထိဆရာကြီးရဲ့ တပည့် တစ်ဦး ဖြစ်ခဲ့ပါတယ်။ ဗုဒ္ဓရဲ့တရားကို နာကြားရပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဗုဒ္ဓတပည့်တစ်ဦး ဖြစ်သွားပါတယ်။ ဥပါလိကို သတိပေးစကား၊ နှစ်ကြိမ်ပြောသလိုပဲ သီဟစစ်သူကြီးကိုလည်း ဗုဒ္ဓက ပြောပါတယ်။ ဒါကြောင့် သီဟစစ်သူကြီးကလည်း ဥပါလိလိုပဲ ရတနာသုံးပါးကို သုံးကြိမ်မြောက် ဆည်းကပ်ကိုးကွယ်ကြောင်း ထပ်လျှောက်ပါတယ်။ ဘုရားရှင်ထံက ဥပါလိ နာရတဲ့တရားကိုပဲ ထပ်မံနာရပါတယ်။ သီဟလည်း သောတာပန် ဖြစ်သွားပါတယ်။ သီဟစစ်သူကြီး ဗုဒ္ဓထံရောက်လာပုံကတော့ အောက်ပါ နည်းအတိုင်း ဖြစ်ပါတယ်။

အလွန်ထင်ရှား၊ အလွန်ထင်ရှားတဲ့ လိစ္ဆဝီတွေဟာ လွှတ်တော်မှာ စည်းဝေးကြရင်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ဂုဏ်ကို နည်းမျိုးစုံနဲ့ ချီးမွမ်းပြောဆိုနေကြပါတယ်။ အဲဒီအခါ နိဂဏ္ဌရဲ့တပည့် သီဟစစ်သူကြီးဟာ အဲဒီပရိသတ်ထဲမှာ ထိုင်နေပါတယ်။ အဲဒီအခါ သီဟစစ်သူကြီးမှာ ဒီလိုအကြံဖြစ်ပေါ်လာပါတယ်။

'ဒီဗုဒ္ဓဟာ တကယ်တော့ ဘုရားဖြစ်လိမ့်မယ်။ ဒါကြောင့်ပဲ ဒီအလွန်ထင်ရှား၊ အလွန်ထင်ရှားတဲ့ လိစ္ဆဝီတွေဟာ လွှတ်တော်မှာ စည်းဝေးကြရင်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ဂုဏ်ကို နည်းမျိုးစုံနဲ့ ပြောနေကြတယ်။ ငါဟာ အဲဒီဗုဒ္ဓကို ဖူးမြော်ဖို့ ချဉ်းကပ်ရရင် ကောင်းလေစွ။'

www.dhammaransi.com



အဲဒီအခါ သီဟစစ်သူကြီးက နိဂဏ္ဌနာဋပုတ္တထံ ချဉ်းကပ်ကာ နိဂဏ္ဌနာဋပုတ္တကို ပြောပါတယ်။

'အရှင်ဘုရား၊ တပည့်တော်ဟာ ရဟန်းဂေါတမကို ဖူးမြော်ဖို့ ချဉ်းကပ်လိုပါတယ်'

'သီဟ၊ သင်ဟာ ကိရိယဝါဒ (အရွယ်ကြီးသူတွေကို ရှိခိုးမှုစတဲ့ အမျိုးကောင်းအကျင့်ကို ပြုလုပ်ရတယ်ဆိုတဲ့ ဝါဒ) ရှိသူဖြစ်ပါလျက် အကိရိယဝါဒ (အဲဒီအမျိုးကောင်းအကျင့်ကို မပြုလုပ်တဲ့ဝါဒ) ရှိသူ ရဟန်းဂေါတမကို ဘာကြောင့် ချဉ်းကပ်ရသလဲ။ ဟုတ်တယ်။ သီဟ၊ ရဟန်းဂေါတမက အဲဒီဝါဒရှိပြီး အဲဒီလိုမလုပ်ဖို့ တရားဟောတယ်။ အဲဒီဝါဒနဲ့ တပည့်တွေကို ဆုံးမတယ်'

အဲဒီအခါ သီဟရဲ့ ဘုရားဖူးသွားဖို့ စီစဉ်တာ ပျက်ကွက်သွားတယ်။ နှစ်ကြိမ်မြောက် သီဟက ကြိုးစားတော့လည်း နိဂဏ္ဌက ဖျက်လို့ ပျက်ပြန်တယ်။ သုံးကြိမ်မြောက်မှာတော့ အသိမပေး၊ မပြောကြားတော့ဘဲ သွားဖို့ဆုံးဖြတ်တယ်။ သီဟက ရထား ၅၀၀ နဲ့အတူ နေ့လယ်ကြောင်တောင် ဘုရားဖူးဖို့ ဝေသာလီမြို့မှ ထွက်တယ်။ ယာဉ်သွားလို့ရတဲ့နေရာအထိ ယာဉ်နဲ့သွားတယ်။ ယာဉ်မှဆင်းကာ ဘုရားရှင်ထံ ခြေကျင်ပဲ သွားတယ်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကာ ဘုရားရှင်ကို လျှောက်တယ်။

'အရှင်ဘုရား၊ တပည့်တော်ဟာ ဒီစကားကို ကြားဖူးထားပါတယ်။ ရဟန်းဂေါတမဟာ အကိရိယဝါဒရှိတယ်၊ အဲဒီဝါဒအတိုင်း တရားဟောတယ်၊ အဲဒီဝါဒနဲ့ တပည့်တွေကို ဆုံးမတယ်။'

အဲဒီလိုပြောသူတွေဟာ အရှင်ဂေါတမပြောတာပဲ လိုက်ပြောကြတာပါလား။ အရှင်ဂေါတမကို မမှန်တဲ့စကားနဲ့ မစွပ်စွဲကြပါဘူးနော်၊ အရှင်ဂေါတမ ပြောတဲ့စကားကို တုံ့ပြန်တဲ့စကားကို ပြောကြတာပါလား၊ အရှင်ဂေါတမရဲ့ဝါဒက အကြောင်းယုတ္တိရှိပါရဲ့လား၊ ကဲ့ရဲ့

www.dhammaransi.com



စရာအကြောင်း တစ်စုံတစ်ရာကို မရောက်ပါဘူးနော်၊ ဟုတ်ပါတယ်။ တပည့်တော်တို့က အရှင်ဂေါတမကို မစွပ်စွဲလိုကြပါ။'

ဘုရားရှင်က အောက်ပါအတိုင်း ရှင်းလင်းဟောပြပါတယ်။

'ငါဘုရားဟာ အကိရိယဝါဒ= ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တွေနဲ့ အကုသိုလ်အားလုံးကို မပြုလုပ်ရဆိုတဲ့ ဝါဒရှိတယ်။ ကိရိယဝါဒ= ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တွေနဲ့ ကုသိုလ်အားလုံးကို ပြုလုပ်ရတယ်ဆိုတဲ့ ဝါဒရှိတယ်။ အဲဒီ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်နဲ့ အကုသိုလ်တွေကို စက်ဆုပ်တယ်။ ရာဂ၊ ဒေါသ၊ မောဟနဲ့ အကုသိုလ်အားလုံးကို ပယ်ရှားတယ်။ လောင်မြိုက်ပစ်တယ်၊ နောက်ဘဝမှာ ပဋိသန္ဓေနေရခြင်းမှ ကင်းတယ်။ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါးဆိုတဲ့ သက်သာရာရှိတယ်။ အဲဒီအတိုင်းဖြစ်အောင် တရားဟောတယ်။ အဲဒီ ၈ မျိုးနဲ့ တပည့်တွေကို ဆုံးမတယ်။'

(ဝိနည်းမဟာဝါ၊ ၃၂၈၊ အံ၊ ပါဠိ၊ တ၊ ၂၄)

www.dhammaransi.com

# ရောဇမင်းသား

တစ်ချိန်မှာ ဘုရားရှင်ဟာ အာပဏဆိုတဲ့အရပ်က ကုသိနာရုံကို နောက်ပါ သံဃာ ၁၂၅၀ နဲ့တကွ ကြွချီတော်မူတယ်။ အဲဒီအခါ ကုသိနာရုံက မလ္လာမင်းတွေက ဘုရားကြွလာမယ့်အကြောင်းကို ကြားရတဲ့အတွက် 'ဘုရားကြွတဲ့အခါ မကြိုတဲ့လူအား ဒင်္ဂါးငွေ ၅၀၀ ထမ်းဆောင်ရမယ်' လို့ စည်းကမ်းသတ်မှတ်ထားကြတယ်။ ကုသိနာရုံကို ဘုရားရှင်ရောက်တဲ့အခါ ကြိုတဲ့သူတွေထဲမှာ ရောဇ ဆိုတဲ့လူလည်း ပါတယ်။ သူက အရှင်အာနန္ဒာရဲ့သူငယ်ချင်းမိတ်ဆွေဖြစ်တယ်။ ဒါကြောင့် အရှင်အာနန္ဒာက သူ့ကိုတွေ့တဲ့အခါ ဘုရားရှင်အား ခရီးဦးကြိုဆိုတာ ကောင်းမြတ်တဲ့အကြောင်း ဝမ်းမြောက်ဝမ်းသာနဲ့ နှုတ်ဆက်စကားပြောကြားတယ်။ အဲဒီတော့ ရောဇမင်းသားက 'ယခုလို ကြိုဆိုတာက ဘုရား၊ တရား၊ သံဃာမှာ များစွာမြတ်နိုးလို့ ပြုတာမဟုတ်ပါဘူး။ မကြိုဘဲနေရင် ဒင်္ဂါးငွေ ၅၀၀ ပေးဆောင်ရမှာကြောက်လို့ ကြိုဆိုတာပါ'လို့ ပြန်လည်ပြောကြားပါတယ်။

အဲဒီတော့ အရှင်အာနန္ဒာမှာ 'ရောဇဟာ ဘာကြောင့်ဒီလိုစကားပြောဆိုပါလိမ့်မလဲ'လို့ ဆင်ခြင်ပြီး နှလုံးမသာဖြစ်ရပါတယ်။ 'ရောဇဟာ တော်တော်ရိုင်းစိုင်းတဲ့လူပဲ။ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုရမှန်းတောင် မသိဘူး၊ ဒီအတိုင်းသာဆိုရင် သူ့မှာ ရသင့်တဲ့အကျိုးစီးပွားတွေမှ ဆုံးရှုံးသွားရှာတော့မှာပဲ'လို့ ဆင်ခြင်ပြီး အဲဒီအကြောင်းကို ဘုရားရှင်အား လျှောက်တယ်။ 'အဲဒီရောဇဟာ ထင်ရှားတဲ့လူပဲ။ သာသနာတော်ကို ကြည်ညိုရင် အကျိုးများပါမယ်။ သာသနာတော်ကို ကြည်ညိုလာ

www.dhammaransi.com



အောင် ဘုရားရှင်က ပြုလုပ်ပေးတော်မူပါ'လို့ လျှောက်တယ်။ 'အာနန္ဒာ၊ ဒီသာသနာတော်ကို ကြည်ညိုလာအောင် လုပ်ဖို့ ဘုရားရှင်မှာ မခက်ပါ' လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။

အဲဒီအခါ ဘုရားရှင်က ရောဇတစ်ဦးတည်းကို စူးစိုက်ကာ မေတ္တာစိတ်နဲ့ဖြန့်ပြီး နေရာမှထကာ ကျောင်းထဲဝင်သွားပါတယ်။ ဘုရားရှင်ရဲ့ မေတ္တာစိတ်နဲ့ ထိတွေ့ခံရတဲ့ရောဇဟာ ဘုရားရှင်အပေါ် အလွန်ကြည်ညိုစိတ်တွေ ဖြစ်ပွားလာပါတယ်။ မွေးခါစ နွားငယ်ကလေးဟာ မိခင်နွားမကြီးကို ချစ်ခင်သလို မခွဲမခွာနိုင်သလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျောင်းတစ်ခုမှ ကျောင်းတစ်ခုကို၊ ကျောင်းဝင်းငယ်တစ်ခုမှ ကျောင်းဝင်းငယ်တစ်ခုကို ချဉ်းကပ်ကာ ရဟန်းတွေကို မေးပါတယ်။

'အရှင်ဘုရားတို့၊ အခု ဘုရားရှင်ဟာ ဘယ်မှာသီတင်းသုံးပါသလဲ။ တပည့်တော်တို့ဟာ အဲဒီဘုရားရှင်ကို ဖူးမြော်လိုကြပါတယ်'

'ရောဇ၊ အဲဒီကျောင်းဟာ တံခါးပိတ်ထားတယ်၊ အသံတိတ်ဆိတ်စွာ ချဉ်းကပ်ပြီး မဆောမလျင် ဆင်ဝင်ကိုဝင်ကာ ချောင်းဟန့်ပြီး တံခါးကို ခေါက်လိုက်ပါ။ ဘုရားရှင်က သင့်အား တံခါးဖွင့်ပေးပါလိမ့်မယ်'

ဘုရားရှင်က တံခါးဖွင့်လိုက်ပါတယ်။ ရောဇက ကျောင်းထဲဝင်ကာ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ဘုရားရှင်က ရောဇအား ဒါနကထာ၊ သီလကထာစသည်ဖြင့် သူနဲ့သင့်လျော်တဲ့တရားကို ဟောပါတယ်။ အဲဒီအခါ ရောဇဟာ အဲဒီတရားကိုနာရပြီး သောတာပန်ဖြစ်သွားပါတယ်။ အဲဒီအခါကျတော့ 'သံဃာတော်အရှင်မြတ်တွေဟာ သူလှူတဲ့ပစ္စည်းလေးပါးကိုသာ ခံယူတော်မူကြပါစေ၊ အခြားသူတွေလှူတဲ့ပစ္စည်းကို မခံယူကြပါစေနဲ့'လို့တောင် လျှောက်ထားပါသေးတယ်။

(ဝိနည်းမဟာဝါ၊ ၃၄၅)

www.dhammaransi.com

# အသောကမင်းကြီး

ပါဋလိပုတ်ပြည့်ရှင် ဘုရင်အသောကဟာ ဓမ္မာသောကအမည်ရပြီး တတိယသင်္ဂါယနာတင်ရာမှာ ကူညီထောက်ပံ့ခဲ့တဲ့ မင်းဖြစ်တယ်။ အသောကမင်းကြီးဟာ ဗိန္ဒုသာရမင်းကြီးနဲ့ မောရိယနွယ်ဝင် ဓမ္မာမိဖုရား ကြီးတို့ရဲ့ သားဖြစ်တယ်။ ဗိန္ဒုသာရမင်းကြီးက သားကြီးအသောက အား အိမ်ရှေ့မင်းရာထူးနဲ့ အဝန္တိတိုင်းကို ပေးသနားတယ်။ အသောက မင်းသားက ခမည်းတော်စေခိုင်းချက်အရ အဝန္တိတိုင်းကို အုပ်ချုပ်ဖို့ ဥဇ္ဇေနီပြည်သို့အသွား လမ်းခရီးအကြားမှာ ဝေဋိသဂိရိမြို့ကို ရောက် သွားတယ်။ ဝေဋိသသူဌေးရဲ့သမီး ဝေဋိသဂိရီကို နှစ်သက်မြတ်နိုးလို့ အဲဒီသူဌေးသမီးနဲ့အတူ ပေါင်းသင်းနေထိုင်တယ်။ ဥဇ္ဇေနီပြည်မှာ အဲဒီ သူဌေးသမီးက မဟိန္ဒမင်းသားနဲ့ သံဃမိတ္တာမင်းသမီးတို့ကို ဖွားမြင် တယ်။ ဗိန္ဒုသာရမင်းကြီး နတ်ရွာစံခါနီးမှာ အသောကမင်းသားဟာ ခမည်းတော်ရဲ့ဆင့်ခေါ်ချက်အရ ပါဋလိပုတ်ပြည်ကိုလိုက်လာရာ မိဖုရား နဲ့ သားသမီးတွေကို ဝေဋိသဂိရိမြို့မှာ ထားခဲ့တယ်။

ဗိန္ဒုသာရမင်းကြီးမှာ သားတော်ပေါင်း ၁၀၁ ယောက် ရှိရာ မင်းကြီးနတ်ရွာစံပြီးတဲ့အခါ အသောကမင်းသားက သူနဲ့အမေတူဖြစ်တဲ့ ညီတော်တိဿမင်းသားကို ချန်ထားပြီး ကျန်တဲ့မင်းသားတွေကို သုတ် သင်ကွပ်မျက်ပစ်တယ်။ ၄ နှစ်ပတ်လုံး အဘိသိက်မခံယူသေးဘဲ မင်း ပြုတယ်။ ၄ နှစ် စိုးစံပြီးနောက် သာသနာနှစ် ၂၁၈ ခုမှာ အဘိသိက် ခံယူတယ်။ အဂ္ဂမဟေသီမိဖုရားကြီးက အသန္ဓိမိတ္တာဖြစ်တယ်။ အဲဒီ မိဖုရားကြီး ကွယ်လွန်တဲ့အခါ တိဿရက္ခာမိဖုရားကြီးဟာ အဂ္ဂမဟေသီ

www.dhammaransi.com



ဖြစ်လာတယ်။ အဘိသိက်ရဲ့အစွမ်းနဲ့ မြေကြီးအောက်မှာ တစ်ယူဇနာ၊ အထက်ကောင်းကင်မှာ တစ်ယူဇနာတိုင်အောင် အာဏာစက်ပြန့်နှံ့ခြင်း စတဲ့ ကြီးမားတဲ့တန်ခိုးကို ရရှိတယ်။

(ဝိ၊ ၄၊ ၁၊ ၃၂။ သာရတ္ထ၊ ၁၊ ၁၂၈၊ ၁၅၄)

ညီတော်တိဿမင်းသားကို အိမ်ရှေ့အရာမှာ ထားပေမယ့် နောင် အခါမှာ သာသနာတော် ဝင်ရောက်ပြီး ရဟန်းပြုတယ်။

(ဝိ၊ ၄၊ ၁၊ ၄၁)

မင်းကြီးရဲ့အခြားညီတစ်ယောက်ဖြစ်သူ ဝီတသောက ဟာလည်း ရဟန်းပြုလုပ်ကာ ရဟန္တာဖြစ်သွားတယ်။

(ထေရ၊ ၄၊ ၁၊ ၃၇၆)

အသောကမင်းကြီးဟာ အဘိသိက်ခံယူပြီးနောက် ၃ နှစ်အထိ သာ ဗုဒ္ဓသာသနာပြင်ပ ပါသဏ္ဍ (မိစ္ဆာဒိဋ္ဌိ) အယူကို ယူကာ ၄ နှစ် မြောက်မှာ ဗုဒ္ဓသာသနာကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓသာသနာဝင်ဖြစ် လာတယ်။ ဖြစ်လာပုံကတော့ မင်းကြီးဟာ သူ့ရဲ့ခမည်းတော်လက်ထက် က လှူဒါန်းထောက်ပံ့ခဲ့တဲ့ ပုဏ္ဏားပရိဗိုဇ်တွေအား ဆက်လက်လှူဒါန်း ထောက်ပံ့နေရပေမယ့် အဲဒီအလှူခံပုဂ္ဂိုလ်တွေရဲ့ ဣန္ဒြေမစောင့်စည်းမှု၊ လျှပ်ပေါ်လော်လီ မတည်ကြည် မငြိမ်သက်မှုစသည်တွေကြောင့် အဲဒီ ပုဂ္ဂိုလ်တွေအား လှူမယ့်အစား အခြားသင့်လျော်ရာနေရာမှာ လှူဒါန်းဖို့ အကြံဖြစ်ပေါ်လာတယ်။ တစ်နေ့မှာ မင်းကြီးက နိဂြောဓသာမဏေကို မြင်ရာ အဲဒီသာမဏေလေးရဲ့ တည်ကြည်ငြိမ်သက်တဲ့ဣန္ဒြေမှာ ကြည် ညိုလေးစားပြီး နန်းတော်ကိုပင့်ကာ တရားနာယူတယ်။ သာမဏေက ဓမ္မပဒအပ္ပမာဒဝဂ်ကို ဟောကြားရာ များစွာနှစ်သက်လို့ ရှေးအခါက ပုဏ္ဏားခြောက်သောင်းတွေအား လှူဒါန်းခဲ့တဲ့ ဆွမ်းဝတ်ကိုဖြတ်ကာ ရဟန်းခြောက်သောင်းတို့အား လှူဒါန်းတယ်။ အသောကာရုံကျောင်း ကြီးကိုလည်း ဆောက်လုပ်လှူဒါန်းတယ်။ (ဝိ၊ ၄၊ ၁၊ ၃၃)

www.dhammaransi.com



မင်းကြီးဟာ မြတ်စွာဘုရားရဲ့ ဓမ္မက္ခန္ဓာတော်ပေါင်း ၈၄၀၀၀ ကို ပူဇော်တဲ့အနေနဲ့ ကျောင်းပေါင်း ၈၄၀၀၀၊ စေတီတော်ပေါင်း ၈၄၀၀၀ တွေကို အထူးထူးသောမြို့တွေမှာ ဆောက်လုပ်တည်ထားခဲ့ပါတယ်။ (ဝိ၊ ဋ္ဌ၊ ၁၊ ၃၇)

အဲဒီကနောက် အရှင်မဟာကဿပရဲ့ ဗျာဒိတ်တော်နဲ့အညီ အဇာတသတ်မင်း တည်ထားခဲ့တဲ့ ဓာတုနိဓာနစေတီတော်က ဓာတ်တော်တွေကို အဲဒီစေတီမှာ ကိုးကွယ်ရရုံမျှ ချန်ထားခဲ့ပြီး အလုံးစုံ ထုတ်ယူပင့်ဆောင်ကာ ကျောင်းပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀ တွေမှာ ထည့်သွင်းပူဇော်ခဲ့တယ်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၂၀၅)

ဒီဗုဒ္ဓသာသနာမှာ ဒီမင်းကြီးလောက် သာသနာတော်အား လှူဒါန်းထောက်ပံ့ခဲ့သူ မရှိပါ။ 'အဲဒီလောက် လှူဒါန်းပေမယ့် သာသနာ့အမွေခံ မဖြစ်သေး။ ပစ္စည်းအလှူရှင်သာ ဖြစ်သေးတယ်။ မိမိရဲ့သားသမီးကို သာသနာ့ဘောင်သို့သွင်းပြီး ရှင် ရဟန်းပြုစေမှ သာသနာ့အမွေခံဖြစ်တယ်'လို့ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ရဲ့ ဟောကြားချက်အရ သားတော်မဟိန္ဒမင်းသားနဲ့ သမီးတော် သံဃမိတ္တာမင်းသမီးတို့ကို ရဟန်းပြုစေလျက် သာသနာ့အမွေကို ခံယူခဲ့ပါတယ်။

(ဝိ၊ ဋ္ဌ၊ ၁၊ ၃၈)

တိတ္ထိတွေဟာ သာသနာတော်မှာ ရောနှောဝင်ရောက်နေကြကာ သာသနာတော်ရဲ့ အညစ်အကြေးဆူးငြောင့်များစွာကို ဖြစ်ပေါ်စေကြတယ်။ ရဟန်းကောင်းတွေက သူတို့နဲ့အတူ ဥပုသ်၊ ပဝါရဏာကံ မပြုလုပ်ဘဲ နေကြတယ်။ မင်းကြီးက အမတ်တစ်ယောက်ကို အဲဒီအဓိကရဏ်း ငြိမ်းစေလျက် ဥပုသ်ပြုအောင် ဆောင်ရွက်ရန် စေခိုင်းလိုက်တယ်။ အမတ်က မင်းကြီးကို ပြန်ပြီးမမေးဝံ့၊ ပြုလုပ်ဆောင်ရွက်ရန် နည်းကို မသိရလို့ အတင်းအကျပ်အာဏာနဲ့ ဥပုသ်အပြုခိုင်းတယ်။ ဥပုသ်မပြုတဲ့ ရဟန်းတော်အချို့ကို သတ်ဖြတ်ခဲ့တယ်။ မင်းကြီးရဲ့ညီ

www.dhammaransi.com



တော် တိဿထေရ် အလှည့်ရောက်လို့ မသတ်ဝံ့တော့မှ မင်းကြီးအား ပြန်ပြီး သံတော်ဦးတင်တယ်။ မင်းကြီးမှာ များစွာထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရတယ်။ မိမိရဲ့အလိုဆန္ဒမပါဘဲ အဲဒီသတ်ဖြတ်မှုမှာ မိမိပါ အကုသိုလ်အပြစ်ရှိလေသလားလို့ သံသယဖြစ်လို့ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်ပြီး မေးမြန်းတဲ့အခါမှ အပြစ်မရှိကြောင်း သိရကာ သံသယကင်းစင်သွားတယ်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ရဲ့ ညွှန်ကြားချက်အရ ဝိဘဇ္ဇဝါဒ အယူရှိတဲ့ ရဟန်းတွေနဲ့ အခြားအယူရှိရဟန်းတွေကို ခွဲခြားကာ အခြားအယူရှိရဟန်းတွေကို လူဝတ်လဲစေပြီး သာသနာတော်ကို သန့်ရှင်းစေခဲ့တယ်။ သာသနာတော် သန့်ရှင်းတဲ့အခါမှ အညီအညွတ် ဥပုသ်ပြုကြတယ်။ အဲဒီကနောက် ရဟန်း ၆ သန်းထဲက ပဋိသမ္ဘိဒါပတ္တ၊ တေဝိဇ္ဇ စတဲ့ဂုဏ်ထူးရှိတဲ့ ပိဋကသုံးပုံဆောင် ရဟန်း ၁၀၀၀ ကို ရွေးကောက်ကာ တတိယသင်္ဂါယနာ တင်တော်မူကြတယ်။

(ဝိ၊ ဋ္ဌ၊ ၁၊ ၄၀) (အဘိ၊ ဋ္ဌ၊ ၃၊ ၁၀၉)

www.dhammaransi.com

# အဘယမင်းသား

သူ့ရဲ့ဖခင်က ဗိမ္ဗိသာရမင်း ဖြစ်တယ်။ သူ့မိခင်က ဥဇ္ဇေနီမြို့က ပဒုမဝတီ မည်တဲ့ ပြည့်တန်ဆာမဖြစ်တယ်။ (ထေရီ၊ ဋ္ဌ၊ ၄၀)

အဘယမင်းသားဟာ ဆေးဆရာဇီဝကရဲ့ ဖခင်ဖြစ်တယ်။ ဇီဝကရဲ့မိခင်က ရာဇဂြိုဟ်မြို့က သာလဝတီမည်တဲ့ ပြည့်တန်ဆာမပါပဲ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၉၇။ အံ၊ ဋ္ဌ၊ ၁၊ ၃၈၆)

အဘယမင်းသားဟာ အရွယ်ရောက်တဲ့အခါ နိဂဏ္ဌတွေနဲ့ အကျွမ်းဝင်ပြီး တစ်နေ့မှာ နိဂဏ္ဌနာဋပုတ္တတိတ္ထိဆရာကြီးက သူ့ကို အစွန်းနှစ်ဖက်ထွက်တဲ့ ပြဿနာတစ်ခုကို သင်ပေးပြီး ဘုရားရှင်အား ဝါဒပြိုင်မေးလျှောက်ခိုင်းရာ ဘုရားရှင်ရဲ့တရားစကားအပေါ် သက်ဝင်ယုံကြည်ပြီး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာဖြစ်သွားတယ်။ (ထေရ၊ ဋ္ဌ၊ ၁၊ ၁၀၃)

အဲဒီအခါ ရဟန်းပြုသွားတယ်လို့ ဆိုတယ်။ (အပ၊ ဋ္ဌ၊ ၂၊ ၂၆၇)

တိုင်းပြည်အစွန်က သူပုန်ရန်ကို အောင်နိုင်ပြီး ခမည်းတော်ရဲ့ နန်းစည်းစိမ်ကို ၇ ရက် လွှဲပြောင်းပေးခြင်းခံရတယ်။ အဲဒီအခါ သန္တတိအမတ်ကြီးလိုပဲ သူရဲ့ကချေသည်မ ရုတ်တရက် ကွယ်လွန်သွားလို့ သောကရောက်ရာ ဘုရားရှင်ရဲ့တရားကို နာရပြီး သောတာပန်ဖြစ်သွားတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၀၈)

ခမည်းတော် နတ်ရွာစံတဲ့အခါ သံဝေဂနဲ့ ရဟန်းပြုတယ်။ တာလစ္ဆိဂ္ဂဠူပမသုတ်ကို နာရပြီး သောတာပန်ဖြစ်တယ်။ ပြီးတော့ ရဟန္တာဖြစ်တယ်။ (ထေရ၊ ဋ္ဌ၊ ၁၊ ၁၀၃)

www.dhammaransi.com

# ဇီဝက

ဆေးဆရာဇီဝကဟာ ရာဇဂြိုဟ်ပြည်သူ သာလဝတီမည်တဲ့ ပြည့်တန်ဆာမရဲ့ သားဖြစ်တယ်။ ပြည့်တန်ဆာမ သိရိမာရဲ့မောင်ဖြစ်တယ်။ အဲဒီအခါက ရာဇဂြိုဟ်ပြည်မှာ ဘုရင်ဗိမ္ဗိသာရလက်ထက် လှပတင့်တယ်ရှုချင်စဖွယ် ရုပ်ဆင်းလက္ခဏာအင်္ဂါနဲ့ ပြည့်စုံတဲ့ သာလဝတီမည်တဲ့ အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် ပြည်သူတို့က တင်မြှောက်ကြတယ်။ ပြည်သူတို့က ငွေ ၂ သိန်း၊ ဗိမ္ဗိသာရမင်းကြီးက ငွေ ၁ သိန်းအားဖြင့် ငွေ ၃ သိန်း စုဆောင်းကာ ဥယျာဉ်၊ ဗိမာန်၊ ဆင်၊ မြင်းစသည်တွေနဲ့ တကွ သာလဝတီအား ဝိုင်းဝန်းပေးအပ်ကြတယ်။ သာလဝတီနဲ့ ပျော်ပါးလိုသူတွေဟာ တစ်ညမှာ အသပြာငွေတစ်ရာ ပေးပြီး ပျော်ပါးရန်လည်း သတ်မှတ်ထားကြတယ်။ အခါတစ်ပါးမှာ ဗိမ္ဗိသာရမင်းရဲ့ သားတော် အဘယမင်းသားနဲ့ ပျော်ပါးလို့ သာလဝတီမှာ ပဋိသန္ဓေစွဲကပ်တယ်။ ၁၀ လစေ့တော့ သားယောကျ်ားလေး ဖွားမြင်တယ်။ ပြည့်တန်ဆာမတွေဟာ ယောကျ်ားလေးမွေးဖွားရင် စွန့်ပစ်ကြတယ်။ မိန်းကလေး မွေးဖွားရင် မွေးမြူကြတဲ့ထုံးစံရှိတယ်။ ဒါကြောင့် သာလဝတီ ပြည့်တန်ဆာမဟာ အဖိုးတန်သားရတနာ ဇီဝကလောင်းလျာကို မြို့ပြင်ဒေသ အမှိုက်စွန့်ပစ်ရာဌာနမှာ စွန့်ပစ်စေတယ်။

အဘယမင်းသားက နံနက်စောစောထကာ ဗိမ္ဗိသာရမင်းကြီးထံ ခစားဖို့ သွားတဲ့အခါ ကျီးတွေဝိုင်းအုံနေတာကို တွေ့ရလို့ နောက်ပါယောကျ်ားတစ်ယောက်ကို သွားရောက်ကြည့်ရှုခိုင်းတယ်။ ကလေးငယ်တစ်ဦးဖြစ်ကြောင်း သိရတယ်။ အသက်ရှင်လျက် ရှိမရှိ မေးမြန်းရာ အသက်ရှင်လျက် ရှိသေးကြောင်း သိရလို့ ကောက်ယူစေကာ မိမိအိမ်မှာ

www.dhammaransi.com



မွေးစားထားတယ်။ တွေ့မြင်ရစဉ်က 'အသက်ရှင်သေးသလား'လို့ အဘယမင်းသား မေးမြန်းတာကို အစွဲပြုပြီး 'ဇီဝက'လို့ အမည်မှည့်ကြတယ်။ အဘယမင်းသား ကောက်ယူမွေးစားထားလို့ 'ကောမာရဘစ္စ' လို့လည်း ခေါ်ကြတယ်။

ဇီဝကဟာ ကစားနိုင်စအရွယ်ကပဲ အခြားမင်းသားလေးတွေနဲ့ ကစားတဲ့အခါ 'အမိမဲ့သား၊ အဖမဲ့သား'လို့ ပြောဆိုခံရတာကိုရော၊ ပွဲလမ်းသဘင်ရှိတဲ့အခါ လက်ဆောင်ပို့မယ့်သူ မရှိတာကိုပါ တွေ့မြင်ပြီး မိမိရဲ့ဘဝအဖြစ်မှန်ကို သိရှိနားလည်ခဲ့တယ်။ ၁၆ နှစ်အရွယ်ရောက် လူလားမြောက်တဲ့အခါ 'ပညာမရှိက မင်းပရိသတ်အလယ်မှာ မတင့်တယ်နိုင်'လို့ တွေးဆသိမြင်ကာ အတတ်ပညာသင်ယူရန် စဉ်းစားတယ်။ ပညာရပ်တွေထဲမှာ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ဓားခုတ်လှံထိုးစတဲ့ အတတ်ပညာရပ်တွေဟာ သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ရန်အတွက်သာ ဖြစ်တယ်။ ဆေးပညာရပ်ကတော့ မေတ္တာရှေ့သွားရှိတယ်။ သတ္တဝါတွေရဲ့ အကျိုးစီးပွားနဲ့ စပ်ယှဉ်တယ်'လို့ အသိဉာဏ်သက်ဝင် အမှန်မြင်ကာ ဆေးပညာရပ်ကို သင်ယူရန် ဆုံးဖြတ်တယ်။ ဇီဝကဟာ အဲဒီလိုဆုံးဖြတ်ပြီး အဘယမင်းသားကို ခွင့်မပန်ဘဲ ဆေးပညာသင်ယူဖို့ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆေးဆရာကြီးထံ ထွက်ခွာသွားတယ်။ ဒိသာပါမောက္ခဆရာကြီးထံ ရောက်တဲ့အခါ အခြားမင်းသားတွေက ဆရာခအဖြစ် ဥစ္စာငွေကြေးပေးကာ ပညာသင်ယူကြတယ်။ ဇီဝကကတော့ ဆရာခအဖြစ် ဥစ္စာငွေကြေး မပေးနိုင်ဘဲ ဆရာကြီးရဲ့ ဝတ်ကြီးဝတ်ငယ်ပြုလုပ်ဆောင်ရွက်ကာ ပညာသင်ယူရတယ်။ ပညာသင်ယူတဲ့အခါ ဉာဏ်ပညာထက်မြက်လို့ များများလည်း သင်ယူတယ်။ မြန်မြန်လည်း သင်ယူတယ်။ ကောင်းကောင်းလည်း မှတ်သားထားတယ်။ သင်ယူပြီးပညာတွေလည်း မမေ့ပျောက်။

ဇီဝကဟာ အဲဒီလိုသင်ယူလာခဲ့ရာ သူတစ်ပါးတွေ ၁၆ နှစ်ကြာ

www.dhammaransi.com



သင်ယူရတဲ့ ဆေးအတတ်ပညာကို ၇ နှစ်တာမျှနဲ့ ပါရဂူမြောက် တတ်မြောက်တယ်။ နောင်အခါ ဘုရားရှင်ရဲ့အလုပ်အကျွေးဖြစ်မှာကို သိမြင်ပြီး သိကြားမင်းက ဆေးဆရာကြီးရဲ့ကိုယ်မှာ မိုကပ်ကာ ကံကြောင့်ဖြစ်တဲ့ အနာမှတစ်ပါး အခြားအနာရောဂါဟူသမျှကို တစ်ကြိမ်ဆေးပေးကာမျှနဲ့ ပျောက်ကင်းစေနိုင်တဲ့ ဆေးဖော်စပ်နည်းကို သင်ကြားပေးတယ်။ ၇ နှစ် ပြည့်တဲ့အခါ ဇီဝကက 'ငါဟာ များများလည်း သင်ယူခဲ့တယ်၊ မြန်မြန်လည်း သင်ယူခဲ့တယ်၊ ကောင်းကောင်းလည်း မှတ်သားထားတယ်။ သင်ယူပြီးပညာတွေလည်း မမေ့ပျောက်။ ၇ နှစ်လည်း ပြည့်ခဲ့ပြီ။ ဒီဆေးပညာရပ်ဟာ ဘယ်အခါမှာ ပြီးဆုံးခြင်းသို့ ရောက်ပါ့မလဲ'လို့ အကြံဖြစ်ပြီး ဆေးဆရာကြီးထံ ချဉ်းကပ်တယ်။ 'ဆရာကြီး၊ ဒီဆေးပညာရပ်က ဘယ်အခါ ပြီးဆုံးပါမလဲ'လို့ မေးမြန်းတယ်။ ဆေးဆရာကြီးက 'ချစ်သား ဇီဝက၊ တူရွင်းတစ်ခုယူကာ တက္ကသိုလ်ပြည်ရဲ့အနီးပတ်ဝန်းကျင် တစ်ယူဇနာအရပ်မှာ ဆေးဖက်မဝင်တဲ့သစ်ပင် တွေရှိက ဆောင်ယူခဲ့လော'လို့ မှာကြားစေခိုင်းလိုက်တယ်။ ဇီဝကဟာ ဆေးဖက်မဝင်တဲ့ သစ်ပင်တွေကို ၄ ရက်တိုင်တိုင် ရှာဖွေပေမယ့် တစ်ပင်မှမတွေ့ရလို့ ဆေးဖက်မဝင်တဲ့သစ်ပင် တစ်ပင်မျှမရှိပါကြောင်း ပြန်ပြောတယ်။ ဆေးဆရာကြီးက 'ချစ်သား ဇီဝက၊ သင်ဟာ ဆေးပညာကို ကောင်းစွာသင်ကြားတတ်မြောက်ပေပြီ။ ဒီဆေးပညာနဲ့ အသက်မွေးနိုင်လောက်ပြီ'လို့ ပြောဆိုကာ လမ်းစာရိက္ခာ အနည်းငယ်ပေးပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်ခွင့်ပြုလိုက်တယ်။

ဆေးဆရာကြီးက နှမြောတွန့်တိုလို့၊ ပစ္စည်းဥစ္စာချို့တဲ့လို့ လမ်းစာရိက္ခာ အနည်းငယ်ပေးလိုက်တာ မဟုတ်ပါ။ ကောင်းမြတ်တဲ့ ရည်ရွယ်ချက်နဲ့ ပေးလိုက်တာဖြစ်ပါတယ်။ 'ဇီဝကဟာ အမျိုးမြတ်ရဲ့သားဖြစ်တယ်။ ရာဇဂြိုဟ်ပြည် ပြန်ရောက်တဲ့အခါ အဖ၊ အဖိုးတွေထံမှ ဆုလာဘ်များစွာ ရလိမ့်မယ်။ အဲဒီလိုရတဲ့အခါ ဆရာရဲ့ဂုဏ်ကျေးဇူးကို

www.dhammaransi.com



ရော၊ ဆေးပညာရဲ့ဂုဏ်ကျေးဇူးကိုပါ သိမြင်မှာ မဟုတ်။ လမ်းခုလတ်မှာ ရိက္ခာပြတ်ပြီး ဆေးပညာရပ်နဲ့ လမ်းစာရိက္ခာ ရှာဖွေသွားတဲ့အခါ ဆရာရဲ့ဂုဏ်ကျေးဇူးနဲ့ ဆေးပညာရဲ့ကျေးဇူးကို ကောင်းမွန်စွာသိမြင်လိမ့်မယ်'လို့ ရည်ရွယ်ကာ ရိက္ခာအနည်းငယ် ပေးလိုက်တာ ဖြစ်တယ်။

(ဝိ၊ ၃၊ ၃၇၇၊ ဝိ၊ ဋ္ဌ၊ ၃၊ ၃၉၆)

ဇီဝကဟာ ဆရာပေးလိုက်တဲ့ရိက္ခာအနည်းငယ်ကို ယူဆောင်ပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့တယ်။ လမ်းခရီးတစ်ထောက် သာကေတမြို့အရောက်မှာ လမ်းစာရိက္ခာပြတ်သွားတယ်။ ၇ နှစ်ကြာ စွဲကပ်နေတဲ့ ခေါင်းကိုက်ရောဂါရှင် သာကေတသူဌေးကတော်၊ ဂရင်ဂျီနာ စွဲကပ်နေတဲ့ ဗိမ္ဗိသာရဘုရင်၊ ၇ နှစ်ကြာ စွဲကပ်နေတဲ့ ခေါင်းကိုက်ရောဂါရှင် ရာဇဂြိုဟ်သူဌေး၊ အူထုံးနေတဲ့ ဗာရာဏသီသူဌေးသား၊ အရေအဆင်းဖျော့တော့တဲ့ ရောဂါရှင် စဏ္ဍပဇ္ဇောတမင်းတွေရဲ့ ရောဂါတွေကို ပျောက်ကင်းသွားအောင် ကုသပေးလို့ အသပြာများစွာနဲ့ အခြားပစ္စည်းတွေကို ရပါတယ်။ (ဝိ၊ ၃၊ ၃၈၀ စသည်။)

ဇီဝကဟာ ဘုရားရှင်ရဲ့ လေ၊ သလိပ်၊ သည်းခြေများတဲ့ရောဂါကိုလည်း ဆေးတွေနဲ့ ထုံမွမ်းထားတဲ့ ကြာ ၃ လက်ကို နမ်းရှူစေကာ မှုနဲ့ ဝမ်းလျှောစေကာ ပျောက်ကင်းစေပါတယ်။ (ဝိ၊ ၃၊ ၃၉၀)

ဒေဝဒတ်ဟာ ဘုရားရှင်ကို အသေသတ်ရန်အကြံနဲ့ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်မောင်းဆင်ကာ ကျောက်တုံးကို လှိမ့်ချစဉ်က ဘုရားရှင်ရဲ့ခြေတော်မှာ ကျောက်ခဲထိမှန်တဲ့ အနာကိုလည်း ဇီဝကက ဓားငယ်နဲ့ခွဲပြီး မကောင်းတဲ့သွေးသားတွေကို ထုတ်ပစ်ကာ ဆေးတစ်ကြိမ် စည်းပေးကာမှုနဲ့ ပျောက်ကင်းစေပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၈၂) (ဇာတ်၊ ဋ္ဌ၊ ၅၊ ၃၅၅)

ဇီဝကဟာ စဏ္ဍပဇ္ဇောတမင်းထံက ရတဲ့ ပုဆိုးအစုံတစ်ထောင်နဲ့တကွ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ယူဆောင်ကာ ဘုရားရှင်ထံသွား

www.dhammaransi.com



ပြီး 'မြတ်စွာဘုရား၊ တပည့်တော်ရဲ့အဖိုးများစွာ ထိုက်တန်တဲ့ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ခံယူတော်မူပါ။ ရဟန်းသံဃာတို့အားလည်း လူဒါယကာတွေ လှူဒါန်းတဲ့သင်္ကန်းကို ခွင့်ပြုတော်မူပါ'လို့ လျှောက်ထားကာ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ဘုရားရှင်အား လှူဒါန်းပြီးကျန်တဲ့ပုဆိုးအစုံ တစ်ထောင်ကို သံဃာတော်အား လှူဒါန်းတယ်။ ဘုရားရှင်က ဇီဝက လှူဒါန်းတဲ့ သိဝိတိုင်းဖြစ်ပုဆိုးတစ်စုံကို ခံယူတော်မူပြီး ရဟန်းသံဃာအားလည်း လူဒါယကာတို့ လှူဒါန်းတဲ့ သင်္ကန်းကို ခွင့်ပြုတော်မူတယ်။ မှန်တယ်။ ဘုရားဖြစ်သည်ကစပြီး ဝါတော် ၂၀ ရသည့်တိုင်အောင် ဘုရားရှင်နဲ့တကွ ရဟန်းသံဃာတွေဟာ ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်ကြတယ်။ လူဒါယကာတွေ လှူဒါန်းတဲ့သင်္ကန်းကို မဝတ်ရုံ၊ မသုံးဆောင်ကြ။ ဝါတော် ၂၀ ကျော်မှ ဇီဝကရဲ့တောင်းပန်လျှောက်ထားချက်အရ ရဟန်းသံဃာတို့အား လူဒါယကာတွေ လှူတဲ့သင်္ကန်းကို ခွင့်ပြုတယ်။ အဲဒီအခါကစပြီး လူဒါယကာတွေလည်း သင်္ကန်းလှူခွင့် ရကြတယ်။ သင်္ကန်းအနုမောဒနာစကား ဟောကြားပြီး အဆုံးမှာ ဇီဝကဟာ သောတာပန်ဖြစ်တယ်။

(ဝိ၊ ၃၊ ၃၉၂။ ဝိ၊ ဋ္ဌ၊ ၃၊ ၄၀၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၂၃။ အံ၊ ဋ္ဌ၊ ၁။ ၃၀၇)

ဇီဝကဟာ ကာသိမင်း ပို့ပေးတဲ့ ကမ္ဗလာထည်ကိုလည်း ဘုရားရှင်အား လှူဒါန်းရာ ဘုရားရှင်က ကမ္ဗလာထည်ကို ခံယူတော်မူကာ ရဟန်းသံဃာတို့အားလည်း ကမ္ဗလာသင်္ကန်းခွင့်ပြုတယ်။

(ဝိ၊ ၃၊ ၃၉၃)

ဇီဝကဟာ လိုဏ်၊ မဏ္ဍပ်၊ ကုဋီစတဲ့ အခြံအရံကျောင်းတွေနဲ့တကွ ဘုရားရှင်အတွက် ဂန္ဓကုဋီတိုက် ဆောက်လုပ်ကာ ၁၈ တောင်အမြင့်ဆောင်တဲ့ ကြေးနီရောင် တံတိုင်းကာရံကာ မိမိပိုင်သရက်ဥယျာဉ်ကို ဘုရားအမှူးရှိတဲ့ သံဃာအား လှူဒါန်းတယ်။

(ဒီ၊ ဋ္ဌ၊ ၁၊ ၁၂၃။ မ၊ ဋ္ဌ၊ ၃၊ ၃၂)

www.dhammaransi.com



ဘုရားလက်ထက်က အနာကြီး ၅ မျိုးရှိကြသူတွေဟာ ဇီဝက ထံ ဆေးကုသခွင့်မရကြလို့ သာသနာ့ဘောင် ဝင်ရောက်ကာ ရှင်ရဟန်း ပြုကြတယ်။ အနာရောဂါပျောက်တော့ လူထွက်သွားကြတယ်။ အဲဒါကို ဇီဝကက သိမြင်လို့ အနာကြီး ၅ မျိုးထဲက တစ်မျိုးမျိုးရှိသူကို ရှင် ရဟန်းပြုခွင့် မပေးဖို့ ဘုရားရှင်အား လျှောက်ထားတယ်။ ဘုရားရှင်က ဇီဝက လျှောက်ထားတောင်းပန်မှုကို အကြောင်းပြုပြီး အနာကြီး ၅ မျိုး ရှိသူကို ရှင် ရဟန်းပြုခွင့် ပယ်မြစ်တယ်။ (ဝိ၊ ၃၊ ၁၀၈)

ဘုရားရှင်က ဇီဝက လျှောက်ထားမှုကို အကြောင်းပြုပြီး ရဟန်း တွေအား စင်္ကြံသွားခြင်း၊ ဇရုံးအိမ်အသုံးပြုခြင်းကို ခွင့်ပြုတယ်။ (ဝိ၊ ၄၊ ၂၅၆)

ဇီဝကဟာ ပုဂ္ဂိုလ်ကို ကြည်ညိုသူတွေထဲမှာ အကြည်ညိုဆုံး လူ ဥပါသကာအဖြစ် ဘုရားရှင်ရဲ့သတ်မှတ်ချီးကျူးခြင်းကို ခံရတယ်။ (အံ၊ ၁၊ ၂၇။ အံ၊ ဋ္ဌ၊ ၁၊ ၃၀၆)

www.dhammaransi.com

# အနာထပိဏ်

ကိုးကွယ်ရာမဲ့သူတွေအား ထမင်းပေးတတ်လို့ ‘အနာထပိဏ္ဍိက၊ အနာထပိဏ်’လို့ ခေါ်ပါတယ်။ ဒါနမှာ မွေ့လျော်တဲ့ဥပါသကာတွေထဲမှာ အမြတ်ဆုံးလို့ ဘုရားရှင် သတ်မှတ်ချီးကျူးခံရတဲ့ သာဝတ္ထိပြည်သား၊ ဇေတဝန်ကျောင်းဒါယကာ သူဌေးဖြစ်ပါတယ်။ ငယ်နာမည်က သုဒတ္တ ဖြစ်ပါတယ်။

အချို့နေရာတွေမှာ ဒီသူဌေးကြီးကို စူဠအနာထပိဏ်နဲ့ ကွဲပြားအောင် မဟာအနာထပိဏ်လို့လည်း ခေါ်ပါတယ်။

(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၉၂။ ဇာတ်၊ ဋ္ဌ၊ ၁၊ ၁၆၉)

ဒီသူဌေးကြီးက သာဝတ္ထိပြည် သုမနသူဌေးရဲ့သား ဖြစ်တယ်။

(အံ၊ ဋ္ဌ၊ ၁၊ ၂၉၅။ ထေရ၊ ဋ္ဌ၊ ၁၊ ၂၇)

သုဘူတိမထေရ်ရဲ့ အစ်ကိုလည်း ဖြစ်တယ်။

(ထေရ၊ ဋ္ဌ၊ ၁၊ ၂၇)

သူဌေးကြီးရဲ့ဇနီးက ပုညလက္ခဏာဒေဝီ ဖြစ်တယ်။

(ဇာတ်၊ ဋ္ဌ၊ ၂၊ ၃၆၈။ ဇာတ်၊ ဋ္ဌ၊ ၃၊ ၄၁၃)

အနာထပိဏ်သူဌေးကြီးရဲ့ဇနီးက ရာဇဂြိုဟ်သူဌေးရဲ့ နှမဖြစ်ပြီး ရာဇဂြိုဟ်သူဌေးရဲ့ဇနီးက အနာထပိဏ်သူဌေးကြီးရဲ့ နှမဖြစ်ပြန်လို့ သူဌေးနှစ်ဦးဟာ နှမပေး၊ နှမယူ သမီးယောက်ဖတော်စပ်ကြတယ်။

(ဝိ၊ ၄၊ ၃၀၁။ သံ၊ ဋ္ဌ၊ ၁၊ ၂၈၅။ သာရတ္ထ၊ ၃၊ ၃၉၆)

အနာထပိဏ်မှာ ကာလမည်တဲ့ သားတစ်ယောက်နဲ့ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ ဆိုတဲ့ သမီး ၃ ယောက်ရှိတယ်။

(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၂၃။ ၂၉၀၊ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၇)

www.dhammaransi.com



သုဇာတာမည်တဲ့ ချွေးမတစ်ယောက်လည်း ရှိတယ်။ သုဇာတာက ဝိသာခါရဲ့ညီမဖြစ်တယ်။ သုဇာတာကို အကြောင်းပြုပြီး ဘုရားရှင်က မယား ၇ မျိုး ဟောခဲ့ပါတယ်။ (အံ၊ ၂၊ ၄၆၇။ ဇာတ်၊ ဋ္ဌ၊ ၂၊ ၃၁၃)

သမီးမွှေးတဲ့ မြေးတစ်ယောက်ရှိတယ်။ (ပေတ၊ ဋ္ဌ၊ ၁၅)

အမည်မပါတဲ့ တူတစ်ယောက်ရှိတယ်။ (ဇာတ်၊ ဋ္ဌ၊ ၂၊ ၃၈၈)

ခေမကမည်တဲ့ တူတစ်ယောက်ရှိတယ်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၃၀၀)

ပုဏ္ဏာ (ပုဏ္ဏိကာ) ထေရီဖြစ်လာတဲ့ ပုဏ္ဏာကျွန်မ။

(မ၊ ဋ္ဌ၊ ၂၊ ၄၂။ ထေရီ၊ ၄၀၆။ အပ၊ ၂၊ ၂၉၃)

ကျည်ပွေ့နဲ့ ယင်ကောင်ကိုမောင်းကာ အမိကိုသေစေတဲ့ ရောဟိဏီကျွန်မနဲ့အခြားအမည်မပါတဲ့ ကျွန်မလို့ ထင်ရှားတဲ့ ကျွန်မ ၃ ယောက်ရှိတယ်။ (ဇာတ်၊ ဋ္ဌ၊ ၁၊ ၂၆၆။ ဇာတ်၊ ဋ္ဌ၊ ၃၊ ၄၁၃)

အနာထပိဏ်ရဲ့ မိတ်ဆွေတွေထဲမှာ ဥဂ္ဂသူဌေး။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂၉၀) နဲ့ ကာဠကဏ္ဏီ (ဇာတ်၊ ဋ္ဌ၊ ၁၊ ၃၈၅) တို့လည်း ပါဝင်ကြတယ်။ သူဌေးကြီးရဲ့ နွားအပေါင်းကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ နန္ဒလည်း ပါတယ်။ နန္ဒဟာ ဘုရားရှင်တရားတော်ကို နာရပြီး သောတာပန်ဖြစ်ကာ မကြာမီမှာပဲ မုဆိုးတစ်ယောက်ရဲ့လက်ချက်နဲ့ သေရတယ်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၀၅)

အနာထပိဏ်ဟာ သူ့ယောက်ဖဖြစ်တဲ့ ရာဇဂြိုဟ်သူဌေးရှိရာ ရာဇဂြိုဟ်ပြည်သို့ ကုန်သွယ်မှုကိစ္စနဲ့ လာခဲ့ရာ ရာဇဂြိုဟ်မှာ သီတင်းသုံးတော်မူလျက်ရှိတဲ့ ဘုရားရှင်နဲ့ ပထမအကြိမ်တွေ့ပြီး သောတာပန်အဖြစ်ကို ရောက်တယ်။

(ဝိ၊ ၄၊ ၃၀၁။ သံ၊ ၁၊ ၂၁၃။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၅။ ဇာတ်၊ ဋ္ဌ၊ ၁၊ ၁၀၈)

အဲဒီကနောက် သာဝတ္ထိပြည်ကို ပြန်ကာ ဇေတမင်းသားရဲ့ ဥယျာဉ်မြေကို ဝယ်ပြီး ဇေတဝန်ကျောင်းတော်ဆောက်ကာ ဘုရားအမှူးရှိတဲ့ သံဃာအား လှူတယ်။

(ဝိ၊ ၄၊ ၃၀၆။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၅။ ဇာတ်၊ ဋ္ဌ၊ ၁၊ ၁၀၈)

www.dhammaransi.com



အနာထပိဏ်ဟာ ဇေတဝန်ကျောင်းတော်နဲ့စပ်ပြီး ၅၄ ကုဋေသော အသပြာတွေကို စွန့်လွှတ်ပြီး နေ့စဉ်လည်း ရဟန်းသံဃာတွေအား ပစ္စည်း ၄ ပါးတွေကို ရက်ရောစွာ လှူတယ်။ အဲဒီလိုလှူလို့ အခါတစ်ပါးမှာ ဘုရားရှင်က ဒါနမှာ မွေ့လျော်တဲ့ ဥပါသကာတွေထဲမှာ အမြတ်ဆုံးဘွဲ့ကို ပေးတော်မူတယ်။ နေ့တိုင်း စာရေးတံမဲနဲ့လှူတဲ့ ဆွမ်း ၅၀၀၊ လဆန်း၊ လဆုတ်မှာ လှူတဲ့ဆွမ်း ၅၀၀၊ စာရေးတံမဲနဲ့လှူတဲ့ ယာဂု ၅၀၀၊ လဆန်း လဆုတ်မှာလှူတဲ့ ယာဂုအလှူ ၅၀၀၊ အမြဲလှူတဲ့ ဆွမ်း ၅၀၀၊ အာဂန္တုတွေအတွက် ဆွမ်း ၅၀၀၊ ခရီးသွားသူတွေအတွက် ဆွမ်း ၅၀၀၊ မကျန်းမာသူတွေအတွက် ဆွမ်း ၅၀၀၊ မကျန်းမာသူကို ပြုစုသူတွေအတွက် ဆွမ်း ၅၀၀ တွေကို လှူတယ်။ အိမ်မှာ နေရာ ၅၀ ကို အမြဲခင်းထားတယ်။ (အံ၊ ဋ္ဌ၊ ၁၊ ၂၉၆)

အနာထပိဏ်ဟာ ကာသိတိုင်းမှာရှိတဲ့ သူ့အလုပ်သမားရွာမှာလည်း လာသမျှသော အာဂန္တုရဟန်းတွေအတွက် ဆွမ်းဝတ်ကို တည်ထားတယ်။ (ဓိ၊ ၂၊ ၂၁၁)

အိမ်မှာလည်း နေ့စဉ် ရဟန်း ၂၀၀၀ တို့အား ဆွမ်းလှူတယ်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၇)

အဲဒီလို များစွာလှူဒါန်းလို့ တစ်ခါမှာ သူဌေးကြီး မွဲသွားဖူးတယ်။ မွဲပေမယ့် တတ်နိုင်သမျှ ဆန်ကွဲထမင်းနဲ့ ပအုံးရည်ကိုပင် လှူတယ်။ အဲဒီလိုလှူရတဲ့အတွက် စိတ်မကောင်းဖြစ်ရာ ဘုရားရှင်က ဝေလာမသုတ်ကို ဟောပြီး စိတ်သက်သာရာ ရစေဖူးပါတယ်။

(အံ၊ ၃၊ ၁၉၇။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၇။ ဇာတ်၊ ဋ္ဌ၊ ၁၊ ၂၄၃)

ရံခါ အဲဒီထက်အလွန် ဘုရားရှင်ထံ ဆည်းကပ်ရန်ရောက်ပေမယ့် ပြဿနာမေးလျှောက်လို့ ဖြေရရင် ဘုရားရှင် ပင်ပန်းတော်မူမှာစိုးလို့ မေးလျှောက်မှု မပြု။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃)

ဒါပေမဲ့ သူဌေးကြီး မေးလျှောက်လို့ ဘုရားရှင်က သုတ်တိုတစ်သုတ်ကို ဟောတော်မူရတာလည်း ရှိပါသေးတယ်။ (အံ၊ ၁၊ ၆၄)

www.dhammaransi.com



ဥဂ္ဂသူဌေးက သူ့ရဲ့သားအတွက် အနာထပိဏ်ရဲ့သမီး စူဠ သုဘဒ္ဒါကို တောင်းရမ်းပြောဆိုတဲ့အခါ ဥဂ္ဂသူဌေးက မိစ္ဆာဒိဋ္ဌိ (ဘာသာခြား အယူမှားသူ) ဖြစ်နေလို့ ဘုရားရှင်ထံ သြဝါဒခံယူဖူးတယ်။

(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂၉၁)

အနာထပိဏ်ဟာ မိတ်ဆွေအပေါင်းအသင်းလည်း ပေါများပြီး ယုံကြည်ထိုက်တဲ့စကားရှိသူ ဩဇာညောင်းသူလည်း ဖြစ်တယ်။

(ဝိ၊ ၄၊ ၃၀၆)

ဒါကြောင့်ပဲ ကုမာရကဿပရဲ့ မယ်တော်ဘိက္ခုနီရဲ့ ကိုယ်ဝန်ကိစ္စကို ရှင်းလင်းဆုံးဖြတ်ရာမှာ ဘုရားရှင်က ခေါ်ယူစည်းဝေးစေအပ်တဲ့ ကောသလမင်းကြီးအမှူးရှိတဲ့ပရိသတ်မှာ သူဌေးကြီးလည်း တစ်ယောက်အပါအဝင်ဖြစ်တယ်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၉၂) (ဇာတ်၊ ဋ္ဌ၊ ၁၊ ၁၆၅)

သူဌေးကြီးဟာ ဘုရားရှင်အပေါ် မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းစတဲ့ ဂုဏ် ၆ ပါးနဲ့လည်း ပြည့်စုံတယ်။ (အံ၊ ၂၊ ၃၉၂)

သာဝတ္ထိပြည်မှာ အခြားအရပ်သို့ ဘုရားရှင် ခရီးထွက်ရင် ဘုရားရှင်ကိုယ်စား ကိုးကွယ်ဖို့ တစ်စုံတစ်ခုပြုလုပ်ပေးရန် အရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်အား လျှောက်ထားပြီး ဘုရားရှင် ခွင့်ပြုချက်အရ ဇေတဝန်ကျောင်းတံခါးနားမှာ မူလဗောဓိပင်မှ ဗောဓိစေ့မှည့်ကို စိုက်ပျိုးရာ ကောသလမင်းကြီးရဲ့ စေခိုင်းချက်အရ သူဌေးကြီးက စိုက်ပျိုးရတယ်။ (ဇာတ်၊ ဋ္ဌ၊ ၄၊ ၂၂၈)

ခိုက်ရန်ငြင်းခုံပြုတတ်တဲ့ ကောသမ္ဗီပြည်သား ရဟန်းတွေ သာဝတ္ထိပြည်ရောက်အလာမှာ အဲဒီရဟန်းတွေအပေါ် ဘယ်လိုပြုကျင့်ရမှာ မသိလို့ အနာထပိဏ်က ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ၂ ဖက်လုံးမှာပဲ အလှူပေး၊ တရားနာပြုလုပ်ပြီးမှ ဓမ္မဝါဒီဖြစ်တဲ့ ရဟန်းတွေရဲ့ အယူကို နှစ်သက်ကျေနပ်လက်ခံရန် သြဝါဒပေးဖူးတယ်။

(ဝိ၊ ၃၊ ၅၀၄)

www.dhammaransi.com



နန္ဒောပနန္ဒနဂါးကြီးကို အရှင်မဟာမောဂ္ဂလ္လာန် ဆုံးမအပြီး မူလပင့်လျှောက်ချက်အတိုင်း သူဌေးကြီးအိမ်ကို ဘုရားအမှူးရှိတဲ့ ရဟန်း ၅၀၀ ဆွမ်းစားကြွရာမှာ အကျိုးအကြောင်းကို သိရလို့ ၇ ရက်ပတ်လုံး အခြားမရှိ သူ့အိမ်မှာပဲ ဆွမ်းအလှူခံရန် ပင့်လျှောက်ပြီး ဘုရားအမှူးရှိတဲ့ ရဟန်း ၅၀၀ အား ကြီးစွာသော ပူဇော်မှုကို ပြုတယ်။

(ဝိသုဒ္ဓိ၊ ၂၊ ၃၀)

သူဌေးကြီးဟာ ဝါဒဆိုင်ရာ အခြေအတင် ပြောရာမှာလည်း လိမ္မာကျွမ်းကျင်တယ်။ တစ်ခါမှာ ပရိဗိုဇ်တွေနဲ့ ဝါဒရေးရာ အခြေအတင် ပြောရာ သူဌေးကြီးက အနိုင်ရခဲ့လို့ ဘုရားရှင်အား ပြန်လည်လျှောက်ထားတဲ့အခါ ဘုရားရှင်က ချီးကျူးစကား မိန့်ကြားတော်မူတယ်။

(အံ၊ ၃၊ ၄၀၆)

သူဌေးကြီးဟာ နာမကျန်းဖြစ်လာရင် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာတို့ကို ပင့်ပြီး တရားနာယူလေ့ရှိတယ်။ (သံ၊ ၃၊ ၃၃၂)

သူဌေးကြီးဟာ ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ ကွယ်လွန်တယ်။ နာမကျန်းလို့ အပြင်းအထန် ဝေဒနာခံစားနေရစဉ် အပင့်လွှတ်လို့ အရှင်အာနန္ဒာနဲ့အတူ အရှင်သာရိပုတ္တရာကြွကာ အနာထပိဏ္ဍိကောဝါဒသုတ်ကိုဟောပြီး နှစ်သိမ့်စေရတယ်။ အဲဒီကနောက် မကြာမီပဲ စုတေကာ တုသိတာနတ်ပြည်မှာ အနာထပိဏ်ဖြစ်တယ်။ အဲဒီလို နတ်သားဖြစ်ပြီးနောက် ဘုရားရှင်ထံလာပြီး ဇေတဝန်ကျောင်းစသည်ကို ချီးမွမ်းတဲ့ဂါထာတွေကို လျှောက်တယ်။ (မ၊ ၃၊ ၃၀၁။ သံ၊ ၁၊ ၃၁၊ ၅၃)

သူဌေးကြီးဟာ သိကြားမင်း၊ ဝိသာခါတို့လို ဝဋ်မှာပျော်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သုဒ္ဓါဝါသဘုံမှာ ဘုံစဉ်စံပြီး အကနိဋ္ဌဘုံမှာ ပရိနိဗ္ဗာန်ပြုပါလိမ့်မယ်။ (ဒီ၊ ဋ၊ ၂၊ ၃၃၂။ အဘိ၊ ဋ၊ ၃၊ ၄၇)

www.dhammaransi.com

# ငါဟဲ့ အာဠဝက

အာဠဝီမြို့ကို ထိုးနှန်းအုပ်ချုပ် မင်းလုပ်နေတဲ့ အာဠဝကမင်းဟာ သူခိုး၊ ဓားပြ၊ သူပုန်တွေကိုရော ရန်ပြုလိုတဲ့မင်းတွေကိုပါ တားဆီးပြီးသား ဖြစ်စေရန်နဲ့ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးရစေရန် ရည်သန်ပြီး ၇ ရက် တစ်ကြိမ်ကျ စစ်တပ်နဲ့အတူ တောကစားထွက်လေ့ရှိတယ်။ အခါ တစ်ပါးမှာ ထုံးစံအတိုင်း တောလည်ထွက်ခဲ့ရာ သမင်တစ်ကောင်ကို ဝိုင်းမိကြတယ်။ 'ကိုယ့်ဘက်မှထွက်ရင် ကိုယ့်တာ'ဆိုတဲ့ ကတိစကား ထားပြီး ဝိုင်းရံနေတုန်း သမင်က ဘုရင့်ဘက်က ထွက်ပြေးလွတ် မြောက်သွားတယ်။ ဘုရင်က သမင်နောက်သို့ လေးကိုထမ်းပြီး ပြေး လိုက်တယ်။ ၃ ယူဇနာလောက် လိုက်မိတဲ့အခါ သမင်ကို ရတယ်။ သက်သေခံပြနိုင်ဖို့ သမင်ကို သတ်ပြီး နှစ်ပိုင်းပိုင်းကာ ထမ်းပိုးနဲ့ ရှေ့နောက်ထမ်းပြီး ပြန်ခဲ့တယ်။

အာဠဝီမြို့နဲ့ တစ်ဂါဝုတ်ခရီးအကွာလောက် ရောက်တဲ့အခါ တစ်ခဲနက် ပိတ်သည်းထူထပ်တဲ့ အရွက်တွေကြောင့် အရိပ်ကောင်းလှတဲ့ ညောင်ပင်ကြီးတစ်ပင်ကို တွေ့ရတယ်။ အမောအပန်းဖြေဖို့ ညောင်ပင် ရင်းမှာ သမင်ကိုချပြီး ခေတ္တအနားယူနေတယ်။ အဲဒီအခိုက် ဘီလူး တစ်ကောင်က ဘုရင်ကိုရော သမင်ကိုပါ စားမယ့်အသွင်နဲ့ ညောင်ပင်မှ ဆင်းလာတယ်။ အဲဒီဘီလူးကား ဝေဿဝဏ်နတ်မင်းကြီးထံမှ အဲဒီ ညောင်ပင်က ဘုံဗိမာန်ရပြီး မွန်းတည့်ချိန်မှာ အဲဒီသစ်ပင်ရဲ့အရိပ် ထိရာအရပ်ကို ဝင်လာတဲ့သတ္တဝါတွေကို စားပြီးနေတယ်။ ဘီလူးက ဘုရင်ကို မြင်ပြီး စားဖို့ချဉ်းကပ်လာတယ်။ ရှင်ဘုရင်က ဘီလူးနဲ့အတူ

www.dhammaransi.com



'ငါ့ကိုလွှတ်ပါ၊ ငါဟာ သင့်အတွက် နေ့တိုင်းနေ့တိုင်း လူနဲ့ထမင်းအုပ်ကို ပို့ပါမယ်' လို့ ကတိကဝတ်ပြုတယ်။ ဘီလူးက 'သင်က ရှင်ဘုရင့် စည်းစိမ်နဲ့ မေ့လျော့ကာ သတိမရရှိလိမ့်မယ်၊ ငါကတော့ ဘုံဗိမာန်သို့ မချဉ်းကပ်သူကိုရော ခွင့်ပြုမထားသူကိုပါ စားခွင့်မရ။ ငါဟာ သင် ရှင်ဘုရင်ကို လက်လွှတ်သွားနိုင်တယ်'လို့ ပြောကာ မလွှတ်ပါ။ ရှင်ဘုရင် က 'ငါ အပို့မလွှတ်တဲ့နေ့မှာ ငါ့ကိုဖမ်းယူပြီး စားပါ'လို့ မိမိကိုယ်ကို ခွင့်ပြုကာ ဘီလူးက လွှတ်လို့ မြို့ဆီသွားပါတယ်။

ဘုရင်က မြို့ကိုပြန်ရောက်တဲ့အခါ မှူးကြီးမတ်ရာ သေနာပတိ စသူတို့အား ဒီအကြောင်းကို ပြောမပြ။ မြို့တော်ဝန်ကိုသာ တစ်ဦးတည်း ခေါ်ပြီး အကျိုးအကြောင်းကို ပြောပြတိုင်ပင်တယ်။ မြို့တော်ဝန်က 'အရှင်မင်းမြတ်၊ ဘယ်လောက်ကြာအောင် ပို့ဆောင်ပါမယ်'လို့ အချိန် အပိုင်းအခြား ထားခဲ့ပါသလား' လို့ မေးရာ 'မထားမိခဲ့ကြောင်း ဘုရင်က ဝန်ခံပြောဆိုတယ်။ 'အရှင်မင်းမြတ်၊ အဲဒီလို အချိန်အပိုင်းအခြား ရက် အကန့်အသတ်မထားခဲ့တာကတော့ မကောင်းပါ။ ဒါပေမဲ့ ဒီကိစ္စကို အကျွန်ုပ်ပဲ ကြည့်ရှုစီစဉ်ပါမယ်'လို့ သံတော်ဦးတင်ကာ အဲဒီနေ့ကစပြီး ခိုးသားထောင်မှ အကျဉ်းကျခံနေရသူ ခိုးသားတစ်ယောက်ကို နေ့စဉ် ထမင်းအုပ်နဲ့တကွ ဘီလူးထံပို့စေပါတယ်။ ဘီလူးလည်း ရောက်လာသမျှ လူနဲ့တကွ ထမင်းအုပ်ကို စားတယ်။ ဘီလူးရဲ့အစွမ်းကြောင့် လူ့ခန္ဓာ ကိုယ်တင်ခုလုံးဟာ ဆီဦးအဆိုင်လို နူးညံ့ပျော့ပျောင်းသွားတယ်။

အကျဉ်းထောင်မှာ ခိုးသူတွေ ကုန်သွားတဲ့အခါ မြို့တော်ဝန်က ဘုရင်ရဲ့ညွှန်ကြားချက်အရ လမ်းဆုံလမ်းမ လမ်းလေးခွတွေမှာ ရွှေတို ငွေစတွေကို စွန့်ပစ်ချထားတယ်။ လမ်းဘေးချောင်ကျကျနေရာတွေမှာ လည်း မင်းမှုထမ်းတွေကို စောင့်ကြည့်နေစေတယ်။ တစ်စုံတစ်ယောက် က အဲဒီရွှေတိုငွေစကို ကောက်ယူခဲ့ရင် သူခိုးလို့ စွပ်စွဲပြီး ဖမ်းဆီး ထောင်ချကာ ဘီလူးထံပို့ရန်ဖြစ်တယ်။ ဒါပေမဲ့ အဲဒီရွှေငွေတွေကို

www.dhammaransi.com



ခြေနဲ့တောင် တို့ဝံ့ထိဝံ့သူ မရှိ။ လူအားလုံးဟာ ခိုးသားတွေကို ဖမ်းမိရင် ဘီလူးစာကျွေးကြောင်းကို ကောင်းကောင်းကြီးသိနေကြပြီး ဖြစ်တယ်။

ခိုးသား၊ ဓားပြစတဲ့ အကျဉ်းသားတွေကို ဘယ်လိုနည်းနဲ့မှ မရနိုင်တဲ့အခါ အဘိုးအို၊ အဘွားအိုတွေကို အလှည့်ကျပို့ဖို့ အမတ်တွေက စီစဉ်ကြတယ်။ အဲဒီအကြံကို တိုင်းပြည်မငြိမ်မသက် ဆူဆူပူပူ ဖြစ်နိုင်လို့ ဘုရင်က ခွင့်မပြုပါ။ နောက်ဆုံးမှာ နို့စို့အရွယ် ကလေးငယ်တွေကို အလှည့်ကျပို့ဖို့ စီမံကြရတယ်။ အဲဒီသတင်းကို ကြားရတဲ့ ကလေးငယ်ရှိသူ၊ ကိုယ်ဝန်ရှိသူ မိခင်တွေက တိုင်းတစ်ပါးကို ထွက်ပြေးကြတယ်။ ကလေးတွေ ကြီးရင့်လာမှသာ မိမိတို့မြို့ရွာကို ပြန်လာကြတယ်။

တစ်နေ့မှာ တစ်မြို့လုံး လှည့်လည်ရှာဖွေပေမယ့် နို့စို့အရွယ် ကလေးငယ်ကို တစ်ယောက်တစ်လေမှ မရကြတော့။ ဘုရင့်သားတော် အာဠဝက မင်းသားလေးတစ်ယောက်သာ မြို့မှာ ကျန်ရှိတော့တယ်။ ဒါကြောင့် အဲဒီအကြောင်းကို ဘုရင်အား သံတော်ဦးတင်ကြတယ်။ ဘုရင်လည်း မိမိအသက်ထက် သားအသက်ကို မချစ်နိုင်တော့လို့ မိမိသားတော်လေးကိုပဲ အဲဒီနေ့မှာပို့ဖို့ စီမံရတော့တယ်။ အာဠဝက မင်းသားလေးကို ပို့ဆောင်ဖို့ စီမံထားရာနေ့မှာ ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါတွေကို ရှာဖွေတော်မူတဲ့ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်မှာ မင်းသားလေးနဲ့ အာဠဝကဘီလူးတို့ ထင်လာကြတယ်။ မင်းသားလေးရဲ့ အနာဂါမိမဂ်၊ ဖိုလ်တိုင်အောင် အာဠဝကဘီလူးရဲ့ သောတာပတ္တိမဂ်၊ ဖိုလ်တိုင်အောင် ရမယ့်အရေးနဲ့ ကျန်တဲ့တရားနာပရိသတ်ရဲ့ တရားထူးကို အသီးသီးရကြမယ့်အရေးကို ဘုရားရှင် မြင်တော်မူတယ်။ ဒါကြောင့် ဘုရားရှင်ဟာ လဆုတ် ၁၄ ရက်၊ နေမွန်းလွဲချိန်မှာ ကိုယ်တော်တစ်ပါးတည်း သာဝတ္ထိမြို့မှ တောင်ဘက် ယူဇနာ ၃၀

www.dhammaransi.com



ကွာဝေးတဲ့ အာဠဝီမြို့အနီးရှိ အာဠဝကဘီလူးရဲ့ ဘုံဗိမာန်ကို ကြွတော်မူတယ်။

အာဠဝကဘီလူးရဲ့ ဘုံဗိမာန်ဖြစ်တဲ့ ညောင်ပင်ကြီးကို ဘုရားရှင် ရောက်တော်မူချိန်မှာ အာဠဝကဘီလူးက ဟိမဝန္တာရှိ နတ်ဘီလူး အစည်းအဝေးသို့ သွားရောက်နေခိုက်ဖြစ်တယ်။ အာဠဝကဘီလူးရဲ့ ဗိမာန်တံခါးစောင့် ဂဒြဘမည်တဲ့ နတ်ဘီလူးက ဘုရားရှင်ကို ဗိမာန် တံခါးဆီ ကြွလာတာကို မြင်ရလို့ ခရီးဦးကြိုဆိုဝပ်ချကာ လျှောက် တယ်။

'မြတ်စွာဘုရား၊ အချိန်မဲ့မှာ ဘယ်ကိုလာပါသလဲ ဘုရား'

'ဂဒြဘ၊ ငါဘုရားဟာ ဒီဗိမာန်ကိုပဲ လာခဲ့တယ်။ သင့်မှာ ဝန်မလေးရင် ဒီနေ့တစ်ည ဒီဗိမာန်မှာ နေလိုပါတယ်'

'မြတ်စွာဘုရား၊ တပည့်တော်မှာတော့ ဝန်မလေးပါ။ ဒါပေမဲ့ ဒီဗိမာန်ရှင် အာဠဝကဘီလူးက ကြမ်းကြုတ်ခက်ထန်လှပါတယ်။ မိဘ၊ ဆရာသမားတွေကိုတောင် ရိုသေညွှတ်ကျိုး ရှိခိုးမှုစသည်တွေကို မပြု လုပ်ပါ။ မြတ်စွာဘုရားဟာ ဒီဗိမာန်မှာ နေတာကို နှစ်သက်တော်မမူပါနဲ့'

'ဂဒြဘ၊ ငါဘုရားဟာ သူ့ရဲ့သဘောကို သိပြီးဖြစ်တယ်။ ငါ့မှာ တစ်စုံတစ်ရာ အန္တရာယ်မျှ မရှိ။ သင့်မှာ ဝန်မလေးရင် ဒီနေ့တစ်ည ဒီဗိမာန်မှာ ငါနေလိုပါတယ်'

'မြတ်စွာဘုရား၊ ဒီအာဠဝကဘီလူးဟာ မီးရှိန်ရဲရဲညီးတဲ့ သံအိုး ကင်းနဲ့ တူလှပါတယ်။ ဒီလူတွေက ငါ့မိဘတွေပဲ၊ ဒီပုဂ္ဂိုလ်က သူတော် စင် ရဟန်း၊ ပုဏ္ဏားတွေပဲ၊ ဒါက တရားတော်ပဲလို့ မသိပါ။ ဒီအရပ် ရောက်လာသူတွေကို သူက စိတ်ဖောက်ပြန် ရူးသွပ်အောင်လည်း ပြုလုပ်တတ်ပါတယ်။ နှလုံးအသည်းကိုသော်လည်း ဖောက်ခွဲဖျက်ဆီး တတ်ပါတယ်။ ခြေ ၂ ချောင်းကို ကိုင်ပြီးသော်လည်း သမုဒ္ဒရာတစ်ဖက် သို့ ဖြစ်စေ၊ အခြားစကြဝဠာတစ်ခုသို့ဖြစ်စေ ပစ်လွှင့်တတ်ပါတယ်'

www.dhammaransi.com



'ဂဒြဘာ၊ ငါသိတယ်၊ သင့်မှာ ဝန်မလေးရင် ဒီနေ့တစ်ည ဒီမှာ နေလိုပါတယ်'

'မြတ်စွာဘုရား၊ တပည့်တော်မှာ ဝန်မလေးပါ။ ဒါပေမဲ့ သူ့ကို မပန်ပြောဘဲ ခွင့်ပြုတဲ့တပည့်တော်ကို သတ်တောင်သတ်နိုင်ပါတယ်။ သူ့အား တပည့်တော် ပြောပြပါရစေဘုရား'

'ဂဒြဘာ၊ ချမ်းသာသလို သင်ပြောပါ'

'မြတ်စွာဘုရား၊ ဒီလိုဆိုရင် မြတ်စွာဘုရားကိုယ်တော်တိုင်ပဲ သိတော်မူပါ'

ဂဒြဘာက ဘုရားရှင်ကို ရှိခိုးပြီး ဟိမဝန္တာဆီ ရှေ့ရှုဖဲသွားပါ တယ်။ ဗိမာန်တံခါးကလည်း ကိုယ်တိုင်ပဲ ဘုရားရှင်အား အပေါက် အကြားကို ပေးပါတယ်။ ဘုရားရှင်က ဗိမာန်တွင်းသို့ ဝင်တော်မူပြီး မင်္ဂလာနေ့ထူးရက်ထူးစသည်တွေမှာ ထိုင်ပြီး အာဋ္ဌဝကဘီလူး စည်းစိမ် ကျက်သရေခံစားရာ နတ်ရတနာပလ္လင်ပေါ်ထိုင်ကာ ရွှေရောင်အဆင်း ရှိတဲ့ ရောင်ခြည်တော်ကို လွှတ်လိုက်တယ်။ အဲဒီဝါဝါဝင်းဝင်း ရွှေရောင် အဆင်းကို မြင်ကြရတဲ့ အာဋ္ဌဝကဘီလူးရဲ့ မိဖုရားနဲ့တကွ မောင်းမမိဿံ တွေဟာ ဘုရားရှင်ရှိတော်မူရာသို့ ရောက်ကာ ဘုရားရှင်ကို ရှိခိုးဝိုင်းရံပြီး ထိုင်နေကြတယ်။

ဘုရားရှင်က အဲဒီနတ်ဘီလူးမတွေအား ရောပြွမ်းတဲ့တရားစကား ကို မိန့်ကြားတော်မူပါတယ်။

'သင်တို့ဟာ ရှေ့ဘဝက အလှူ လှူ၊ သီလဆောက်တည်၊ ပူဇော်ထိုက်သူကို ပူဇော်ပြီး ဒီစည်းစိမ်ကို ရနေကြတယ်။ အခုလည်း အရင်ဘဝကလိုပဲ ပြုလုပ်ကြပါ။ အချင်းချင်းအပေါ် ဣဿာ၊ မစ္ဆရိယ ထားကာ မနေကြပါနဲ့'

အဲဒီနတ်ဘီလူးမတွေက ဘုရားရှင်ရဲ့ ချိုမြိန်တဲ့တရားသံကို နာကြားပြီး ကောင်းချီး ၁၀၀၀ ပေးကြတယ်။ ဘုရားရှင်ကို ဝိုင်းရံပြီး

www.dhammaransi.com



ထိုင်နေကြတာပါပဲ။ ဂဒြဘကလည်း ဟိမဝန္တာကိုသွားပြီး အာဠဝကအား ပြောတယ်။

'အို အာဠဝက၊ သင်သိပါသလား၊ သင့်ဗိမာန်မှာ ဘုရားရှင် ထိုင်နေပါတယ်'

အာဠဝကက ဂဒြဘအား အမှတ်သညာပေးတယ်။

'သင် တိတ်တိတ်နေပါ၊ သွားပြီး လုပ်ထိုက်တာကို ငါလုပ်မယ်'

အာဠဝကက ယောကျ်ားမာန်ဖြင့် ရက်သွားသတဲ့။ ဒါကြောင့် ပရိသတ်အလယ်မှာ ဘယ်သူမှ မကြားပါစေနဲ့လို့ ရည်ရွယ်ကာ အဲဒီလို လုပ်ပါတယ်။ အဲဒီအခါ သာတာဂိရိနတ်၊ ဟေမဝတနတ်တွေက ဘုရား ရှင်ကို ဇေတဝန်ကျောင်းမှာပဲ ရှိခိုးပြီး နတ်ဘီလူးအစည်းအဝေးကို သွားကြမယ်လို့ ရည်ရွယ်ကာ အခြံအရံတွေနဲ့တကွ ယာဉ်အမျိုးမျိုးတွေနဲ့ ကောင်းကင်က သွားကြတယ်။ ကောင်းကင်မှာလည်း နေရာတိုင်းမှာ ဘီလူးတွေအတွက် လမ်းမရှိ။ ကောင်းကင်မှာတည်ရှိတဲ့ ဗိမာန်တွေကို ရှောင်လွှဲပြီး လမ်းတည်ရှိရာအရပ်နဲ့ပဲ လမ်းရှိတယ်။ အာဠဝကရဲ့ ဗိမာန်ကတော့ မြေမှာတည်တယ်။ ကောင်းကောင်းလုံခြုံတယ်။ တံတိုင်း တွေနဲ့ ကာရံထားတယ်။ ကောင်းကောင်းစီမံထားတဲ့ တံခါး၊ တံခါးမုခ်၊ ပစ္စင်ရှိတယ်။ အထက်မှာ ကြေးကွန်ရက်နဲ့ ဖုံးလွှမ်းထားတယ်။ သေတ္တာ နဲ့တူတယ်။ အမြင့် ၃ ယူဇနာရှိတယ်။ အဲဒီဗိမာန်ရဲ့အထက်မှာ လမ်း ရှိတယ်။ သာတာဂိရိနဲ့ ဟေမဝတနတ်တွေဟာ အဲဒီအရပ်ကို လာပြီး မသွားနိုင်ကြ။ မှန်တယ်၊ ဘုရားရှင်တွေရဲ့ထိုင်ရာ နေရာရဲ့အထက်က ဘဝဂ်တိုင်အောင် ဘယ်သူ မသွားနိုင်ပါ။ အဲဒီနတ် ၂ ဦးဟာ ဒါ ဘာလဲလို့ ဆင်ခြင်ပြီး ဘုရားရှင်ကိုမြင်ရပြီး ကောင်းကင်မှ ပစ်လိုက်တဲ့ ခဲပမာ သက်ဆင်းကာ ရှိခိုးကြတယ်။ တရားနာပြီး အရိုအသေပြုကာ 'မြတ်စွာဘုရား၊ တပည့်တော်တို့ ဘီလူးအစည်းအဝေးကို သွားကြပါ မယ်'လို့ လျှောက်တယ်။ ရတနာသုံးပါးကို ချီးမွမ်းကာ ဘီလူးအစည်း အဝေးကို သွားကြတယ်။

www.dhammaransi.com



အဲဒီနတ် ၂ ဦးက အာဠဝကကိုမြင်ပြီး 'အာဠဝက၊ သင်ဟာ အရတော်ပါပေစွ၊ သင့်ဗိမာန်မှာ ဘုရားရှင် သီတင်းသုံးနေတယ်။ မိတ်ဆွေ၊ သွားပါ၊ ဘုရားရှင်ထံ ချဉ်းကပ်ပါ'လို့ အသိပေးပြောကြားကြတယ်။ သဒ္ဓါတရားမရှိသူမှာ သဒ္ဓါတရားနဲ့စပ်တဲ့စကားဟာ နားခါးစရာစကားသာ ဖြစ်နေတတ်တယ်။ သီလမရှိသူစသည်တွေမှာလည်း သီလနဲ့စပ်တဲ့စကားစသည်ဟာ နားခါးစရာတွေသာ ဖြစ်တတ်ကြပါတယ်။ ဒါကြောင့် အဲဒီနတ်ဘီလူး ၂ ဦးထံက ဘုရားရှင်အား ချီးမွမ်းစကားကို ကြားရချင်းပဲ မီးထဲထည့်လိုက်တဲ့ ဆားခဲပမာ ကိုယ်တွင်းမှာ ဒေါသကြောင့် တပြစ်တောက်တောက်ဖြစ်ကာ ပြောပါတယ်။

'အဲဒီ ငါ့ဗိမာန်ထဲဝင်နေတဲ့ ဘုရားဆိုသူက ဘယ်သူလဲ'

'မိတ်ဆွေ အာဠဝက၊ သင်ဟာ ငါတို့ရဲ့ဘုရားရှင်ကို မသိဘူးလား။ အဲဒီဘုရားရှင်ဟာ တုသိတာဘုံမှာ ရပ်တည်ပြီး ကြည့်ခြင်းကြီး ၅ ပါးကို ကြည့်ခဲ့တယ်စသည်ဖြင့် ဓမ္မစကြာတရား ဟောတဲ့အထိ ပြောပြကြတယ်။ ပဋိသန္ဓေနေရာအခါစသည်တွေမှာ ရှေ့ပြေးနိမိတ် ၃၂ ပါးကို ပြောပြပြီး 'အာဠဝက၊ သင်ဟာ ဒီအံ့ဩဖွယ်တွေကို မတွေ့ခဲ့ဘူးလား'လို့ အပြစ်တင်ကြတယ်။ အာဠဝကက မြင်ပေမယ့်လည်း ဒေါသကြောင့် မမြင်ခဲ့ဘူးလို့ ပြောတယ်။'

'မိတ်ဆွေအာဠဝက၊ သင် မြင်မြင် မမြင်မြင်၊ သင့်မှာ ဘာအကျိုးရှိမှာလဲ။ ငါတို့ရဲ့ဆရာဘုရားကို သင်က ဘာလုပ်မှာလဲ။ သင်ဟာ ဘုရားရှင်ကိုထောက်ဆရင် လှုပ်လှုပ်ရှားရှား ဘို့ထွားထွားနဲ့ နွားလားဥသဘကြီးနားက ယနေ့မှမွေးဖွားတဲ့ နွားပေါက်စလေးနဲ့တူတယ်။ ၃ မျိုး ၃ ဆစ် အမှန်ယစ်တဲ့ ဆင်ပြောင်ကြီးနားက ဆင်ပေါက်စလေးနဲ့တူတယ်။ တင့်တယ်တောက်ပတဲ့ အမွေးနဲ့ ကိုယ်လုံးကိုယ်ထည်ရှိတဲ့ ခြင်္သေ့မင်းနားက မြေခွေးအိုနဲ့တူတယ်။ ယူဇနာ ၁၅၀ မျှ ကြီးမားတဲ့ ကိုယ်ခန္ဓာရှိတဲ့ ဂဠုန်မင်းနားက အတောင်ကျိုးပျက်တဲ့ ကျီးငှက်လေးနဲ့တူတယ်။ သွားပါ၊ သင်လုပ်ထိုက်တာကို လုပ်ပါ'

www.dhammaransi.com



အဲဒီလိုပြောလိုက်တဲ့အခါ စိတ်ဆိုးတဲ့ အာဠဝကက ထပြီး ဆေးဒါန်းမြင်းသီလာကျောက်ဖျာပေါ် လက်ဝဲခြေနဲ့ရပ်ကာ 'အခု ကြည့်ကြပါ၊ သင်တို့ရဲ့ဆရာကပဲ အစွမ်းအာနုဘော်ကြီးသလား၊ ငါကပဲ ကြီးသလား'လို့ ပြောပြီး ယူဇနာ ၆၀ လောက်ရှိတဲ့ ကေလာသတောင်ထွတ်ကို လယ်ယာခြေနဲ့ နင်းတယ်။ သံတူနဲ့ ထုနက်ခံရတဲ့ သံတွေခဲလို တောင်ထွတ်မှ ကျောက်ချပ်ကျောက်လွှာတွေဟာ ဖြာထွက်လွင့်ကျလာကြတယ်။ ကေလာသတောင်ထွတ်ပေါ် ရပ်ပြီး 'ငါဟဲ့ အာဠဝက'လို့ ကြုံးဝါးဟစ်အော်လိုက်တယ်။ အဲဒီကြုံးဝါးသံဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ပျံ့နှံ့သွားတယ်။

အာဠဝကဘီလူးဟာ သူရဲ့ဗိမာန်အနီး ရောက်လာတဲ့အခါ ဘုရားရှင် ထွက်ပြေးအောင် ရည်ရွယ်ပြီး ထိုးစစ်အမျိုးမျိုးကို ကြိုးစားပြုလုပ်တယ်။ ရှေးဦးစွာ လေမုန်တိုင်းကြီး ထစေကာ ခြောက်လှန့်တယ်။ အဲဒီလေမုန်တိုင်းကြောင့် သစ်ပင်ကြီးငယ်တွေ အမြစ်ပါကျွတ်ပြီး လဲကျကြတယ်။ တောင်ထွတ်တောင်စွယ်တွေလည်း ကွဲအက်ကျိုးပြတ်ကျတယ်။ အာဠဝီမြို့ရှိ အဆောက်အအုံတွေရဲ့ အမိုးအကာတွေ လွင့်လန်ပြိုပျက်ကုန်တယ်။ ဘုရားရှင်က 'ဘယ်သူ့ကိုမျှ ထိခိုက်မှုမရှိပါစေနဲ့' လို့ အဓိဋ္ဌာန်တော်မူတယ်။ အဲဒီလေမုန်တိုင်းတွေက ဘုရားရှင်ရဲ့ သင်္ကန်းတော်အနားကလေးကိုတောင် မလှုပ်ရှားစေနိုင်ကြ။ အဲဒီကနောက် မိုးကြီးသည်းထန်စွာ ရွာစေတယ်။ ရေနဲ့လွှမ်းမိုးနှစ်သတ်ဖို့ ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်တယ်။

အဲဒီကနောက် ကျောက်ခဲမိုး၊ ဓား၊ လှံစတဲ့ လက်နက်မိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ သဲမိုး၊ ရွှံ့ညွန်မိုးတွေကို ရွာဖြိုးသွန်ချစေပါတယ်။ အမိုက်တိုက်ကိုလည်း အကြီးအကျယ် ကျရောက်စေပါတယ်။ နောက်ဆုံးမှာ လက်နက်မျိုးစုံကိုင်ထားတဲ့ တစ္ဆေ၊ မြေဘုတ်၊ သရဲသဘက်စတဲ့ နတ်ယုတ်နတ်ကြမ်းစသူတွေပါဝင်တဲ့ စစ်တပ်ကြီးနဲ့ 'ဖမ်းကြ၊ သတ်

www.dhammaransi.com



ကြ'လို့ အော်ဟစ်ကာ ချီတက်လာကြတယ်။ ဒါပေမဲ့ ထိုးသမျှစစ်အားလုံးဟာ အရှုံးနဲ့ချည်း အဆုံးသတ်ကြရတယ်။ တကယ်တော့ ရဲရဲတောက်သံတွေခဲကို ယင်ကောင်တွေ မကပ်နိုင်သလို ဘုရားရှင်အနား မကပ်နိုင်ကြပါ။ များသောအားဖြင့် လောကဓာတ်တစ်သောင်းက နတ်တွေဟာ 'ဒီနေ့ ဘုရားရှင်က အာဠဝကဘီလူးကို ဆုံးမလိမ့်မယ်၊ အဲဒီမှာ တရားကို နာယူကြမယ်'လို့ ကြံကာ အမြန်စုဝေးကြတယ်။ စစ်ထိုးတာကို ကြည့်ရှုလိုတဲ့နတ်တွေလည်း စုဝေးကြတယ်။ အဲဒီနည်းနဲ့ ကောင်းကင်တစ်ခုလုံးဟာ နတ်တွေနဲ့ ပြည့်နေတယ်။

အဲဒီအခါ အာဠဝကဟာ ဘုရားရှင်ရဲ့အနီးအပါးမှာ အထက်အထက်မှာ လှည့်လည်ပြီး ဘွဲ့ဖြူလက်နက်ကို လွှတ်တယ်။ အဲဒီလက်နက်ဟာ မိုးကြိုးသံလို ကောင်းကင်မှာ ကြောက်မက်ဖွယ်အသံကို ပြုလုပ်ကာ အခိုး၊ မီးလျှံလွှတ်တယ်။ ဘုရားရှင်ထံရောက်ပြီး အာဠဝက မာန်ကို နှိမ်နင်းဖို့ရာ ခြေသုတ်ပုဆိုးဖြစ်ကာ ဘုရားရှင့်ခြေရင်းမှာ ကျတယ်။ အာဠဝကဟာ အဲဒါကိုမြင်ရပြီး ဦးချိုကျိုးတဲ့နွားလားဥသဘ၊ အစွယ်ထုတ်ထားတဲ့ မြွေပမာ အရှိန်အဝါ၊ ယစ်မူးမှု၊ မာနတံခွန်တွေ ကျသွားတယ်။ 'ငါ့ရဲ့ဘွဲ့ဖြူလက်နက်ကတောင် ရဟန်းဂေါတမကို မလွှမ်းမိုးနိုင်၊ အကြောင်းက ဘာပါလိမ့်'လို့ ကြံတယ်။ 'အကြောင်းက ဒါပဲ၊ ရဟန်းက မေတ္တာနဲ့နေတဲ့ရဟန်းပဲ။ အခု သူ့ကို ချုပ်ချယ်ပြီး မေတ္တာကင်းသွားအောင် လုပ်မယ်'လို့ ကြံတယ်။ 'ရဟန်းဂေါတမ၊ သင်က ငါ့ခွင့်မပြုဘဲ ငါ့ဗိမာန်ထဲဝင်ပြီး ဗိမာန်ရှင်လို မောင်းမတွေ အလယ်မှာ ထိုင်နေတယ်။ မပေးတာကို သုံးစွဲတာ၊ မိန်းမတွေနဲ့ ရောနှောတာဟာ ရဟန်းနဲ့မသင့်လျော်၊ ဒါကြောင့် သင်ဟာ ရဟန်းတရားမှာ တည်ရင် ဗိမာန်တွင်းက ထွက်သွားပါ'လို့ ပြောတယ်။

'မာနနဲ့ ခက်ထန်သူကို ခက်ထန်တဲ့အတွက် ဆုံးမဖို့ မတတ်နိုင်၊ မှန်တယ်။ သူ့ကိုပြန်ပြီး ခက်ထန်ကြမ်းတမ်းရင် သူဟာ ပိုပြီးခက်ထန်

www.dhammaransi.com



လာနိုင်တယ်။ ဥပမာ ကြမ်းတမ်းတဲ့ခွေးရဲ့နှာခေါင်းထဲက သည်းခြေကို ဖျက်ဆီးလိုက်ရင် အဲဒီခွေးဟာ အတိုင်းထက်အလွန် ပိုပြီးခက်ထန် ကြမ်းတမ်းလာသလိုပဲ၊ သူ့ကို နူးနူးညံ့ညံ့နဲ့ ဆုံးမနိုင်တယ်'လို့ ဘုရား ရှင်က သိတော်မူပြီး 'အာဠဝက၊ ကောင်းပြီ'လို့ မိန့်ကာ ထွက်သွား တော်မူပါတယ်။ ဒါကြောင့် အာဠဝကက 'ဒီရဟန်းဟာ ပြောရလွယ် သားပဲ။ စကားတစ်ခွန်းနဲ့ပဲ ထွက်သွားတယ်။ ဒီလိုထွက်ခိုင်းဖို့ လွယ် ကူတဲ့ရဟန်းကို အကြောင်းမရှိဘဲနဲ့ ငါဟာ တစ်ညလုံး စစ်တိုက်ချိတက် ခဲ့တယ်'လို့ တွေးကာ စိတ်နူးညံ့သွားပြီး နောက်ထပ်တွေးတယ်။

'အခုလည်းပဲ သိဖို့မတတ်နိုင်၊ ပြောရလွယ်လို့ ထွက်သွားတာ လား၊ ဒါမှမဟုတ် စိတ်ဆိုးလို့ ထွက်သွားတာလား၊ အခု ငါစုံစမ်းမယ်'

အဲဒီကနောက် အာဠဝကက 'ရဟန်း၊ ဝင်ပါ'လို့ ပြောတယ်။ အဲဒီအခါ ပြောရလွယ်သူပဲလို့ စိတ်နူးညံ့သွားအောင် နောက်ထပ်ချိုသာတဲ့ စကားကို မိန့်ပါတယ်။

'အာဠဝက၊ ကောင်းပါပြီ'လို့ မိန့်ကာ ဘုရားရှင်က ဝင်ပါ တယ်။ အာဠဝကက အထပ်ထပ် အဲဒီပြောရလွယ်တာကိုပဲ စုံစမ်းလိုလို့ ၂ ကြိမ်မြောက်ရော၊ ၃ ကြိမ်မြောက်ပါ 'ရဟန်း၊ ထွက်သွားပါ'လို့ ပြောတယ်။ ဘုရားရှင်ကလည်း အာဠဝက ပြောတဲ့အတိုင်း လုပ်ပါ တယ်။ အဲဒီလိုမလုပ်ရင် ပင်ကိုကပဲ ကြမ်းတမ်းတဲ့အာဠဝကရဲ့စိတ်ဟာ ပိုပြီးကြမ်းတမ်းလာကာ တရားစကားကို မခံယူနိုင်ရာ။ ဒါကြောင့် မိခင်က ငိုနေတဲ့သားငယ်ကို သားငယ်အလိုရှိရာကို ပေးပြီးဖြစ်ဖြစ်၊ လုပ်ပေးပြီးဖြစ်ဖြစ် နားလည်စေသလို ဘုရားရှင်က ကိလေသာငိုခြင်းနဲ့ ငိုနေတဲ့ အာဠဝကဘီလူးကို နားလည်စေဖို့ရာ အာဠဝက ပြောတာကို ဘုရားရှင်က ပြုလုပ်ပါတယ်။ အထိန်းတော်ဟာ နို့မစို့တဲ့ကလေးကို တစ်စုံတစ်ခုပေးပြီး ဖြားယောင်းကာ တိုက်သလို ဘုရားရှင်က အာဠ ဝကကို လောကုတ္တရာတရားနို့ရည်ကို တိုက်ဖို့ အာဠဝက ပြောတဲ့

www.dhammaransi.com



စကားကို လိုက်နာမှုနဲ့ ဖြားယောင်းလိုလို့ အဲဒီလို လုပ်ပါတယ်။ ဘူးထဲမှာ စတုမဓုကို ဖြည့်လိုတဲ့ယောကျ်ားဟာ ဘူးအတွင်းကို သန့်ရှင်းရသလို ဘုရားရှင်က အာဠဝကရဲ့စိတ်မှာ လောကုတ္တရာတရား စတုမဓုကို ဖြည့်ပေးလိုလို့ အာဠဝကရင်တွင်းက ဒေါသအညစ်အကြေးကို သုတ်သင်ဖို့ရာ သုံးကြိမ်တိုင်အောင် အဝင် အထွက်ပြုလုပ်ပါတယ်။

အဲဒီအခါ အာဠဝကက 'ဒီရဟန်းဟာ ပြောရလွယ်တယ်၊ ထွက်ပါလို့ ပြောတဲ့အခါ ထွက်တယ်။ ဝင်ပါလို့ပြောတဲ့အခါ ဝင်တယ်၊ ငါဟာ ဒီရဟန်းကို ဒီလိုပဲ တစ်ညလုံး ပင်ပန်းအောင်လုပ်ကာ ခြေထောက်တွေကို ကိုင်ပြီး ဂင်္ဂါမြစ်ဟိုဘက်ကို ပစ်ချရရင် ကောင်းလေစွ' လို့ စိတ်ယုတ်မာကိုဖြစ်စေပြီး ၄ ကြိမ်မြောက်ထွက်ပါလို့ ပြောတယ်။ အဲဒီအခါ 'အာဠဝက၊ သင်က အဲဒီလိုကြံစည်လို့ ငါမထွက်တော့အံ့၊ သင်ပြုထိုက်တာကို ပြုလုပ်ပါ'လို့ ဘုရားရှင်က မိန့်ကာ မထွက်ဘဲနေတယ်။ အာဠဝကက ရှေးအခါကလည်း ကောင်းကင်ခရီးနဲ့ သွားတဲ့အခါ 'ဒီဗိမာန်ဟာ ရွှေဗိမာန်လား၊ ဒါမှမဟုတ် ငွေ၊ ပတ္တမြားဗိမာန်တွေထဲက တစ်ခုခုပဲလား။ အခု အဲဒါကို ကြည့်ကြမယ်'လို့ သူ့ဗိမာန်ကိုလာတဲ့ တန်ခိုးရှင်ရသေ့ပရိဗိုဇ်တွေကို ပြဿနာကို မေးတယ်။ မဖြေနိုင်တဲ့အခါ စိတ်ပျံ့လွင့်ရူးသွားအောင် လုပ်ခြင်းစသည်တွေနဲ့ ညှဉ်းဆဲတယ်။ ဒါကြောင့် ဘုရားရှင်ကိုလည်း အဲဒီအတိုင်း ညှဉ်းဆဲမယ်လို့ ထင်မှတ်ကာ အာဠဝကက 'အိုရဟန်း၊ သင်က ဗိမာန်မှ မထွက်ချင်ရင် ကျွန်ုပ်မေးတဲ့ပြဿနာတွေကို ဖြေဆိုရမယ်။ မဖြေဆိုနိုင်ခဲ့ရင် သင့်ကို ရူးအောင်ရင်လည်းလုပ်မယ်၊ သင့်ရဲ့ အသည်းနှလုံးကိုရင်လည်း ဖောက်ခွဲမယ်။ ခြေ ၂ နှစ်ချောင်းကို ကိုင်ပြီး ဂင်္ဂါမြစ်တစ်ဘက်ကမ်းကိုရင်လည်း ပစ်ချမယ်'လို့ ကြိမ်းမောင်းပြောဆိုတယ်။

အာဠဝကရဲ့မိဘတွေက ကဿပဘုရားရှင်ကို ချဉ်းကပ်ပြီး ပြဿနာ ၈ ရပ်ကို အဖြေနဲ့တကွ သင်ယူခဲ့ကြတယ်။ မိဘတွေက

www.dhammaransi.com



ယော်ရှယ်စဉ်ကပဲ အာဠဝကကို သင်ယူခိုင်းကြပါတယ်။ အာဠဝကဟာ အချိန်ကြာလာတဲ့အခါ အဖြေကို မေ့သွားတယ်။ အဲဒီကနောက် 'ဒီပြဿနာတွေလည်း မပျောက်ပျက်ကြပါနဲ့'လို့ ရွှေပေလွှာမှာ ဟင်္သာပြဒါးအစစ်နဲ့ ရေးခိုင်းကာ ဗိမာန်မှာထားတယ်။ အဲဒီမေးသမျှပြဿနာတွေဟာ ဘုရားရှင်ရဲ့အရာသာ ဖြစ်ကြပါတယ်။ ဘုရားရှင်က အဲဒီစကားကို ကြားရပြီး ဘုရားရှင်တွေရဲ့ လှူထားတဲ့ လာဘ်အန္တရာယ်၊ အသက်အန္တရာယ်၊ သဗ္ဗညုတဉာဏ်၊ တစ်လံမျှလောက်သော ရောင်ခြည်တော်စတာတွေ ထိခိုက်တာတွေကို ဘယ်သူကမှ မပြုလုပ်နိုင်လို့ လောကမှာ ဘယ်သူနဲ့မှမဆက်စပ်တဲ့ ဘုရားရှင်အစွမ်းကို အာဠဝကအား ပြောပြလိုလို့ အောက်ပါစကားကို မိန့်တော်မူပါတယ်။

'အာဠဝက၊ ဒီလောကမှာ ငါဘုရားကို ရူးအောင်ပြုလုပ်နိုင်သူ၊ ငါရဲ့အသည်းနှလုံးကို ဖောက်ခွဲဖျက်ဆီးနိုင်သူ၊ ငါ့ကို ခြေ ၂ ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက်ကမ်း ပစ်လွှတ်နိုင်သူတစ်ယောက်ကိုမျှ ငါဘုရား မြင်တော်မမူ၊ အဲဒီလို ငါ့ကိုနိုင်ထက်စီးနင်း နှိပ်စက်ကလူပြုနိုင်သူတစ်ယောက်မျှ မရှိလို့ မဖြေဘဲနေလိုက ငါဘုရား နေနိုင်ပေမယ့် သင့်ကို တိုက်တွန်းဖိတ်မံပါတယ်။ သင်အလိုရှိရာ ပြဿနာကို မေးပါ'

အဲဒီအခါ အောက်ပါပြဿနာတွေကို မေးပါတယ်။

မေး။ ၁။ (က) ယောက်ျား၊ မိန်းမတွေရဲ့ မြင့်မြတ်တဲ့ဥစ္စာက ဘာပါလဲ။

(ခ) ကောင်းစွာပြုလုပ်လေ့ကျင့်ပေးရင် ကိုယ် စိတ် ချမ်းသာကို ဆောင်ပေးနိုင်တာဟာ ဘာပါလဲ။

(ဂ) အရသာတကာတွေထဲမှာ ဘယ်အရသာက အကောင်းဆုံးပါလဲ။

(ဃ) ဘယ်လိုအသက်မွေးမှုက မြင့်မြတ်တဲ့ အသက်မွေးမှုပါလဲ။

www.dhammaransi.com



ဖြေ။ ၁။ (က) လောကီသဒ္ဓါနဲ့ လောကုတ္တရာသဒ္ဓါပဲ။
(ခ) သုစရိုက်တရား ၁၀ ပါး၊ တစ်နည်း ဒါန၊ သီလ၊ ဘာဝနာတရား။
(ဂ) သစ္စာစကား။
(ဃ) ပညာနဲ့အသက်မွေးမှု။

မေး။ ၂။ (က) ဘယ်တရားနဲ့ ဩဃ ၄ အင် ရေအလျဉ်ကို ကူးခပ်လွန်မြောက်နိုင်ပါသလဲ။
(ခ) ဘယ်တရားနဲ့ သမုဒ္ဒရာကို ကူးခပ်လွန်မြောက်နိုင်ပါသလဲ။
(ဂ) ဘယ်တရားနဲ့ ဆင်းရဲကို လွန်မြောက်နိုင်ပါသလဲ။
(ဃ) ဘယ်တရားနဲ့ ထက်ဝန်းကျင် သန့်ရှင်းစင်ကြယ်နိုင်ပါသလဲ။

ဖြေ။ ၂။ (က) သောတာပန်အင်္ဂါ ၄ ပါးရဲ့ အနီးကပ်အကြောင်း သဒ္ဓါ။
(သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာနှလုံး၊ အဖြောင့်သုံးလျက်၊ အားထုတ်ကျင့်ကြံ၊ သောတာပန်၊ ဖြစ်ရန်အင်္ဂါလေး။)
(ခ) ကုသိုလ်ပွားအောင် မပြတ်မလပ်ပြုလုပ်မှု (အပ္ပမာဒ)။
(ဂ) ဝီရိယ။
(ဃ) ပညာ။ (အရဟတ္တမဂ်၊ ဖိုလ်ပညာ)

မေး။ ၃။ (က) ဘယ်အကြောင်းကြောင့် ပညာကိုရနိုင်ပါသလဲ။
(ခ) ဘယ်အကြောင်းကြောင့် ဥစ္စာကိုရနိုင်ပါသလဲ။
(ဂ) ဘယ်အကြောင်းကြောင့် ကျော်စောနိုင်ပါသလဲ။
(ဃ) ဘယ်အကြောင်းကြောင့် မိတ်ဆွေတွေကို ဖွဲ့နိုင်ပါသလဲ။

www.dhammaransi.com



(င) ဒီဘဝကသေပြီး နောက်ဘဝရောက်ရတဲ့အခါ ဘယ်လိုလုပ်ရင် ဝမ်းမနည်းရပါသလဲ။

ဖြေ။ ၃။ (က) နိဗ္ဗာန်ရောက်ဖို့ ရဟန္တာတွေရဲ့ အကျင့်တရားကို ယုံကြည်မှု၊ ရိုသေစွာ နာယူမှု၊ သတိမလွတ်ကင်းမှု။ စကားကောင်း၊ စကားဆိုးမှာ သိနားလည်မှု။ ဒီလေးပါးဟာ ပညာရကြောင်းတွေပါပဲ။

(ခ) ဥစ္စာရဖို့ သင့်တော်တဲ့နည်းလမ်းကို ပြုလုပ်မှု။ စိတ်ထဲက ကြိုးစားမှုရှိခြင်း။ ကိုယ်နဲ့ ကြိုးစားမှုရှိခြင်း။

(ဂ) သစ္စာစကား။

(ဃ) ပေးကမ်းမှု။

(င) သစ္စာစကား။ (သစ္စာ)
ရိုသေစွာ နာယူလိုက်နာမှု၊ (တစ်နည်း) အသိအလိမ္မာဉာဏ်ပညာ။ (ဒမ္မ၊ ဓမ္မ)
ဝီရိယ။ (ဓိတိ)
ပေးကမ်းလှူဒါန်းမှု။ (စာဂ)

'အာဠဝက၊ ငါဘုရား တိုက်တွန်းပါတယ်။ ပြခဲ့ပြီးအကျိုးတရားတွေအတွက် သစ္စာ၊ ဓမ္မ၊ စာဂ၊ ဝန်ကိုဆောင်စွမ်းနိုင်တဲ့ ဝီရိယဆိုတဲ့ ခန္တီ၊ ဒီတရား ၄ ပါးထက် သာလွန်တဲ့တရား ဒီလောကမှာ ရှိသေးရင် အခြားသမဏ၊ ဗြာဟ္မဏများစွာကိုလည်း မေးပါလေ။'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ဒီနေ့ကစပြီး ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သောအကျိုးကို သယ်ပိုးနိုင်ကြောင်း တရားကောင်းကို သိမြင်ရပါပြီ။ အဲဒီလို တပည့်တော်က ယခုအခါ သမဏ၊ ဗြာဟ္မဏများစွာကို ဘယ်လိုမေးရပါမလဲ။ (မေးစရာမလိုတော့ပါ။)'

'ဘုရားရှင်ဟာ တပည့်တော်ရဲ့အကျိုးစီးပွားအလို့ငှာ အာဠဝီ

www.dhammaransi.com



မြို့ကို ကြွလာသီတင်းသုံးတော်မူပါပေတယ်။ ဘုရားရှင်မှာ လှူတဲ့ အလှူဟာ အကျိုးကြီးကျယ်တယ်လို့ ယခုအခါ တပည့်တော် သိရပါပြီ'

'ထိုတပည့်တော်ဟာ ဘုရားရှင်ရဲ့ ဘုရားကောင်းဖြစ်ပုံ၊ တရားတော်ရဲ့ တရားကောင်းဖြစ်ပုံ၊ သံဃာတော်ရဲ့ သံဃာကောင်းဖြစ်ပုံတွေကို ချီးမွမ်းကာ ရှိခိုးလျက် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့သို့ လှည့်လည်ပါမယ်'

အထက်ပါစကားရဲ့ ပြီးဆုံးမှု၊ မိုးစင်စင်လင်းမှု၊ ကောင်းချီးပြုသံ ပေါ်ထွက်မှု၊ အာဠဝကမင်းသားလေးကို အာဠဝကဘီလူးရဲ့ ဗိမာန်သို့ သယ်ဆောင်လာမှုတွေဟာ တစ်ခဏတည်းမှာပဲ ဖြစ်ပါတယ်။ မင်းချင်းယောကျ်ားတွေက အဲဒီကောင်းချီးပေးသံကို ကြားရပြီး 'ဒီလို ကောင်းချီးပေးသံဟာ ဘုရားရှင်တွေမှတစ်ပါး အခြားသူတွေမှာ မပျံ့တတ်ပါ။ ဘုရားရှင် ကြွလာလေသလား'လို့ ဆင်ခြင်ကြတဲ့အခါ ဘုရားရှင်ရဲ့ကိုယ်တော်အရောင်ကို မြင်ရပြီး ရှေးအခါကလို အပြင်ဘက်မှာ မရပ်တည်ဘဲ ကြောက်ရွံ့ခြင်းကင်းကာ အတွင်းကိုပဲ ဝင်တယ်။ ဘုရားရှင် အာဠဝကဘီလူးရဲ့ဗိမာန်ထဲ ထိုင်နေတာကိုရော၊ အာဠဝကဘီလူး လက်အုပ်ချီပြီး ရပ်တည်နေတာကိုပါ မြင်ကြရပါတယ်။ မြင်ပြီး အာဠဝကဘီလူးကို ပြောကြပါတယ်။

'ဘီလူးကြီး၊ ဒီမင်းသားကို သင့်အား ပူဇော်ပသဖို့ သယ်ဆောင်ခဲ့ကြပါတယ်။ အခု ဒီမင်းသားလေးကို စားလိုက စားပါ၊ အကြောင်းအားလျော်စွာ ပြုလုပ်ပါ'

အာဠဝကဘီလူးဟာ သောတာပန်ဖြစ်သွားလို့ ရှက်သွားပါတယ်။ အထူးသဖြင့် ဘုရားရှင့်ရှေ့မှာ အဲဒီလိုအပြောခံရလို့ အဲဒီအခါ အဲဒီမင်းသားလေးကို လက်နှစ်ဖက်နဲ့ခံယူကာ မြတ်စွာဘုရား၊ ဒီမင်းသားလေးကို တပည့်တော်ထံ ပို့ထားပါတယ်။ တပည့်တော်ဟာ ဒီမင်းသားလေးကို ဘုရားရှင်အား လှူပါတယ်။ ဘုရားရှင်တွေက စီးပွားအလို့ငှာ

www.dhammaransi.com



သနားတော်မူကြပါတယ်။ ဘုရားရှင်ဟာ ဒီကလေးကို ဒီကလေးရဲ့ စီးပွား၊ ချမ်းသာအလို့ငှာ ခံယူတော်မူပါ'လို့ ဘုရားရှင်အား ဆက်ကပ်တယ်။ ဘုရားရှင်က မင်းသားလေးကို ခံယူတော်မူတယ်။ ခံယူတဲ့အခါ ဘီလူးအတွက်ရော မင်းသားလေးအတွက်ပါ မင်္ဂလာပြုဖို့ အောက်ပါစကားကို မိန့်တော်မူပါတယ်။

'အာဠဝကဘီလူး၊ ဒီမင်းသားလေးကို အသက်ရှည်ပါစေ၊ သင်လည်း ချမ်းသာပါစေ၊ လောကရဲ့စီးပွားအလို့ငှာ မနှိပ်စက်ဘဲ ရပ်တည်ကြပါ'

'ဒီမင်းသားလေးဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါတယ်'လို့ ဘီလူးက ဘုရားရှင်အား လျှောက်ထားပါတယ်။ အဲဒီအခါ ဘုရားရှင်က မင်းသားလေးကို မင်းချင်းယောကျ်ားတွေအား 'ဒီမင်းသားလေးကို ကျွေးမွေးပြုစု ကြီးပြင်းစေပြီး တစ်ဖန်ငါဘုရားကိုပဲ ပေးကြပါ'လို့ မိန့်ကာ ပေးလိုက်ပါတယ်။ အဲဒီလို မင်းသားလေးဟာ မင်းချင်းယောကျ်ားတွေရဲ့လက်မှ ဘီလူးလက်သို့၊ ဘီလူးလက်မှ ဘုရားရှင့်လက်သို့၊ ဘုရားရှင့်လက်မှ တစ်ဖန် မင်းချင်းယောကျ်ားတွေလက်သို့ ရောက်သွားလို့ နာမည်အားဖြင့် 'ဟတ္ထကအာဠဝက'လို့ တွင်ပါတယ်။ အဲဒီမင်းသားလေးကိုယူပြီး ပြန်လာကြတဲ့ မင်းချင်းယောကျ်ားတွေကို မြင်ရကာ လယ်သမား၊ တော အလုပ်သမားစသူတွေက 'ဘီလူးက မင်းသားလေးကို ငယ်လွန်းလို့ အလိုမရှိတာလား'လို့ ကြောက်ကြောက်နဲ့ မေးကြပါတယ်။

မင်းချင်းယောကျ်ားတွေက 'မကြောက်ကြပါနဲ့၊ ဘုရားရှင်က ဘေးကင်းအောင် လုပ်ပြီးပါပြီ'လို့ အကြောင်းအလုံးစုံကို ပြောကြတယ်။ အဲဒီကနောက် 'သာဓု၊ သာဓု'လို့ အာဠဝီတစ်မြို့လုံး တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ အာဠဝကဘီလူးဆီ ရှေ့ရှုဖြစ်ကြတယ်။ အာဠဝကဘီလူးကလည်း ဘုရားရှင် ဆွမ်းခံချိန်ရောက်တဲ့အခါ သပိတ်၊

www.dhammaransi.com



သကၠန်းကိုယူပြီး လမ်းထက်ဝက်ကို လိုက်ပို့ကာ ပြန်လှည့်ခဲ့တယ်။ အဲဒီအခါ ဘုရားရှင်က မြို့မှာဆွမ်းခံလှည့်လည်ပြီး ဆွမ်းကိုစွဲပြီးတော့ မြို့တံခါးနားက တိတ်ဆိတ်တဲ့ သစ်ပင်တစ်ပင်အောက် ခင်းထားတဲ့ ဘုရားနေရာမြတ်မှာ ထိုင်တော်မူပါတယ်။ အဲဒီကနောက် လူအများနဲ့ အတူ ရှင်ဘုရင်ရော မြို့သူမြို့သားတွေပါ တစ်ပေါင်းတည်း စုပေါင်းပြီး ဘုရားရှင်ကို ချဉ်းကပ်၊ ရှိခိုး၊ ဝိုင်းရံကာ ထိုင်နေကြတယ်။ 'မြတ်စွာဘုရား၊ ဒီလောက်ကြမ်းတမ်းတဲ့ ဘီလူးကို ဘယ်လိုဆုံးမခဲ့ပါသလဲ'လို့ မေးကြတယ်။

ဘုရားရှင်က သူတို့အား စစ်ထိုးပုံကစပြီး 'ဒီလို မိုး ၉ မျိုးကို ရွာသွန်းစေကာ ဒီလိုကြောက်မက်ဖွယ်ကို ပြုလုပ်တယ်။ ဒီလိုပြဿနာကို မေးတယ်။ သူ့အား ငါဘုရားက ဒီလိုဖြေခဲ့တယ်'လို့ အဲဒီ အာဠဝကသုတ္တန်ကိုပဲ ဟောခဲ့ပါတယ်။ တရားအဆုံးမှာ သတ္တဝါပေါင်း ၈၄၀၀၀ တရားထူးရသွားကြပါတယ်။ အဲဒီကနောက် အာဠဝီဘုရင်ရော မြို့သူမြို့သားတွေပါ ဝေဿဝဏ်နတ်မင်းကြီးရဲ့ ဗိမာန်အနီးမှာ အာဠဝကဘီလူးရဲ့ ဗိမာန်လုပ်ပြီး ပန်း၊ နံ့သာစတဲ့ ပူဇော်ဖွယ်တွေနဲ့ အမြဲပူဇော်ပသကြတယ်။ အဲဒီမင်းသားကိုလည်း တတ်သိနားလည်တဲ့ အရွယ်ရောက်တဲ့အခါ 'သင်က ဘုရားရှင်ကိုမှီပြီး အသက်ကိုရတယ်။ သွားပါ၊ ဘုရားရှင်နဲ့ ရဟန်းသံဃာကို ချဉ်းကပ်ပါ'လို့ လွှတ်လိုက်ကြတယ်။ မင်းသားက ဘုရားရှင်နဲ့ ရဟန်းသံဃာကို ချဉ်းကပ်တဲ့အခါ မကြာခင်ပဲ အနာဂါမ်ဖြစ်သွားတယ်။ ဘုရားစကားအားလုံးကို သင်ယူပြီး ဥပါသကာ ၅၀၀ ခြံရံကာ နေတယ်။ ဘုရားရှင်က သူ့ကို 'ရဟန်းတို့၊ ငါဘုရားရဲ့တပည့်ဥပါသကာတွေထဲမှာ သင်္ဂဟဝတ္ထု ၄ ပါးနဲ့ ချီးမြှောက်တဲ့နေရာမှာ ဟတ္ထကအာဠဝကဟာ အသာဆုံးပဲ'လို့ ညွှန်ပြတော်မူပါတယ်။

(သံယုတ်၊ ဋ္ဌ၊ ပ၊ ၂၉၀၊ ပါဠိ၊ ၂၁၆)

www.dhammaransi.com

# ပသေနဒီကောသလမင်း

သူဟာ မင်းမဖြစ်ခင်က တက္ကသိုလ်မှာ လိစ္ဆဝီမင်းသား မဟာလိ၊ မလ္လမင်းသား ဗန္ဓုလတို့နဲ့အတူ ပညာသင်ယူခဲ့တယ်။ တက္ကသိုလ်ပြည်မှ ပြန်လာတဲ့အခါ သူ့ရဲ့ပညာအရည်အချင်းကို ခမည်းတော်ဖြစ်သူ မဟာကောသလမင်းက နှစ်သက်သဘောကျလို့ သူ့အားထီးနန်းလွှဲအပ်တယ်။ အဲဒီအခါ ကျောင်းနေဖက် သူငယ်ချင်း ဗန္ဓုလကို စစ်သူကြီးခန့်တယ်။ သူရဲ့နမက ဝေဒေဟီ။ မိဖုရားတွေက မလ္လိကာဒေဝီနဲ့ ဝါသဘခတ္တိယာတို့ ဖြစ်ကြတယ်။ သူနဲ့ ဝါသဘခတ္တိယာတို့ သင့်မြတ်ရာမှာ ဝိဋူဍဘ မည်တဲ့ သားတစ်ယောက် ထွန်းကားတယ်။ နှမဖြစ်သူ ဝေဒေဟီနဲ့ မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းတို့ လက်ထပ်တဲ့အခါ ဖခင် မဟာကောသလမင်းကြီးက အခွန်တစ်သိန်းထွက်တဲ့ ကာသိရွာကို ရေချိုးကသယ် မုန့်ဖိုးအတွက် သမီးဝေဒေဟီအား ပေးတယ်။ အဇာတသတ်မင်းက ဗိမ္ဗိသာရနဲ့ ဝေဒေဟီတို့ရဲ့ သားဖြစ်ပြီး ပသေနဒီကောသလမင်းနဲ့ တူဝရီးတော်စပ်တယ်။

ဗိမ္ဗိသာရမင်းနဲ့ ဝေဒေဟီတို့ နတ်ရွာစံပြီးနောက် တူဝရီး နှစ်ယောက်ဟာ ကာသိရွာအတွက် စစ်မက်ဖြစ်ပွားကြတယ်။ ၂ ကြိမ်တိုင်တိုင် ပသေနဒီကောသလမင်း စစ်ရှုံးတယ်။ သကဋဗျူဟာနည်းကို အသုံးပြုတိုက်ခိုက်ရင် အဇာတသတ်ကို နိုင်မယ်လို့ ဒတ္တထေရ်အား ပြောကြားတဲ့ ဓနုဂ္ဂဟတိဿထေရ်ရဲ့ စကားကို မင်းကြီးရဲ့စုံထောက် သူလျှိုတစ်ယောက် ကြားခဲ့ရလို့ အဲဒီနည်းကို အသုံးပြုတိုက်ခိုက်တဲ့ တတိယစစ်ပွဲမှာ အဇာတသတ်ကို အနိုင်ရရှိတယ်။

(သံ၊ ဋ္ဌ၊ ၁၊ ၁၂၉၊ ၁၄၁။ အံ၊ ဋ္ဌ၊ ၃၊ ၃၀၅။ အံ၊ ဋီ၊ ၃၊ ၃၂၇။ ဇာတ်၊ ဋ္ဌ၊ ၂၊ ၂၁၈။ ၃၂၆။ ဇာတ်၊ ဋ္ဌ၊ ၄၊ ၁၄၉။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၁၅၊ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၆၈)

www.dhammaransi.com



အဲဒီပသေနဒီကောသလမင်းဟာ တိတ္ထိတွေထံက ငွေတစ်သိန်း လာဘ်စားပြီး ဇေတဝန်ကျောင်းနောက်ကျောဘက်မှာ တိတ္ထိအာရာမ် ကျောင်း ဆောက်ခွင့်ပြုတယ်။ ဘုရားရှင်က သာမန်ရဟန်းတော်တွေကို ၁ ကြိမ်၊ အဂ္ဂသာဝက ၂ ပါးကို ၁ ကြိမ်၊ အဲဒီလို ၂ ကြိမ်တိုင်တိုင် မင်းကြီးထံ စေလွှတ်ပြီး တိတ္ထိအရာမ်ကျောင်း ဆောက်လုပ်ခွင့်မပြုဘို့ တားမြစ်ခိုင်းတယ်။ မင်းကြီးက ရဟန်းတွေကို အတွေ့မခံ။ ဘုရားရှင် ကိုယ်တိုင် ကြွပြီး ဘဒ္ဒသာလဇာတ်ကို ဟောမှ တိတ္ထိအာရာမ်ကျောင်းကို ဖျက်ဆီးခိုင်းတယ်။ (ဇာတ်၊ ဌ၊ ၂၊ ၁၅၅)

အဲဒီမင်းဟာ ဘုရားရှင်နဲ့ အလွန်အကျွမ်းဝင်ပြီး တရားတော်ကို နာယူလေ့ရှိပေမယ့် ယခုဘုရားရှင်သာသနာမှာ ဘယ်မဂ်၊ ဖိုလ်တရားထူး ကို ရရှိတယ်လို့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေမှာ မတွေ့ရပါ။ ကော သလမင်းဟာ ဗန္ဓုလစစ်သူကြီးကို ကွပ်မျက်ပြီး ဗန္ဓုလရဲ့တူ ဒီဃကာရာ ယန ကို စစ်သူကြီးခန့်တယ်။ အပြစ်မဲ့တဲ့ သူ့ဦးကြီးဗန္ဓုလကို သတ်လို့ မင်းကြီးအပေါ် မကျေမနပ်ဖြစ်နေတဲ့ ဒီဃကာရာယနက ဝိဋ္ဋူဘနဲ့ ပေါင်းပြီး နန်းတော်ကို သိမ်းတယ်။ အခြွေအရံမဲ့၊ လက်နက်မဲ့ ဖြစ်နေ တဲ့ ပသေနဒီကောသလမင်းက တူဖြစ်သူ အဇာတသတ်ရဲ့ အကူအညီ တောင်းဖို့ ရာဇဂြိုဟ်ပြည်ကို သွားတယ်။ မြို့တံခါးပိတ်ချိန်နဲ့ ကြုံ ကြိုက်နေလို့ ဇရပ်မှာ အိပ်ရတယ်။ ညအခါမှာ လေပူမိပြီး အဲဒီဇရပ် ပေါ်မှာပဲ နတ်ရွာစံရတယ်။ (ဓမ္မ၊ ဌ၊ ၁၊ ၂၂၅)

ပသေနဒီကောသလမင်းဟာ ဆန်တစ်စိတ်ချက်ထမင်း၊ အဲဒီ ထမင်းနဲ့ သင့်လျော်တဲ့ ဟင်းလျာနဲ့ စားတယ်။ တစ်နေ့မှာ နံနက်စာ စားပြီး ထမင်းဆီယစ်ကာ မပယ်ဖျောက်ဘဲသာ ဘုရားရှင်ထံ လာတယ်။ ကိုယ်ပင်ပန်းကာ တပြောင်းပြန် လူးလိမ့်နေတယ်။ အိပ်ချင်လွန်းလို့ ဖြောင့်ဖြောင့်မထိုင်နိုင်တဲ့အတွက် သင့်တင့်ရာနေရာမှာ ထိုင်တယ်။ ဥတ္တရလုလင်ကို ဂါထာတစ်ပုဒ် သင်ပေးပြီး ကောသလမင်း ထမင်းစား

www.dhammaransi.com



ချိန်မှာ ရွတ်ခိုင်းတယ်။ အဲဒီနည်းနဲ့ အစာလျှော့ခိုင်းတယ်။ ဘုရားရှင်ပေးတဲ့နည်းအတိုင်း လုပ်တယ်။ မင်းကြီးဟာ နောင်အခါ တစ်ပြည်ချက်ထမင်းနဲ့ မျှတသွားတယ်။ ခန္ဓာကိုယ်ပေါ့ပါးပြီး ချမ်းသာသွားတယ်။ ဘုရားရှင်အပေါ် အကျွမ်းဝင်သွားပြီး ၇ ရက်ပတ်လုံး အသဒိသဒါန၊ အတုမရှိတဲ့အလှူကြီးကို ပေးလှူတယ်။ ဘုရားရှင်က ဉတ္တရလုလင်အား သင်ပေးတဲ့ဂါထာရဲ့အဓိပ္ပာယ်က 'အမြဲသတိရှိပြီး အတိုင်းအတာနဲ့ စားရင် ရောဂါဝေဒနာနည်းတယ်၊ အအို နှေးတယ်၊ အသက်ရှည်တယ်' လို့ ဖြစ်ပါတယ်။ (ဓမ္မ၊ ၄၊ ၂၊ ၃၁၅)

ဂေါတမဘုရားရှင် ပွင့်တော်မမူခင်က အတုအယောင် ဟန်ဆောင် ဗုဒ္ဓတွေ ပေါ်ပေါက်နေလို့ ကောသလမင်းဟာ ဗုဒ္ဓကို မယုံကြည်သူတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်တယ်။ ဗုဒ္ဓဟာ ဗုဒ္ဓဖြစ်ပြီးနောက် ဒုတိယဝါမှာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်မှာ ဝါကပ်ပေမယ့် အဲဒီဝါတွင်းမတိုင်မီ အနာထပိဏ်သူဌေးရဲ့ ပင့်လျှောက်ချက်အရ သာဝတ္ထိသို့ကြွရာ အဲဒီအခါမှာ သက်တော် ၃၇ နှစ်လောက်ရှိပါလိမ့်မယ်။ အဲဒီသာဝတ္ထိမြို့သို့ရောက်စဉ် ကောသလမင်းလည်း ဗုဒ္ဓထံ ရောက်လာကာ ဝမ်းမြောက်ဖွယ်စကားတွေကို ပြောကြားပြီး

ကောသလ။ ။ အရှင်ဂေါတမလည်း ဗုဒ္ဓလို့ ဝန်ခံပါသလား။
(တိတ္ထိဆရာကြီး ၆ ယောက်ကို သတိရပြီး 'အရှင်ဂေါတမလည်း'လို့ သုံးစွဲတယ်။)

ဗုဒ္ဓ။ ။ မင်းကြီး၊ ဗုဒ္ဓလို့ပြောရင် ငါ့ကိုပြောမှ အမှန်ဖြစ်တယ်။ ငါဟာ အလွန်ကောင်းတဲ့ဉာဏ်ကိုရပြီ။

ကောသလ။ ။ အရှင်ဂေါတမ၊ နောက်လိုက်နောက်ပါ တပည့်များစွာနဲ့ ဂိုဏ်းဆရာကြီးတွေဖြစ်တဲ့ ပူရဏကဿပစတဲ့ ဆရာကြီးတွေတောင်မှ ဗုဒ္ဓလို့ ဝန်မခံကြ၊ အရှင်ဂေါတမမှာ အသက်လည်းငယ်၊ ရဟန်းပြုတာကလည်း မကြာသေးလို့ ဗုဒ္ဓလို့ဝန်မခံသင့်သေးပါ။

www.dhammaransi.com



ဗုဒ္ဓ။ ။ မင်းကြီး၊ ၄ မျိုးသောအရာတွေကို သေးငယ်တယ်လို့ အထင်မသေးထိုက်ပါ။
၁။ မင်းမျိုးမင်းနွယ်ဖြစ်တဲ့ကလေး၊
၂။ မြွေဆိုး၊
၃။ မီး၊
၄။ ရသေ့ ရဟန်း။

မင်းကြီး၊ မင်းမျိုးမင်းနွယ်ဖြစ်တဲ့ သူငယ်ကို 'အငယ်ကလေးပဲ' လို့ မလေးမစားပြုရင် ရှင်ဘုရင်ဖြစ်လာတဲ့အခါ အဲဒီငယ်စဉ်က မလေးမစားခံရမှုကို သတိရပြီး အဲဒီသူကို ကြီးလေးစွာအပြစ်ပေးတတ်ပါတယ်။

အဆိပ်နဲ့တူတဲ့မြွေကို 'အငယ်ကလေးပဲ'လို့ မလေးမစားလုပ်ရင် အဲဒီမြွေကလေးကိုက်လို့လည်း သေနိုင်တယ်။

မီးကို 'အနည်းငယ်ကလေးပဲ'လို့ မလေးမစားလုပ်ရင် မီးကလေးဟာ အမှိုက်စတဲ့လောင်စာနဲ့ တွေ့တဲ့အခါ ကြီးကျယ်စွာ လောင်တတ်တယ်။

အဲဒီလိုပဲ သီလသိက္ခာရှိတဲ့ သူတော်ကောင်း ရသေ့ ရဟန်းကို 'အငယ်ကလေးပဲ'လို့ မလေးမစားပြုလုပ်ရင် သူ့ရဲ့သီလတန်ခိုးကြောင့် အကျိုးမဲ့ဖြစ်ရတတ်တယ်။

ကောသလမင်းဟာ ဉာဏ်ပညာနည်းပါးရှာတယ်။ ဒါကြောင့် ဗုဒ္ဓက သူနဲ့တန်ရုံသာ တရားဟောတယ်။ ကောသလမင်းကလည်း အဲဒီလောက်တရားကိုပဲ များစွာသဘောကျကာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာလို့ မှတ်ယူတော်မူပါလို့ လျှောက်ထားတယ်။ (သံယုတ်၊ ပ၊ ၆၉)

ကောသလမင်းဟာ ပင်ကိုဉာဏ် ထက်သန်သူမဟုတ်လို့ မဂ်ဖိုလ်တရားတွေကို မရထိုက်ပေမယ့် ဗုဒ္ဓဟာ ဝါတော် ၂၀ ရပြီးနောက်မှာ သာဝတ္ထိမြို့မှာချည်း ၂၅ ဝါပတ်လုံးသီတင်းသုံးလို့ ဗုဒ္ဓကို မကြာ

www.dhammaransi.com



ခဏာ ဖူးတွေ့ရတယ်။ တရားအမျိုးမျိုးကို နာရတယ်။ ဒါကြောင့် ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ယုံကြည်တဲ့မင်းကြီးဖြစ်တယ်။ ဗုဒ္ဓအပေါ် ကောသလရဲ့ နှစ်နှစ်ကာကာယုံကြည်ကြောင်းမှာလည်း သူရဲ့နောက်ဆုံး အကြိမ် (နတ်ရွာစံခါနီး) လျှောက်ထားတဲ့စကားတွေအရ ထင်ရှားတယ်။

ကောသလမင်းဟာ ကိစ္စတစ်စုံတစ်ရာကြောင့် သာကီဝင်မင်းတွေရဲ့နယ်ပယ်မှာ ပါဝင်တဲ့ နဂရကနိဂုံးကို ရောက်နေတယ်။ သူက နောက်လိုက်နောက်ပါ အခြံအရံတွေနဲ့ ဥယျာဉ်တစ်ခုကိုသွားပြီး ရှုစားတဲ့အခါ တိတ်တိတ်ဆိတ်ဆိတ် ကြည်နူးဖွယ်ကောင်းတဲ့ သစ်ပင်တွေကို မြင်ရတော့ အဲဒီလိုနေရာမျိုးမှာ ဗုဒ္ဓနဲ့ မကြာခဏတွေ့ခဲ့ရဖူးလို့ ဗုဒ္ဓကို အမှတ်ရတယ်။ အဲဒီအခါ ကာရာယနစစ်သူကြီးက အနီးမှာရှိလို့ အဲဒီစစ်သူကြီးကို ပြောတယ်။

'အချင်း ကာရာယန၊ ဒီသစ်ပင်တွေရဲ့အောက်မှာ အလွန်ကြည်နူးဖွယ်ကောင်းတယ်။ လူသံသူသံ မကြားရ။ သူတစ်ပါးမကြားစေလိုတဲ့ စကားကို တိုးတိုးတိတ်တိတ် တိုင်ပင်လိုသူတွေလည်း အသုံးပြုဖို့ ကောင်းလှတယ်။ ရဟန်းတွေလည်း ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကာ တစ်ပါးတည်း ကိန်းအောင်းနေဖို့ ကောင်းလှတယ်။ ဒီလိုနေရာမျိုးမှာ ဗုဒ္ဓကို ဆည်းကပ်ခဲ့ရဖူးတယ်။ ယခုအခါ ဗုဒ္ဓဟာ ဘယ်အရပ်မှာ သီတင်းသုံးပါသလဲ။'

အဲဒီလို မေးမြန်းတော့ စစ်သူကြီးက အဲဒီနေ့မှာပဲ အရောက်သွားနိုင်လောက်တဲ့ 'မေဒါဠုပ'နိဂုံးမှာ သီတင်းသုံးကြောင်း သံတော်ဦးတင်လို့ ချက်ချင်းပဲသွားကာ ရောက်လျှင်ရောက်ချင်း ခြေတော်တွေမှာ ဦးတိုက်ပြီး ခြေတော်ကို ပါးစပ်နဲ့ စုပ်၊ လက်နဲ့လည်း အားရပါးရ ဆုပ်ကိုင်တယ်။

အဲဒီလို ခြေတော်ကို လွန်စွာအလေးပြုပြီးတဲ့ ကောသလမင်းကို ဗုဒ္ဓမေးလို့ ကောသလမင်းက ဖြေတယ်။

www.dhammaransi.com



'ဘယ်အကျိုးထူးကို မြင်လို့ ဒီခန္ဓာကိုယ်အပေါ်မှာ ဒီလောက် လွှန်လွှန်မင်းမင်း ရှိသေမြတ်နိုးမှုကို ပြုရပါသလဲ။'

'ရှင်တော်ဘုရားအပေါ် သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း၊ ဓမ္မကိုလည်း ကောင်းစွာဟောထားကြောင်း၊ တပည့်အပေါင်းကလည်း ကောင်းစွာ ကျင့်ကြကြောင်းကို (ပိုင်ပိုင်နိုင်နိုင်ကြီး မဟုတ်ပေမယ့်) မှန်းဆပြီး သိနိုင်လောက်တဲ့ အသိဉာဏ်မျိုးကို ဒကာတော်မှာ ရနေပါပြီ။ အဲဒီလို ရလို့ ရှင်တော်ဘုရားအပေါ် ဒီလောက်ရှိသေလေးစားမှု ပြုရပါတယ်။'

ကောသလမင်းဟာ အသိဉာဏ်ဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်း တွေကို ဆက်လက်လျှောက်ထားပါတယ်။

'ဗုဒ္ဓသာသနာရဲ့ ပြင်ဘက်မှာ ရသေ့ရဟန်းတွေ ရှိကြပါတယ်။ သူတို့က ၁၀ နှစ်မှ အနှစ် ၄၀ အထိ မေထုန်ရှောင်ကြဉ်မှုစတဲ့အကျင့် ကို ကျင့်ကြပြီး နောင်အခါ လူထွက်ကြကာ ကာမစည်းစိမ်ကို ခံစား ကြတယ်။ ဗုဒ္ဓသာသနာမှာတော့ အသက်ပင်သေရစေကာမူ အကျင့်မြတ် ကို မစွန့်လွှတ်ဘဲ အသက်ဆုံးအောင် ကျင့်သွားကြတဲ့ရဟန်းတွေကို တွေ့ရလို့ 'အင်း ဗုဒ္ဓက အစစ်အမှန်ဖြစ်လို့သာ၊ ဗုဒ္ဓရဲ့ဩဝါဒတွေက မှန်ကန်ကောင်းမြတ်လို့သာ၊ တပည့်သံဃာတွေက အကျင့်ကောင်း ရှိကြလို့သာ ဒီအရှင်တွေဟာ ဒီလောက်စောင့်စည်းကြပေတယ်'လို့ စိတ်ထဲမှာ မှန်းဆနိုင်တဲ့အသိဉာဏ်ကို ရခဲ့ပါတယ်။'

'မြတ်စွာဘုရား၊ အကြောင်းတစ်မျိုးမှာ ယခုကာလက မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်စသူတွေဟာ အချင်းချင်း မညီမညွတ်ရှိကြ ပါတယ်။ သားအမိ၊ သားအဖ၊ မောင်နှမချင်းတောင်မှ ငြင်းခုံကြနဲ့ မညီညွတ်နိုင်ကြပါ။ ဗုဒ္ဓရဲ့တပည့် အရှင်မြတ်တွေမှာ တစ်ပါးနဲ့တစ်ပါး နို့ရည်နဲ့ရေ ရောထားသလို လိုက်လိုက်လျောလျော ရှိကြပုံ၊ ခင်မင်တဲ့ မျက်လုံးနဲ့ အချင်းချင်းကြည့်ကြပုံကို တွေ့ရပါတယ်။ ဒီဗုဒ္ဓပရိသတ် လောက် ညီညွတ်တဲ့ပရိသတ်ကို အခြားနေရာမှာ မတွေ့နိုင်ပါ။ အဲဒီလို

www.dhammaransi.com



ညီညွတ်ကြပုံကို မြင်ရလို့လည်း ဗုဒ္ဓ၊ ဓမ္မနဲ့ သံဃာတော်တွေရဲ့ အမှန်ကောင်းမြတ်ကြောင်းကို မှန်းဆပြီး သိနိုင်တဲ့ဉာဏ်ကို ရရှိပါတယ်။'

'မြတ်စွာဘုရား၊ အကြောင်းတစ်မျိုး ရှိပါသေးတယ်။ ဒကာတော်ဟာ ပိန်ချုံးနေတဲ့ ရဟန်းတွေကို မြင်ရပြီး 'ဒီကိုယ်တော်တွေဟာ သာသနာမှာ မပျော်ပိုက်ဘဲ ကျင့်နေကြဟန်တူတယ်။ ဒါမှမဟုတ် သူတို့ပြုမိတဲ့ မကောင်းမှုကို တွေးပြီး ပူဆွေးနေကြဟန်တူတယ်'လို့ ထင်မိလို့ အဲဒီရဟန်းတွေကို မေးမြန်းကြည့်တဲ့အခါ ၂ မျိုးလုံးပင် မဟုတ်ကြဘဲ မျိုးရိုးအလိုက် ပါလာတဲ့ရောဂါရှိနေသူတွေ ဖြစ်ကြောင်းကို သိရပါတယ်။ ဝဝဖြိုးဖြိုး ရွှင်ရွှင်ပျပျနဲ့ ရဟန်းရဲ့ကျင့်ဝတ်ကို ကျင့်ကာ လောကီရေးရာမှာ လုံ့လကြောင့်ကြဗျာပါရမရှိကြတော့ဘဲ မာန်တက်ကြွဟန်လည်း မရှိကြတဲ့ ရဟန်းတွေကို မြင်ရတဲ့အခါမှာတော့ 'အင်း၊ ဗုဒ္ဓလည်း အစစ်အမှန်ဓမ္မကိုလည်း ကောင်းစွာဟောကြားထားဟန်ရှိပြီး တပည့်သံဃာတွေ ဒီလောက် ပျော်ပျော်ရွှင်ရွှင် ကောင်းစွာကျင့်ကြတာဖြစ်ပေလိမ့်မယ်'လို့ မှန်းဆနိုင်တဲ့ အသိဉာဏ်ကို ရရှိခဲ့ပါတယ်။'

'မြတ်စွာဘုရား၊ အကြောင်းတစ်မျိုး ရှိပါသေးတယ်။ ဒကာတော်ဟာ သတ်နိုင်၊ ဖြတ်နိုင်၊ ဒဏ်တပ်နိုင်တဲ့ အာဏာပိုင်တစ်ယောက်ဖြစ်ပါလျက် တရားရုံးမှာ ဒကာတော် စကားပြောနေတုန်း တချို့လူတွေက ကြားဝင်ပြီး ပြောတတ်ကြပါတယ်။ ဒကာတော်က 'ငါပြောနေတုန်း ဝင်မပြောကြနဲ့'လို့ တားပေမယ့် မရပါ။ ဗုဒ္ဓက ရာပေါင်းများစွာသော ပရိသတ်မှာ တရားဟောတော်မူတဲ့အခါ ဗုဒ္ဓရဲ့တပည့်များစွာထဲက တစ်ပါးတလေမျှ ချေသံ၊ ချောင်းဟန့်သံမပြုကြ။ တစ်ခါတုန်းက ဗုဒ္ဓက တရားဟောနေတုန်း တပည့်တစ်ပါးက ချောင်းဟန်တဲ့အခါ အခြားကိုယ်တော်က အသာကလေး လက်တို့ပြီး 'တိတ်တိတ်နေပါ. အသံမပြုပါနဲ့၊ ဗုဒ္ဓတရားဟောနေတယ်'လို့ တားမြစ်တာကို တွေ့ခဲ့ဖူး

www.dhammaransi.com



ပါတယ်။ အဲဒီအခါ ဒကာတော်မှာ 'ဩဇာ၊ တုတ်၊ ဓား၊ လက်နက်၊ ဒဏ်ပေးချက်လည်းမပါဘဲ ယဉ်ကျေးအောင် ပရိသတ်ကို ဆုံးမတော်မူနိုင်ပါပေရဲ့'လို့ ချီးကျူးမိပါတယ်။ ဒီလောက်ယဉ်ကျေးပြီးတဲ့ ပရိသတ်ကို သာသနာတော်ရဲ့ပြင်ပမှာ မတွေ့ရပါ။ ဒီယဉ်ကျေးပုံကို မြင်ရလို့လည်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃာအပေါ်မှာ အားရကျေနပ်တဲ့ (ကြည်ညိုတဲ့သဒ္ဓါနဲ့တကွ) အသိဉာဏ်ကို ရခဲ့ပါတယ်။'

'မြတ်စွာဘုရား၊ အကြောင်းတစ်မျိုး ရှိပါသေးတယ်။ ဒကာတော်က ပညာရှိမင်း၊ ပညာရှိပုဏ္ဏားတွေ၊ ပညာရှိသူဌေး သူကြွယ်တွေကို တွေ့ရဖူးပါတယ်။ သူတို့က သူတို့ပညာအစွမ်းနဲ့ တစ်ဖက်သားတွေရဲ့ အယူဝါဒကို ဖြိုဖျက်နေသလို ဖြစ်ကြပါတယ်။ သူတို့က ဘယ်မြို့၊ ရွာ၊ နိဂုံးကို ရှင်တော်ဘုရား ရောက်လာလိမ့်မယ်'လို့ ကြားကြရရင် အပြစ်တင်ကြဖို့ ခက်ဆစ်ခက်ရာ ပြဿနာတွေကို စီစဉ်ပြီးထားနှင့်ကြပါတယ်။ သူတို့ရဲ့ပြဿနာတွေကို ဘယ်လိုပဲဖြေဖြေ၊ အပြစ်မကင်းနိုင်တဲ့ပြဿနာတွေလို့ သူတို့က ယူဆပြီး အားရနေကြပါတယ်။ ဗုဒ္ဓရောက်လာတဲ့အခါ ဗုဒ္ဓရှိရာကို သူတို့လာကြရာ ဗုဒ္ဓက သူတို့အား တရားဟောတော်မူတဲ့အခါ သူတို့လွန်စွာနှစ်သက်ကြပြီး ပြဿနာကိုလည်း မမေးကြတော့။ အပြစ်လည်း မတင်ကြတော့ဘဲ သူတို့ကိုယ်သူတို့ တပည့်ဖြစ်ကြောင်း ဝန်ခံကြပါတယ်။ ဒီလိုပညာရှိကြီးတွေကိုယ်တိုင်က တပည့်အဖြစ် ဝန်ခံကြပုံကို မြင်ရတဲ့အခါ ဗုဒ္ဓရဲ့ အစစ်အမှန်ဖြစ်ကြောင်း၊ ဓမ္မရဲ့ကောင်းတဲ့ဓမ္မဖြစ်ကြောင်း၊ သံဃာတော်ရဲ့အကျင့်ကောင်းကြောင်း'ကို မှန်းဆပြီး သိနိုင်တဲ့ဉာဏ်ကို ရရှိခဲ့ပါတယ်။'

'မြတ်စွာဘုရား၊ အကြောင်းတစ်မျိုး ရှိပါသေးတယ်။ ဣသိဒတ္တနဲ့ပုရာဏမည်တဲ့ ဗိသုကာကြီးနှစ်ယောက်ဟာ ဒကာတော်ရဲ့ အမှုထမ်းတွေဖြစ်ပြီး သူတို့အသက်မွေးမှုရိက္ခာအစုကို ဒကာတော်ကပဲ ပေးရပါတယ်။ သူတို့သွားဖို့ရာ ယာဉ်တွေကလည်း ဒကာတော်ရဲ့ပစ္စည်းတွေပဲ

www.dhammaransi.com



ဖြစ်ပါတယ်။ ဒါပေမဲ့ ဗုဒ္ဓအပေါ် လေးစားသလောက် ဒကာတော်ကို မလေးစားကြပါ။ ရှေးတုန်းက ကိစ္စတစ်ခုကြုံခဲ့ရဖူးတာက ဒကာတော်ဟာ စစ်ထွက်ရတဲ့အခါ သူတို့ကိုလည်း စုံစမ်းရင်း ကျဉ်းမြောင်းတဲ့နေရာမှာ သူတို့နှစ်ယောက်နဲ့အတူ နေပါတယ်။ သူတို့က အတော်ညဥ့်နက်အောင် တရားဆွေးနွေးကြတုန်း ဒကာတော်က အိပ်ချင်ဟန်ဆောင်နေပါတယ်။ သူတို့ အိပ်ခါနီးတဲ့အခါ 'ဘယ်အရပ်ဆီမှာ ဗုဒ္ဓသီတင်းသုံးနေတယ်'လို့ သူတို့ချင်းမေးကြပြီး ဗုဒ္ဓသီတင်းသုံးရာဘက်နဲ့ ဒကာတော်နေရာဘက်ဟာ တစ်ဖက်စီဖြစ်နေကြောင်းကို သိကြလို့ ဒကာတော်ဘက်ကို ခြေပြုကာ ဗုဒ္ဓရှိရာဘက်ကို ဦးခေါင်းပြုပြီး အိပ်ကြပါတယ်။ အသက်မွေးဝမ်းကျောင်း ဘာတစ်ခုမျှမရဘဲ အဲဒီလောက်ရှိသေလေးစားပုံကို သိမြင်ရလို့ အံ့ဩမိကာ ဗုဒ္ဓရဲ့အစစ်အမှန်ဖြစ်ကြောင်း၊ ဓမ္မရဲ့ကောင်းတဲ့ဓမ္မဖြစ်ကြောင်း၊ သံဃာရဲ့အကျင့်ကောင်းကြောင်းကို မှန်းဆနိုင်ခဲ့ပါတယ်။'

ဗုဒ္ဓကို အလေးအမြတ်ပြုရာမှာ အကြောင်းတစ်မျိုး ရှိပါသေးတယ်။ ဗုဒ္ဓက မင်းမျိုးဖြစ်သလို ဒကာတော်လည်း မင်းမျိုးဖြစ်ပါတယ်။ ဗုဒ္ဓက ကောသလတိုင်းမှာ နေပြီး ဒကာတော်လည်း ကောသလတိုင်းမှာ နေသူဖြစ်ပါတယ်။ ဗုဒ္ဓဟာ သက်တော် ၈၀ ရှိပြီး ဒကာတော်လည်း အသက် ၈၀ ရှိပါပြီ။ ဒီလိုဇာတ်တူ၊ နေရပ်တူ၊ အသက်တူဖြစ်နေလို့လည်း ဗုဒ္ဓအပေါ်မှာ မိတ်ဆွေအပေါ်မြတ်နိုးသလို မြတ်နိုးပါတယ်လို့ လျှောက်တယ်။ (မဇ္ဈိမပဏ်၊ ပါဠိ၊ ၃၂၀)

ကောသလမင်းဟာ ဗုဒ္ဓနဲ့ ဒီနေရာမှာ နောက်ဆုံးတွေ့ရတာဖြစ်ပါတယ်။ အဲဒီလိုတွေ့ရပြီးနောက် အဲဒီညဥ့်ရဲ့ မိုးလင်းခါနီးမှာပဲ နတ်ရွာစံသွားပါတယ်။

www.dhammaransi.com

# ဗိမ္ဗိသာရမင်း

မြတ်တဲ့ရွှေအဆင်းနဲ့တူတဲ့ အဆင်းရှိလို့ ဗိမ္ဗိသာရမည်တဲ့မင်းဟာ မဂဓတိုင်းရှင်ဖြစ်တယ်။ ဗုဒ္ဓကို ကိုးကွယ်တယ်။ သူ့တိုင်းပြည်က ယူဇနာ ၃၀၀ ကျယ်ဝန်းတယ်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၃၃)

အသက် ၁၅ နှစ်ကပဲ ထီးနန်းစည်းစိမ်ကိုရပြီး ၅၂ နှစ်အထိ ရာဇဂြိုဟ်မှာ မင်းစည်းစိမ်ကို ခံစားရတယ်။ ဗုဒ္ဓက မင်းကြီးထက် ၅ နှစ် ကြီးတယ်။ ဘုရားအလောင်း ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံဝင်မှ မင်းကြီးက သိဒ္ဓတ္ထမင်းသားကို ပထမအကြိမ် တွေ့မြင်ဖူးတယ်။ မင်းကြီးက ဘုရားအလောင်း နေထိုင်ရာ ပဏ္ဍဝတောင်လိုဏ်ဂူကို သွားရောက်ပြီး မင်းစည်းစိမ်ကို လှူတယ်။ ဘုရားလောင်းက လက်မခံလို့ ဘုရားဖြစ်တဲ့အခါ ရာဇဂြိုဟ်မြို့သို့ ရှေးဦးစွာကြွရောက်ပါရန် လျှောက်ထားတယ်။ (သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၁၁၄။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၈)

ဘုရားဖြစ်ပြီးနောက် ရာဇဂြိုဟ်မြို့အနီး သုပ္ပတိဋ္ဌတစေတီမှာ တရားဟောတယ်။ (အပ၊ ဋ္ဌ၊ ၁၊ ၉၈။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၂၅)

အဲဒီတရားပွဲမှာ ဗိမ္ဗိသာရမင်းကြီးအပါအဝင် ပရိသတ် တစ်သိန်းတစ်သောင်းဟာ သောတာပန်တည်တယ်။ ကျန်ပရိသတ် တစ်သောင်းကတော့ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာအဖြစ်ကို ရောက်သွားကြတယ်။ (ဝိ၊ ၃၊ ၄၅။ ဥဒါန၊ ဋ္ဌ၊ ၃၂၄)

အဲဒီနောက်မှာ မင်းကြီးက မင်းဖြစ်လိုမှု၊ ဗုဒ္ဓကို ရာဇဂြိုဟ်သို့ ကြွစေလိုမှု၊ ဗုဒ္ဓထံ ချဉ်းကပ်လိုမှု၊ ဗုဒ္ဓကိုယ်တော်တိုင် တရားဟောစေလိုမှု၊ အဲဒီဟောတရားကို သိရှိလိုမှုဆိုတဲ့ သူ့ရဲ့တောင့်တချက် ၅ ခု ပြည့်စုံပြီဖြစ်ကြောင်း လျှောက်ထားကာ ဥပါသကာအဖြစ် ခံယူပါတယ်။

www.dhammaransi.com



နောက်တစ်နေ့မှာ ဆွမ်းကျွေးပွဲပြုလုပ်ရာ သိကြားမင်းက လုလင်ပျိုအသွင်ဆောင်ကာ ဘုရားဂုဏ်တော်တွေကို သီဆိုကျူးရင့်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတစ်ထောင်ကို နန်းတော်သို့ ပင့်ဆောင်လာတယ်။ ဆွမ်းဘုဉ်းပေးပြီးနောက် မင်းကြီးက ဘုရားရှင်လက်တော်ပေါ်မှာ ရေစက်သွန်းချပြီး ဝေဠုဝန်ဉယျာဉ်ကို သံဃာအား လှူဒါန်းတယ်။

(ဝိ၊ ၃၊ ၄၇။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၅၆)

အဲဒီခဏမှာ ပြင်းထန်တဲ့မြေငလျင် တုန်လှုပ်တယ်။ ဇမ္ဗူဒိပ်ကျွန်းမှာ ဝေဠုဝန်အာရာမ်အလှူပွဲမှတစ်ပါး အခြားအာရာမ်နဲ့ ကျောင်းအလှူပွဲတွေမှာ မြေငလျင်တုန်လှုပ်ခြင်း မရှိပါ။

(အပ၊ ဋ္ဌ၊ ၁၊ ၁၀၀။ ဗုဒ္ဓဝံ၊ ဋ္ဌ၊ ၂၅။ ဇာတ်၊ ဋ္ဌ၊ ၁၊ ၉၈)

အဲဒီအလှူပွဲမှာ ဖုဿဘုရားရှင်လက်ထက်က ပြိတ္တာဘဝကို ရောက်ရှိနေကြတဲ့ မင်းကြီးရဲ့ဆွေမျိုးဟောင်းတွေအား အမျှမပေးဝေမိလို့ ညအခါမှာ ပြိတ္တာတွေက ကြောက်မက်ဖွယ်အသံကို ပြုလုပ်ကြတယ်။ မင်းကြီးဟာ နောက်တစ်နေ့မှာ ဘုရားရှင်အား လျှောက်ထားရာ ပြိတ္တာတွေဖြစ်ပုံအကြောင်းစုံကို အမိန့်ရှိလို့ နှစ်ရက်ဆက် အလှူအတန်း ပြုလုပ်ကာ ပြိတ္တာတွေအား အမျှပေးဝေခဲ့ပါတယ်။ အဲဒီခဏမှာပဲ ပြိတ္တာဘဝမှ လွတ်မြောက်ကြပြီး နတ်စည်းစိမ်ကို ခံစားကြရပါတယ်။

(ဓမ္မ၊ ဋ္ဌ၊ ၁၊ ၆၆။ ပေတ၊ ဋ္ဌ၊ ၂၀)

ပြီးတော့ အရှင်သာရိပုတ္တရာရဲ့ လွန်ခဲ့တဲ့ ငါးဘဝမြောက်က မယ်တော်ဖြစ်ခဲ့ဖူးတဲ့ ပြိတ္တာမအတွက်လည်း အလှူအတန်းပြုလုပ်ဖို့ လှူဖွယ်မျိုးစုံကို အရှင်သာရိပုတ္တရာအား အပ်နှင်းခဲ့ပါသေးတယ်။ အရှင်သာရိပုတ္တရာက ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာအား လှူကာ အမျှဝေလို့ ပြိတ္တာဘဝမှ လွတ်မြောက်ကာ နတ်ပြည်ရောက်သွားပါတယ်။

(ပေတ၊ ဋ္ဌ၊ ၇၃)

မင်းကြီးဟာ တစ်လမှာ ၆ ရက် ဥပုသ်စောင့်သုံးတယ်။ မင်းကြီးကို အတုလိုက်ပြီး တိုင်းသူပြည်သားတွေလည်း ဥပုသ်စောင့်သုံး

www.dhammaransi.com



ကြတယ်။ သူ့ထံလာသူတွေကိုလည်း ဥပုသ်စောင့်၊ မစောင့် မေးမြန်းလေ့ရှိတယ်။ (ဓမ္မ၊ ဌ၊ ၁၉၄)

နှစ်နိုင်ငံ ကုန်သည်တွေရဲ့ ဆက်သွယ်ပေးမှုအရ ဗိမ္ဗိသာရမင်းကြီးနဲ့ ပုက္ကုသာတိမင်းကြီးတွေဟာ မဟာမိတ်တွေ ဖြစ်လာကြတယ်။ တစ်ချိန်မှာ ဗိမ္ဗိသာရမင်းကြီးက ရတနာသုံးပါးရဲ့ဂုဏ်တော်တွေကို ရေးသားထားတဲ့ ရွှေပြားကို ပုက္ကုသာတိမင်းကြီးထံ လက်ဆောင်တဲ့ပြန်ခဲ့ဖူးတယ်။ သောတာပန်ဖြစ်တဲ့နေ့ကစပြီး ရတနာသုံးပါးမှတစ်ပါး အခြားရတနာတွေက ဗိမ္ဗိသာရမင်းကြီးကို ရွှင်လန်းဝမ်းသာစေနိုင်စွမ်း မရှိတော့ပါ။ (မ၊ ဌ၊ ၄၊ ၁၉၆)

မင်းကြီးက ရှစ်ရက်သီတင်း၊ လပြည့်၊ လကွယ်နေ့တွေမှာ တိတ္ထိတွေနည်းတူ ရဟန်းတွေလည်း အစည်းဝေး ပြုလုပ်သင့်ကြောင်းကို ဘုရားရှင်အား အကြံပေးလျှောက်ထားခဲ့ဖူးတယ်။ (ဝိ၊ ၃၊ ၁၃၉)

မင်းကြီးနဲ့ ဆွေမျိုးတော်စပ်သူတစ်ဦးက အာဇီဝကတွေထံ ရဟန်းပြုပြီးနောက် သဗ္ဗပါသဏ္ဍိကဘတ် (မိစ္ဆာအယူ၊ အယူမှားရှိသူအားလုံးအား လှူတဲ့ထမင်း) ကို ပြုလုပ်လိုကြောင်း မင်းကြီးအားပြောပြရာ ဘုရားအမှူးရှိတဲ့ သံဃာတွေကို ရှေးဦးစွာကျွေးမယ်ဆိုရင် ပြုလုပ်ပေးမယ်လို့ မင်းကြီးက ပြန်ပြောတယ်။ (ဝိ၊ ၂၊ ၁၀၀)

မင်းကြီးက ဝါထပ်လိုလို့ ရဟန်းတွေထံ တမန်လွှတ်ပြီး လျှောက်ထားတာကို အကြောင်းပြုကာ ဘုရားရှင်က မင်းရဲ့အလိုကို လိုက်ဖို့ ခွင့်ပြုလိုက်ပါတယ်။ (ဝိ၊ ၃၊ ၁၉၃)

တစ်ခါမှာ ရဟန်းတွေက တပေါဒါမြစ်မှာ မိုးချုပ်သည်အထိ ရေချိုးနေကြတယ်။ မင်းကြီးက ရဟန်းတွေ ရေချိုးပြီးမှ ရေချိုးရလို့ မြို့တံခါးပိတ်သွားတဲ့အတွက် မြို့ပြင်မှာအိပ်နေရတယ်။ နံနက်စောစော နံ့သာတွေမဖျက်ဘဲ ဘုရားရှင်ထံသွားရာ ဘုရားရှင်ကမေးလို့ အကြောင်းစုံကို လျှောက်ထားတယ်။ ဘုရားရှင်က အတိုင်းအရှည်မသိဘဲ ရေချိုး

www.dhammaransi.com



ကြတဲ့ ရဟန်းတွေကို ကဲ့ရဲ့ပြစ်တင်ပြီး နဟာနသိက္ခာပုဒ်ကို ပညတ်တော်မူတယ်။ (ဝိ၊ ၂၊ ၁၅၄)

စစ်သားတွေဟာ စစ်ထွက်မယ့်ဆဲဆဲမှာ အကုသိုလ်မှ ကြောက်လို့ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုကြတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုအရေးယူသင့်သလဲလို့ မင်းကြီးက တရားသူကြီးတွေကို မေးရာ 'ဉပဇ္ဈာယ်ဆရာကို ခေါင်းဖြတ်'စသည်ဖြင့် ကြီးလေးတဲ့ပြစ်ဒဏ်ပေးသင့်ကြောင်း သံတော်ဦးတင်ကြတယ်။ မင်းကြီးက ဘုရားရှင်ထံသွားပြီး 'သာသနာကို မကြည်ညိုတဲ့မင်းတွေဟာ အပြစ်အနည်းငယ်မျှနဲ့ ရဟန်းတွေကို ညှဉ်းဆဲလိုကြောင်း တွေ့ရှိရပါတယ်။ မင်းခစားတွေကို ရဟန်းပြုခွင့် ပေးတော်မမူပါနဲ့'လို့ လျှောက်ထားခဲ့တယ်။ အဲဒီအချိန်ကစပြီး 'မင်းခစားတွေ ရဟန်းပြုမပေးရ'လို့ ပညတ်တော်မူတယ်။

(ဝိ၊ ၃၊ ၁၀၂)

မင်းကြီးမှာ စွဲကပ်နေတဲ့ ဂရင်ဂျီနာဟာ ဇီဝကရဲ့ ဆေးတစ်ကြိမ်လိမ်းရုံမျှနဲ့ ပျောက်ကင်းခဲ့တယ်။ (ဝိ၊ ၃၊ ၃၈၂)

ဆဗ္ဗဂ္ဂီရဟန်းတွေဟာ အလိုရှိတိုင်း ချမ်းချမ်းသာသာ ဘုဉ်းပေးသုံးဆောင်ဖို့ လှူဒါန်းထားတဲ့ မင်းကြီးရဲ့ဉယျာဉ်မှ သရက်သီးနုတွေကို အတိုင်းအဆမရှိ ဆွတ်ခူးဘုဉ်းပေးကြလို့ သရက်သီးဘုဉ်းပေးမှုနဲ့ ပတ်သက်ပြီး ဗုဒ္ဓက သိက္ခာပုဒ်ပညတ်ခဲ့ရတယ်။ (ဝိ၊ ၂၊ ၂၄၄)

ဗိမ္ဗိသာရမင်းကြီးလက်ထက်မှာ တစ်ပါဒ (ငါးပဲ) နဲ့ အဲဒီလောက်ထိုက်တန်တဲ့ပစ္စည်းကို ခိုးယူရင် ပြစ်ဒဏ်ခံရတယ်။ ဗုဒ္ဓက အဲဒီငွေကြေးစည်းမျဉ်းအတိုင်း ခိုးယူမိရင် ဒုတိယပါရာဇိကအပြစ်လို့ ပညတ်တော်မူခဲ့တယ်။ (ဝိ၊ ၁၊ ၅၅)

ဘုရားရှင်က ရောဂါပျောက်ခါစ နောက်နေ့မှာ သောဏကောဠိဝိသ လှူဒါန်းတဲ့ဆွမ်းကို ဘုဉ်းပေးနေစဉ် ဗိမ္ဗိသာရမင်းကြီး ရောက်ရှိလာရာ ဆွမ်းနံ့မွှေးကြိုင်လှလို့ စားလိုတဲ့အာသာ ဖြစ်ပေါ်လာတယ်။

www.dhammaransi.com



မင်းကြီးရဲ့အာသာကို သိတော်မူလို့ နတ်သြဇာမထည့်ရသေးတဲ့ဘက်က ဆွမ်းအနည်းငယ်ကိုယူပြီး မင်းကြီးအားပေးတယ်။ မြောက်ကျွန်းက ဆွမ်းဖြစ်ပါသလားလို့ မင်းကြီးက မေးလို့ 'သင့်နိုင်ငံသား သောဏ လှူဒါန်းတဲ့ ဆွမ်းဖြစ်ကြောင်း မိန့်တော်မူပြီး သောဏရဲ့ စည်းစိမ်ချမ်းသာ ပြည့်စုံပုံကို ဟောပြတယ်။ မင်းကြီးက သောဏကို တွေ့လိုလို့ တမန်လွှတ်ပြီး အခေါ်ခိုင်းတယ်။ သောဏဟာ မိဘတွေရဲ့ သွန်သင်ချက်အရ မင်းကြီးရှေ့မှာ ထက်ဝယ်ဖွဲ့ခွေထိုင်တယ်။ မင်းကြီးကိုယ်တိုင် သောဏအား မျက်မှောက်အကျိုးတွေကို ဟောပြတယ်။ တမလွန်အကျိုးတွေကိုတော့ ဘုရားရှင်ထံ နာယူရန် စေလွှတ်တယ်။'

(ဝိ၊ ၃၊ ၂၆၅။ ဝိ၊ ဋ္ဌ၊ ၃၊ ၄၀၀။ အပ၊ ဋ္ဌ၊ ၂၊ ၂၀၀)

တပည့်သာဝကတွေအတွက် ပညတ်ထားတဲ့ တန်ခိုးမပြရဆိုတဲ့ သိက္ခာပုဒ်ဟာ ဘုရားရှင်နဲ့ မသက်ဆိုင်ကြောင်းကို ဥယျာဉ်ပိုင်ဥပမာနဲ့ မင်းကြီးအား ဗုဒ္ဓက ဖြေရှင်းပြတယ်။

(ဝိ၊ ၄၊ ၂၄၇။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၃၃။ အပ၊ ဋ္ဌ၊ ၁၊ ၁၃၀။ ဇာတ်၊ ဋ္ဌ၊ ၄၊ ၂၆၄)

ပိလိန္ဒဝစ္ဆမထေရ်က နန်းပြာသာဒ်ကို ရွှေပြာသာဒ်ဖြစ်အောင် တန်ခိုးဖန်ဆင်းပြလို့ မထေရ်ရဲ့တန်ခိုးနဲ့ ဖြစ်ပေါ်လာတဲ့ရွှေပန်းကို ပန်ဆင်ခဲ့မိလို့ အထင်လွဲကာ ဖမ်းဆီးခံထားတဲ့ အာရာမ်စောင့်တစ်အိမ်သားလုံးကို မင်းကြီးက လွှတ်ပစ်ခဲ့ဖူးတယ်။ (ဝိ၊ ၁၊ ၃၆၀။ ဝိ၊ ၃၊ ၃၀၀)

မင်းကြီးဟာ လူမှုရေးကိစ္စများပြားလှလို့ ဘုရားရှင်နဲ့သံဃာတွေထံ မကြာခဏ သွားရောက်ဖူးမြော်နိုင်ဟန် မရှိပါ။ ပိလိန္ဒဝစ္ဆမထေရ်အား အာရာမ်စောင့် လှူဒါန်းပါမယ်လို့ ဝန်ခံပြီးနောက် ရက်ပေါင်း ၅၀၀ ကြာမှ အမှတ်ရလို့ မေ့လျော့နေတဲ့ဂုဏ်နဲ့ အညီအမျှ အာရာမ်စောင့် ၅၀၀ ကို လှူဒါန်းခဲ့ပါတယ်။ အဲဒီလူတွေ နေထိုင်ရာရွာကို 'အာရာမိကဂါမက'ဟုလည်းကောင်း 'ပိလိန္ဒဂါမက'ဟုလည်းကောင်း ခေါ်တယ်။ (ဝိ၊ ၁၊ ၃၆၀)

www.dhammaransi.com



ဂေါဓိကထေရ်၊ သုဗာဟုထေရ်၊ ဝလ္လိယထေရ်၊ ဥတ္တိယထေရ် တို့အား ကျောင်းဆောက်လှူဒါန်းပြီး အမိုးမိုးပေးဖို့ မေ့နေပြန်တယ်။ မထေရ်တွေရဲ့တန်ခိုးကြောင့် မိုးမရွာမှ အမှတ်ရပြီး အမိုးမိုး၊ မြေညက် အင်္ဂတေကိုင်၊ ပန်းချီဆေးရုပ်ခြယ်ပြီးနောက် ကျောင်းရေစက်ချပွဲ ပြု လုပ်တယ်။ (ထေရ၊ ၂၃၁။ ထေရ၊ ဋ္ဌ၊ ၁၊ ၁၅၇)

သုဘူတိထေရ်အား ကျောင်းဆောက်လှူဒါန်းမယ်ဟု လည်း ကောင်း။ (ထေရ၊ ၂၁၉။ ထေရ၊ ဋ္ဌ၊ ၁၊ ၁၂၈။ အပ၊ ဋ္ဌ၊ ၁၊ ၃၅) ဝန်ခံပြီးမှ မေ့နေပြန်ရာ မထေရ်တွေရဲ့တန်ခိုးကြောင့် မိုးမရွာမှ အမှတ်ရ လို့ ကျောင်းဆောက်လှူဒါန်းတယ်။

ဖြစ်ပေါ်နေတဲ့ ဘေးကြီးသုံးပါး ငြိမ်းအေးဖို့ ဘုရားရှင် ဝေသာလီ ပြည်သို့ ကြွရောက်လာရာမှာ ဗိမ္ဗိသာရမင်းက ကြီးကျယ်တဲ့ အခမ်းအနား အစီအစဉ်နဲ့ ဘုရားရှင်အား ပူဇော်မှုပြုခဲ့တယ်။

(ခုဒ္ဒက၊ ဋ္ဌ၊ ၁၃၆။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂၇၄။ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၂၆၆)

ခင်ပွန်းသည် ဝိသာခသူဌေးရဲ့ တောင်းပန်ချက်အရ ဓမ္မဒိန္နာ သူဌေးကတော် ဘိက္ခုနီအဖြစ်နဲ့ သာသနာ့ဘောင်ဝင်ပွဲ ပြုရာမှာလည်း မင်းကြီးက လမ်းမတွေကို သုတ်သင်စေပြီး ရွှေထမ်းစင်စီးခွင့် ပေးခြင်း ဖြင့် ဓမ္မဒိန္နာအား ပူဇော်ခဲ့တယ်။ (မ၊ ဋ္ဌ၊ ၂၊ ၂၅၇။ ထေရီ၊ ဋ္ဌ၊ ၁၇)

ဗိမ္ဗိသာရရဲ့ မိဖုရားခေါင်ကြီးက ဝေဒေဟီ။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၄၃)

ခေမာ။ (အံ၊ ဋ္ဌ၊ ၁၊ ၂၆၄) တို့ ဖြစ်ကြတယ်။

အမ္ဗပါလီ။ (ဝိ၊ ၃၊ ၃၇၇။ ဒီ၊ ၂၊ ၈၁)

ပဒုမဝတီ။ (ထေရီ၊ ၃၈၂။ ထေရီ၊ ဋ္ဌ၊ ၄၀) တို့ဟာ အပျော် ပြည့်တန်ဆာမယားတွေ ဖြစ်ကြတယ်။ အမည်မထင်ရှားတဲ့ မိဖုရားတွေ လည်း ရှိတယ်။

မင်းကြီးမှာ သား ၆ ယောက်၊ သမီး ၁ ယောက် ရှိတယ်။

ဝေဒေဟီမိဖုရားကြီးရဲ့သား အဇာတသတ်။ (သံ၊ ၁၊ ၈၃)

www.dhammaransi.com



ပဒုမဝတီပြည့်တန်ဆာမရဲ့သား အဘယ။ (အပ၊ ၁၊ ၁၆)
အမ္ဗပါလီရဲ့သား ဝိမလကောဏ္ဍည။ (ထေရ၊ ဋ္ဌ၊ ၁၊ ၁၈၃)
အခြားမိဖုရားတွေမှ ဖွားမြင်တဲ့ သီလဝ။ (ထေရ၊ ဋ္ဌ၊ ၂၊ ၂၁၈)
ဇယသေန။ (မ၊ ၃၊ ၁၆၉)
စုန္ဒ။ သမီးတော် စုန္ဒီ။ (အံ၊ ၂၊ ၂၉) တို့ဖြစ်ကြတယ်။

ဗိမ္ဗိသာရမင်းရဲ့ မဟာမိတ်ဘုရင်၊ မြို့စား၊ အမတ်နဲ့ လက်သုံးတော်တွေက

တက္ကသိုလ်ပြည်က ပုက္ကုသာတိမင်း။ (မ၊ ဋ္ဌ၊ ၄၊ ၁၉၄)
ဥဇ္ဇေနီပြည်က စဏ္ဍပဇ္ဇောတမင်း။ (ဝိ၊ ၃၊ ၃၈၇)
စမ္ပာမြို့စား သောဏဒဏ္ဍပုဏ္ဏား။
ခါဏုမတမြို့စား ကူဋဒန္တပုဏ္ဏား။ (ဒီ၊ ၁၊ ၁၀၄၊ ၁၂၀)
ဝဿကာရအမတ်။ (ဝိ၊ ၁၊ ၅၃)
ကောလိယအမတ်။ (ပေတ၊ ၁၆၇။ ပေတ၊ ဋ္ဌ၊ ၁၅၆)
စမ္ပာမြို့ သူဌေးသား သောဏကောဠိဝိသ။ (ဝိ၊ ၃၊ ၂၆၇)
သုမနပန်းသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၀၇။ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၁၄)
သမက်တော် ကုမ္ဘဃောသက။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၅၂)
ဇီဝက။ (ဝိ၊ ၃၊ ၃၇၈) တို့ဖြစ်ကြတယ်။

ဗိမ္ဗိသာရမင်းရဲ့နိုင်ငံမှာ အချမ်းသာဆုံးသူဌေးကြီး ၅ ဦးက ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယ တို့ဖြစ်ကြတယ်။

တိုင်းပြည်စည်ကားအောင် အမိန့်အရ ပြည့်တန်ဆာမကို ထားသင့်ကြောင်း သူဌေးအပေါင်းရဲ့ သံတော်ဦးတင်ချက်အရ သာလဝတီ ပြည့်တန်ဆာမကို ထားရှိခဲ့တယ်။

ဗိမ္ဗိသာရမင်းနဲ့ ပသေနဒိကောသလမင်းတို့ဟာ အချင်းချင်း မောင်လှယ် နှမလှယ် လက်ထပ်ကြတယ်။ ပသေနဒိကောသလမင်း

www.dhammaransi.com



က သူဌေးတစ်ဦးပေးရန် တောင်းလို့ မေဏ္ဍကသူဌေးရဲ့သား ဓနဉ္စယ သူဌေး (ဝိသာခါရဲ့ဖခင်) ကို ဗိမ္ဗိသာရမင်းက ထည့်ပေးလိုက်တယ်။
(ဝိ၊ ၃၊ ၃၇၇။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၄၃)

ဗိမ္ဗိသာရမင်း ဇောတိကသူဌေးရဲ့ စည်းစိမ်ချမ်းသာကို မြင်ရတဲ့ အခါ ဝမ်းမြောက်ခဲ့တယ်။ (ဓမ္မ၊ ဋ္ဌ၊ ၂၊ ၄၄၀)

ဗိမ္ဗိသာရမင်းဟာ အသက် ၅၂ နှစ်သို့ရောက်တဲ့အခါ ကြေကွဲ ဝမ်းနည်းဖွယ်ကောင်းတဲ့ အဖြစ်ဆိုးကြီးနဲ့ ရင်ဆိုင်ခဲ့ရရှာပါတယ်။ အဲဒီ အဖြစ်ဆိုးကြီးဆီ ရောက်ရှိလာအောင် ပို့ဆောင်ပေးသူကတော့ သား တော် အဇာတသတ်ပဲ ဖြစ်တယ်။ ဝေဒေဟီမိဖုရားကြီးဟာ အဇာ တသတ်မင်းသားကို ကိုယ်ဝန်ဆောင်နေရစဉ် မင်းကြီးရဲ့ လက်ယာ လက်မောင်းသွေး (ညာဒူးသွေး၊ ဇာတ်၊ ဋ္ဌ၊ ၃၊ ၁၁၁) လည်ကုတ်သွေး၊ သိ မှုကွဲ) ကို သောက်လိုတဲ့အာသာ ဖြစ်ပေါ်လာလို့ လက်မောင်းသွေးကို ဖောက်တိုက်ခဲ့ရတယ်။ အဲဒီအချက်ကိုထောက်ပြီး ဖခင်ရဲ့ရန်သူဖြစ် လိမ့်မယ်ဆိုတဲ့ နိမိတ်ဖတ်ချက်အရ ကိုယ်ဝန်ဖျက်ချရန် ကြံစည်ခဲ့စဉ် မှာရော၊ မွေးဖွားပြီးနောက် သတ်ပစ်ရန် အကြိမ်ကြိမ်ကြံစည်ခဲ့စဉ်မှာပါ ကိုယ်ဝန်ဖျက်မချဖို့၊ သတ်မပစ်ဖို့ မင်းကြီးက တားမြစ်ခဲ့တယ်။ အဇာ တသတ် ငယ်စဉ်က သူ့လက်ချောင်းမှာ ခူနာပေါက်ရာ အနာပြည် ကိုက်လို့ သူဟာ ရှိုက်ကာ ငိုကြွေးနေရှာတယ်။ မင်းကြီးက သားတော် ရဲ့ဝေဒနာ သက်သာစေရန် ခူနာပေါက်တဲ့လက်ချောင်းကို အာခံတွင်းမှာ ငုံထားစဉ် ပြည်ပေါက်လို့ သွေးနဲ့ပြည်တွေကို မျိုချရှာတယ်။ အဇာ တသတ် အရွယ်ရောက်တဲ့အခါမှာလည်း အိမ်ရှေ့ရာထူးကို အဇာတသတ် အား ချီးမြှင့်တယ်။ ဒီအချက်တွေကို ထောက်ပြီး သားတော်တွေထဲမှာ အဇာတသတ်ကို အချစ်ဆုံးလို့ ဆိုနိုင်တယ်။

ဒေဝဒတ်ရဲ့ မြှောက်ပင့်ပေးချက်အရ ဖခင်ဘုရင်ကြီးကို လုပ် ကြံရန် နန်းတွင်းသို့ နေ့အချိန်မှာ ဝင်လာတဲ့ အဇာတသတ်ကို အမတ်

www.dhammaransi.com



ကြီးတွေက ရှာဖွေကြရာ ဓားငယ်ကိုတွေ့ရှိရလို့ အကြောင်းကို မေးမြန်းတဲ့အခါ ထီးနန်းကို လိုချင်မှန်း သိရတဲ့အတွက် ဘုရင်ကြီးက လွှဲပေးတယ်။ ဘုရင်ကြီးကို အပြီးသုတ်သင်ပစ်ရန် ဒေဝဒတ်က ထပ်မံမြှောက်ပင့်ပေးပြန်လို့ ခမည်းတော်ဘုရင်ကြီးကို အကျဉ်းထောင်မှာ သွင်းထားကာ မယ်တော်မှတစ်ပါး ဘယ်သူမှ မဝင်ရလို့ အမိန့်ထုတ်ပြန်ထားတယ်။ ဝေဒေဟီမိဖုရားကြီးက အစားအစာ အပြည့်ထည့်ထားတဲ့ ရွှေခွက်ကို ခါးစောင်းတင် ရင်ခွင်မှာဝှက်ပြီး မင်းကြီးအား ကျွေးမွေးရာတယ်။ သားတော်ဘုရင်က သိသွားလို့ တားမြစ်တဲ့အတွက် ဆံထုံးမှာရော၊ ခြေနင်းမှာပါ အစာကို ဝှက်ယူကျွေးမွေးရရှာတယ်။ နောက်ဆုံးမှာ မယ်တော်ကိုတောင် ဖခင်နဲ့တွေ့ခွင့် မပေးတော့။ အဲဒီအချိန်ကစပြီး အစားမစားရပေမယ့် စင်္ကြံသွားရင်း ဖလသမာပတ်ဝင်စားနေတယ်။ ရေးကထက်တောင် အသားအရေ ပြည့်တင်းစိုပြည်လျက် အဆင်းအရောင် တောက်ပြောင်ဝင်းပနေတာကို အဇာတသတ် ကြားရတဲ့အခါ ဆတ္တာသည်တွေကို စေလွှတ်ပြီး ခြေဖဝါးကို ဓားခွဲခိုင်းပြီး ဆားသိပ်၊ မီးကျိုးမှာ ကင်စေရာ ပြင်းထန်တဲ့ဝေဒနာကို ခံစားရရှာတယ်။

အဟော ဗုဒ္ဓေါ စသည်ဖြင့် ရတနာသုံးပါးရဲ့ဂုဏ်တော်ကို ရွတ်ဆိုမြည်တမ်းရင်း အသက်သေကာ စာတုမဟာရာဇ်နတ်ပြည်က ဝေဿဝဏ်နတ်မင်းကြီးရဲ့ အခြံအရံ ဇနဝသဘနတ်သား ဖြစ်တယ်။

မင်းကြီးဟာ ရှေးအတိတ်ဘဝတစ်ခုက စေတီရင်ပြင်မှာ ဖိနပ်စီးလျက် သွားခဲ့ဖူးတယ်။ ထိုင်နေရန် ခင်းထားအပ်တဲ့ ဖျာသင်ဖြူးကို ခြေမဆေးဘဲ နင်းခဲ့ဖူးတယ်။ အဲဒီအကုသိုလ်ကံတွေကြောင့် ခြေဖဝါးဓားခွဲခံရခြင်းဖြစ်တယ်။ (ဒီ၊ ၄၊ ၁၊ ၁၂၁)

ဇနဝသဘနတ်သားဟာ ဗုဒ္ဓထံ လာရောက်ပြီး 'တပည့်တော်ဟာ သကဒါဂါမိဖြစ်အောင် အမြဲကြိုးစားနေပါတယ်'လို့ လျှောက်ထားတယ်။ (ဒီ၊ ၂၊ ၁၆၇)

www.dhammaransi.com



မင်းကြီးဟာ သောတာပန်အဖြစ်နဲ့ ရတနာသုံးပါးအပေါ် ပြုအပ်တဲ့ ကောင်းမှုကုသိုလ်ရဲ့အစွမ်းကြောင့် အထက်နတ်ပြည်မှာ ဖြစ်စေနိုင်ပေမယ့် အရင်က အဲဒီစာတုမဟာရာဇ်နတ်ပြည်မှာ ဝေဿဝဏ်နတ်မင်းရဲ့ အလုပ်အကျွေးဘဝမှ စုတေပြီး လူ့ပြည်မှာ မင်းအဖြစ်နဲ့ ၇ ဘဝ၊ လူ့ပြည်မှ စုတေပြီး အဲဒီနတ်ပြည်မှာ ဝေဿဝဏ်နတ်မင်းရဲ့ အလုပ်အကျွေးအဖြစ်နဲ့ ၇ ဘဝ ဖြစ်ခဲ့ရာ ၇ ကြိမ်တိုင်တိုင်ဖြစ်ခဲ့ဖူးတဲ့နေရာ ဖြစ်လို့ အဲဒီနတ်ပြည်မှာပဲ ဖြစ်ရပါတယ်။ (ဒီ၊ ၄၊ ၂၊ ၂၃၁)

www.dhammaransi.com

# ကာကဝလိယသူဌေး

အရှင်မဟာကဿပဟာ ၇ ရက်ပတ်လုံး နိရောဓသမာပတ်နဲ့ အချိန်ကုန်လွန်စေပြီး ဆင်းရဲသားတွေကို ချီးမြှောက်လိုလို့ ကာကဝလိယမည်တဲ့ လူဆင်းရဲရဲ့ အိမ်တံခါးဝမှာ ဆွမ်းရပ်တယ်။ အဲဒီ ကာကဝလိယရဲ့မယားက မထေရ်ကိုမြင်ပြီး ခင်ပွန်းလင်အတွက် ချက်ပြုတ်ထားတဲ့ ဆားမပါဟင်းစပ်ယာဂုကို သပိတ်မှာ လောင်းလှူလိုက်တယ်။ မထေရ်က အဲဒီယာဂုကို ခံယူပြီး ဘုရားရှင်ရဲ့လက်တော်မှာ ကပ်ထားတယ်။ ဘုရားရှင်က ရဟန်းသံဃာအများအား လောက်အောင်ပြုလုပ်ကာ အဓိဋ္ဌာန်ပြုတော်မူတယ်။ သပိတ်တစ်လုံးတည်းနဲ့ ဆောင်ယူခဲ့တဲ့ယာဂုက ရဟန်းအားလုံးအတွက် လောက်တယ်။ ကာကဝလိယဟာလည်း ၇ ရက်မြောက်နေ့မှာ သူဌေးအရာကို ရတယ်။

(ဝိသုဒ္ဓိမဂ်၊ ဒု၊ ၃၃)

ရာဇဂြိုဟ်မြို့မှာ ကာကဝလိယ (ကာဠဝဠိယ) မည်တဲ့ လူဆင်းရဲရှိတယ်။ သူ့ရဲ့မယားက သစ်ရွက်အချဉ်ပါတဲ့ ယာဂုကို ကျိုတယ်။ မဟာကဿပထေရ်က နိရောဓသမာပတ်မှထပြီး 'ဘယ်သူ့ကို ချီးမြှောက်ရပါ့မလဲ' လို့ ဆင်ခြင်တဲ့အခါ သူ့ကိုမြင်သွားကာ အိမ်တံခါးမှာ ရပ်တယ်။ သူမက သပိတ်ကို ယူပြီး အကုန်လုံးကို သပိတ်မှာထည့်ကာ မထေရ်အား လှူတယ်။ မထေရ်က ကျောင်းကိုသွားပြီး ဘုရားရှင်အား ဆက်ကပ်တယ်။ ဘုရားရှင်က သူ့အတွက် လောက်ငရုံပဲ ခံယူတယ်။ ကျန်တာက ရဟန်း ၅၀၀ အား လောက်တယ်။ ကာကဝလိယလည်း အဲဒီနေရာကို ရောက်တဲ့အခါ ဦးစွန်းကိုရတယ်။ မဟာကဿပထေရ်က ဘုရားရှင်ကို ကာကဝလိယရဲ့အကျိုးနဲ့ ပတ်သက်ပြီး မေးတယ်။ ဘုရား

www.dhammaransi.com



ရှင်က 'ဒီကနေ့ကနေ ၇ ရက်မြောက်မှာ သူဌေးထီးကို ရလိမ့်မယ်'လို့ မိန့်တယ်။ ကာကဝလိယက အဲဒီစကားကိုကြားရပြီး သွားကာ မယား အား ပြောပြတယ်။

အဲဒီအခါမှာ ဗိမ္ဗိသာရမင်းက မြို့ကိုလှည့်လည်တဲ့အခါ မြို့ပြင်ဘက်မှာ တံကျင်ပေါ်ထိုင်နေတဲ့ ရာဇဝတ်သား ယောကျ်ားကို မြင်ရတယ်။ ယောကျ်ားက မင်းကိုမြင်ပြီး 'အရှင်မင်း၊ အကျွန်ုပ်အတွက် အရှင်မင်း စားမယ့်ထမင်းကို ပို့လွှတ်ပေးပါ'လို့ အသံကျယ်လောင်စွာ ပြောတယ်။ မင်းက 'ပို့ပေးမယ်'လို့ ပြောပြီး ညနေစာထမင်းကို သူ့ထံ သယ်ဆောင်လာတဲ့အခါ သတိရပြီး 'ဒီထမင်းကို သယ်ဆောင်နိုင်သူကို သိကြလော'လို့ ပြောတယ်။ မြို့မှာ အသပြာတစ်ထောင်ထုပ်နဲ့ လှည့်လည်ကြတယ်။ ၃ ကြိမ်မြောက်မှာ ကာကဝလိယရဲ့မယားက ယူတယ်။ အဲဒီအခါ သူမကို မင်းအားပြကြတယ်။ သူမက ယောကျ်ားအသွင်ကို ယူပြီး လက်နက် ၅ မျိုးဖွဲ့ချည်ကာ ထမင်းခွက်ကိုယူပြီး မြို့မှထွက်တယ်။ မြို့ပြင်ဘက်က ထန်းပင်စောင့် ဒီဃတာလမည်တဲ့ ဘီလူးက သူ့သစ်ပင်အောက်က သွားသူကို မြင်ပြီး 'ရပ်လော၊ ရပ်လော၊ သင်ဟာ ငါ့ရဲ့အစာပဲ'လို့ ပြောတယ်။

'ငါဟာ သင့်ရဲ့အစာမဟုတ်ပါ။ ငါဟာ မင်းရဲ့တမန်ဖြစ်ပါတယ်'

'သင် ဘယ်ကိုသွားမှာလဲ'

'ငါက တံကျင်ပေါ်ထိုင်နေတဲ့ယောကျ်ားထံ သွားပါမယ်'

'ငါ့ရဲ့သတင်းစကားတစ်ခုကိုလည်း သယ်ဆောင်နိုင်မလား'

'ဟုတ်ကဲ့၊ သယ်ဆောင်နိုင်ပါတယ်'

'ဒီဃတာလရဲ့ မယားဖြစ်သူ သုမနတ်မင်းရဲ့သမီး ကာဠီဟာ သားလေးမွေးဖွားတယ်လို့ ပြောလိုက်ပါ။ ဒီထန်းပင်မြစ်ရင်းမှာ ရွှေအိုး ၇ လုံး ရှိပါတယ်။ အဲဒါတွေကို သင်ယူပါ'

www.dhammaransi.com



ကာကဝလိယမယားက 'ဒီဃတာလရဲ့ မယားဖြစ်သူ သုမန နတ်မင်းသမီး ကာဠီဟာ သားလေးမွေးဖွားတယ်'လို့ ကြွေးကြော်ရင်း သွားတယ်။ သုမနနတ်ဘီလူးက နတ်ဘီလူးအစည်းအဝေးမှာ ထိုင်နေရင်း ကြားရပြီး 'လူတစ်ယောက်က ငါတို့ထံ ချစ်မြတ်နိုးဖွယ်အဖြစ်အပျက်ကို သယ်ဆောင်လာတယ်။ သူ့ကိုခေါ်လိုက်ကြ'လို့ ပြောကာ သတင်းစကားကို ကြားရတော့ သဘောကျသွားတယ်။ 'ဒီသစ်ပင်ရဲ့ ဝန်းဝိုင်းတဲ့အရိပ်ဖြန့်ရာနေရာက ရွှေအိုးတွေကို သင့်အားပေးတယ်'လို့ ပြောတယ်။ တံကျင်ပေါ် ထိုင်နေတဲ့ယောကျ်ားက ထမင်းကို စားပြီး ပါးစပ်ကို သုတ်တဲ့အခါ မိန်းမတွေ့ပဲလို့သိပြီး ဦးစွန်းကို ကိုက်လိုက်တယ်။ သူမက သံလျက်နဲ့ သူမရဲ့ဦးစွန်းကို ဖြတ်လိုက်ပြီး မင်းထံပဲ သွားတယ်။ မင်းက မေးတယ်။

'ထမင်းစားပြီးကြောင်းကို ဘယ်လိုသိရမလဲ'

'ဦးစွန်းအမှတ်အသားနဲ့ သိရပါမယ်'

မင်းက အဲဒီဥစ္စာကို သယ်ဆောင်ခိုင်းပါတယ်။ မင်းက မေးပါတယ်။

'အခြားသူမှာ ဒီလောက်ဥစ္စာ ရှိပါသလား'

'အရှင်မင်း၊ မရှိပါ'

မင်းက သူမရဲ့လင်ကို အဲဒီမြို့က ဥစ္စာသူဌေးအဖြစ် ပြုလိုက်တယ်။ (ဥပရိပဏ်၊ ၄၊ ၄)

www.dhammaransi.com

# ဖြဟ္မာယု ပါဠမောက္ခ

ဗုဒ္ဓရဲ့ဂုဏ်သတင်းတွေ တစ်စတစ်စ ပျံ့နှံ့လာရာ မိထိလာမြို့ 'ဗြဟ္မာယု' မည်တဲ့ ပါဠမောက္ခဆရာကြီးလည်း ကြားရလို့ သူကိုယ်တိုင် စုံစမ်းချင်စိတ် ဖြစ်ပေမယ့် ဗုဒ္ဓအတုနဲ့တွေ့နေရင် 'မဆင်မခြင် သွားရမလား'လို့ အများ ကဲ့ရဲ့ဖွယ်ဖြစ်မှာစိုးလို့ ကိုယ်တိုင်မသွားဘဲ သူ့ရဲ့လက်ထောက် ဥတ္တရ မည်တဲ့ ဆရာလေးကို ခေါ်ကာ ပြောတယ်။

'ဥတ္တရ၊ သာကီဝင်ဇာတ် မင်းမျိုးမှထွက်ပြီး ရဟန်းပြုလာတဲ့ အရှင်ဂေါတမဟာ ငါတို့ဝိဒေဟတိုင်းမှာ ရဟန်းများစွာခြံရံလျက် လှည့် လည်နေတယ်။ အရှင်ဂေါတမရဲ့ ဂုဏ်သတင်းလည်း အလွန်ကျော် ကြားတယ်။ အဲဒီအရှင်ဂေါတမထံ သွားပြီး ကျော်ကြားသလောက် ဟုတ်မဟုတ်ကို စုံစမ်းပါချေ'

ဥတ္တရ။ ။ ကျော်ကြားသလောက် ဟုတ်မဟုတ်ကို ဘယ်လိုနည်းနဲ့ သိရပါမလဲ။

ဆရာကြီး။ ။ (ဝေဒကျမ်းဂန်မှာ ဗုဒ္ဓစသူတွေရဲ့ လက္ခဏာတွေကိုပြတဲ့ ဂါထာမန္တန်ပေါင်း ၁၆၀၀၀ ရှိတယ်။ အဲဒီမန္တန်တွေထဲ မှာ ဗုဒ္ဓဆိုင်ရာဂါထာတွေကို ညွှန်ပြပြီး) 'ဒီဂါထာမန္တန် တွေမှာ ပါတဲ့လက္ခဏာတွေနဲ့ နှိုင်းယှဉ်စုံစမ်းရမယ်။ အဲဒီလက္ခဏာတွေနဲ့ ညီညွတ်သူဟာ လူ့ဘောင်မှာနေရင် စကြာမင်း၊ တောထွက်ရင် ဗုဒ္ဓဖြစ်ရမယ်'

ဥတ္တရလုလင်ဟာ ဗုဒ္ဓထံရောက်ပြီး ဗုဒ္ဓရဲ့ ရုပ်လက္ခဏာတွေကို ဝေဒမန္တန်နဲ့ ညီ မညီ စုံစမ်းရာ လက္ခဏာတော် ၃၂ ပါးရှိရာမှာ ၃၀

www.dhammaransi.com



ဟာ အပြင်မှာမြင်နိုင်လို့ မန္တန်နဲ့ညီညွတ်ကြောင်း သိရပေမယ့် အင်္ဂါဇာတ်နဲ့ လျှာမှာ အတွင်းဖြစ်နေလို့ မမြင်နိုင်တဲ့အတွက် ဒီလက္ခဏာ ၂ ပါးနဲ့စပ်ပြီး ယုံမှားသံသယဖြစ်နေတာကို သိတော်မူတဲ့ ဗုဒ္ဓက လျှာကို ထုတ်ပြီး လက်ဝဲလက်ယာ နှာခေါင်းနဲ့ နားတွင်းတွေကိုလည်း သုံးသပ်ပြတယ်။ နဖူးကိုလည်း ဖုံးပြတယ်။ အဲဒီလိုပြလို့ လျှာတော်ရဲ့ ရှည်ကြောင်း၊ ပြန့်ကျယ်ကြောင်းကို သိသွားတယ်။ အင်္ဂါဇာတ်ကိုတော့ တိုက်ရိုက်ပြဖို့ မဖြစ်နိုင်လို့ အဝတ်တွင်းမှာရှိတဲ့ အင်္ဂါရဲ့ပုံသဏ္ဍာန်ကို ဓာတ်ပုံပြသလို အရိပ်မျှပြတဲ့အခါ အအိမ်နဲ့ဖုံးကာ ပဒုမ္မာကြာတိုက်နဲ့ ပုံသဏ္ဍာန်တူပြီး ရွှေအဆင်းရှိတဲ့ အင်္ဂါဇာတ်ကို မြင်ရလို့ ဗုဒ္ဓလက္ခဏာ အားလုံး ညီညွတ်ကြောင်း သိရတယ်။

ဥတ္တရလုလင်ဟာ ဆရာကြီး လက္ခဏာကိုသာ စုံစမ်းဖို့ စေခိုင်းလိုက်ပေမယ့် 'ဘယ်ပုံဘယ်နည်း နေထိုင်သလဲ'လို့ မေးရင် မဖြေနိုင်မှာစိုးလို့ ဗုဒ္ဓရဲ့အနေအထိုင်ပါ သိလိုလို့ ဗုဒ္ဓရဲ့နေပုံ၊ ထိုင်ပုံ၊ ဟောပုံ၊ ပြောပုံ၊ ပရိသတ်နဲ့ဆက်ဆံပုံ ဒီအလုံးစုံကို ဆက်လက်စုံစမ်းတယ်။ ကာလအတန်ကြာတဲ့အခါ 'ဗုဒ္ဓ ဟုတ် မဟုတ် စုံစမ်းနေတဲ့ လုလင်' လို့ အသိများလာလို့ ဗုဒ္ဓကို ဆွမ်းဘုဉ်းပေးဖို့ ပင့်သူတွေက ဥတ္တရလုလင်ကိုပါ ဖိတ်မံကြတယ်။ ဥတ္တရလည်း ဗုဒ္ဓနောက်က တကောက်ကောက်လိုက်ကာ ဆွမ်းအကပ်ခံပုံ၊ ဆွမ်းဘုဉ်းပေးပုံ၊ ဆွမ်းဘုဉ်းပေးပြီးနောက် သပိတ်ဆေးပုံ၊ ဆွမ်းတရားဟောပုံ၊ အဲဒီကပြန်လာပြီး ရဟန်းတွေ ဆွမ်းစားပြီးချိန်ကို စောင့်ဆိုင်းကာ ရဟန်းတွေလာတဲ့အခါ ဂန္ဓကုဋီ ဘုရားကျောင်းတော်ရဲ့ ဆင်ဝင်မှာရပ်ကာ ရဟန်းတွေအား ဩဝါဒပေးပုံ၊ ဂန္ဓကုဋီဝင်သွားပုံတွေကို လေ့လာတယ်။

ဥတ္တရလုလင်ဟာ ဂန္ဓကုဋီကိုဝင်ပြီး ဗုဒ္ဓနေထိုင်ပုံကို စုံစမ်းတယ်။ ဗုဒ္ဓက တစ်ခဏမျှ လဲလျောင်းနေဖို့ အခြင်းအရာကို ပြတဲ့အခါ လုလင်က ဂန္ဓကုဋီမှထွက်တယ်။ ဗုဒ္ဓက တစ်ခဏမျှလဲလျောင်းကာ ထပြီး

www.dhammaransi.com



ဖလသမာပတ်ဝင်စားတယ်။ သမာပတ်ဝင်စားပြီးနောက် တရားနာဖို့ ပရိသတ်ရောက်လာကြောင်းကို သိတော်မူပြီး တရားဟောရာဓမ္မာရုံကို ကြွကာ တရားဟောတယ်။ တရားဟောစဉ် လုလင်လည်း အနီးမှာ ထိုင်ကာ 'ဘယ်လိုစကားမျိုးကို ပြောသလဲ၊ ပရိသတ်ကို မြှောက်နေသလား၊ ဒါမှမဟုတ် နှိမ့်ချပြောနေသလား' စသည်ဖြင့် အကဲခတ်တယ်။ ဒီနည်းနဲ့ ဗုဒ္ဓကို စုံစမ်းရာ ၇ လလောက်ကြာသွားတယ်။ အဲဒီအခါ ဒီလိုစဉ်းစားမိတယ်။

'ငါဟာ ၇ လပတ်လုံး တကောက်ကောက်လိုက်ပြီး အပြစ်ရှာပေမယ့် အရှင်ဂေါတမရဲ့အပြစ်ကို အနည်းငယ်မျှ မတွေ့ရ။ နောက်ထပ်ဆက်ပြီး ၇ နှစ်၊ အနှစ် ၁၀၀၊ အနှစ် ၁၀၀၀ ကြာအောင် အပြစ်ရှာပေမယ့် တွေ့မှာမဟုတ်။ ငါ့ရဲ့ဆရာ ပါမောက္ခကြီးလည်း အသက်ကြီးရှာပြီ။ ယောဂကုန်ရာတရားတော်ကို ဆရာကြီး သိသင့်တယ်။ ဒါကြောင့် ဆရာကြီးထံ အမြန်ပြန်ပြီး ဗုဒ္ဓအစစ်ဖြစ်ကြောင်းကို ပြောပြတော့မယ်'

အဲဒီလို ကြံစည်ကာ ဗုဒ္ဓထံ ပြန်ပါဦးမယ့်အကြောင်း ခွင့်တောင်းပြီး အကျွမ်းဝင်နေတဲ့ သံဃာတွေကိုလည်း ဝပ်ချကာ ထွက်ခွာသွားတယ်။ ဥတ္တရလုလင် ပြန်ရောက်လျှင်ရောက်ချင်း ပါမောက္ခကြီးက မေးမြန်းပါတယ်။

'ဘယ့်နှယ်လဲ ဥတ္တရ၊ ရှင်ဂေါတမရဲ့ ကျော်စောမှုဟာ အမှန်အတိုင်း ကျော်စောထိုက်တဲ့ ဂုဏ်ရှိပြီး ကျော်စောတာ ဟုတ်ရဲ့လား'

ဥတ္တရလုလင်က သူကိုယ်တိုင် တွေ့ခဲ့ ကြုံခဲ့ စုံစမ်းခဲ့သမျှကို ခရေစေ့တွင်းကျ ပြန်ပြောပြတယ်။ 'အရှင်ဆရာကြီး၊ အဲဒီအရှင်ဂေါတမဟာ ယောကျ်ားမြတ်ရဲ့လက္ခဏာ ၃၂ ပါးနဲ့ ပြည့်စုံပါတယ်' ဥတ္တရရဲ့ စကားတွေကို နားထောင်ရာ ပါမောက္ခဆရာကြီးဟာ ဝေဒမန္တန်နဲ့ ညီညွတ်နေတဲ့ ဗုဒ္ဓလက္ခဏာတွေကို ကြားရရင်ပဲ အလွန်ကျေနပ်ဟန်

www.dhammaransi.com



ရှိတယ်။ ဥတ္တရလုလင်ကလည်း သူကိုယ်တိုင် စုံစမ်းတွေ့ရှိသမျှကို ပြောပြီး ရပ်တန့်မနေသေးဘဲ ဗုဒ္ဓရဲ့သွားပုံ၊ လာပုံ၊ ပြန်ကြွပုံ၊ ကျောင်းမှာနေပုံ၊ ပရိသတ်မှာ တရားဟောပုံ အဖုံဖုံကို အသေးစိတ်ပြောပြပြီး 'အရှင်ဆရာကြီး၊ အဲဒီအရှင်ဂေါတမဟာ ကျွန်တော်ပြောပြခဲ့တဲ့ ဂုဏ်တွေသာမက ဒီထက်များပြားလို့ ပြောလို့မကုန်နိုင်အောင် ဂုဏ်အပေါင်းတွေနဲ့ ပြည့်စုံပါတယ်'လို့ နိဂုံးအုပ်လိုက်တဲ့အခါ ဗြဟ္မာယုပါမောက္ခကြီးက ထိုင်နေရာမှ ထကာ အပေါ်ခြုံကို လက်ကန်တော့တင်ပြီး ဗုဒ္ဓရှိရာကို လက်အုပ်ချီကာ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ သုံးကြိမ်ဥဒါန်းကျူးရင့်ပါတယ်။ 'အရှင်ဂေါတမနဲ့ ဘယ်တော့တွေ့ရပါ့၊ ဘယ်တော့ စကားပြောရပါ့'လို့ တတွတ်တွတ်ပြောဆိုကာ ဗုဒ္ဓနဲ့တွေ့ရမယ့်အချိန်ကိုသာ စောင့်မျှော်နေပါတော့တယ်။

အဲဒီလို စောင့်မျှော်နေတုန်း ဗုဒ္ဓက မိထိလာမြို့ ကြွရောက်လာကြောင်း ကြားရလို့ လုလင်တစ်ယောက်ကို ခေါ်ပြီး မှာထားစေလွှတ်တယ်။

'အမောင် သွားချေ၊ အရှင်ဂေါတမရှိရာကို ချဉ်းကပ်ပြီး ငါ့ရဲ့အမေးနဲ့ ကျန်းမာချမ်းသာပါရဲ့လား'လို့ မေးချေ။ ပြီးတော့ လျှောက်ထားရဦးမှာက အရှင်ဂေါတမ၊ ဗြဟ္မာယုပုဏ္ဏားကြီးဟာ အသက် ၁၂၀ ကြီးရင့်ပါပြီ။ ဒီမိထိလာမြို့မှာ စည်းစိမ်အားဖြင့်လည်း အကြီးဆုံး၊ ဝေဒမန္တန်အားဖြင့်လည်း အသာဆုံးဖြစ်ပါတယ်။ အဲဒီဗြဟ္မာယုပါမောက္ခကြီးက အရှင်ဂေါတမကို တွေ့လိုပါတယ်လို့ လျှောက်ပါလေ'

အဲဒီလို မှာထားစေလွှတ်ပြီး တွေ့ခွင့်တောင်းရာ ဗုဒ္ဓထံမှ တွေ့ခွင့်ရလို့ ပါမောက္ခကြီးလည်း နောက်ပါတပည့်တွေနဲ့အတူ ရောက်လာပါတယ်။ ပါမောက္ခကြီး ရောက်လာတဲ့အခါ အလျင်ရောက်နေတဲ့ ပရိသတ်ကြီးက နေရာမှထကာ နေရာဖယ်ပေးကြပါတယ်။ ပါမောက္ခကြီးကတော့ 'မဖယ်ကြပါနဲ့၊ မဖယ်ကြပါနဲ့၊ ထိုင်မြဲထိုင်ကြပါ'လို့

www.dhammaransi.com



ပြောပြီး ဗုဒ္ဓအနီးကို ရောက်ကာ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပါတယ်။ လက္ခဏာတွေကို ကြည့်ရှုပြန်ရာ လျှာနဲ့အင်္ဂါဇာတ် မှတစ်ပါး အလုံးစုံကို မြင်ရပါတယ်။ အဲဒီနှစ်ပါးကို ဗုဒ္ဓက ဥတ္တရ လုလင်အား ပြသလို ပြတယ်။ ဗုဒ္ဓအစစ်ဖြစ်ကြောင်းကို လက္ခဏာ မြင်ရုံမျှနဲ့ ဆုံးဖြတ်ပြီး ခက်ခဲတဲ့ပြဿနာ ၈ ချက်ကို မေးပါတယ်။

အဲဒီပြဿနာတွေကို ဖြေပြီးတဲ့အခါ နေရာမှထကာ ဗုဒ္ဓရဲ့ခြေ တော်ကို ပါးစပ်နဲ့စုပ်၊ လက်နဲ့လည်း အားရပါးရဆုပ်ကာ 'ဗြဟ္မာယု ဆိုတာ တပည့်တော်ပါပဲ။ ဗြဟ္မာယုဆိုတာ တပည့်တော်ပါပဲ'လို့ လျှောက်တယ်။ အဲဒီအခါ ပရိသတ်အားလုံးက 'ဒီလောက်ထင်ရှားတဲ့ ပါမောက္ခကြီးကတောင် ဒီလောက်ရိုသေလေးစားပါကလား'လို့ လှုပ် လှုပ်ရှရှနဲ့ တအံ့တသြ ဖြစ်ကြတယ်။ အဲဒီကနောက် သစ္စာလေးပါး တရားတော်ကို ဆက်ပြီးဟောပြတဲ့အခါ အနာဂါမ်တိုင်အောင် ဖြစ်သွား ပါတယ်။ ၇ ရက်ပတ်လုံး ဆွမ်းကပ်ပြီး မကြာခင်ပဲ စုတေသွားပါ တယ်။ (မဇ္ဈိမပဏ်၊ ပါဠိ၊ ၃၃၄)

ကောသလတိုင်းက ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိပုဏ္ဏားလည်း တပည့်အမ္ဗဋ္ဌလုလင်ကို လွှတ်ပြီး စုံစမ်း စုံစမ်းခိုင်းပါတယ်။ အမ္ဗဋ္ဌ ကတော့ ဥတ္တရလုလင်လို မလိမ္မာ၊ မယဉ်ကျေးပါ။ ပေါက္ခရသာတိ ပုဏ္ဏားလည်း ဗုဒ္ဓထံ ကိုယ်တိုင်သွားရောက်စုံစမ်းပြီး ဗုဒ္ဓရဲ့တရားကို နာရတဲ့အခါ သောတာပန်ဖြစ်သွားပါတယ်။ ရတနာသုံးပါးကို ဆည်း ကပ်ကိုးကွယ်တဲ့ ဥပါသကာ ဖြစ်သွားပါတယ်။

(သီလက္ခန်၊ ပါဠိ၊ ၈၂)

အင်္ဂတိုင်းက စမ္ပာမြို့စား သောဏဒဏ္ဍပုဏ္ဏားလည်း ဗုဒ္ဓထံ သွားရောက်ကာ ဗုဒ္ဓတရားကို နာကြားရတော့ ရတနာသုံးပါးကို ဆည်း ကပ်ကိုးကွယ်တဲ့ ဥပါသကာ ဖြစ်သွားပါတယ်။

(သီလက္ခန်၊ ပါဠိ၊ ၁၀၄)

www.dhammaransi.com



မဂဓတိုင်းက ခါဏုမတမြို့စား ကူဋဒန္တပုဏ္ဏားလည်း ဗုဒ္ဓထံ သွားကာ ဗုဒ္ဓတရားကို နာကြားရတော့ သောတာပန်ဖြစ်သွားပါတယ်။
(သီလက္ခန်၊ ပါဠိ၊ ၁၂၀)

သေလပုဏ္ဏားလည်း ဗုဒ္ဓထံသွားပြီး ဗုဒ္ဓရဲ့လက္ခဏာတော် ၃၂ ပါးကို လေ့လာတဲ့အခါ ဗုဒ္ဓကို ချီးကျူးပြီး ဗုဒ္ဓထံ ရှင် ရဟန်းဝတ်ကာ ရဟန္တာဖြစ်သွားပါတယ်။ (မဇ္ဈိမပဏ်၊ ပါဠိ၊ ၂၃၃)

ပိင်္ဂလကောစ္ဆပုဏ္ဏားလည်း ဗုဒ္ဓထံ သွားရောက်ကာ ဗုဒ္ဓတရားကို နာကြားရတော့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ ဖြစ်သွားပါတယ်။ (မူလပဏ်၊ ပါဠိ၊ ၂၅၈)

သုန္ဒရိကဘာရဒွါဇပုဏ္ဏားလည်း ဗုဒ္ဓတရားကို နာကြားရပြီး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာဖြစ်ကာ ဗုဒ္ဓထံ ရှင် ရဟန်းဝတ်ပြီး ရဟန္တာဖြစ်သွားပါတယ်။ (မူလပဏ်၊ ပါဠိ၊ ၄၇)

တိကဏ္ဏပုဏ္ဏား၊ သင်္ဂါရဝပုဏ္ဏား၊ ဝေနာဂမြို့သား ဝစ္ဆဂေါတ္တ ပုဏ္ဏားတွေလည်း ဗုဒ္ဓထံသွားကာ ဗုဒ္ဓတရားကို နာကြားရတော့ ရတနာ သုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာတွေ ဖြစ်သွားကြပါတယ်။
(အံ၊ ပါဠိ၊ ပ၊ ၁၆၃၊ ၁၆၈၊ ၁၈၁)

www.dhammaransi.com

# ဒုဋ္ဌဂါမဏိမင်း

ဒုဋ္ဌဂါမဏိအဘယမင်းက စူဠင်္ဂဏိယစစ်ပွဲမှာ ရှုံးလို့ မြင်းမကိုစီးပြီး ထွက်ပြေးတယ်။ သူ့ရဲ့အလုပ်အကျွေးငယ် တိဿအမတ်တစ်ယောက်ပဲ နောက်ကရှိတယ်။ မင်းက တောအုပ်တစ်ခုကို ဝင်ပြီး ထိုင်နေတဲ့အခါ ထမင်းဆာလို့ 'ညီငယ်တိဿ၊ ငါတို့ကို ဆာလောင်မှုက အလွန်အကဲပဲ နှိပ်စက်တယ်၊ ဘာလုပ်ကြမလဲ'လို့ မေးတယ်။

'အရှင်မင်း၊ ပုဆိုးကြားမှာထားပြီး ရွှေခွက်ထမင်းအုပ်တစ်ခုကို ကျွန်တော်ဆောင်ခဲ့ပါတယ်'

'ဒီလိုဆို ဆောင်ယူခဲ့ပါ'

အမတ်က ထုတ်ဆောင်ပြီး မင်းရဲ့ရှေ့မှာထားတယ်။ မင်းက မြင်လို့ 'အို အမတ် ၄ ပုံ ပုံပါ'လို့ ပြောတယ်။

'အရှင်မင်း ကျွန်တော်တို့က သုံးဦးပါ၊ ဘာကြောင့် အရှင်မင်းက ၄ ပုံ ပုံခိုင်းပါသလဲ'

'ညီငယ်တိဿ၊ ငါဟာ ကိုယ်ကိုယ်ကို မှတ်မိတဲ့အချိန်ကစပြီး သံဃာတော်အရှင်မြတ်တွေအား မပေးလှူဘဲ စားဖူးတဲ့အစားအစာ မရှိပါ။ ငါဟာ ဒီနေ့လည်း မလှူဘဲ မစားအံ့'

အမတ်က ၄ ပုံပုံလိုက်တယ်။ မင်းက 'အချိန်ကို ကြွေးကြော်ပါ'လို့ ပြောတယ်။

'အရှင်မင်း၊ တောကြီးထဲမှာ ဘယ်ကလာ အရှင်မြတ်တွေကို ရမှာလဲ'

'အဲဒါဟာ သင့်တာဝန်မဟုတ်ဘူး၊ ငါ့မှာသဒ္ဓါရှိရင် အရှင်မြတ်တွေကို ရမယ်၊ ရဲရဲဝံ့ဝံ့ အချိန်ကိုကြွေးကြော်ပါ'

www.dhammaransi.com



'အချိန်ကျပါပြီဘုရား၊ အချိန်ကျပါပြီဘုရား'

အမတ်က သုံးကြိမ်တိုင်တိုင် ကြွေးကြော်တယ်။

အဲဒီအခါ အဲဒီအမတ်ရဲ့အသံကို ဗောဓိမာတုမဟာတိဿထေရ်က ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားတယ်။ 'ဒီအသံက ဘယ်ကလဲ'လို့ အဲဒီအသံကို ဆင်ခြင်ကြည့်တဲ့အခါ ဒီလိုသိသွားတယ်။

'ဒီနေ့ ဒုဋ္ဌဂါမဏိအဘယမင်းဟာ စစ်ရှုံးလို့ တောအုပ်ကိုဝင်ကာ ထိုင်နေရင်း တစ်ခွက်စာထမင်းကို ၄ ပုံ ပုံခိုင်းပြီး တစ်ယောက်တည်း မစားအံ့လို့ကြံကာ အချိန်ကိုကြွေးကြော်ခိုင်းတယ်'

'ငါဟာ ဒီနေ့ မင်းအား ချီးမြှောက်သင့်တယ်'လို့ တွေးကာ အဘိညာဉ်တန်ခိုးနဲ့လာပြီး မင်းရဲ့ရှေ့မှာ ရပ်တယ်။ မင်းက မြင်တွေ့ပြီး ကြည်ညိုကာ 'ညီငယ်တိဿ၊ ကြည့်လော့'လို့ပြောပြီး မထေရ်ကို ရှိခိုးကာ 'အရှင်ဘုရား၊ သပိတ်ပေးပါ'လို့ လျှောက်တယ်။ မထေရ်က သပိတ်ကိုထုတ်ဆောင်တယ်။ မင်းက သူ့ရဲ့ဝေစုနဲ့အတူ မထေရ်ရဲ့ဝေစုကို သပိတ်ထဲမှာထည့်ပြီး 'အရှင်ဘုရား၊ အာဟာရအန္တရာယ်ဆိုတာ တစ်ခါမှ မဖြစ်ပါစေနဲ့'လို့ ဆုတောင်းကာ ရှိခိုးပြီး ရပ်တည်တယ်။ တိဿအမတ်ကလည်း 'ငါ့ရဲ့အရှင့်သားက ကြည့်နေရင် စားဖို့ရာ မစွမ်းနိုင်'လို့ တွေးကာ သူ့ဝေစုကို မထေရ်ရဲ့သပိတ်ထဲမှာဘဲ လောင်းထည့်လိုက်တယ်။ မြင်းမကလည်း 'ငါ့ဝေစုကိုလည်း မထေရ်အားပဲ လှူသင့်တယ်'လို့ တွေးက မင်းက မြင်းမကိုကြည့်ကာ 'ဒီမြင်းမကလည်း သူ့ဝေစုကို မထေရ်ရဲ့သပိတ်ထဲမှာပဲ ထည့်တာကို လိုလားတယ်'လို့ သိသွားတယ်။ သူ့ဝေစုကိုလည်း သပိတ်ထဲမှာပဲထည့်ကာ မထေရ်ကို ရှိခိုးပြီး ပြန်လွှတ်လိုက်တယ်။ မထေရ်က အဲဒီဆွမ်းကိုယူသွားကာ အစကစပြီး ရဟန်းသံဃာအား ဆွမ်းလုပ်အသွင်နဲ့ လှူတယ်။

မင်းကလည်း 'ငါတို့အလွန်ဆာလောင်နေကြတယ်။ အပိုဆွမ်းလုံးတွေကို ပို့လွှတ်ရင် ကောင်းလေစွ'လို့ ကြံတယ်။ မထေရ်က မင်းရဲ့စိတ်ကိုသိပြီး အပိုဆွမ်းကို အဲဒီသူတို့အား မျှတလောက်အောင်

www.dhammaransi.com



ပြုလုပ်ပြီး သပိတ်ကို ကောင်းကင်ပေါ်ပစ်လိုက်တယ်။ သပိတ်ကလာပြီး မင်းရဲ့လက်မှာတည်တယ်။ ထမင်းက သုံးဦးအတွက် အလိုရှိသလောက် ဖြစ်တယ်။ အဲဒီအခါ မင်းက သပိတ်ကိုဆေးကြောပြီး 'အချည်းနှီး သပိတ်ကို မပို့အံ့'လို့ ကြံကာ အပေါ်အဝတ်ကိုဖြေပြီး ရေကိုသုတ်သင် တယ်။ အဝတ်ကို သပိတ်ထဲထားပြီး 'သပိတ်ကသွားပြီး ငါ့အရှင်ရဲ့ လက်မှာ တည်ပါစေ'လို့ ကောင်းကင်မှာပစ်လိုက်တယ်။ သပိတ်က သွားပြီး မထေရ်ရဲ့လက်မှာတည်မှာ။

နောင်အခါ မင်းက ဘုရားရှင်ရဲ့ သရီရဓာတ်တော်တွေရဲ့ ရှစ်ခုမြောက်အဖို့ကို တည်ရှိစေကာ အတောင် ၁၂၀ ရှိတဲ့ စေတီကြီး ကို ပြုလုပ်ခိုင်းတယ်။ စေတီမပြီးခင်မှာပဲ သေဖို့အချိန်ရောက်လာတယ်။ မဟာစေတီရဲ့တောင်ဘက်ဘေးမှာ လဲလျောင်းနေတဲ့မင်းအတွက် နိကာယ် ငါးရပ်အစွမ်းဖြင့် ရဟန်းအပေါင်းက ရွတ်ဖတ်တဲ့အခါ နတ်ပြည် ၆ ထပ်မှာ နတ်ရထား ၆ စင်းတွေလာပြီး ရှေ့ကကောင်းကင်မှာ ရပ်တည် တယ်။ မင်းက 'ကောင်းမှုမှတ်တမ်းစာအုပ်ကို ယူခဲ့ကြ'လို့ ပြောပြီး အစကစပြီး ကောင်းမှုမှတ်တမ်းစာအုပ်ကို ဖတ်ခိုင်းတယ်။ အဲဒီအခါ မင်းကို ဘယ်ကောင်းမှုကမှ မနှစ်သိမ့်စေနိုင်ပါ။ မင်းက 'ရှေ့ကိုဆက် ဖတ်ကြပါ'လို့ ပြောတယ်။ စာအုပ်ဖတ်တဲ့သူက 'စူဠင်္ဂဏိယ စစ်ပွဲရှုံးခဲ့တဲ့ အရှင်မင်းဟာ တောအုပ်ကိုဝင်ပြီး ထိုင်ရင်း တစ်ခွက်စာထမင်းကို ၄ ပုံ ပုံကာ ဗောဓိမာတုမဟာတိဿထေရ်အား ဆွမ်းလှူခဲ့တယ်'လို့ ပြော တယ်။ မင်းက 'ထားလော့'လို့ ပြောပြီး ရဟန်းသံဃာကို မေးတယ်။

'အရှင်ဘုရားတို့ ဘယ်နတ်ပြည်ဟာ ပျော်စရာကောင်းပါသလဲ'

'မင်းကြီး၊ ဘုရားလောင်းအားလုံး နေရာဌာနဖြစ်တဲ့ တုသိတာ နတ်ပြည်ဟာ ပျော်စရာကောင်းတယ်'

မင်းက သေပြီး တုသိတာနတ်ပြည်ကလာတဲ့ ရထားမှာပဲ ရပ် တည်ကာ တုသိတာကိုသွားတယ်။ (အံ၊ ၄၊ ၃၊ ၁၀၅)

www.dhammaransi.com

# မိလိန္ဒမင်းကြီး

မိလိန္ဒမင်းမှာ အဆောတလျင် နာဂသေနဆိုတဲ့ အသံကို ကြားရရုံနဲ့ ကြောက်သွားတယ်။ ကိုယ်တုန်လှုပ်သွားတယ်။ ကြက်သီးမွေးညင်း ထသွားတယ်။ အဲဒီအခါ မိလိန္ဒမင်းက ဒေဝမန္တိယအမတ်ကို မေးတယ်။

'ဒေဝမန္တိယအမတ်၊ နာဂသေနရဟန်းက ငါနဲ့ဖက်ပြိုင် ပြောနိုင်ပါ့မလား'

'မင်းမြတ်၊ ဣန္ဒနတ်၊ ယမနတ်၊ ဝရုဏနတ်၊ ကုဝေရနတ်၊ ပဇာပတိနတ်၊ သုယာမနတ်၊ သန္တုသိတနတ်၊ လောကပါလနတ်တွေနဲ့ တောင်မှ၊ ပြဟ္မာကြီးနဲ့တောင်မှ ဖက်ပြိုင်ပြောနိုင်ပါတယ်။ လူချင်းချင်း ဖြစ်တဲ့သူနဲ့ ဘာလို့မစွမ်းနိုင်ရှိမလဲ'

အဲဒီအခါ မိလိန္ဒမင်းက ဒေဝမန္တိယအမတ်ကို ပြောပါတယ်။

'ဒေဝမန္တိယ၊ ဒီလိုဆိုရင် သင်ဟာ အရှင်မြတ်ထံကို တမန်စေလွှတ်ပါ'

'မင်းမြတ်၊ ကောင်းပါပြီ'

ဒေဝမန္တိယအမတ်က အရှင်နာဂသေနထံ တမန်စေလွှတ်ပြီး လျှောက်ခိုင်းပါတယ်။

အရှင်နာဂသေနကလည်း မိန့်ပါတယ်။

'ဒီလိုဆိုရင် လာခဲ့လော့'

အဲဒီအခါ မိလိန္ဒမင်းက ယောနကအမတ်ငါးရာ ခြံရံလျက် ရထားမြတ်ကိုတက်စီးကာ များစွာသောဗိုလ်လူအပေါင်းနဲ့အတူ သင်္ချေယျ ပရိဝုဏ်ရှိ အရှင်နာဂသေနထံ ချဉ်းကပ်တယ်။ အဲဒီအခါ အရှင်နာဂ

www.dhammaransi.com



သေနက ရှစ်သောင်းသော ရဟန်းအပေါင်းနဲ့အတူ စည်းဝေးရာ တန်ဆောင်းမှာ ထိုင်နေတယ်။ မိလိန္ဒမင်းက အရှင်နာဂသေနရဲ့ ပရိသတ်ကို အဝေးမှပင် မြင်လို့ ဒေဝမန္တိယအမတ်ကို မေးပါတယ်။

'ဒေဝမန္တိယအမတ်၊ များလှတဲ့ပရိသတ်က ဘယ်သူ့ရဲ့ပရိသတ်လဲ'

'မင်းမြတ်၊ အရှင်နာဂသေနရဲ့ ပရိသတ်ပါ'

အဲဒီအခါ မိလိန္ဒမင်းမှာ အရှင်နာဂသေနရဲ့ ပရိသတ်ကို အဝေးမှပင် မြင်ပြီး ကြောက်တယ်၊ ကိုယ်တုန်လှုပ်တယ်၊ ကြက်သီးမွေးညင်းထတယ်။ အဲဒီအခါ မိလိန္ဒမင်းက ကြံ့သတ္တဝါတွေ အဝိုင်းခံရတဲ့ ဆင်ပြောင်လို၊ ဂဠုန်တွေ အဝိုင်းခံရတဲ့ နဂါးလို၊ စပါးကြီးမြွေ အဝိုင်းခံရတဲ့ မြေခွေးလို၊ ကျွဲတွေအဝိုင်းခံရတဲ့ ဝံသတ္တဝါလို၊ ကြောင်လက်ရောက်နေတဲ့ ကြွက်လို၊ ဘုတ်မန္တရားတတ်သူ ပယောဂဆရာရှိရာသို့ ရောက်လာတဲ့ မြေဘုတ်ဘီလူးလို၊ ရာဟုခံတွင်းသို့ရောက်တဲ့ လလို၊ ပခြုပ်တွင်းသို့ရောက်တဲ့ မြွေလို၊ နှောင်ချိုင့်တွင်းသို့ရောက်တဲ့ ငှက်လို၊ ပိုက်ကွန်တွင်းသို့ရောက်တဲ့ ငါးလို၊ သားရဲရှိရာတောအုပ်သို့ ဝင်မိတဲ့ ယောကျာ်းလို၊ ဝေဿဝဏ်နတ်မင်းကို ပြစ်မှားမိတဲ့နတ်ဘီလူးလို၊ နတ်သက်ကုန်ဆုံးတဲ့ နတ်သားလို ကြောက်ရွံ့တယ်၊ တုန်လှုပ်တယ်။ ထိတ်လန့်တယ်၊ ချောက်ချားတယ်၊ ကြက်သီးမွေးညင်းထတယ်၊ စိတ်ဖောက်ပြန်တယ်၊ နှလုံးမသာဖြစ်တယ်၊ တုန်လှုပ်စိတ်၊ နိမ့်ကျစိတ်ဖြစ်တယ်။ 'ငါ့ကို ဒီလူအပေါင်းက မနှိပ်စက်ပါစေသား'လို့ သတိကိုဖြစ်စေတယ်။ ပြီးတော့ ဒေဝမန္တိယအမတ်ကို ပြောတယ်။

'ဒေဝန္တိယအမတ်၊ သင်ဟာ ငါ့အား ဒီသူဟာ အရှင်နာဂသေနပဲလို့ မပြောပါနဲ့၊ မပြောဘဲသာ ငါဟာ နာဂသေနကို သိအောင်လုပ်မယ်'

'မင်းမြတ်၊ ကောင်းပါပြီ။ အရှင်မင်းမြတ်သည်သာ သိအောင်လုပ်တော်မူပါ'

www.dhammaransi.com



အဲဒီအခါ အရှင်နာဂသေနဟာ အဲဒီ ၈၀၀၀၀ သော ရဟန်းပရိသတ်ထဲမှာ ရှေ့က ၄ သောင်းသောရဟန်းတွေအောက် ငယ်တယ်။ နောက်က ၄ သောင်းသောရဟန်းတွေထက် ကြီးတယ်။ မိလိန္ဒမင်းက အဲဒီရဟန်းအားလုံးကို ရှေ့ကရော၊ နောက်ကရော၊ အလယ်ကပါ အစဉ်အတိုင်း လှည့်လည်ကြည့်ရှုတဲ့အခါ ရဟန်းအပေါင်းရဲ့အလယ်မှာ ခြင်္သေ့မင်းလို ထိတ်လန့်တုန်လှုပ်မှု၊ ကြက်သီးမွေးညင်းထမှုကင်းလျက် လန့်ထိတ်တွန့်ရွံ့မှု အလျဉ်းမရှိဘဲ ထိုင်နေတဲ့ နာဂသေနကို အဝေးကပဲ မြင်ရတဲ့အခါ အဲဒီနေဟန်အမူအရာနဲ့ပဲ 'ဒီပရိသတ်မှာ ဒီသူဟာ နာဂသေနပဲ'လို့ သိတယ်။ အဲဒီအခါ မိလိန္ဒမင်းက ဒေဝမန္တိယအမတ်ကို ပြောတယ်။

'ဒေဝမန္တိယအမတ်၊ အဲဒီသူဟာ အရှင်နာဂသေနပဲ'

'မင်းမြတ်၊ ဟုတ်ပါတယ်၊ အဲဒီသူဟာ နာဂသေနပါ။ အရှင်မင်းမြတ်ဟာ နာဂသေနကို ကောင်းကောင်းသိပါပေတယ်'

အဲဒီကနောက် မိလိန္ဒမင်းမှာ 'သူတစ်ပါးမပြောဘဲသာ ငါဟာ အရှင်နာဂသေနကို သိနိုင်ပေတယ်'လို့ ကြည်ရွှင်ဝမ်းမြောက်မှုဖြစ်တယ်။ အဲဒီအခါ မိလိန္ဒမင်းမှာ အရှင်နာဂသေနကို မြင်ရလို့ပဲ ကြောက်တယ်။ ကိုယ်တုန်လှုပ်တယ်။ ကြက်သီးမွေးညင်းထတယ်။

(မိလိန္ဒပဥှာပါဠိ၊ ၂၁)

ဇမ္ဗူဒိပ်ကျွန်း၊ သာဂလမြို့က မိလိန္ဒမည်တဲ့မင်းဟာ အသိဉာဏ် ရှိတယ်၊ လိမ္မာတယ်၊ ထိုးထွင်းဉာဏ်ရှိတယ်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်တဲ့ ပညာနဲ့ယှဉ်ပြီး စီရင်ပြုလုပ်မှုတွေကို စွမ်းဆောင်နိုင်တယ်။ ပြုလုပ်တဲ့အခါ စူးစမ်းဆင်ခြင်ပြီး ပြုလုပ်လေ့ရှိတယ်။ အထူးအားဖြင့် အဲဒီမိလိန္ဒမင်းဟာ များစွာသော ကျမ်းဂန်အတတ်တွေကို သင်ယူထားတယ်။

အဲဒီကျမ်းဂန်တွေက ဝေဒကျမ်း၊ ကမ္ဘာ့ဥပဒေသကျမ်း၊ သင်္ချာခေါ်

www.dhammaransi.com



အဘိဓမ္မာကျမ်း၊ ယောဂခေါ် အဘိဓမ္မာကျမ်း၊ နီတိကျမ်း၊ ဝိသေသိကခေါ် အဘိဓမ္မာကျမ်း၊ အတွက်အချက် သင်္ချာကျမ်း၊ အတီးအမှုတ် တူရိယာ ပညာကျမ်း၊ ဆေးကုခြင်းအတတ်ကိုပြတဲ့ တိကိစ္ဆာကျမ်း၊ ဓနုဗ္ဗေဒကျမ်း၊ ပုရာဏ်ကျမ်း၊ ဣတိဟာသကျမ်း၊ ဇောတိသခေါ် ဗေဒင်ကျမ်း၊ လှည့်စား ခြင်း၊ အလိမ္မာသုံးခြင်းကိုပြတဲ့ မာယာကျမ်း၊ တက္ကဗေဒခေါ် ဟေတု ဝိဇ္ဇာကျမ်း၊ မန္တန်ကျမ်း၊ ယုဒ္ဓကျမ်း၊ ဆန်းကျမ်း၊ ဗုဒ္ဓစကား၊ အားလုံး ပေါင်း ၁၉ ပါးသောကျမ်းဂန်အတတ်များ။

မိလိန္ဒမင်းဟာ ပညာရှိတွေရဲ့စိတ်နှလုံးကို တုန်လှုပ်အောင် ပြော ဆိုတတ်တယ်။ သူတစ်ပါးတွေက ညှဉ်းဆဲနိုင်ခဲတယ်။ သူတစ်ပါးတွေ က နှိမ်နင်းဖို့ ခက်တယ်။ များစွာသောအယူကို တီထွင်သူတွေထဲမှာ အထွတ်အမြတ်လို့ ဆိုထိုက်တယ်။ ဉာဏ်အစွမ်း၊ ဉာဏ်အဟုန်၊ ရဲရင့်မှု၊ ပညာအားတွေအားဖြင့် ဇမ္ဗူဒိပ်ကျွန်းလုံးမှာ မိလိန္ဒမင်းနဲ့တူသူ တစ်ဦး တစ်ယောက်မျှ မပေါ်ပေါက်ပါ။ ပစ္စည်းဥစ္စာ ကြွယ်ဝတယ်။ ဥစ္စာ များတယ်။ စည်းစိမ်များတယ်။ စစ်သည်၊ ဗိုလ်ပါ၊ ဆင်ယာဉ်စသည် အဆုံးအပိုင်းအခြား မရှိ။

အဲဒီအခါ တစ်နေ့မှာ မိလိန္ဒမင်းဟာ စစ်သည်ဗိုလ်ပါ ဆင်ယာဉ် စသည် အဆုံးအပိုင်းအခြားမရှိတဲ့ စစ်အင်္ဂါ ၄ ပါးရှိ စစ်အင်ကျင်းပွဲကို ရှုစားလိုလို့ သာဂလမြို့မှထွက်တယ်။ မြို့ပြင်ဘက်မှာ စစ်အင်ကျင်းပွဲ ကို ရှုစားတယ်။ ပြီးဆုံးတဲ့အခါ စကားပြောလိုတဲ့ အဲဒီမိလိန္ဒမင်းက လောကကို ချဲ့ထွင်တတ်တဲ့ ပညာရှိတွေရဲ့ စိတ်နှလုံးကို တုန်လှုပ်စေ တတ်တဲ့သူတွေနဲ့ ဆွေးနွေးပြောဆိုမှုမှာ စိတ်အားထက်သန်တယ်။ ရဲရဲ ရင့်ရင့် တင့်တယ်စမွယ်လျက် နေကိုမော့ကြည့်ကာ အမတ်တွေကို ပြောဆိုတိုင်ပင်တယ်။

'အမတ်တို့၊ အချိန်များစွာ ကျန်ရှိသေးတယ်။ ဘာကို ငါတို့ လုပ်ကြမလဲ။ အခုပဲ မြို့တွင်းကိုဝင်ကာ တပည့်သံဃာဂိုဏ်းရှိပြီး ဂိုဏ်း

www.dhammaransi.com



ဆရာဖြစ်တဲ့ ဗုဒ္ဓလို့ဝန်ခံသူ သမဏ၊ ဗြာဟ္မဏတစ်စုံတစ်ယောက် ပညာရှိရင် အဲဒီပညာရှိက ငါနဲ့အတူ ပြောဆိုနိုင်က၊ ငါ့ရဲ့ယုံမှားမှုကို ပယ်ဖျောက်နိုင်က အဲဒီပညာရှိထံ ချဉ်းကပ်ကာ ငါတို့ပြဿနာ မေးကြမယ်၊ ယုံမှားမှုကို ပယ်ဖျောက်ကြမယ်'

အဲဒီလိုပြောတော့ ယောနကအမတ် ၅၀၀ က မိလိန္ဒမင်းကို ဒီလိုပြောကြပါတယ်။

'မင်းမြတ်၊ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယ ဗေလဋ္ဌပုတ္တ၊ အဇိတ ကေသကမ္ဗလ၊ ပကုဓကစ္စာယန ဆိုတဲ့ ဂိုဏ်းဆရာကြီး ၆ ဦး ရှိကြပါပေတယ်။ သူတို့ဟာ တပည့်အပေါင်းနဲ့ အယူဝါဒတီထွင်သူတွေ ဖြစ်ကြတယ်။ လူအများက သူတို့ကို သူတော်ကောင်းလို့ သမုတ်ထားကြတယ်။ မင်းမြတ်၊ အရှင်မင်းမြတ်ဟာ သွားပါ။ အဲဒီဂိုဏ်းဆရာကြီးတွေကို ပြဿနာမေးပါ။ ယုံမှားမှုကို ပယ်ဖျောက်ပါ'

အဲဒီအခါ မိလိန္ဒမင်းက ယောနကအမတ် ၅၀၀ ခြံရံလျက် ကောင်းတဲ့မြင်းယာဉ်ကယှဉ်ထားတဲ့ ရထားမြတ်ကို တက်စီးကာ ပူရဏကဿပထံ ချဉ်းကပ်တယ်။ ချဉ်းကပ်ပြီး ပူရဏကဿပနဲ့အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောတယ်။ တစ်သက်လုံး အမှတ်ရဖွယ်၊ နှစ်သက်ဝမ်းမြောက်ဖွယ်စကားကို ပြောဆိုပြီး သင့်လျော်တဲ့နေရာမှာ ထိုင်ကာ ပူရဏကဿပကို မေးပါတယ်။

'အရှင်ကဿပ၊ ဘာက လောကကို စောင့်ရှောက်ပါသလဲ'

'မင်းမြတ်၊ မြေကြီးက လောကကို စောင့်ရှောက်ပါတယ်'

'အရှင်ကဿပ၊ မြေကြီးက လောကကို စောင့်ရှောက်ရင် အဝီစိငရဲကြီးကို ကျရောက်တဲ့သတ္တဝါတွေဟာ မြေကြီးကိုကျော်လွန်ပြီး ဘာကြောင့် ကျရောက်ကြရပါသလဲ'

အဲဒီလို အမေးခံရတော့ ပူရဏကဿပဟာ မထွေးနိုင်၊ မမျိုနိုင်၊

www.dhammaransi.com



မျက်နှာအောက်ချကာ ဦးခေါင်းငိုက်ဆိုက်နဲ့ တိတ်ဆိတ်စွာ ကြံမှိုင်နေတယ်။

အဲဒီလိုမေးပြီးနောက် မိလိန္ဒမင်းက မက္ခလိဂေါသာလကို မေးပါတယ်။

'အရှင်ဂေါသာလ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ရှိကြပါသလား။ ကောင်းမှု၊ မကောင်းမှုကံတွေရဲ့အကျိုးဟာ ရှိပါသလား'

'မင်းမြတ်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ မရှိကြပါ။ ကောင်းမှု၊ မကောင်းမှုကံတွေရဲ့ အကျိုးမရှိပါ။ ဒီလောကမှာရှိတဲ့ မင်းမျိုးတွေဟာ နောက်ဘဝလောကကို ပြောင်းသွားပေမယ့်လည်း တစ်ဖန် မင်းမျိုးတွေသာ ဖြစ်ကြရပါတယ်။ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ၊ ဒွန်းစဏ္ဍား၊ ပန်းမှိုက်သွန်မျိုးတွေသာ ဖြစ်ကြရပါမယ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေနဲ့ ဘာအကျိုးရှိမှာလဲ'

'အရှင်ဂေါသာလ၊ အဲဒီလိုဆိုရင် ဒီလောကမှာရှိတဲ့ လက်ပြတ်သူတွေဟာ နောက်ဘဝလောကကို ပြောင်းသွားကြပေမယ့်လည်း တစ်ဖန် လက်ပြတ်သူတွေသာ ဖြစ်ကြရပါလိမ့်မယ်။ ခြေပြတ်သူ၊ လက်ခြေပြတ်သူ၊ နားပြတ်သူ၊ နှာခေါင်းပြတ်သူ၊ နား နှာခေါင်းပြတ်သူတွေဟာ အဲဒီအတိုင်းပဲ ဖြစ်ကြရပါလိမ့်မယ်'

အဲဒီလိုပြောတော့ ဂေါသာလဟာ စကားမပြောဘဲ ဆိတ်ဆိတ်နေတယ်။ အဲဒီအခါ မိလိန္ဒမှာ ဒီလိုတွေးတောမှု ဖြစ်တယ်။

'အမောင်တို့၊ ဇမ္ဗူဒိပ်ကျွန်းဟာ အချည်းနှီးဖြစ်လေစွ၊ အဖျင်းအတိ ဖြစ်လေစွ၊ ငါနဲ့ဖက်ပြိုင်ပြောဖို့၊ ငါ့ယုံမှားမှုကို ပယ်ဖျောက်ဖို့ စွမ်းနိုင်တဲ့ သမဏ၊ ဗြာဟ္မဏ တစ်စုံတစ်ယောက်မှ မရှိလေစွ'

အဲဒီကနောက် မိလိန္ဒမင်းက အမတ်တွေကို မေးမြန်းတယ်။

'အမတ်တို့၊ ညဥ့်ဟာ အပြစ်ကင်းပြီး မွေ့လျော်ဖွယ်ရှိစွတကား၊ အခုအခါ ဘယ်သမဏ၊ ဗြာဟ္မဏကို ပြဿနာမေးဖို့ ချဉ်းကပ်ရပါ

www.dhammaransi.com



မလဲ။ ဘယ်သမဏ၊ ဗြာဟ္မဏက ငါနဲ့ဖက်ပြိုင်ပြောနိုင်မလဲ၊ ငါ့ရဲ့ ယုံမှားမှုကို ပယ်ဖျောက်နိုင်မလဲ'

အဲဒီလိုမေးပြန်တော့ အမတ်တွေက ဆိတ်ဆိတ်နေကာ မိလိန္ဒမင်းရဲ့မျက်နှာကို မော့ကြည့်ကာ ရပ်တည်နေကြတယ်။ အဲဒီအခါ သာဂလမြို့ဟာ ၁၂ နှစ်တိုင်တိုင် ပညာရှိသမဏ၊ ဗြာဟ္မဏ၊ ဂဟပတိတွေမှ ဆိတ်သုဉ်းတယ်။ အဲဒီပညာရှိတွေ နေကြတယ်လို့ သတင်းကြားရတဲ့အရပ်ကို မိလိန္ဒမင်းက သွားရောက်ပြီး အဲဒီပညာရှိတွေကို ပြဿနာမေးတယ်။ အဲဒီပညာရှိအားလုံးလည်း ပြဿနာကို ဖြေဆိုခြင်းဖြင့် မိလိန္ဒမင်းကို မနှစ်ခြိုက်စေနိုင်ကြလို့ ထိုထိုအရပ်မျက်နှာသို့ ဖဲသွားကြတယ်။ သာဂလမြို့မှ ထွက်ခွာမသွားကြတဲ့ ပညာရှိအားလုံးဟာ တိတ်ဆိတ်စွာ နေကြရတယ်။ ရဟန်းတွေကတော့ များသောအားဖြင့် ဟိမဝန္တာသို့သာ ကြွသွားကြတယ်။ အဲဒီလို သာဂလပြည်မှာ ပညာရှိတွေ ဆိတ်သုဉ်းတဲ့အခါ ရဟန္တာများစွာဟာ ဟိမဝန္တာတောင် ရက္ခိတကုန်းပြင်မှာ သီတင်းသုံးကြတယ်။ (မိလိန္ဒပဥှာပါဠိ၊ ၄၊ ၂၁)

မိလိန္ဒမင်းက အရှင်နာဂသေနကို ပြဿနာတွေကို မေးပါတယ်။ အရှင်နာဂသေနက ဖြေပါတယ်။ မိလိန္ဒပဥှာပါဠိမှာ ပြဿနာပေါင်း ၂၆၂ ခု ပါဝင်ပါတယ်။ အပိုင်းကဏ္ဍ ၆ ခု ပါဝင်ပါတယ်။ ဝဂ် ၂၂ ဝဂ် ရှိပါတယ်။ ဒီကျမ်းမှာ မလာတဲ့ပြဿနာက ၄၂ ခု ရှိပါတယ်။ လာ မလာ အမေးအဖြေတွေကို ပေါင်းလိုက်ရင် ၃၀၄ ရှိပါတယ်။ အဲဒါ အားလုံးကိုပဲ မိလိန္ဒပဥှာလို့ ခေါ်ကြပါတယ်။

မိလိန္ဒမင်းနဲ့ အရှင်နာဂသေနတို့ရဲ့ အမေး အဖြေတွေအဆုံးမှာ ရေကိုအဆုံးပြုပြီး ၈၄၀၀၀ ယူဇနာအထုရှိ ဒီမြေကြီးဟာ ခြောက်မျိုးနဲ့ တုန်လှုပ်တယ်။ လျှပ်စစ်နွယ်တွေ ပြက်သန်းကြတယ်။ နတ်တွေက ပန်းမိုးကို ရွာချကြတယ်။ မဟာဗြဟ္မာကြီးက ကောင်းချီးပေးတယ်။ မဟာသမုဒ္ဒရာရဲ့ ဝမ်းရေပြင်မှာ မိုးကြိုးထစ်ချုန်းသံလို အသံကြီးဖြစ်

www.dhammaransi.com



တယ်။ အဲဒီလို အံ့သြဖွယ်ဖြစ်တဲ့အခါ မိလိန္ဒမင်းရော မောင်းမအပေါင်း ပါ ဦးခေါင်းနဲ့ လက်အုပ်ချီကာ ရှိခိုးကြတယ်။

မိလိန္ဒမင်းဟာ အလွန်ဝမ်းမြောက်တဲ့ စိတ်နှလုံးရှိတယ်။ ကောင်းစွာ မွှေနှောက်အပ်တဲ့ ရက်တက်ရည်လို ဖြူဖွေးတဲ့နှလုံးရှိတယ်၊ ဘုရားသာသနာမှာ အနှစ်ရှိတယ်လို့ ယူဆတယ်၊ ရတနာသုံးပါးအပေါ် ယုံမှားကင်းတယ်၊ ရှုပ်ထွေးခြင်း ကင်းတယ်၊ ခက်ထန်ကြမ်းကြုတ်ခြင်း ကင်းတယ်။ အရှင်နာဂသေနရဲ့ ဂုဏ်တွေမှာရော၊ ရဟန်းအဖြစ်တွေမှာရော၊ အကျင့်ဣရိယာပုထ်တွေမှာပါ အလွန်ကြည်ညိုတယ်၊ ရဲ့ဝံ့တယ်၊ အာလယကင်းတယ်၊ မာန်ခက်ထန်မှုကို ပယ်ချထားပြီးဖြစ်တယ်၊ အစွယ်ထုတ်ထားတဲ့ နဂါးမင်းလိုဖြစ်တယ်။ အရှင်နာဂသေနကို အောက်ပါအတိုင်း လျှောက်ပါတယ်။

'အရှင်ဘုရား နာဂသေန၊ ကောင်းလှပါတယ်။ ဘုရားရဲ့အရာသာဖြစ်တဲ့ ပြဿနာကို အရှင်ဘုရားက ဖြေကြားပါပေတယ်။ ဒီဘုရားသာသနာမှာ တရားစစ်သူကြီး အရှင်သာရိပုတ္တရာကို ချန်ထားပြီး ပြဿနာကို ဖြေကြားရာမှာ အရှင်ဘုရားနဲ့တူတဲ့ အခြားသူမရှိတော့ပါ။ အရှင်ဘုရား နာဂသေန၊ တပည့်တော်အပြစ်ကို သည်းခံတော်မူပါ။ တပည့်တော်ကို ဒီနေ့ဒီအချိန်ကစပြီး ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာလို့ မှတ်တော်မူပါ'

အဲဒီအခါ မိလိန္ဒမင်းဟာ ဗိုလ်ပါအပေါင်းနဲ့အတူ အရှင်နာဂသေနကို ဆည်းကပ်ပြီး မိလိန္ဒမည်တဲ့ကျောင်းကို ဆောက်လုပ်ကာ အရှင်နာဂသေနအား အပ်နှင်းလျက် ရာပေါင်းများစွာသောရဟန်းတွေနဲ့ အတူ နာဂသေနမထေရ်ကို ပစ္စည်းလေးပါးတွေနဲ့ လုပ်ကျွေးတယ်။ နောက်ထပ်လည်း မထေရ်ရဲ့ပညာကို ကြည်ညိုလို့ သားကြီးအား မင်းအဖြစ်ကို အပ်နှင်းကာ လူ့ဘောင်မှထွက်ပြီး ရဟန်းဝတ်တယ်။ ဝိပဿနာပွားကာ ရဟန္တာဖြစ်သွားတယ်။ (မိလိန္ဒပဉှာပါဠိ၊ ၄၁၊ ၇)

www.dhammaransi.com



ရှေးအခါ ကဿပဘုရားရှင် သာသနာ တည်ထွန်းဖြစ်ပေါ်တဲ့ အခါ ဂင်္ဂါမြစ်ရဲ့အနီး ကျောင်းတိုက်တစ်ခုမှာ ရဟန်းသံဃာအများ နေထိုင်တယ်။ အဲဒီကျောင်းတိုက်မှာ ဝတ်ကြီး ဝတ်ငယ်၊ အကျင့်သီလနဲ့ ပြည့်စုံတဲ့ ရဟန်းတွေဟာ နံနက်စောစော ထကာ အရိုးရှည်တံမြက်စည်း တွေကို ယူကြပြီး ဘုရားဂုဏ်တော်တွေကို ဆင်ခြင်လျက် ကျောင်း တလင်းကို တံမြက်လှည်းကြတယ်။ အမှိုက်တွေကို စုပုံကြတယ်။ အဲဒီအခါ ရဟန်းတစ်ပါးက သာမဏေတစ်ပါးကို 'သာမဏေ၊ လာ လော့၊ ဒီတံမြက်ချေးကို စွန့်ပစ်ချေလော'လို့ ပြောတယ်။ အဲဒီသာမဏေ က မကြားယောင်ဆောင်ကာ သွားတယ်။ ၂ ကြိမ်၊ ၃ ကြိမ်တိုင်အောင် ခေါ်ပေမယ့် သာမဏေက မကြားယောင်ဆောင်ကာ သွားမြဲသွားတယ်။ အဲဒီကနောက် အဲဒီရဟန်းဟာ 'ဒီသာမဏေဟာ အပြောရခက်လေစွ' လို့အမျက်ထွက်ကာ တံမြက်စည်းရိုးနဲ့ ရိုက်ပုတ်တယ်။ အဲဒီလို ရိုက် ပုတ်လို့ အဲဒီသာမဏေဟာ ငိုလျက် ကြောက်ရွံ့လို့ တံမြက်ချေးကို စွန့်ပစ်တုန်း 'ငါဟာ ဒီတံမြက်ချေးကို စွန့်ပစ်ရတဲ့ကောင်းမှုကြောင့် နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဒီအတွင်း ဖြစ်လေရာရာဘဝမှာ မွန်းတည့် နေလို ဘုန်းကံကြီးသူ တန်ခိုးတေဇော်ကြီးသူ ဖြစ်ရပါလို၏'လို့ ပထမ အကြိမ် ဆုတောင်းတယ်။ တံမြက်ချေးကို စွန့်ပစ်ပြီး ရေချိုးဖို့ ဂင်္ဂါမြစ် ဆိပ်ကို သွားတဲ့အခါ တဝုန်းဝုန်းမြည်နေတဲ့ မြစ်ရဲ့လှိုင်းတံပိုးအဟုန်ကို မြင်ရလို့ 'ငါဟာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဒီအတွင်း ဖြစ်လေရာရာ ဘဝမှာ ဒီလှိုင်းတံပိုးအဟုန်လို အရာအားလျော်စွာ ဖြစ်ပေါ်လာတဲ့ ဉာဏ်ပဋိဘာန်ရှိသူ၊ မကုန်နိုင်တဲ့ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလို၏'လို့ ဒုတိယအကြိမ် ဆုတောင်းပြန်တယ်။

အဲဒီသာမဏေကို စေခိုင်းတဲ့ ရဟန်းကလည်း တံမြက်စည်း ထားရာ စင်မှာ တံမြက်စည်းကို ထားပြီး ရေချိုးဖို့ ဂင်္ဂါမြစ်ဆိပ်ကို သွားတဲ့အခါ သာမဏေရဲ့ဆုတောင်းသံကို ကြားရလို့ 'ငါစေခိုင်းအပ်တဲ့

www.dhammaransi.com



ဒီသာမဏေကတော့ ဒီလောကဆုတော်ဘေးဘိသေးတယ်၊ ငါ့မှာ ဘယ်မှာ ဆုတောင်းမပြည့်ဘဲ ရှိမှာလဲ'လို့ စဉ်းစားပြီး 'ငါဟာ နိဗ္ဗာန်ရောက်သည့် တိုင်အောင် ဒီအတွင်း ဖြစ်လေရာရာဘဝမှာ ဒီဂင်္ဂါမြစ်ရဲ့ လှိုင်းတံပိုး အဟုန်လို မကုန်နိုင်တဲ့ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလို၏။ ဒီသာမဏေ မေးတိုင်း မေးတိုင်းသော ပြဿနာအားလုံးကို ရှင်းလင်းပေးနိုင်သူ၊ ဖြေရှင်းပေးနိုင်သူ ဖြစ်ရပါလို၏'လို့ ဆုတောင်းတယ်။

အဲဒီပုဂ္ဂိုလ်နှစ်ဦးဟာလည်း နတ်ဘုံ လူ့ဘုံတွေမှာ ကျင်လည်ကာ ကဿပဘုရားနဲ့ ငါတို့ဂေါတမဘုရားရဲ့ တစ်ခုသောအကြားကို ကုန် လွန်စေကြပါတယ်။ အဲဒီကနောက် ငါတို့ဂေါတမဘုရားကလည်း မောဂ္ဂလိပုတ္တတိဿထေရ်ကို ဗျာဒိတ်ညွှန်ကြားသလို ဒိပုဂ္ဂိုလ်နှစ်ဦးကို လည်း ဗျာဒိတ်ညွှန်ကြားတော်မူတယ်။

'ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် နှစ်ပေါင်း ၅၀၀ ကျော် လွန်တဲ့အခါ အဲဒီပုဂ္ဂိုလ်နှစ်ဦး ဖြစ်ပေါ်လာကြလိမ့်မယ်။ အဲဒီပုဂ္ဂိုလ် နှစ်ဦးဟာ သိမ်မွေ့နက်နဲစွာပြုပြီး ငါဘုရားဟောထားတဲ့ အဲဒီသုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားတော်ကို ပြဿနာမေးခွန်း၊ ဥပမာ ဥပမေယျ ညီမျှသင့်တင့်တဲ့ နည်းတွေရဲ့အစွမ်းနဲ့ အရှုပ်အထွေးမရှိအောင် ပြုပြီး ဝေဖန်ကြလိမ့်မယ်'

အဲဒီပုဂ္ဂိုလ်နှစ်ဦးထဲက သာမဏေက မိလိန္ဒမင်းဖြစ်လာတယ်။ အဲဒီရဟန်းက အရှင်နာဂသေနဖြစ်လာတယ်။ (မိလိန္ဒ၊ ၃)

www.dhammaransi.com

# မာဂဏ္ဍိယပရိဗိုဇ်

မာဂဏ္ဍိယပရိဗိုဇ်ဟာ ဘုရားရှင်ကို 'ဘူနဟု၊ ကြီးပွားခြင်းကို ဖျက်ဆီးတတ်သူ'လို့ စွပ်စွဲပြောဆိုတယ်။ ဘုရားရှင်က မာဂဏ္ဍိယကို မေးတယ်။

'မာဂဏ္ဍီ၊ ငါဘုရားက စက္ခုစတဲ့ ဒွါရ ၆ ပါးကို ကိုယ်တိုင်လည်း လုံခြုံအောင် စောင့်ရှောက်တယ်။ သူတစ်ပါးကိုလည်း လုံခြုံအောင် စောင့်ရှောက်တာကို တရားဟောတယ်။ အဲဒီအကြောင်းကို ရည်ရွယ်ပြီး 'ဘူနဟု၊ ကြီးပွားခြင်းကို ဖျက်ဆီးသူ'လို့ သင်စွပ်စွဲသလား'

မာဂဏ္ဍီက ဟုတ်ကြောင်း လျှောက်ထားတယ်။ ဘုရားရှင်က ဒွါရ ၆ ပါးမှ အကုသိုလ်တဖွားဖွား အကုသိုလ်မဝင်အောင် ပိတ်ဆို့ရေးကို အသားပေးပြီး တရားဟောတယ်။ မာဂဏ္ဍီတို့ရဲ့ကျမ်းဂန်က ဒွါရ ၆ ပါးမှ အကုသိုလ် တဖွားဖွားဝင်လာရေးကို အားပေးတယ်။ ဒီလို အခြေခံကွဲပြားနေလို့ ဘုရားရှင်ရဲ့ဟောကြားချက်အပေါ် အပြစ်မြင်နေခြင်း ဖြစ်တယ်။ နောင်မှာ ဘုရားရှင်က အာရုံငါးပါး ကာမဂုဏ်တရားတွေမှာ တပ်မက်မှုတဏှာကို ပယ်စွန့်ပြီး ငြိမ်းချမ်းစွာ နေလေ့ရှိသူကို 'ကြီးပွားခြင်းကို ဖျက်ဆီးသူ'လို့ သင်စွပ်စွဲဦးမည်လောလို့ မေးရာ 'စွပ်စွဲရန် အကြောင်းမရှိပါ'လို့ ဖြေရတော့တယ်။

အထက်တန်းစား ကာမဂုဏ်ကို ခံစားနေသူဟာ အောက်တန်းစား ကာမဂုဏ်ကို တောင့်တလိမ့်မယ်မဟုတ်စသည်ဖြင့် ဘုရားရှင်က ဟောတော်မူပြီး လူ့ကာမဂုဏ်ထက် နတ်ကာမဂုဏ်က သာလွန်ပုံ၊ ကာမဂုဏ်အားလုံးထက် စတုတ္ထစျာန်ဖလသမာပတ်ချမ်းသာက သာလွန်ပုံတွေကို နူနာပျောက်ကင်းသူ ဥပမာနဲ့ တန်ဆာဆင်ကာ ဟောတော်မူပါတယ်။ နူနာပျောက်ကင်းပြီးသူဟာ အခြားနူနာရှင်တစ်ယောက်

www.dhammaransi.com



ပိုးလောက် အကိုက်ခံရကာ ဒုက္ခခံနေတာကိုရော၊ အနာဖေးခွာပြီး သက်သာလို သက်သာငြား မီးကင်နေတာကိုရော၊ နူနာပျောက်ဆေး စားနေရတာကိုပါ မြင်ရတဲ့အခါ အဲဒီနူနာရှင်ရဲ့ဘဝကို တပ်မက်လိမ့် မယ်မဟုတ်၊ တောင့်တမိလိမ့်မယ်မဟုတ်၊ အကြောင်းကတော့ မိမိကိုယ် တိုင် နူနာစွဲကပ်ဖူးတဲ့အတွက် နူနာရှင်ရဲ့ဆင်းရဲဝေဒနာကို ကိုယ်တိုင် ခံစားရဖူးလို့ပါပဲ။

အဲဒီလိုပဲ ကာမဂုဏ်တပ်မက်မှု တဏှာအားလုံးကို စွန့်ပယ်ပြီး ငြိမ်သက်အေးချမ်းတဲ့စိတ်နဲ့ နေနိုင်တဲ့ ရဟန္တာဟာ ကာမပူအမိခံနေရတဲ့ ပုထုဇဉ်ဘဝကို တပ်မက်တောင့်တလိမ့်မယ်မဟုတ်၊ အကြောင်းကတော့ မိမိကိုယ်တိုင်က ကာမပူ အမိခံခဲ့ရဖူးလို့ပါပဲ။

နူနာစွဲကပ်နေရင် အနာဖေးကို ခွာပြီး အရှိန်ပြင်းထန်တဲ့ မီးပုံ ကြီးနား ကပ်ပြီး မီးကင်ရင် အနာသက်သာသလိုလို ရှိတယ်လို့ ထင် တတ်တယ်။ အဲဒီလို ထင်လို့ မီးပုံကြီးနား ကပ်ချင်ပေလိမ့်မယ်၊ မီးရဲ့အပူရှိန်ဒုက္ခကို ဒုက္ခလို့မြင်မယ်မဟုတ်၊ နူနာပျောက်ကင်းသွားရင် တော့ အားကောင်းတဲ့ လူနှစ်ယောက်က မီးပုံကြီးနား ဆွဲပို့ရင်တောင် မီးရဲ့အပူရှိန်ကို မခံနိုင်လို့ ရုန်းကန်လိမ့်မယ်။ ကာမတဏှာရှိသူရဲ့ ဘဝက နူနာစွဲကပ်သူနဲ့တူတယ်။ ကာမတဏှာကင်းကွာပြီးတဲ့ ရဟန္တာ ဘဝကတော့ နူနာပျောက်ကင်းသူနဲ့တူတယ်။ ကာမတဏှာရှိသူက ကာမတဏှာနူနာစွဲကပ်နေလို့ ကာမဂုဏ်ကို ချမ်းသာလို့ လွဲမှားစွာ ထင်မှတ်တယ်။ ကာမတဏှာကို မစွန့်ဘဲ စိတ်အေးချမ်းသာစွာ နေရသူ လို့ လောကမှာ မရှိနိုင်စသည်ဖြင့် ဟောတော်မူပါတယ်။ အာရောဂျ ပရမာ လာဘာ 'ဂါထာနဲ့ပတ်သက်ပြီး မာဂဏ္ဍိပရိဗိုဇ်မှာ အဓိပ္ပာယ် အယူအဆ လွဲမှားနေတာကိုလည်း တည့်မတ်ပေးတော်မူပါတယ်။

မိခင်ဝမ်းတွင်းကတည်းက မျက်စိကန်းလာသူဟာ ဖြူ၊ နီ၊ ညို၊ ရွှေအဆင်းအထွေထွေကို မမြင်ဖူးလို့ မျက်စိမြင်သူလူတစ်ယောက်က ဆီချေးပေနေတဲ့ အဝတ်အထည်တစ်ခုကို အင်မတန်ဖြူစင်တဲ့ အဝတ်

www.dhammaransi.com



အထည်အဖြစ် ပြောဆိုပေလိမ့်မယ်။ ဒီလိုပြောဆိုတာဟာ မသိ မမြင်ပြီး ပြောဆိုတာဖြစ်တယ်။ ဆီချေးပေနေတဲ့အဝတ် အထည်အဖြစ်ကို ကိုယ်တိုင်သိရင် လူပုံအလယ်မှာ ဝါကြွားပြောဆိုမယ်မဟုတ်။ အဲဒီလိုပဲ မာဂဏ္ဍီပရိဗိုဇ်ဟာ ပညာမျက်စိကန်းလို့ ခန္ဓာကိုယ်ရဲ့ ခေတ္တခဏ အနာကင်းတာကို 'အာရောဂျ၊ အနာကင်းတယ်'လို့ ယူဆထားတယ်။ အနာကင်းလို့ ခန္ဓာကိုယ်ကို နိဗ္ဗာန်လို့ ယူဆထားတယ်။ မာဂဏ္ဍီဟာ မျက်စိအမြင်ရှိသူရဲ့ အလိမ်ခံနေရသူပမာသာပါပဲ။'

ဝမ်းတွင်းကန်းသူကို အစွမ်းထက်တဲ့ဆေးတွေနဲ့ ကုသပေးရင် မျက်စိမြင်လာပါလိမ့်မယ်။ အဲဒီအခါ ဆီချေးပေနေတဲ့ အဝတ်အထည်အပေါ် ဆီချေးပေနေမှန်းသိလို့ တပ်မက်စွဲလမ်းတော့မှာ မဟုတ်။ လိမ်မည့်သူအပေါ်မှာလည်း ရန်သူပမာ ထင်မှတ်လာပေလိမ့်မယ်။ အဲဒီလိုပဲ အရိယပညာမျက်စိတပ်ဆင်ပေးလိုက်ရင် ရောဂါမျိုးစုံ ဆက်သွယ်နေတဲ့ ဒီခန္ဓာကိုယ်ကြီးကို 'ရောဂါကင်းတယ်၊ နိဗ္ဗာန်ပဲ'လို့ ထင်မှတ်လိမ့်မယ်မဟုတ်၊ ရောဂါမျိုးစုံ ဆက်သွယ်နေမှန်းသိလို့ ခန္ဓာကိုယ်ပေါ် တပ်မက်မှုလည်း ကင်းပြတ်ပေလိမ့်မယ်၊ နှစ်ရှည်လများ အလှည့်စားခံရတာကိုလည်း သိလာပေလိမ့်မယ်။

အဲဒီနောက် ဘုရားရှင်က မာဂဏ္ဍီကို သူတော်ကောင်းထံ ချဉ်းကပ်ပြီး သူတော်ကောင်းတရားကို နာယူကာ အဲဒီတရားအတိုင်း ကျင့်ကြံအားထုတ်ဖို့ တိုက်တွန်းတယ်။ သင်ကိုယ်တိုင် တရားအားထုတ်တဲ့အခါ ရောဂါမျိုးစုံ ဆက်သွယ်နေတဲ့ ခန္ဓာကိုယ်ပေါ်မှာ စွဲလမ်းမှုဥပါဒါန် ချုပ်ပျောက်ရင် ဘဝစသည်လည်း ချုပ်ပျောက်လိမ့်မယ်လို့ ဟောတော်မူတယ်။ တိတ္ထိအယူရှိသူဟာ သာသနာမှာ ရဟန်းဝတ်လိုရင် ၄ လ ပရိဝါသ် နေရတယ်။ မာဂဏ္ဍီကတော့ ၄ လမက ၄ နှစ် ပရိဝါသ် နေရပါစေ၊ ရဟန်းဝတ်လိုကြောင်း လျှောက်တယ်။ ရဟန်းဝတ်ပြီး မကြာခင် ရဟန္တာဖြစ်သွားတယ်။ (မဇ္ဈိမပဏ္ဏာ၊ ၁၆၀)

www.dhammaransi.com

# ဥပကဇာတ်ကြွင်း

ဥပကဟာ ခပ်စောစောက သရဏာဂုံတည်သူ၊ အရိယာဖြစ်သူ မဟုတ်ပေမယ့် ပဉ္စဝဂ္ဂီငါးဦးတွေရဲ့အရင်ကပဲ ဘုရားရှင်နဲ့တွေ့ရပြီး သာသနာတော်မှာ ထင်ရှားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီဥပကပရိဗိုဇ်ဟာ ဗောဓိမဏ္ဍိုင်နဲ့ ဂယာရဲ့အကြားမှာ ခရီးရှည်ကြွသွားတော်မူတဲ့ ဘုရားရှင်ကိုတွေ့ရပြီး 'အရှင်ရဲ့ဣန္ဒြေတွေက ကြည်လင်ကြပါပေတယ်၊ အရေအဆင်းကလည်း ဖြူစင်သန့်ရှင်းပါပေတယ်။ အရှင်ဟာ ဘယ်သူ့ကိုရည်စူးပြီး (ဆရာအရာထားပြီး) ရဟန်းပြုခဲ့ပါသလဲ။ အရှင်ရဲ့ဆရာကဘယ်သူပါလဲ။ ဘယ်သူရဲ့တရားကို အသင်နှစ်သက်ပါသလဲ'လို့ မေးပါတယ်။ ဘုရားရှင်က 'ဥပက၊ ငါဟာ အလုံးစုံကို သိသူဖြစ်တယ်။ အာရုံအားလုံးမှာ ကိလေသာအစေးဓာတ်နဲ့ ငြိကပ်သူမဟုတ်၊ ငါ့မှာဆရာမရှိ၊ ငါနဲ့ တန်းတူရည်တူပုဂ္ဂိုလ် တစ်ဦးမျှမရှိ'စသည်ဖြင့် မိန့်ပါတယ်။ အဲဒီလိုမိန့်တဲ့အခါ ဥပကပရိဗိုဇ်က 'အရှင်ဘုရား မိန့်တဲ့အတိုင်းဟုတ်နိုင်ပါတယ်။ (ဒီလိုရုပ်ကာယမျိုးမှာ ဒီလိုဉာဏ်မျိုး ရှိနိုင်ဖြစ်နိုင်ပါတယ်)'လို့ ပြောပြီး ဦးခေါင်းညိတ်ကာ လမ်းရှောင်လွှဲပြီး ဝင်္ကဟာရဇနပုဒ်ကို သွားပါတယ်။

(ဝိ၊ ၃၊ ၁၁။ မ၊ ၁၊ ၂၂၇။ မ၊ ၂၊ ၂၉၄။ မ၊ ဋ၊ ၂၊ ၉၄)

ဥပကဟာ အဲဒီဝင်္ကဟာရဇနပုဒ်က သားမုဆိုးရွာတစ်ရွာကိုမှီတင်းနေထိုင်တဲ့အခါ မုဆိုးအကြီးအကဲတစ်ဦးက သူ့ကိုပြုစုလုပ်ကျွေးတယ်။ မုဆိုးကြီးက အဝေးသို့အမဲလိုက်ထွက်ခါနီးတဲ့အခါ 'ငါတို့ရဲ့ရဟန္တာကြီးကို မမေ့ရစ်နဲ့'လို့ သူ့ရဲ့သမီးဆာဝါ (ဆာပါ)ကို မှာကြား

www.dhammaransi.com



ပြီး သွားတယ်။ ဥပကက နောက်တစ်နေ့မှာ မုဆိုးကြီးအိမ်ကို ရောက်သွားတဲ့အခါ လှပပြည့်ဖြိုးတဲ့ ဆာဝါက ထမင်း ဟင်းတွေ ချက်ပြုတ်ပြီး ဆက်ကပ်ကျွေးမွေးဖို့ ဥပကထံ ချဉ်းကပ်တယ်။ ဥပကက ဆာဝါကို မြင်တာနဲ့တစ်ပြိုင်နက် စွဲလမ်းတပ်မက်နှစ်သက်လို့ ဆက်ကပ်တဲ့ဆွမ်းကိုတောင် မစားနိုင်တော့ဘဲ ခွက်နဲ့ထည့်ယူကာ ကျောင်းကိုပြန်သွားတယ်။ အဲဒီဆွမ်းကို တစ်နေရာမှာထားပြီး 'ဆာဝါကိုရရင် အသက်မသေ နေရမယ်၊ မရရင် သေမယ်'ဆိုတဲ့ အလိုရမွက်နဲ့ အစာမစားဘဲ လျောင်းစက်နေတယ်။ ၇ ရက်ပြည့်လို့ တောလိုက်ရာက ပြန်လာတဲ့မုဆိုးကြီးက အဲဒီအကြောင်းကို သိတဲ့အခါ ဥပကကို လူဝတ်လဲစေပြီး အိမ်သို့ခေါ်ကာ သမီးဆာဝါနဲ့ ထိမ်းမြားပေးတယ်။

ဥပကနဲ့ဆာဝါတို့ ပေါင်းသင်းနေထိုင်ပြီး သားတစ်ယောက်ဖွားမြင်တယ်။ သားကို သုဘဒ္ဒလို့ အမည်မှည့်တယ်။ ဆာဝါက သားငယ်ကလေးကို ငိုကြွေးတဲ့အခါ 'သားထမ်းသမားရဲ့သား မငိုနဲ့'စသည်ဖြင့် ကလေးချော့ကာ ဥပကကို သရော်တယ်။ ဥပက မခံချင်မှန်းသိလို့ အကြိမ်ကြိမ်သရော်တယ်။ အဲဒီအခါ ဥပကမှာ ဆာဝါနဲ့အတူ ပေါင်းသင်းနေထိုင်လိုစိတ် မရှိတော့လို့ 'ကိုမဲ၊ လာပါ၊ ပြန်ခဲ့ပါ၊ ဘယ်ကိုမှ မသွားပါနဲ့'လို့ ဆာဝါက တားမြစ်တာကိုတောင် မလိုက်လျောတော့ဘဲ ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ထွက်ခွာသွားတယ်။ ဘုရားရှင်က ဥပကကို ရဟန်းပြုပေးပြီး ကမ္မဋ္ဌာန်းအားထုတ်ခိုင်းရာ အနာဂါမ်ဖြစ်သွားကာ ကွယ်လွန်တဲ့အခါ အဝိဟာဗြဟ္မာဘုံမှာ ဖြစ်တယ်။ ဥပကဟာ အဲဒီဘုံမှာ ဖြစ်လျှင်ဖြစ်ချင်း ရဟန္တာအဖြစ်ကို ရောက်သွားတယ်။

(မ၊ ဋ္ဌ၊ ၂၊ ၉၄။ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၂၄၈။ ထေရီ၊ ဋ္ဌ၊ ၂၃၄။ သာရတ္ထ၊ ၃၊ ၁၅၆)

www.dhammaransi.com

# တပုဿနှဲ့ ဘလ္လိက ညီနောင်

ပေါက္ခရဝတီမြို့နေ ကုန်သည်တစ်ဦးမှာ တပုဿ (တဖုဿ)၊ ဘလ္လိက (ဘလ္လိယ) လို့ သား ၂ ယောက် ရှိတယ်။ ညီနောင် ၂ ယောက်ဟာ လှည်း ၅၀၀ နဲ့ ဥက္ကလာမြို့မှ ကုန်ရောင်းကုန်ဝယ်သွားကြရာ ဘုရားရှင် အဇ္ဇပါလဉ္စောင်မှာ သီတင်းသုံးနေတဲ့ လင်းလွန်းပင်အနီးကို ရောက်လာကြတယ်။ အဲဒီနေရာမှာ မြေညီပြီး ရွံ့ညွန်မရှိတဲ့ လှည်းလမ်းဖြစ်ပေမယ့် လှည်းဘီးတွေက မလည်ကြတော့၊ မြေမှာ ငြိကပ်သလို ဖြစ်နေကြတယ်။ အကြောင်းကို ဆင်ခြင်နေတုန်း ဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့ နတ်တစ်ယောက်က ကိုယ်ထင်ရှားပြပြီး 'မိတ်ဆွေတို့၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးစ ဘုရားရှင်ဟာ ၇ ရက် ၇ လီ အစာအာဟာရ ဘုဥ်းပေးတော်မမူဘဲ အရဟတ္တဖိုလ်ချမ်းသာကို ခံစားပြီး နေတော်မူခဲ့တယ်။ အခု အဇ္ဇပါလဉ္စောင်မှာ လင်းလွန်းပင်ရင်းမှာ သီတင်းသုံးနေတယ်။ သင်တို့ရဲ့ ရှည်မြင့်စွာသော အကျိုးစီးပွားအတွက် အဲဒီဘုရားရှင်အား အာဟာရနဲ့ ဆက်ကပ်လုပ်ကျွေးကြပါ'လို့ ပြောတယ်။

နတ်ပြောတဲ့စကားကို ကြားရပြီး ညီနောင် ၂ ယောက်ဟာ ဆန်မုန့်ညက်နဲ့ မုန့်ချိုတို့ကို ဘုရားရှင်အား ဆက်ကပ်လှူဒါန်းကြတယ်။ အဲဒီအခါ သံဃာရတနာ မပေါ်သေးလို့ ဘုရားရတနာနဲ့ တရားရတနာ ၂ ပါးကိုပဲ ဆည်းကပ်ကိုးကွယ်တဲ့ ဒွေဝါစိကသရဏဂုံကို ဆောက်တည်ကြတယ်။ သာသနာမှာ ဘုရားရှင်အား အစစွာ အစာအာဟာရ လှူဒါန်းရသူ ဥပါသကာများအဖြစ်ရော၊ အစစွာ ဒွေဝါစိကသရဏဂုံ ဆောက်တည်သူများအဖြစ်ပါ မှတ်တမ်းတင်ခံရပါတယ်။ အဲဒီကနောက် ကိုး

www.dhammaransi.com



ကွယ်ဖို့ ဆံတော်ဓာတ် တောင်းပြီး မိမိနေရင်းမြို့ကို ပြန်သွားကြတယ်။ ဓမ္မစကြာတရား ဟောကြားပြီးနောက် ဘုရားရှင် ရာဇဂြိုဟ်မှာ သီတင်းသုံးစဉ် တပုဿနဲ့ ဘလ္လိကတို့ဟာ ဘုရားရှင်ထံ ချဉ်းကပ် တရားနာယူကြတယ်။ တပုဿက သောတာပန်တည်ပြီး ဥပါသကာအဖြစ်နဲ့ နေထိုင်တယ်။ ဘလ္လိကကတော့ ရဟန်းပြုပြီး အဘိညာဉ် ၆ ပါးနဲ့ ရဟန္တာဖြစ်သွားတယ်။

ဘလ္လိကဟာ ၃၁ ကမ္ဘာထက်မှာ သုမနပစ္စေကဗုဒ္ဓါအား သစ်သီးကြီးငယ် ပေးလှူခဲ့ဖူးပြီး သုဂတိဘဝမှာသာ ကျင်လည်ခဲ့ရတယ်။ သိခီဘုရားလက်ထက်မှာ ဥဇိတ၊ ဩဇိတဆိုတဲ့ ကုန်သည်နှစ်ယောက်က ဘုရားရှင်အား အစစွာ အစာအာဟာရလှူဒါန်းကြတယ်လို့ ကြားရလို့ မိမိသူငယ်ချင်း (တပုဿလောင်းလျာ)နဲ့ တိုင်ပင်ပြီး ဘုရားရှင်ထံ ချဉ်းကပ်ခဲ့တယ်။ ဘုရားရှင်အား လှူဒါန်းဖွယ်တွေကို လှူဒါန်းပြီး 'အရှင်ဘုရားတို့လို ဘုရားတစ်ဆူဆူအား ရှေးဦးစွာ အစာအာဟာရလှူဒါန်းရသူများ ဖြစ်ရပါလို၏'လို့ ဆုတောင်းခဲ့ကြဖူးတယ်။

တပုဿနဲ့ ဘလ္လိကတို့ဟာ ကဿပဘုရားလက်ထက်မှာ ဂေါပါလကသူဌေးရဲ့ သား ညီနောင်ဖြစ်ခဲ့ကြပြီး နှစ်ပေါင်းများစွာ ရဟန်းသံဃာအား နို့ရည်ဘောဇဉ်နဲ့ လုပ်ကျွေးလှူဒါန်းခဲ့ကြတယ်။

(ဝိ၊ ၃၊ ၃၊ ၂၄၁။ ထေရ၊ ၃၊ ၁၊ ၅၉)

(အံ၊ ၃၊ ၁၊ ၂၉၄) မှာတော့ အောက်ပါအတိုင်း ပြဆိုထားပါတယ်။

သူတို့ရဲ့ လွန်ခဲ့တဲ့ အခြားမဲ့ဘဝက မိခင်က ကုန်သည်ညီနောင်လှည်း ၅၀၀ နဲ့ ရောက်ရာအရပ်မှာ နတ်ဖြစ်နေတယ်။ အဲဒီနတ်က ကြံတယ်။ 'အခု ဘုရားရှင်တွေမှာ အစာအာဟာရ ရသင့်တယ်၊ ဒီကနောက် အစာမရှိဘဲ မျှတဖို့ မတတ်ကောင်း၊ ငါရဲ့ဒီသားတွေကလည်း ဒီလမ်းနဲ့ သွားကြတယ်။ ဒီနေ့ သူတို့ကို ဘုရားရှင်တွေအား ဆွမ်းလှူခိုင်းဖို့ သင့်တယ်။'

www.dhammaransi.com



အဲဒီလိုကြဲပြီး လှည်း ၅၀၀ မှာ ယှဉ်တပ်ထားတဲ့ နွားတွေရဲ့ သွားလမ်းကို ဖြတ်လိုက်ပါတယ်။ အဲဒီကုန်သည်ညီနောင်က 'ဒါက ဘာလဲ'လို့ နိမိတ်အမျိုးမျိုးကို ကြည့်ကြတယ်။ အဲဒီအခါ သူတို့ပင်ပန်းတာကို သိပြီး ယောကျ်ားတစ်ယောက်ရဲ့ကိုယ်မှာ ဝင်ပူးပြီးပြောတယ်။

'ဘာကြောင့် သင်တို့ ပင်ပန်းနေကြတာလဲ။ သင်တို့မှာ အခြားဘီလူးဖမ်းစားတာ၊ မြေဘုတ်ဖမ်းစားတာ၊ နဂါးဖမ်းစားတာ မရှိပါ။ ငါကတော့ လွန်ခဲ့ဘဝက သင်တို့ရဲ့မိခင်ဖြစ်ခဲ့ကာ အခု ဒီနေရာမှာ ဘုမ္မစိုးနတ် ဖြစ်နေတယ်။ အဲဒီဘုရားရှင်က လင်းလွန်းပင်ရင်းမှာ ထိုင်တော်မူနေတယ်။ ဘုရားရှင်အား ရှေးဦးစွာ စားဖွယ်လှူကြပါ။'

ကုန်သည်ညီနောင်က အဲဒီနတ်ရဲ့စကားကို ကြားရပြီး အားရဝမ်းသာကာ ဆန်မုန့်ညက်နဲ့ မုန့်ချိုကို ရွှေခွက်နဲ့ယူကာ ဘုရားရှင်ထံသွားပြီး 'အရှင်ဘုရား၊ ဒီစားဖွယ်ကို ခံယူတော်မူပါ'လို့ လျှောက်တယ်။ ဘုရားရှင်က ရှေးဘုရားရှင်တွေရဲ့ အလေ့အကျင့်ကို ကြည့်တော်မူတယ်။ အဲဒီအခါ ဘုရားရှင်အား နတ်မင်းကြီး ၄ ယောက်က ကျောက်သပိတ်တွေကို ဆက်ကပ်ထားကြတယ်။ ဘုရားရှင်က 'အဲဒီနတ်မင်းကြီးတွေအား အကျိုးများပါစေ'လို့ ရည်ရွယ်ကာ သပိတ် ၄ လုံးကို 'တစ်သပိတ်တည်းပဲ ဖြစ်ပါစေ'လို့ အဓိဋ္ဌာန်လိုက်ပါတယ်။ အဲဒီခဏမှာ အဲဒီကုန်သည်တွေက ဘုရားရှင်ရဲ့သပိတ်မှာ ဆန်မုန့်ညက်နဲ့ မုန့်ချိုကို လောင်းထည့်ကြပါတယ်။ ဘုဉ်းပေးပြီးတဲ့အခါမှာ ရေကိုလှူကြပါတယ်။ ဆွမ်းကိစ္စအဆုံးမှာ ဘုရားရှင်ကိုရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကြပါတယ်။ အဲဒီအခါ ဘုရားရှင်က သူတို့အား တရားဟောပါတယ်။ တရားဒေသနာအဆုံးမှာ နှစ်ယောက်လုံးပဲ ဒွေဝါစိကသရဏဂုံမှာ တည်ကာ ဘုရားရှင်ကို ရှိခိုးကြပါတယ်။ သူတို့ မြို့ကိုပြန်လိုလို့ 'မြတ်စွာဘုရား၊ တပည့်တော်တို့အား ဆည်းကပ်ဖို့ စေတီကို ပေးတော်မူပါ'လို့ လျှောက်ကြတယ်။

www.dhammaransi.com



ဘုရားရှင်က လက်ယာလက်နဲ့ ဦးခေါင်းကို သုံးသပ်ပြီး နှစ်ယောက်လုံးအား ဆံတော်ဓာတ် ၈ ဆူကို ပေးလိုက်ပါတယ်။ အဲဒီညီနောင်ဟာ ဆံတော်ဓာတ်တွေကို ရွှေကြုတ်တွေမှာထည့်ကာ သူတို့ရဲ့မြို့ကို သယ်ဆောင်သွားပြီး အသိတဉ္ဇနမြို့တံခါးနားမှာ သက်တော်ထင်ရှားရှိ ဘုရားရှင်ရဲ့ဆံတော်ဓာတ်နဲ့ စေတီတည်ကြပါတယ်။ ဥပုသ်နေ့မှာ စေတီမှ အညိုရောင်ခြည်တော်တွေ ထွက်ပေါ်လာကြပါတယ်။ ဘုရားရှင်က နောင်အခါမှာ ဇေတဝန်ကျောင်းမှာထိုင်ပြီး ဥပါသကာတွေကို အစဉ်အတိုင်း ရာထူးတွေမှာ ထားတော်မူတဲ့အခါ ဒီညီနောင်နှစ်ယောက်ကို ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်သူတွေထဲမှာ အသာဆုံးအရာမှာ ထားတော်မူပါတယ်။

www.dhammaransi.com

# စိတ္တသူကြွယ်

မစ္ဆိကာသဏ္ဍမြို့က စိတ္တသူကြွယ်ဟာ ပဉ္စဝဂ္ဂီရဟန်းငါးပါးထဲမှာ ပါဝင်တဲ့ မဟာနာမထေရ် ဆွမ်းခံလှည့်လည်နေတာကို မြင်ရပြီး သူ့ရဲ့ဣရိယာပုထ်မှာ ကြည်ညိုကာ သပိတ်ကိုယူပြီး အိမ်ထဲပင့်ကာ ဆွမ်းကပ်တယ်။ ဆွမ်းကိစ္စအဆုံးမှာ တရားစကားကို နာကြားတဲ့အခါ သောတာပန်ဖြစ်သွားတယ်။ မတုန်မလှုပ် သက်ဝင်ယုံကြည်ပြီး အမ္ဗာဋကဝနမည်တဲ့ သူ့ရဲ့ဥယျာဉ်ကို သံဃာ့အာရာမ်လုပ်လိုလို့ မထေရ်ရဲ့လက်မှာ ရေကိုချကာ အပ်နှင်းတယ်။ အဲဒီခဏမှာ 'ဗုဒ္ဓသာသနာဟာ တည်ရှိပြီ'ဆိုတဲ့ သဘောနဲ့ ရေအဆုံးအပိုင်းအခြားကိုပြုလုပ်ကာ မြေကြီးက တုန်လှုပ်တယ်။ သူဌေးကြီးက ဥယျာဉ်မှာ ကျောင်းကြီးဆောက်လုပ်ကာ အရပ်အားလုံးက ကြွလာတဲ့ ရဟန်းတွေအတွက် တံခါးဖွင့်ထားတယ်။ မစ္ဆိကာသဏ္ဍမြို့မှာ သုဓမ္မထေရ်က ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်တယ်။

နောင်အခါမှာ စိတ္တသူကြွယ်ရဲ့ဂုဏ်သတင်းကို ကြားရပြီး အဂ္ဂသာဝကနှစ်ပါးဟာ စိတ္တကို ချီးမြှောက်လိုလို့ မစ္ဆိကာသဏ္ဍကို သွားကြတယ်။ စိတ္တသူကြွယ်ဟာ အဂ္ဂသာဝကနှစ်ပါးကြွလာတာကို ကြားရပြီး ယူဇနာဝက်လမ်းခရီးကို ခရီးဦးကြိုတယ်။ အဂ္ဂသာဝကနှစ်ပါးကို ပင့်ကာ သူ့ကျောင်းမှာ သွင်းထားပြီး အာဂန္တုကဝတ်ပြုတယ်။ 'အရှင်ဘုရား၊ တပည့်တော်ဟာ တရားစကားကို အနည်းငယ် နာကြားလိုပါတယ်'လို့ တရားစစ်သူကြီး အရှင်သာရိပုတ္တရာကို တောင်းဆိုတယ်။ အဲဒီအခါ စိတ္တကို မထေရ်က 'ဥပါသကာ၊ ငါတို့ဟာ ခရီးရှည်လာခဲ့ရလို့ ပင်ပန်းနေကြတယ်။ ဒါပေမဲ့ အနည်းငယ် နာယူပါ'

www.dhammaransi.com



လို့ ပြောကာ စိတ္တအား တရားဟောတယ်။ စိတ္တက မထေရ်ရဲ့တရားကို နာယူရင်းပဲ အနာဂါမိဖိုလ်ကို ရောက်တယ်။ စိတ္တက အဂ္ဂသာဝက နှစ်ပါးကို ရှိခိုးပြီး 'အရှင်ဘုရား၊ နက်ဖြန်မှာ ရဟန်းတစ်ထောင်နဲ့အတူ တပည့်တော်ရဲ့အိမ်မှာ ဆွမ်းကို ခံယူတော်မူကြပါ'လို့ ပင့်ဖိတ်တယ်။ နောက်ပြီးမှ ကျောင်းထိုင်သုဓမ္မထေရ်ကို 'အရှင်ဘုရား၊ အရှင်ဘုရား လည်း နက်ဖြန်မှာ မထေရ်တွေနဲ့အတူ ကြွလာပါ'လို့ ဖိတ်တယ်။

သုဓမ္မထေရ်က 'ဒီစိတ္တဟာ ငါ့ကိုနောက်မှ ပင့်ဖိတ်တယ်'လို့ စိတ်ဆိုးပြီး ပယ်မြစ်တယ်။ ထပ်ခါထပ်ခါ တောင်းပန်ပေမယ့်လည်း ပယ်မြစ်တာပါပဲ။ ဥပါသကာက 'အရှင်ဘုရား၊ ထင်ရှားပါလိမ့်မယ်'လို့ ဖဲသွားကာ နောက်နေ့မှာ သူ့အိမ်မှာ အလှူကြီးကို စီစဉ်တယ်။ သုဓမ္မထေရ်ကလည်း နံနက်မိုးသောက်အခါမှာပဲ 'သူကြွယ်က အဂ္ဂသာဝက တွေအတွက် ဘယ်လိုလှူဖွယ်ကို စီစဉ်ထားပါလိမ့်။ နက်ဖြန်သွားပြီး ကြည့်မယ်'လို့ ကြံကာ နံနက်စောစောပဲ သပိတ်၊ သင်္ကန်းကိုယူကာ စိတ္တရဲ့အိမ်ကို သွားတယ်။ သုဓမ္မထေရ်ကို စိတ္တသူကြွယ်က 'အရှင် ဘုရား၊ ထိုင်ပါ'လို့ လျှောက်တယ်။ 'ငါမထိုင်တော့ပါ၊ ဆွမ်းခံလှည့်လည် ပါမယ်'လို့ ပြောကာ အဂ္ဂသာဝကတွေအတွက် စီစဉ်ထားတဲ့ ပူဇော်ကို ကြည့်ပြီး သူကြွယ်ကို ဇာတ်အားဖြင့် ပုတ်ခတ်လိုလို့ 'သူကြွယ်၊ သင့်ရဲ့ ပူဇော်မှုဟာ မြင့်မြတ်ပါပေတယ်။ ဒါပေမဲ့ ဒီမှာ တစ်ခုပဲ မရှိ'လို့ ပြောပါတယ်။ 'ဘာပါလဲ ဘုရား'လို့ မေးတော့ 'သူကြွယ်၊ နှမ်းပျစ် မုန့်ပဲ'လို့ ပြောတယ်။ သူကြွယ်က ကျီးဥပမာနဲ့ ပြစ်တင်တဲ့အခါ သုဓမ္မ ထေရ်က စိတ်ဆိုးသွားတယ်။ 'သူကြွယ်၊ ဒါဟာ သင့်ရဲ့ကျောင်းပဲ၊ ငါ ဖဲသွားမယ်'လို့ ပြောတယ်။ သုံးကြိမ်တားမြစ်ပေမယ့်လည်း ဖဲသွား ကာ ဘုရားရှင်ထံသွားတယ်။ စိတ္တရော၊ မိမိပါ ပြောတဲ့စကားကို လျှောက် ပြတယ်။

ဘုရားရှင်က 'ယုံကြည်မှု၊ ကြည်ညိုမှုရှိတဲ့ဥပါသကာကို သင်ဟာ

www.dhammaransi.com



ယုတ်ညံ့တဲ့စကားနဲ့ ရှုတ်ချထားတယ်’လို့ မိန်ကာ သုဓမ္မထေရ်အပေါ်ပဲ အပြစ်တင်ပြီး ပဋိသာရဏီယကံကို ပြုခိုင်းတယ်။ ‘သင် သွားပါ၊ စိတ္တသူကြွယ်ကို တောင်းပန်ပါ’လို့ စေလွှတ်တယ်။ သုဓမ္မထေရ်က အဲဒီစိတ္တရှိရာကိုသွားပြီး ‘သူကြွယ်၊ အဲဒီအပြစ်က ငါ့ရဲ့သာ အပြစ်ပါ၊ ငါ့ကို သည်းခံပါ’လို့ ပြောပေမယ့်လည်း ‘တပည့်တော်ဟာ ခွင့်မလွှတ်ပါ’လို့ စိတ္တက ပယ်မြစ်တယ်။ သုဓမ္မထေရ်ဟာ မျက်နှာမသာမယာဖြစ်ကာ စိတ္တကို ခွင့်လွှတ်အောင် မလုပ်နိုင်ပါ။ နောက်ထပ်ပဲ ဘုရားရှင်ထံ သွားပြန်တယ်။ ဘုရားရှင်က ‘ဒီမထေရ်ကို ဥပါသကာက ခွင့်လွှတ်မှာမဟုတ်’လို့ သိပေမယ့်လည်း ‘ဒီမထေရ်ဟာ မာနခက်ထန်တယ်၊ ယူဇနာသုံးဆယ်ရှိ ခရီးကို အရင်သွားပြီးမှ ပြန်လာပါစေ’လို့ ရည်ရွယ်ကာ တောင်းပန်နည်းကို ပြောမပြဘဲသာ စေလွှတ်လိုက်တယ်။ ပြန်လာတဲ့အခါ မာနကျိုးနေတဲ့ မထေရ်အား အကူတမန်ကို ပေးကာ ‘သွားပါ၊ ဒီရဟန်းနဲ့အတူသွားပြီး ဥပါသကာကို တောင်းပန်ပါ’လို့ မိန့်ကာ အောက်ပါစကားတွေကို မိန့်ပါတယ်။

‘ရဟန်းဆိုတာ ငါ့ကျောင်း၊ ငါ့နေရာ၊ ငါ့ဥပါသကာ၊ ငါ့ဥပါသိကာမလို့ မာနမထားသင့်။ ဣဿာမထားသင့်၊ အဲဒီလိုထားရင် လောဘ၊ မာနစတဲ့ ကိလေသာတွေ တိုးပွားကြတယ်။’

သုဓမ္မထေရ်လည်း ဒီဩဝါဒကို ကြားနာရပြီး ဘုရားရှင်ကို ရှိခိုးကာ နေရာမှထတယ်။ အရိုအသေပြုပြီး အဲဒီအကူတမန်ရဟန်းနဲ့ အတူသွားကာဥပါသကာရဲ့မြင်ကွင်းမှာ အာပတ်ကိုကုစားပြီး ဥပါသကာကို တောင်းပန်တယ်။ သုဓမ္မထေရ်ကို စိတ္တက ‘အရှင်ဘုရား၊ တပည့်တော် သည်းခံပါတယ်။ တပည့်တော်မှာ အပြစ်ရှိရင် တပည့်တော်အား သည်းခံတော်မူပါ’လို့ တောင်းပန်တယ်။ ဘုရားရှင်ပေးတဲ့ ဩဝါဒမှာ ရပ်တည်ကာ ရက်အနည်းငယ်နဲ့ပဲ မထေရ်ဟာ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်သွားတယ်။

www.dhammaransi.com



ဥပါသကာလည်း ကြွတယ်။

'ငါဟာ ဘုရားရှင်ကို မဖူးမြင်ရဘဲသာ သောတာပတ္တိဖိုလ်ကို ရောက်ထားတယ်။ မဖူးတွေ့ရဘဲသာ အနာဂါမိဖိုလ်မှာ တည်ထားတယ်။ ငါဟာ ဘုရားရှင်ကို ဖူးသင့်တယ်'

ဥပါသကာဟာ နှမ်း၊ ဆန်၊ ထောပတ်၊ တင်လဲ၊ အဝတ်စသည်တွေနဲ့ ပြည့်နေတဲ့ လှည်း ၅၀၀ တပ်ခိုင်းကာ 'ဘုရားရှင်ကို ဖူးလိုသူတွေ လာကြပါ။ ဆွမ်းစသည်တွေနဲ့ ပင်ပန်းကြမှာ မဟုတ်ပါ'လို့ ရဟန်းသံဃာအား ပြောကြားခိုင်းပြီး ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတွေအားလည်း ပြောခိုင်းတယ်။ စိတ္တနဲ့အတူ ၅၀၀ ၅၀၀ သောရဟန်းတွေ၊ ရဟန်းမတွေ၊ ဥပါသကာတွေ၊ ဥပါသိကာမတွေဟာ ထွက်ကြပါတယ်။ စိတ္တက အဲဒီပရိသတ်တွေနဲ့ သူ့ပရိသတ်ပါ ပေါင်းလိုက်တော့ လူ ၃၀၀၀ အတွက် ယူဇနာ ၃၀ ရှိတဲ့ လမ်းခရီးမှာ ယာဂု၊ ထမင်းစတာတွေနဲ့ ဘာမှမချို့တဲ့ရအောင် စီမံတယ်။ စိတ္တ ထွက်ခွာသွားမှန်း သိပြီး ယူဇနာတိုင်း ယူဇနာတိုင်းမှာ နတ်တွေက သစ်ခက်တဲနန်းဖွဲ့ကာ နတ်ယာဂု၊ နတ်ခဲဖွယ်၊ နတ်ထမင်း၊ နတ်အဖျော်စတာတွေနဲ့ အဲဒီလူအများကို ပြုစုလုပ်ကျွေးကြတယ်။ ဘယ်သူ့အား ဘာမှ မချို့တဲ့။

အဲဒီလို နတ်တွေရဲ့ပြုစုမှုကို ခံယူကာ စိတ္တဟာ တစ်နေ့မှာ တစ်ယူဇနာသွားရင်း တစ်လကြာတော့ သာဝတ္ထိမြို့ကို ရောက်တယ်။ လှည်း ၅၀၀ ဟာ ပြည့်မြဲပြည့်နေကြတယ်။ နတ်တွေရော လူတွေပါ သယ်ဆောင်လာတဲ့ လက်ဆောင်ကို စွန့်လွှတ်ရင်းပဲ သွားတယ်။ ဘုရားရှင်က အာနန္ဒာကို ပြောတယ်။

'အာနန္ဒာ၊ ဒီနေ့ အရိပ်တိုးပွားရာအခါ (ညနေပိုင်း) မှာ စိတ္တသူကြွယ်ဟာ ဥပါသကာ ၅၀၀ ခြံရံပြီးလာကာ ငါဘုရားကို ရှိခိုးလိမ့်မယ်'

www.dhammaransi.com



'မြတ်စွာဘုရား၊ အဲဒီစိတ္တက ဘုရားရှင်ကို ရှိခိုးတဲ့အခါ ငါန်ခိုးတစ်စုံတစ်ရာ ဖြစ်ပါမလား'

'အာနန္ဒာ၊ ဖြစ်လိမ့်မယ်'

'ဘယ်လိုပါလဲ ဘုရား'

'စိတ္တသုကြွယ်လာပြီး ငါဘုရားကို ရှိခိုးတဲ့အခါ မင်းရဲ့အတိုင်းအတာနဲ့ ၈ ကရီသလောက် ရှိရာအရပ်မှာ ပုဆစ်ဒူးဝန်းလောက် အတိုင်းအတာနဲ့ အဆင်း ၅ မျိုးရှိ နတ်ပန်းတွေ တစ်ခဲနက် ရွာချလိမ့်မယ်'

အဲဒီစကားကို ကြားရပြီး မြို့သူမြို့သားတွေက 'ဒီလောက်ဘုန်းကံကြီးတဲ့ စိတ္တသုကြွယ်က လာပြီး ဒီနေ့ ဘုရားရှင်ကို ရှိခိုးမတဲ့။ ဒီလိုတန်ခိုးဖြစ်ပေါ်မတဲ့။ ငါတို့လည်း အဲဒီဘုန်းကံကြီးသူကို တွေ့မြင်ခွင့်ရကြမယ်'လို့ တွေးပြီး လက်ဆောင်ကိုယူကာ လမ်းရဲ့ဘေးနှစ်ဖက်တွေမှာ ရပ်တည်နေကြတယ်။ ကျောင်းအနီးမှာ လာတဲ့အခါ ရဟန်း ၅၀၀ က ပထမ လာကြတယ်။ စိတ္တသုကြွယ်က 'မိခင်တို့၊ သင်တို့က နောက်မှလာကြပါ'လို့ ပြောပြီး မဟာဥပါသိကာမတွေကို ထားကာ ဥပါသကာ ၅၀၀ ခြံရံပြီး ဘုရားရှင်ထံသွားတယ်။ ဘုရားရှင်တွေရဲ့ မျက်မှောက်အရပ်မှာတော့ ရပ်သူတွေရော ထိုင်သူတွေပါ ဟိုနေရာ၊ ဒီနေရာမှာ မရှိကြပါ။ ဘုရားလမ်းရဲ့ဘေးနှစ်ဖက်တွေမှာ မတုန်မလှုပ်ဘဲသာ ရပ်တည်နေကြပါတယ်။ စိတ္တသုကြွယ်က ကြီးကျယ်တဲ့ဘုရားလမ်းပေါ် သက်ရောက်သွားပါတယ်။ ဖိုလ်သုံးဖိုလ်ကို ရောက်ထားတဲ့ အရိယာသာဝက ကြည့်လိုက်တိုင်းသောနေရာဟာ တုန်လှုပ်တယ်။

'ဒီလူက စိတ္တသုကြွယ်တဲ့'လို့ ပြောကာ လူအများက ကြည့်ကြတယ်။ စိတ္တက ဘုရားရှင်ထံ ချဉ်းကပ်ပြီး ဘုရားရောင်ခြည်တော် ၆ သွယ်အတွင်းကို ဝင်ကာ ခြေဖမိုး ၂ ခုက ဘုရားခြေတော်တွေကို ကိုင်ကာ ရှိခိုးတယ်။ အဲဒီခဏမှာပဲ ပြောခဲ့တဲ့ ပန်းမိုးရွာသွန်းတယ်။

www.dhammaransi.com



ကောင်းချီးတစ်ထောင် ဖြစ်ပေါ်လာတယ်။ စိတ္တဟာ တစ်လပတ်လုံး ဘုရားရှင်ထံ နေတယ်။ နေတဲ့အခါမှာလည်း ဘုရားအမှူးရှိတဲ့ ရဟန်းအားလုံးကို ကျောင်းမှာပဲ ထိုင်စေကာ အလှူကြီးကို လှူပါတယ်။ သူနဲ့အတူ လာသူတွေကိုလည်း ကျောင်းတိုက်အတွင်းမှာပဲ ထားကာ ပြုစုလုပ်ကျွေးတယ်။ တစ်နေ့လေးတောင်မှ သူ့လှည်းတွေပေါ်က ဘာကို ယူရတယ် မရှိပါ။ နတ်လူတွေ သယ်ဆောင်လာတဲ့လက်ဆောင်နဲ့ပဲ အလှူကို လှူပါတယ်။ ကိစ္စအားလုံးကို ပြုလုပ်ပါတယ်။ စိတ္တက ဘုရားရှင်ကို ရှိခိုးပြီး အောက်ပါအတိုင်း လျှောက်ထားပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားတို့အား အလှူ လှူမယ်လို့ ရည်ရွယ်ပြီး လာတဲ့အခါမှာ တစ်လပတ်လုံး လမ်းခရီး အကြားမှာ နေခဲ့ရပါတယ်။ ဒီနေရာမှာပဲ တပည့်တော်မှာ တစ်လ လွန်သွားပါပြီ။ တပည့်တော် ဆောင်ယူလာတဲ့လက်ဆောင် ဘာကိုမျှ ယူခွင့်မရသေးပါ။ ဒီလောက်ကာလပတ်လုံး နတ်လူတွေ သယ်ဆောင် လာတဲ့ လက်ဆောင်နဲ့ပဲ အလှူကို လှူခဲ့ပါတယ်။ တပည့်တော်ဟာ ဒီမှာ တစ်နှစ်နေရင်လည်း တပည့်တော်ရဲ့ လှူဖွယ်ပစ္စည်းကို လှူခွင့် ရမှာမဟုတ်ပါ။ တပည့်တော်ဟာ လှည်းပေါ်ကပစ္စည်းတွေကို ချပြီး သွားလိုပါတယ်။ သိမ်းဆည်းရမယ့်နေရာကို တပည့်တော်အား ပြော ခိုင်းပါ'

ဘုရားရှင်က အာနန္ဒာထေရ်ကို မိန့်ပါတယ်။

'အာနန္ဒာ၊ ဥပါသကာအတွက် နေရာတစ်ခုကို အားလပ်အောင် လုပ်ခိုင်းပြီး ပေးလိုက်ပါ'

မထေရ်က ဘုရားရှင်မိန့်တဲ့အတိုင်း လုပ်ပါတယ်။ စိတ္တ သူ ကြွယ်အတွက် ကပ္ပိယဘူမိကို ခွင့်ပြုပါသတဲ့။ ဥပါသကာကလည်း သူနဲ့အတူလာတဲ့ လူပေါင်း ၃၀၀၀ နဲ့အတူ ပစ္စည်းမပါ ဗလာလှည်း တွေနဲ့ တစ်ဖန် ယေမ်းကိုသွားပါတယ်။ နတ်လူတွေက ထပြီး 'အရှင်

www.dhammaransi.com



သင်က ဗလာလှည်းတွေနဲ့ သွားဖို့ကံကို ပြုလုပ်ခဲ့သလား'လို့ ပြောပြီး ရတနာ ၇ ပါးတွေနဲ့ လှည်းတွေကို ပြည့်စေကြပါတယ်။ စိတ္တဟာ မိမိအတွက် သယ်ဆောင်လာတဲ့လက်ဆောင်နဲ့ပဲ လူအများကို ပြုစုကာ သွားတယ်။ အာနန္ဒာထေရ်က ဘုရားရှင်ကို ရှိခိုးပြီး လျှောက်တယ်။

'မြတ်စွာဘုရား၊ မြတ်စွာဘုရားထံ လာတော့လည်း တစ်လနဲ့ လာတယ်။ ဒီမှာလည်း တစ်လပဲ နေတယ်။ ဒီလောက်ကာလပတ်လုံး နတ်လူတွေ သယ်ဆောင်လာတဲ့ လက်ဆောင်နဲ့ပဲ အလှူကြီးကို လှူတယ်။ အခု ဒီလှည်း ၅၀၀ ကို အချည်းနှီးဖြစ်အောင်ပြုလုပ်ပြီး တစ်လနဲ့ပဲ သွားမှာတဲ့။ နတ်လူတွေကတော့ ထပြီး 'အရှင်၊ သင်ဟာ ဗလာလှည်းတွေနဲ့သွားဖို့ ကံကိုပြုလုပ်ခဲ့သလား'လို့ ပြောကာ သူ့လှည်း ၅၀၀ ကို ရတနာ ၇ ပါးနဲ့ ပြည့်စေကြပါတယ်။ သူဟာ တစ်ဖန် သူ့အတွက် သယ်ဆောင်လာတဲ့လက်ဆောင်နဲ့ပဲ လူအများကို ပြုစုကာ သွားမှာတဲ့။ မြတ်စွာဘုရား စိတ္တဟာ ဘုရားရှင်ထံလာခိုက်မှာသာ ဒီလှူဖွယ်က ဖြစ်ပေါ်ပါသလား၊ ဒါမှမဟုတ် အခြားနေရာသွားလည်း ဖြစ်ပေါ်ပါသလား'

'အာနန္ဒာ၊ ငါ့ထံလာတဲ့အခါမှာရော၊ အခြားနေရာသွားတဲ့အခါမှာပါ စိတ္တမှာ ဖြစ်ပေါ်တာပဲ။ ဟုတ်တယ်၊ ဒီဥပါသကာဟာ သဒ္ဓါ၊ သီလနဲ့ ပြည့်စုံတယ်။ အခြွေအရံ၊ စည်းစိမ်နဲ့ ပြည့်စုံတယ်။ သူ သွားလေရာအရပ်မှာ လာဘ်လာဘ၊ ပူဇော်မှုတွေ သူ့မှာဖြစ်ပေါ်တယ်။'

(ဓမ္မပဒ၊ ၄၊ ပ၊ ၃၂၇)

စိတ္တဟာ အဲဒီအချိန်ကစပြီး အရိယာသာဝက ဥပါသကာ ၅၀၀ ခြံရံကာ လှည့်လည်တယ်။ သူ့ကို နောင်အခါမှာ ဘုရားရှင်က 'တရားဟောကောင်းတဲ့ ငါဘုရားတပည့် ဥပါသကာတွေထဲမှာ စိတ္တဟာ အသာဆုံး'လို့ သတ်မှတ်ထားတော်မူပါတယ်။

စိတ္တဟာ မဂဓတိုင်း၊ မစ္ဆိကာသဏ္ဍမြို့၊ သူဌေးမျိုးမှာ မွေးဖွား

www.dhammaransi.com



ခဲ့ပါတယ်။ သူမွေးဖွားရာအချိန်မှာပဲ တစ်မြို့လုံးမှာ ပုဆစ်ဒူးဝန်းလောက် အပိုင်းအခြားနဲ့ အရောင်အဆင်း ၅ မျိုးရှိ ပန်းမိုးရွာသွန်းတယ်။ အဲဒီအခါ သူ့မိဘတွေက 'ငါတို့ရဲ့သားဟာ သူကိုယ်တိုင်ပဲ သူ့နာမည်ကို ယူပြီး လာတယ်။ သူ့မွေးရာနေ့မှာပဲ တစ်မြို့လုံးဟာ အရောင်အဆင်း ၅ မျိုးရှိ ပန်းတွေနဲ့ ဆန်းကြယ်နေတယ်။ ဒါကြောင့် သူ့ကို မောင်စိတ္တ၊ မောင်ဆန်းကြယ်လို့ နာမည်ပေးကြပါတယ်။ သူဟာ နောင်အခါ အိမ်ထောင်ကျပြီး ဖခင်ကွယ်လွန်တော့ အဲဒီမြို့မှာ သူဌေးရာထူးကို ရပါတယ်။

မဟာနာမထေရ်ရဲ့ အာယတန ၆ ပါးကို ဝေဖန်ဟောပြတဲ့ တရားကို နာယူရပြီး အနာဂါမ်ဖြစ်သွားတယ်လို့ အံ၊ ဋ္ဌ၊ ပ၊ ၂၉၇ မှာ ဆိုထားပါတယ်။

www.dhammaransi.com

# အဇာတသတ်မင်း

မမွေးဖွားခင်ကပင် ခမည်းတော်ဗိမ္ဗိသာရမင်းကြီးရဲ့ ရန်သူဖြစ်လို့ အဇာတ သတ္တု= အဇာတသတ်လို့ ခေါ်တွင်တယ်။ (အဇာတ= မမွေးဖွားခင်ကပင်+ သတ္တု= ခမည်းတော်ရဲ့ရန်သူဖြစ်တဲ့ မင်းသား)

ဗိမ္ဗိသာရမင်းရဲ့ ဝေဒေဟီမိဖုရားကြီးမှာ အဲဒီမင်းသား ပဋိသန္ဓေ တည်လာတဲ့အခါ 'ငါဟာ မင်းကြီးရဲ့လက်ယာလက်မောင်းသွေးကို သောက်ရရင် ကောင်းလေစွ'လို့ ချင်ခြင်းဖြစ်လာတယ်။ မိဖုရားကြီးက 'ဝန်လေးတဲ့အရာမှာ ချင်ခြင်းကဖြစ်လာတယ်။ ဘယ်သူ့ကိုမှ ပြောလို့ မသင့်တော်'လို့ တွေးကာ အဲဒီချင်ခြင်းကို မပြောနိုင်လို့ ပိန်ပြီး ရုပ်ပျက် လာတယ်။ မိဖုရားကြီးကို မင်းက မေးတယ်။

'ရှင်မ၊ သင်ရဲ့ခန္ဓာကိုယ်ဟာ နဂိုအဆင်းမဟုတ်ပါလား၊ အကြောင်း က ဘာလဲ'

'မင်းကြီး၊ မမေးပါနဲ့'

'ရှင်မ၊ သင်က သင့်ရဲ့အလိုကို ငါ့အားမပြောရင် ဘယ်သူ့ကို ပြောမှာလဲ'

နည်းပေါင်းစုံ အကျပ်ကိုင်ကာ ပြောခိုင်းတယ်။ ကြားရပြီးတော့ လည်း 'အမိုက်မ၊ ဒီကိစ္စမှာ ဘာကြောင့်သင်မှာ ဝန်လေးတယ်လို့ ထင်မှတ်ရတာလဲ'လို့ ပြောကာ ဆေးဆရာကို အခေါ်ခိုင်းတယ်။ ရွှေ ဓားငယ်နဲ့ လက်ရုံးကိုဖောက်ခိုင်းပြီး ရွှေခွက်နဲ့ သွေးကိုခံယူကာ ရေနဲ့ ရောစပ်ပြီး တိုက်တယ်။ နိမိတ်ကျမ်းတတ်ဆရာတွေက အဲဒီသတင်းကို ကြားရပြီး 'ဒီကိုယ်ဝန်သားဟာ မင်းရဲ့ရန်သူဖြစ်လိမ့်မယ်။ ဒီကိုယ်ဝန် သားက မင်းကိုသတ်လိမ့်မယ်'လို့ နိမိတ်ဖတ်ပြောကြတယ်။ မိဖုရားက

www.dhammaransi.com



ကြားရပြီး 'ငါ့ရဲ့ဝမ်းဗိုက်မှ ထွက်တဲ့သားက မင်းကိုသတ်မတဲ့'လို့ တွေးကာ ကိုယ်ဝန်ဖျက်ချလိုလို့ ဥယျာဉ်ကိုသွားကာ ဝမ်းဗိုက်ကို နှိပ်နင်းခိုင်းတယ်။ ကိုယ်ဝန်က မကျ။ မိဖုရားက ထပ်ခါထပ်ခါသွားကာ အဲဒီအတိုင်းပဲ လုပ်ပါတယ်။ မင်းက 'ဘယ်အကျိုးငှာ ဒီမိဖုရားဟာ မပြတ်ဥယျာဉ်ကို သွားသလဲ'လို့ စုံစမ်းတဲ့အခါ အဲဒီအကြောင်းကို ကြားရပြီး 'ရှင်မ၊ သင့်ရဲ့ဝမ်းဗိုက်ထဲမှာ သားလား၊ သမီးလား မထင်ရှား၊ မိမိမှာဖြစ်လာမယ့်သားကလေးကို အဲဒီလိုလုပ်သတဲ့လို့ ငါတို့မှာ မကောင်းသတင်း အကြီးအကျယ်လည်း ဇမ္ဗူဒိပ်တစ်ဝှန်းလုံး ထင်ရှားဖြစ်ပါလိမ့်မယ်။ သင်ဟာ အဲဒီလိုမလုပ်ပါနဲ့'လို့ တားမြစ်ပြီး အစောင့်အရှောက်ကိုပေးတယ်။ မိဖုရားက ဖွားမြင်တဲ့အခါ 'ငါသတ်မယ်'လို့ ကြံတယ်။ အဲဒီအခါမှာလည်း အစောင့်အရှောက်လူတွေက ကလေးကို ဖယ်ရှားကြတယ်။ နောင်အခါမှာ ကြီးပြင်းလာတဲ့မင်းသားကို မိဖုရားအား ပြကြတယ်။ မိဖုရားက အဲဒီမင်းသားကို မြင်မြင်ချင်းပဲ သားချစ် ချစ်သွားတယ်။ ဒါကြောင့် မင်းသားကို မသတ်နိုင်တော့။ မင်းကလည်း အစဉ်သဖြင့် ကြီးပြင်းလာတဲ့မင်းသားအား အိမ်ရှေ့မင်းရာထူးကို ပေးလိုက်တယ်။

အရှင်ဒေဝဒတ်က ဘုန်းလာဘ်လာဘကြီးလိုလို့ အဇာတသတ်မင်းသားကို တန်ခိုးဖန်ဆင်းမှုနဲ့ ကြည်ညိုအောင်လုပ်ပြီး ည နံနက်မှာ ရထား ၅၀၀ နဲ့ ဆည်းကပ်လာကာ အလွန်အကျွမ်းဝင်တာကို သိလို့ တစ်နေ့မှာ ချဉ်းကပ်ကာ ပြောတယ်။

'မင်းသား၊ ရှေးကလူတွေက အသက်ရှည်ကြတယ်။ အခု လူတွေက အသက်တိုကြတယ်။ မင်းသား၊ ဒါကြောင့် သင်ဟာ ဖခင်ကို သတ်ပြီး မင်းလုပ်ပါ။ ငါက ဘုရားရှင်ကိုသတ်ပြီး ဘုရားလုပ်မယ်'

အဲဒီလိုပြောကာ မင်းသားကို ဖခင်သတ်ဖို့ တိုက်တွန်းတယ်။ မင်းသားက 'အရှင်ဒေဝဒတ်ဟာ တန်ခိုးကြီးတယ်။ သူ့မှာ မသိတာ

www.dhammaransi.com



မရှိ'လို့ တွေးပြီး ပေါင်မှာ ဓားမြှောင်ကိုဖွဲ့ချည်ကာ နေ့ခင်းကြောင်တောင်မှာ ကြောက်ထိတ်ရွံ့ရှား တုန်လှုပ်လျက် အဆောတလျင် နန်းတွင်းကို ဝင်တယ်။ ဖောက်ပြန်တဲ့အမူအရာကို လုပ်တယ်။ အဲဒီအခါ မင်းသားကို အမတ်တွေက ဖမ်းပြီး စစ်ဆေးကာ 'မင်းသားကိုလည်း သတ်ထိုက်တယ်၊ ဒေဝဒတ်ကိုလည်း သတ်ထိုက်တယ်။ ရဟန်းအားလုံးကိုလည်း သတ်ထိုက်တယ်'လို့ တိုင်ပင်ကြတယ်။ 'မင်းရဲ့အာဏာအစွမ်းနဲ့ ပြုလုပ်ကြမယ်'လို့ ဆုံးဖြတ်ကာ မင်းအား ပြောကြတယ်။ မင်းက သတ်လိုတဲ့အမတ်တွေကို ရာထူးဖယ်ချကာ မသတ်လိုတဲ့အမတ်တွေကို ရာထူးမြှင့်တင်ပေးပြီး မင်းသားကို မေးတယ်။

'မင်းသား၊ သင်က ငါ့ကို ဘာလို့သတ်ချင်တာလဲ'

'အရှင်မင်း၊ မင်းဖြစ်လိုလို့ပါ'

မင်းက အဇာတသတ်မင်းသားအား မင်းအဖြစ်ကို ပေးလိုက်တယ်။ အဇာတသတ်က 'ငါ့အလိုပြည့်ပြီ'လို့ ဒေဝဒတ်အား ပြောတယ်။ အဲဒီကနောက် အဇာတသတ်ကို ဒေဝဒတ်က ပြောတယ်။

'သင်ဟာ မြေခွေးကို အတွင်းမှာထားပြီး စည်ကြက်တဲ့ယောကျ်ားလို 'ငါ့ကိစ္စအောင်မြင်ပြီ'လို့ ထင်မှတ်နေတယ်။ သင့်ဖခင်က နှစ်ရက်သုံးရက်လောက်ရှိရင် သင်ပြုခဲ့တဲ့ မထိမဲ့မြင်ပြုမှုကို ကြံစည်စဉ်းစားပြီး သူကိုယ်တိုင်ပဲ မင်းပြုလိမ့်မယ်'

'အရှင်ဘုရား၊ ဒီလိုဆိုရင် ဘာလုပ်ရပါမလဲ'

'သင့်ဖခင်ကို အမြစ်ပြတ် သတ်လိုက်ပါ'

'အရှင်ဘုရား၊ တပည့်တော်ရဲ့ဖခင်ဟာ မင်းသွေးဖြစ်လို့ လက်နက်နဲ့ မသတ်ထိုက်သူ မဟုတ်ပါလား'

'သင့်ဖခင်ကို အစာငတ်ထားကာ သတ်ပါ'

အဇာတသတ်ဟာ ဖခင်ကို လွန်စွာပူပြင်းလျက် အခိုးခြောင်းခြောင်းထွက်တဲ့ သံလှောင်အိမ်မှာ အကျဉ်းချထားခိုင်းပါတယ်။ 'ငါ့မိခင်

www.dhammaransi.com



မှတစ်ပါး အခြားသူအား တွေ့ခွင့်မပေးကြနဲ့’လို့ အမိန့်ထုတ်ထားတယ်။ ဝေဒေဟီမိဖုရားဟာ ရွှေခွက်မှာ ထမင်းကိုထည့်ပြီး ရင်ခွင်နဲ့ပိုက်ကာ သံလျောင်အိမ်ထဲ ဝင်တယ်။ မင်းက အဲဒါကိုစားပြီး မျှတတယ်။ အဇာတသတ်မင်းက ‘ငါ့ရဲ့ဖခင်က ဘယ်လိုမျှတနေလဲ’လို့ မေးပြီး အဲဒီဖြစ်ပုံကို ကြားရတဲ့အခါ ‘ငါ့ရဲ့မိခင်အား ရင်ခွင်ပိုက်ပြီး ဝင်ခွင့်မပေးကြနဲ့’လို့ ပြောတယ်။ အဲဒီအချိန်ကစပြီး မိဖုရားဟာ ဆံထုံးမှာထည့်ကာ ဝင်တယ်။ အဲဒါကိုလည်း ကြားရပြီး ‘ဆံထုံးထုံးပြီး ဝင်ခွင့်မပေးကြနဲ့’လို့ ပြောပြန်တယ်။ အဲဒီကနောက် ရွှေခြေနင်းတွေမှာ ထမင်းကို ထားကာ ပိတ်ပြီး ခြေနင်းတွေပေါ် တက်စီးကာ ဝင်တယ်။ မင်းက အဲဒါနဲ့ မျှတတယ်။ တစ်ဖန် ‘ဘယ်လိုမျှတနေလဲ’လို့ မေးပြီး အဲဒီအကြောင်းကို ကြားရတဲ့အခါ ‘ခြေနင်းတွေကို နင်းစီးပြီး ဝင်ခွင့်လည်း မပေးကြနဲ့’လို့ ပြောတယ်။ အဲဒီအချိန်ကစပြီး မိဖုရားဟာ နံ့သာရေနဲ့ ရေချိုးပြီး ခန္ဓာကိုယ်ကို စတုမဓုနဲ့ လိမ်းကျံကာ ဝတ်ရုံပြီး ဝင်တယ်။ မင်းက မိဖုရားရဲ့ကိုယ်ကို လျက်ပြီး မျှတနေတယ်။

တစ်ဖန် မေးပြီး အဲဒီဖြစ်ပုံကို ကြားရတဲ့အခါ ‘အဲဒီအချိန်ကစပြီး ငါ့မိခင်ရဲ့ ဝင်ခွင့်ကို တားမြစ်ကြ’လို့ ပြောတယ်။ မိဖုရားက တံခါးရင်းမှာ ရပ်ကာ ‘အရှင်ဗိမ္ဗိသာရ၊ သင်က ဒီသားကို ငယ်ရွယ်စဉ်က သတ်ခွင့်မပေး၊ သင်ဟာ ကိုယ့်ရန်သူကို ကိုယ်ကိုယ်တိုင်ပဲ မွေးမြူတယ်။ အခု ဒါဟာ သင့်ကို နောက်ဆုံးမြင်တွေ့ရခြင်းပဲ။ ကျွန်မဟာ ဒီအချိန်ကစပြီး သင့်ကိုမြင်ခွင့်ရမှာ မဟုတ်တော့ပါ။ အရှင်မင်း၊ ကျွန်မမှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ’လို့ ငိုကြွေးမြည်တမ်းကာ ပြန်လှည့်သွားတယ်။ အဲဒီအချိန်ကစပြီး မင်းမှာ အစာအာဟာရ မရှိတော့။ မင်းက မဂ်ဖိုလ်ချမ်းသာနဲ့ စင်္ကြံလျှောက်ကာ မျှတနေတယ်။ ဗိမ္ဗိသာရရဲ့ ခန္ဓာကိုယ်ဟာ အလွန်အကဲ တင့်တယ်တယ်။ အဇာတသတ်မင်းက ‘အမောင်တို့၊ ငါ့ဖခင်က ဘယ်လိုမျှတနေသလဲ’လို့ မေးတယ်။ ‘အရှင်မင်း၊ စင်္ကြံလျှောက်ကာ မျှတနေပါတယ်။ သူ့ခန္ဓာကိုယ်ဟာလည်း အလွန်

www.dhammaransi.com



အကဲ တင့်တယ်နေပါတယ်'လို့ ကြားရပြီး 'အခု သူ့စကြိုကို ဖယ်ရှားမယ်'လို့ ကြံတယ်။ 'ငါ့ဖခင်ရဲ့ခြေထောက်တွေကို သင်ဓုန်းဓားနဲ့ခွဲပြီး ဆား၊ ဆီနဲ့ လိမ်းကျံကာ အလျှံကင်းတဲ့ ရှားမီးကျီးခဲတွေနဲ့ ကင်ကြ' လို့ ဆတ္တာသည်တွေကို စေခိုင်းတယ်။

ဗိမ္ဗိသာရမင်းက သူတို့ကိုမြင်ပြီး 'ငါ့သားကို တစ်စုံတစ်ယောက်က နားလည်အောင် ပြောပြလိုက်တာဖြစ်လိမ့်မယ်။ ဒီလူတွေက ငါ့မုတ်ဆိတ်တွေ ရိတ်ပေးဖို့ လာကြတာနဲ့တူတယ်'လို့ တွေးတယ်။ အဲဒီ ဆတ္တာသည်တွေက သွားပြီး ရှိခိုးကာ ရပ်တည်နေကြတယ်။ 'ဘာကြောင့် သင်တို့လာကြတာလဲ'လို့ မေးလို့ အဲဒီသတင်းစကားကို ဗိမ္ဗိသာရမင်းကြီးအား ပြောကြပါတယ်။ 'သင်တို့မင်းရဲ့စိတ်တိုင်းကျ လုပ်ကြပါ'လို့ ပြောတယ်။ 'အရှင်မင်း၊ ထိုင်တော်မူပါ'လို့ ပြောပြီး ဗိမ္ဗိသာရမင်းကြီးကို ရှိခိုးကာ 'အရှင်မင်း၊ အကျွန်ုပ်တို့ဟာ မင်းရဲ့အမိန့်ကို လုပ်ကြရပါတယ်။ အကျွန်ုပ်တို့အား စိတ်မဆိုးပါနဲ့။ သင်လိုတရားရှင်မင်းအား ဒီအမှုက မလျောက်ပတ်ပါ'လို့ ပြောပြီး လက်ဝဲလက်နဲ့ ခြေဖမျက်တွေကိုကိုင်ကာ လက်ယာလက်နဲ့ သင်ဓုန်းဓားကိုယူကာ ခြေဖဝါးအပြင်တွေကို ခွဲပါတယ်။ ဆား၊ ဆီနဲ့လိမ်းကျံပြီး အလျှံကင်းတဲ့ ရှားမီးကျီးခဲတွေနဲ့ ကင်ကြပါတယ်။

ဗိမ္ဗိသာရမင်းဟာ ရှေးတစ်ခုသောဘဝက စေတီရင်ပြင်မှာ ဖိနပ်စီးပြီး သွားခဲ့ပါတယ်။ ထိုင်ဖို့ခင်းထားတဲ့ သင်ဖြူးဖျာကိုလည်း မဆေးကြောရသေးတဲ့ ခြေတွေနဲ့ နင်းခဲ့တယ်။ အခု မကောင်းကျိုးဟာ အဲဒီကံရဲ့အကျိုးပဲလို့ ပြောကြပါတယ်။

ဗိမ္ဗိသာရမင်းမှာ ပြင်းထန်တဲ့ဝေဒနာ ဖြစ်ပေါ်လာတယ်။ ဗိမ္ဗိသာရမင်းဟာ 'ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဟာ အံ့ဩဖွယ်ကောင်းလေစွ'လို့ အဖန်ဖန်အောက်မေ့ရင်းပဲ စေတီရင်ပြင်မှာ ပစ်ထားတဲ့ ပန်းပမာ ညှိုးနွမ်းကာ စာတုမဟာရာဇ်နတ်ဘုံက ဝေဿဝဏ်နတ်မင်းကြီးရဲ့ အလုပ်အကျွေး ဇနဝသဘအမည်ရှိ နတ်ဘီလူးဖြစ်တယ်။ အဲဒီ

www.dhammaransi.com



နေ့မှာပဲ အဇာတသတ်ရဲ့သား ဥဒယဟာ မွေးဖွားလာတယ်။ သားမွေးဖွားတာကိုရော၊ ဖခင်ဗိမ္ဗိသာရမင်း သေတာကိုပါ အသိပေးဖို့ စာ ၂ စောင်ဟာ တစ်ခဏတည်းမှာပဲ ရောက်လာကြတယ်။ အမတ်တွေက 'ပထမဦးစွာ သားဖွားမြင်ကြောင်းကို ငါတို့ပြောကြမယ်'လို့ ကြံကာ အဲဒီစာကို မင်းရဲ့လက်မှာ ထားကြတယ်။ အဇာတသတ်မင်းမှာ အဲဒီခဏမှာပဲ သားအပေါ် အချစ်ဟာ ဖြစ်ပေါ်လာကာ တစ်ကိုယ်လုံးကို ချောက်ချားကာ ရိုးတွင်းခြင်ဆီကို ထိခိုက်ပြီး တည်တယ်။ အဲဒီခဏမှာ 'ငါ မွေးဖွားတုန်းကလည်း ငါ့ဖခင်မှာ ဒီလိုပဲ အချစ်ဖြစ်ပေါ်ခဲ့တယ်' လို့ ဖခင်ဂုဏ်ကျေးဇူးကို သိလာတယ်။ အဇာတသတ်ဟာ 'အမောင်တို့၊ သွားကြပါ၊ ငါ့ဖခင်ကို လွှတ်ကြပါ၊ လွှတ်ကြပါ'လို့ ပြောတယ်။ အဇာတသတ်က အဲဒီဖြစ်ပုံကို ကြားရပြီး ငိုရင်း မိခင်အနားကိုသွားကာ 'မိခင်၊ ကျွန်တော်ဖခင်မှာ ကျွန်တော်မွေးဖွားခဲ့စဉ်က ချစ်ခြင်းဖြစ်ခဲ့ပါသလား'လို့ မေးတယ်။

မိခင်က ပြောတယ်။

'သားမိုက်၊ သင် ဘာကိုပြောတာလဲ။ သင်ငယ်ရွယ်စဉ်က လက်ချောင်းမှာ ရှုနာပေါက်ခဲ့တယ်။ အဲဒီအခါ ငိုနေတဲ့သင့်ကို တိတ်အောင် မလုပ်နိုင်ကြလို့ သင့်ကိုခေါ်ယူကာ တရားဆုံးဖြတ်ရာမှာ ထိုင်နေတဲ့ သင့်ဖခင်ထံ သွားကြတယ်။ ဖခင်က သင့်လက်ချောင်းကို ပါးစပ်ထဲမှာ ငုံထားတယ်။ ရှုနာက ပါးစပ်ထဲမှာပဲ ပြည်ပေါက်တယ်။ အဲဒီအခါ ဖခင်က သင့်ကိုချစ်လို့ သွေးရောတဲ့အဲဒီပြည်ကို မထွေးဘဲသာ မျိုချတယ်။ သင့်ဖခင်က အဲဒီလိုချစ်တယ်'

အဇာတသတ်ဟာ ငိုကြွေးပြီး ဖခင်ရဲ့အလောင်းကို မီးသင်္ဂြိုဟ်တယ်။ အဇာတသတ်က ဖခင်ကိုသတ်ပြီးချိန်ကစပြီး 'အိပ်တော့မယ်' လို့ မျက်စိတွေကို မှိတ်လိုက်တဲ့အခါမှာပဲ လှံပေါင်းတစ်ရာနဲ့ အထိုးခံရသူပမာ အော်ဟစ်လျက်သာ နိုးလာတယ်။ 'အဲဒါ ဘာလဲ'လို့ ဘေးက မေးတော့ 'ဘာမှမဟုတ်ပါ'လို့ပြောတယ်။ ဒါကြောင့် အိပ်ရတာကို

www.dhammaransi.com



မမြတ်နိုးနိုင် ဖြစ်နေပါတယ်။ ဒါကြောင့် အိပ်ချင်ပြေအောင် ညစဉ် အချိန်ကြာမြင့်စွာ ညီလာခံအစည်းအဝေး ကျင်းပလေ့ရှိတယ်။ အဇာတသတ်ဟာ ဇီဝက အကူအညီနဲ့ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရဟန်းပြုခြင်းရဲ့ မျက်မှောက်အကျိုးတွေကို မေးပါတယ်။ ဘုရားရှင်က အကျယ်တဝင့် ဟောပါတယ်။ ရဟန်းပြုရကျိုး အခန်းတိုင်းမှာ အဇာတသတ်က သာဓုခေါ်တယ်။ အစ၊ အလယ်၊ အဆုံးကို ရိုရိုသေသေ နာကြားတယ်။

'ငါဟာ ကြာမြင့်စွာသောကာလက ဒီပြဿနာတွေကို သမဏ၊ ဗြာဟ္မဏများစွာကို မေးခဲ့ရာ ဖွဲကြမ်းကိုထောင်းထုသူလို တစ်စုံတစ်ရာ အနှစ်သာရကို မရခဲ့။ ဘုရားရဲ့ဂုဏ်ပြည့်စုံမှုဟာ အံ့ဩဖွယ်ကောင်းပါပေတယ်။ ဘုရားရှင်ဟာ ငါ့အား ဆီမီးတစ်ထောင်ကို ညှိထွန်းပြသူပမာ ကြီးစွာသောအသိဉာဏ်အလင်းကို ပြုပြီး ဒီပြဿနာတွေကို ဖြေပေးပါပေတယ်။ ဘုရားရှင့်ဂုဏ်အစွမ်းကို မသိအောင် ငါ့ကို အချိန်ကြာမြင့်စွာ မောဟကလှည့်ပတ်ခဲ့လေစွ'လို့ တွေးကာ ဘုရားဂုဏ်တော်တွေကို အဖန်ဖန်အောက်မေ့လို့ ဖြစ်ပေါ်လာတဲ့ ပီတိငါးမျိုးက တစ်ကိုယ်လုံး လွှမ်းမိုးလာလို့ သူ့ရဲ့သဒ္ဓါကို ဖော်ပြလိုတယ်။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အသက်ထက်ဆုံး ဆည်းကပ်တဲ့ဥပါသကာအဖြစ် လျှောက်ထားပါတယ်။ ဖခင်ကိုသတ်မိတဲ့ အပြစ်ကို ဘုရားထံ တောင်းပန်ဝန်ချကန်တော့ပါတယ်။

အဇာတသတ်မင်းဟာ ဖခင်ကို မသတ်ခဲ့ရင် ရဟန်းပြုရကျိုးတွေကို နာယူရာနေရာမှာပဲ ထိုင်ကာ သောတာပန်ဖြစ်ပါမယ်။ ဒေဝဒတ်ဆိုတဲ့ မိတ်ဆွေညံ့နဲ့ပေါင်းမိလို့ သောတာပတ္တိမဂ်ရဲ့ အန္တရာယ်ဖြစ်ခဲ့ရပါတယ်။ အဇာတသတ်ဟာ ဘုရားရှင်ကို ချဉ်းကပ်ပြီး ရတနာသုံးပါးကို ကိုးကွယ်လို့ရော၊ ဘုရားရှင်ရဲ့သာသနာက မြင့်မြတ်လို့ပါ အဝီစိငရဲမှာ ဖြစ်ထိုက်ပေမယ့် လောဟကုမ္ဘီငရဲမှာဖြစ်ကာ အနှစ် ၃၀၀၀၀ ကြာ အောက်ကိုမြုပ်ပြီး အောက်အပြင်ရောက်ကာ တစ်ဖန် အနှစ် ၃၀၀၀၀ ကြာအောင် အထက်ကိုတက်ပြီး အထက်အနားရေးအပြင်ကို

www.dhammaransi.com



ရောက်ကာ အနှစ် ၆၀၀၀၀ ကြာရင် လောဟကုမ္ဘီငရဲမှ လွတ်လိမ့်မယ်။ အဇာတသတ်ဟာ ဖခင်ကိုသတ်ပြီးချိန်ကစပြီး နေ့ရောညပါ အိပ်မပျော်ခဲ့။ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ချိုမြိန်ပြီး သြဇာရှိတဲ့ ဒီတရားဒေသနာကို ကြားနာရပြီးချိန်ကစပြီး အိပ်ပျော်ခဲ့တယ်။ ရတနာသုံးပါးအပေါ် အကြီးအကျယ်ပူဇော်တယ်။ ပုထုဇဉ်သဒ္ဓါနဲ့ပြည့်စုံသူတွေဆိုတာ အဇာတသတ်မင်းနဲ့တူသူ မရှိ။ နောင်အခါမှာ ဝိဇိတာဝီ မည်တဲ့ ပစ္စေကဗုဒ္ဓါဖြစ်ပြီး ပရိနိဗ္ဗာန်စံပါလိမ့်မယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၁၂၃၊ ၂၁၂)

အဇာတသတ်က ဖခင်ဗိမ္ဗိသာရကို သတ်တယ်။ ဥဒယက ဖခင်အဇာတသတ်ကို သတ်တယ်။ မဟာမုဏ္ဍိကက ဖခင် ဥဒယကို သတ်တယ်။ အနုရုဒ္ဓက ဖခင်မဟာမုဏ္ဍိကို သတ်တယ်။ နာဂဒါသက ဖခင် အနုရုဒ္ဓကို သတ်တယ်။ နာဂဒါသကိုတော့ 'ဒီသူတွေဟာ အမျိုးနှယ်ဖြတ်တဲ့မင်းတွေပဲ။ ဒီမင်းတွေနဲ့ အကျိုးမရှိ' လို့ တိုင်းသူပြည်သားတွေက စိတ်ဆိုးကာ သတ်လိုက်ကြပါတယ်။ အဲဒီအမျိုးမှာ ၅ ဆက်တိုင်အောင် ဖခင်ကိုသတ်ကြပါတယ်။

အဇာတသတ်ဟာ ဒေဝဒတ်ရဲ့စကားကို နာယူပြီး ဘုရားရှင်ကို သတ်ဖို့ လေးသမားတွေကို စေလွှတ်ပေးခဲ့ပါတယ်။ နာဠာဂိရိဆင်ကို လွှတ်ပေးခဲ့ပါတယ်။ အဇာတသတ်ကို အမှီပြုပြီး ဒေဝဒတ်ဟာ ကျောက်ကို လိမ့်ချခဲ့ပါတယ်။ (သီလက္ခန်၊ ဋ္ဌ၊ ၁၄၀)

အဇာတသတ်ဟာ ဆင် ၅ စီးရဲ့အားကို ဆောင်ပါတယ်။

(သီ၊ ဋ္ဌ၊ ၁၃၇)

အဇာတသတ်ဟာ မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ပြီး ခုန်ရင် ၁၈ တောင် အမြင့်ရှိရာအရပ်ကို တက်တယ်။ ရပ်ပြီးခုန်ရင် အတောင် ၈၀ ရှိရာအရပ်ကို တက်ရောက်တယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၄၄၆)

www.dhammaransi.com

# ပုက္ကုသာတိမင်း

မဇ္ဈိမဒေသက ရာဇဂြိုဟ်မြို့မှာ ဗိမ္ဗိသာရ မင်းလုပ်အုပ်ချုပ်တဲ့အခါ မဇ္ဈိမဒေသရဲ့ အစွန်အဖျားက တက္ကသိလမြို့မှာ ပုက္ကုသာတိမင်းက မင်းလုပ်အုပ်ချုပ်တယ်။ အဲဒီအခါ တက္ကသိလမြို့မှ ပစ္စည်းဘဏ္ဍာကို ယူပြီး ကုန်သည်တွေက ရာဇဂြိုဟ်မြို့ကို လာကြတဲ့အခါ လက်ဆောင် ယူကာ ဗိမ္ဗိသာရမင်းကို ဖူးတွေ့ကြတယ်။ မင်းက ရှိခိုးပြီး ရပ်တည်နေကြတဲ့ အဲဒီကုန်သည်တွေကို မေးတယ်။

'သင်တို့က ဘယ်မှာနေကြတာလဲ'

'အရှင်မင်း၊ တက္ကသိလမြို့မှာပါ'

အဲဒီကနောက် ဗိမ္ဗိသာရမင်းက ဇနပုဒ်မှာ ဘေးရန်ကင်းမှု၊ အစားအစာပြည့်စုံမှုစသည်တွေနဲ့ မြို့မှာဖြစ်ပုံကို မေးပြီး အောက်ပါ မေးခွန်းကို မေးတယ်။

'သင်တို့ရဲ့မင်းက နာမည်ဘာလဲ'

'အရှင်မင်း၊ ပုက္ကုသာတိ မည်ပါတယ်'

'တရားရှိလား'

'အရှင်မင်း၊ မှန်ပါ တရားရှိပါတယ်။ 'သင်္ဂဟဝတ္ထု ၄ မျိုးနဲ့ လူအပေါင်းကို ချီးမြှောက်ပါတယ်။ လူအပေါင်းရဲ့ မိဘအရာမှာ တည်ပါတယ်။ ကိုယ်အင်္ဂါမှာ အိပ်ပျော်တဲ့ကလေးကို နှစ်သိမ့်သလို လူအပေါင်းကို နှစ်သက်စေပါတယ်'

'ဘယ်အရွယ်တွေမှာ ဖြစ်သလဲ'

အဲဒီအခါ ပုက္ကုသာတိမင်းရဲ့အရွယ်ကို ပြောပြကြပါတယ်။

www.dhammaransi.com



အရွယ်မှာလည်း ဗိမ္ဗိသာရရဲ့ တူနေပါတယ်။ အဲဒီအခါ ဗိမ္ဗိသာရက အဲဒီကုန်သည်တွေကို မေးတယ်။

'ချစ်သားတို့၊ သင်တို့ရဲ့မင်းက တရားရှိတယ်၊ အရွယ်အားဖြင့်လည်း ငါနဲ့တူတယ်။ သင်တို့ရဲ့မင်းကို ငါရဲ့မိတ်ဆွေဖြစ်အောင် လုပ်နိုင်ကြမလား'

'အရှင်မင်း၊ လုပ်နိုင်ကြပါတယ်'

ဗိမ္ဗိသာရမင်းက အဲဒီကုန်သည်တွေအား အကောက်ခွန် လွှတ်ပေးကာ အိမ်အပေးခိုင်းပြီး ပြောပါတယ်။

'သင်တို့ သွားကြပါ။ ပစ္စည်းဘဏ္ဍာကို ဝယ်ယူပြီး သွားတဲ့အခါ ငါ့ကိုတွေ့ပြီးမှ သွားကြပါ'

အဲဒီကုန်သည်တွေက အဲဒီအတိုင်း ပြုလုပ်ပြီး သွားတဲ့အခါ မင်းကို ဖူးတွေ့ကြပါတယ်။ ဗိမ္ဗိသာရက ပြောလိုက်ပါတယ်။

'သင်တို့ သွားကြပါ။ သင်တို့ရဲ့မင်းကို ငါ့ရဲ့စကားနဲ့ အထပ်ထပ် အနာရောဂါကင်းကြောင်းကို မေးပြီး ဗိမ္ဗိသာရမင်းက သင်တို့နဲ့အတူ မိတ်ဆွေဖွဲ့လိုပါတယ်လို့ ပြောလိုက်ကြပါ'

အဲဒီကုန်သည်တွေက ကောင်းပါပြီလို့ ဝန်ခံပြီး ပစ္စည်းဘဏ္ဍာကို သိမ်းဆည်းကာ နံနက်စာစားပြီးတဲ့အခါ ပုက္ကုသာတိမင်းကို ချဉ်းကပ်ကာ ရှိခိုးကြပါတယ်။ ပုက္ကုသာတိမင်းက မေးပါတယ်။

'အမောင်တို့၊ ဘယ်သွားနေကြလဲ။ သင်တို့ကို ဒီလောက်သော ဒီရက်တွေမှာ မတွေ့ကြရပါ'

အဲဒီကုန်သည်တွေက ဖြစ်ပုံအလုံးစုံကို ပြောပြကြပါတယ်။ ပုက္ကုသာတိမင်းက 'ချစ်သားတို့၊ ကောင်းပေစွ။ သင်တို့ကိုမှီပြီး ငါဟာ မဇ္ဈိမဒေသက မင်းကို မိတ်ဆွေအဖြစ် ရရှိရပေတယ်'လို့ ဝမ်းသာသွားတယ်။ နောင်အခါမှာ ရာဇဂြိုဟ်မြို့နေ ကုန်သည်တွေက တက္ကသိုလ်မြို့ကို သွားကြတယ်။ အဲဒီကုန်သည်တွေက လက်ဆောင်ယူပြီး လာကြတဲ့အခါ ပုက္ကုသာတိမင်းက မေးတယ်။

www.dhammaransi.com



'သင်တို့ ဘယ်ကလာခဲ့ကြသလဲ'

'ရာဇဂြိုဟ်မြို့ကပါ'

'သင်တို့ဟာ ငါ့သူငယ်ချင်းရဲ့မြို့က လာကြတာပေါ့'

'ဟုတ်ပါတယ် အရှင်မင်း'

'ငါ့သူငယ်ချင်းမှာ ကျန်းမာပါရဲ့လား'လို့ မေးကာ စည်ကို လှည့်လည်စေပါတယ်။

'ဒီနေ့ကစပြီး ငါ့သူငယ်ချင်းရဲ့မြို့က ခြေလျင်ဖြစ်စေ၊ လှည်းနဲ့ဖြစ်စေ လာသမျှ ကုန်သည်တွေ ငါ့နိုင်ငံထဲ ဝင်တဲ့အချိန်ကစပြီး နေစရာအိမ်တွေနဲ့ မင်းဘဏ္ဍာတိုက်မှ ရိက္ခာကိုပါ ပေးကြပါ။ အခွန်ကင်းလွတ်ကြပါစေ။ ဘာဘေးရန်အန္တရာယ်ကိုမှ မပြုလုပ်ကြပါနဲ့'

ဗိမ္ဗိသာရမင်းကလည်း သူ့မြို့မှာ အဲဒီလိုပဲ စည်ကိုလှည့်လည်စေပါတယ်။ အဲဒီအခါ ဗိမ္ဗိသာရက ပုက္ကုသာတိထံ စာရေးပို့ပါတယ်။

'အစွန်အဖျားအရပ်ဆိုတာ ပတ္တမြား၊ ပုလဲစတဲ့ ရတနာတွေ ဖြစ်ပေါ်တတ်ပါတယ်။ ငါ့သူငယ်ချင်းရဲ့နိုင်ငံမှာ ကြည့်ချင်ဖွယ်၊ ကြားချင်ဖွယ် ရတနာဖြစ်ပေါ်ခဲ့ရင် ငါ့အားလျှို့ဝှက်မထားပါနဲ့'

ပုက္ကုသာတိကလည်း စာပြန်ရေးပို့ပါတယ်။

'မဇ္ဈိမဒေသဆိုတာ ဇနပုဒ်ကြီးဖြစ်ပါတယ်။ အဲဒီမှာ အဲဒီလို ရတနာဖြစ်ပေါ်ခဲ့ရင် ငါ့သူငယ်ချင်းက လျှို့ဝှက်မထားပါနဲ့'

အဲဒီလို အချိန်ကြာလာတဲ့အခါ သူတို့ဟာ အချင်းချင်း မမြင်ဖူးကြပေမယ့် ခိုင်မြဲတဲ့မိတ်ဆွေတွေ ဖြစ်သွားကြပါတယ်။ သူတို့ အဲဒီလို ကတိကဝတ်ပြုပြီး နေကြတဲ့အခါ ရှေးဦးစွာ ပုက္ကုသာတိမင်းမှာ လက်ဆောင် ဖြစ်ပေါ်လာတယ်။ ပုက္ကုသာတိမင်းက အရောင်အဆင်း ၅ မျိုးရှိ တန်ဖိုးမဖြတ်နိုင်တဲ့ ကမ္ဗလာတွေကို ရတယ်။ မင်းက 'ဒီကမ္ဗလာတွေက အလွန်ကောင်းတယ်။ ငါဟာ သူငယ်ချင်းဗိမ္ဗိသာရမင်းထံ ပို့မယ်'လို့ တွေးကာ ချိပ်လုံးလောက်ရှိတဲ့ စန္ဒကူးနံ့သာနှစ်ကြုတ် ၈

www.dhammaransi.com



လုံးကို ပွတ်တိုက်ခိုင်းပြီး အဲဒီကြုတ်တွေမှာ အဲဒီကမ္ဗလာတွေကို ထည့်တယ်။ ချိပ်နဲ့ လုံးခိုင်းပြီး အဝတ်ဖြူနဲ့ရစ်ပတ်ခိုင်းတယ်။ မင်းတံဆိပ်ခတ်နှိပ်ပြီး 'ငါ့သူငယ်ချင်း ဗိမ္ဗိသာရမင်းအား ပေးကြ'လို့ အမတ်တွေကို လွှတ်လိုက်တယ်။ 'ဒီလက်ဆောင်ကို မြို့အလယ်မှာ အမတ်စသူတွေ ခြံရံပြီး ကြည့်ရှုသင့်ပါတယ်'လို့ သတင်းစကားကိုလည်း ပေးလိုက်တယ်။ အဲဒီအမတ်တွေက သွားပြီး ဗိမ္ဗိသာရအား ပေးကြတယ်။

ဗိမ္ဗိသာရမင်းက သတင်းစကားကို ကြားရပြီး အမတ်စသူတွေဟာ စည်းဝေးကြလော့လို့ စည်ကိုလှည့်လည်စေကာ မြို့လယ်မှာ အမတ်စသည် ခြံရံပြီး ထီးဖြူမိုးခံလျက် ပလ္လင်မြတ်ပေါ် ထိုင်တယ်။ တံဆိပ်ကို ဖျက်ပြီး အဝတ်ကိုဖယ်ရှားကာ သေတ္တာကိုဖွင့်တယ်။ သေတ္တာတွင်းက ဘဏ္ဍာထုပ်ကို ဖြေကာ ချိပ်လုံးတွေကို မြင်ရပြီး 'ငါ့သူငယ်ချင်း ပုက္ကုသာတိမင်းက 'ငါ့သူငယ်ချင်း ဗိမ္ဗိသာရမင်းဟာ ကြွေအံကစားသမား'လို့ ထင်ကာ ဒီလက်ဆောင်ကို ပို့လိုက်တယ် ထင်တယ်' လို့ တွေးတယ်။ ချိပ်လုံးတစ်လုံးကိုယူပြီး လက်နဲ့လှိမ့်ကာ အချိန်ပမာဏကို ခန့်မှန်းရင်းပဲ 'အတွင်းမှာ အဝတ်ထုပ်ရှိတယ်လို့ သိတယ်။ အဲဒီကနောက် ချိပ်လုံးကို ပလ္လင်ခြေမှာ ရိုက်ပုတ်ပြီး အဲဒီခဏမှာပဲ ချိပ်တွေကျလာတယ်။ ဗိမ္ဗိသာရမင်းဟာ လက်သည်းနဲ့ နံ့သာကြုတ်ကို ဖွင့်ကာ အတွင်းက ကမ္ဗလာရတနာကို မြင်ရပြီး အခြားကြုတ် ၇ ခုကိုလည်း ဖွင့်ခိုင်းတယ်။ အားလုံးပဲ ကမ္ဗလာတွေ ဖြစ်နေကြတယ်။ အဲဒီကနောက် အဲဒီကမ္ဗလာတွေကို ဖြန့်ခိုင်းတယ်။ အဲဒီကမ္ဗလာတွေက အဆင်းလှကြတယ်။ အတွေ့ကောင်းကြတယ်။ အလျား ၁၆ တောင်၊ အနံ ၈ တောင် ရှိကြတယ်။ လူအများက မြင်ပြီး လက်ဖျစ်တီးကြတယ်။ ဦးရစ်ခေါင်းပေါင်းအဝတ်တွေကို မြှောက်ကြတယ်။ 'ငါတို့မင်းရဲ့ မမြင်ဖူး သူငယ်ချင်းပုက္ကုသာတိမင်းက မမြင်ရသေးဘဲနဲ့ ဒီလိုလက်ဆောင်ကို ပို့လွှတ်တယ်။ ဒီလိုမင်းကို မိတ်ဆွေဖွဲ့သင့်တယ်'လို့ တွေးကာ

www.dhammaransi.com



ဝမ်းမြောက်ကြတယ်။ ဗိမ္ဗိသာရမင်းက ကမ္ဗလာတစ်ခုစီကို တန်ဖိုးဖြတ်ခိုင်းတယ်။ အားလုံးပဲ တန်ဖိုးဖြတ်လို့ မရကြ။ အဲဒီ ၈ ထည်ထဲက ၄ ထည်ကို ဘုရားရှင်ထံ ပို့တယ်။ ကျန် ၄ ထည်ကို သူ့နန်းတော်မှာ ထားတယ်။ အဲဒီကနောက် ကြံတယ်။

'နောက်မှ လက်ဆောင်ပို့သူက ပထမပို့လိုက်တဲ့ လက်ဆောင်ထက် ပိုပြီးပို့သင့်တယ်။ ငါ့သူငယ်ချင်း ပုဏ္ဏသာတိမင်းကလည်း ငါ့ထံ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ကို ပို့လိုက်တယ်။ ငါ ဘာကို ပို့ရပါ့မလဲ'

ရာဇဂြိုဟ်မြို့မှာ အဲဒီကမ္ဗလာထက် ပိုတန်ဖိုးရှိတဲ့ ရတနာ မရှိဘူးလား။ မရှိမဟုတ်ပါ။ ဗိမ္ဗိသာရမင်းဟာ ဘုန်းကံကြီးပါတယ်။ ဒါပေမဲ့ ဗိမ္ဗိသာရမှာ သောတာပန်ဖြစ်ပြီးချိန်ကစပြီး ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ) မှတစ်ပါး အခြားရတနာက ဝမ်းသာအောင် လုပ်နိုင်စွမ်း မရှိပါ။ ဗိမ္ဗိသာရမင်းက ရတနာကို ရွေးချယ်ဖို့ အောက်ပါအတိုင်း ကြိုးစားပါတယ်။

'ရတနာဆိုတာ သက်ရှိ သက်မဲ့ ၂ မျိုးရှိတယ်။ အဲဒီမှာ ရွှေ၊ ငွေစသည်တွေက သက်မဲ့ပဲ။ အသက်နဲ့ဆက်စပ်နေတာက သက်ရှိပဲ။ သက်မဲ့က သက်ရှိရဲ့သာ အဆင်တန်ဆာအစွမ်းအားဖြင့် အသုံးအဆောင်ဖြစ်တယ်။ အဲဒီလိုနည်းနဲ့ သက်ရှိ သက်မဲ့ထဲမှာ သက်ရှိက မြတ်တယ်။ သက်ရှိကလည်း တိရစ္ဆာန်ရတနာနဲ့ လူရတနာလို့ ၂ မျိုးရှိတယ်။ အဲဒီမှာ ဆင်၊ မြင်းရတနာက တိရစ္ဆာန်ရတနာပဲ။ အဲဒီရတနာကလည်း လူတွေရဲ့အသုံးအဆောင်အလို့ငှာပဲ ဖြစ်တယ်။ အဲဒီလိုနည်းနဲ့ အဲဒီ ရတနာ ၂ မျိုးမှာလည်း လူ့ရတနာက မြတ်တယ်။ လူရတနာကလည်း မိန်းမရတနာ၊ ယောကျ်ားရတနာလို့ ၂ မျိုး ရှိတယ်။ အဲဒီမှာ စကြဝတေးမင်းမှာဖြစ်ပေါ်တဲ့ မိန်းမရတနာဟာလည်း ယောကျ်ားရဲ့ပဲ အသုံးအဆောင်ဖြစ်တယ်။ အဲဒီနည်းနဲ့ အဲဒီ ၂ မျိုးထဲမှာလည်း ယောကျ်ားရတနာကပဲ မြတ်တယ်။

www.dhammaransi.com



'ယောကျ်ားရတနာကလည်း လူဝတ်ကြောင်နဲ့ ရှင်ရဟန်းလို့ ၂ မျိုး ရှိတယ်။ အဲဒီထဲက လူဝတ်ကြောင်ရတနာတွေမှာလည်း စကြဝတေးမင်းက ဒီနေ့ ရှင်ပြုတဲ့ကိုရင်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ အဲဒီနည်းနဲ့ အဲဒီ ၂ မျိုးထဲမှာလည်း ရှင် ရဟန်းရတနာကပဲ မြတ်တယ်။ ရှင် ရဟန်းရတနာကလည်း သေက္ခနဲ့ အသေက္ခလို့ ၂ မျိုး ရှိတယ်။ အဲဒီထဲမှာ သေက္ခတစ်သိန်းကတောင် အသေက္ခရဲ့တစ်စိတ်တစ်ဒေသကို မမီပါ။ အဲဒီနည်းနဲ့ အဲဒီ ၂ မျိုးထဲမှာလည်း အသေက္ခရတနာကပဲ မြတ်တယ်။ အသေက္ခရတနာကလည်း ဗုဒ္ဓနဲ့ သာဝကလို့ ၂ မျိုးရှိတယ်။ အဲဒီထဲမှာ သာဝကတစ်သိန်းကတောင် ဗုဒ္ဓရတနာရဲ့ တစ်စိတ်တစ်ဒေသကို မမီပါ။ အဲဒီနည်းနဲ့ အဲဒီ ၂ မျိုးမှာလည်း ဗုဒ္ဓရတနာကပဲ မြတ်တယ်။'

ဗုဒ္ဓရတနာကလည်း ပစ္စေကဗုဒ္ဓနဲ့ သဗ္ဗညုဗုဒ္ဓလို့ ၂ မျိုးရှိတယ်။ အဲဒီမှာ ပစ္စေကဗုဒ္ဓတစ်သိန်းကတောင် သဗ္ဗညုဗုဒ္ဓရဲ့ တစ်စိတ်တစ်ဒေသကို မမီပါ။ အဲဒီ ၂ မျိုးထဲမှာလည်း သဗ္ဗညုဗုဒ္ဓရတနာကသာ မြတ်တယ်။ မှန်တယ်။ နတ်နဲ့တကွသော လောကမှာ ဗုဒ္ဓရတနာနဲ့တူတဲ့ ရတနာဆိုတာ မရှိပါ။ ဒါကြောင့် အတူမရှိသည်သာဖြစ်တဲ့ ရတနာကို ငါ့သူငယ်ချင်း ပုက္ကုသာတိမင်းထံ ပို့မယ်လို့ ကြံကာ တက္ကသိလမြို့နေ ကုန်သည်တွေကို မေးတယ်။

'အမောင်တို့၊ သင်တို့ရဲ့ဇနပုဒ်မှာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ဒီရတနာသုံးပါးကို မြင်တွေ့ရလား'

'မင်းကြီး၊ ဘုရား၊ တရား၊ သံဃာဆိုတဲ့ အသံတောင် အဲဒီမှာ မရှိပါ။ မြင်ရဖို့တော့ ဝေးပါတယ်'

'ချစ်သားတို့၊ ကောင်းပြီ'လို့ ပြောကာ ဗိမ္ဗိသာရမင်းက ဝမ်းမြောက်စွာ တွေးတယ်။

'လူတွေကို ချီးမြှောက်ဖို့ ငါ့သူငယ်ချင်း ပုက္ကုသာတိမင်း နေရာ

www.dhammaransi.com



အရပ်ကို ဘုရားရှင်ကို စေလွှတ်ဖို့ တတ်နိုင်ပါ့မလား။ ဘုရားတွေက တော့ အစွန်အဖျားဇနပုဒ်တွေမှာ အရဏ်မတက်စေကြပါ။ ဒါကြောင့် ဘုရားရှင်ကြွဖို့ မဖြစ်နိုင်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် စတဲ့ မဟာသာဝကတွေကို ပို့လို့ရစေဦးတော့။ ငါက 'မထေရ်တွေ အစွန်အဖျားအရပ်မှာ နေကြတယ်'လို့ ကြားရတယ်ဆိုရင်ပဲ လူတွေကို စေလွှတ်ကာ အဲဒီမထေရ်တွေကို ငါ့အနီးမှာ ပင့်ခိုင်းကာ လုပ်ကျွေးဖို့သာ သင့်တယ်။ ဒါကြောင့် မထေရ်တွေလည်း ကြွဖို့မဖြစ်နိုင်။ သတင်းစကား ပို့လိုက်ရင် ဘုရားရှင်ရော၊ မဟာသာဝကတွေပါ ကြွတော်မူကြသလို ဖြစ်တဲ့နည်းနဲ့ သတင်းစကားကို ပို့လွှတ်မယ်။

အဲဒီလိုကြံပြီး အလျား ၄ တောင်၊ အနံ ၁ ထွာရှိတဲ့ မပါးလွန်း၊ မထူလွန်းတဲ့ ရွှေပြားကို ခတ်ခိုင်းကာ 'အဲဒီရွှေပြားမှာ ဒီနေ့အက္ခရာတွေကို ရေးမယ်'လို့ ကြံပြီး နံနက်စောစောပဲ ဦးခေါင်းကိုလျှော်ကာ ဥပုသ်အင်္ဂါတွေကို ဆောက်တည်တယ်။ နံနက်စာစားပြီး နံ့သာ၊ ပန်း၊ အဆင်တန်ဆာတွေကို ဖယ်ရှားကာ ရွှေခွက်နဲ့ ဟင်္သပဒါးကိုယူတယ်။ အောက်ထပ်ကစပြီး တံခါးတွေကို ပိတ်ကာ ပြာသာဒ်ပေါ်တက်တယ်။ အရှေ့အရပ်ကို မျက်နှာမူကာ ခြင်္သေ့ခံလေသာပြတင်းကို ဖွင့်ပြီး လေသာဆောင်မှာ ထိုင်တယ်။ ရွှေပြားမှာ အက္ခရာတွေကို ရေးတဲ့အခါ ဘုရားဂုဏ်တော်တွေကို တစ်စိတ်တစ်ဒေသအားဖြင့် အောက်ပါအတိုင်း ရေးတယ်။

'ဒီလောကမှာ ဘုရားရှင် ပွင့်တော်မူနေပါတယ်။ ဘုရားရှင်က ကိလေသာတွေမှ ဝါသနာနဲ့တကွ ဝေးကွာတယ်။ သိစရာမှန်သမျှကို မှန်ကန်စွာ ကိုယ်တော်တိုင် သိတော်မူတယ်။ ဝိဇ္ဇာ ၃ ပါး၊ ၈ ပါး၊ အခြေခံအကျင့်တရား ၁၅ ပါးနဲ့ ပြည့်စုံတယ်။ စကားကောင်းကိုသာ မိန့်တော်မူတယ်။ လောကအကြောင်းကို သိတော်မူတယ်။ ဆုံးမထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဆုံးမရာမှာ အတုမရှိ မြင့်မြတ်တယ်။ နတ် လူတွေရဲ့

www.dhammaransi.com



ဆရာဖြစ်တယ်။ သစ္စာလေးပါးကို ကိုယ်တော်တိုင်လည်း သိတယ်။ သူတစ်ပါးတွေကိုလည်း သိအောင်ဟောပြနိုင်တယ်။ ဘုန်းကံကြီးတယ်'

အဲဒီကနောက် ဒီလိုရေးပါတယ်။

'ဘုရားရှင်ဟာ ပါရမီ ၁၀ ပါးကို ဖြည့်ကျင့်ပြီး တုသိတာနတ်ပြည်က စုတေကာ မယ်တော်ဝမ်းမှာ ဒီလိုပဋိသန္ဓေယူခဲ့တယ်။ ဒီလိုလောကကြီး ဟင်းလင်းပွင့်သလို ဖြစ်ခဲ့တယ်။ အမိဝမ်းထဲနေစဉ် ဒီမည်တဲ့ဟာ ဖြစ်ခဲ့တယ်။ လူ့ဘောင်မှာနေစဉ် ဒီမည်တဲ့ဟာ ဖြစ်ခဲ့တယ်။ ဒီလိုမြတ်တဲ့တောထွက်ခြင်း ဖြစ်ခဲ့တယ်။ ဒီလို အပြင်းအထန်အားထုတ်ခဲ့တယ်။ ဒီလိုကျင့်နိုင်ခဲတဲ့အကျင့်ကို ကျင့်ပြီး မဟာဗောဓိမဏ္ဍိုင်ကိုတက်ကာ အပရာဇိတပလ္လင်မှာ ထိုင်ရင်း သဗ္ဗညုတဉာဏ်ကို ရခဲ့တယ်။ သဗ္ဗညုတဉာဏ်ကို ရစဉ် ဒီလိုလောကကြီး ဟင်းလင်းပွင့်သလို ဖြစ်ခဲ့တယ်။ နတ်နဲ့တကွသော လောကမှာ ဒီလိုအခြားရတနာဆိုတာ မရှိပါ'

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊

သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊

န နော သမံ အတ္ထိ တထာဂတေန၊

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဒီလူ့လောကမှာရော၊ ဟိုအောက်ပြည်က နဂါး၊ ဂဠုန်ဘုံမှာရော၊ နတ်ဘုံ ဗြဟ္မာ့ဘုံတွေမှာပါ မွန်မြတ်တဲ့ ရတနာတွေရှိကြပါတယ်။ ဘုရားရှင်နဲ့တူတဲ့ ရတနာဆိုတာ လောကမှာ မရှိပါ။ ဒီဘုရားရတနာဟာလည်း အမြတ်ဆုံးရတနာဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။

အဲဒီလို တစ်စိတ်တစ်ဒေသအားဖြင့် ဘုရားဂုဏ်တော်တွေကိုလည်း ရေးပြီး ချီးမွမ်းလိုလို့ တရားဂုဏ်တော် ၆ ပါးနဲ့ ဗောဓိပက္ခိယတရား ၃၇ ပါးတွေ ရေးပါတယ်။ 'ဘုရားရှင် ဟောခဲ့တဲ့တရားဆိုတာ

www.dhammaransi.com



ဒီလို ဒီလိုပါ’လို့ ဗောဓိပက္ခိယတရား ၃၇ ပါးကို တစ်စိတ်တစ်ဒေသ အားဖြင့် ရေးပြီး အောက်ပါဂါထာကို ရေးလိုက်ပါတယ်။

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကညမာဟု၊
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြတ်စွာဘုရားက အရဟတ္တမဂ်သမာဓိကို ချီးမွမ်းတော်မူတယ်၊ အဲဒီသမာဓိကို စင်ကြယ်တယ်။ အခြားမဲ့မှာ ဖိုလ်အကျိုးကို ပေးတယ်လို့ ဆိုကြပါတယ်။ အဲဒီအရဟတ္တမဂ်သမာဓိနဲ့တူတဲ့ သမာဓိဆိုတာ မရှိပါ။ ဒီတရားရတနာဟာလည်း အမြတ်ဆုံးရတနာ ဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။

အဲဒီလို တစ်စိတ်တစ်ဒေသအားဖြင့် တရားဂုဏ်တော်တွေကို ရေးပြီး တတိယဖြစ်တဲ့ သံဃရတနာကို ချီးမွမ်းလိုလို့ သံဃဂုဏ်တော် ၉ ပါးကို ရေးသားဖော်ပြပါတယ်။ ‘အမျိုးကောင်းသားတွေဆိုတာ ဘုရားရှင်ရဲ့ တရားစကားကို ကြားနာရပြီး ဒီလိုတောထွက်ကာ ရှင်၊ ရဟန်း ပြုကြတယ်။ တချို့က မင်းထီးဖြူကိုစွန့်ပြီး ရှင် ရဟန်းပြုကြတယ်။ တချို့က အိမ်ရှေ့မင်းအဖြစ်ကို၊ တချို့က စစ်သူကြီးရာထူး စသည်တွေကို ပယ်စွန့်ပြီး ရှင်ရဟန်းပြုကြတယ်။ ရှင်ရဟန်းပြုပြီးတော့လည်း ဒီအကျင့်ကိုလည်း ဖြည့်ကျင့်ကြတယ်လို့ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလစသည်တွေကို တစ်စိတ်တစ်ဒေသအားဖြင့် ရေးကာ ဒွါရ ၆ ပါးမှာ စောင့်စည်းမှု၊ သတိသမ္ပဇဉ်၊ ပစ္စည်းလေးပါးမှာ ရောင့်ရဲမှု၊ ကျောင်း ၉ မျိုး၊ နီဝရဏတွေကို ပယ်မှု၊ ပရိကံ၊ ဈာန်အဘိညာဉ်၊ ကမ္မဋ္ဌာန်း ၃၈ တွေကို အရဟတ္တဖိုလ်တိုင်အောင် တစ်စိတ်တစ်ဒေသ

www.dhammaransi.com



အားဖြင့် ရေးတယ်။ ၁၆ မျိုးရှိ အာနာပါနဿတိကမ္မဋ္ဌာန်းကို အကျယ်အားဖြင့်ပဲ ရေးပြီး 'ဘုရားရှင်ရဲ့ တပည့်သံဃာဆိုတာ ဒီလိုဂုဏ်တွေနဲ့လည်း ပြည့်စုံတယ်'လို့ ရေးတယ်။

အောက်ပါဂါထာကိုလည်း ရေးလိုက်ပါတယ်။

ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

သူတော်ကောင်းတွေ အချီးမွမ်းခံရတဲ့ အရိယာပုဂ္ဂိုလ် ၈ ယောက်၊ အစုံအားဖြင့် ၄ စုံ ဆိုတဲ့ ဘုရားတပည့်တွေဟာ အလှူခံပုဂ္ဂိုလ်ကောင်းတွေ ဖြစ်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေအား လှူရတဲ့အလှူတွေဟာ အကျိုးကြီးကြပါတယ်။ ဒီအရိယာသံဃာဟာလည်း အမြတ်ဆုံးရတနာဖြစ်ပါတယ်။ ဒီမှန်ကန်တဲ့သစ္စာစကားကြောင့် သတ္တဝါတွေမှာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။

အဲဒီလို တစ်စိတ်တစ်ဒေသအားဖြင့် သံဃဂုဏ်တော်တွေကိုရေးပြီး 'ဘုရားရှင်ရဲ့ သာသနာဟာ ကောင်းစွာဟောကြားအပ်တဲ့ သာသနာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်တဲ့ သာသနာဖြစ်ပါတယ်။ ငါ့သူငယ်ချင်း ပုက္ကုသာတိမင်းဟာ စွမ်းနိုင်ရင် တောထွက်ပြီး ရဟန်းပြုပါ'လို့ စာရေးကာ ရွှေပြားကို လိပ်ခေါက်လိုက်ပါတယ်။ နူးညံ့တဲ့ ကမ္ဗလာနဲ့ ရစ်ပတ်ပြီး နံ့သာကြုတ်မှာ ထည့်တယ်။ နံ့သာနှစ်ကြုတ်ကို ရွှေကြုတ်မှာ၊ ရွှေကြုတ်ကို ငွေကြုတ်မှာ၊ ငွေကြုတ်ကို ပတ္တမြား ကြုတ်မှာ၊ ပတ္တမြားကြုတ်ကို သန္တာကြုတ်မှာ၊ သန္တာကြုတ်ကို ပတ္တမြား နီကြုတ်မှာ၊ ပတ္တမြားနီကြုတ်ကို ပတ္တမြားပြောက်ကြုတ်မှာ၊ ပတ္တမြား

www.dhammaransi.com



ပြောက်ကြုတ်ကို ဖလ်ကြုတ်မှာ၊ ဖလ်ကြုတ်ကို ဆင်စွယ်ကြုတ်မှာ၊ ဆင်စွယ်ကြုတ်ကို ရတနာဆယ်ပါး ခြယ်စီတဲ့ကြုတ်မှာ၊ ရတနာဆယ်ပါး ခြယ်စီတဲ့ကြုတ်ကို နီးကြုတ်မှာထည့်တယ်။ အဲဒီနီးကြုတ်ကို နံ့သာနှစ် သေတ္တာမှာ ထည့်တယ်။ တစ်ဖန် နံ့သာနှစ်သေတ္တာကို ရွှေသေတ္တာမှာ (ရှေးနည်းတူပဲ) ငွေသေတ္တာ၊ ပတ္တမြားသေတ္တာ၊ သန္တာသေတ္တာ၊ ပတ္တမြား နီသေတ္တာ၊ ပတ္တမြားပြောက်သေတ္တာ၊ ဖလ်သေတ္တာ၊ ဆင်စွယ်သေတ္တာ၊ ရတနာဆယ်ပါးခြယ်စီတဲ့ သေတ္တာ၊ နီးသေတ္တာတွေမှာ အဆင့်ဆင့် ထည့်တယ်။

အဲဒီနောက်မှ နီးသေတ္တာကို နံ့သာနှစ်ပခြုပ်မှာ ထည့်တယ်။ နံ့သာနှစ်ပခြုပ်ကို ရွှေပခြုပ်မှာ (ရှေးနည်းတူပဲ) ငွေပခြုပ်၊ ပတ္တမြား ပခြုပ်၊ သန္တာပခြုပ်၊ ပတ္တမြားပခြုပ်၊ ပတ္တမြားပြောက်ပခြုပ်၊ ဖလ်ပခြုပ်၊ ဆင်စွယ်ပခြုပ်၊ ရတနာဆယ်ပါးခြယ်စီတဲ့ ပခြုပ်၊ နီးပခြုပ် (ယွန်းပခြုပ်) တွေမှာ အဆင့်ဆင့်ထည့်ကာ အပြင်က ကမ္ဗလာအဝတ်နဲ့ ရစ်ပတ် တယ်။ မင်းတံဆိပ်နဲ့ ခတ်နှိပ်ပြီး အမတ်တွေကို အမိန့်ပေးတယ်။

'ငါ့ရဲ့အာဏာပြန့်နှံ့ရာအရပ်မှာ လမ်းကို တန်ဆာဆင်ခိုင်းကြ ပါ။ လမ်းက ၈ ဥသဘ ကျယ်ပြန့်ပါစေ။ ၄ ဥသဘအရပ်ဟာ သုတ်သင်အပ်ကာမျှ ဖြစ်ပါစေ။ အလယ်က ၄ ဥသဘအရပ်ကို မင်းရဲ့ အစွမ်းနဲ့ စီမံကြပါ။'

အဲဒီကနောက် မင်္ဂလာဆင်ကို တန်ဆာဆင်ခိုင်းပါတယ်။ အဲဒီ ဆင်ရဲ့အပေါ်မှာ ပလ္လင်ခင်းခိုင်းပါတယ်။ ထီးဖြူထောင်ခိုင်းပါတယ်။ မြို့လမ်းတွေကို ရေဖြန်း၊ တံမြက်လှည်း၊ တံခွန်ကုက္ကား မုလေးပွားတွေ စိုက်ထူခိုင်းတယ်။ ငှက်ပျောပင်တွေ၊ ရေပြည့်အိုးတွေ၊ နံ့သာ၊ အခိုးအထုံ၊ ပန်းစသည်တွေနဲ့ ကောင်းကောင်းတန်ဆာဆင်ခိုင်းတယ်။ 'မိမိ မိမိရဲ့ နယ်ပယ်အရပ်မှာ ဒီပိုပူဇော်မှုကို ပြုလုပ်ခိုင်းကြပါ'လို့ မြို့စားတွေထံ လျင်မြန်တဲ့တမန်တွေကို စေလွှတ်တယ်။ မင်းကြီးကိုယ်တိုင် တန်ဆာ

www.dhammaransi.com



အားလုံးနဲ့ တန်ဆာဆင်တယ်။ 'တီးမှုတ်စရာ တူရိယာမျိုးစုံ ဝန်းရံဆူညံ ဗိုလ်ပါအပေါင်း ရံပြီး လက်ဆောင်ကို ငါပို့မယ်'လို့ ဆိုကာ သူ့နယ်ပယ် အဆုံးအထိသွားကာ အမတ်အား အတွင်းစကားမှတ်နဲ့ မှာကြားလိုက်တယ်။

'ချစ်သား၊ ငါရဲ့သူငယ်ချင်း ပုက္ကုသာတိမင်းဟာ ဒီလက်ဆောင်ကို လက်ခံတဲ့အခါ မောင်းမတွေအလယ်မှာ လက်မခံဘဲ ပြာသာဒ်ပေါ်တက်ကာ လက်ခံပါ'

အဲဒီလိုသတင်းစကားကို ပေးကာ ပစ္စန္တရစ်အရပ်ကို ဘုရားရှင်ကြွတယ်လို့အောက်မေ့ပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ ပြန်လှည့်ခဲ့တယ်။ မြို့စားတွေက အဲဒီနည်းနဲ့ပဲ လမ်းကိုစီမံကာ လက်ဆောင်ကို သယ်ဆောင်ကြတယ်။ ပုက္ကုသာတိမင်းလည်း သူ့နိုင်ငံနယ်စပ်ကစပြီး အဲဒီနည်းနဲ့ပဲ လမ်းကိုစီမံကာ မြို့ကိုတန်ဆာဆင်ခိုင်းပြီး လက်ဆောင်ကို ခရီးဦးကြိုတယ်။ လက်ဆောင်က တက္ကသီလမြို့ကိုရောက်တဲ့အခါ ဥပုသ်နေ့မှာ ရောက်တယ်။ လက်ဆောင်ကိုယူပြီး သွားတဲ့အမတ်ကလည်း ဗိမ္ဗိသာရမင်း ပြောလိုက်တဲ့ သတင်းစကားကို ပုက္ကုသာတိမင်းအားပြောတယ်။ ပုက္ကုသာတိမင်းက အဲဒီသတင်းစကားကို ကြားရပြီး လက်ဆောင်နဲ့အတူ လာကြတဲ့သူတွေအတွက် ပြုလုပ်ဖွယ်ကိစ္စကို စီမံကာ လက်ဆောင်ကိုယူပြီး ပြာသာဒ်ပေါ် တက်သွားတယ်။ 'ဒီမှာ ဘယ်သူမှ မဝင်ပါစေနဲ့'လို့ ပြောပြီး တံခါးမှာ အစောင့်အရှောက်ထားတယ်။ ခြင်္သေ့ခံလေသာပြတင်းကို ဖွင့်တယ်။ လက်ဆောင်ကို မြင့်တဲ့နေရာမှာ ထားတယ်။ ကိုယ်တိုင်က နိမ့်ရာအရပ်မှာ ထိုင်တယ်။ တံဆိပ်ကိုဖျက်ပြီး အဝတ်ကိုခွာတယ်။ ယွန်းပခြုပ်ကစပြီး အစဉ်အတိုင်း ဖွင့်တဲ့အခါ နံ့သာနစ်ကြုတ်ကို မြင်တယ်။ ပြီးတော့ ကြံစည်တယ်။

'ဒီအဆောင်အယောင်က ကြီးကျယ်လှတယ်။ အခြားရတနာအတွက် အဆောင်အယောင်ဖြစ်မှာ မဟုတ်။ မဇ္ဈိမဒေသမှာ ကြားနာဖို့သင့်လျော်တဲ့ ရတနာဖြစ်လိမ့်မယ်။'

www.dhammaransi.com



အဲဒီကနောက် အဲဒီနံ့သာနှစ်ကြုတ်ကို ဖွင့်ပြီး မင်းတံဆိပ်ကို ဖျက်လိုက်တယ်။ နူးညံ့တဲ့ကမ္ဗလာကို အစွန်းနှစ်ဖက်မှကိုင်ကာ ဖြေကြည့်လိုက်တော့ ရွှေပြားကိုတွေ့ရတယ်။ ပုက္ကုသာတိမင်းက ရွှေပြားလိပ်ကို ဖြန့်ပြီး 'အက္ခရာတွေက မြတ်နိုးဖွယ်ကောင်းပါပေစွ၊ ဦးခေါင်းညီညာကြပါပေစွ၊ အစဉ်အတန်း ညီညာပါပေစွ။ ၄ ထောင့်ရှိကြပါပေစွ' လို့ အံ့ဩကာ အစကစပြီး ဖတ်ဖို့အားထုတ်တယ်။ ပုက္ကုသာတိမင်းဟာ ဘုရားဂုဏ်တော်တွေကို ဖတ်ရင်း အကြီးအကျယ်ဝမ်းသာတယ်။ မွေးညင်းတွင်းပေါင်း ၉၉၀၀၀ (ကိုးသောင်းကိုးထောင်) ဟာ အဖျားက အထက်ထောင်နေကြတယ်။ သူရပ်နေမှန်း၊ ထိုင်နေမှန်း မသိတော့။ အဲဒီကနောက် သူ့မှာ 'ငါဟာ ကမ္ဘာပေါင်းကုဋေတစ်သိန်းတွေနဲ့တောင်မှ ရခဲတဲ့ဒီသတင်းစကားကို သူငယ်ချင်းကို မှီပြီး ကြားခွင့်ရပေတယ်' လို့ အလွန်အကဲ အားကြီးတဲ့ပီတိ ဖြစ်ပေါ်နေတယ်။ မှန်တယ်၊ သူဟာ ဆက်မဖတ်နိုင်လို့ ပီတိအဟုန် ငြိမ်သက်သွားသည်အထိ ထိုင်ပြီး နောက်မှ တရားဂုဏ်တော်တွေကို ဖတ်ဖို့ကြိုးစားတယ်။

အဲဒီတရားရတနာမှာလည်း သူ့မှာ အဲဒီလိုပဲဖြစ်တယ်။ သူက တစ်ဖန်ပီတိအဟုန် ငြိမ်သက်သွားသည်အထိ ထိုင်ကာ နောက်မှ သံဃဂုဏ်တော်တွေကို ဖတ်ဖို့ကြိုးစားတယ်။ အဲဒီသံဃရတနာမှာလည်း သူ့မှာ အဲဒီလိုပဲဖြစ်တယ်။ အဲဒီကနောက် အားလုံးရဲ့အဆုံးမှာ အာနာပါနဿတိကမ္မဋ္ဌာန်းကို ဖတ်ပြီး ဈာန် ၄ ပါး၊ ဈာန် ၅ ပါး အပေါင်းကို ဖြစ်စေပါတယ်။ သူဟာ ဈာန်ချမ်းသာနဲ့ပဲ အချိန်ကုန်လွန်စေတယ်။ အခြား ဘယ်သူမှ ဖူးခွင့်မရ။ အလုပ်အကျွေးငယ်တစ်ယောက်ပဲ ဝင်တယ်။ အဲဒီလိုနဲ့ ၁၅ ရက်လောက် အချိန်ကိုကုန်လွန်စေတယ်။

မြို့သူမြို့သားတွေက မင်းရင်ပြင်မှာ စုဝေးပြီး အောက်ပါအတိုင်း ကြွေးကြော်တယ်။

'လက်ဆောင်ကို လက်ခံပြီးတဲ့နေ့ကစပြီး မင်းမှာ စစ်သည်ဗိုလ်

www.dhammaransi.com



ပါတွေကိုလည်း မကြည့်ရှုတော့၊ ကချေသည်တွေကိုလည်း မကြည့်ရှုတော့၊ တရားအဆုံးအဖြတ်လည်း မပေးတော့။ မင်းဟာ သူငယ်ချင်းပို့လိုက်တဲ့လက်ဆောင်ကို ပြလိုသူအား ပြပါစေ၊ မင်းတွေဆိုတာ အချို့အား လက်ဆောင်အစွမ်းနဲ့လည်း ဖြားယောင်းပြီး နိုင်ငံကို ကိုယ့်နိုင်ငံလုပ်ဖို့ ကြိုးစားကြပါတယ်။ ငါတို့ရဲ့မင်းက ဘာကိုလုပ်နေတာလဲ'

မင်းက အဲဒီကြွေးကြော်အော်ဟစ်သံကို ကြားရပြီး 'ငါဟာ နိုင်ငံကိုပဲ ဆောင်ထားရမလား၊ ဒါမှမဟုတ် ဘုရားရှင်ကိုပဲ ဆောင်ထားရမလား'လို့ ကြံတယ်။ အဲဒီအခါ သူ့မှာ ဒီလိုအကြံဖြစ်တယ်။

'မင်းလုပ်ခဲ့ရတဲ့ဘဝကို သချ်ာတတ်သူ၊ သချ်ာတတ်တဲ့အမတ်ကြီးက မရေတွက်နိုင်၊ ဘုရားအဆုံးအမကို ဆောင်ထားမယ်။'

အိပ်ရာပေါ်ထားတဲ့ သံလျက်ကိုယူကာ ဆံပင်တွေကိုဖြတ်ပြီး ခြင်္သေ့ခံလေသာပြတင်းကို ဖွင့်လိုက်တယ်။ 'သင်တို့ဟာ ဒီဆံပင်အပေါင်းကို ယူကာ မင်းလုပ်ကြလော့'လို့ ပြောပြီး ပတ္တမြားဥဿျောင်နဲ့တကွ ဆံထုံးကို ပရိသတ်အလယ်မှာ ပစ်ချလိုက်တယ်။ လူအများက အဲဒီ ဥဿျောင်နဲ့တကွ ဆံထုံးကို မြှောက်ချီပြီး 'အရှင်မင်း၊ သူငယ်ချင်းထံက လက်ဆောင်ရတဲ့မင်းတွေဆိုတာ အရှင်မင်းလိုပဲ ဖြစ်ကြပါသလား'လို့ တစ်ပြိုင်နက်တည်းပဲ အော်ဟစ်ကြတယ်။ မင်းမှာလည်း လက် ၂ သစ်လောက် ဆံမုတ်ဆိတ်ရှိတယ်။ ဘုရားလောင်းရဲ့ ရဟန်းပြုပုံနဲ့ တူနေပါသတဲ့။

အဲဒီကနောက် အလုပ်အကျွေးငယ်ကို စေလွှတ်ပြီး ဈေးတွင်းက ဖန်ရည်ဆိုးထားတဲ့ အဝတ် ၂ ထည်နဲ့ မြေသပိတ်ကို ဆောင်ယူခိုင်းကာ 'လောကမှာရှိတဲ့ ရဟန္တာတွေကို ရည်စူးပြီး ငါရဟန်းလုပ်တယ်'လို့ ဘုရားရှင်ကို ရည်စူးကာ သင်္ကန်းတစ်ထည်ကို ခါးမှာဝတ်၊ တစ်ထည်ကို ကိုယ်မှာရုံကာ သပိတ်ကို လက်ဝဲပခုံးအစွန်မှာထားကာ တောင်ဝှေးကို ယူတယ်။ 'ငါ့ ရဟန်းအဖြစ်ဟာ တင့်တယ်သလား၊ မတင့်တယ်ဘူး

www.dhammaransi.com



လား'လို့ နန်းပြာသာဒ်အပြင်မှာ နှစ်ခေါက်၊ သုံးခေါက် စကြံလျှောက်ပြီး 'ငါ့ရဟန်းအဖြစ်ဟာ တင့်တယ်တယ်'လို့ သိကာ တံခါးကိုဖွင့်ပြီး ပြာသာဒ်မှဆင်းတယ်။ ဆင်းလာတဲ့ ပုဏ္ဏသောတိမင်းကို တံခါးသုံးထပ်တွေမှာ ရပ်တည်နေတဲ့ ကချေသည်စသူတို့က မြင်ပေမယ့်လည်း မမှတ်မိကြ။ 'ပစ္စေကဗုဒ္ဓါတစ်ပါးက ငါတို့ရဲ့မင်းအား တရားစကား ဟောကြားဖို့ရာ လာတယ်'လို့ ကြံစည်ကြသတဲ့။

ပြာသာဒ်ပေါ်တက်ပြီး မင်းရဲ့ရပ်ရာ၊ ထိုင်ရာနေရာတွေကို မြင်ရကာ 'မင်းဟာ သွားပြီ'လို့ သိသွားကြတယ်။ သမုဒ္ဒရာအလယ်မှာ နှစ်မြုပ်နေတဲ့လှေက လူအများလို ဟစ်ပြိုင်နက်ပဲ အော်ဟစ်ကြတယ်။ မြေပြင်ပေါ် သက်ဆင်းကာမျှဖြစ်တဲ့ ပုဏ္ဏသောတိအမျိုးကောင်းသားကို မြို့သူမြို့သားအားလုံးရော စစ်တပ်အပေါင်းကပါ ဝိုင်းရံပြီး အကြီးအကျယ် အော်ဟစ်ကြတယ်။ အမတ်တွေကလည်း ပုဏ္ဏသောတိမင်းကို ဒီလိုပြောကြပါတယ်။

'အရှင်မင်း၊ မဇ္ဈိမဒေသက မင်းတွေဆိုတာ မာယာများကြပါတယ်။ သတင်းစကားကို ပို့ပြီး ဘုရားရတနာဆိုတာ လောကမှာ ပွင့်သလား၊ မပွင့်ဘူးလားလို့သိကာ သွားကြပါ။ အရှင်မင်း၊ ပြန်လှည့်ပါ'

'ငါဟာ ငါ့သူငယ်ချင်း ဗိမ္ဗိသာရမင်းရဲ့စကားကို ယုံကြည်တယ်။ သူ့မှာ ငါနဲ့အတူ စကား ၂ ခွဆိုတာ မရှိပါ။ သင်တို့ ရပ်တန့်ကြပါ'

အဲဒီအမတ်တွေက နောက်ကလိုက်သွားကြတာပါပဲ။ အမျိုးကောင်းသား ပုဏ္ဏသောတိမင်းဟာ တောင်ဝှေးနဲ့ အရေးအကြောင်းကို ပြုလုပ်ပြီး 'ဒီနိုင်ငံက ဘယ်သူ့ရဲ့နိုင်ငံလဲ'လို့ မေးတယ်။

'အရှင်မင်း၊ အရှင်မင်းရဲ့နိုင်ငံပါ'

'ဒီအရေးအကြောင်းကို ပျက်စီးအောင်ပြုလုပ်သူကို မင်းအာဏာနဲ့ ဆုံးဖြတ်ရမယ်'

www.dhammaransi.com



မဟာဇနကဇာတ်မှာ ဘုရားလောင်း မြေမှာရေးထားတဲ့ အရေးအကြောင်းကို သီဝလိဒေဝီမိဖုရားက ပျက်အောင်မလုပ်ဝံ့လို့ မြေမှာ လူးလိမ့်ကာ (ဥပါယ်တံမျဉ်နဲ့ အရေးအကြောင်းကို ပျက်အောင်လုပ်ကာ) မင်းကြီးနောက်ကို လိုက်သွားတယ်။ အဲဒီသီဝလိဒေဝီမိဖုရား လိုက်ပါသွားတဲ့ (အရေးအကြောင်းပျက်နေတဲ့) လမ်းနဲ့ပဲ လူအများဟာ လိုက်သွားပါတယ်။ ဒီပုက္ကုသာတိမင်း ရေးသားထားတဲ့ အရေးအကြောင်းကို တော့ လူအများက ပျက်အောင်မလုပ်ဝံ့ပါ။ အဲဒီအရေးအကြောင်းကို ဦးခေါင်းပြုကာ လူးလိမ့်ကာ အော်ဟစ်ငိုကြွေးကြပါတယ်။ အမျိုးကောင်းသား ပုက္ကုသာတိမင်းကတော့ 'ဒီလူဟာ ငါသွားရာနေရာမှာ ဒန်ပူ၊ မျက်နှာသစ်ရေကို ပေးလိမ့်မယ်'လို့ ရည်ရွယ်ကာ အောက်ထစ်ဆုံး အားဖြင့် ကျွန်တစ်ယောက်ကိုတောင် မခေါ်ယူဘဲ ဖဲသွားတယ်။ သူ့မှာ ဒီလိုအကြံဖြစ်ပါသတဲ့။

'ငါ့ဆရာဘုရားလည်း မြတ်သောတောထွက်ခြင်း ပြုလုပ်တဲ့အခါ တစ်ယောက်တည်းပဲ ရဟန်းဝတ်သွားတယ်'

အဲဒီလိုတွေးတောကာ ပုက္ကုသာတိမင်းဟာ တစ်ယောက်တည်းပဲ သွားပါတယ်။ 'ဘုရားရှင်အား ငါရုက်တယ်'လို့ရော၊ 'ငါ့ဆရာဘုရားက ရဟန်းပြုပြီး ယာဉ်ကိုမတက်စီး'လိုပါ တွေးကာ အောက်ထစ်ဆုံး အားဖြင့် တစ်ထပ်တစ်လွှာရှိ ဖိနပ်ကိုတောင် မစီး။ သစ်ရွက်ထီးကို တောင် မဆောင်း၊ လူအများက သစ်ပင်၊ တံတိုင်း၊ ပြအိုးစသည်တွေပေါ် တက်ပြီး 'ငါတို့ရဲ့ပုက္ကုသာတိမင်းဟာ သွားတယ်'လို့ ကြည့်ကြတယ်။ အမျိုးကောင်းသား ပုက္ကုသာတိမင်းက 'အဝေးကိုသွားထိုက်တယ်၊ တစ်ယောက်တည်း လမ်းကို ခရီးပေါက်အောင် မတတ်နိုင်'လို့ တွေးပြီး လှည်းကုန်သည်တစ်စုနောက်ကို လိုက်တယ်။ နူးညံ့တဲ့ အမျိုးကောင်း သား ပုက္ကုသာတိဟာ ကြမ်းတမ်းပူလောင်တဲ့ မြေကြီးပေါ် သွားတဲ့အခါ ခြေအပြင်တွေမှာ အနာအဖုတွေ ထွက်ပေါ်လာကာ ပေါက်ကွဲကြတယ်။

www.dhammaransi.com



ဒုက္ခဝေဒနာတွေ ဖြစ်တယ်။ ကုန်သည်တွေ သစ်ခက်တဲနန်းဖွဲ့ပြီး ထိုင်နေတဲ့အခါ ပုက္ကုသာတိမင်းက လမ်းပေါ်ကဖဲခွာပြီး သစ်ပင်တစ်ပင် အောက်မှာ ထိုင်နေတယ်။ ထိုင်ရာနေရာမှာ ခြေထောက်၊ ကျောကုန်း တွေမှာ ဆုပ်နယ်ကာ ပြုစုသူဆိုတာ မရှိပါ။ ပုက္ကုသာတိမင်းဟာ အာနာပါနစတုတ္ထဈာန်ကို ဝင်စားပြီး ခရီးလမ်းပင်ပန်းနွမ်းနယ်မှုကို ပယ်ခွာကာ ဈာန်အပျော်နဲ့ အချိန်ကုန်လွန်စေပါတယ်။

နောက်တစ်နေ့မှာ အရုဏ်တက်တဲ့အခါ ကိုယ်လက်သုတ်သင် ပြီး နောက်ထပ်ကုန်သည်တွေနောက်က လိုက်ပါတယ်။ နံနက်စာအခါ မှာ ပုက္ကုသာတိရဲ့ သပိတ်ကိုယူပြီး ခဲဖွယ် စားဖွယ်ကို သပိတ်မှာ ထည့်ကာ လှူကြတယ်။ အဲဒီဆွမ်းက မနပ်တာလည်းရှိတယ်၊ ပျော့ တာလည်း ရှိတယ်။ ကျောက်စရစ်ခဲဆတ္တူပါတာလည်း ရှိတယ်၊ ဆား မပါတာလည်း ရှိတယ်၊ ဆားအလွန်ပါတာလည်း ရှိတယ်။ ပုက္ကုသာတိ က အစာဝင်ရာနေရာကို ဆင်ခြင်ပြီး အမြိုက်သြဇာလို သုံးဆောင်ကာ အဲဒီနည်းနဲ့ ၁၉၂ ယူဇနာတို့တိုင်အောင် သွားခဲ့တယ်။ ဇေတဝန်တံခါး မုခ်အနီးက သွားပေမယ့်လည်း 'ဘုရားရှင်ဟာ ဘယ်မှာနေသလဲ'လို့ မမေးမိ။ အကြောင်းကတော့ ဘုရားအပေါ် ရှိသေတာကြောင့်ရော၊ ဗိမ္ဗိသာရမင်း ပို့လိုက်တဲ့ သတင်းစကားအစွမ်းကြောင့်ရောပါပဲ။ မှန် တယ်၊ ဗိမ္ဗိသာမင်းက ဘုရားရှင်ကို ရာဇဂြိုဟ်မှာပွင့်သလိုလုပ်ကာ သတင်းစကားကို ပို့လွှတ်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားရှင်ကို မမေးမိ ဘဲသာ ၄၅ ယူဇနာလောက်ရှိတဲ့ ခရီးကို လွန်ခဲ့ပါတယ်။ ပုက္ကုသာတိ က နေဝင်တဲ့အခါ ရာဇဂြိုဟ်မြို့ကို ရောက်ပြီးမှ 'ဘုရားရှင်ဟာ ဘယ် မှာ နေသလဲ'လို့ မေးတယ်။

'အရှင်ဘုရား၊ ဘယ်ကကြွလာခဲ့ပါသလဲ'

'ဒီရာဇဂြိုဟ်ရဲ့မြောက်အရပ်က လာခဲ့ပါတယ်'

'ဘုရားရှင်ဟာ အရှင်ဘုရားလာခဲ့တဲ့လမ်းက ဒီကနေ ၄၅

www.dhammaransi.com



ယူဇနာလောက်ဝေးတဲ့ အရပ်မှာ သာဝတ္ထိမြို့ဆိုတာ ရှိပါတယ်။ အဲဒီ အရပ်မှာ သီတင်းသုံးပါတယ်'

ပုက္ကုသာတိက ကြံစည်တယ်။

'အခု အချိန်မဟုတ်သေးဘူး၊ သွားဖို့မဖြစ်နိုင်ဘူး။ ဒီနေ့ ဒီနေရာမှာပဲ နေပြီး နက်ဖြန်မှ ဘုရားထံသွားမယ်'

အဲဒီကနောက် မေးတယ်။

'အချိန်မဲ့မှာ ရောက်လာတဲ့ရဟန်းတွေ ဘယ်မှာနေကြပါသလဲ'

'ဒီအိုးထိန်းသည်ဇရပ်မှာပဲ ဘုရား'

အဲဒီကနောက် ပုက္ကုသာတိဟာ အဲဒီအိုးထိန်းသည်ကို တောင်းဆိုပြီး အဲဒီနေရာမှာနေဖို့ ဝင်ကာထိုင်တယ်။ ဘုရားရှင်ကလည်း အဲဒီနေ့ နံနက်မိုးသောက်မှာ လောကကိုကြည့်တော်မူတဲ့အခါ ပုက္ကုသာတိကို မြင်ပြီး ဒီလိုကြံတယ်။

'ဒီအမျိုးကောင်းသားဟာ သူငယ်ချင်းက ပို့လိုက်တဲ့ သတင်းစကားမျှကိုဖတ်ပြီး ယူဇနာ ၃၀၀ ကျော်ရှိ နိုင်ငံကြီးကို ပယ်စွန့်ကာ ငါ့ကိုရည်ရွယ်ကာ ရဟန်းဝတ်ပြီး ယူဇနာ ၁၉၂ ယူဇနာကို ကျော်လွန်ကာ ရာဇဂြိုဟ်မြို့ကို ရောက်လိမ့်မယ်။ ငါဘုရား မသွားရင်တော့ ဖိုလ် ၃ ဖိုလ်ကို ထိုးထွင်းမသိဘဲ တစ်ညနေကာ ကိုးကွယ်ရာမဲ့ သေလိမ့်မယ်။ ငါသွားရင်တော့ ဖိုလ် ၃ ဖိုလ်ကို ထိုးထွင်းသိလိမ့်မယ်။ လူတွေကို ချီးမြှောက်ဖို့ပဲ ငါဟာ ၄ အသင်္ချေကမ္ဘာတစ်သိန်းကာလ ပတ်လုံး ပါရမီတွေ ဖြည့်ကျင့်ခဲ့တယ်။ သူ့ကို ငါချီးမြှောက်မယ်'

အဲဒီလို ကြံပြီးနောက် နံနက်စောစောပဲ ကိုယ်လက်သုတ်သင်ကာ ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိမြို့ထဲ ဆွမ်းခံလှည့်လည်တယ်။ ဆွမ်းခံရာမှပြန်လာပြီး ဂန္ဓကုဋီကျောင်းကိုဝင်ကာ တစ်ခဏမျှ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုကို ဖြေဖျောက်တယ်။ 'အမျိုးကောင်းသားဟာ ငါ့အပေါ် ရှိသေလို့ လုပ်နိုင်ခဲတာကို လုပ်ခဲ့တယ်။ ယူဇနာ ၃၀၀

www.dhammaransi.com



ကျော်ရှိ နိုင်ငံကို ပယ်စွန့်ပြီး အောက်ထစ်ဆုံးအားဖြင့် မျက်နှာသစ်ရေပေးမယ့် ကျွန်ကိုတောင် မခေါ်ဘဲသာ တစ်ယောက်တည်း ထွက်လာတယ်’လို့ သာရိပုတ္တရာ၊ မဟာမောဂ္ဂလ္လာန်စတဲ့တပည့်တွေထဲက ဘယ်သူ့ကိုမှ မပန်ကြားဘဲ ကိုယ်တိုင်ပဲ ကိုယ့်သပိတ်၊ သင်္ကန်းကို ယူကာ တစ်ပါးတည်းပဲ ထွက်လာတယ်။ ကြွသွားတော့လည်း ကောင်းကင်မှာ မပျံတက်၊ မြေကြီးကို မချုံ၊ ‘အမျိုးကောင်းသားဟာ ငါ့ကို ရှက်ပြီး ဆင်၊ မြင်း၊ ရထား၊ ရွှေထမ်းစင်စတာတွေထဲက တစ်ယာဉ်ပေါ်တောင် မထိုင်ဘဲ၊ အောက်ထစ်ဆုံးအားဖြင့် တစ်လွှာရှိဖိနပ်ကိုတောင် မတက်စီးဘဲ၊ သစ်ရွက်ထီးကိုတောင် မယူဘဲ ထွက်ခဲ့တယ်။ ငါဘုရားလည်း ခြေကျင်ပဲ သွားသင့်တယ်’လို့ ကြံကာ ခြေကျင်ပဲသွားခဲ့တယ်။

ဘုရားရှင်ဟာ ၈၀ သော လက္ခဏာတော်ငယ်တွေ၊ ကိုယ်တော်အရောင် ၃၂ ပါးသော လက္ခဏာတော်ကြီးဆိုတဲ့ ဘုရားအသရေတော်ကို ဖုံးလွှမ်းကာ တိမ်လွှမ်းတဲ့လပြည့်ဝန်းပမာ မထင်မရှားရဟန်းအသွင်နဲ့ ကြွတဲ့အခါ တစ်မွန်းတည့်နဲ့ပဲ ၄၅ ယူဇနာတွေကို ကျော်လွန်သွားတယ်။ နေဝင်ချိန်မှာ ပုဏ္ဏသာတိ ဝင်ပြီးခါမျှမှာပဲ အဲဒီအိုးထိန်းသည်ရဲ့ ဇရပ်ကို ရောက်ပါတယ်။ ရောက်ပြီးတော့လည်း ဘုရားရှင်က ‘ငါဟာ သဗ္ဗညုတဘုရားပဲ’ လို့ အနိုင်အထက်ပြုကာ အိုးထိန်းသည်တဲကုပ်အတွင်းသို့ ဝင်တော်မမူဘဲ တဲကုပ်အဝမှာ ရပ်တည်တော်မူလျက်သာ ‘အို ရဟန်း၊ သင့်မှာ ဝန်မလေးရင် ငါဟာ ဒီတဲကုပ်မှာ တစ်ညတာမျှ နေထိုင်လိုပါတယ်’လို့ အခွင့်စကားမိန့်တယ်။ ပုဏ္ဏသာတိက ဘုရားရှင်ကို သာမန်ရဟန်းတစ်ပါးပဲလို့ ထင်မှတ်ကာ ‘ငါ့ရှင်၊ ဒီအိုးထိန်းသည်တဲဟာ ဆိတ်လည်း ဆိတ်ငြိမ်ပါတယ်။ ကျဉ်းလည်း မကျဉ်းမြောင်းပါ၊ အရှင်မြတ်က အလိုရှိတိုင်း ချမ်းသာစွာနေတော်မူပါ’လို့ ခွင့်ပြုပါတယ်။

အလွန်သိမ်မွေ့နူးညံ့တဲ့ ဘုရားရှင်ဟာ နတ်ဗိမာန်နဲ့တူတဲ့ ဂန္ဓကုဋီကျောင်းတော်ကို ပယ်စွန့်ကာ နေရာအနံ့ ပြာတွေနဲ့ရောကာ

www.dhammaransi.com



အိုးကွဲတွေ၊ မြက်တွေ၊ ကောက်ရိုးတွေ၊ ကြက်ချေး၊ ဝက်ချေးစတာတွေနဲ့ ညစ်ပေနေပြီး အမှိုက်ပုံနဲ့တူတဲ့ အိုးထိန်းသည့်တဲကုပ်မှာ မြက်အခင်းကို ခင်းပါတယ်။ ပံ့သုကူသင်္ကန်းကို ခင်းပြီး နတ်ဗိမာန်နဲ့တူပြီး နတ်နံ့သာတွေနဲ့ ကြိုင်လှိုင်နေတဲ့ ဂန္ဓကုဋိကျောင်းထဲဝင်ကာ ထိုင်သလို ထိုင်ပါတယ်။ ဘုရားရှင်နဲ့ ပုက္ကုသာတိမင်းတို့ဟာ မင်းမျိုးမင်းနွယ်ဖြစ်တာချင်း၊ ရွှေဆုတောင်း ကုသိုလ်ကောင်းမှုအထူးနဲ့ ပြည့်စုံတာချင်း၊ မင်းအဖြစ်ကို စွန့်ပြီး ရဟန်းပြုတာချင်း၊ ရွှေအဆင်းလို အဆင်းရှိတာချင်း၊ သမာပတ်ရတာချင်း တူကြပြီး အိုးထိန်းသည်ဇရပ်ကို ဝင်ကာ ထိုင်နေကြလို့ အိုးထိန်းသည်ဇရပ်ဟာ အဲဒီပုဂ္ဂိုလ်နှစ်ဦးနဲ့ အလွန်အကဲပဲ တင့်တယ်နေပါတယ်။ သူတို့နှစ်ဦးမှာ ဘုရားရှင်က 'ငါဟာ အလွန်သိမ်မွေ့နူးညံ့သူဖြစ်လျက် နေ့တစ်ဝက်လွှဲနဲ့ ၄၅ ယူဇနာ လာခဲ့ရတယ်။ တစ်ခဏမျှ လက်ယာဘက်စောင်းလဲလျောင်းကာ ခရီးပင်ပန်းမှုကို ငြိမ်းစေမယ်' လို့ စိတ်တောင်မဖြစ်ဘဲ ထိုင်လျက်သာ ဖလသမာပတ်ကို ဝင်စားပါတယ်။ ပုက္ကုသာတိကလည်း 'ငါဟာ ၁၉၂ ယူဇနာခရီးကို လာခဲ့ရတယ်။ တစ်ခဏမျှ လဲလျောင်းပြီး ခရီးပင်ပန်းမှုကို ပယ်ဖျောက်မယ်' လို့ စိတ်တောင်မဖြစ်ဘဲ ထိုင်လျက်သာ အာနာပါနစတုတ္ထဈာန်ကို ဝင်စားပါတယ်။

ဘုရားရှင်က ဖလသမာပတ်မှထပြီး ရွှေဗိမာန်မှထပြီး ရွှေဗိမာန်မှာ ပတ္တမြားခြသေ့ံခံ လေသာပြတင်းကို ဖွင့်သလို အကြည်ဓာတ် ၅ မျိုးနဲ့ တန်ဆာဆင်ထားတဲ့ မျက်စိတွေကိုဖွင့်ကာ ကြည့်တယ်။ လက်လှုပ်၊ ခြေလှုပ်၊ ဦးခေါင်းလှုပ်တာကင်းပြီး ကောင်းစွာစိုက်ထားတဲ့ တံခါးတိုင်လို မလှုပ်ဘဲ၊ မလျှပ်ပေါ် မလော်လည်ဘဲ ရွှေဆင်းတုပမာ ထိုင်နေတဲ့ ပုက္ကုသာတိကိုမြင်ပြီး ဘုရားရှင်မှာ 'ဒီအမျိုးကောင်းသားဟာ ကြည်ညိုဖွယ် ဣရိယာပုထ်ကို ဖြစ်စေတယ်။ ငါက စကားစပြီး မေးရရင် ကောင်းလေစွ'လို့ အကြံဖြစ်တယ်။ အကြံဖြစ်ပြီး ဘုရားရှင်က ပုက္ကုသာတိကို မေးတယ်။

www.dhammaransi.com



'ရဟန်း၊ သင်ဟာ ဘယ်သူ့ကိုရည်မှန်းပြီး ရဟန်းပြုခဲ့ပါသလဲ။ ဘယ်သူက သင်ရဲ့ဆရာဖြစ်သလဲ။ ဘယ်သူ့ရဲ့တရားကို သင်နှစ်သက်သလဲ'

အဲဒီအခါ ပုက္ကုသာတိက ဘုရားရှင်ကိုရည်မှန်းပြီး ရဟန်းပြုခဲ့ကြောင်းစသည်ဖြင့် ဖြေတယ်။

ဗုဒ္ဓ။ ။ ရဟန်း၊ အခု အဲဒီဘုရားရှင်က ဘယ်အရပ်မှာ သီတင်းသုံးနေသလဲ။

ပုက္ကုသာတိ။ ။ ငါ့ရှင်၊ ဥတ္တရတိုင်း ဇနပုဒ်က သာဝတ္ထိမြို့မှာပါ။

ဗုဒ္ဓ။ ။ ရဟန်း၊ သင်ဟာ အဲဒီဘုရားရှင်ကို မြင်ဖူးပါသလား၊ မြင်ရင်ကော သိပါမလား။

ပုက္ကုသာတိ။ ။ ငါ့ရှင် ငါဟာ မမြင်ဖူးပါ၊ မြင်ရင်လည်း သိမှာမဟုတ်ပါ။

အဲဒီအခါ ပုက္ကုသာတိရဲ့ ခရီးပင်ပန်းမှု ပြေငြိမ်းသွားတာကို သိပြီး ဘုရားရှင်က 'ဒီအမျိုးကောင်းသားဟာ ငါဘုရားကို ရည်မှန်းပြီး ရဟန်းပြုခဲ့တယ်။ သူ့ကို ငါတရားဟောရရင် ကောင်းလေစွ'လို့ ကြံကာ ပုက္ကုသာတိကို မိန့်တယ်။

'ရဟန်း၊ သင့်အား ငါတရားဟောမယ်။ အဲဒီတရားကို နာပါ။ ကောင်းစွာနှလုံးသွင်းပါ၊ အကျယ်ဟောပြမယ်'

အဲဒီအချိန်အထိ ပုက္ကုသာတိက ဘုရားမှန်း မသိသေးပါ။ ပုက္ကုသာတိဟာ သူငယ်ချင်း ဗိမ္ဗိသာရမင်းက ပို့လိုက်တဲ့ သတင်းစကားမျှကို ဖတ်ပြီး မင်းအဖြစ်ကို ပယ်စွန့်ကာ ရဟန်းပြုခဲ့လို့ 'ဘုရားရှင်ရဲ့ ချိုမြိန်တဲ့ တရားဒေသနာကို နာခွင့် ငါရမယ်'လို့ မျှော်လင့်ကာ ရဟန်းပြုခဲ့တယ်။ ရဟန်းပြုပြီး ဒီလောက်ခရီးကို လာခဲ့ရာ 'ရဟန်း၊ သင့်အား တရားဟောမယ်'ဆိုတဲ့စကားကို ဘယ်မှာ ရိုရိုသေသေ မနာဘဲ ရှိမလဲ။ မှန်တယ်၊ သူဟာ ရေအလွန်ဆာလောင်နေတဲ့သူလို၊ ရေအလွန်ဆာနေတဲ့

www.dhammaransi.com



ဆင်လိုပါပဲ။ ဒါကြောင့် ရိုသေစွာနာယူဖို့ 'ကောင်းပါပြီ ငါ့ရှင်'လို့ ပြောလိုက်ပါတယ်။ ဘုရားရှင်က ပုက္ကုသာတိအား ဓာတ်တွေကို အကျဉ်း အကျယ် ဝေဖန်ဟောပြပါတယ်။ ပုက္ကုသာတိဟာ အနာဂါမ် ဖြစ်သွားပါတယ်။ ပုက္ကုသာတိက ငါ့ရှင်လို့ ဘုရားရှင်ကို ခေါ်ဝေါ် သုံးစွဲမိလို့ တောင်းပန်တယ်။ ရဟန်းပြုပေးဖို့ လျှောက်တယ်။ သပိတ်၊ သင်္ကန်း မပြည့်စုံသေးလို့ ဘုရားရှင်ကို ရှိခိုးကာ နေရာမှထသွားတယ်။ သပိတ်၊ သင်္ကန်းရှာဖို့ ဖဲသွားချိန်ဟာ အရုဏ်တက်ပြီးစအချိန် ဖြစ်ပါ တယ်။

ဘုရားရှင်ရဲ့ တရားပြီးဆုံးမှု၊ အရုဏ်တက်မှု၊ ရောင်ခြည်တော် ၆ သွယ် လွှတ်မှုတွေဟာ တစ်ပြိုင်နက်ဖြစ်ကြပါတယ်။

ဘုရားရှင်ဟာ တရားပြီးဆုံးချင်းပဲ ရောင်ခြည်တော် ၆ သွယ်ကို လွှတ်လိုက်တယ်။ အိုးထိန်းသည်တဲကုပ်တစ်ခုလုံးဟာ ထိန်ထိန်လင်းနေ တယ်။ ရောင်ခြည် ၆ သွယ်ဟာ အပေါင်းလိုက်၊ အစုလိုက်ဖြစ်ကာ ပြေးသွားကြတယ်။ အရပ်မျက်နှာအားလုံးကို ရွှေလွှာပုဆိုးနဲ့ ဖုံးမိုးထား သလိုရော၊ ပန်းပေါင်းအမျိုးမျိုး၊ ရတနာပေါင်းအမျိုးမျိုးနဲ့ တောက်ပြောင် နေသလိုပါ ပြုလုပ်ကြတယ်။ ဘုရားရှင်ဟာ 'မြို့သူမြို့သားတွေဟာ ငါ့ကို မြင်ကြစေသတည်း' လို့ အဓိဋ္ဌာန်လိုက်တယ်။ မြို့သူမြို့သားတွေ က ဘုရားရှင်ကို မြင်ပြီးချင်းပဲ 'ဘုရားရှင် ကြွလာသတဲ့။ အိုးထိန်းသည် ဇရပ်မှာ ထိုင်နေသတဲ့'လို့ အချင်းချင်းအား ပြောကာ ဗိမ္ဗိသာရမင်းအား ပြောကြတယ်။ ဗိမ္ဗိသာရမင်းက လာပြီး ဘုရားရှင်ကို ရှိခိုးကာ မေး တယ်။

'မြတ်စွာဘုရား၊ ဘယ်အချိန်ကြွလာပါသလဲ'

'မင်းကြီး၊ မနေ့က နေဝင်ချိန်ကပဲ'

'မြတ်စွာဘုရား၊ ဘာအလုပ်နဲ့ပါလဲ'

'သင့်ရဲ့သူငယ်ချင်း ပုက္ကုသာတိမင်းဟာ သင်တို့ပို့လိုက်တဲ့

www.dhammaransi.com



သတင်းစကားကို ကြားရပြီး တောထွက်ရဟန်းပြုကာ ငါဘုရားကို ရည်စူးပြီး လာတယ်။ သာဝတ္ထိမြို့ကို ကျော်လွန်ပြီး ၄၅ ယူဇနာတိုင်တိုင် လာတယ်။ ဒီအိုးထိန်းသည်ဇရပ်ကို ဝင်ပြီး ထိုင်တယ်။ ငါဘုရားက သူ့ကို ချီးမြှောက်ဖို့လာကာ တရားဟောတယ်။ မင်းကြီး၊ ပုက္ကုသာတိ ဟာ ၃ ဖိုလ်ကို ရရှိသွားတယ်။'

'မြတ်စွာဘုရား၊ အခု သူဘယ်မှာပါလဲ'

'မင်းကြီး၊ ရဟန်းအဖြစ်ကို တောင်းပြီး သပိတ်၊ သင်္ကန်း မပြည့်စုံသေးလို့ သပိတ်၊ သင်္ကန်းရှာဖို့ သွားတယ်'

ဗိမ္ဗိသာရမင်းဟာ ပုက္ကုသာတိ သွားတဲ့လမ်းအတိုင်း သွားတယ်။ ဘုရားရှင်လည်း ကောင်းကင်ခရီးနဲ့ လာပြီး ဇေတဝန်ဂန္ဓကုဋိကျောင်း မှာပဲ ထင်ရှားဖြစ်ပေါ်တယ်။ ပုက္ကုသာတိကလည်း သပိတ်၊ သင်္ကန်းကို ရှာတဲ့အခါ ဗိမ္ဗိသာရမင်းထံနဲ့ တက္ကသီလာက ကုန်သည်တွေထံ မသွား၊ သူ့မှာ ဒီလိုအကြံဖြစ်သတဲ့။

'ငါဟာ ကြက်လို နေရာအနှံ့ မြတ်နိုးဖွယ်၊ မမြတ်နိုးဖွယ်ကိုသာ စိစစ်ရွေးခြယ်ပြီး သပိတ်၊ သင်္ကန်းကို မရှာဖွေသင့်ပါ။ မြို့ကြီးကို သွားပြီး ရေချိုးဆိပ်၊ သုသာန်၊ အမှိုက်ပုံ၊ လမ်းအကြားတွေမှာ ရှာမယ်'

အဲဒီလိုကြံပြီး လမ်းကြားက အမှိုက်ပုံတွေမှာ ဟောင်းနွမ်းတဲ့ အဝတ်ကို ရှာဖို့ ကြိုးစားပါတယ်။ အမှိုက်ပုံတစ်ပုံက အဝတ်ဟောင်းကို ကြည့်နေတဲ့သူ့ကို မွေးစနွားငယ်ရှိ နွားမကြီးက ပြေးလာကာ ဦးချိုနဲ့ ဝှေ့သတ်လိုက်ပါတယ်။ ဆာလောင်မှု နှိပ်စက်ခံရတဲ့ ပုက္ကုသာတိဟာ ကောင်းကင်ပေါ်မှာပဲ အသက်ကုန်ကာ ကျလာပါတယ်။ အမှိုက်ပုံပေါ် မျက်နှာမှောက်လျက် တည်နေတဲ့ ရွှေရုပ်ပမာ ဖြစ်နေပါတယ်။ သေပြီး အဝိဟာဗြဟ္မာ့ဘုံမှာ ဖြစ်ပါတယ်။ ဖြစ်ပြီးချင်းပဲ ရဟန္တာဖြစ်သွားတယ်။

ဗိမ္ဗိသာရမင်းလည်း 'ငါ့သူငယ်ချင်း ပုက္ကုသာတိဟာ ငါပို့လိုက် တဲ့ သတင်းစကားမျှကို ဖတ်ရှုပြီး လက်မှာရောက်နေတဲ့ မင်းအဖြစ်ကို

www.dhammaransi.com



ပယ်စွန့်ကာ ဒီလောက်ခရီးကို လာခဲ့တယ်။ ပုက္ကုသာတိဟာ လုပ်နိုင်ခဲ့တဲ့အလုပ်ကို လုပ်ပေတယ်။ ရဟန်းအား ပူဇော်တဲ့ပူဇော်မှုနဲ့ သူ့ကို ပူဇော်မယ်'လို့ ကြံကာ 'ငါ့သူငယ်ချင်းကို ရှာဖွေကြ'လို့ ထိုထိုနေရာကို စေလွှတ်တယ်။ စေလွှတ်ခံရသူတွေက ပုက္ကုသာတိ အမှိုက်ပုံပေါ် ကျနေတာကို တွေ့သွားကြပါတယ်။ တွေ့ပြီးလာကာ မင်းအား ပြောကြတယ်။ ဗိမ္ဗိသာရမင်းက သွားပြီး ပုက္ကုသာတိကိုမြင်ကာ 'အမောင်တို့၊ ငါဟာ သူငယ်ချင်းအား ပူဇော်ခွင့်ကို မရလေစွ၊ ငါ့သူငယ်ချင်းဟာ ကိုးကွယ်ရာမဲ့ ဖြစ်သွားတယ်'လို့ ငိုကြွေးတယ်။ ပုက္ကုသာတိကို ညောင်စောင်းငယ်နဲ့ အယူခိုင်းပြီး သင့်တော်ရာအရပ်မှာ ထားတယ်။ ရဟန်းအား ပူဇော်နည်းကို မသိလို့ ရေချိုးပေးသူ၊ ဆတ္တာသည်စသူတွေကို ခေါ်ခိုင်းပြီး ပုက္ကုသာတိဦးခေါင်းကို ရေချိုးပေးတယ်။ သန့်စင်တဲ့အဝတ်တွေကို ဝတ်ပေးခိုင်းတယ်။ မင်းအသွင်နဲ့ တန်ဆာဆင်ခိုင်းတယ်။ ရွှေထမ်းစင်ပေါ်တင်ကာ တူရိယာအားလုံး၊ နံ့သာ၊ ပန်းစသည်တွေနဲ့ ပူဇော်တယ်။ မြို့မှထုတ်ပြီး နံ့သာထင်းများစွာနဲ့ ထင်းပုံကြီးပြုလုပ်ကာ ပုက္ကုသာတိအလောင်းကို မီးသင်္ဂြိုဟ်တယ်။ ဓာတ်တော်တွေကိုယူကာ စေတီတည်ခိုင်းတယ်။ (ဥပရိပဏ္ဏာ၊ ၄၊ ၁၉၄၊ ၂၁၇)

www.dhammaransi.com

# သုဒ္ဓေါဒနမင်း

'မြတ်စွာဘုရား၊ အရှင်ဘုရား မွေးဖွားရာနေ့မှာ ကာဠဒေဝီလရသေ့ကို ရှိခိုးဖို့ သင့်ကိုဆောင်ယူတော့ သင့်ရဲ့ခြေတွေက လည်ပြီး ကာဠဒေဝီလရသေ့ရဲ့ ဦးထိပ်ပေါ်တည်နေတာကို တွေ့ရလို့လည်း သင့်ကို တပည့်တော်ဟာ ရှိခိုးခဲ့ပါတယ်။ အဲဒါက အရှင်ဘုရားကို ပထမ ရှိခိုးတာပါ။ လယ်ထွန်မင်္ဂလာပြုရာနေ့မှာ သပြေပင်အရိပ်အောက်က အသရေရှိအိပ်ရာပေါ် အရှင်ဘုရားလေး ထိုင်နေခဲ့သပြေပင်ရိပ် မပြောင်း ရွေ့တာကို မြင်ရလို့လည်း အရှင်ဘုရားရဲ့ ခြေတော်တွေကို ရှိခိုးခဲ့ပါတယ်။ အဲဒါက တပည့်တော်ရဲ့ ဒုတိယအကြိမ် ရှိခိုးတာပါ။ အခု ဆွေမျိုး ရှိမခိုးကြလို့ ပြတဲ့တန်ခိုးကို မြင်ရလို့လည်း တပည့်တော်ဟာ အရှင်ဘုရားရဲ့ခြေတော်တွေကို ရှိခိုးပါတယ်။'

သုဒ္ဓေါဒနမင်းက သူ့သားဂေါတမဘုရားအား လျှောက်ထားတဲ့ စကားဖြစ်ပါတယ်။ သုဒ္ဓေါဒနမင်းက ရှိခိုးလိုက်တော့ ဘုရားရှင်ကို ရှိမခိုးဘဲ ရပ်တည်နိုင်တဲ့ သာကီဝင်ဆိုတာ တစ်ယောက်မှမရှိတော့ ပါ။ အားလုံးပဲ ရှိခိုးကြပါတော့တယ်။

ဘုရားရှင်က ရဟန်း ၂၀၀၀၀ ခြံရံပြီး ကပိလဝတ္ထုမြို့ထဲ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တဲ့အခါ သုဒ္ဓေါဒနမင်းက ထိတ်လန့်ပြီး လက်နဲ့အဝတ်ကို ကိုင်မလျက် အလွန်လျင်မြန်စွာထွက်ပြီး အဟုန်နဲ့ သွားကာ ဘုရားရှေ့မှာ ရပ်ကာ ပြောပါတယ်။

'အရှင်ဘုရား၊ တပည့်တော်တို့ကို အရှက်ခွဲတာလား၊ ဘာလို့ ဆွမ်းခံလှည့်လည်ရပါသလဲ။ ဒီလောက်ရဟန်းတွေအတွက် ဆွမ်းမရနိုင် လို့ ထင်မှတ်ပါသလား'

www.dhammaransi.com



'မင်းကြီး၊ ဒီအကျင့်ဟာ ငါတို့ရဲ့အနွယ်အစဉ်အဆက်က ဆင်းသက်လာတဲ့ အကျင့်ဖြစ်တယ်'

'အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ အမျိုးအနွယ်ဟာ မဟာသမ္မတခတ္တိယအမျိုးအနွယ် မဟုတ်ပါလား၊ အဲဒီမင်းတွေထဲမှာ မင်းတစ်ယောက်မှ ဆွမ်းခံလှည့်လည်တာ မရှိပါ'

'မင်းကြီး၊ အဲဒီမဟာသမ္မတခတ္တိယအနွယ်က သင့်ရဲ့အနွယ်ပဲ၊ ဒီအနွယ်က ဒီပင်္ကရ၊ ကောဏ္ဍည။ ပေ။ ကဿပဆိုတဲ့ ဘုရားရှင်တွေရဲ့ အနွယ်ပဲ။ အဲဒီဘုရားရှင်တွေရော ထောင်ပေါင်းများစွာသော အခြားဘုရားရှင်တွေပါ ဆွမ်းခံလှည့်လည်ကြတယ်။ ဆွမ်းခံလှည့်လည်ပြီးသာ အသက်မွေးကြတယ်'လို့ မိန့်ပြီး လမ်းကြားမှာ ရပ်ရင်းပဲ အောက်ပါဂါထာစကားကို မိန့်ကြားပါတယ်။

'ရဟန်းဟာ ဆွမ်းကိုရည်မှန်းပြီး ရပ်ရတဲ့ဆွမ်းခံအကျင့်မှာ မမေ့မလျော့ရာ။ မအပ်စပ်တဲ့ ရှာမှီးမှုနဲ့ မဖက်စပ် ကောင်းစွာကျင့်အပ်တဲ့ ဆွမ်းခံအကျင့်ကို ကျင့်ရပါတယ်။ အဲဒီလို ဆွမ်းခံကျင့်ဝတ်ကို ကျင့်တဲ့ ရဟန်းဟာ ဒီဘဝမှာရော နောင်ဘဝမှာပါ ချမ်းသာစွာ နေထိုင်ရတယ်'

အဲဒီဂါထာစကားရဲ့အဆုံးမှာ သုဒ္ဓေါဒနမင်းဟာ သောတာပန်တည်သွားပါတယ်။

သုဒ္ဓေါဒနမင်းဟာ သောတာပန်တည်ပြီး ဘုရားရှင်ရဲ့လက်မှ သပိတ်ကို ကိုယ်တိုင်လှမ်းယူပွေ့ဆောင်ကာ နောက်ပါရဟန္တာ ၂၀၀၀၀ နဲ့အတူ ဘုရားရှင်ကို နန်းတော်သို့ ပင့်တယ်။ အသင့်ခင်းထားတဲ့ နေရာမြတ်မှာ သီတင်းသုံးစေတယ်။ နန်းတော်ရောက်ပြီး ဘုရားရှင်က အောက်ပါဒုတိယဂါထာစကားကို မိန့်ကြားပါတယ်။

'မင်းကြီး၊ မအပ်စပ်တဲ့ရှာမှီးမှုနဲ့ မဖက်စပ် ကောင်းစွာကျင့်အပ်တဲ့ ဆွမ်းခံအကျင့်ကို ကျင့်ရပါတယ်။ အဲဒီဆွမ်းခံအကျင့်ကို အပျိုကြီး၊ ပဏ္ဍုက်၊ သေတင်းကုပ်၊ ပြည့်တန်ဆာမ၊ လင်ကွာမုဆိုးမ၊ ရဟန်းမ

www.dhammaransi.com



ဆိုတဲ့ မလှည့်လည်သင့်ရာ ၆ နေရာမှာ လှည့်လည်သောအားဖြင့် မကောင်းသဖြင့် မကျင့်ရာ။ အဲဒီလို ဆွမ်းခံကျင့်ဝတ်ကို ကျင့်တဲ့ရဟန်းဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ ချမ်းသာစွာ နေထိုင်ရတယ်'

အဲဒီဒုတိယဂါထာရဲ့အဆုံးမှာ သုဒ္ဓေါဒနမင်းဟာ သကဒါဂါမ် ဖြစ်သွားပါတယ်။ မိထွေးတော် ဂေါတမီကတော့ သောတာပန် ဖြစ်သွားပါတယ်။ သုဒ္ဓေါဒနမင်းဟာ မဟာဓမ္မပါလဇာတ်ကို ကြားနာရပြီး အနာဂါမ်ဖြစ်သွားပါတယ်။ သေခါနီးမှာ ထီးဖြူအောက်က ကျက်သရေရှိ အိပ်ရာပေါ် လဲလျောင်းရင်းပဲ ရဟန္တာဖြစ်သွားပါတယ်။ တောထဲ နေပြီး တရားအားထုတ်တဲ့ကိစ္စဟာ သုဒ္ဓေါဒနမှာ မရှိခဲ့ပါ။

(ဇာတ်၊ ၄၊ ၁၊ ၁၀၅( ပါစိတျာဒိ၊ ၄၊ ၂၈၉)

သုဒ္ဓေါဒနမင်းဟာ အရွယ်ရောက်တဲ့အခါ မဟာမာယာနဲ့ ဂေါတမီမင်းသမီး ညီအမနှစ်ယောက်လုံးကို ထိမ်းမြားမင်္ဂလာမှုပြုပြီး သူ့ကပိလဝတ်နန်းတော်ကို ခေါ်ဆောင်တယ်။ မဟာမာယာကို မိဖုရားခေါင်ကြီးအရာမှာ ထားတယ်။ နောင်အခါမှာ ငါတို့ရဲ့ဘုရားအလောင်းတော် သိဒ္ဓတ္ထဟာ တုသိတာနတ်ပြည်မှ စုတေပြီး မဟာမာယာမိဖုရားရဲ့ဝမ်းဗိုက်မှာ ပဋိသန္ဓေယူတယ်။ မဟာမာယာဟာ ဘုရားလောင်း မွေးဖွားရာနေ့မှ ၇ ရက်မြောက်နေ့မှာ သေပြီး တုသိတာနတ်ပြည်မှာ ဖြစ်တယ်။ သုဒ္ဓေါဒနမင်းကြီးက ဘုရားလောင်းရဲ့ အမေ့ညီမဖြစ်သူ မဟာပဇာပတိဂေါတမီကို မိဖုရားခေါင်ကြီးအရာမှာ ထားတယ်။ အဲဒီအခါ နန္ဒမင်းသား ဖွားမြင်တယ်။ ဒီမဟာပဇာပတိဂေါတမီက နန္ဒမင်းသားကို အထိန်းတော်တွေအား ပေးပြီး ကိုယ်တိုင် ဘုရားလောင်းကို ပြုစုလုပ်ကျွေးစောင့်ရှောက်တယ်။ (အံ၊ ၄၊ ၁၊ ၂၆၃)

သုဒ္ဓေါဒနမင်းဟာ ဘုရားလောင်း တောထွက်တဲ့နေ့ကစပြီး 'ငါ့သားဟာ ဘုရားဖြစ်မယ်လို့ ထင်မှတ်ကာ တောထွက်သွားတယ်။ ဘုရားဖြစ်လေသလား'လို့ ဖြစ်ပုံကြားဖို့ နားစိုက်လျက်သာ နေတယ်။

www.dhammaransi.com



သုဒ္ဓေါဒနမင်းဟာ ဘုရားရှင်ရဲ့ ဒုက္ကရစရိယာကျင့်ပုံ၊ ဘုရားဖြစ်ပုံ၊ ဓမ္မစကြာတရားဟောပုံစတဲ့ အခြေအနေတွေကို နားထောင်ရင်း 'အခု ငါ့သားဟာ ရာဇဂြိုဟ်မြို့ကိုမှီပြီး နေသတဲ့'လို့ ကြားရပြီး အမတ်တစ်ယောက်ကို လွှတ်လိုက်တယ်။

'ချစ်သား၊ ငါဟာ အသက်ကြီးပါပြီ၊ တောင်းပန်ပါတယ်။ ငါ အသက်ရှင်နေတုန်းပဲ ငါ့သားကို ပြပေးပါ'

အဲဒီအမတ်က 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ယောကျ်ားပေါင်း ၁၀၀၀ ခြံရံကာ ရာဇဂြိုဟ်မြို့ကိုသွားတယ်။ ဘုရားရှင်ရဲ့ခြေတွေကို ရှိခိုးပြီး ထိုင်တယ်။ အဲဒီအခါ အဲဒီအမတ်အား ဘုရားရှင်က တရားစကားကို ဟောကြားတယ်။ အဲဒီအမတ်က ကြည်ညိုပြီး ရှင်၊ ရဟန်းအဖြစ်ကို တောင်းတယ်၊ ဒါကြောင့် အဲဒီအမတ်ကို ဘုရားရှင်က ဧဟိဘိက္ခု ရဟန်းပြုနည်းနဲ့ ရဟန်းပြုပေးလိုက်တယ်။ အဲဒီအမတ်ဟာ ပရိသတ်နဲ့တကွ ရဟန္တာဖြစ်ပြီး အဲဒီအရပ်မှာပဲ ဖလသမာပတ်ချမ်းသာကို ခံစားကာနေတယ်။ သုဒ္ဓေါဒနမင်းက အဲဒီနည်းနဲ့ပဲ အခြားတမန် ၈ ဦးကိုလည်း စေလွှတ်တယ်။ အဲဒီအမတ်အားလုံးလည်း ပရိသတ်နဲ့အတူ အဲဒီလိုပဲ ရဟန္တာဖြစ်ပြီး အဲဒီအရပ်မှာပဲ နေကြတယ်။ 'ဤမည်တဲ့ အကြောင်းကြောင့် အဲဒီအမတ်တွေ မလာကြ'လို့ မင်းအား တစ်စုံတစ်ယောက်က ဖြစ်ပုံမျှကိုတောင် မပြောကြ။

အဲဒီအခါ သုဒ္ဓေါဒနမင်းက ဘုရားလောင်းနဲ့အတူ တစ်နေ့တည်း ဖွားမြင်တဲ့ ကာဠုဒါယီအမတ်ကို စေလွှတ်လိုလို့ ရှေးနည်းအတိုင်းပဲ တောင်းဆိုတယ်။ ကာဠုဒါယီအမတ်က 'အကျွန်ုပ်ဟာ ရဟန်းပြုခွင့်ရရင် ပြပေးပါမယ်'လို့ ပြောတယ်။ အဲဒီစကားကို သုဒ္ဓေါဒနမင်းက ကြားရပြီး 'ရဟန်းပြုပြီးရင်လည်း ငါ့အား ငါ့သားကို ပြပေးပါ'လို့ ပြောကာ စေလွှတ်လိုက်တယ်။ ကာဠုဒါယီအမတ်လည်း ယောကျ်ားတစ်ထောင် ခြံရံပြီး သွားကာ ရှေးအတိုင်းပဲ အခြံအရံနဲ့တကွ ရဟန္တာ

www.dhammaransi.com



ဖြစ်တယ်။ ကာဠုဒါယီအမတ်လည်း တစ်နေ့မှာ ကောက်ပင်အားလုံး စုဆောင်းပြီးတဲ့အခါ၊ ဇနပုဒ်လူတွေ လုပ်ငန်းပြီးစီးကြတဲ့အခါ၊ ကုန်းပန်း ရေပန်းတွေ ပွင့်ကြတဲ့အခါ၊ လမ်းက သွားဖို့သင့်လျော်တဲ့အခါ ဘုရား ရှင်ကို ရှိခိုးပြီး ဂါထာပေါင်း ၆၀ နဲ့ သွားခြင်းရဲ့ကျေးဇူးကို ချီးမွမ်း ပြောဆိုတယ်။ ဘုရားရှင်က မေးပါတယ်။

'အဲဒါက ဘာလဲ'

'မြတ်စွာဘုရား၊ မြတ်စွာဘုရားရဲ့ဖခင် သုဒ္ဓေါဒနမင်းကြီးဟာ 'ငါဟာ အသက်ကြီးပြီ၊ အသက်ရှင်စဉ်မှာပဲ ငါ့အား ငါ့သားကို ပြပါ'လို့ ပြောကာ တပည့်တော်ကို စေလွှတ်လိုက်ပါတယ်။ တောင်းပန်ပါတယ်။ မြတ်စွာဘုရားဟာ ဆွေမျိုးတွေကို ချီးမြှောက်တော်မူပါ၊ ခရီးပဲကြွဖို့ အချိန်တန်ပါပြီ'

'အဲဒီလိုဆိုရင် သံဃာအား ပြောပါ၊ ရဟန်းတွေဟာ ခရီးသွား မယ့်သူတွေရဲ့ကျင့်ဝတ်ကို ဖြည့်ကျင့်ကြလိမ့်မယ်'

'ကောင်းပါပြီ ဘုရား'

အဲဒီအတိုင်း မထေရ်က ပြုလုပ်ပါတယ်။ ဘုရားရှင်က အင်္ဂ တိုင်းနဲ့ မဂဓတိုင်းနေ အမျိုးကောင်းသား ၁၀၀၀၀၊ ကပိလဝတ္ထုနေ ၁၀၀၀၀ နှစ်ရပ်ပေါင်း ၂၀၀၀၀ သော ရဟန္တာတွေခြံရံကာ ရာဇဂြိုဟ် မြို့မှ ထွက်တယ်။ ရာဇဂြိုဟ်မြို့မှ ယူဇနာ ၆၀ ဝေးတဲ့ ကပိလဝတ္ထုကို နေ့တိုင်း နေ့တိုင်း တစ်ယူဇနာသွားရာ ၂ လ ကြာရင် ရောက်မယ်လို့ တွက်ကာ အဆောတလျင်မဟုတ်ဘဲ ခရီးကိုကြွပါတယ်။ အဲဒီလို ဘုရားရှင်က ကြွတဲ့အခါ ဥဒါယီထေရ်က ထွက်ရာနေ့မှစပြီး သုဒ္ဓေါ ဒနမင်းကြီးရဲ့ နန်းတော်မှာ ဆွမ်းကိစ္စပြုလုပ်တယ်။ မင်းက မထေရ်ကို ပြုစုလုပ်ကျွေးပြီး သပိတ်ကို နံ့သာမှုန့်နဲ့ ပွတ်တိုက်ကာ မွန်မြတ်တဲ့ စားဖွယ်နဲ့ ပြည့်စေပြီး 'ဘုရားရှင်အား လှူပါ'လို့ ပြောကာ မထေရ်ရဲ့ လက်မှာ ထည့်လိုက်တယ်။ မထေရ်ကလည်း အဲဒီအတိုင်းပဲ ပြုလုပ်

www.dhammaransi.com



တယ်။ အဲဒီနည်းနဲ့ ဘုရားရှင်က လမ်းခရီးအကြားမှာ မင်းရဲ့ဆွမ်းကိုပဲ ဘုဉ်းပေးတော်မူတယ်။ မထေရ်ကလည်း ဆွမ်းကိစ္စအဆုံးမှာ နေ့တိုင်း နေ့တိုင်း 'ဒီနေ့ မြတ်စွာဘုရားဟာ ဒီလောက်ကြွလာပါပြီ'လို့ ပြော တယ်။ ဘုရားဂုဏ်နဲ့စပ်တဲ့ စကားနဲ့ သာကီဝင်တွေမှာ ဘုရားရှင်အပေါ် ကြည်ညိုမှုကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဘုရားရှင်က ကာဠု ဒါယီကို 'ကာဠုဒါယီဟာ အမျိုးကိုကြည်ညိုစေတဲ့ ငါ့တပည့်ရဟန်း တွေထဲမှာ အသာဆုံး'လို့ သတ်မှတ်ထားရှိတော်မူပါတယ်။

သာကီဝင်တွေကလည်း ဘုရားရှင် ကြွလာတဲ့အခါ 'ငါတို့ရဲ့ ဆွေမျိုးမြတ်ဘုရားရှင်ကို ဖူးမြော်ကြမယ်'လို့ ကြံကာ စုဝေးပြီး ဘုရားရှင် အတွက် နေရာအရပ်ကို စုံစမ်းကြတဲ့အခါ နိဂြောဓသာကီဝင်ရဲ့အာရာမ် ဟာ ပျော်မွေ့ဖွယ်ဖြစ်တယ်လို့ သတ်မှတ်ပြီး အဲဒီအာရာမ်မှာ ပြုပြင် ဖွယ်ကိစ္စအားလုံးကို ပြုလုပ်ကာ နံ့သာ၊ ပန်းစသည်တွေကိုယူပြီး ခရီး ဦးကြိုဆိုကြတယ်။ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ထားတဲ့ ငယ်ကုန်၊ ငယ်ကုန်သော မြို့နေကလေး၊ ကလေးမတွေကို ရှေးဦးစွာ ပို့လွှတ်ကြတယ်။ အဲဒီကနောက် မင်းသား၊ မင်းသမီးတွေကို လွှတ် ကြတယ်။ အဲဒီ မင်းသား မင်းသမီးတွေရဲ့အခြားမဲ့မှာ ကိုယ်တိုင်သွားပြီး နံ့သာပန်း၊ နံ့သာမှုန့်စတာတွေနဲ့ ပူဇော်ကာ ဘုရားရှင်ကိုပင့်ပြီး နိဂြောဓာ ရုံကိုပဲ သွားကြတယ်။ အဲဒီနိဂြောဓာရုံမှာ ဘုရားရှင်က ရဟန္တာ ၂၀၀၀၀ ခြံရံလျက် ဘုရားရှင့်နေရာမြတ်မှာ ထိုင်တော်မူတယ်။ သာကီဝင်တွေက ဇာတ်မာန်ရှိကာ ခက်ထန်ကြတယ်။ အဲဒီသာကီဝင်တွေက 'သိဒ္ဓတ္ထ မင်းသားက ငါတို့အောက်ငယ်တာပဲ။ ငါတို့ရဲ့ညီပဲ၊ တူပဲ၊ သားပဲ၊ မြေးပဲ'လို့ ကြံကာ ငယ်ကုန် ငယ်ကုန်သော မင်းသားတွေကို 'သင်တို့က ရှိခိုးကြပါ၊ ငါတို့က သင်တို့ရဲ့နောက်ကျောမှာ ထိုင်ကြမယ်'လို့ ပြော ကြတယ်။

သာကီဝင်တွေ အဲဒီလိုထိုင်နေကြတဲ့အခါ ဘုရားရှင်က အဲဒီ

www.dhammaransi.com



သာကီဝင်တွေရဲ့ အန္တရာသယကိုကြည့်ပြီး 'ငါ့ကို ဆွေမျိုးတွေက ရှိမခိုးကြ၊ အခု အဲဒီဆွေမျိုးတွေကို ရှိခိုးစေမယ်'လို့ ကြံကာ အဘိညာဉ်ရဲ့ အခြေခံဖြစ်တဲ့ စတုတ္ထဈာန်ကိုဝင်စားပြီး ထကာ တန်ခိုးနဲ့ ကောင်းကင်ကို ပျံတက်တယ်။ အဲဒီသာကီဝင်တွေရဲ့ ဦးခေါင်းပေါ် ခြေမှုန့်ကို ဖြန့်ကြဲလိုက်သည့်ပမာ ကဏ္ဍမ္ဗသရက်ပင်အောက်မှာ ရေမီးအစုံတန်ခိုးလို တန်ခိုးကို ပြုလုပ်တယ်။ မင်းက အဲဒီအံ့ဩဖွယ်ကို မြင်ရပြီး သုံးကြိမ်မြောက် ဘုရားရှင်ကို ရှိခိုးတယ်။ သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်ကို ရှိခိုးတဲ့အခါ ရှိမခိုးဘဲ ရပ်တည်တဲ့သာကီဝင်ဆိုတာ တစ်ယောက်မှ မရှိတော့ပါ။ အားလုံးပဲ ရှိခိုးကြပါတော့တယ်။

အဲဒီလို ဘုရားရှင်က ဆွေမျိုးတွေကို ရှိခိုးစေပြီး ကောင်းကင်မှ သက်ဆင်းကာ ခင်းထားတဲ့နေရာမှာ ထိုင်တယ်။ ဘုရားရှင် ထိုင်ပြီးတဲ့အခါ ဆွေမျိုးတွေစုပေါင်းမှုဟာ အထွတ်အထိပ်ရောက်သွားတယ်။ ဆွေမျိုးအားလုံးဟာ တည်ငြိမ်စွာ စုဝေးနေကြတယ်။ အဲဒီကနောက် ကြီးစွာသောမိုးဟာ ကြာတောမှာ ရွာတဲ့မိုးလို မိုးရွာသွန်းတယ်။ နီမြန်းတဲ့ အဆင်းရှိတဲ့ မိုးရေအယဉ်ဟာ အောက်မြေအပြင်မှာ တဝေါဝေါ မြည်ကာ တသွင်သွင်စီးသွားတယ်။ စိုစွတ်လိုသူတွေသာ စိုစွတ်ပြီး မစိုစွတ်လိုသူရဲ့ ခန္ဓာကိုယ်မှာတော့ မိုးရေတစ်ပေါက်မျှ မကျမရောက်ပါ။ အဲဒါကိုမြင်ပြီး ဆွေမျိုးအားလုံးဟာ အံ့ဩကြတယ်။ ဘုရားရှင်က 'အခုမှသာ ငါ့ဆွေမျိုးတွေ စုပေါင်းရာမှာ ဒီပေါက္ခရဝဿမိုး ရွာတာ မဟုတ်။ ရှေးအခါကလည်း ရွာခဲ့တယ်'လို့ ဒီအဖြစ်အပျက်နဲ့စပ်ပြီး ဝေဿန္တရာဇာတ်ကို ဟောပါတယ်။ တရားဒေသနာကို ကြားနာရပြီး ဆွေမျိုးအားလုံးဟာ ထကာ ရှိခိုး၊ အရိုအသေပြုပြီး ဖဲသွားကြပါတယ်။ မင်း၊ မင်းအမတ်ကြီးတစ်ယောက်ကမှ 'နက်ဖြန် တပည့်တော်တို့ရဲ့ ဆွမ်းကို ခံယူကြပါ'လို့ ပြောပြီး သွားသူဆိုတာ မရှိပါ။

ဘုရားရှင်ဟာ ဒုတိယနေ့မှာ ရဟန်း ၂၀၀၀၀ ခြံရံကာ ကပိ

www.dhammaransi.com



လဝတ်မြို့ကို ဆွမ်းခံဝင်တယ်။ ဘယ်သူကမှ ခရီးဦးကြိုပြီး မဖိတ်မံ၊ သပိတ်ကို မယူ၊ ဘုရားရှင်က တံခါးခုံမှာရပ်ရင်း 'ရှေးက ဘုရားရှင်တွေဟာ ဆွေမျိုးတွေရဲ့မြို့မှာ ဘယ်လိုဆွမ်းခံလှည့်လည်ခဲ့ကြသလဲ၊ အစဉ်အတိုင်း မဟုတ်ဘဲ အစိုးရသူတွေရဲ့အိမ်ကို သွားခဲ့ကြသလား။ ဒါမှမဟုတ် အိမ်စဉ်အတိုင်း လှည့်လည်ခဲ့ကြသလား'လို့ ဆင်ခြင်တော်မူတယ်။ အဲဒီ ကနောက် ဘုရားတစ်ဆူတောင်မှ အိမ်စဉ်တိုင်းမဟုတ်ဘဲ သွားတာကို မမြင်ရလို့ 'ငါဟာလည်း အခု ဒီရှေးဘုရားရှင်တွေရဲ့အနွယ်၊ အစဉ်အဆက်ကိုပဲ ချီးမြှောက်ထိုက်တယ်။ နောင်အခါမှာတော့ ငါ့တပည့်တွေကလည်း ငါ့လိုပဲ အတုလိုက်ကာ ဆွမ်းခံဝတ်ကို ဖြည့်ကျင့်ကြလိမ့်မယ်'လို့ တွေးကာ အစွန်အိမ်ကစပြီး အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တယ်။ 'အရှင်သိဒ္ဓတ္ထမင်းသားက ဆွမ်းခံလှည့်လည်သတဲ့'လို့ ပြောကာ ၄ ထပ် စသည်ရှိပြာသာဒ်တွေက ခြင်္သေ့ခံလေသာပြတင်းကို ဖွင့်ပြီး လူအများက ကြည့်ရှုဖို့ ကြိုးစားကြတယ်။

ရာဟုလာမယ်တော် မိဖုရားကလည်း 'အရှင့်သားဟာ ဒီကပိလဝတ်မြို့မှာပဲ ကြီးကျယ်တဲ့မင်းအာနုဘော်နဲ့ ရွှေထမ်းစင်စသည်တွေဖြင့် လှည့်လည်ကာ အခုအခါ ဆံမုတ်ဆိတ်ကို ရိတ်ပြီး သင်္ကန်းဝတ်၊ ခွက်လက်စွဲကာ ဆွမ်းခံလှည့်လည်နေသတဲ့။ တင့်တယ်လေသလော၊ မတင့်တယ်လေသလာ'လို့ ခြင်္သေ့ခံလေသာပြတင်းကိုဖွင့်ပြီး ကြည့်တယ်။ နှစ်သက်ဖွယ်အမျိုးမျိုးနဲ့ တောက်ပတဲ့ကိုယ်ရောင်နဲ့ မြို့လမ်းတွေကို ထွန်းလင်းစေကာ ဘုရားအသရေတော်နဲ့ တင့်တယ်တဲ့ ဘုရားရှင်ကို မြင်ရပြီး နဖူးသင်းကျစ်မှစပြီး ခြေဖဝါးပြင်တိုင်အောင် နရသီဟဂါထာ ၈ ဂါထာနဲ့ ချီးမွမ်းပြီး မင်းထံသွားကာ 'သင်တို့ရဲ့သားဟာ ဆွမ်းခံလှည့်လည်နေတယ်'လို့ မင်းအား ပြောတယ်။

(ဝိနည်း၊ မဟာဝါ၊ ၄၊ ၂၈၆)

ဆွမ်းခံဝင်တဲ့အခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးဟာ လမ်း

www.dhammaransi.com



အကြားမှာပဲ တရားစကားကို နာကြားရပြီး သောတာပန်ဖြစ်တယ်။ အဲဒီကနောက် ဒုတိယနေ့မှာ နန္ဒက ရဟန်းပြုတယ်။ ၇ ရက်မြောက်နေ့မှာ ရာဟုလာဟာ ရှင်ပြုတယ်။ ဘုရားရှင်က နောင်အခါမှာ ဝေသာလီမြို့ကို အမှီပြုပြီး ကူဋာဂါရသာလာမှာ သီတင်းသုံးတယ်။ အဲဒီအခါမှာ သုဒ္ဓေါဒနမင်းကြီးဟာ ထီးဖြူအောက်မှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားတယ်။ (အံ၊ ဋ္ဌ၊ ပ၊ ၂၆၃)

သီဟဟနုမင်းကြီးမှာ သား ၅ ယောက်ရှိတယ်။ သုဒ္ဓေါဒန၊ အမိတောဒန၊ ဓောတောဒန၊ သက္ကောဒန၊ သုက္ကောဒနတို့ ဖြစ်တယ်။ မဟာမာယာဒေဝီက အဉ္စနမင်းရဲ့သမီးဖြစ်တယ်။

သုက္ကောဒနရဲ့သားတွေက အနုရုဒ္ဓနဲ့ မဟာနာမ်တို့ဖြစ်တယ်။ အမိတောဒနရဲ့သားက အာနန္ဒာ ဖြစ်တယ်။ နန္ဒနဲ့ ဇနပဒကလျာဏီတို့ရဲ့ဖခင်က သုဒ္ဓေါဒနပဲ ဖြစ်တယ်။

(သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၈၉။ ထေရ၊ ဋ္ဌ၊ ၁၊ ၃၃၇)

www.dhammaransi.com

# သုပ္ပဗုဒ္ဓလူနူ

ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်မြို့မှာ သုပ္ပဗုဒ္ဓဆိုတဲ့ ဆင်းရဲသား တစ်ယောက်ရှိခဲ့တယ်။ သူဆင်းရဲပုံက အမိဝမ်းထဲ ပဋိသန္ဓေနေကတည်းက ဆင်းရဲလာခဲ့တယ်။ အမိဝမ်းတွင်းကတည်းက နူနာရောဂါစွဲကပ်ခဲ့တယ်။ နှာခေါင်းနဲ့ နားရွက်တွေ ပျက်စီးလာခဲ့တယ်။ သူ့မိခင်ကလည်း သူပဋိသန္ဓေနေကတည်းက စားစရာမပြည့်စုံဘဲ ဆင်းရဲဒုက္ခရောက်လာခဲ့တယ်။ မွေးဖွားပြီးတဲ့နောက်လည်း ဆင်းဆင်းရဲရဲနဲ့ သူ့ကိုစောင့်ရှောက်လာခဲ့ရတယ်။ ခွက်လက်ဆွဲပြီး တောင်းရမ်းစားနိုင်လောက်တဲ့အရွယ် ရောက်တဲ့အခါ မိခင်ကလည်း သည်းမခံနိုင်တော့ဘူး။ သူ့အား တောင်းရမ်းစားဖို့ ခွက်တစ်ခုပေးပြီး စွန့်ပစ်သွားတယ်။ အဲဒီကလေးအရွယ်ကတည်းက စောင့်ရှောက်မယ့်သူမရှိဘဲ အလွန်ဆင်းရဲပင်ပန်းစွာနဲ့ တောင်းရမ်းစားသောက်ပြီး အသက်မွေးလာခဲ့ရတယ်။ နေစရာလည်း သူ့မှာမရှိဘူး။ မြို့ထဲက လမ်းဘေးတစ်နေရာရာမှာ အိပ်ရတယ်။ နူနာရောဂါကလည်း အပြင်းအထန်နှိပ်စက်လို့ အလွန်နာကျင်တဲ့အတွက် ညမှာလည်း ကောင်းကောင်းမအိပ်ရ၊ ညည်းညူမြည်တမ်းနေရတယ်။ အဲဒီညည်းညူမြည်တမ်းသံကြောင့် အနီးအပါးအိမ်တွေက လူတွေလည်း ကောင်းကောင်းမအိပ်ရ၊ နိုးနေကြရတယ်။ အဲဒီလိုဖြစ်ပုံကြောင့် သူ့ကို သုပ္ပဗုဒ္ဓလို့ ခေါ်ကြတယ်။ (သု= ကောင်းစွာ + ပဗုဒ္ဓ= နိုးစေတယ်= သုပ္ပဗုဒ္ဓ = ကောင်းစွာနိုးစေလျက် အိပ်ရေးပျက်စေတဲ့အကောင်လို့ ဆိုလိုပါတယ်။)

တစ်နေ့မှာ ဘုရားရှင်က ဆွမ်းခံကြွကာ ဆွမ်းဘုဉ်းပေးပြီး မြို့ထဲ သင့်လျော်တဲ့တစ်နေရာမှာ ခေတ္တနေစဉ် ရဟန်းတွေနဲ့ ဆွမ်းလှူ

www.dhammaransi.com



တဲ့ ဒါယကာတွေလာရောက်ပြီး စုဝေးမိတဲ့အခါ တရားတော်ကို ဟော ကြားတော်မူတယ်။ အဲဒီအခါ သုပ္ပဗုဒ္ဓက အရပ်ထဲလှည့်ပြီး တောင်းရမ်း နေရင်း လူထုပရိသတ်ကို တွေ့မြင်ရတော့ စားစရာဝေငှတယ်လို့ထင်ပြီး တောင်းခံဖို့ရာ ချဉ်းကပ်လာတယ်။ ချဉ်းကပ်မိတဲ့အခါ ဘုရားရှင်ရဲ့ တရားသံကို ကြားနာရပြီး အစွန်အဖျားကပဲ ထိုင်ပြီး ရှိသေစွာ တရားနာ တယ်။ အဲဒီအခါ ဘုရားရှင်က သုပ္ပဗုဒ္ဓရဲ့ ဉပနိဿယကို သိတော်မူ တဲ့အတွက် သူနဲ့သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ အဲဒီ တရားကို နာနေရင်း နှလုံးသွင်းရှုသိပြီး ဝိပဿနာဉာဏ်အစဉ်နဲ့ သောတာပတ္တိဖိုလ်ကို ရောက်ပြီး သုပ္ပဗုဒ္ဓဟာ သောတာပန်ဖြစ်သွားပါ တယ်။

အဲဒီလို တရားထူးရပြီးတော့ မိမိရထားတဲ့တရားထူးကို ဘုရား ရှင်အား လျှောက်ထားချင်တယ်၊ ဒါပေမဲ့ လူထုပရိသတ်ထဲ မဝင်ဝံ့တာနဲ့ ဘုရားရှင် ကျောင်းကိုပြန်ကြွသွားတဲ့အခါ လျှောက်ထားဖို့ ဘုရားရှင် ကျောင်းတော်ကို လိုက်သွားတယ်။ အဲဒီအခါ သိကြားမင်းက စုံစမ်းလို တဲ့အတွက် လမ်းခုလတ်က ဆီးကြိုပြီး သုပ္ပဗုဒ္ဓအား မိမိရဲ့တန်ခိုးအရှိန် အဝါတွေကိုလည်း ပြကာ ဒီလိုပြောတယ်။

'ဟေ့ သုပ္ပဗုဒ္ဓ၊ သင်ဟာ အင်မတန်ဆင်းရဲတယ်၊ ငါပြောတဲ့ စကားကို လိုက်နာပြီး ပြုကျင့်ရင် သင့်အား ငါက မစမယ်၊ သင့်ရောဂါ ကိုလည်း ပျောက်စေမယ်၊ စည်းစိမ်ဉစ္စာတွေကိုလည်း ပေးမယ်။ 'ဂေါတမဘုရားဟာ ဗုဒ္ဓဘုရားမဟုတ်ဘူး၊ ဂေါတမဘုရား ဟောတဲ့ တရားဟာလည်း တရားစစ်မဟုတ်ဘူး၊ ဂေါတမဘုရားရဲ့ တပည့်သံဃာ ဟာလည်း သံဃာအစစ်မဟုတ်ဘူး၊ ငါဟာ ဂေါတမဘုရားကို အလုံမရှိ၊ တရားကို အလိုမရှိ၊ သံဃာကို အလိုမရှိဘူး'လို့ ကြေညာပြောဆိုပါ။ အဲဒီလိုကြေညာပြောဆိုရင် သင့်အား အတိုင်းမသိ များစွာသောဥစ္စာကို ပေးမယ်'

www.dhammaransi.com



'ခင်ဗျားက ဘယ်သူလဲ'

'ငါက သိကြားမင်းပဲ'

'ခင်ဗျားဟာ သိကြားမင်းဆိုပေမယ့် မပြောသင့်တာတွေကို ပြောတယ်။ မိုက်ကန်းတဲ့သူ၊ အရှက်မဲ့တဲ့သူပဲ။ ကျွန်ုပ်နဲ့ စကားပြောဖို့တောင် မထိုက်တန်ပါဘူး။ ခင်ဗျားက ကျွန်ုပ်ကို အင်မတန် ဆင်းရဲတဲ့သူလို့ ဆိုတယ်။ ကျွန်ုပ်ဟာ ဘုရားရှင်ရဲ့သားတော်အစစ်ဖြစ်ပါတယ်။ လူဆင်းရဲ၊ လူမွဲမဟုတ်ပါ။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ အရိယာသူတော်ကောင်းဥစ္စာ ၇ ပါးတို့နဲ့ ပြည့်စုံသူကို ဆင်းရဲသူမဟုတ်၊ ချမ်းသာကြွယ်ဝသူလို့ ဘုရားစတဲ့ပညာရှိတွေက မိန့်ဆိုတော်မူကြပါတယ်။ အဲဒီအရိယာသူတော်ကောင်းဥစ္စာ ၇ ပါး ကျွန်ုပ်မှာ ရှိနေပါတယ်'

သိကြားမင်းက ဘုရားရှင်ထံ အရင်အရောက်သွားပြီး အဲဒီအကြောင်းအရာတွေကို လျှောက်ထားတယ်။ အဲဒီအခါ ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

'သုပ္ပဗုဒ္ဓကို ဘုရားမဟုတ်စသည်ဖြင့် ယူဆစေရန်၊ ပြောဆိုစေရန် သင်သိကြားမင်းလို နတ်တွေတစ်ရာလည်း မဖြားယောင်းနိုင်၊ တစ်ထောင်လည်း မဖြားယောင်းနိုင်'

သုပ္ပဗုဒ္ဓလည်း ဘုရားရှင်ထံ သွားရောက်ပြီး သူရသိထားတဲ့ တရားဂုဏ်တွေကို လျှောက်ထားတယ်။ ဘုရားရှင်ကလည်း သင့်လျော်တဲ့ တရားစကားကို ဟောပါတယ်။ အဲဒီတရားစကားကို ရိုသေစွာ နာယူပြီး မြို့ဆီကိုပြန်လာတဲ့အခါ သုပ္ပဗုဒ္ဓကို သားငယ်ရှိတဲ့ နွားမက ဝှေ့သတ်လိုက်ပါတယ်။ သုပ္ပဗုဒ္ဓဟာ သေပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်။ အဲဒီသုပ္ပဗုဒ္ဓနတ်သားဟာ သာသနာပကုသိုလ်ကြောင့် ဖြစ်နေနှင့်ကြတဲ့ နတ်တွေထက် ဘုန်းတန်ခိုးကြီးနေပါတယ်။ ကိုယ်ရောင်ကိုယ်ဝါ အဆင်းအားဖြင့်လည်း အဲဒီအခြားနတ်တွေထက် သာနေ

www.dhammaransi.com



တယ်။ အခြေအရုံ၊ စည်းစိမ်ချမ်းသာစသည်ဖြင့်လည်း သာနေပါတယ်။ ဒါကြောင့် အဲဒီအခြားနတ်တွေက သူ့ကို မနာလိုဖြစ်ပြီး 'ဒီသုပ္ပဗုဒ္ဓဟာ လူ့ဘဝတုန်းက အလွန်ဆင်းရဲပြီး အောက်တန်းကျတဲ့လူနူ လူစုတ် လူနုတ်ကလေးပဲ။ အခုတော့ သူက ငါတို့ထက် သာနေတယ်'စသည်ဖြင့် ရှုတ်ချပြောဆိုကြပါတယ်။

အဲဒီလိုပြောဆိုကြတာကို အကြောင်းပြုပြီး သိကြားမင်းက အဲဒီနတ်သားတွေအား 'မိတ်ဆွေနတ်တို့၊ သုပ္ပဗုဒ္ဓနတ်အား မနာလိုပြီး မရှုတ်ချကြနဲ့၊ သူဟာ လူ့ဘဝတုန်းက ဘုရားသာသနာမှာ သဒ္ဓါတရားကို ဖြစ်ပွားစေခဲ့တယ်။ သီလ၊ သုတ၊ စာဂ၊ ပညာကို ဖြစ်ပွားစေခဲ့တယ်။ အဲဒီလိုဖြစ်ပွားစေတဲ့ကံကြောင့် တန်ခိုးကြီးနတ်ဖြစ်လာတာပဲ။ သူ့အား မနာလိုမရှိကြနဲ့'စသည်ဖြင့် ပြောကြားပါတယ်။

တစ်ခုသောဘဝတုန်းက သူဌေးသား ၄ ယောက်ဟာ အခစားလိုက်တဲ့ မိန်းမတစ်ယောက်ကို ဆိတ်ကွယ်တဲ့အရပ်ကို ခေါ်လာခဲ့ပြီး ကာမဂုဏ်နဲ့ ပျော်ပါးကြတယ်။ ပျော်ပါးပြီးတော့ အဲဒီမိန်းမကို သတ်ကာ သူ့လက်ဝတ်လက်စားပစ္စည်းတွေကို ယူကြတယ်။ အဲဒီမိန်းမက 'တယ်ဆိုးတဲ့လူတွေပဲ၊ ငါ့ကိုလည်း ခေါ်လာပြီး ပျော်ပါးကြတဲ့အပြင် ငါ့ကိုသတ်ပြီး ပစ္စည်းဥစ္စာတွေကိုလည်း ယူကြသေးတယ်။ သူတို့က ငါ့ကို ဒီတစ်ကြိမ်သတ်တာ ရှိပါစေတော့၊ နောက်နောက်ဘဝတွေမှာ ငါက ဘီလူးမဖြစ်ပြီး သူတို့ကို အကြိမ်များစွာ သတ်ပါရစေ'လို့ ဆုတောင်းသွားတယ်။ အဲဒီဆုတောင်းအတိုင်း အဲဒီလူ ၄ ယောက်ကို အဲဒီမိန်းမက ဘီလူးမအဖြစ်နဲ့ အကြိမ်ပေါင်းများစွာ လိုက်သတ်နေပါတယ်။

ဘုရားလက်ထက်က နောက်ဆုံးဘဝမှာလည်း ပုက္ကုသာတိရယ်၊ ဒါရုစိရိယရယ်၊ တမ္ဗဒါဌိကရယ်၊ သုပ္ပဗုဒ္ဓရယ် ဒီ ၄ ဦးဟာ အဲဒီ သူဌေးသား ၄ ယောက်က ဖြစ်လာတဲ့သူတွေဖြစ်တယ်လို့ ဆိုပါတယ်။

www.dhammaransi.com



အဲဒီ ၄ ဦးကို ဝေ့သတ်တဲ့နွားမကလည်း ဟိုတုန်းက အသတ်ခံရတဲ့ မိန်းမက ဖြစ်လာတဲ့ဘီလူးမပဲလို့လည်း ဆိုပါတယ်။ အဲဒီဘီလူးမက ရန်ငြိုးရှိခဲ့တဲ့အတွက် နွားမယောင် ဖန်ဆင်းပြီး ဝေ့သတ်တယ်လို့လည်း ဆိုပါတယ်။ အဲဒီအဋ္ဌကထာအဆိုကို သဘောမကျရင် ဘီလူးမက နွားမ ကိုယ်မှာ ပူးကပ်ပြီး ဝေ့သတ်တယ်လို့လည်း ယူနိုင်ပါတယ်။ အဲဒါကို လည်း သဘောမကျနိုင်ရင်တော့ ပါဠိတော်မှာ ရှိရင်းအတိုင်း နွားမကပဲ ဝေ့သတ်တယ်လို့ ယူရုံရှိတာပဲ။

(ဥဒါနပါဠိ၊ ၁၃၄၊ ဋ္ဌ၊ ၂၅၄)

www.dhammaransi.com

# သူရမ္ဗဋ္ဌသူဌေး

သူရမ္ဗဋ္ဌဟာ သာဝတ္ထိမြို့က သူဌေးအမျိုးမှာဖြစ်တယ်။ သူရမ္ဗဋ္ဌလို့ နာမည်မှည့်ကြတယ်။ သူဟာ နောင်အခါ အရွယ်ရောက်လာတော့ အိမ်ထောင်ကျကာ တိတ္ထိတွေရဲ့အလုပ်အကျွေးဖြစ်ကာ လှည့်လည်တယ်။ အဲဒီအခါ ဘုရားရှင်က နံနက်မိုးသောက်မှာ လောကကို ကြည့်တဲ့အခါ သူ့ရဲ့သောတာပတ္တိမဂ်အကြောင်းကို မြင်ရလို့ ဆွမ်းခံချိန်မှာ နေအိမ်တံခါးကို သွားတယ်။ သူက ဘုရားရှင်ကို မြင်ရပြီး ကြံတယ်။

'ရဟန်းဂေါတမဟာ အမျိုးကြီးမှာလည်း ဖြစ်တယ်၊ လောကမှာလည်း ထင်ရှားတယ်။ ဒါကြောင့် သူ့ထံမသွားတာဟာ မသင့်တော်ပါ'

ဘုရားရှင်ထံ သွားပြီး ခြေတော်တို့ကို ရှိခိုးကာ သပိတ်ကို ယူတယ်။ အိမ်ထဲဝင်စေပြီး မြင့်မြတ်သူတွေအား ထိုက်တဲ့ပလ္လင်ပေါ် ထိုင်စေကာ ဆွမ်းလှူတယ်။ ဆွမ်းကိစ္စအဆုံးမှာ သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ ဘုရားရှင်က သူ့ရဲ့စရိုက်နဲ့စပ်ပြီး တရားဟောတယ်။ တရားဒေသနာအဆုံးမှာ သောတာပန်ဖြစ်သွားပါတယ်။ ဘုရားရှင်ကလည်း သူ့ကိုဆုံးမပြီး ကျောင်းကိုပဲ သွားပါတယ်။ အဲဒီကနောက် မာရ်နတ်က ကြံစည်တယ်။

'ဒီသူရမ္ဗဋ္ဌဆိုတာ ငါတို့ရဲ့ဥစ္စာပဲ။ ဘုရားရှင်ကတော့ ဒီနေ့ သူ့အိမ်ကို ကြွသွားပြီ၊ ဘုရားရှင်ရဲ့တရားကို ကြားနာရပြီး သောတာပတ္တိမဂ်ကို ရသွားလေသလား၊ သူဟာ ငါ့နယ်ပယ်ကို လွန်သွားသလား၊ မလွန်သွားဘူးလား သိအောင်လုပ်မယ်'

မာရ်နတ်က သူ့မှာ အလိုရှိတိုင်း ရုပ်ကိုဖန်ဆင်းနိုင်လို့ ဘုရားရှင်

www.dhammaransi.com



ရဲ့ရုပ်တုတော်ကို ဖန်ဆင်းကာ သက်န်းကိုင်ပုံရော၊ သပိတ်ကိုင်ပုံကိုပါ ဘုရားအသွင်အတိုင်းပဲ ပြုလုပ်ပြီး ၃၂ ပါးသော လက္ခဏာတော်ကို ဆောင်ကာ သူရမ္ဗဋ္ဌရဲ့အိမ်တံခါးမှာ ရပ်ပါတယ်။ သူရမ္ဗဋ္ဌလည်း 'ဘုရားရှင်ဟာ နောက်ထပ်ကြွလာတယ်'လို့ ကြားပြီး 'ဘုရားရှင်တွေမှာ ဝဋ်ဆင်းရဲမှ မထွက်မြောက်စေနိုင်တဲ့ သွားခြင်းဆိုတာမရှိ၊ ဘာအကြောင်းကြောင့် ကြွလာပါလိမ့်'လို့ အဆောတလျင် ဘုရားရှင်အမှတ်နဲ့ ဘုရားရှင်ထံ သွားတယ်။ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ရပ်ရင်း လျှောက်တယ်။

'မြတ်စွာဘုရား၊ အရှင်ဘုရားဟာ အခုပဲ ဒီအိမ်မှာ ဆွမ်းကိစ္စပြုလုပ်ကာ ကြွသွားပါတယ်။ ဘယ်အကြောင်းကို အစွဲပြုပြီး နောက်ထပ်လာပါသလဲ'

'သူရမ္ဗဋ္ဌ၊ ငါဟာ တရားဟောတဲ့အခါ စကားတစ်ခုကို မဆင်ခြင်ဘဲ ပြောဟောမိခဲ့တယ်။ မှန်တယ်၊ ငါဟာ ခန္ဓာငါးပါးကို 'အားလုံးပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ'လို့ ဟောခဲ့တယ်။ အဲဒီခန္ဓာငါးပါးက အားလုံးပဲ အဲဒီလိုမဟုတ်ကြ။ မှန်တယ်၊ တချို့ခန္ဓာတွေက မြဲတာ၊ ခိုင်တာ၊ အခါခပ်သိမ်း တည်ရှိတာ ရှိကြတယ်'

အဲဒီကနောက် သူရမ္ဗဋ္ဌက စဉ်းစားတယ်။

'ဒီစကားဟာ အလွန်ဝန်လေးတဲ့စကားပဲ။ မှန်တယ်၊ ဘုရားရှင်တွေမှာ မဆင်ခြင်ဘဲ စကားပြောတယ်ဆိုတာ မရှိ။ မာရ်နတ်က ဘုရားရှင်ရဲ့ဆန့်ကျင်ဘက် ဖြစ်သတဲ့။ ဒီသူဟာ စင်စစ် မာရ်နတ်ဖြစ်လိမ့်မယ်။'

အဲဒီလိုတွေးပြီး မေးတယ်။

'သင်က မာရ်နတ်လား'

အရိယာသာဝကက ပြောလိုက်တဲ့စကားဟာ အဲဒီမာရ်နတ်အဖို့ ပုဆိန်နဲ့ ပေါက်လိုက်သလိုဖြစ်တယ်။ ဒါကြောင့် ပင်ကိုသဘောအတိုင်း မရပ်တည်နိုင်တော့လို့ ပြောပါတယ်။

www.dhammaransi.com



'ဟုတ်ပါတယ် သူရမ္ဗဋ္ဌ၊ ငါဟာ မာရ်နတ်ပါ'

'သင်လို မာရ်နတ်တွေ တစ်ရာ၊ တစ်ထောင် လာပြီး ငါ့သဒ္ဓါတရားကို တုန်လှုပ်အောင် မလုပ်နိုင်ပါ။ မဟာဂေါတမဘုရားရှင်က ငါ့အား တရားဟောတဲ့အခါ 'သင်္ခါရအားလုံးဟာ အနိစ္စပဲ'လို့ သိစေကာ ဟောသွားပါတယ်။ ငါ့အိမ်တံခါးမှာ မရပ်တည်ပါနဲ့'

အဲဒီလိုပြောကာ လက်ဖျစ်တီးလိုက်တယ်။ မာရ်နတ်က သူရမ္ဗဋ္ဌရဲ့စကားကို ကြားရပြီး တစ်ဖန်စကားကိုဖြန်းကာ မပြောနိုင်တော့လို့ အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားတယ်။ သူရမ္ဗဋ္ဌလည်း ညနေပိုင်းမှာ ဘုရားရှင်ထံသွားကာ မာရ်နတ်ပြုလုပ်တဲ့ အမှုအရာကို လျှောက်ပြီး အောက်ပါစကားကို လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ မာရ်နတ်က တပည့်တော်ရဲ့သဒ္ဓါတရားကို အဲဒီလိုတုန်လှုပ်သွားအောင် ကြိုးစားခဲ့ပါတယ်'

ဘုရားရှင်က အဲဒီအကြောင်းကိစ္စကိုပဲ အကြောင်းပြုပြီး ဒီသာသနာမှာ သူရမ္ဗဋ္ဌလို 'ဉာဏ်နဲ့သက်ဝင်ယုံကြည်တဲ့ ငါ့တပည့်ဥပါသကာတွေထဲမှာ သူရမ္ဗဋ္ဌသူဌေးဟာ အသာဆုံး'လို့ သတ်မှတ်မိန့်ကြားတော်မူပါတယ်။ (အံ၊ ၁၊ ၄၊ ၃၀၅)

www.dhammaransi.com

# ဥဂ္ဂတသူဌေး

ဥဂ္ဂတသူဌေးဟာ ဟတ္ထိဂါမအရပ်က သူဌေးမျိုးမှာဖြစ်တယ်။ သူ့ကို ဥဂ္ဂတသတို့သားလို့ နာမည်မှည့်ကြတယ်။ သူဟာ နောင်အခါ အိမ်ထောင်ကျပြီး ဖခင်ကွယ်လွန်တော့ သူဌေးရာထူးကို ရတယ်။ အဲဒီအခါ ဘုရားရှင်က ရဟန်းအပေါင်းခြံရံပြီး လှည့်လည်ရာ ဟတ္ထိဂါမအရပ်ကို ရောက်သွားတယ်။ နာဂဝနဉယျာဉ်မှာ သီတင်းသုံးတယ်။ အဲဒီအခါ ဒီဥဂ္ဂတသူဌေးက ၇ ရက်ပတ်လုံး သေရည်မူးပြီး ကချေသည်တွေခြံရံကာ နာဂဝနဉယျာဉ်ကို သွားလှည့်လည်တယ်။ ဘုရားရှင်ကို မြင်ရပြီး အကြီးအကျယ် ရှက်ကြောက်သွားတယ်။ ဘုရားရှင်ထံ ချဉ်းကပ်တဲ့ ဥဂ္ဂတမှာ သေရည်မူးတာအားလုံး ကင်းပျောက်သွားတယ်။ သူဟာ ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်တယ်။ အဲဒီအခါ ဘုရားရှင်က သူ့အားတရားဟောတယ်။ တရားဒေသနာအဆုံးမှာ ၃ မဂ် ၃ ဖိုလ်ကို ထိုးထွင်းသိတယ်။

အဲဒီအချိန်ကစပြီး ကချေသည်တွေကို 'သင်တို့ ချမ်းသာသလို သွားကြပါ'လို့ စွန့်လွှတ်လိုက်တယ်။ ဒါနမှာ မွေ့လျော်ပြီး ရဟန်းသံဃာအား အလှူကိုပဲ လှူတယ်။ နတ်တွေက ညအခါမှာ လာပြီး 'သူကြွယ်၊ ဒီရဟန်းက ဝိဇ္ဇာသုံးပါးရထားတယ်။ ဒီရဟန်းက အဘိညာဉ် ၆ ပါး ရထားတယ်။ ဒီရဟန်းက သီလရှိတယ်၊ ဒီရဟန်းက သီလမရှိ' လို့သူဌေးအား ပြောတယ်။ သူဌေးက အဲဒီနတ်တွေရဲ့စကားကို ကြားရပြီးလည်း (သီလမရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့စပ်ပြီး သဒ္ဓါမပျက်ဘဲ) သီလရှိ ရဟန်းသံဃာအရိယာတွေရဲ့ဂုဏ်ကို အမှန်အတိုင်း သိမှတ်အာရုံပြု

www.dhammaransi.com



ကြည်ညိုတယ်။ လှူဖွယ်ပစ္စည်းကိုတော့ သီလရှိ၊ မရှိ ပုဂ္ဂိုလ်နှစ်မျိုးလုံးအား တူမျှတဲ့စိတ်ထားနဲ့ပဲ လှူတယ်။ ဘုရားရှင်အနီးမှာ ထိုင်ပြီးလည်း (သီလမရှိတဲ့ပုဂ္ဂိုလ်တွေရဲ့အပြစ်ကို လုံးဝမလျှောက်ထား၊ မပြောကြားဘဲ) သီလရှိပုဂ္ဂိုလ်တွေရဲ့ ဂုဏ်ကိုသာ ပြောကြားပါတယ်။ နောင်အခါမှာ ဘုရားရှင်က ဥဂ္ဂတသူဌေးကို သံဃာအား စိတ်ထားတူမျှစွာထားကာ ပြုစုတဲ့ ဘုရားတပည့် ဥပါသကာတွေထဲမှာ အသာဆုံးလို့ သတ်မှတ်ထားရှိတော်မူတယ်။ (အံ၊ ၄၊ ၁၊ ၃၀၄)

www.dhammaransi.com

# ဥဂ္ဂသူဌေး

ဥဂ္ဂသူဌေးဟာ ဝေသာလီမြို့က သူဌေးအမျိုးမှာ ဖြစ်တယ်။ သူမွေးဖွားတဲ့အခါ နာမည်ကို သတ်မှတ်မထားပါ။ နောင်အခါမှာတော့ သူ့ခန္ဓာကိုယ်ကလည်း မြင့်တက်လာတယ်။ ပြည့်ဖြိုးလာတယ်။ တန်ဆာဆင်ထားအပ်တဲ့ တုရိုဏ်တိုင်လို၊ မြှောက်ဆွဲထားအပ်တဲ့ ရွှေပုဆိုးလို အလွန်တင့်တယ်တယ်။ သူ့ရဲ့ဂုဏ်တွေကလည်း မြင့်မောက်ထင်ရှားလာတယ်။ သူဟာ အဲဒီခန္ဓာကိုယ်ရော၊ ဂုဏ်ပါ မြင့်တက်လာလို့ ဥဂ္ဂသူဌေးလို့ပဲ အမည်တွင်တယ်။ သူဟာ ဘုရားရှင်ကို ပထမအကြိမ် ဖူးရတဲ့အခါကပဲ သောတာပန်ဖြစ်ခဲ့တယ်။ နောင်အခါမှာ အောက်သုံးမဂ်၊ သုံးဖိုလ်ကိုလည်း မျက်မှောက်ပြုတယ်။ (အနာဂါမ်ဖြစ်သွားတယ်)။ သူဟာ အရွယ်ကြီးရင့်လာတဲ့အခါ ဆိတ်ငြိမ်ရာမှာရောက်ကာ ထိုင်ပြီးတွေးတယ်။

'ငါနှစ်သက်မြတ်နိုးတာကိုသာ ဘုရားရှင်အား လှူမယ်၊ မြတ်နိုးဖွယ်ကို လှူရင် မြတ်နိုးဖွယ်ကိုရတယ်ဆိုတဲ့ ဒီစကားကို ငါဟာ ဘုရားရှင်ရဲ့မျက်မှောက်မှာလည်း ကြားနာရဖူးတယ်။ ငါ့စိတ်ကိုသိပြီး ဘုရားရှင်ဟာ အိမ်တံခါးကိုကြွလာရင် ကောင်းပေစွ'

ဘုရားရှင်ကလည်း သူ့စိတ်ကိုသိပြီး ရဟန်းအပေါင်းခြံရံကာ နေအိမ်တံခါးမှာပဲ ထင်ရှားပေါ်လာတယ်။ သူဟာ 'ဘုရားရှင် ကြွလာတယ်'လို့ ကြားရပြီး အလွန်အကဲအားတက်ကာ ဘုရားရှင်ထံ သွားတယ်။ တည်ခြင်းငါးပါးနဲ့ ရှိခိုးပြီး ဘုရားရှင့်သပိတ်ကိုယူကာ အိမ်ထဲပင့်တယ်။ ခင်းထားတဲ့ဘုရားရှင့်နေရာမြတ်မှာ ဘုရားရှင့်ကို ထိုင်စေပါတယ်။ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို အရသာမြိုက်အမျိုးမျိုးတွေနဲ့

www.dhammaransi.com



ပြုစုလုပ်ကျွေးပါတယ်။ ဆွမ်းကိစ္စအဆုံးမှာ သင့်တင့်ရာအရပ်မှာ ထိုင်ပြီး ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ဘုရားရှင်ထံမှောက်မှာ 'မြတ်နိုးဖွယ်ကို လှူရင် မြတ်နိုးဖွယ်ကို ရတယ်'ဆိုတဲ့စကားကို နာကြား၊ ခံယူခဲ့ပါတယ်။ မြတ်စွာဘုရား၊ တပည့်တော် မြတ်နိုးတာမှန်သမျှကို တပည့်တော်ဟာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား လှူကိုလှူပါတယ် ဘုရား။ (လှူတာချည်းပါပဲ ဘုရား)။'

ဥဂ္ဂသူဌေးဟာ အဲဒီလိုဘုရားရှင်ကို အသိပေးလျှောက်ထားပြီး အဲဒီအချိန်မှစကာ သူမြတ်နိုးတာမှန်သမျှကို ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား လှူတယ်။ ဘုရားရှင်က နောင်အခါမှာ ဇေတဝန်ကျောင်းသီတင်းသုံးတော်မူတဲ့အခါ အဲဒီဥဂ္ဂဥပါသကာကို မြတ်နိုးဖွယ်လှူတဲ့ဒါယကာတွေထဲမှာ အမြတ်ဆုံး၊ အသာဆုံးအရာမှာ ထားတော်မူပါတယ်။ (အံ၊ ၄၊ ၁၊ ၃၀၃)

ဥဂ္ဂသူဌေးဟာ အင်ကြင်းပွင့်အဆင်းရှိတဲ့ ခဲဖွယ်၊ ဆီးသီးနဲ့ စီမံထားတဲ့ ဝက်သား၊ ကန်စွန်းရွက်ဆီပြန်ကြော်၊ ဆန်မည်းကို ရွေးဆယ်ဖယ်ရှားကာ အရည်သောက်ဟင်းများများ၊ စားမဲဟင်းလျာများများပါတဲ့ သလေးဆွမ်း၊ ကာသိတိုင်းဖြစ်အဝတ်၊ ပလ္လင်၊ မွေးရှည်ကော်ဇောကြီး၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ ဝံပိုင်ရေအခင်း၊ နီတဲ့မျက်နှာကြက်၊ အုံးနီနှစ်ဖက်ရှိနေရာတွေကို နှစ်ခြိုက်ပါတယ်။ 'အဲဒါတွေဟာ တကယ်တော့ ဘုရားရှင်အား မအပ်စပ်'လို့ ဥဂ္ဂသိပါတယ်။ အဲဒါတွေကို သနားသောအားဖြင့် ခံယူဖို့ ဘုရားရှင်ကို လျှောက်ပါတယ်။ ဘုရားရှင်က သနားသောအားဖြင့် ခံယူပါတယ်။ တန်ဖိုးတစ်သိန်းကျော်တန် စန္ဒကူးနှစ်ထိုင်ခုံကိုလည်း ခံယူဖို့ လျှောက်ထားလို့ ဘုရားရှင်က ခံယူတော်မူပါတယ်။ အဲဒီကနောက် ဘုရားရှင်က ဥဂ္ဂသူဌေးကို အောက်ပါစကားတွေနဲ့ အနုမောဒနာတရား ဟောကြားပါတယ်။

www.dhammaransi.com



'မြတ်နိုးဖွယ်ပစ္စည်းကို လှူသူဟာ မြတ်နိုးဖွယ်အကျိုးကို ရတယ်။ ဖြောင့်မတ်တဲ့ရဟန္တာတွေအား ကုသိုလ်ဆန္ဒနဲ့ အိပ်ရာနေရာ၊ စားဖွယ် သောက်ဖွယ်၊ ပစ္စည်းအသွယ်သွယ်တွေကို လှူသူ၊ လယ်ယာမြေကောင်းသဖွယ် ရဟန္တာတွေကို သိပြီး စွန့်လည်းစွန့်၊ လွှတ်လည်းလွှတ်၊ မစွဲလည်း မစွဲသူ သူတော်ကောင်းဟာ စွန့်နိုင်ခဲတာကို စွန့်ပြီး မြတ်နိုးဖွယ်ကို လှူလို့ မြတ်နိုးဖွယ်အကျိုးကို ရတယ်'

ဘုရားရှင်က အဲဒီလိုမိန့်ပြီး နေရာမှထသွားတော်မူတယ်။

အဲဒီကနောက် တစ်ချိန်မှာ ဝေသာလီပြည်သား ဥဂ္ဂသူဌေးဟာ ကွယ်လွန်တယ်။ သုဒ္ဓါဝါသဘုံတစ်ဘုံမှာ ဖြစ်တယ်။ အဲဒီအခါ ဘုရားရှင်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ်။ အဲဒီအခါ သန်းခေါင်ယံမှာ အလွန်နှစ်သက်ဖွယ်အဆင်းရှိပြီး ဇေတဝန်ကျောင်းတိုက်တစ်တိုက်လုံးကို ထွန်းလင်းစေကာ ဥဂ္ဂဗြဟ္မာဟာ ဘုရားရှင်ထံချဉ်းကပ်တယ်။ ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ ဥဂ္ဂဗြဟ္မာကို ဘုရားရှင်က မေးလို့ ဥဂ္ဂဗြဟ္မာက ဖြေတယ်။

'ဥဂ္ဂ၊ ဘယ်လို သင့်အလိုအတိုင်း ပြည့်စုံပါရဲ့လား။' (အရဟတ္တဖိုလ်ကို ရည်ရွယ်ပြီး မေးပါတယ်)

'မြတ်စွာဘုရား၊ တပည့်တော်အလိုအတိုင်း ပြည့်စုံပါတယ်။ (အဲဒီအချိန်မှာ ဥဂ္ဂဟာ ရဟန္တာဖြစ်သွားပါပြီ။)'

အဲဒီကနောက် ဘုရားရှင်က ဥဂ္ဂဗြဟ္မာကို အောက်ပါစကားတွေနဲ့ တရားဟောပါတယ်။

'မြတ်နိုးဖွယ်ကို လှူသူဟာ မြတ်နိုးဖွယ်ကို ရတယ်။
မွန်မြတ်တာကို လှူသူဟာ တစ်ဖန်မွန်မြတ်တာကို ရတယ်။
တောင့်တအပ်တာကို လှူသူဟာ တောင့်တအပ်တာကို ရတယ်။
ချီးမွမ်းဖွယ်ကို လှူသူဟာ ချီးမွမ်းဖွယ်နေရာကို ရောက်တယ်။
အထွတ်အမြတ်ပစ္စည်း၊ တောင့်တအပ်တဲ့ပစ္စည်း၊ ချီးမွမ်းဖွယ်

www.dhammaransi.com



ပစ္စည်းကို လှူလေ့ရှိသူဟာ ဖြစ်လေရာရာ ဘဝဘဝမှာ အသက်ရှည်တယ်။ အခြံအရံများတယ်။' (အံ၊ ပါဠိ၊ ၃၊ ၄၃)

အခါတစ်ပါးမှာ ဘုရားရှင်ဟာ ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာကျောင်းတိုက်မှာ သီတင်းသုံးတယ်။ အဲဒီမှာ ဘုရားရှင်က ရဟန်းတွေကို မိန့်တယ်။

'ရဟန်းတို့၊ ဝေသာလီပြည်သား ဥဂ္ဂသူဌေးကို အံ့ဖွယ်တရား ၈ ပါးနဲ့ ပြည့်စုံသူလို့ မှတ်ယူကြလော့'

အဲဒီစကားကို မိန့်ပြီး ဘုရားရှင်က ဂန္ဓကုဋီကျောင်းထဲ ဝင်သွားပါတယ်။ အဲဒီအခါ ရဟန်းတစ်ပါးက နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်၊ သပိတ် သင်္ကန်းကို ယူကာ ဥဂ္ဂသူဌေးရဲ့အိမ်ကို သွားကာ အသင့်ခင်းထားတဲ့ နေရာမှာ ထိုင်ပါတယ်။ (ဥဂ္ဂသူဌေးအိမ်မှာ ရဟန်း ၅၀၀ ထိုင်နေရန် နေရာ ၅၀၀ အမြဲခင်းထားပြီး ရှိပါတယ်။) အဲဒီအခါ ဥဂ္ဂသူဌေးက အဲဒီရဟန်းရှိရာကို ချဉ်းကပ်ပြီး အဲဒီရဟန်းကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ သူ့ကို အဲဒီရဟန်းက မေးပါတယ်။

'သူဌေး၊ သင့်ကို ဘုရားရှင်က အံ့ဖွယ် ၈ ပါးနဲ့ ပြည့်စုံသူလို့ မိန့်ကြားတယ်။ အဲဒီ ၈ ပါးက ဘာတွေပါလဲ'

'အရှင်ဘုရား၊ ဘယ်အံ့ဖွယ်တွေနဲ့ တပည့်တော်ပြည့်စုံတယ်လို့ ဘုရားရှင် မိန့်တော်မူတာကိုတော့ တပည့်တော်မသိပါ။ တကယ်တော့ တပည့်တော်မှာ အံ့ဖွယ် ၈ ပါး ရှိပါတယ်။ အဲဒီ ၈ ပါးကို နားထောင်တော်မူပါတယ်။ ကောင်းစွာနှလုံးသွင်းတော်မူပါ။ တပည့်တော် လျှောက်ထားပါမယ်'

ရဟန်းက 'ကောင်းပါပြီ သူဌေး'လို့ ဝန်ခံတယ်။ ဥဂ္ဂက အောက်ပါအတိုင်း လျှောက်တယ်။

၁။ အရှင်ဘုရား တပည့်တော်ဟာ ဘုရားရှင်ကို ပထမအကြိမ် အဝေးမှပင် ဖူးတွေ့ခဲ့ရပါတယ်။ ဖူးတွေ့ရတာနဲ့တစ်ပြိုင်နက်ပဲ

www.dhammaransi.com



တပည့်တော်ရဲ့စိတ်ဟာ ဘုရားရှင်အပေါ် အကြွင်းမဲ့ယုံကြည် ကြည်ညိုသွားပါတယ် ဘုရား။ ဟုတ်လေသလား၊ မဟုတ်လေသလားလို့ ကြဲစည်မှုမျှတောင် မဖြစ်ပါ။ ဒီပုဂ္ဂိုလ်သာ ဗုဒ္ဓလို့ စိတ်က ကြည်လင်ကြည်ညိုသွားပါတယ်။ အနောက်အကျူ မရှိပါ။

၂။ အရှင်ဘုရား၊ တပည့်တော်က ဘုရားရှင်ထံ ကြည်ညိုစိတ်နဲ့ ချဉ်းကပ်ခဲ့ပါတယ်။ ဘုရားရှင်က တပည့်တော်အား အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောပါတယ်။ သစ္စာလေးပါးကိုလည်း ဟောပါတယ်။ တပည့်တော်ဟာ အနာဂါမ်အရိယာ ဖြစ်ခဲ့ပါတယ်။ လောကုတ္တရာသရဏဂုံ ခံယူကာ မေထုန်ရှောင်ကြဉ်မှုလျှင် ငါးခုမြောက်ရှိတဲ့ သိက္ခာပုဒ်တွေကို ဆောက်တည်ခဲ့ပါတယ်။

၃။ အရှင်ဘုရား၊ တပည့်တော်မှာ နုနယ်ပျိုမျစ်တဲ့ မယား ၄ ယောက် ရှိပါတယ်။ တပည့်တော်ဟာ သူတို့ထံသွားကာ သူတို့ကို ပြောပါတယ်။

'နှမတို့၊ ငါဟာ မေထုန်ရှောင်ကြဉ်မှုလျှင် ငါးခုမြောက်ရှိတဲ့ သိက္ခာပုဒ်တွေကို ဆောက်တည်ထားပါတယ်။ အလိုရှိရင် ဒီအိမ်မှာပဲ စည်းစိမ်တွေကိုလည်း သုံးစွဲပါ၊ ကောင်းမှုတွေကိုလည်း ပြုလုပ်ပါ။ ဒါမှမဟုတ် ဆွေမျိုးမိဘအိမ် ပြန်ချင်ရင်လည်း ကိုယ်စားသောက်လောက်ရုံ ဥစ္စာကို ယူဆောင်ကာ ပြန်ပါ။ ဒါမှမဟုတ် အခြားယောကျ်ားကို လိုချင်ရင်လည်း 'ဘယ်သူ့အား ငါက သင်တို့ကို ပေးရမလဲ'လို့ ပြောပါ'

အဲဒီလိုပြောတော့ မယားကြီးက 'အရှင့်သား၊ ကျွန်မကို ဘယ်ယောကျ်ားအား သင်က ပေးလိုက်ပါ'လို့ ပြောတယ်။ တပည့်တော်က အဲဒီယောကျ်ားကို အခေါ်ခိုင်းပြီး လက်ဝဲလက်နဲ့

www.dhammaransi.com



မယားကြီးကိုကိုင်ကာ လက်ယာလက်နဲ့ ရေကရားကို ကိုင်ပြီး အဲဒီယောက်ျားအား စွန့်လှူလိုက်ပါတယ်။ အဲဒီလိုစွန့်လှူလို့ တပည့်တော်မှာ စိတ်တစ်မျိုးပြောင်းလဲ ဖောက်ပြန်မသွားပါ။

၄။ အရှင်ဘုရား၊ တပည့်တော်ရဲ့အိမ်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေကို အကျင့်ကောင်းရှိတဲ့ သီလရှိပုဂ္ဂိုလ် မခွဲခြားပါ။ (ဒီလောက်ကို လှူမယ်၊ ဒီလောက်ကို မလှူ၊ ဒါကို လှူမယ်၊ ဒါကို မလှူအံ့လို့ စိတ်ဖြစ်ရင် စည်းစိမ်ဥစ္စာကို သီလရှိပုဂ္ဂိုလ်တွေနဲ့ ခွဲခြားသည် မည်တယ်။ တပည့်တော်မှာ အဲဒီလိုမဟုတ်ပါ။ တကယ်တော့ တပည့်တော်စည်းစိမ်တွေဟာ သံဃာပိုင်လို၊ ဂိုဏ်းပိုင်လို သီလရှိ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံကြတယ်လို့သာ စိတ်ထားပါတယ်။)

၅။ အရှင်ဘုရား၊ တပည့်တော်က ရဟန်းကို ဆည်းကပ်ရင် ရိုရို သေသေပဲ ဆည်းကပ်ပါတယ်။ မရိုမသေမဆည်းကပ်ပါ။

၆။ အရှင်ဘုရား၊ အဲဒီအရှင်မြတ်က တပည့်တော်အား တရားဟော ရင် တပည့်တော်က ရိုရိုသေသေပဲ နာယူပါတယ်။ မရိုမသေ မနာယူပါ။

၇။ အရှင်ဘုရား၊ တပည့်တော်ကို နတ်တွေက ချဉ်းကပ်ပြီး 'သူဌေး၊ ဘုရားရှင်က တရားကို ကောင်းစွာဟောကြားထားပါ တယ်'လို့ ပြောကြပါတယ်။ အဲဒီလိုပြောကြတဲ့အခါ တပည့် တော်က အဲဒီနတ်တွေကို 'သင်နတ်တို့က ဒီလိုပြောပြော၊ မပြောပြော တကယ်တော့ ဘုရားရှင်က တရားကိုကောင်းစွာ ဟောကြားထားပါတယ်'လို့ ပြောပါတယ်။ 'ငါ့ထံ နတ်တွေ ချဉ်းကပ်ကြတယ်။ ငါဟာ နတ်တွေနဲ့အတူ စကားပြောရတယ်' လို့ အဲဒါတွေကို အကြောင်းပြုပြီး စိတ်မတက်ကြွပါ။

၈။ အရှင်ဘုရား၊ အောက်ကာမဘုံသို့ဆွဲတတ်တဲ့ သံယောဇဉ် ၅ မျိုးထဲက မိမိမှာ မပယ်ရသေးတဲ့ သံယောဇဉ်တစ်ခုတလေကိုမျှ မတွေ့မြင်ပါ။

www.dhammaransi.com



အရှင်ဘုရား၊ တပည့်တော်မှာ အဲဒီအံ့ဖွယ် ၈ ပါး ရှိပါတယ်။
ဘုရားရှင် ရည်ရွယ်မိန့်တော်မူတဲ့ အံ့ဖွယ် ၈ ပါးကိုတော့
တပည့်တော် မသိပါ။

အဲဒီအခါ အဲဒီရဟန်းက ဥဂ္ဂသူဌေးအိမ်မှ ဆွမ်းခံယူပြီး နေရာမှထကာ ဖဲသွားခဲ့ပါတယ်။ ဆွမ်းခံပြန်မှာ ဘုရားရှင်ထံချဉ်းကပ် ရှိခိုးပြီး သင့်တင့်ရာအရပ်မှာထိုင်ကာ ဥဂ္ဂသူဌေးနဲ့ ပြောခဲ့သမျှကို လျှောက်ထားပြပါတယ်။

'ရဟန်း၊ သာဓု သာဓု၊ ကောင်းစွာ ဖြေလိုသူဟာ ဥဂ္ဂဖြေသလိုပဲ ဖြေရမယ်။ ဥဂ္ဂဟာ အဲဒီအံ့ဖွယ် ၈ ပါးနဲ့ ပြည့်စုံတယ်လို့ ငါပြောတယ်။ ဥဂ္ဂကို အဲဒီအံ့ဖွယ် ၈ မျိုးနဲ့ ပြည့်စုံတယ်လို့ သင်ဟာ မှတ်ယူပါ။

(အံ၊ ပါဠိ၊ ၃၊ ၄၇)

www.dhammaransi.com

# မဟာနာမ်သာကီဝင်

သူဟာ ကပိလဝတ္ထုမြို့က သာကီဝင်မင်းမျိုးမှာ ဖြစ်ကာ အရွယ်ရောက်တော့ ဘုရားရှင်ကို ပထမအကြိမ် ဖူးမြင်ရတဲ့အခါ သောတာပန်ဖြစ်ခဲ့ပါတယ်။ တစ်ချိန်မှာ ဘုရားရှင်က ဝေရဉ္စာပြည်မှာ ဝါဆိုပြီး အစဉ်အတိုင်း ကပိလဝတ္ထုကို ကြွကာ နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးတယ်။ မဟာနာမ်က 'ဘုရားရှင် ကြွလာတယ်'လို့ ကြားရပြီး ဘုရားရှင်ထံ သွားကာ ရှိခိုးတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်ပြီး ဘုရားရှင်ကို ဒီလို လျှောက်ထားတယ်။

'မြတ်စွာဘုရား၊ ရဟန်းသံဃာက ဝေရဉ္စာပြည်မှာ ဆွမ်းခံလှည့်လည်ရလို့ ပင်ပန်းသတဲ့လို့ တပည့်တော် ကြားရပါတယ်။ တပည့်တော်အား ၄ လ ပတ်လုံး ရဟန်းသံဃာကို ပြုစုဖို့ ဝန်ခံချက်ပေးတော်မူပါ။ တပည့်တော်ဟာ ရဟန်းသံဃာရဲ့ ခန္ဓာကိုယ်မှာ အဆီဩဇာကို သွင်းပါမယ်'

ဘုရားရှင်က လက်ခံပါတယ်။ မဟာနာမ်က ဘုရားရှင်လက်ခံတာကို သိပြီး နောက်နေ့မှစကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို မွန်မြတ်တဲ့အရသာရှိတဲ့ ဘောဇဉ်၊ စတုမဓုစသည်တွေနဲ့ ပြုစုတယ်။ တစ်ဖန် ၄ လပတ်လုံး ပဋိညာဉ် (ဝန်ခံချက်) ကိုယူပြီး ၈ လ ပြည့်စေပါတယ်။ တစ်ဖန် ၄ လ ဝန်ခံချက်ကိုယူကာ တစ်နှစ်ပတ်လုံး ပြုစုလုပ်ကျွေးပါတယ်။ ဘုရားရှင်က အဲဒီကနောက် ဝန်ခံချက် မပေးတော့ပါ။ မဟာနာမ်ကတော့ အဲဒီအချိန်ကစပြီး ထပ်ခါတလဲလဲ ရောက်လာတဲ့ ရဟန်းသံဃာအား အဲဒီနည်းနဲ့ ပူဇော်မှုပြုပါတယ်။ သူ့ရဲ့ အဲဒီဂုဏ်ဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ထင်ရှားပါတယ်။ ဘုရားရှင်က

www.dhammaransi.com



နောင်အခါမှာ ဇေတဝန်ကျောင်းမှာထိုင်ပြီး မဟာနာမ်သာကီဝင်ကို မွန်မြတ်တာကိုလှူတဲ့ ဥပါသကာတွေထဲမှာ အသာဆုံးအရာမှာ ထားတော်မူပါတယ်။ (အံ၊ ၄၊ ၁၊ ၃၀၂)

မဟာနာမ်သာကီဝင်က သူ့ညီအနုရုဒ္ဓထံ ချဉ်းကပ်ပြီး ပြောတယ်။

'ငါ့ညီ၊ ငါတို့ရဲ့အမျိုးထဲက ရဟန်းဝတ်သူ မရှိပါ။ သင်ရင်လည်း ရဟန်းဝတ်ပါ၊ သင်မဝတ်ရင် ငါ ရဟန်းဝတ်ပါမယ်'

'အဲဒီရဟန်းအဖြစ်ဆိုတာ ဘယ်လိုပါလဲ'

'ရဟန်းဆိုတာ ဆံ မုတ်ဆိတ်တွေကို ပယ်ရှားရတယ်။ ဖန်ရည်ဆိုး သင်္ကန်းကိုဝတ်ရတယ်။ သစ်သား အခင်း သို့မဟုတ် ကြိမ်းကျဲကျဲခင်းထားတဲ့ ခုတင်ပေါ် အိပ်ကာ ဆွမ်းခံလှည့်လည်ပြီး နေရတယ်'

'အဲဒါက ရဟန်းအဖြစ်လား၊ နောင်တော်၊ ငါက သိမ်မွေ့ပါတယ်။ ငါ ရဟန်းမဝတ်နိုင်ပါ'

'ငါ့ညီ၊ ဒီလိုဆိုရင် အလုပ်ကို သင်ယူပြီး လူ့ဘောင်မှာ နေပါ။ ဟုတ်တယ်၊ ငါတို့ထဲက တစ်ယောက်ဟာ ရဟန်းမဝတ်ဘဲ မနေသင့်ပါ'

'အဲဒီအလုပ်ဆိုတာ ဘာပါလဲ'

အနုရုဒ္ဓါဟာ 'မရှိ'ဆိုတဲ့စကားကိုတောင် မကြားဖူးပါ။ ထမင်းဖြစ်ရာနေရာကိုတောင် မသိတဲ့အနုရုဒ္ဓါဟာ အလုပ်ဆိုတာကို ဘယ်သိပါ့မလဲ။

'ပထမဆုံးလယ်ကိုထွန်ရတယ်'စသည်ဖြင့် နှစ်စဉ်နှစ်တိုင်း လုပ်ရမယ့်အလုပ်ကို ပြောပြတယ်။

'အဲဒီအလုပ်ဟာ ဘယ်တော့မှ ဆုံးမှာလဲ၊ ဘယ်တော့ ငါတို့က ကြောင့်ကြမဲ့ပြီး စည်းစိမ်တွေကို ခံစားကြရပါ့မလဲ'

အဲဒီလို အလုပ်တွေအဆုံးမရှိပုံကို ပြောပြတဲ့အခါ အနုရုဒ္ဓါက ပြောတယ်။

'ဒီလိုဆိုရင် အစ်ကိုပဲ လူ့ဘောင်မှာနေပါ၊ ငါက လူ့ဘောင်မှာ မနေလိုပါ'

www.dhammaransi.com



အနုရုဒ္ဓါက ရဟန်းဝတ်သွားပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၈၇)

ဝါသဘခတ္တိယာဟာ ရုပ်ချောပါတယ်။ မဟာနာမ်သာကီဝင်ရဲ့ သမီးဖြစ်ပါတယ်။ ကောသလမင်းနဲ့ ဝါသဘခတ္တိယာတို့မှ ဝိဋူဋူဘမင်းသားကို မွေးဖွားပါတယ်။ ဝါသဘခတ္တိယာဟာ မဟာနာမ်ရဲ့ကျွန်မ ဝမ်းဗိုက်မှာ ဖြစ်ခဲ့ပါတယ်။ သာကီဝင်တွေကို ဝိဋူဋူဘက ဖမ်းပြီးတဲ့ အခါ သူ့အဖိုး မဟာနာမ်ကို ခေါ်လာကာ ပြန်လာတယ်။ 'နံနက်စာ ချိန်မှာ နံနက်စာ စားမယ်'လို့ ကြံကာ ဝိဋူဋူဘက သက်ဆင်းပြီး စားဖွယ်ကို လာပို့တဲ့အခါ 'တစ်ပေါင်းတည်းပဲ ငါတို့စားကြမယ်'လို့ ပြောကာ အဖိုးမဟာနာမ်ကို ခေါ်ခိုင်းတယ်။ ခတ္တိယ မင်းမျိုးတွေဆိုတာ ကတော့ အသက်ကို စွန့်ကြရပေမယ့်လည်း ကျွန်မသားတွေနဲ့ အတူ မစားကြ။ ဒါကြောင့် မဟာနာမ်က ရေကန်တစ်ကန်ကိုကြည့်ပြီး 'ငါ့မြေး၊ ငါ့ခန္ဓာကိုယ်ဟာ ညစ်ပေတယ်၊ ငါရေချိုးမယ်'လို့ ပြောတယ်။ ဝိဋူဋူဘက 'အဖိုး၊ ကောင်းပါပြီ၊ ရေချိုးပါ'လို့ ပြောတယ်။ မဟာနာမ်က 'ဝိဋူဋူဘဟာ တစ်ပေါင်းတည်း မစားတဲ့ငါ့ကို သတ်လိမ့်မယ်။ ကိုယ်တိုင်ပဲ ငါဟာ သေတာမြတ်တယ်'လို့ ကြံပြီး ဆံပင်တွေကို ဖြေကာ အဖျားမှာ အထုံးပြုလုပ်တယ်။ ဆံပင်တွေမှာ ခြေမတွေကိုသွင်းကာ ရေမှာ နစ်မြုပ်တယ်။ မဟာနာမ်ရဲ့ဂုဏ်အစွမ်းကြောင့် နဂါးပြည်က ပူတဲ့အခြင်းအရာကို ပြတယ်။ နဂါးမင်းက 'ဘာလဲ'လို့ စူးစမ်းတဲ့ အခါ အဲဒီအခြေအနေကိုသိပြီး မဟာနာမ်ထံ လာကာ မဟာနာမ်ကို သူ့ပါးပျဉ်းမှာ ထိုင်စေကာ နဂါးပြည်ကို သွင်းတယ်။

မဟာနာမ်ဟာ ၁၂ နှစ်ပတ်လုံး အဲဒီနဂါးပြည်မှာပဲ နေတယ်။ ဝိဋူဋူဘကလည်း 'ငါ့ရဲ့အဘိုးဟာ အခုလာလိမ့်မယ်၊ အခုလာလိမ့်မယ်' လို့ စောင့်ဆိုင်းရင်းပဲ ထိုင်တယ်။ အဘိုးက အလွန်ကြာမြင့်တဲ့အခါ ရေအိုင်ကို စစ်ဆေးခိုင်းပြီး ဆီမီးရောင်နဲ့ အတွင်းယော့ကျားတွေကို တောင် ကြည့်ပြီး မတွေ့လို့ 'သွားတာဖြစ်လိမ့်မယ်'လို့ ယူဆကာ ဖဲသွားတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၂၇)

www.dhammaransi.com



'မြတ်စွာဘုရားက တစ်ဖက်၊ ရဟန်းသံဃာ၊ ရဟန်းမသံဃာ၊ ဥပါသကာ၊ ဥပါသိကာမ၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာနဲ့တကွဖြစ်တဲ့ လောက၊ သမဏ၊ ဗြာဟ္မဏ၊ နတ်၊ လူနဲ့တကွ သတ္တဝါအပေါင်းက တစ်ဖက်ဖြစ်ဖို့ အကြောင်းကိစ္စပေါ်လာရင် တပည့်တော်က ဘုရားရှင် ဘက်ကပဲ ပါပါတယ်ဘုရား။ တပည့်တော်ကို အဲဒီလောက် ဘုရားရှင် အပေါ် ကြည်ညိုတယ်လို့ ဘုရားရှင်က မှတ်ယူတော်မူပါ'လို့ မဟာနာမ် သာကီဝင်က ဘုရားရှင်အား လျှောက်ထားခဲ့ပါတယ်။

မဟာနာမ်မှာ ဒီလိုတွေးပါတယ်။

'ရဟန်းသံဃာက သူတို့မှာ အကုန်သိဉာဏ် မရှိလို့ မသိဘဲ လည်း ပြောနိုင်တယ်၊ ဘုရားရှင်မှာတော့ မသိတာ မရှိပါ'

ဒါကြောင့် အထက်ပါအတိုင်း မဟာနာမ်က လျှောက်ပါတယ်။

(သံယုတ်၊ ၃၊ ၃၂၆)

သွားလာလှုပ်ရှားနေတဲ့ ဆင်၊ မြင်း၊ ရထား၊ လှည်း၊ ယောကျ်ား တွေနဲ့ လူတွေရှုပ်၊ လမ်းကျဉ်းများတဲ့ ကပိလဝတ္ထုမြို့ထဲ တွေ့ကြုံရတဲ့ အခါ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို အမှတ်ရတဲ့သတိ ကင်းပျောက်သွားပါတယ်။ အဲဒီလိုအခါမျိုးမှာ 'ငါသေရင် ဘယ်ဘဝ ရောက်ရမှာပါလဲ'လို့ တွေးမိကြောင်းကို မဟာနာမ်က ဘုရားရှင်အား လျှောက်ပါတယ်။

'မဟာနာမ်၊ မကြောက်နဲ့၊ မဟာနာမ်၊ မကြောက်နဲ့။ သင့်မှာ မကောင်းတဲ့သေခြင်း မဖြစ်လတ္တံ့'လို့ မိန့်ကာ 'သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတွေနဲ့ သင့်စိတ်ဟာ ထုံထားတာမို့ အထက်ကောင်းရာကိုပဲ ရောက်မယ်'လို့ မိန့်ပါတယ်။

ထောပတ်၊ ဆီအိုး၊ ရေနက်ထဲကွဲရင် အိုးခြမ်းကွဲသာ အောက် မြုပ်တယ်၊ ထောပတ်၊ ဆီက အထက်တက်တယ်ဆိုတဲ့ ဥပမာနဲ့လည်း မိန့်သွားပါတယ်။ (သံ၊ ၃၊ ၃၂၂)

www.dhammaransi.com

# နကုလရဲ့ အမေနဲ့ အဖေ

နကုလပိတာဟာ ဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့က သူဌေးအမျိုးမှာ ဖြစ်တယ်။ ဘုရားရှင်ကလည်း ရဟန်းအပေါင်းခြံရံကာ ခရီးလှည့်လည်တဲ့အခါ အဲဒီသုသုမာရဂိရိမြို့ကို ရောက်ပြီး ဘေသကဠာတောမှာ သီတင်းသုံးတယ်။ အဲဒီအခါ နကုလပိတာသူကြွယ်က သုသုမာရဂိရိမြို့နေလူတွေနဲ့အတူ ဘုရားရှင်ထံသွားကာ ပထမဆုံးဖူးမြင်ရတာနဲ့ပဲ နကုလပိတာရော၊ နကုလမာတာပါ ဘုရားရှင်ကို 'ဒီသူဟာ ငါတို့ရဲ့သားပဲ'လို့ အမှတ်ထားကာ နှစ်ယောက်လုံးပဲ ဘုရားရှင်ခြေတော်တွေမှာ ပျပ်ဝပ်ကာ လျှောက်ကြတယ်။

'ချစ်သား၊ သင်ဟာ ဒီလောက်ကာလပတ်လုံး ငါတို့ကိုစွန့်ပစ်ပြီး ဘယ်မှာ လှည့်လည်နေပါသလဲ'

ဒီနကုလပိတာသူကြွယ်က ရှေးဘဝ ၅၀၀ ပတ်လုံး ဘုရားရှင်ရဲ့ ဖခင်ဖြစ်ခဲ့ပါတယ်။ ဘဝ ၅၀၀ ပတ်လုံး ဘထွေးဖြစ်ခဲ့တယ်။ ဘဝ ၅၀၀ ပတ်လုံး ဘကြီးဖြစ်ခဲ့တယ်။ ဘဝ ၅၀၀ ပတ်လုံး ဦးကြီး (အမေ့မောင်) ဖြစ်ခဲ့တယ်။ နကုလမာတာကလည်း ဘဝ ၅၀၀ ပတ်လုံး ဘုရားရှင်ရဲ့ မိခင်ဖြစ်ခဲ့တယ်။ ဘဝ ၅၀၀ ပတ်လုံး ဒေါ်လေး (အမေ့ညီမ) ဖြစ်ခဲ့တယ်။ ဘဝ ၅၀၀ ပတ်လုံး ဒေါ်ကြီး (အမေ့အစ်မ) ဖြစ်ခဲ့တယ်။ ဘဝ ၅၀၀ ပတ်လုံး အရီး (အဖေ့နမ) ဖြစ်ခဲ့တယ်။ အဲဒီလို အချိန်ကြာမြင့်စွာ ချစ်ခင်မှုက အစဉ်လိုက်လာလို့ ဘုရားရှင်ကို မြင်လျှင်မြင်ချင်းပဲ သားလို့အမှတ်ပြုကာ ကောင်းစွာမတည်နိုင်ကြ၊ ဘုရားရှင်က သူတို့ရဲ့ စိတ်ကျေနပ်မှု မရသေးသမျှ 'ဖယ်သွားကြ'လို့ မပြောပါ

www.dhammaransi.com



အဲဒီအခါ သူတို့ရဲ့စိတ်အလိုအတိုင်း သတိရပြီး အလယ်အလတ်ဖြစ်တဲ့ သူတို့ရဲ့ အဇ္ဈာသယကို သိကာ တရားဟောပါတယ်။ တရားဒေသနာ အဆုံးမှာ နှစ်ယောက်လုံးပဲ သောတာပန်ဖြစ်သွားကြပါတယ်။

ဘုရားရှင်က နောင်အခါမှာ သူတို့အသက်ကြီးလာတဲ့အခါ တစ်ဖန် အဲဒီမြို့ကိုကြွပါတယ်။ သူတို့ဇနီးမောင်နှံက 'ဘုရားရှင်ကြွလာတယ်'လို့ ကြားရပြီး ဘုရားရှင်ထံသွားကာ တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ နက်ဖြန်ကောင်းမှုအတွက် ပင့်ဖိတ်ပြီး နောက်နေ့မှာ သူတို့အိမ်မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို အကောင်းဆုံးအရသာအမျိုးမျိုးတွေနဲ့ ပြုစုလုပ်ကျွေးတယ်။ ဆွမ်းကိစ္စပြီးတဲ့ ဘုရားရှင်ထံချဉ်းကပ်ပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကြတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်နေတဲ့ နကုလပိတာသူကြွယ်က ဘုရားရှင်ကို အောက်ပါအတိုင်း လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ဟာ ငယ်ရွယ်စဉ်ကပဲ ငယ်ရွယ်သူ နကုလမာတာကို ထိမ်းမြားဆောင်ယူခဲ့တဲ့အချိန်ကစပြီး စိတ်နဲ့တောင် နကုလမာတာကို လွန်ပြီးကျင့်တာကို တပည့်တော် မသိစဖူးပါ။ ကိုယ်နဲ့ကတော့ ပြောစရာတောင်မလိုပါ။ တပည့်တော်တို့ဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ အချင်းချင်းကို မြင်တွေ့လိုကြပါတယ်'

နကုလမာတာကလည်း ဘုရားရှင်ကို အောက်ပါအတိုင်း လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ ငယ်ရွယ်တဲ့တပည့်တော်ကို နကုလပိတာ ငယ်ရွယ်စဉ်ကပဲ ဆောင်ယူခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး နကုလပိတာကို စိတ်နဲ့တောင် လွန်ပြီးကျင့်တာကို တပည့်တော် မသိစဖူးပါ။ ကိုယ်နဲ့ကတော့ ပြောစရာတောင် မလိုပါ။ တပည့်တော်တို့ဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ အချင်းချင်းကို တွေ့မြင်လိုကြပါတယ်'

ဘုရားရှင်က အခုဘဝမှာရော နောင်ဘဝမှာပါ အချင်းချင်းကို

www.dhammaransi.com



မြင်တွေ့လိုကြရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူမျှကြဖို့ မိန့်တော်မူပါတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာထိုင်ပြီး နကုလပိတာကို ငါဘုရားရှင်နဲ့ အကျွမ်းတဝင် ခင်မင်ရင်းနှီးတဲ့စကားကို ပြောဆိုတဲ့တပည့်ဥပါသကာတွေထဲမှာ အသာဆုံးအရာမှာ ထားရှိတော်မူပါတယ်။

(အံ၊ ၄၊ ၁၊ ၃၀၇)

www.dhammaransi.com

# ဗာဟိယဒါရုစီရိယ

တစ်ချိန်မှာ များစွာသောလူတွေဟာ လှေနဲ့ သမုဒ္ဒရာကြီးထဲ သွားကြတယ်။ သမုဒ္ဒရာကြီးထဲ လှေကွဲတယ်။ ငါး၊ လိပ်တွေရဲ့အစာ ဖြစ်ကုန်တယ်။ အဲဒီလူတွေထဲက တစ်ယောက်ပဲ ပျဉ်ချပ်တစ်ချပ်ကို ယူပြီး ကြိုးစားတဲ့အခါ သုပ္ပါရကပဋ္ဋနဆိပ်ကမ်းကို ရောက်သွားတယ်။ သူ့မှာ ဝတ်စရာ၊ ရုံစရာအဝတ်မရှိတော့။ သူက အခြားအရာကို မတွေ့လို့ သစ်သားတုတ်ခြောက်တွေကို လျှော်မျှင်တွေနဲ့ ရစ်ပတ်ပြီး ဝတ်စရာ၊ ရုံစရာလုပ်ကာ နတ်စင်က ခွက်ကိုယူပြီး သုပ္ပါရကပဋ္ဋနရွာထဲ သွားတယ်။ လူတွေက သူ့ကိုမြင်ပြီး ယာဂု၊ ထမင်းစသည်တွေကို ပေးကာ 'ဒီသူဟာ ရဟန္တာတစ်ပါးပဲ'လို့ ချီးမွမ်းကြတယ်။ သူဟာ အဝတ်တွေကို သူ့ထံဆောင်ယူလာကြတဲ့အခါ 'ငါဟာ ဝတ်မယ်၊ ရုံမယ်ဆိုရင် ငါ့မှာ လာဘ်ပူဇော်မှု ယုတ်လျော့လိမ့်မယ်'လို့ ကြံပြီး အဲဒီအဝတ်တွေကို ပယ်မြစ်ကာ ဒါရုစီရ၊ တုတ်ချောင်းစီအဝတ်တွေကိုသာ ဝတ်ရုံတယ်။ သူ့ကို အများက 'ရဟန္တာ၊ ရဟန္တာ'လို့ ပြောလာကြတော့ သူ့မှာ ဒီလို အကြံပေါ်လာတယ်။

'လောကမှာ ရှိသမျှ ရဟန္တာတွေ၊ အရဟတ္တမဂ်ရောက်သူတွေထဲမှာ ငါဟာ တစ်ယောက်အပါအဝင်ပဲ'

ကဿပဘုရားရှင် သာသနာတော်နောက်ပိုင်း ကာလတုန်းက တောင်ကလပ်တစ်ခုပေါ်တက်ပြီး သက်စွန့်ကြိုးပမ်း တရားအားထုတ်ကြတဲ့ ရဟန်း ၇ ပါးထဲက အနာဂါမ်ဖြစ်နေတဲ့ ဗြဟ္မာကြီးက ဗာဟိယ ဒါရုစီရိယ ကို ကြည့်ပြီး ဒီလိုကြံတယ်။

www.dhammaransi.com



'ဒီဗာဟိယဒါရုစိရိယဟာ ငါနဲ့တူ လှေကားကိုထောင်ကာ တောင်ပေါ်တက်ပြီး ရဟန်းတရားကို အားထုတ်ခဲ့တယ်။ အခု ဒီအယူ ဝါဒကို ယူကာ လှည့်လည်ရင် ပျက်စီးသွားနိုင်၊ သူ့ကိုထိတ်လန့်စေမယ်'

အဲဒီဗြဟ္မာက ဗာဟိယဒါရုစိရိယထံ ချဉ်းကပ်ပြီး ဒီလိုပြော တယ်။

'ဗာဟိယ၊ သင်ဟာ ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်ကို ရောက်သူလည်းမဟုတ်၊ ရဟန္တာဖြစ်ကြောင်း အကျင့်လည်း သင့်မှာမရှိ'

ဗာဟိယက ကောင်းကင်မှာ ရပ်တည်ကာ ပြောတဲ့ မဟာဗြဟ္မာ ကို ကြည့်ပြီး ကြဲတယ်။

'ဝန်လေးတဲ့အမှုကို ပြုမိလေစွတကား၊ ငါဟာ ငါ့ကိုယ်ကို ရဟန္တာလို့ ထင်ခဲ့တယ်။ ဒီဗြဟ္မာကလည်း ငါ့ကို ရဟန္တာမဟုတ်လို့ ပြောနေတယ်။ လောကမှာ အခြားရဟန္တာရှိသေးသလား'

အဲဒီအခါ ဗာဟိယက အဲဒီဗြဟ္မာကို မေးတယ်။

'အို ဗြဟ္မာ၊ အခုအခါ လောကမှာ ရဟန္တာရှိပါသလား'

'ဗာဟိယ၊ မြောက်ပိုင်းဇနပုဒ်က သာဝတ္ထိမြို့မှာ အခု ဘုရားရှင် သီတင်းသုံးနေတယ်။ ဗာဟိယ၊ အဲဒီဘုရားရှင်က ရဟန္တာလည်း ဟုတ် တယ်၊ ရဟန္တာဖြစ်အောင်လည်း တရားဟောတယ်'

ဗာဟိယဟာ ညပိုင်းမှာ ဗြဟ္မာ့စကားကို ကြားရပြီး ထိတ်လန့် ကာ အဲဒီခဏမှာပဲ သုပ္ပါရကအရပ်မှ ထွက်ခွာတယ်။ အရပ်အားလုံးမှာ တစ်ညတစ်ညသာ နားနေကာ သာဝတ္ထိကိုသွားတယ်။ သွားတဲ့အခါမှာ လည်း ဗြဟ္မာရဲ့အစွမ်းနဲ့ သွားတယ်။ ဘုရားရှင်ရဲ့အစွမ်းနဲ့ သွားတယ် လို့လည်း ဆိုကြပါသေးတယ်။ အဲဒီခဏမှာ ဘုရားရှင်က သာဝတ္ထိမြို့ ထဲ ဆွမ်းခံဝင်နေတယ်။ ဗာဟိယက နံနက်စာစားပြီး ကိုယ်လေးလံမှုမှ လွတ်မြောက်အောင် လွင်တီးခေါင်မှာ စင်္ကြံသွားနေတဲ့ရဟန်းများစွာကို မေးတယ်။

www.dhammaransi.com



'အခု ဘုရားရှင်က ဘယ်အရပ်မှာပါလဲ'

'ဘုရားရှင်က သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်နေတယ်'

'သင်က ဘယ်ကလာခဲ့သလဲ'

'သုပ္ပါရကအရပ်က လာခဲ့ပါတယ်'

'ဘယ်အချိန်က ထွက်ခဲ့သလဲ'

'မနေ့ညနေက ထွက်ခဲ့ပါတယ်'

'သင်ဟာ အဝေးက လာခဲ့ရတယ်။ ထိုင်ပါ၊ သင့်ရဲ့ခြေတွေကို ဆေးကြောပြီး ဆီနဲ့လိမ်းကျံကာ ခဏအပန်းဖြေပါ။ ဘုရားရှင် ကြွလာတဲ့အခါ ဘုရားရှင်ကို ဖူးတွေ့ရပါလိမ့်မယ်။'

'အရှင်ဘုရားတို့၊ တပည့်တော်ဟာ ဘုရားရှင်ရဲ့ရော၊ တပည့်တော်ရဲ့ပါ အသက်အန္တရာယ်ကို မသိရပါ။ တစ်ညစီနဲ့ပဲ ဘယ်နေရာမှာမှ မရပ်နားဘဲ မထိုင်ဘဲ ယူဇနာ ၁၂၀ ရှိ လမ်းခရီးကို လာခဲ့ရပါတယ်။ ဘုရားရှင်ကို ဖူးပြီးမှပဲ အပန်းဖြေပါ့မယ်။'

ဗာဟိယဟာ အဲဒီလိုပြောပြီး အဆောတလျင် သာဝတ္ထိမြို့ကို ဝင်ကာ ဘုရားရှင် နှိုင်းယှဉ်စရာမရှိတဲ့ ဘုရားအသရေတော်နဲ့ ဆွမ်းခံဝင်နေတာကို ဖူးတွေ့ရတယ်။ 'ငါဟာ အချိန်ကြာမြင့်မှ ဘုရားရှင်ကို ဖူးတွေ့ရပေတယ်'လို့ တွေးကာ မြင်ရာအရပ်မှစပြီး ကိုယ်ကို ကိုင်းညွတ်သွားတယ်။ လမ်းခရီးအကြားမှာပဲ တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ ခြေဖမျက်တွေမှာ ခိုင်မြဲစွာကိုင်ပြီး ဒီလိုလျှောက်တယ်။

'မြတ်စွာဘုရား၊ တပည့်တော်အား တရားဟောတော်မူပါ။ အဲဒီတရားဟာ တပည့်တော်အတွက် အချိန်ကြာမြင့်စွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပါတယ်'

အဲဒီအခါ ဗာဟိယကို ဘုရားရှင်က ပယ်မြစ်တော်မူတယ်။

'ဗာဟိယ၊ အချိန်အခါမဟုတ်သေး၊ ငါဘုရားဟာ မြို့ထဲ ဆွမ်းခံဝင်နေသေးတယ်'

www.dhammaransi.com



အဲဒီစကားကိုကြားရပြီး ဗာဟိယက လျှောက်ပြန်တယ်။

'အရှင်ဘုရား၊ သံသရာမှာ ကျင်လည်သူဟာ စားဖွယ်အာဟာရကို ရှေးက မရဖူးတာ မရှိခဲ့ပါ။ အရှင်ဘုရားရဲ့ရော၊ တပည့်တော်ရဲ့ပါ အသက်အန္တရာယ်ကို မသိရပါ'

ဘုရားရှင်က နှစ်ကြိမ်မြောက်လည်း ပယ်ပါတယ်။ ဘုရားရှင်မှာ ဒီလိုအကြံဖြစ်ပေါ်ပါသတဲ့။

'ငါဘုရားကို ဖူးတွေ့ရချိန်ကစပြီး ဒီဗာဟိယရဲ့တစ်ကိုယ်လုံးမှာ ပီတိမပြတ် လွှမ်းမိုးနေတယ်။ ပီတိအဟုန်အားကြီးလို့ တရားနာပေမယ့် ထိုးထွင်းမသိနိုင်လတ္တံ့။ အလယ်အလတ်သဘောမှာ တည်ပါစေဦး။ တစ်ညတည်းနဲ့ ယူဇနာ ၁၂၀ ခရီးကို လာခဲ့ရလို့ ပင်ပန်းမှုလည်း အားကြီးတယ်။ ဒီပင်ပန်းမှုလည်း ငြိမ်းပျောက်ပါစေ'

ဒါကြောင့် နှစ်ကြိမ်တိုင်တိုင် ပယ်မြစ်ပြီး သုံးကြိမ်မြောက်တောင်းဆိုမှ လမ်းအကြားမှာ ရပ်ရင်းပဲ 'ဗာဟိယ၊ ဒါကြောင့် ဒီသာသနာမှာ မြင်ရင် မြင်ရုံမျှ၊ ကြားရင်၊ နံရင်၊ စားရင်၊ ထိရင်၊ သိရင် ကြားရုံမျှ၊ နံရုံမျှ၊ စားရုံမျှ၊ ထိရုံမျှ၊ သိရုံမျှ ဖြစ်ရမယ်'စသည်ဖြင့် တရားဟောပါတယ်။ ဗာဟိယက ဘုရားရှင်ရဲ့တရားကို နာရင်းပဲ ကိလေသာအာသဝေါအားလုံးကို ကုန်စေပြီး ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်တယ်။ အဲဒီခဏမှာပဲ ဘုရားရှင်ကို ရဟန်းအဖြစ် တောင်းတယ်။ 'သင့်မှာ သပိတ်၊ သင်္ကန်း ပြည့်စုံပြီလား'လို့ မေးလို့ 'မပြည့်စုံသေးပါ'လို့ ဖြေတယ်။ ဘုရားရှင်က ဗာဟိယကို 'ဒီလိုဆိုရင် သပိတ်သင်္ကန်း ရှာဦးလော့'လို့ ပြောကာ ဖဲသွားတယ်။

'ဒီဗာဟိယဟာ ကဿပဘုရားရှင်လက်ထက်မှာ နှစ်ပေါင်း ၂ သောင်းပတ်လုံး ရဟန်းတရားအားထုတ်တဲ့အခါ 'ရဟန်းဆိုတာ ကိုယ်တိုင်ပစ္စည်းတွေကိုရပြီး အခြားသူကို မကြည့်ဘဲ ကိုယ်တိုင်သာ သုံးဆောင်ဖို့သင့်တယ်'လို့ ရဟန်းတစ်ပါးအားတောင်မှ သပိတ်၊ သင်္ကန်း

www.dhammaransi.com



နဲ့ မချိုးဖြောက်ခဲ့။ ဒါကြောင့် ဗာဟိယမှာ တန်ခိုးနဲ့ပြီးတဲ့ သပိတ် သင်္ကန်း ဖြစ်မှာမဟုတ်'

အဲဒီလိုသိပြီး ဧဟိဘိက္ခုအဖြစ်နဲ့ ရဟန်းပြုမပေး။ သပိတ်၊ သင်္ကန်းရှာနေဆဲ ဗာဟိယကို ဘီလူးမတစ်ယောက်က နွားမဟန်ဆောင် ကာ လာပြီး ရင်ဘတ်ဝှေ့သတ်လိုက်တယ်။ ဘုရားရှင်က ဆွမ်းခံလှည့် လည်ပြီး ဆွမ်းကိစ္စပြီးတော့ ရဟန်းအများနဲ့အတူ ထွက်တော်မူတဲ့အခါ အမှိုက်ပုံထဲ လဲကျနေတဲ့ ဗာဟိယရဲ့အလောင်းကို တွေ့ရလို့ ရဟန်းတွေ ကို စေခိုင်းတော်မူတယ်။

'ရဟန်းတို့၊ သင်တို့ဟာ အိမ်တံခါးတစ်ခုမှာ ရပ်တည်ကာ ညောင်စောင်းငယ်ကို ဆောင်ယူခိုင်းပြီး ဒီအလောင်းကောင်ကို မြို့မှ ထုတ်ဆောင်ကာ မီးသင်္ဂြိုဟ်ပြီး စေတီလုပ်ကြ'

ရဟန်းတွေက အဲဒီခိုင်းတဲ့အတိုင်း လုပ်ကြတယ်။ ပြုလုပ်ပြီး ကျောင်းကိုသွားကာ ဘုရားရှင်ထံ ချဉ်းကပ်တယ်။ ကိုယ်တိုင်လုပ်ခဲ့တဲ့ ကိစ္စကို လျှောက်ပြပြီး ဗာဟိယရဲ့နောင်ဘဝကို မေးကြတယ်။ ဘုရားရှင် က အဲဒီရဟန်းတွေအား ဗာဟိယ ပရိနိဗ္ဗာန်စံကြောင်းကို ပြောပြပြီး 'ငါဘုရားရဲ့တပည့်ရဟန်းတွေထဲမှာ ဗာဟိယဟာ တရားကို လျင်မြန်စွာ သိတဲ့နေရာမှာ အသာဆုံး'လို့ သတ်မှတ်ထားရှိတော်မူတယ်။

ရဟန်းတွေကမေးလို့ ဘုရားရှင်က ဖြေတယ်။

'မြတ်စွာဘုရား၊ အရှင်ဘုရားက ဗာဟိယ ရဟန္တာဖြစ်သွားပြီလို့ မိန့်တယ်။ သူက ဘယ်အခါမှာ ဖြစ်ပါသလဲ'

'ငါရဟန်းတို့၊ ငါ့တရားကို နာကြားတဲ့အခါမှာပဲ'

'မြတ်စွာဘုရားက ဘယ်အခါမှာ တရားကိုဟောလိုက်ပါသလဲ'

'ဆွမ်းခံလှည့်လည်ရင်း လမ်းအကြားမှာရပ်ပြီး ဟောလိုက်တယ်'

'ရဟန်းတို့၊ ငါ့တရားကို နည်းတယ်၊ များတယ်လို့ အတိုင်း အတာကို မယူကြနဲ့၊ ဂါထာထောင်ပေါင်းများစွာ ရှိစေဦးတော့၊ အကျိုး

www.dhammaransi.com



မဲ့ကို မှီရင် မမြင့်မြတ်၊ ဂါထာပုဒ်တစ်ခုပင်ဖြစ်စေ ကောင်းကျိုးကိုမှီရင် ကောင်းမြတ်တယ်။'

ကဿပဘုရားရှင်လက်ထက်က ဗာဟိယနဲ့အတူ တောင်ပေါ်တက် တရားအားထုတ်ခဲ့တဲ့ ရဟန်း ၇ ပါးတွေက ဂေါတမဘုရား လက်ထက်မှာ ပုက္ကုသာတိမင်း၊ ကုမာရကဿပ၊ ဒါရုစိရိယ၊ ဒဗ္ဗ၊ သဘိယပရိဗိုဇ်တို့ ဖြစ်လာကြတယ်။ တစ်ပါးက အဲဒီတောင်ပေါ်မှာပဲ ရဟန္တာဖြစ်တယ်။ တစ်ပါးက အနာဂါမ်ဖြစ်ပြီး ရဟန္တာဖြစ်လာတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၀၉)

www.dhammaransi.com

# လူသတ်ဗိုလ်ကြီး တမ္ဗဒါဌိက

ရာဇဂြိုဟ်မြို့မှာ နှုတ်ခမ်းမွေးနီလို့ တမ္ဗဒါဌိကလို့ တွင်တဲ့သူကို ဘုရင်မင်းမြတ်က ခိုးသူသတ် ဗိုလ်မှူးအဖြစ် ခန့်ထားတယ်။ ဖမ်းဆီးပြီး ရတဲ့ ဓားပြ၊ သူခိုး လူဆိုးမှန်သမျှကို တမ္ဗဒါဌိကအား သတ်ခိုင်းတယ်။ နေ့စဉ်နေ့တိုင်း တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်စသည်ကို သတ်ဖြတ်လျက် တမ္ဗဒါဌိကဟာ ၅၅ နှစ်ပတ်လုံး မင်းမှုထမ်းနေတယ်။ ၅၅ နှစ်ကြောက်တဲ့အခါ အဲဒီရာထူးမှနုတ်ထွက်ရတယ်။ နုတ်ထွက်တဲ့နေ့မှာပဲ သူသတ်ဗိုလ်မှူးဖြစ်စဉ်က သုံးဆောင်ခွင့်မရတဲ့ အရာတွေကို သုံးဆောင်လိုလို့ နွားနို့နဲ့ရောတဲ့ ယာဂုကို ကျိုခိုင်းတယ်။ နံ့သာနဲ့ လိမ်းကျံတယ်။ မြတ်လေးပန်းကို ပန်တယ်။ အသစ်စက်စက်အဝတ်တွေကို ဝတ်ဆင်တယ်။ အဲဒီလိုခြယ်လှယ်ပြုပြင်ပြီး နွားနို့ယာဂုကို သောက်ဖို့ အဆင်သင့်ထိုင်လျက်ရှိတယ်။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာက သနားတော်မူလို့ ဆွမ်းရပ်တော်မူလာတယ်။ တမ္ဗဒါဌိကက မထေရ်ကို မြင်ရင် အလွန်ကြည်ရွှင်ဝမ်းမြောက်လျက် ပင့်လျှောက်ကာ ထိုင်နေစေပြီး မိမိစားသောက်မယ့်ယာဂုကို ဆက်ကပ်တယ်။ ယာဂုဘုဉ်းပေးပြီး အရှင်သာရိပုတ္တရာက အနုမောဒနာတရား ဟောတယ်။ ၅၅ နှစ်ပတ်လုံး ပြုလုပ်ခဲ့တဲ့ မကောင်းမှုကို သတိရပြီး တမ္ဗဒါဌိကမှာ စိတ်မငြိမ်သက်ဘဲ ရှိနေတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက သိတော်မူပြီး 'ဒါယကာ၊ ဒီမကောင်းမှုတွေကို သင့်အလိုအတိုင်း ပြုတာလား၊ ဒါမှမဟုတ် သူတစ်ပါးက ခိုင်းလို့ ပြုရတာလား'လို့ မေးတယ်။ 'ဘုရင်မင်းမြတ်က ခိုင်းလို့ ပြုရပါတယ်'လို့ လျှောက်တဲ့အခါ 'ဒါယကာ၊ ဒီလိုဆိုရင်

www.dhammaransi.com



သင့်ရဲ့မကောင်းမှု ဟုတ်ပါမလား'လို့ မေးတယ်။ အဲဒီအခါ တမ္ဗဒါဌိကက 'ဘုရင်မင်းမြတ်ရဲ့ မကောင်းမှုချည်းပဲ။ ငါ့မှာ မကောင်းမှုမရှိ'လို့ အောက်မေ့ပြီး စိတ်အေးချမ်းသာစွာနဲ့ တရားနာနိုင်၊ နှလုံးသွင်းနိုင်လို့ အနုလောမခန္တီခေါ်တဲ့ သင်္ခါရုပေက္ခာဉာဏ်ကို ရောက်သွားတယ်။

တရားဟောပြီးလို့ ကြွသွားတော်မူတဲ့ အရှင်သာရိပုတ္တရာကို လိုက်ပို့ပြီး အပြန်မှာ ရန်ငြိုးရှိတဲ့ ဘီလူးမက နွားမယောင်ဆောင်ပြီး ဖေ့သတ်လို့ တမ္ဗဒါဌိကဟာ သေကာ တုသိတာနတ်ပြည်မှာဖြစ်တယ်။ အဲဒီအခါ တရားသဘင်မှာ ရဟန်းတွေက ဒီလိုဆွေးနွေးပြောဆိုကြတယ်။

'တမ္ဗဒါဌိကဟာ ၅၅ နှစ်ပတ်လုံး အလွန်ကြမ်းကြုတ်တဲ့ အမှုကို ပြုတယ်။ ဒီနေ့ပဲ အဲဒီအမှုမှလွတ်တယ်။ ဒီနေ့ပဲ အရှင်သာရိပုတ္တရာအား ဆွမ်းလှူတယ်။ ဒီနေ့ပဲ သေရှာတယ်။ ဘယ်မှာဖြစ်ရှာလေသည် မသိ'

အဲဒီစကားနဲ့စပ်ပြီး ဘုရားရှင်က အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

'ရာဇဂြိုဟ်မြို့က ခိုးသူသတ်ဗိုလ်ကြီး တမ္ဗဒါဌိကဟာ အရှင်သာရိပုတ္တရာရဲ့ တရားစကားကို ကြားနာရပြီး သင်္ခါရုပေက္ခာဉာဏ်ကို ရကာ တုသိတာနတ်ပြည်ရောက်လျက် ဝမ်းမြောက်ရတယ်'

အဲဒီအခါ ရဟန်းတွေက မကျေနပ်လို့ 'အရှင်ဘုရား၊ သူပြုထားတဲ့အကုသိုလ်က အလွန်ကြီးမားပါတယ်။ အနုမောဒနာတရားက အားမကြီးလှပါ။ ဒီမျှလောက်နဲ့ ဉာဏ်အထူးကို ဘာကြောင့်ဖြစ်စေနိုင်ပါသလဲ'လို့ မေးလျှောက်ကြတယ်။ အဲဒီအခါ ဘုရားရှင်က အောက်ပါစကားကို မိန့်ပါတယ်။

'ရဟန်းတို့၊ ငါဘုရားရဲ့တရားတော်ကို နည်းတယ်၊ များတယ်လို့ စံချိန်မထိုးလေနဲ့၊ တစ်ခွန်းတည်းပင် ဖြစ်ပေမယ့် အကျိုးစီးပွားနဲ့ဆိုင်တဲ့စကားဟာ မြင့်မြတ်တာပါပဲ။' (အံ၊ ဋ္ဌ၊ ပ၊ ၄၇၀)

www.dhammaransi.com

# ဗောဓိမင်းသား

ဗောဓိမင်းသားဟာ မြေအပြင်အပေါ် အခြားပြာသာဒ်တွေနဲ့ မတူတဲ့ ကောကနုဒပြာသာဒ်ကို ကောင်းကင်ပေါ် ပျံတက်သလိုဖြစ်အောင် ပြုလုပ်ခိုင်းကာ လက်သမားကို မေးတယ်။

'သင်ဟာ အခြားနေရာမှာလည်း ဒီလိုပြာသာဒ်ကို ပြုလုပ်ဖူးသလား၊ ဒါမှမဟုတ် ဒါဟာ သင့်ရဲ့ပထမဆုံး အတတ်ပညာ (လက်ရာ) ပဲလား'

'အရှင်မင်းသား၊ ပထမဆုံးအတတ်ပညာ (လက်ရာ) ပဲ။'

'ဒီလက်သမားဟာ အခြားသူအတွက်လည်း ဒီလိုပြာသာဒ်ကို လုပ်ရင် ဒီပြာသာဒ်ဟာ အံ့သြဖွယ်မရှိ ဖြစ်လိမ့်မယ်။ ငါဟာ ဒီလက်သမားကို သတ်ရင်လည်း သတ်သင့်တယ်။ သူ့လက်ခြေတွေကိုရင်လည်း ဖြတ်သင့်တယ်။ မျက်လုံးတွေကိုရင်လည်း ဖောက်ထုတ်သင့်တယ်။ ဒါမှ အခြားသူအတွက် ပြာသာဒ်ကို မလုပ်နိုင်ရှိလိမ့်မယ်'

ဗောဓိမင်းသားဟာ အဲဒီအကြောင်းကို သူ့ရဲ့ချစ်သူငယ်ချင်း သဉ္ဇိဝကပုတ္တအား ပြောပြတယ်။ သဉ္ဇိဝကပုတ္တက ကြံတယ်။

'ဒီဗောဓိမင်းသားဟာ သေချာပဲ လက်သမားကို ဖျက်ဆီးတော့မယ်။ အတတ်ပညာရှင်ဟာ တန်ဖိုးမဖြတ်နိုင်။ သူဟာ ငါမြင်ရတုန်း မပျက်စီးပါစေနဲ့၊ သူ့အား သတိပေးမယ်'

သဉ္ဇိဝကပုတ္တ လက်သမားထံ ချဉ်းကပ်ပြီး မေးတယ်။

'သင်ဟာ ပြာသာဒ်မှာ အလုပ်ပြီးပြီလား၊ မပြီးသေးဘူးလား'

'ပြီးပါပြီ'

www.dhammaransi.com



'ဗောဓိမင်းသားက သင့်ကိုဖျောက်ဖျက်ပစ်လိုလို့ သင်ဟာ သင့်ကိုယ်ကို စောင့်ရှောက်ပါ'

'အို အရှင်၊ ငါ့ကိုပြောပြတဲ့သင်ဟာ ကောင်းတာကို ပြုလုပ်ပါပေတယ်။ ဒီကိစ္စမှာ ငါဟာ လုပ်သင့်တာကို သိပါမယ်'

မင်းသားက အောက်ပါအတိုင်း မေးလို့ လက်သမားက ဖြေတယ်။

'မိတ်ဆွေလက်သမား၊ ငါတို့ရဲ့ပြာသာဒ်မှာ အလုပ်ပြီးပါပြီလား'

'အရှင်မင်းသား၊ မပြီးသေးပါ၊ များစွာကျန်ပါသေးတယ်'

'ဘယ်လိုအလုပ် ကျန်သေးတာပါလဲ'

'အရှင်မင်းသား နောက်မှပြောပါမယ်၊ အရင်သစ်သားတွေကို သယ်ဆောင်ခိုင်းပါ'

'ဘယ်လိုသစ်သားတွေလဲ'

'အရှင်မင်းသား၊ အနှစ်မရှိတဲ့ သစ်သားကိုင်းခြောက်တွေပါ'

မင်းသားက သယ်ဆောင်ခိုင်းပြီး ပေးတယ်။ အဲဒီအခါ မင်းသားကို ပြောတယ်။

'အရှင်မင်းသား၊ သင်ဟာ ဒီနေ့ကစပြီး ငါ့ထံမလာထိုက်ပါ၊ အကြောင်းကတော့ သိမ်မွေ့တဲ့အလုပ်ကို လုပ်သူဟာ အခြားသူတွေနဲ့ အတူ စကားပြောရင် ငါ့အလုပ်ပျက်တယ်၊ စားချိန်မှာတော့ ငါ့မယားကပဲ စားဖွယ်ကို သယ်ဆောင်လာပါလိမ့်မယ်'

မင်းသားကလည်း 'ကောင်းပါပြီ'လို့ ဝန်ခံတယ်။ လက်သမားကလည်း အခန်းတစ်ခန်းမှာ ထိုင်ကာ ဒီလိုသစ်သားတွေကို ရွှေပြီး သူ့သား သမီး၊ ဇနီးအတွက် အတွင်းမှာ ထိုင်လောက်တဲ့ ဂဠုန်ငှက် လုပ်တယ်။ စားချိန်မှာတော့ ဇနီးကိုပြောတယ်။

'အိမ်မှာ ရှိသမျှပစ္စည်းတွေကို ရောင်းပြီး ရွှေငွေကို ယူခဲ့ပါ'

မင်းသားကလည်း လက်သမား ထွက်မပြေးရအောင် အိမ်ကို

www.dhammaransi.com



ဝိုင်းရံကာ အစောင့်အရှောက်ထားတယ်။ လက်သမားကလည်း ငှက်ပြီး စီးတဲ့အခါ ဇနီးကို ပြောတယ်။

'ဒီနေ့ ကလေးအားလုံးကိုလည်း ခေါ်ပြီး လာခဲ့ပါ'

နံနက်စာစားပြီးတဲ့အခါ သား သမီး ဇနီးကို ငှက်ရဲ့ဝမ်းဗိုက်ထဲ ထိုင်ခိုင်းပြီး လေသာပြတင်းပေါက်နဲ့ ထွက်ကာ ပြေးတယ်။ 'အရှင် မင်းသား၊ လက်သမား ထွက်ပြေးပြီ'လို့ အော်ပြောနေကြတုန်းမှာပဲ လက်သမားဟာ သွားကာ ဟိဝမန္တာအရပ်မှာ သက်ဆင်းပြီး မြို့တစ်မြို့ကို ဖန်ဆင်းကာ ကဋ္ဌဝါဟနမင်းဆိုတာ ဖြစ်လာတယ်။ မင်းသားကလည်း 'ပြာသာဒ်ပူဇော်ပွဲ လုပ်မယ်'လို့ ကြံကာ ဘုရားရှင်ကို ပင့်ဖိတ်တယ်။ ပြာသာဒ်မှာ နံ့သာ ၄ မျိုးနဲ့ ထုံမွမ်းမှုပြုတယ်။ ပထမတံခါးခုံကစပြီး အဝတ်အခင်းကို ခင်းတယ်။ မင်းသားမှာ သားသမီးမရှိ။ ဒါကြောင့် 'ငါဟာ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရမယ်ဆိုရင် ဘုရားရှင်ဟာ ဒီအဝတ်ကို နင်းလိမ့်မယ်'လို့ ကြံကာ ဖြန့်ခင်းတယ်။

မင်းသားက ဘုရားရှင် ကြွလာတဲ့အခါ ဘုရားရှင်ကို တည်ခြင်း ငါးပါးနဲ့ ရှိခိုးပြီး သပိတ်ကိုယူကာ 'မြတ်စွာဘုရား၊ ဝင်တော်မူပါ'လို့ လျှောက်တယ်။ ဘုရားရှင်က မဝင်။ မင်းသားက နှစ်ကြိမ်မြောက်ရော၊ သုံးကြိမ်မြောက်ပါ တောင်းဆိုတယ်။ ဘုရားရှင်က မဝင်ဘဲသာ အာနန္ဒာ ထေရ်ကို ကြည့်တယ်။ မထေရ်က ကြည့်လိုက်တဲ့အမှတ်အသားနဲ့ပဲ အဝတ်တွေကို မနင်းလိုကြောင်း သိတယ်။ 'မင်းသား အဝတ်တွေကို ရုတ်သိမ်းလိုက်ပါ။ ဘုရားရှင်က အဝတ်အခင်းကို နင်းမှာမဟုတ်၊ ဘုရားရှင်က နောင်လာနောက်သားကို ကြည့်တော်မူတယ်'လို့ ပြောကာ အဝတ်တွေကို ဖယ်ခိုင်းပါတယ်။ မင်းသားက အဝတ်တွေကို ရုတ်သိမ်း ပြီး ဘုရားရှင်ကို အိမ်တွင်းပင့်ကာ ယာဂု၊ ခဲဖွယ်နဲ့ ကောင်းကောင်း ဆက်ကပ်ပါတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်ပြီး ရှိခိုးကာ လျှောက် ထားပါတယ်။

www.dhammaransi.com



'မြတ်စွာဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားတို့အား ကျေးဇူးပြုသူဖြစ်ပါတယ်။ သုံးကြိမ်တိုင်တိုင် ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ အမိဝမ်းထဲ ရောက်နေတုန်းက တစ်ကြိမ် ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ ဒုတိယအကြိမ် ငယ်ရွယ်စဉ်ကလေးဘဝက၊ တတိယအကြိမ် သိနားလည်တဲ့အရွယ်ရောက်မှ ကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ ဘာကြောင့် တပည့်တော်ရဲ့အဝတ်အခင်းကို မနင်းပါသလဲ'

'မင်းသား၊ သင်က ဘာကိုကြံပြီး အဝတ်တွေကိုဖြန့်ခင်းပါသလဲ'

'ငါဟာ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရခဲ့ရင် ဘုရားရှင်က ငါ့အဝတ်အခင်းကို နင်းလိမ့်မယ်လို့ ကြံခဲ့ပါတယ်ဘုရား'

'ဒါကြောင့်ပဲ ငါဘုရားက ဒီအဝတ်အခင်းကို မနင်းတာ'

'မြတ်စွာဘုရား၊ တပည့်တော်ဟာ သားသမီးကို မရနိုင်ပါဘူးလား ဘုရား'

'မင်းသား၊ ဟုတ်တယ်၊ မရနိုင်ပါ'

'ဘာကြောင့်ပါလဲ'

'အရင်ဘဝက သင့်ဇနီးနဲ့အတူ သင်ဟာ မေ့လျော့ခဲ့တယ်။ ဒါကြောင့်ပါပဲ'

'ဘယ်အခါကပါလဲ ဘုရား'

ရှေးအခါက လူရာပေါင်းများစွာဟာ လှေကြီးနဲ့ သမုဒ္ဒရာထဲ သွားကြတယ်။ လှေက သမုဒ္ဒရာအလယ်မှာ ကွဲတယ်။ ဇနီးမောင်နှံနှစ်ယောက်ဟာ ပျဉ်ချပ်တစ်ခုကိုယူပြီး အလယ်ကျွန်းငယ်ကို ဝင်ကြတယ်။ ကျန်တဲ့လူတွေအားလုံး အဲဒီသမုဒ္ဒရာထဲမှာပဲ သေကြတယ်။ အဲဒီကျွန်းငယ်မှာ ငှက်များစွာနေတယ်။ အဲဒီဇနီးမောင်နှံဟာ အခြားစားစရာကို မတွေ့လို့ ဆာတဲ့အတွက် ငှက်ဥတွေကို မီးကျီးတွေထဲ ဖုတ်ကာ စားကြတယ်။ အဲဒီငှက်ဥတွေက မလောက်တဲ့အခါ ငှက်ကလေးတွေကို ယူပြီးစားကြတယ်။ အဲဒီလိုနဲ့ ပထမအရွယ်၊ ဒုတိယအရွယ်၊

www.dhammaransi.com



အလယ်ပိုင်းအရွယ်မှာရော၊ နောက်ပိုင်းအရွယ်မှာပါ စားကြတာပါပဲ။ အရွယ်တစ်ရွယ်မှာတောင် မမေ့မလျော့ မရှိခဲ့ကြ။ သူတို့နှစ်ယောက်ထဲက တစ်ယောက်ကတောင် မမေ့မလျော့ မရှိခဲ့။

ဘုရားရှင်က မင်းသားအား အဲဒီရေးကံကိုပြပြီး 'မင်းသား၊ သင်ဟာ အဲဒီတုန်းက တစ်ရွယ်မှာတောင် မမေ့မလျော့ရှိခဲ့ရင် တစ်ရွယ်ရွယ်မှာ သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရနိုင်တယ်။ သင်တို့နှစ်ယောက်ထဲက တစ်ယောက်ကတောင် မမေ့မလျော့ရှိခဲ့ရင် သူ့ကို အကြောင်းပြုပြီး သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ရနိုင်တယ်။ မင်းသား၊ ကိုယ့်ကိုယ်ကို ချစ်တယ်လို့ ထင်မှတ်သူဟာ အရွယ်သုံးပါးလုံးမှာ မမေ့မလျော့ဘဲ မိမိကိုယ်ကို စောင့်ရှောက်ထိုက်တယ်။ အဲဒီလိုမစွမ်းနိုင်ရင် တစ်ရွယ်မှာတော့ စောင့်ရှောက်ထိုက်တာပါပဲ'လို့ မိန့်ပြီး အောက်ပါစကားကို မိန့်ပါတယ်။

'မိမိကိုယ်ကိုချစ်တယ်လို့ နားလည်တဲ့ပညာရှိဟာ ကိုယ့်ကိုယ်ကို ကောင်းကောင်းစောင့်ရှောက်သည့်မည့်အောင် စောင့်ရှောက်ရပါတယ်။ အရွယ်သုံးပါးထဲက တစ်ရွယ်ရွယ်မှာ အပြစ်ကင်းအောင် စောင့်ရှောက်ရပါတယ်။'

အဲဒီတရားရဲ့အဆုံးမှာ ဗောဓိမင်းသားဟာ သောတာပန်ဖြစ်သွားပါတယ်။ ရောက်လာတဲ့ပရိသတ်မှာလည်း အဲဒီတရားဒေသနာဟာ အကျိုးများပါတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၈၅)

www.dhammaransi.com

# တိပိဋကဓရ ဆတ္တပါဏိ

သာဝတ္ထိမြို့က ဆတ္တပါဏိမည်တဲ့ ဥပါသကာဟာ ပိဋကသုံးပုံဆောင် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်တယ်။ သူဟာ နံနက်စောစောပဲ ဥပုသ်စောင့်ပြီး ဘုရားရှင်အား ဆည်းကပ်ရာအရပ်ကို သွားတယ်။ အနာဂါမ်အရိယာ ပုဂ္ဂိုလ်တွေမှာ ဥပုသ်အထူးဆောက်တည်တယ်ဆိုတာ မရှိပါ။ အရိယမဂ် နဲ့ပဲ သူတို့မှာ ဝေထုန်မှုမှ ရှောင်ကြဉ်မှုနဲ့ မွန်းလွဲပိုင်းစားမှုမှ ရှောင် ကြဉ်မှု ဖြစ်ပေါ်လာတယ်။ ဒါဟာ အနာဂါမ်တွေရဲ့ ပင်ကိုသဘာဝပဲ ဖြစ်ပါတယ်။ ဆတ္တပါဏိလည်း အဲဒီအတိုင်းပဲ ဥပုသ်သည်လုပ်ကာ ဘုရားရှင်ထံ ချဉ်းကပ်၊ ရှိခိုးပြီး တရားစကား နာယူရင်း ထိုင်နေတယ်။ အဲဒီအခါမှာ ပသေနဒီကောသလမင်းက ဘုရားရှင်အား ဆည်းကပ်ရာ အရပ်ကို သွားတယ်။ ဆတ္တပါဏိဥပါသကာဟာ ကောသလမင်း လာ နေတာကို မြင်ရပြီး 'ထထိုက်သလား၊ မထထိုက်ဘူးလား'လို့ စဉ်းစား ကာ 'ငါဟာ အမြတ်ဆုံးမင်းဖြစ်တဲ့ ဘုရားရှင့်ထံမှာ ထိုင်နေတယ်။ ငါဟာ ပဒေသရာဇ်ဖြစ်တဲ့ ကောသလကို မြင်ပြီး မထသင့်။ ထမပေးဘဲ ငါ့ကို မင်းက စိတ်ဆိုးချင် ဆိုးမယ်။ ဆိုးလည်း ငါထမပေးအံ့။ ဟုတ်တယ်၊ ကောသလမင်းကို မြင်ပြီး ထပေးရင် ကောသလမင်းကို အလေးပြုရာရောက်တယ်။ ဘုရားရှင်ကို အလေးပြုရာမရောက်။ ဒါ ကြောင့် ငါမထအံ့'လို့ ကြံပြီး ထမပေး။

ပညာရှိယောကျ်ားတွေဆိုတာ ပိုပြီးအလေးပြုထိုက်တဲ့ပုဂ္ဂိုလ်တွေ ထံ ထိုင်ပြီး ထမပေးသူကို မြင်ရလို့ စိတ်မဆိုးကြ။ ကောသလမင်းက တော့ ဆတ္တပါဏိ ထမပေးတာကို မြင်ရပြီး စိတ်ဆိုးကာ ဘုရားရှင်ကို

www.dhammaransi.com



ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်နေတယ်။ ဘုရားရှင်က စိတ်ဆိုးမှန်း သိလို့ 'မင်းကြီး၊ ဒီဆတ္တပါဏိဥပါသကာက ပညာရှိတယ်။ သစ္စာလေးပါး တရားကို မြင်ထားတယ်။ ပိဋကသုံးပုံကို နှုတ်ငုံဆောင်ထားတယ်။ အကျိုးရှိ အကျိုးမဲ့မှာ ကျွမ်းကျင်တယ်'လို့ ဥပါသကာရဲ့ဂုဏ်ကို ပြောပြတယ်။ မင်းက ဆတ္တပါဏိရဲ့ဂုဏ်စကားကို ကြားရတုန်းမှာပဲ စိတ်နူးညံ့သွားတယ်။

တစ်နေ့မှာ ကောသလမင်းက ပြာသာဒ်ပေါ်ရပ်ရင်း ဆတ္တပါဏိဥပါသကာ ထမင်းကိစ္စပြုပြီး ထီး ယူ၊ ဖိနပ် စီးကာ မင်းရင်ပြင်နဲ့သွားတာကို မြင်ရလို့ ခေါ်ခိုင်းတယ်။ ဆတ္တပါဏိက ထီးကို ရုပ်၊ ဖိနပ်ကိုချွတ်ကာ မင်းထံ ချဉ်းကပ် ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ရပ်တယ်။ အဲဒီအခါ ဆတ္တပါဏိကို ကောသလမင်းက မေးတယ်။

'အို ဥပါသကာ၊ သင်က ထီး ဖိနပ်ကို ဖယ်ရှားလိုက်ပါသလား'

'မင်းက ခေါ်တယ်လို့ ကြားရပြီး ဖယ်ရှားကာ လာခဲ့ပါတယ်'

'ဒီနေ့ ငါ မင်းဖြစ်ကြောင်းကို သင်သိပြီး ဖြစ်လိမ့်မယ်'

'အရှင်မင်း၊ ကျွန်ုပ်ဟာ အမြဲပဲ သင်မင်းဖြစ်ကြောင်းကို သိပါတယ်'

'ဒီလိုဆိုရင် ဘာကြောင့် အရင်နေ့က ဘုရားရှင်ထံထိုင်နေတဲ့ သင်က ငါ့ကိုမြင်ပြီး မထပါသလဲ'

'မင်းကြီး၊ ကျွန်ုပ်ဟာ အမြတ်ဆုံးမင်းဖြစ်တဲ့ ဘုရားရှင်ထံ ထိုင်နေခဲ့ပါတယ်။ ပဒေသရာဇ်မင်းကိုမြင်ပြီး ထရင် ဘုရားရှင်အပေါ် မရိုသေမှု ပြုရာရောက်ပါတယ်။ ဒါကြောင့် မထတာပါ'

'ရှိပါစေ၊ ထားပါတော့။ သင်က မျက်မှောက်ဘဝ၊ နောင်ဘဝ အကျိုးရှိ၊ အကျိုးမဲ့မှာ ကျွမ်းကျင်ပါသတဲ့။ ပိဋကသုံးပုံကို ဆောင်ထားပါသတဲ့။ ငါတို့ရဲ့နန်းတော်တွင်းမှာ တရားပို့ချပေးပါ'

'အရှင်မင်း၊ မစွမ်းနိုင်ပါ'

www.dhammaransi.com



'ဘာကြောင့်ပါလဲ'

'မင်းနန်းတော်ဆိုတာ ကြီးကျယ်တဲ့အပြစ်ရှိတယ်။ အဲဒီနန်းတော်မှာ လုံခြုံမှု၊ မလုံခြုံမှုတွေဟာ ကြီးလေးပါတယ် အရှင်မင်း'

'ဒီလိုမပြောပါနဲ့၊ အရှင်နေ့က ငါဘုရင်ကိုမြင်ပြီး ငါ ဆတ္တပါဏိ မထမိလို့ တွေးပူမနေပါနဲ့'

'အရှင်မင်း၊ လူဝတ်ကြောင် လှည့်လည်ရာနေရာဟာ ကြီးကျယ်တဲ့အပြစ်ရှိပါတယ်။ ရဟန်းတစ်ပါးကို ပင့်ပြီး တရားပို့ချခိုင်းပါ'

ကောသလမင်းက 'အမောင်၊ ကောင်းပြီ၊ သင် သွားပါ'လို့ ဆတ္တပါဏိကို လွှတ်လိုက်ပြီး ဘုရားရှင်ထံသွားကာ ဘုရားရှင်ထံ တောင်းတယ်။

'မြတ်စွာဘုရား၊ မလ္လိကာနဲ့ ဝါသဘခတ္တိယာတို့ဟာ တရားကို သင်ယူကြမယ်လို့ ပြောကြပါတယ်။ ရဟန်း ၅၀၀ နဲ့အတူ အမြဲ တပည့်တော်ရဲ့နန်းတော်ကိုသွားပြီး သူမတို့အား တရားသင်ပြပေးတော်မူပါ'

'မင်းကြီး၊ ဘုရားရှင်တွေမှာ အမြဲတစ်နေရာတည်း သွားတယ်ဆိုတာ မရှိပါ'

'မြတ်စွာဘုရား၊ ဒီလိုဆိုရင် အခြားရဟန်းတစ်ပါးကို ပေးတော်မူပါ'

ဘုရားရှင်က အရှင်အာနန္ဒာအား တာဝန်ပေးပါတယ်။ မထေရ်က အမြဲသွားကာ သူမတို့အား တရားသင်ပေးပါတယ်။ မလ္လိကာက ရိုရိုသေသေသင်ယူပြီး ရွတ်အံကာ သင်ပြတာကို ခံယူနိုင်ပါတယ်။ ဝါသဘခတ္တိယာကတော့ ရိုရိုသေသေ မသင်ယူ၊ မရွတ်အံ၊ သင်ပြတာကို မခံယူနိုင်။ တစ်နေ့မှာ ဘုရားရှင်က အရှင်အာနန္ဒာကို မေးတယ်။

'အာနန္ဒာ၊ ဥပါသိကာမတွေက တရားကို သင်ယူကြသလား'

'မှန်ပါဘုရား'

www.dhammaransi.com



'ဘယ်သူက ရိုရိုသေသေ သင်ယူသလဲ'

'မြတ်စွာဘုရား၊ မလ္လိကာက ရိုရိုသေသေ သင်ယူပါတယ်။ ရိုရိုသေသေ ရွတ်အံပါတယ်။ သင်ပြပေးတာကို ရိုရိုသေသေ ခံယူနိုင်ပါတယ်။ အရှင်ဘုရားတို့ရဲ့ ဆွေမျိုးသမီး ဝါသဘခတ္တိယာကတော့ ရိုရိုသေသေ မသင်ယူပါ၊ မရွတ်အံပါ၊ သင်ပြတာကို မခံယူနိုင်ပါ'

ဘုရားရှင်က အရှင်အာနန္ဒာရဲ့စကားကို ကြားရပြီး အောက်ပါအတိုင်း မိန့်ပါတယ်။

'အာနန္ဒာ၊ ငါဘုရား ဟောကြားတဲ့တရားဆိုတာ ရိုရိုသေသေ မနာယူ၊ မသင်ယူ၊ မရွတ်အံ၊ မဟောပြောသူအတွက် အဆင်းလှပြီး အနံ့မမွှေးတဲ့ပန်းလို အကျိုးမရှိဖြစ်တယ်။ ရိုရိုသေသေ နာယူခြင်းစသည်တွေကို ပြုလုပ်သူအတွက်တော့ အကျိုးကြီးတယ်။ အာနိသင်ကြီးတယ်။'

(ဓမ္မပဒ၊ ၄၊ ပ၊ ၂၄၀)

www.dhammaransi.com

# သိရိဂုတ္တနဲ့ ဂရဟာဒိန္န

သာဝတ္ထိမြို့မှာ သိရိဂုတ္တနဲ့ ဂရဟာဒိန္နဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိခဲ့တယ်။ သိရိဂုတ္တက ရတနာသုံးပါးကို ဆည်းကပ်တယ်။ ဘုရားရှင်ရဲ့တပည့်ဖြစ်တယ်။ ဂရဟာဒိန္နက နိဂဏ္ဌတွေရဲ့တပည့်ဖြစ်တယ်။ နိဂဏ္ဌတွေက ဂရဟာဒိန္နထံ မပြတ်ဒီလိုပြောကြတယ်။

'သင့်သူငယ်ချင်း သိရိဂုတ္တကို 'သင်ဟာ ရဟန်းဂေါတမကို ဘာကြောင့်ချဉ်းကပ်ရတာလဲ။ သူ့ထံက ဘာရမှာလဲ'လို့ ပြောပြီး ငါတို့ထံ ချဉ်းကပ်ပြီး ငါတို့အားလည်း လှူဖွယ်ကို လှူအောင် ဆုံးမသင့်တယ် မဟုတ်လား'

ဂရဟာဒိန္နက နိဂဏ္ဌတွေရဲ့စကားကို ကြားရပြီး မပြတ်သွားကာ ရပ်ရာ၊ ထိုင်ရာအရပ်စသည်တွေမှာ သိရိဂုတ္တကို ဒီလိုဆုံးမတယ်။

'မိတ်ဆွေ၊ သင့်မှာ ရဟန်းဂေါတမနဲ့ ဘာအကျိုးရှိမှာလဲ။ ရဟန်းဂေါတမကို ချဉ်းကပ်ပြီး ဘာကိုရမှာလဲ။ သင်ဟာ ငါ့အရှင် နိဂဏ္ဌတွေထံ ချဉ်းကပ်ပြီး နိဂဏ္ဌတွေအား အလှူ လှူသင့်တယ်မဟုတ်ပါလား'

သိရိဂုတ္တဟာ ဂရဟာဒိန္နရဲ့စကားကို ကြားရပေမယ့်လည်း နေ့များစွာပတ်လုံး ဆိတ်ဆိတ်နေကာ ငြီးငွေ့လာလို့ တစ်နေ့မှာ ဒီလိုပြောတယ်။

'မိတ်ဆွေ၊ သင်က မပြတ်လာပြီး ငါ့ကို ရပ်ရာနေရာစသည်တွေမှာ 'ရဟန်းဂေါတမကို ချဉ်းကပ်လို့ ဘာရမှာလဲ။ ငါ့အရှင်နိဂဏ္ဌတွေထံ ချဉ်းကပ်ပြီး အဲဒီနိဂဏ္ဌတွေအား အလှူ လှူပါ'လို့ ပြောတယ်။ ငါ့ကို သင်က ပြောပြပါဦး၊ သင့်အရှင်တွေက ဘာကိုသိကြသလဲ'

www.dhammaransi.com



'အို အရှင်၊ ဩော် ဒီလို မပြောပါနဲ့။ ငါ့အရှင်နိဂဏ္ဌတွေ မသိတာ မရှိပါ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားလုံး၊ ကာယကံ၊ ဝစီကံ၊ မနောကံအားလုံးကို 'ဒါဖြစ်လိမ့်မယ်၊ ဒါမဖြစ်လတ္တံ့'လို့ ဖြစ်မှာ မဖြစ်မှာ အားလုံးကို သိကြပါတယ်'

'သင်က ဒီလိုပြောသလား'

'ဟုတ်တယ်၊ ငါ ပြောပါတယ်'

'ဒီလိုဆိုရင် ဒီလောက်ကာလပတ်လုံး ငါ့အားဒီအကြောင်းကို မပြောတဲ့သင်ဟာ သိပ်ဝန်လေးတဲ့အမှုကို ပြုမိပြီ။ ဒီနေ့ ငါဟာ အရှင်နိဂဏ္ဌတွေရဲ့ ဉာဏ်အစွမ်းကို သိရပါပြီ။ မိတ်ဆွေ၊ သွားပါ အရှင်နိဂဏ္ဌတွေကို ငါ့စကားနဲ့ ဖိတ်မံပါ'

ဂရဟာဒိန္နဟာ နိဂဏ္ဌတွေထံ သွားပြီး နိဂဏ္ဌတွေကို ရှိခိုးကာ ပြောတယ်။

'တပည့်တော်ရဲ့သူငယ်ချင်း သိရိဂုတ္တက နက်ဖြန်ကောင်းမှု အတွက် (ဆွမ်းကပ်ဖို့) အသင်တို့ကို ဖိတ်မံပါတယ်'

'သိရိဂုတ္တက ကိုယ်တိုင် သင့်ကိုပြောတာလား'

'ဟုတ်ပါတယ် အရှင်တို့'

နိဂဏ္ဌတွေက ရွှင်လန်းဝမ်းမြောက်ကြပြီး 'ငါတို့ရဲ့ကိစ္စ ပြီးပြီ။ သိရိဂုတ္တ ငါတို့အပေါ် ကြည်ညိုတဲ့အချိန်ကစပြီး ဘာမပြည့်စုံမှုမှ မရှိတော့အံ့'လို့ ပြောကြတယ်။ သိရိဂုတ္တမှာလည်း နေအိမ်က ကြီးတယ်၊ သူက နေအိမ်ဝင်းထဲက အိမ် ၂ အိမ်အကြားမှာ နစ်ဖက်လုံးရှည်တဲ့ တွင်းကို တူးခိုင်းတယ်။ ကျင်ကြီးညွန်နဲ့ ပြည့်စေတယ်။ တွင်းပြင်ဘက် အစွန်း ၂ ခုမှာ ငုတ်တွေကို ရိုက်ခိုင်းတယ်။ အဲဒီငုတ်တွေမှာ ကြိုးတွေကို ချည်ခိုင်းတယ်။ နေရာတွေရဲ့ ရှေ့ပိုင်းခြေတွေကို တွင်းရဲ့ ရှေ့ပိုင်းမှာ ထားခိုင်းတယ်။ နောက်ပိုင်းခြေတွေကို ကြိုးတွေမှာ တည်စေတယ်။ 'ဒီလိုထိုင်တဲ့အခါ ဒီလိုဦးစောက်ပြောင်းပြန်ကျကြလိမ့်မယ်'လို့

www.dhammaransi.com



ထင်ကာ တွင်းမထင်ရှားအောင် နေရာတွေရဲ့အထက်မှာ အခင်းတွေကို ခင်းခိုင်းတယ်။ ကြီးကုန်၊ ကြီးကုန်သော အိုးစရည်းကြီးတွေကို တည်ထားခိုင်းကာ ငှက်ပျောရွက်တွေနဲ့ရော၊ အဝတ်ဖြူတွေနဲ့ပါ မျက်နှာဝတွေကို ဖွဲ့ပတ်ခိုင်းတယ်။ အဲဒီအိုးစရည်းကြီးတွေကို ဗလာပဲ အိမ်ရဲ့နောက်ပိုင်းမှာ ထားခိုင်းတယ်။ အိုးအပြင်မှာ ယာဂု၊ ထမင်းလုံး၊ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲ၊ မုန့်မှုန့်တွေ လိမ်းကျံကာ ထားခိုင်းတယ်။

ဂရဟဒိန္နက နံနက်စောစောပဲ သိရိဂုတ္တရဲ့အိမ်ကို အဟုန်နဲ့သွားကာ မေးတယ်။

'အရှင်နိဂဏ္ဌာတွေအတွက် လှူဖွယ်ကို ပြင်ဆင်ပြီးပါပြီလား'

'အေး မိတ်ဆွေ၊ ပြင်ပြီးပါပြီ'

'အဲဒီလှူဖွယ်က ဘယ်မှာပါလဲ'

'ဒီလောက်အိုးစရည်းကြီးတွေထဲမှာ ယာဂု၊ ဒီလောက်အိုးစရည်းကြီးတွေထဲမှာ ထမင်း၊ ဒီလောက်အိုးစရည်းကြီးတွေထဲမှာ ထောပတ်၊ တင်လဲ၊ မုန့်စတာတွေ ပြည့်နေကြပါတယ်။ နေရာတွေကို ခင်းထားပါတယ်'

ဂရဟဒိန္နက 'ကောင်းပါပြီ'လို့ ပြောကာ သွားတယ်။ သူသွားတဲ့အခါ ၅၀၀ သော နိဂဏ္ဌာတွေ လာကြတယ်။ သိရိဂုတ္တက အိမ်မှထွက်ကာ တည်ခြင်းငါးပါးနဲ့ နိဂဏ္ဌာတွေကို ရှိခိုးပြီး နိဂဏ္ဌာတွေရဲ့ရှေ့မှာ လက်အုပ်ချီရပ်ရင်း ဒီလိုကြံတယ်။

'သင်တို့က အတိတ်စတဲ့ အကုန်လုံးကို သိကြသတဲ့။ အဲဒီလို သင်တို့ရဲ့တပည့် ဒါယကာက ငါ့ကိုပြောထားတယ်။ သင်တို့ အကုန်လုံးကို သိရင် ငါ့အိမ်ထဲ မဝင်ကြပါနဲ့။ မှန်တယ်၊ ငါ့အိမ်ထဲ ဝင်တဲ့ သင်တို့အတွက် ယာဂု၊ ထမင်းစသည်တွေ မရှိပါ။ မသိဘဲ ဝင်မိကြရင်တော့ ကျင်ကြီးတွင်းထဲ သင်တို့ကို ကျအောင်လုပ်ပြီး ရိုက်ပုတ်မယ်'

www.dhammaransi.com



အဲဒီလိုကြံပြီး ယောကျ်ားတွေအား အချက်ပေးလိုက်တယ်။ အဲဒီလို နိဂဏ္ဌတွေ ထိုင်မှန်းသိပြီး နောက်ကျောဘက်မှာ ရပ်ကာ နေရာတွေအပေါ်က အခင်းတွေကို ဖယ်ရှားကြပါ။ အဲဒီအခင်းတွေကို မစင်နဲ့ မလိမ်းကျံပါစေနဲ့လို့ ပြောတယ်။ အဲဒီအခါ နိဂဏ္ဌတွေကို ပြောတယ်။

'အရှင်ဘုရားတို့၊ ဒီလမ်းက လာကြပါ'

နိဂဏ္ဌတွေက ဝင်ပြီး ခင်းထားတဲ့နေရာတွေမှာ ထိုင်ဖို့ကြိုးစားကြတယ်။ အဲဒီအခါ နိဂဏ္ဌတွေကို လူတွေက ပြောကြတယ်။

'အရှင်ဘုရားတို့၊ ဆိုင်းငံ့ကြပါဦး၊ မထိုင်ကြပါနဲ့ဦး'

'ဘာကြောင့်လဲ'

'တပည့်တော်တို့ရဲ့အိမ်ကို ဝင်တဲ့အရှင်တွေဟာ ဝတ်ကို သိပြီး ထိုင်သင့်ပါတယ်'

'ဒကာတို့၊ ဘာလုပ်ဖို့သင့်ပါသလဲ'

'မိမိမိမိ ရောက်တဲ့နေရာအခြေတွေမှာ ရပ်ကာ အားလုံးပဲ တစ်ပြိုင်နက်တည်းပဲ ထိုင်သင့်ပါတယ်'

သိရိဂုတ္တမှာ ဒီလိုရည်ရွယ်ချက် ရှိပါသတဲ့။

'တစ်ယောက်က တွင်းထဲကျရင် ငါ့လူတို့၊ ကျန်လူတွေ နေရာမှာ မထိုင်ကြပါနဲ့လို့ ပြောခွင့်မရပါစေနဲ့'

နိဂဏ္ဌတွေက ကောင်းပါပြီလို့ ပြောပြီး 'ဒီလူတွေပြောတဲ့စကားကို ငါတို့လိုက်နာသင့်တယ်'လို့ ကြံကြတယ်။ အဲဒီအခါ နိဂဏ္ဌအားလုံးက သူတို့ သူတို့ရောက်ရာနေရာအခြေမှာ အစဉ်အတိုင်း ရပ်ကြတယ်။ အဲဒီအခါ နိဂဏ္ဌတွေကို 'အရှင်ဘုရားတို့၊ လျင်မြန်စွာ တစ်ပြိုင်နက်တည်းပဲ ထိုင်ကြပါ'လို့ ပြောကာ နိဂဏ္ဌတွေထိုင်မှန်း သိပြီး နေရာတွေပေါ်က အခင်းတွေကို ဖယ်ရှားကြတယ်။ နိဂဏ္ဌတွေက တစ်ပြိုင်နက်တည်းပဲ ထိုင်ကြတယ်။ ကြိုးတွေရဲ့အထက်မှာ တင်ထားတဲ့ နေရာ

www.dhammaransi.com



အခြေတွေက လျှောကျကြတယ်။ နိဂဏ္ဌတွေဟာ ဦးစောက်ပြောင်းပြန် တွင်းထဲကျကြတယ်။ သိရိဂုတ္တက အဲဒီနိဂဏ္ဌတွေ ကျတဲ့အခါ တံခါးကို ပိတ်ပြီး တက်လာ တက်လာကြတဲ့ နိဂဏ္ဌတွေကို 'အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို ဘာကြောင့်မသိကြသလဲ'လို့ ပြောကာ တုတ်တွေနဲ့ရိုက်ပုတ်ကြတယ်။ 'ဒီလောက်ရိုက်တာဟာ ဒီလောက်နိဂဏ္ဌတွေအတွက် သင့်တော်လောက်ပြီ'လို့ တံခါးကို ပိတ်ခိုင်းပါတယ်။ နိဂဏ္ဌတွေက ထွက်ပြီး ပြေးဖို့ကြိုးစားကြတယ်။ သူတို့ရဲ့သွားလမ်းမှာ အင်္ဂတေနဲ့ ပြုပြင်ထားတဲ့ မြေကို အစေးရှိအောင် လုပ်ခိုင်းတယ်။ နိဂဏ္ဌတွေက အဲဒီလမ်းမှာ ကောင်းစွာမတည်နိုင်ဘဲ ကျကုန် ကျကုန်သောနိဂဏ္ဌတွေကို နောက်ထပ် ရိုက်ပုတ်ခိုင်းတယ်။ 'ဒီလောက်ရိုက်ပုတ်တာဟာ သင်နိဂဏ္ဌတွေအတွက် လုံလောက်ပါပြီ'လို့ ပြောကာ လွှတ်လိုက်တယ်။ နိဂဏ္ဌတွေက 'သင်က ငါတို့ကို ဖျက်ဆီးတယ်၊ ဖျက်ဆီးတယ်'လို့ မြည်တမ်းကာ ဒကာ ဂရဟာဒိန္နရဲ့ အိမ်တံခါးကို သွားကြတယ်။

ဂရဟာဒိန္နဟာ အဲဒီဖောက်ပြန်တဲ့ အခြေအနေကို မြင်ရပြီး စိတ်ဆိုးကာ 'သိရိဂုတ္တက ငါ့ကိုဖျက်ဆီးတယ်၊ လက်ကို ဆန့်ပြီး ရှိခိုးသူတွေအား နတ်နဲ့တကွသော လောကမှာ အလိုရှိတိုင်း ပေးနိုင်ကြတဲ့ လယ်ယာမြေကောင်းသဖွယ် ငါ့အရှင်နိဂဏ္ဌတွေကို ရိုက်ပုတ်ခိုင်းပြီး ပျက်စီးခြင်းသို့ ရောက်စေတယ်'လို့ ပြောပြီး မင်းနန်းတော်ကို သွားကာ သိရိဂုတ္တအား အသပြာတစ်ထောင် ဒဏ်တပ်ခိုင်းပါတယ်။ အဲဒီအခါ မင်းက သိရိဂုတ္တထံ သတင်းစကားပို့လိုက်တယ်။ သိရိဂုတ္တက သွားပြီး မင်းကို ရှိခိုးကာ လျှောက်ထားတယ်။

'အရှင်မင်း၊ စုံစမ်းပြီး ဒဏ်ကိုယူတော်မူကြပါ။ မစုံစမ်းဘဲ မယူပါနဲ့'

'စုံစမ်းပြီး ငါယူပါမယ်'

'ကောင်းပါပြီ အရှင်မင်း'

www.dhammaransi.com



'ဒီလိုဆိုရင် ယူပါလော'

'အရှင်မင်း၊ ကျွန်တော်မျိုးရဲ့ သူငယ်ချင်းဖြစ်သူ နိဂဏ္ဌတပည့်က ကျွန်တော်မျိုးထံ ချဉ်းကပ်ပြီး ရပ်ရာ၊ နေရာအရပ်စသည်တွေမှာ မပြတ် 'မိတ်ဆွေ၊ ရဟန်းဂေါတမနဲ့ သင့်မှာဘာအကျိုးရှိမှာလဲ။ ရဟန်းဂေါတမကို ချဉ်းကပ်ပြီး သင်က ဘာကိုရမှာလဲ'ဆိုတဲ့ ဒီစကားကို အစပြုကာ သိရိဂုတ္တက အဲဒီဖြစ်ပုံအလုံးစုံကို ပြောပြပါတယ်။ ပြီးတော့ ဒီလိုပြောပါတယ်။

'အရှင်မင်း၊ ဒီအကြောင်းမှာ ဒဏ်ကိုယူသင့်ရင် ယူပါ'

မင်းက ဂရဟဒိန္နကို ကြည့်ပြီး ဒီလိုပြောပါတယ်။

'သင်က ဒီလိုပြောတာ မှန်သတဲ့လား'

'အရှင်မင်း၊ အမှန်ပါ'

'ဒီလောက်တောင်မှ မသိသူတွေကို ဆရာတွေလို့ မှတ်ယူပြီး လှည့်လည်နေတဲ့သင်က 'အားလုံးကို သိကြတယ်'လို့ ဘာကြောင့် ဘုရားရှင်တပည့်အား ပြောရသလဲ။ သင်တင်တဲ့ဒဏ်က သင့်ထံပဲ ဖြစ်ပါစေ'လို့ သူ့ကိုဒဏ်တပ်လိုက်ပါတယ်။ သူ့ရဲ့သာ ဆရာနိဂဏ္ဌတွေကို ရိုက်ပုတ်ကာ နှင်ထုတ်ကြပါတယ်။

ဂရဟဒိန္နက သိရိဂုတ္တကို စိတ်ဆိုးပြီး အဲဒီအချိန်မှစကာ ၁၅ ရက်လောက်တောင် သိရိဂုတ္တနဲ့ အတူစကားမပြောဘဲ 'ဒီလိုလှည့်လည်လို့ ငါ့မှာ မသင့်တော်၊ သိရိဂုတ္တ အကိုးကွယ်ခံပုဂ္ဂိုလ်တွေကိုလည်း ငါဟာ ပျက်စီးအောင် လုပ်သင့်တယ်'လိုကြံကာ သိရိဂုတ္တထံ ချဉ်းကပ်ပြီး ပြောတယ်။

'မိတ်ဆွေ သိရိဂုတ္တ'

'မိတ်ဆွေ ဘာပါလဲ'

'ဆွေမျိုး၊ မိတ်ဆွေတွေဆိုတာ ရန်ဖြစ်တာလည်း ရှိတတ်ပါတယ်။ ငြင်းခုံတာလည်း ရှိတတ်ပါတယ်။ သင်က ဘာကြောင့် ဘာမှ မပြောတာပါလဲ။ ဘာကြောင့် ဒီလိုလုပ်တာပါလဲ'

www.dhammaransi.com



'မိတ်ဆွေ၊ သင်က ငါနဲ့အတူမပြောလို့ မပြောတာပါ'

'မိတ်ဆွေ၊ ပြီးတာ ပြီးပါစေတော့။ ငါတို့မေတ္တာမပျက်ကွဲကြအံ့'

အဲဒီအချိန်ကစပြီး နှစ်ယောက်လုံးလည်း တစ်နေရာမှာ ရပ်ကြ၊ ထိုင်ကြတယ်။ တစ်နေ့မှာ သိရိဂုတ္တက ဂရဟာဒိန္နကို ပြောတယ်။

'သင့်မှာ နိဂဏ္ဌတွေနဲ့ ဘာအကျိုးရှိမှာလဲ။ သူတို့ကို ချဉ်းကပ်ပြီး ဘာရမှာလဲ။ သင်ဟာ ငါ့ဆရာဘုရားရှင်ကို ချဉ်းကပ်ဖို့ အရှင်မြတ်တွေအား လှူဒါန်းဖို့ သင့်တယ်မဟုတ်လား'

ဂရဟာဒိန္နကလည်း အဲဒါကိုပဲ တောင့်တနေပါတယ်။ ဒါကြောင့် သူ့ရဲ့ ယားနေတဲ့နေရာမှာ လည်သည်းနဲ့ ကုတ်ခြစ်လိုက်သလို ဖြစ်သွားပါတယ်။ ဂရဟာဒိန္နက မေးတယ်။

'သိရိဂုတ္တ၊ သင့်ရဲ့ဆရာ ဘုရားရှင်က ဘာကိုသိသလဲ'

'မိတ်ဆွေ၊ အဲဒီလိုမပြောပါနဲ့၊ ငါ့ဆရာဘုရားမှာ မသိတာရယ်လို့ မရှိပါ။ အတိတ်စတဲ့ အားလုံးကိုသိပါတယ်။ အခြင်းအရာ ၁၆ မျိုးနဲ့ သတ္တဝါတို့ရဲ့စိတ်ကို ပိုင်းခြားသိပါတယ်'

'ငါဟာ ဒီလိုမသိရပါ။ ဘာကြောင့် ငါ့ကို ဒီလောက်ကာလ ပတ်လုံး မပြောတာပါလဲ။ ဒီလိုဆိုရင် သင်သွားပါ။ သင့်ဆရာဘုရားကို နက်ဖြန် ဆွမ်းကပ်ဖို့ ပင့်ပေးပါ။ ငါ ဆွမ်းကပ်ပါမယ်။ ရဟန်း ၅၀၀ နဲ့အတူ ငါ့ဆွမ်းကို ခံယူဖို့ ပြောပေးပါ'

သိရိဂုတ္တက ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ ဒီလိုလျှောက်ထားပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ရဲ့သူငယ်ချင်း ဂရဟာဒိန္နက အရှင်ဘုရားတို့ကို ပင့်ခိုင်းပါတယ်။ ရဟန်း ၅၀၀ နဲ့အတူ နက်ဖြန်မှာ သူ့ဆွမ်းကို ခံယူတော်မူကြပါတဲ့။ အရင်နေ့က သူ့ရဲ့ဆရာနိဂဏ္ဌတွေ အပေါ် တပည့်တော်က ဒီလိုအမှုကို ပြုလုပ်ထားပါတယ်။ တပည့်တော်

www.dhammaransi.com



လုပ်ထားတာကို တုံ့ပြန်လုပ်တာကိုလည်း တပည့်တော် မသိပါ။ အရှင်ဘုရားတို့ရဲ့ စင်ကြယ်တဲ့စိတ်နဲ့ ဆွမ်းခံယူလိုတာကိုလည်း မသိပါ။ ဆင်ခြင်တော်မူပြီး သင့်ရင် လက်ခံတော်မူပါ။ မသင့်ရင် လက်ခံတော်မမူပါနဲ့'

ဘုရားရှင်က 'အဲဒီဂရဟာဒိန္နဟာ ငါတို့အတွက် ဘာကိုလုပ်လိုသလဲ'လို့ ဆင်ခြင်ပြီး 'အိမ်နှစ်လုံးရဲ့အကြားမှာ တွင်းကြီးတူးခိုင်းပြီး လှည်းအစီး ၈၀ တိုက်လောက် ရှားသားတွေကို သယ်ဆောင်ခိုင်းကာ ပြည့်စေပြီး မီးမွှေးကာ ငါတို့ကို မီးကျီးတွင်းထဲ ချပြီး နှိပ်ကွပ်လိုတယ်'လို့ မြင်တယ်။ တစ်ဖန် 'အဲဒီအရပ်ကို သွားလို့ အကျိုးရှိလား၊ မရှိလား'လို့ ဆင်ခြင်တော့ အောက်ပါအတိုင်း မြင်ရတယ်။

'ငါဟာ မီးကျီးတွင်းမှာ ခြေဆန့်မယ်၊ မီးကျီးတွင်းကို ဖုံးကွယ်ပြီးထားတဲ့ ဖျာဟာ ကွယ်ပျောက်လိမ့်မယ်။ မီးကျီးတွင်းကို ခွဲပြီး စက်ဘီးလောက် ပဒုမ္မာကြာပန်းကြီး ပေါ်ထွက်လာလိမ့်မယ်။ အဲဒီအခါ ငါဘုရားဟာ ပဒုမ္မာကြာပွင့်ချပ်တွေကို နင်းကာ နေရာမှာ ထိုင်မယ်။ ရဟန်း ၅၀၀ လည်း အဲဒီလိုပဲသွားပြီး ထိုင်ကြလိမ့်မယ်။ အနုမောဒနာအဆုံးမှာ သတ္တဝါပေါင်း ၈၄၀၀၀ တရားထူး ထိုးထွင်းသိလိမ့်မယ်။ သိရိဂုတ္တနဲ့ ဂရဟာဒိန္နတို့ဟာ သောတာပန်ဖြစ်လိမ့်မယ်။ သူတို့ရဲ့ဥစ္စာအစုအပုံကိုလည်း သာသနာမှာ ဖြန့်ကျဲကြလိမ့်မယ်။ ဒီအမျိုးသားကို အမှီပြုပြီး ငါသွားသင့်တယ်လို့တွေးကာ ဆွမ်းကို လက်ခံလိုက်ပါတယ်။'

သိရိဂုတ္တက သွားပြီး ဘုရားရှင်လက်ခံတာကို ဂရဟာဒိန္နအား ပြောကာ 'လောကအကြီးအကဲ ဘုရားရှင်အား ပူဇော်မှုပြုပါ'လို့ ပြောတယ်။ ဂရဟာဒိန္နက 'အခု သူ့အပေါ် လုပ်ထိုက်တာကို ငါသိမယ်'လို့ ကြံကာ အိမ်နှစ်လုံးရဲ့အကြားမှာ တွင်းကြီးတူးခိုင်းတယ်။ လှည်းအစီး ၈၀ တိုက်လောက် ရှားသားတွေကို ပြည့်စေကာ မီးမွှေးတယ်။ ရှားမီးကျီးခဲအစုကို ယှဉ်စေကာ တစ်ညလုံး အမှုတ်ခိုင်းတယ်။ ရှားမီးကျီး

www.dhammaransi.com



ပုံကို လုပ်နိုင်းတယ်။ တွင်းထိပ်မှာ သစ်သားပျဉ်ချပ်တွေကို ထားနိုင်းတယ်။ ဖျာနဲ့ ဖုံးခိုင်းပြီး နွားချေးနဲ့ လိမ်းကျံခိုင်းတယ်။ နံပါးတစ်ဖက်နဲ့ အားနည်းတဲ့ တုတ်ချောင်းတွေကို ခင်းကာ သွားလမ်းလုပ်ခိုင်းတယ်။ ဒီလိုနင်းရာ နင်းရာအခါမှာ တုတ်ချောင်းတွေ ကျိုးပျက်ပြီး လည်ကာ (လိမ့်ကာ) မီးကျီးတွင်းထဲ ကျကြလိမ့်မယ်လို့ ထင်မှတ်ကာ အိမ်နောက်ဘေးမှာ သိရိဂုတ္တထားတဲ့နည်းအတိုင်းပဲ အိုးစရည်းကြီးတွေကို ထားခိုင်းတယ်။ နေရာတွေကိုလည်း အဲဒီအတိုင်းပဲ ခင်းထားခိုင်းတယ်။ သိရိဂုတ္တက နံနက်စောစောပဲ ဂရဟဒိန္နအိမ်ကို သွားပြီး မေးပါတယ်။

'မိတ်ဆွေ၊ သင်ဟာ လှူဖွယ်ကို ပြင်ဆင်ပြီးပြီလား'

'မိတ်ဆွေ၊ ပြင်ဆင်ပြီးပါပြီ'

'အဲဒီလှူဖွယ်က ဘယ်မှာပါလဲ'

'လာ ကြည့်ကြစို့'လို့ အားလုံးကို သိရိဂုတ္တပြတဲ့နည်းအတိုင်းပဲ ပြတယ်။ သိရိဂုတ္တက 'မိတ်ဆွေ ကောင်းပါပြီ'လို့ ပြောတယ်။ လူအများ စုဝေးတယ်၊ မှန်ပေတယ်၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်က ပင့်ဖိတ်တဲ့အခါ ကြီးကျယ်တဲ့ အစုအဝေးဖြစ်လာတယ်။ မိစ္ဆာဒိဋ္ဌိတွေကလည်း 'ရဟန်းဂေါတမရဲ့ ဖောက်ပြန်မှုကို ကြည့်ရှုကြမယ်'လို့ ကြံကာ စုဝေးကြတယ်။ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တွေကလည်း ဒီနေ့ ဘုရားရှင်ဟာ ကြီးကျယ်တဲ့တရားဒေသနာကို ဟောလိမ့်မယ်။ ဘုရားအရာဖြစ်တဲ့ တင့်တယ်မှုကို စူးစမ်းကြမယ်'လို့ ကြံကာ စုဝေးကြတယ်။ နောက်နေ့မှာ ဘုရားရှင်က ရဟန်း ၅၀၀ နဲ့အတူ ဂရဟဒိန္နရဲ့အိမ်တံခါးကို သွားတယ်။ ဂရဟဒိန္နက အိမ်မှထွက်ပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ ရှေ့မှာလက်အုပ်ချီရပ်ရင်း ကြံတယ်။

'အရှင်ဘုရား၊ အရှင်ဘုရားတို့က အတိတ်စတဲ့ အရာအားလုံးကို သိကြသတဲ့။ သတ္တဝါတွေရဲ့စိတ်ကို အခြင်းအရာ ၁၆ မျိုးနဲ့ ပိုင်းခြားသိကြသတဲ့'လို့ အရှင်ဘုရားတို့ရဲ့ ဒကာက တပည့်တော်အား ပြောထားပါတယ်။ သိရင် တပည့်တော်အိမ်ထဲ မဝင်ကြပါနဲ့။ မှန်ပါတယ်၊

www.dhammaransi.com



တပည့်တော်ရဲ့အိမ်ထဲ ဝင်တဲ့ပုဂ္ဂိုလ်တွေအတွက် ယာဂု၊ ထမင်းစသည်တွေ မရှိကြပါ။ သင်တို့အားလုံးကို မီးကျီးတွင်းထဲ ချကာ နှိပ်ကွပ်ပါမယ်'

အဲဒီလိုကြံပြီး ဘုရားရှင်ရဲ့သပိတ်ကိုယူကာ 'မြတ်စွာဘုရား၊ ဒီလမ်းက လာတော်မူပါ'လို့ ပြောပြီး လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်အိမ်ကို ဝင်သူတွေမှာ ဝတ်ကိုသိပြီး လာသင့်ပါတယ်'

'ဒကာ ဘာကိုလုပ်သင့်ပါသလဲ'

'တစ်ပါးတစ်ပါးဝင်ပြီး ရှေးကသွားကာ ထိုင်ပြီးတဲ့အခါမှာ နောက်မှ အခြားရဟန်းက လာသင့်ပါတယ်'

ဂရဟဒိန္နမှာ ဒီလိုကြံမိပါသတဲ့။

'ရှေးကလာသူကို မီးကျီးတွင်းထဲကျတာ မြင်ရင် ကျန်တဲ့ရဟန်းတွေ မလာဘဲ ရှိကြမယ်။ တစ်ပါးတစ်ပါးစီကိုသာ ချပြီးနှိပ်ကွပ်မယ်'

ဘုရားရှင်က 'ကောင်းပါပြီ'လို့ မိန့်တော်မူပြီး တစ်ပါးတည်းပဲ ကြွသွားတယ်။ ဂရဟဒိန္နက မီးကျီးတွင်းသို့ ရောက်ပြီး နောက်ဆုတ်ကာ ရပ်ရင်း လျှောက်ပါတယ်။

'မြတ်စွာဘုရား ရှေ့က ကြွတော်မူပါ'

အဲဒီအခါ ဘုရားရှင်က မီးကျီးတွင်းထိပ်ပေါ် ခြေတော်ဆန့်လိုက်ပါတယ်။ ဖျာကွယ်ပျောက်သွားပါတယ်။ မီးကျီးတွင်းကို ဖောက်ပြီး စက်ဘီးလောက်ပဒုမ္မာကြာတွေ ပေါ်ပေါက်လာကြပါတယ်။ ဘုရားရှင်က ပဒုမ္မာကြာချပ်တွေပေါ် နင်းရင်း သွားကာ ခင်းထားတဲ့ ဘုရားနေရာမှာ ထိုင်ပါတယ်။ ရဟန်းတွေကလည်း အဲဒီအတိုင်းပဲ သွားကာ ထိုင်ကြပါတယ်။ ဂရဟဒိန္နရဲ့ကိုယ်မှ ပူလောင်မှု ထွက်ပေါ်လာပါတယ်။ ဂရဟဒိန္နက အဟုန်နဲ့သွားပြီး သိရိဂုတ္တထံ ချဉ်းကပ်ကာ ပြောပါတယ်။

'အရှင် ငါ့ရဲ့အားကိုးရာ ဖြစ်ပါ'

www.dhammaransi.com



'အဲဒါက ဘာလဲ'

'ရဟန်း ၅၀၀ အတွက် အိမ်မှာ ယာဂုလည်းမရှိပါ။ ဆွမ်းစသည် တွေလည်း မရှိပါ။ ငါ ဘာကိုလုပ်ရပါမလဲ'

'သင်က ဘာကိုလုပ်ထားပါသလဲ'

'ငါက အိမ်နှစ်လုံးရဲ့အကြားမှာ တွင်းကြီးကို 'အဲဒီတွင်းကြီးထဲ ချပြီး နှိပ်ကွပ်မယ်'လို့ ကြံကာ မီးကျီးတွေနဲ့ပြည့်အောင် လုပ်ခဲ့ပါတယ်။ အခု အဲဒီမီးကျီးတွင်းကို ဖောက်ခွဲပြီး ပဒုမ္မာကြာကြီးတွေ ထွက်ပေါ်လာကြပါတယ်။ ရဟန်းအားလုံးဟာ ပဒုမ္မာကြာချပ်တွေကို နင်းသွားကာ ခင်းထားတဲ့နေရာတွေမှာ ထိုင်ကြပါတယ်။ အို အရှင်၊ အခု ငါ ဘာကိုလုပ်ရပါမလဲ'

'သင်က အခုပဲ ငါ့ကို 'ဒီလောက်ပစ္စည်းတွေက အိုးစရည်းကြီး တွေပါ၊ ယာဂုက ဒီလောက်ပါ၊ ဆွမ်းစသည်တွေက ဒီလောက်ပါ' လို့ ပြထားတယ် မဟုတ်လား'

'အို အရှင်၊ အဲဒီစကားဟာ အမှားပဲ။ အိုးစရည်းတွေက ဗလာ ချည်းပဲ'

'ရှိပါစေ သွားပါ။ အိုးစရည်းတွေမှာ ယာဂုစသည်တွေကို ကြည့်ပါ'

အဲဒီခဏမှာပဲ ဂရဟဒိန္နက ယာဂုရှိတယ်လို့ ပြောထားတဲ့ အိုးစရည်းတွေမှာ ယာဂု ပြည့်နေတယ်။ ထမင်းစသည်ရှိတယ်လို့ ပြောထားတဲ့ အိုးစရည်းတွေမှာ ထမင်းစသည်တွေ ပြည့်လျှက်သာ ရှိ နေကြတယ်။ အဲဒီပြည့်စုံတာကို မြင်ရလို့သာ ဂရဟဒိန္နရဲ့ခန္ဓာကိုယ် ဟာ ပီတိ၊ ပါမောဇ္ဇနဲ့ ပြည့်နေတယ်။ စိတ်က ကြည်လင်နေတယ်။ ဂရဟဒိန္နက ရိုသေစွာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကို ပြုစုလုပ် ကျွေးပြီး ဆွမ်းကိစ္စပြီးစီးတဲ့ ဘုရားရှင်ရဲ့သပိတ်ကို အနုမောဒနာပြုစေလို လို့ ယူတယ်။ ဘုရားရှင်က အနုမောဒနာပြုတဲ့အခါ အောက်ပါစကား ကို မိန့်ကြားတော်မူပါတယ်။

www.dhammaransi.com



'ဒီသတ္တဝါတွေဟာ ပညာမျက်စိ မရှိလို့ဘဲ ငါဘုရားတပည့်တွေရဲ့ ဗုဒ္ဓသာသနာ့ဂုဏ်ကို မသိကြ။ မှန်တယ်၊ ပညာမျက်စိမရှိသူတွေက အကန်းတွေပဲ။ ပညာရှိသူတွေက မျက်စိရှိသူတွေပဲ'

'လမ်းလေးခွမှာ စွန့်ပစ်ထားတဲ့ အမှိုက်ပုံထဲက အနံ့သင်းတဲ့ မြတ်နိုးဖွယ် ပဒုမ္မာကြာပန်းဖြစ်ပေါ်လာသလို အမှိုက်ပုံသဖွယ်ဖြစ်တဲ့ ပုထုဇဉ်တွေထဲက ဘုရားတပည့်ဟာ အကန်းသဖွယ် ပုထုဇဉ်တွေကို ပညာနဲ့ကျော်လွန်ကာ တင့်တယ်တယ်။'

အဲဒီတရားဒေသနာရဲ့အဆုံးမှာ သတ္တဝါပေါင်း ၈၄၀၀၀ တရားထူးကို ထိုးထွင်းသိကြပါတယ်။ ဂရဟဒိန္နရော သိရိဂုတ္တပါ သောတာပန် ဖြစ်သွားကြပါတယ်။ သူတို့က သူတို့ရဲ့စည်းစိမ်အားလုံးကို ဗုဒ္ဓသာသနာမှာ ဖြန့်ကျဲလှူဒါန်းကြပါတယ်။ ဘုရားရှင်က နေရာမှထကာ ကျောင်းကိုကြွသွားပါတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၂၇၅)

www.dhammaransi.com

# အနိတ္ထိဂန္ဓသတို့သား

သူဟာ ဗြဟ္မာ့ပြည်မှ စုတေလာသူဖြစ်တယ်။ သာဝတ္ထိမြို့က သူဌေးမျိုးမှာ ဖြစ်တယ်။ မွေးဖွားရာနေ့ကစပြီး မိန်းမတွေအနီးကို မချဉ်းကပ်ချင်၊ မိန်းမက ကိုင်ရင် ငိုတယ်။ အဝတ်ခုနဲ့ သူ့ကိုယူပြီး နို့တိုက်ကြရတယ်။ သူ အရွယ်ရောက်တဲ့အခါ မိဘတွေက 'ချစ်သား၊ သင့်ကို အိမ်ထောင်ချပေးမယ်'လို့ ပြောတဲ့အခါ 'မိန်းမ မလိုချင်ပါ'လို့ ပယ်တယ်။ အထပ်ထပ်တောင်းဆိုတဲ့အခါ ငါးရာသော ရွှေပန်းထိမ်သည်တွေကို အခေါ်ခိုင်းတယ်။ ရွှေနိက္ခသာတစ်ထောင် ပေးခိုင်းတယ်။ အလွန်အကဲ စိတ်ကြည်နူးဖွယ်ဖြစ်အောင် တစ်ခဲနက်ခတ်ထားတဲ့ မိန်းမရုပ်ကို ပြုလုပ်ခိုင်းတယ်။ နောက်ထပ် မိဘတွေက 'ချစ်သား၊ သင်အိမ်ထောင်မပြုရင် အမျိုးအနွယ် မတည်လတ္တံ့။ သင့်အတွက် သတို့သမီးငယ်ကို ဆောင်ယူကြမယ်'လို့ ပြောတော့ 'ဒီလိုဆိုရင် ကျွန်ုပ်အတွက် ဒီလို သတို့သမီးကို ဆောင်ပေးကြရင် သင်တို့ရဲ့စကားကို လိုက်နာပါမယ်'လို့ ပြောကာ အဲဒီရွှေရုပ်ကို ပြပါတယ်။

အဲဒီအခါ သူ့မိဘတွေက ထင်ရှားတဲ့ပုဏ္ဏားတွေကို အခေါ်ခိုင်းပြီး 'ငါတို့ရဲ့သားဟာ ဘုန်းကြီးတယ်။ မချွတ်ဧကန် ဒီသားနဲ့အတူ ကောင်းမှုပြုခဲ့တဲ့ သတို့သမီးဟာ ရှိလိမ့်မယ်။ သွားကြပါ၊ ဒီရွှေရုပ်ကို ယူပြီး ဒီလိုသတို့သမီးကို ဆောင်ယူခဲ့ကြပါ'လို့ စေလွှတ်ကြတယ်။ အဲဒီပုဏ္ဏားတွေက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ခရီးလှည့်လည်ကြတဲ့အခါ မဒ္ဒတိုင်း သာဂလမြို့ကိုရောက်သွားကြတယ်။ အဲဒီမြို့မှာလည်း ၁၆ နှစ်အရွယ် အလွန်လှတဲ့ သတို့သမီးတစ်ယောက်ရှိတယ်။ သူမကို မိဘ

www.dhammaransi.com



တွေက ဘုံ ၇ ဆင့်ရှိ ပြာသာဒ်အထက်ထပ်မှာ ထားကြတယ်။ အဲဒီ ပုဏ္ဏားတွေကလည်း 'ဒီမြို့မှာ ဒီလိုသတို့သမီးရှိရင် ဒီရွှေရုပ်ကို မြင်ပြီး 'ဒီကလေးမက ဘယ်အမျိုးက သမီးလို အလွန်လှတယ်လို့ ပြောကြလိမ့်မယ်'လို့ ကြံကာ အဲဒီရွှေရုပ်ကို ရေဆိပ်လမ်းမှာထားကာ သင့်တင့်ရာ အရပ်မှာ ထိုင်နေကြတယ်။ အဲဒီအခါ အဲဒီသတို့သမီးရဲ့အထိန်းတော်က အဲဒီသတို့သမီးကို ရေချိုးပေးပြီး ကိုယ်တိုင်လည်း ရေချိုးလိုလို့ ရေဆိပ်ကိုလာတဲ့အခါ အဲဒီရွှေရုပ်ကို မြင်ရတယ်။ 'ငါ့သမီးပဲ' လို့ ထင်မှတ်ကာ 'သင်ဟာ ဆိုးမရခက်တယ်၊ အခုပဲ ငါက ရေချိုးပေးပြီး ထွက်လာတယ်၊ သင်က ငါ့အရင် ဒီနေရာကို လာနေတယ်'လို့ ပြောပြီး လက်နဲ့ရိုက်ပုတ်လိုက်တော့ မာမှန်း မပြောင်းလဲမှန်း သိသွားတယ်။

'ငါက ငါ့သမီးလို့ ထင်မှတ်ခဲ့တယ်၊ ဒါက ဘာလဲ'

'အမိ၊ သင့်သမီးဟာ ဒီလိုပဲလား'

'ဒီရွှေရုပ်က ငါ့သမီးထံမှာ ဘာတန်ဖိုးရှိမှာလဲ'

'ဒီလိုဆိုရင် သင့်သမီးကို ငါတို့အား ပြပါ'

အဲဒီအထိန်းတော်က အဲဒီပုဏ္ဏားတွေနဲ့အတူ အိမ်ကိုသွားကာ အရှင်သခင်တွေအား ပြောတယ်။ မိဘတွေက ပုဏ္ဏားတွေနဲ့အတူ ဝမ်းမြောက်ဝမ်းသာစကား ပြောကြပြီး သမီးကို အိမ်ပေါ်က ဆင်းခိုင်းကာ ပြာသာဒ်အောက်မှာ ရွှေရုပ်အနား ထားကြတယ်။ ရွှေရုပ်ဟာ အရောင်မရှိ ဖြစ်သွားတယ်။ သတို့သမီးဟာ အရောင်တောက်ပနေတယ်။ ပုဏ္ဏားတွေက အဲဒီရွှေရုပ်ကို အဲဒီမိဘတွေအား ပေးကာ သတို့သမီးကို လက်ခံသွားတယ်။ အနိတ္ထိဂန္ဓ (မိန်းမနံ့ မခံနိုင်တဲ့) သတို့သားရဲ့ မိဘတွေအား ပြောပြကြတယ်။ အဲဒီမိဘတွေက ဝမ်းသာပြီး 'သွားကြပါ၊ အဲဒီသတို့သမီးကို မြန်မြန်ဆောင်ယူခဲ့ကြပါ'လို့ လက်ဆောင်များစွာနဲ့ စေလွှတ်လိုက်ကြတယ်။

သတို့သားလည်း အဲဒီဖြစ်ပုံကိုကြားရပြီး 'ရွှေရုပ်ထက် ပိုလှတဲ့

www.dhammaransi.com



ကလေးမ ရှိသတဲ့'လို့ ကြားရရုံမျှနဲ့ပဲ အချစ်စိတ်ဖြစ်ပေါ်ကာ 'မြန်မြန် ဆောင်လာခဲ့ကြပါ'လို့ ပြောတယ်။ ကလေးမကလည်း ယာဉ်ပေါ်တင်ပြီး သယ်ဆောင်ခံရလို့ အလွန်နုနည့်တဲ့အတွက် ယာဉ်ဆောင့်လို့ လေရောဂါ ဖြစ်ပေါ်လာတယ်။ လမ်းခရီးအကြားမှာပဲ သေသွားတယ်။ သတို့သား လည်း 'လာပြီလား'လို့ မပြတ်မေးတယ်။ အလွန်အကဲ ချစ်မှုနဲ့ မေးတဲ့ သတို့သားအား အဆောတလျင်သာ မပြောသေးဘဲ ရက်အနည်းငယ် အချိန်ဆွဲပြီးမှ အဲဒီအကြောင်းကို ပြောပြတယ်။ သတို့သားဟာ 'ဒီလို မိန်းမနဲ့အတူ ပေါင်းသင်းခွင့်ကို မရခဲ့'လို့ တွေးကာ စိတ်မကောင်း ဖြစ်တယ်။ တောင်နဲ့ဖိခံရသလို သောကဒုက္ခလွှမ်းမိုးဖိစီးခံရတယ်။ ဘုရားရှင်က အဲဒီသတို့သားရဲ့ရှေးပါရမီအကြောင်းကို မြင်ရပြီး ဆွမ်းခံ လှည့်လည်တဲ့အခါ အဲဒီအိမ်တံခါးကို သွားတယ်။ အဲဒီအခါ သူ့မိဘတွေ က ဘုရားရှင်ကို အိမ်ထဲပင့်ပြီး ရိုရိုသေသေပြုစုလုပ်ကျွေးကြတယ်။ ဘုရားရှင်က ဆွမ်းကိစ္စအဆုံးမှာ မေးတယ်။

'အနိတ္ထိဂန္ဓသတို့သားက ဘယ်မှာလဲ'

'မြတ်စွာဘုရား၊ သူက အစာဖြတ်ကာ တိုက်ခန်းထဲ ထိုင်နေပါ တယ်'

'သူ့ကို ခေါ်လိုက်ကြပါ'

သတို့သားဟာ လာပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာအရပ် မှာ ထိုင်တယ်။ ဘုရားရှင်က မေးလို့ သူကဖြေတယ်။

'သတို့သား၊ သင့်မှာ သောကအကြီးအကျယ် ဖြစ်နေသလား'

'မှန်ပါဘုရား၊ ဒီလိုမိန်းမဟာ လမ်းခရီးအကြားမှာ သေသွား တယ်လို့ ကြားရပြီး သောကအကြီးအကျယ် ဖြစ်ပါတယ်။ ထမင်းတောင် တပည့်တော်မှာ မဆာပါ'

'သတို့သား၊ သင်ဟာ ဘာကိုမှီပြီး သင့်မှာသောကဖြစ်တာလဲ'

'မသိပ၊ ဘုရား'

www.dhammaransi.com



'သတို့သား၊ ကာမကိုမှီပြီး သောကအကြီးအကျယ်ဖြစ်တယ်။ သောကရော ဘေးပါ ကာမကိုမှီပြီး ဖြစ်တယ်'

'ဝတ္ထုကာမ (လိုချင်ဖွယ်အာရုံ) နဲ့ ကိလေသာကာမ (လိုချင်မှု) ကြောင့် သောကဖြစ်တယ်။ ဘေးဖြစ်တယ်၊ ကာမမှ လွတ်ရင် သောက မရှိတော့။ ဘေးဆိုတာ ဝေးရော'

အဲဒီတရားဒေသနာအဆုံးမှာ အနိတ္ထိဂန္ဓသတို့သားဟာ သောတာပန် ဖြစ်သွားတယ်။ (ဓမ္မပဒ၊ ၄၅၊ ဒု၊ ၁၈၃)

www.dhammaransi.com

# ကျောင်းဒကာ နန္ဒိယ

ဗာရာဏသီမြို့က သဒ္ဓါနဲ့ပြည့်စုံတဲ့အမျိုးမှာ နန္ဒိယမည်တဲ့ သားရှိခဲ့တယ်။ သူက မိဘတွေအား သင့်လျော်တယ်၊ သဒ္ဓါနဲ့ပြည့်စုံတယ်၊ သံဃာကို ပြုစုတယ်။ သူ့မိဘတွေက သူအရွယ်ရောက်တဲ့အခါ မျက်နှာချင်းဆိုင်အိမ်က ဦးလေးရဲ့သမီးဖြစ်သူ ရေဝတီကို ခေါ်ဆောင်ပေးလိုကြတယ်။ ရေဝတီက သဒ္ဓါမရှိ၊ လှူလေ့မရှိ၊ နန္ဒိယက ရေဝတီကို အလိုမရှိ။ အဲဒီအခါ နန္ဒိယရဲ့အမေက ရေဝတီကို ပြောတယ်။

'သမီး သင်ဟာ ဒီအိမ်မှာ ရဟန်းသံဃာအတွက် ထိုင်ရာနေရာကို လိမ်းကျံပြီး နေရာတွေကို ခင်းပါ။ သပိတ်ခြေတွေကို ထားပါ။ ရဟန်းတွေလာတဲ့အခါ သပိတ်ကိုယူပြီး ထိုင်ခိုင်းကာ ရေစစ်နဲ့ သောက်ရေကို စစ်ပေးပါ။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်တွေကို ဆေးပါ။ အဲဒီလိုဆိုရင် ငါ့သားရဲ့ နှစ်သက်ကျေနပ်စရာ ဖြစ်ပါလိမ့်မယ်'

ရေဝတီက အဲဒီအတိုင်း လုပ်ပါတယ်။ အဲဒီအခါ ရေဝတီကို 'အဆုံးအမကို ခံယူနိုင်တယ်'လို့ သားအားပြောပြပြီး သားက ကောင်းပါပြီလို့ လက်ခံတဲ့အခါ နေ့သတ်မှတ်ပြီး လက်ထပ်ပေးလိုက်ကြပါတယ်။ အဲဒီအခါ ရေဝတီကို နန္ဒိယက ပြောပါတယ်။

'ရဟန်းသံဃာကိုရော၊ ငါ့မိဘတွေကိုပါ သင်ပြုစုရင် ဒီအိမ်မှာ သင့်ကို နေခွင့်ပေးမယ်၊ မမေ့မလျော့ပါနဲ့'

ရေဝတီက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ရက်အနည်းငယ် သဒ္ဓါရှိသလိုလုပ်ကာ လင်ကို ပြုစုရင်း သားနှစ်ယောက်ကို မွေးဖွားတယ်။ နန္ဒိယရဲ့မိဘတွေလည်း သေကုန်တယ်။ အိမ်မှာ စည်းစိမ်အားလုံးဟာ ရေဝတီအတွက်ပဲဖြစ်တယ်။ နန္ဒိယကလည်း မိဘတွေ သေတဲ့အချိန်က

www.dhammaransi.com



စပြီး အလှူရှင်ကြီးလုပ်ကာ ရဟန်းသံဃာအား အလှူလှူတယ်။ အထီးကျန် ဆင်းရဲသား၊ ခရီးသွားစသူတွေအတွက်လည်း အိမ်တံခါးမှာ ချက်ပြီး ထမင်းဟင်းကို လှူတယ်။ နန္ဒိယဟာ နောင်အခါမှာ ဘုရားရှင်ရဲ့ တရားဒေသနာကို ကြားနာရပြီး ကျောင်းလှူရကျိုးကို မှတ်သားကာ ဣသိပတနအရပ်က မဟာဝိဟာရမှာ အခန်း ၄ ခန်းနဲ့ တန်ဆာဆင်ထားတဲ့ အဆောင် ၄ ဆောင်ကို ဆောက်လုပ်တယ်။ ညောင်စောင်း၊ အင်းပျဉ်စသည်တွေကို ခင်းခိုင်းတယ်။ အဲဒီကျောင်းကို အပ်နှင်းလိုလို့ ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာအား လှူပြီး ဘုရားရှင်အား အလှူရေစက်ကို လှူတယ်။

ဘုရားရှင်ရဲ့လက်ထဲ အလှူရေစက်တည်တာနဲ့ တစ်ပြိုင်နက်ပဲ တာဝတိံသာနတ်ပြည်က အရပ်မျက်နှာအားလုံးမှာ ၁၂ ယူဇနာရှိ နတ်ပြာသာဒ်ပေါ်ပေါက်လာတယ်။ အဲဒီပြာသာဒ်က အထက်မှာ ယူဇနာတစ်ရာမြင့်တယ်။ ရတနာ ၇ ပါးနဲ့ပြီးတယ်။ နတ်သမီးအပေါင်းနဲ့ ပြည့်စုံတယ်။ တစ်နေ့မှာ အရှင်မဟာမောဂ္ဂလ္လာန်က နတ်ပြည်ခရီးလှည့်လည်ပြီး အဲဒီပြာသာဒ်အနီးမှာရပ်ရင်း သူ့ထံလာတဲ့နတ်သားတွေကို မေးတယ်။

'နတ်သမီးအပေါင်းခြံရံထားတဲ့ ဒီနတ်ပြာသာဒ်က ဘယ်သူ့အတွက် ဖြစ်ပေါ်နေတာလဲ'

အဲဒီအခါ အရှင်မဟာမောဂ္ဂလ္လာန်အား နတ်သားတွေက ဗိမာန်ပိုင်ရှင်ကို ပြောပြလိုလို့ ဒီလိုပြောကြပါတယ်။

'အရှင်ဘုရား၊ နန္ဒိယသူကြွယ်သားက ဣသိပတနအရပ်မှာ ဘုရားရှင်အတွက် ကျောင်းဆောက်ပြီး လှူထားပါတယ်။ သူ့အတွက် ဒီဗိမာန်က ဖြစ်ပေါ်နေပါတယ်'

နတ်သမီးအပေါင်းကလည်း မထေရ်ကိုမြင်ကာ ပြာသာဒ်မှ ဆင်းပြီး လျှောက်ကြပါတယ်။

www.dhammaransi.com



'အရှင်ဘုရား၊ တပည့်တော်တို့ဟာ နန္ဒိယရဲ့ မယားတွေဖြစ်ကြမယ်လို့ အကြံနဲ့ ဒီဗိမာန်မှာ ဖြစ်နေကြပါတယ်။ သူ့ကို မမြင်ရလို့ အလွန်ပဲ ငြီးငွေ့ပျင်းရိကြပါတယ်။ မြေခွက်ကို ခွဲပြီး ရွှေခွက်ကို ယူသလို လူ့စည်းစိမ်ကို စွန့်ပြီး နတ်စည်းစိမ်ကိုယူတာ ဖြစ်ပါတယ်။ ဒီကိုလာဖို့ သူ့ကို ပြောလိုက်စမ်းပါ'

မထေရ်က အဲဒီနတ်ပြည်ကလာပြီး ဘုရားရှင်ထံချဉ်းကပ်ကာ မေးတယ်။

'မြတ်စွာဘုရား၊ လူ့ပြည်မှာတည်လျက်ရှိတဲ့ ကောင်းမှုရှင်တွေ အတွက် နတ်စည်းစိမ်က ဖြစ်နိုင်ပါသလား'

'မောဂ္ဂလ္လာန်၊ သင်က နတ်ပြည်မှာ နန္ဒိယအတွက်ဖြစ်တဲ့ နတ်စည်းစိမ်ကို ကိုယ်တိုင်မြင်ခဲ့ရတယ်မဟုတ်လား၊ ဘာကြောင့် ငါ့ကို မေးတာလဲ'

'မှန်ပါ မြတ်စွာဘုရား ဖြစ်ပါတယ်'

'မောဂ္ဂလ္လာန်၊ သင်က ဘာကိုပြောတာလဲ။ ကြာမြင့်စွာ အရပ်တစ်ပါးမှာ သွားနေတဲ့ သား၊ သို့မဟုတ် အစ်ကို ညီ၊ အရပ်တစ်ပါးက ပြန်လာတာကို ရွာတံခါးမှာရပ်နေတဲ့ တစ်စုံတစ်ယောက်ကပဲ မြင်ပြီး အဟုန်နဲ့ အိမ်ကိုလာကာ 'ဘယ်သူတော့ ပြန်လာပြီ'လို့ ပြောတယ်။ အဲဒီအခါ သူ့ဆွေမျိုးတွေက ဝမ်းသာပြီး အဟုန်နဲ့ထွက်လာကာ 'ချစ်သား ပြန်လာပြီ၊ နေကောင်းတယ်နော်'လို့ သူ့ကိုနှုတ်သက်သဘောကျကြတယ်။ အဲဒီလိုပဲ ဒီလောကမှာ ကောင်းမှုရှင် အမျိုးသား၊ အမျိုးသမီး ဒီလောကကို စွန့်ပြီး တမလွန်လောကသွားရင် နတ်လက်ဆောင် ၁၀ မျိုး (နတ်သက်၊ နတ်အဆင်းလှမှု၊ နတ်ချမ်းသာ၊ နတ်အခြွေအရံ၊ နတ်အစိုးရမှု၊ နတ်အဆင်း၊ နတ်အသံ၊ နတ်အနံ့၊ နတ်အရသာ၊ နတ်ဒ. တွေ့အထိ)ကိုယူကာ 'ငါက ရှေ့က၊ ငါက ရှေ့က'လို့ အလုအယက် ခ ြုးကြိုကြာ နတ်တွေဟာ ဝမ်းသာအားရကျေနပ်နေကြတယ်'

(ဓမ္မပဒ၊ ၄၊ ၃၊ ၁၈၉)

www.dhammaransi.com

# အင်္ဂုလိမာလ

အဂ္ဂိဒတ္တပုဏ္ဏားဟာ မဟာကောသလမင်းရဲ့ ပုရောဟိတ်ဖြစ်ပါတယ်။ အဂ္ဂိဒတ္တကို ပသေနဒီကောသလမင်းက ဖခင်မဟာကောသလ သေတဲ့အခါ 'ငါ့ဖခင်ရဲ့ ပုရောဟိတ်ပဲ'လို့ လေးစားကာ အဲဒီပုရောဟိတ်ရာထူးမှာပဲ ထားပါတယ်။ သူ့ထံ အခစားလာတဲ့အခါ ခရီးဦးကြိုမှု ပြုပါတယ်။ 'ဆရာ၊ ဒီနေရာမှာ ထိုင်ပါ'လို့ တန်းတူနေရာကို ပေးခိုင်းပါတယ်။ အဂ္ဂိဒတ္တက ကြံတယ်။

'ဒီမင်းဟာ ငါ့အပေါ် အလွန်ပဲရိုသေမှုကို ပြုတယ်။ မင်းတွေရဲ့ စိတ်ကို အမြဲပဲသာ မယူနိုင်၊ မှန်တယ်၊ အရွယ်တူသူနဲ့သာ မင်းချမ်းသာဆိုတာ ချမ်းသာတယ်။ ငါကတော့ အသက်ကြီးနေပြီ။ ငါဟာ ရသေ့ဝတ်သင့်တယ်'

အဂ္ဂိဒတ္တက မင်းကို ရသေ့ဝတ်ခွင့်ပြုခိုင်းပြီး မြို့မှာ စည်ကိုလှည့်လည်စေတယ်။ ၇ ရက်နဲ့ သူ့စည်းစိမ်အားလုံးကို အလှူမဏ္ဍပ်မှာ စွန့်ကာ သာသနာ့ပရသေ့ဝတ်တယ်။ သူ့ကိုမှီပြီး ယောကျာ်း ၁၀၀၀၀ ရသေ့လိုက်ဝတ်ကြတယ်။ အဂ္ဂိဒတ္တက အဲဒီရသေ့တွေနဲ့အတူ အင်္ဂတိုင်း၊ မဂဓတိုင်းနဲ့ ကုရုတိုင်းအကြားမှာနေပြီး ဒီဩဝါဒကို ပေးတယ်။

'တပည့်တို့၊ ကာမဝိတက်စသည်ဖြစ်တဲ့သူဟာ မြစ်ထဲက သဲတစ်ဆုပ်စီကို ထုတ်ဆောင်ပြီး ဒီနေရာမှာ ဖြန့်ကျဲပါ'

အဲဒီရသေ့တွေက ကောင်းပါပြီလို့ ဝန်ခံပြီး ကာမဝိတက်စသည်ဖြစ်ပေါ်တဲ့အခါ အဲဒီအတိုင်းပြုလုပ်ကြတယ်။ နောင်အခါမှာ သဲပုံကြီး ဖြစ်လာတယ်။ အဲဒီသဲပုံကြီးကို အဟိဆတ္တမည်တဲ့ နဂါးမင်းက

www.dhammaransi.com



ခံယူထားတယ်။ အင်္ဂတိုင်း၊ မဂဓတိုင်းသားတွေနဲ့ ကုရုတိုင်းသားတွေက လတိုင်းလတိုင်းမှာ အဲဒီရသေ့တွေအား များစွာသောပူဇော်ဖွယ်ကို သယ်ဆောင်ကာ အလှူလှူကြတယ်။ အဲဒီအခါ အဲဒီလူတွေအား အင်္ဂုလိမာလက ဒီဩဝါဒကို ပေးတယ်။

'တောင်ကို ကိုးကွယ်ကြ၊ တောကို ကိုးကွယ်ကြ၊ အာရာမ်ကို ကိုးကွယ်ကြ၊ သစ်ပင်ကို ကိုးကွယ်ကြ၊ အဲဒီလိုကိုးကွယ်ရင် ဆင်းရဲအားလုံးမှ လွတ်ကြလိမ့်မယ်'

သူ့တပည့်ရသေ့တွေကိုလည်း အဲဒီဩဝါဒနဲ့ ဆုံးမတယ်။ ဘုရားလောင်းကလည်း တောထွက်ပြီး ဘုရားဖြစ်ကာ အဲဒီအချိန်မှာ သာဝတ္ထိမြို့ကိုမှီပြီး ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်။ နံနက်မိုးသောက်အချိန်မှာ လောကကိုကြည့်တဲ့အခါ အင်္ဂုလိမာလကို တပည့်တွေနဲ့အတူ ဘုရားရှင့်ဉာဏ်တော်ကွန်ရက်ထဲ ဝင်လာတာကို မြင်ရတယ်။ 'ဒီရသေ့အားလုံးဟာ ရဟန္တာဖြစ်ဖို့ ရှေးကံပါရမီနဲ့ ပြည့်စုံကြတယ်'လို့ သိပြီး ညနေပိုင်းမှာ အရှင်မဟာမောဂ္ဂလ္လာန်ကို မိန့်ပါတယ်။

'မောဂ္ဂလ္လာန်၊ အင်္ဂုလိမာလက လူအများကို လမ်းမှားလိုက်ခိုင်းနေတာကို သင်မမြင်ဘူးလား၊ သွားပါ သူတို့အား ဩဝါဒပေးပါ'

'မြတ်စွာဘုရား၊ သူတို့က များပါတယ်။ တပည့်တော်တစ်ပါးတည်း မလွှမ်းမိုးနိုင်ပါ'

'မြတ်စွာဘုရားလည်း ကြွလာတော်မူရင် လွှမ်းမိုးနိုင်ပါလိမ့်မယ်'

'မောဂ္ဂလ္လာန်၊ ငါဘုရားလည်း လာမယ်၊ သင် ရှေ့ကသွားနှင့်ပါ'

မထေရ်က ရှေ့ကသွားရင်းပဲ ကြံတယ်။

'အဲဒီရသေ့တွေက အားလည်းကြီးကြတယ်။ များလည်း များကြတယ်။ အားလုံး စုပေါင်းရာနေရာမှာ တစ်စုံတစ်ခုကို ပြောရင် အားလုံးဟာ အစုလိုက် အစုလိုက် ထလာကြလိမ့်မယ်'

အဲဒီလိုကြံကာ သူ့တန်ခိုးနဲ့ မိုးသီးပါတဲ့မိုး ရွာစေပါတယ်။

www.dhammaransi.com



အဲဒီရသေ့တွေက မိုးသီးမိုးပေါက်တွေ ကျတဲ့အခါ ထထပြီး ကိုယ့်သစ်ရွက်ကျောင်း၊ ကိုယ့်သစ်ရွက်ကျောင်းထဲ ဝင်သွားကြတယ်။ မထေရ်က အဂ္ဂိဒတ္တပုဏ္ဏားရဲ့ သစ်ရွက်ကျောင်းတံခါးမှာ ရပ်ကာ 'အဂ္ဂိဒတ္တ'လို့ ခေါ်လိုက်တယ်။ အဂ္ဂိဒတ္တက မထေရ်ရဲ့အသံကို ကြားရပြီး 'ဒီလောကမှာ ငါ့ကိုနာမည်နဲ့ခေါ်နိုင်သူဆိုတာ မရှိ၊ ဘယ်သူက ငါ့ကိုနာမည်နဲ့ ခေါ်တာလဲ'လို့ မာန်ထန်နေလို့ မေးတယ်။

'အဲဒီသူက ဘယ်သူလဲ'

'ပုဏ္ဏား၊ ငါပါ'

'သင်က ဘာကိုပြောတာလဲ'

'ဒီနေ့ တစ်ည ဒီအရပ်မှာ နေရာကို သင်က ငါ့အားပြောပြပါ'

'ဒီမှာ နေရာမရှိ၊ တစ်ယောက်အတွက် သစ်ရွက်မိုးကျောင်း တစ်ကျောင်းတည်းပဲ ရှိတယ်'

'အဂ္ဂိဒတ္တ၊ လူတွေက လူတွေထံ၊ နွားတွေက နွားတွေထံ၊ ရဟန်းတွေက ရဟန်းတွေထံ သွားကြပါတယ်။ ဒီလိုမလုပ်ပါနဲ့၊ ငါ့အား နေရာပေးပါ'

'သင်က ရဟန်းလား'

'အေး ငါက ရဟန်းပါ'

'ရဟန်းဆိုရင် သင့်မှာထမ်းပိုးဘဏ္ဍာနဲ့ ရဟန်းပရိက္ခရာက ဘယ်မှာပါလဲ'

'ငါ့မှာ ပရိက္ခရာရှိပါတယ်။ ပုဏ္ဏား၊ အဲဒီပရိက္ခရာကို တစ်သီးတခြားစီ ယူပြီး လှည့်လည်ရင် ဆင်းရဲလို့ ကိုယ်တွင်းနဲ့ပဲ အဲဒီပရိက္ခရာကို ယူကာ လှည့်လည်ပါတယ်'

အဂ္ဂိဒတ္တက 'သင်ဟာ အဲဒီပရိက္ခရာကိုယူပြီး လှည့်လည်တယ်' လို့ မထေရ်အား စိတ်ဆိုးတယ်။

အဲဒီအခါ မထေရ်က အဂ္ဂိဒတ္တကို ပြောတယ်။

www.dhammaransi.com



'အင်္ဂုဒတ္တ၊ ငါတို့ကို စိတ်မဆိုးပါနဲ့၊ ငါ့အား နေစရာနေရာကို ပြောပြပါ'

'ဒီမှာ နေစရာနေရာ မရှိ'

'အဲဒီသဲပုံကြီးမှာ ဘယ်သူနေသလဲ'

'နဂါးမင်းတစ်ကောင် နေတယ်'

'အဲဒီသဲပုံကြီးကို ငါ့အားပေးပါ'

'မပေးနိုင်ပါ၊ အဲဒီနဂါးမင်းအမူက ကြီးလေးတယ်'

'ရှိပါစေ၊ ငါ့အားပေးပါ'

'ဒီလိုဆိုရင် သင်ပဲ သိပါ'

မထေရ်က သဲပုံကြီးဆီ ရှေ့ရှုသွားတယ်။ နဂါးမင်းက မထေရ် လာနေတာကိုမြင်ပြီး 'ဒီရဟန်းက ဒီအရပ်ကို ငါရှိတာ မသိဘူးထင်တယ်။ အခိုးလွှတ်ပြီး သူ့ကိုသတ်မယ်'လို့ ကြံကာ အခိုးလွှတ်တယ်။ မထေရ်က 'ဒီနဂါးမင်းက 'ငါပဲ အခိုးလွှတ်နိုင်တယ်၊ အခြားသူတွေ မလွှတ်နိုင်ကြ'လို့ ထင်မှတ်နေပုံရတယ်လို့ တွေးပြီး ကိုယ်တိုင်လည်း အခိုးလွှတ်တယ်။ နှစ်ဦးလုံးရဲ့ ကိုယ်မှထွက်တဲ့မီးခိုးတွေက ဗြဟ္မာ့ပြည် တိုင်အောင် တက်ကြတယ်။ အခိုးနှစ်ခုလုံးက မထေရ်ကို မညှဉ်းဆဲဘဲ နဂါးမင်းကိုသာ ညှဉ်းဆဲကြတယ်။ နဂါးမင်းက အခိုးအဟုန်ကို သည်းမခံနိုင်လို့ မီးလျှံလွှတ်တယ်။ မထေရ်ကလည်း တေဇောဓာတ်ဈာန်ကို ဝင်စားပြီး အဲဒီနဂါးမင်းနဲ့အတူပဲ မီးလျှံလွှတ်တယ်။ မီးလျှံတွေဟာ ဗြဟ္မာ့ဘုံတိုင်အောင် တက်သွားတယ်။ မီးလျှံနှစ်ခုလုံးက မထေရ်ကို မညှဉ်းဆဲဘဲ နဂါးမင်းကိုသာ ညှဉ်းဆဲကြတယ်။ အဲဒီအခါ နဂါးမင်းရဲ့ တစ်ကိုယ်လုံးဟာ မီးရှူးတွေနဲ့ တောက်လောင်နေသလို ဖြစ်တယ်။ ရသေ့အပေါင်းက ကြည့်ပြီး 'နဂါးမင်းက ရဟန်းကိုမီးမြှိုက်တယ်၊ ရဟန်းကောင်းဟာ ငါတို့ရဲ့စကားကို နားမထောင်လို့ ပျက်စီးလေစွ'လို့ ကြံတယ်။'

www.dhammaransi.com



မထေရ်က နဂါးမင်းကို ဆုံးမပြီး အဆိပ်အတောက်မရှိအောင် လုပ်ကာ သဲပုံပေါ်ထိုင်တယ်။ နဂါးမင်းက သဲပုံကို အခွေတွေနဲ့ ရစ်ပတ်ပြီး အိမ်အထွတ်ပမာဏရှိ ပါးပျဉ်းကို ဖန်ဆင်းကာ မထေရ်အပေါ်မှာ မိုးဆောင်းထားတယ်။ ရသေ့အပေါင်းတွေက နံနက်စောစောပဲ 'ရဟန်းသေ၊ မသေကို သိကြကုန်အံ့'လို့ကြံကာ မထေရ်ထံ သွားကြတယ်။ သဲပုံပေါ်ထိုင်နေတဲ့ မထေရ်ကိုမြင်ရပြီး လက်အုပ်ချီကာ ချီးမွမ်းပြောဆိုကြတယ်။

'ရဟန်း၊ ဘယ်လိုလဲ၊ နဂါးမင်းက သင့်ကို မညှဉ်းဆဲဘူးလား'

'ငါ့အပေါ် ပါးပျဉ်းမိုးဆောင်းကာ တည်နေတာကို သင်တို့ မမြင်ကြဘူးလား'

အဲဒီရသေ့တွေက 'အမောင်တို့၊ အံ့ဩဖွယ်ကောင်းပါပေစွ၊ ရဟန်းက ဒီလိုနဂါးမင်းကို ဆုံးမနိုင်ပါပေတယ်'လို့ မထေရ်ကို ဝိုင်းရံကာ ရပ်တည်ကြတယ်။ အဲဒီခဏမှာ ဘုရားရှင်က ကြွလာတယ်။ မထေရ်က ဘုရားရှင်ကိုမြင်ပြီး နေရာမှထကာ ရှိခိုးတယ်။ အဲဒီအခါ မထေရ်ကို ရသေ့တွေက 'ဒီပုဂ္ဂိုလ်ကလည်း သင့်ထက်ပိုမြင့်မြတ်သလား' လို့ မေးကြတယ်။ 'အဲဒီပုဂ္ဂိုလ်ဟာ ဆရာဘုရားပဲ၊ ငါဟာ အဲဒီဘုရားရဲ့ တပည့်ပဲ'လို့ ပြောတယ်။ ဘုရားရှင်က သဲပုံပေါ်ထိုင်တယ်။ ရသေ့အပေါင်းက 'ဒါက တပည့်ရဲ့တန်ခိုးအစွမ်းပဲ၊ ဒီပုဂ္ဂိုလ်ရဲ့အစွမ်းကတော့ ဘယ်လိုနေလိမ့်မလဲ'လို့ တွေးကာ လက်အုပ်ချီပြီး ဘုရားရှင်ကို ချီးမွမ်းကြတယ်။ ဘုရားရှင်က အဂ္ဂိဒတ္တကိုခေါ်ပြီး မိန့်ပါတယ်။

'အဂ္ဂိဒတ္တ၊ သင်က သင့်တပည့်ရသေ့တွေကိုရော တပည့်ဒကာတွေကိုပါ ဩဝါဒပေးတဲ့အခါ ဘယ်လိုပြောပြီး ပေးသလဲ'

'ဒီတောင်ကို ကိုးကွယ်ကြ၊ ဒီတော၊ ဒီအာရာမ်၊ ဒီသစ်ပင်ကို ကိုးကွယ်ကြ၊ မှန်တယ်၊ အဲဒီတောင်၊ တော၊ အာရာမ်၊ သစ်ပင်တွေကို ကိုးကွယ်သူဟာ ဆင်းရဲအားလုံးမှ လွတ်မြောက်တယ်လို့ အဲဒီလို တပည့်တွေအား ဩဝါဒပေးပါတယ်'

www.dhammaransi.com



'အဂ္ဂိဒတ္တ၊ အဲဒါတွေကို ကိုးကွယ်သူဟာ ဆင်းရဲအားလုံးမှ မလွတ်မြောက်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ပြီး ဝဋ်ဆင်းရဲအားလုံးမှ လွတ်တယ်'

'လူတွေက ဘေးတွေရဲ့ အခြိမ်းအခြောက်ခံရလို့ တောင်တွေ၊ တောတွေ၊ အာရာမ်တွေ၊ သစ်ပင်တွေ၊ နတ်ကွန်းတွေကို များစွာကိုးကွယ်ကြတယ်။ အဲဒီကိုးကွယ်မှုက မငြိမ်းချမ်း၊ မမြင့်မြတ်။ ဆင်းရဲအားလုံးမှ မလွတ်စေနိုင်'

'ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ပြီး ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာ ၄ ပါးကို မြင်သူဟာ အဲဒီကိုးကွယ်မှုကြောင့် ငြိမ်းချမ်းတယ်၊ မြင့်မြတ်တယ်၊ ဆင်းရဲအားလုံးမှ လွတ်မြောက်ကြရတယ်'

အဲဒီတရားဒေသနာအဆုံးမှာ အဲဒီရသေ့အားလုံးဟာ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်ကာ ဘုရားရှင်ကို ရှိခိုးပြီး ရဟန်းအဖြစ်ကို တောင်းဆိုကြတယ်။ ဘုရားရှင်ကလည်း သင်္ကန်းတိုက်ထဲမှ လက်တော်ကိုဆန့်ကာ 'ရဟန်းတို့၊ လာကြလော့၊ အကျင့်မြတ်ကို ကျင့်ကြလော့' လို့ မိန့်ပါတယ်။ အဲဒီရသေ့တွေဟာ အဲဒီခဏမှာပဲ ပရိက္ခရာ ၈ ပါး ဆောင်ထားတဲ့ ဝါ ၆၀ ရ မထေရ်ကြီးတွေလို ဖြစ်သွားကြတယ်။ အဲဒီနေ့က အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းသားအားလုံးက လှူဖွယ်ကို ယူကာ လာတဲ့နေ့ဖြစ်တယ်။ ပူဇော်ဖွယ်ကို ယူပြီးလာတဲ့ အဲဒီလူတွေက ရသေ့တွေကို ရဟန်းဘဝနဲ့မြင်ရပြီး 'ငါတို့ရဲ့ အဂ္ဂိဒတ္တပုဏ္ဏားက မြင့်မြတ်တာလား၊ ဒါမှမဟုတ် ရဟန်းဂေါတမက မြင့်မြတ်တာလား'လို့ ကြံကာ ရဟန်းဂေါတမက လာတာမို့ 'အဂ္ဂိဒတ္တကသာ ကြီးမြတ်တယ်' လို့ ထင်သွားကြတယ်။ ဘုရားရှင်က အဲဒီလူတွေရဲ့အလိုကို ကြည့်ပြီး 'အဂ္ဂိဒတ္တ၊ ပရိသတ်ရဲ့သံသယကို ဖြတ်တောက်လော့'လို့ မိန့်တယ်။ အဂ္ဂိဒတ္တကလည်း 'တပည့်တော်လည်း ဒီလောက်ကိုပဲ တောင့်တနေပါ

www.dhammaransi.com



တယ်'လို့ ပြောကာ တန်ခိုးအစွမ်းနဲ့ ၇ ကြိမ်တိုင်တိုင် ကောင်းကင်ပေါ် ပျံတက်တယ်။ အဖန်ဖန် အထပ်ထပ် သက်ဆင်းပြီး ဘုရားရှင်ကို ရှိခိုးတယ်။ 'မြတ်စွာဘုရား၊ မြတ်စွာဘုရားက တပည့်တော်ရဲ့ဆရာပါ။ တပည့်တော်က တပည့်ဖြစ်ပါတယ်'လို့ လျှောက်ကာ တပည့်အဖြစ်ကို ထင်ရှားပြပါတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၁၅၇)

www.dhammaransi.com

# ထင်းခွေသမားရဲ့ သားလေး

ရာဇဂြိုဟ်မြို့မှာ ဗုဒ္ဓသာသနာဝင်ကလေးနဲ့ အခြားဘာသာဝင်ကလေးတို့ဟာ အမြဲဂုံညှင်းပစ်တမ်း ကစားကြတယ်။ အဲဒီထဲက ဗုဒ္ဓသာသနာဝင်ကလေးက ဂုံညှင်းပစ်တဲ့အခါ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ဆင်ခြင်ကာ 'နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏'လို့ ဆိုပြီး ဂုံညှင်းပစ်တယ်။ အခြားကလေးက တိတ္ထိတွေရဲ့ဂုဏ်တွေကိုရွတ်ပြီး 'နမော အရဟန္တာနံ၊ ရဟန္တာတွေအား ရှိခိုးပါ၏'လို့ ဆိုဆိုပြီး ပစ်တယ်။ အဲဒီနှစ်ယောက်ထဲက ဗုဒ္ဓသာသနာဝင်ကလေးက အောင်နိုင်တယ်။ အခြားကလေးက ရှုံးတယ်။ အခြားကလေးက ဗုဒ္ဓသာသနာဝင်ကလေးရဲ့အမူအရာကိုကြည့်ပြီး 'ဒီကလေးက ဒီလိုအောက်မေ့ပြီး ဒီလိုရွတ်ဆိုကာ ဂုံညှင်းကိုပစ်တဲ့အခါ ငါ့ကိုအောင်နိုင်တယ်။ ငါလည်း အဲဒီလို လုပ်မယ်'လို့ ဗုဒ္ဓါနုဿတိ (ဘုရားဂုဏ်တော်တွေကို အဖန်ဖန်အောက်မေ့မှု) မှာ အလေ့အလာပြုလုပ်တယ်။

တစ်နေ့မှာ ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ကလေးရဲ့ ဖခင်က လှည်းတပ်ပြီး သစ်သားတွေအတွက် သွားတဲ့အခါ အဲဒီကလေးကိုလည်း ယူသွားတယ်။ တောအုပ်ထဲမှာ သစ်သားတွေနဲ့ လှည်းကိုပြည့်စေပြီး လာတယ်။ မြို့ပြင်ဘက်က သုသာန်အနီး ရေချမ်းသာရာအရပ်မှာ နွားတွေကို လွှတ်လိုက်ဟယ်။ ထမင်းစားတယ်။ အဲဒီအခါ သူ့ရဲ့အဲဒီနွားတွေက ညနေပိုင်းမှာ မြို့ထဲဝင်သွားတဲ့နွားအပေါင်းနဲ့အတူ မြို့ထဲကိုပဲ ဝင်သွားကြတယ်။ ထင်းခုတ်သမားကလည်း နွားတွေနောက်လိုက်ရင်း မြို့ထဲဝင်ကာ ညနေပိုင်းမှာ နွားတွေကိုတွေ့လို့ ယူကာ ထွက်လာတဲ့အခါ

www.dhammaransi.com



တံခါးကို မမီတော့။ မှန်တယ်၊ သူမရောက်ခင်မှာပဲ တံခါးကိုပိတ်သွားတယ်။

အဲဒီအခါ အဲဒီလူရဲ့သားလေးက တစ်ယောက်တည်းပဲ ညပိုင်းမှာလှည်းအောက်လဲလျောင်းကာ အိပ်ပျော်သွားတယ်။ ရာဇဂြိုဟ်မြို့ကတော့ ပင်ကိုယ်အားဖြင့်လည်း ဘီလူးပေါတယ်၊ ဒီကလေးကလည်း သုသာန်အနီးမှာ လဲလျောင်းနေတယ်။ အဲဒီနေရာမှာ အဲဒီကလေးကို ဘီလူးနှစ်ကောင်က မြင်သွားကြတယ်။ တစ်ကောင်က ဗုဒ္ဓသာသနာရဲ့ ဆန့်ကျင်ဘက် ဘာသာခြားအယူရှိတယ်။ တစ်ကောင်က ဗုဒ္ဓသာသနာဝင်ဖြစ်တယ်။ အဲဒီနှစ်ကောင်ထဲက ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ ဘီလူးက 'ဒီကလေးက ငါတို့ရဲ့အစာပဲ၊ ဒီကလေးကို ခဲစားကြမယ်'လို့ ပြောတယ်။ ဗုဒ္ဓသာသနာဝင်ဘီလူးက 'မသင့်ပါ၊ သင် မနှစ်သက်ပါနဲ့'လို့ တားမြစ်တယ်။ တားမြစ်ခံရပေမယ့် ဗုဒ္ဓသာသနာဝင်ဘီလူးရဲ့စကားကို မနာယူဘဲ ကလေးကို ခြေတွေမှာကိုင်ဆွဲလိုက်တယ်။ အဲဒီကလေးက ဗုဒ္ဓါနုဿတိကို လေ့ကျင့်ထားလို့ အဲဒီခဏမှာပဲ 'နမော ဗုဒ္ဓဿ၊ ဘုရားရှင်အား ရှိခိုးပါ၏'လို့ ဆိုလိုက်တယ်။ ဘီလူးက အကြီးအကျယ်ကြောက်ပြီး နောက်ဆုတ်ကာ ရပ်တည်တယ်။ အဲဒီအခါ ဆွဲယူတဲ့ဘီလူးကို သူငယ်ချင်းဘီလူးက 'ငါတို့တော့ မလုပ်သင့်တဲ့အမှုကို လုပ်မိပြီ၊ သူ့အတွက် ငါတို့ဒဏ်အမှုကို ပြုလုပ်ကြစို့'လို့ ပြောပြီး ကလေးကို စောင့်ရှောက်ရင်း ရပ်တည်တယ်။

ဗုဒ္ဓသာသနာဝင်မဟုတ်တဲ့ ဘီလူးက မြို့ထဲဝင်ပြီး မင်းရဲ့ထမင်းစားပွဲခွက်ကို ပြည့်စေကာ စားဖွယ်ကို သယ်ဆောင်လာတယ်။ အဲဒီအခါ ကလေးကို ဘီလူးနှစ်ကောင်လုံးကပဲ မိဘလိုဖြစ်ကာ အနီးရပ်ကာ ကျွေးကြတယ်။ 'ဒီအက္ခရာတွေက မင်းသာမြင်ပါစေ၊ အခြားသူမမြင်ပါစေနဲ့'လို့ အဲဒီဖြစ်ပုံကို ထင်ရှားပြလိုလို့ ဘီလူးအစွမ်းနဲ့ စားခွက်ထဲမှာ အက္ခရာတွေကို ရေးတယ်။ ခွက်ကိုထင်းလှည်းပေါ်ထားကာ တစ်ညလုံး

www.dhammaransi.com



စောင့်ရှောက်ပြီး ဖဲသွားကြတယ်။ နောက်နေ့မှာ 'မင်းနန်းတော်က ပွဲတော်အုပ်ကို သူခိုးတွေ ခိုးသွားတယ်'လို့ အုတ်အုတ်ကျက်ကျက် လုပ်ကာ တံခါးတွေကိုပိတ်ပြီး ကြည့်ကြတဲ့အခါ အဲဒီနေရာမှာ မမြင် ကြလို့ မြို့ကထွက်သွားကြတယ်။ ဟိုဟိုဒီဒီကြည့်ကြတဲ့အခါ ထင်းလှည်း ပေါ်က ရွှေခွက်ကို မြင်ရပြီး 'သူဟာ သူခိုးပဲ'လို့ အဲဒီကလေးကို ခေါ် ယူကာ မင်းအားပြကြတယ်။ မင်းက အက္ခရာတွေကို မြင်ရပြီး 'ချစ် သား၊ အဲဒါက ဘာလဲ'လို့ မေးတယ်။ 'အရှင်မင်း၊ အကျွန်ုပ် မသိပါ၊ အကျွန်ုပ်ရဲ့မိဘတွေက လာပြီး ညအခါမှာကျွေးကာ စောင့်ရှောက်ရင်း ရပ်တည်နေကြပါတယ်။ အကျွန်ုပ်လည်း မိဘတွေကငါ့ကိုစောင့်ရှောက် နေကြတယ်'လို့ တွေးကာ အကြောက်မရှိဘဲသာ အိပ်ပျော်သွားပါတယ်။ ဒါလောက်ကို အကျွန်ုပ်သိပါတယ်'လို့ ပြောတယ်။

အဲဒီအခါ ကလေးရဲ့မိဘတွေကလည်း အဲဒီနေရာကို လာကြ တယ်။ မင်းက အဲဒီဖြစ်ပုံကိုသိပြီး အဲဒီလူ ၃ ယောက်လုံးကိုခေါ်ကာ ဘုရားရှင်ထံသွားပြီး အကြောင်းအရာအားလုံးကို လျှောက်ကြတယ်။ ပြီးတော့ ဒီလိုမေးတယ်။ ဘုရားရှင်က ဖြေတယ်။

'မြတ်စွာဘုရား၊ ဗုဒ္ဓါနုဿတိသာ အစောင့်အရှောက်ဖြစ်ပါ သလား၊ ဒါမှမဟုတ် ဓမ္မာနုဿတိစသည်တွေလည်း အစောင့်အရှောက် ဖြစ်ကြပါသလား'

'မင်းကြီး၊ ဗုဒ္ဓါနုဿတိသာ အစောင့်အရှောက်ဖြစ်တာ မဟုတ်၊ တရား ၆ မျိုးနဲ့ ထုံထားတဲ့စိတ်ရှိသူတွေမှာ အခြားအစောင့်အရှောက်၊ အဟန့်အတားနဲ့ရော မန္တန်ဆေးတွေနဲ့ပါ ကိစ္စမရှိတော့။

၁။ ဗုဒ္ဓါနုဿတိ၊ ဘုရားဂုဏ်တော်တွေကို အဖန်ဖန်အောက်မေ့မှု။

၂။ ဓမ္မာနုဿတိ၊ တရားဂုဏ်တော်တွေကို အဖန်ဖန်အောက်မေ့မှု။

၃။ သံဃာနုဿတိ၊ သံဃာ့ဂုဏ်တော်တွေကို အဖန်ဖန်အောက်မေ့ မှု။

www.dhammaransi.com



၄။ ကာယဂတာသတိ၊ ခန္ဓာကိုယ်အပေါ်ဖြစ်တဲ့ သတိ။

၅။ ကရုဏာဘာဝနာ၊ ကရုဏာပွားမှု။

၆။ မေတ္တာဘာဝနာ၊ မေတ္တာပွားမှု။ (ဘာဝနာမှန်သမျှလည်း ပါဝင်ပါတယ်။)

အဲဒီတရားအဆုံးမှာ ကလေးဟာ မိဘတွေနဲ့အတူ သောတာပန်ဖြစ်သွားတယ်။ နောင်အခါမှာတော့ ရဟန်းဝတ်ပြီး အားလုံးပဲ ရဟန္တာဖြစ်သွားကြတယ်။ ရောက်လာတဲ့ပရိသတ်တွေအတွက်လည်း တရားဒေသနာဟာ အကျိုးရှိသွားတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၂၈၅)

www.dhammaransi.com

# အသက် ၁၂၀ ရှည်သူ

ဒီဃလယ်ဝိကမြို့နေ ပုဏ္ဏားနှစ်ယောက်ဟာ သာသနာပရသေ့ဝတ်ကာ ၄၈ နှစ်ပတ်လုံး ပုဏ္ဏားတို့အကျင့်ကို ကျင့်ကြတယ်။ အဲဒီနှစ်ယောက်ထဲက တစ်ယောက်က 'ငါ့အစဉ်အဆက် ပျက်လိမ့်မယ်၊ ငါ လူဝတ်လဲမယ်' လို့ ကြံကာ သူကိုယ်တိုင်ကျင့်ခဲ့တဲ့အကျင့်ကို သူတစ်ပါးတွေအား ရောင်းတယ်။ နွားတစ်ရာနဲ့ အသပြာတစ်ရာနဲ့အတူ မယားကိုရပြီး ဥစ္စာကို တည်ထောင်တယ်။ အဲဒီအခါ သူ့မယားက သားမွေးတယ်။ သူ့ရဲ့အခြားသူငယ်ချင်းက အရပ်တစ်ပါးကိုသွားပြီး တစ်ဖန်ပဲ အဲဒီမြို့ကို ပြန်လာတယ်။ အဲဒီလူက သူ့သူငယ်ချင်းရသေ့လာတာကို ကြားရပြီး သားမယားကိုခေါ်ကာ သူငယ်ချင်းရသေ့ကို ဖူးဖို့သွားတယ်။ သွားပြီး သားကို မိခင်လက်ထဲပေးကာ ကိုယ်တိုင်အရင်ရှိခိုးတယ်။ မိခင်ကလည်း သားကို ဖခင်လက်ထဲပေးကာ ရှိခိုးတယ်။ ရသေ့က 'သင်တို့ အသက်ရှည်ကြပါစေ'လို့ ပြောတယ်။ သားကို ရှိခိုးခိုင်းတဲ့အခါမှာတော့ ဆိတ်ဆိတ်နေတယ်။ အဲဒီအခါ ရသေ့ကိုမေးတယ်။

'အရှင်ရသေ့၊ တပည့်တော်တို့က ရှိခိုးတဲ့အခါ အသက်ရှည်ကြပါစေလို့ ဆုပေးပြီး ဒီသားရှိခိုးတဲ့အခါ ဘာကြောင့် ဘာကိုမျှ မပြောပါသလဲ'

'ပုဏ္ဏား၊ ဒီကလေးမှာ အန္တရာယ်တစ်ခုရှိတယ်'

'အရှင်ရသေ့၊ ဒီကလေးက အသက် ဘယ်လောက်ရှည်မလဲ'

'ပုဏ္ဏား၊ ၇ ရက်ပဲ'

'အရှင်ရသေ့၊ တားမြစ်တတ်တဲ့အကြောင်း ရှိပါသလား'

'ငါက တားမြစ်တတ်တဲ့အကြောင်းကို မသိပါ'

www.dhammaransi.com



'အရှင်ရသေ့၊ ဘယ်သူသိပါသလဲ'

'ရဟန်းဂေါတမ သိတယ်၊ သူ့ထံသွားမေးပါ'

'အဲဒီကိုသွားရင် အကျင့်မှဆုတ်ယုတ်မှာ ကြောက်ပါတယ်'

'သင့်သားအပေါ် ချစ်ရင် အကျင့်ဆုတ်ယုတ်မှာကို မစဉ်းစားဘဲ အဲဒီရဟန်းဂေါတမထံ သွားမေးပါ'

အဲဒီပုဏ္ဏားက ဘုရားရှင်ထံသွားပြီး ကိုယ်တိုင်အရင်ရှိခိုးတယ်။ ဘုရားရှင်က 'အသက်ရှည်ပါစေ'လို့ ဆုပေးတယ်။ မယားက ကန်တော့တော့လည်း သူမအား အဲဒီလိုပဲ ဆုပေးတယ်။ သားကို ရှိခိုးခိုင်းတဲ့အခါ ဆိတ်ဆိတ်နေတယ်။ ပုဏ္ဏားက ရှေးနည်းအတိုင်းပဲ ဘုရားရှင်ကို မေးတယ်။ ဘုရားရှင်ကလည်း အဲဒီအတိုင်းပဲ ဖြေတယ်။ အဲဒီပုဏ္ဏားက သဗ္ဗညုတဉာဏ်ကို မသိဘဲသာ သူ့မန္တန်ကို သဗ္ဗညုတဉာဏ်နဲ့ နှိုင်းနေတယ်၊ တားမြစ်တတ်တဲ့နည်းလမ်းကိုတော့ မသိပါ။ ပုဏ္ဏားက မေးတယ်။ ဘုရားရှင်က ဖြေတယ်။

'မြတ်စွာဘုရား၊ တားမြစ်တတ်တဲ့နည်းလမ်း ရှိပါသလား'

'ပုဏ္ဏား ရှိပါတယ်'

'ဘယ်လိုပါလဲ ဘုရား'

'သင်က သင့်အိမ်တံခါးမှာ မဏ္ဍပ်ဆောက်ခိုင်းပါ။ အဲဒီမဏ္ဍပ်ရဲ့ အလယ်မှာ ထိုင်ခုံခင်းခိုင်းပါ။ အဲဒါကို ဝိုင်းရံပြီး နေရာ ၈ နေရာ၊ ၁၆ နေရာတွေကို ခင်းခိုင်းပါ။ အဲဒီနေရာတွေမှာ ငါရဲ့တပည့်တွေကို ထိုင်ခိုင်းပါ။ ၇ ရက်ပတ်လုံး မပြတ် ပရိတ်အရံအတားကို ပြုနိုင်ရင် အဲဒီကလေးမှာ အန္တရာယ်ပျောက်ကင်းသွားမယ်'

'အရှင်ဂေါတမ၊ တပည့်တော်က မဏ္ဍပ်စသည်တွေကို လုပ်နိုင်ပါတယ်။ အရှင်ဘုရားရဲ့တပည့်တွေကို ဘယ်လိုရပါမလဲ'

'သင်က အဲဒီလောက်လုပ်ပြီးရင် ငါက ငါ့တပည့်တွေကို လွှတ်လိုက်မယ်'

www.dhammaransi.com



'အရှင်ဂေါတမ၊ ကောင်းပါပြီ'လို့ ဝန်ခံပြီး ပုဏ္ဏားက သူ့အိမ်တံခါးမှာ ကိစ္စအားလုံးကို ပြီးစေကာ ဘုရားရှင်ထံ သွားတယ်။ ဘုရားရှင်က ရဟန်းတွေကို စေလွှတ်တယ်။ အဲဒီရဟန်းတွေက သွားပြီး အဲဒီနေရာမှာ ထိုင်ကြတယ်။ ကလေးကိုလည်း ထိုင်ခုံပေါ်သိပ်ထားကြတယ်။ ရဟန်းတွေက ၇ ရက် နေ့ရောညပါ မပြတ်ပရိတ်ကို ရွတ်ကြတယ်။ ၇ ရက်မြောက်မှာ ညနေပိုင်းမှာ ဘုရားရှင် ကြွလာတဲ့အခါ စကြဝဠာအားလုံးက နတ်တွေ စုဝေးလာကြတယ်။ အဝရုဒ္ဓကဆိုတဲ့ နတ်ဘီလူးတစ်ကောင်က ၁၂ နှစ်ပတ်လုံး ဝေဿဝဏ်နတ်မင်းကြီးကို ပြုစုပြီး သူ့ထံက ဆုရတဲ့အခါ 'ဒီနေ့ကနေ ၇ ရက်မြောက်နေ့မှာ ဒီကလေးကို ယူလော့'လို့ ဆုရတယ်။ ဒါကြောင့် အဲဒီဘီလူးကလည်း လာကာရပ်တည်တယ်။

ဘုရားရှင်က အဲဒီနေရာကို ကြွသွားတဲ့အခါ တန်ခိုးကြီးနတ်တွေက စုဝေးလာကြတယ်။ တန်ခိုးနည်းနတ်တွေက ဆုတ်ကာဆုတ်ကာ နေရာကို မရကြလို့ ၁၂ ယူဇနာတိုင်တိုင် ဆုတ်ခွာသွားကြရတယ်။ အဝရုဒ္ဓကလည်း အဲဒီအတိုင်းပဲ ဆုတ်သွားရတယ်။ ဘုရားရှင်လည်း တစ်ညလုံး အရံအတားကို ပြုတော်မူတယ်။ ၇ ရက်လွန်တဲ့အခါ အဝရုဒ္ဓကက ကလေးကို မရ။ ၈ ရက်မြောက်မှာ အရုဏ်တက်ခါစမှာ ကလေးကို သယ်ဆောင်ပြီး ဘုရားရှင်ကို ရှိခိုးခိုင်းကြတယ်။ ဘုရားရှင်က မိန့်တယ်။

'အသက်ရှည်ပါစေ'

'အရှင်ဂေါတမ၊ ကလေးက ဘယ်လောက်ကြာအောင် တည်ရှိမှာပါလဲ'

'ပုဏ္ဏား၊ နှစ်ပေါင်း ၁၂၀ ပဲ'

အဲဒီအခါ သူ့ကို 'မောင်သက်ရှည်'လို့ နာမည်ပေးကြတယ်။ သူကကြီးပြင်းလာတဲ့အခါ ဥပါသကာ ၅၀၀ ခြံရံကာ လှည့်လည်တယ်။ ဒီသတ္တဝါတွေမှာ အသက်ရှည်ကြောင်း ရှိမယ်ထင်တယ်။

www.dhammaransi.com



ဘုရားရှင်က ကြွလာပြီး မေးတယ်။ ရဟန်းတွေက ဖြေကြပါတယ်။

'ရဟန်းတို့၊ အခု ဘယ်စကားနဲ့ စည်းဝေးနေကြတာလဲ'

'ဒီမည်တဲ့စကားနဲ့ပါ ဘုရား'

'ရဟန်းတို့၊ အသက်ရှည်တာက အကြောင်းမဲ့သက်သက် မဟုတ်၊ ဒီသတ္တဝါတွေက ဂုဏ်ရှိသူတွေကို ရှိခိုးရင် အသက်၊ ရုပ်ရည်လှပမှု၊ ချမ်းသာ၊ အင်အား ၄ မျိုးနဲ့ တိုးပွားကြတယ်။ ဘေးရန်မှ လွတ်ကြတယ်။ အသက်ထက်ဆုံးပဲ တည်ရတယ်။'

အဲဒီတရားအဆုံးမှာ မောင်သက်ရှည်ဟာ ဥပါသကာ ၅၀၀ နဲ့အတူ သောတာပန်ဖြစ်သွားတယ်။ အခြားပုဂ္ဂိုလ်များစွာလည်း သောတာပန်စသည် ဖြစ်ကြတယ်။ (ဓမ္မပဒ၊ ၄၊ ၁၊ ၄၂၃)

www.dhammaransi.com

# ကုမ္ဘဃောသကသူဌေး

ရာဇဂြိုဟ်မြို့က ရာဇဂြိုဟ်သူဌေးအိမ်မှာ မြွေအဆိပ်နဲ့တူတဲ့ရောဂါ ဖြစ်တယ်။ အဲဒီရောဂါဖြစ်တော့ ယင်ကောင်တွေကစပြီး နွားတွေတိုင်အောင် ပထမဆုံးမှာ တိရစ္ဆာန်တွေ သေကြတယ်။ အဲဒီကနောက် ကျွန်၊ အလုပ်သမားတွေ သေကြတယ်။ အားလုံးရဲ့နောက်မှာ အိမ်ပိုင်ရှင်တွေ သေကြတယ်။ ဒါကြောင့် အဲဒီရောဂါက အားလုံးရဲ့နောက်မှာ သူဌေးကိုရောသူဌေးကတော်ကိုပါ ယူတယ်။ ရောဂါနှိပ်စက်ခံရတဲ့ အိမ်ပိုင်ရှင်တွေက အနီးမှာ တည်ရှိတဲ့သားကို ကြည့်ပြီး မျက်ရည်ပြည့်တဲ့ မျက်လုံးတွေနဲ့ အဲဒီသားကို ပြောကြတယ်။

'ချစ်သား၊ ဒီရောဂါဖြစ်လာရင် နံရံကို ဖောက်ခွဲပြီး ပြေးသူတွေသာ အသက်ရှင်ကြတယ်။ သင်က ငါတို့ကိုမကြည့်ဘဲ ပြေးကာ အသက်ရှင်မှ ပြန်လာပြီး ငါတို့ရဲ့ဘယ်နေရာမှာ မြှုပ်ထားတဲ့ ကုဋေ ၄၀ သော ဥစ္စာကို ထုတ်ဆောင်ပြီး အသက်မွေးပါ'

သားက မိဘတွေရဲ့စကားကို ကြားရပြီး ငိုရင်း မိဘတွေကို ရှိခိုးပြီး သေဘေးခြိမ်းခြောက်ခံရလို့ နံရံဖောက်ပြီး ထွက်ပြေးတယ်။ တောင်ရှုပ်ထဲသွားပြီး ၁၂ နှစ်ပတ်လုံး အဲဒီတောင်ရှုပ်ထဲမှာပဲ နေကာ မိဘတွေရဲ့နေရာအရပ်ကို ပြန်လာတယ်။ ငယ်ရွယ်စဉ်မှာသွားပြီး ဆံမုတ်ဆိတ်ရှည်တဲ့အခါမှ ပြန်လာလို့ သူ့ကို ဘယ်သူကမှ မမှတ်မိ။ သူက မိဘတွေက ပေးတဲ့အမှတ်အသားနဲ့ ဥစ္စာထားရာနေရာကိုသွားပြီး ဥစ္စာမပျောက်ပျက်တာကိုသိကာ 'ငါ့ကို ဘယ်သူမှ မှတ်မိ။ ငါဟာ ဥစ္စာကို ထုတ်ဆောင်ပြီး သုံးစွဲရင် ဆင်းရဲသားတစ်ယောက်က အသပြာအိုးကို ထုတ်ဆောင်တယ်လို့ ငါ့ကိုဖမ်းပြီး ညှဉ်းဆဲကြလိမ့်မယ်။ ငါဟာ

www.dhammaransi.com



အခစားအလုပ်ကို လုပ်ပြီး အသက်မွေးရရင် ကောင်းမယ်'လို့ ကြံတယ်။ အဲဒီအခါ အဝတ်နွမ်းတစ်ထည်ကို ဝတ်ပြီး 'အခစားအလုပ်သမားကို အလိုရှိသူတစ်စုံတစ်ယောက် ရှိပါသလား'လို့ မေးရင်း အခစားအလုပ်သမားတွေ နေရာလမ်းကို ရောက်သွားတယ်။ အဲဒီအခါ သူ့ကို အလုပ်သမားတွေက မြင်ပြီး 'ငါတို့ရဲ့အလုပ်တစ်ခုကို သင်လုပ်ရင် သင့်အား ထမင်းရိက္ခာ (လခ) ကို ပေးကြမယ်'လို့ ပြောကြတယ်။

'အလုပ်က ဘာအလုပ်ပါလဲ'

'အိပ်ရာမှ နိုးတဲ့အလုပ်၊ တိုက်တွန်းနိုးဆော်တဲ့အလုပ်ပါ။ သင်စွမ်းနိုင်ရင် နံနက်စောစောပဲ ထပြီး 'ဖခင်တို့၊ အိပ်ရာမှ ထကြပါ၊ လှည်းတွေ တပ်ကြပါ။ နွားတွေ တပ်ကြပါ။ ဆင်၊ မြင်းတွေရဲ့ မြက်အတွက် သွားရမယ့်အချိန်ပါ။ အမိတို့၊ သင်တို့လည်း အိပ်ရာမှ ထကြပါ၊ ယာဂုကျိုကြပါ၊ ထမင်းချက်ကြပါ'လို့ လှည့်လည်ကာ ပြောပါ'

သူက ကောင်းပါပြီလို့ ဝန်ခံပြီးတဲ့အခါ သူ့အတွက် နေဖို့ အိမ်တစ်လုံး ပေးကြတယ်။ သူက နေ့တိုင်း အဲဒီအလုပ်ကို လုပ်တယ်။

တစ်နေ့မှာ ဗိမ္ဗိသာရမင်းက သူ့အသံကို (ကုမ္ဘဃောသကရဲ့ အသံကို) ကြားသွားတယ်။ ဗိမ္ဗိသာရမင်းက အသံအားလုံးရဲ့ အခြေအနေကို သိနိုင်တယ်။ ဒါကြောင့် 'ဥစ္စာများဖွယ်ရှိသူရဲ့ အသံပဲ'လို့ ပြောတယ်။ အဲဒီအခါ မင်းရဲ့အနီးမှာ ရပ်တည်နေတဲ့ အလုပ်အကျွေးမတစ်ယောက်က 'မင်းက တော်ရုံတန်ရုံစကားကို မပြောလတ္တံ့၊ ငါဟာ ဒါကိုသိသင့်တယ်'လို့ ကြံပြီး 'အမောင် သွားပါ၊ အဲဒီလူကို သိအောင် လုပ်ခဲ့ပါ'လို့ ယောကျ်ားတစ်ယောက်ကို လွှတ်လိုက်တယ်။ အဲဒီယောကျ်ားက အပြန်နဲ့သွားပြီး အဲဒီလူကိုကြည့်ကာ လာပြီး 'အဲဒီလူက အလုပ်သမားတွေထဲက အခစားအလုပ်သမား ဆင်းရဲသားတစ်ယောက်ပါ'လို့ ပြောတယ်။ မင်းက အဲဒီယောကျ်ားရဲ့စကားကို ကြားရပြီး ဆိတ်ဆိတ်နေတယ်။ ဒုတိယနေ့မှာရော၊ တတိယနေ့မှာပါ ကုမ္ဘဃော

www.dhammaransi.com



သကရဲ့အသံကို ကြားရပြီး အဲဒီရှေးအတိုင်းပဲ ပြောတယ်။ အဲဒီအလုပ် အကျွေးမကလည်း အဲဒီအတိုင်းပဲ ကြဲပြီး အထပ်ထပ်စေလွှတ်တယ်။ 'အဲဒီလူက ဆင်းရဲသားပဲ'လို့ပြောတော့ ကြဲတယ်။

'အဲဒီလူက ဆင်းရဲသားပဲ'ဆိုတဲ့စကားကို မင်းက ကြားရပေမယ့် လည်း မယုံကြည်။ 'အဲဒီအသံက ဥစ္စာများစွာရှိသူရဲ့ အသံပဲ'လို့ ထပ်ခါထပ်ခါ ပြောနေတယ်။ အဲဒီမှာ အကြောင်းရှိရမယ်၊ အမှန်အတိုင်း အဲဒီကိစ္စကို သိသင့်တယ်။

အဲဒီအလုပ်အကျွေးမက မင်းကို 'အရှင်မင်း၊ ကျွန်မဟာ အသပြာ တစ်ထောင်ကို ရရင် သမီးကိုခေါ်သွားကာ အဲဒီဥစ္စာကို မင်းနန်းတော် သို့ ပို့ပါမယ်'

မင်းက အဲဒီအလုပ်အကျွေးမအား အသပြာတစ်ထောင်ကို ပေး ခိုင်းတယ်။ အဲဒီမိန်းမက သမီးကို ညစ်ပေနေတဲ့အဝတ်တစ်ထည် အဝတ်ခိုင်းတယ်။ သမီးနဲ့အတူ မင်းနန်းတော်က ထွက်ပြီး လမ်းသွား သူပမာ အလုပ်သမားတွေရဲ့လမ်းထဲ သွားကာ အိမ်တစ်အိမ်ကို ဝင် တယ်။ 'အမိ၊ ကျွန်ုပ်တို့က ခရီးသွားတွေပါ၊ တစ်ရက်၊ နှစ်ရက် ဒီမှာ အပန်းဖြေပြီး သွားကြပါမယ်'လို့ ပြောတယ်။

'ဒီအိမ်မှာ လူတွေများပါတယ်။ ဒီမှာနေလို့ မဖြစ်နိုင်ပါ။ ကုမ္ဘ ယောသကရဲ့ အဲဒီအိမ်ကတော့ အားလပ်နေပါတယ်၊ အဲဒီအိမ်ကို သွားကြပါ'

အဲဒီမိန်းမက ကုမ္ဘယောသကအိမ်ကိုသွားပြီး 'အရှင် ငါတို့က လမ်းခရီးသွားတွေပါ။ တစ်ရက် နှစ်ရက် ဒီအိမ်မှာ နေကြပါမယ်'လို့ ပြောပြီး ကုမ္ဘယောသကက အထပ်ထပ်ပယ်မြစ်ပေမယ့် 'အရှင်၊ ဒီနေ့ တစ်ရက်လောက် နေပြီး နံနက်စောစောပဲ သွားကြပါမယ်'လို့ ပြော ကာ ထွက်မသွားလိုပါ။ အဲဒီမိန်းမဟာ အဲဒီအိမ်မှာပဲနေပြီး နောက်နေ့မှာ ကုမ္ဘယောသက တောသွားခါနီးမှာ 'အရှင်၊ သင့်ရဲ့ရိက္ခာကို ပေးပြီး

www.dhammaransi.com



သွားပါ။ သင့်အတွက် စားဖွယ် ချက်ထားပါမယ်'လို့ ပြောတယ်။ 'အမိ၊ မသင့်ပါ၊ ကျွန်တော်ပဲ ချက်ပြီး စားပါမယ်'လို့ ပြောတဲ့အခါ အထပ်ထပ်နှောင်ဖွဲ့လို့ (ပြောလို့) ကုမ္ဘဃောသကက ပေးတာကို ယူရုံသာ ယူလိုက်တယ်။ ဈေးထဲက ခွက်တွေ၊ သန့်စင်တဲ့ ဆန်စတာတွေကို သယ်ဆောင်ခိုင်းကာ မင်းနန်းတော်မှာ ချက်တဲ့နည်းနဲ့ အလွန်သန့်စင်တဲ့ ထမင်း၊ အရသာကောင်းတဲ့ ဟင်း ၂ ခွက် ၃ ခွက်ကို ချက်တယ်။ တောကပြန်လာတဲ့သူ့အား ပေးတယ်။ အဲဒီအခါ စားပြီး စိတ်နူးညံ့နေတာကို သိကာ 'အရှင် ငါတို့ပင်ပန်းကြပါတယ်။ တစ်ရက်နှစ်ရက် ဒီအိမ်မှာပဲ နေကြပါမယ်'လို့ ပြောတယ်။ သူက ကောင်းပြီလို့ လက်ခံတယ်။ အဲဒီအခါ သူ့အား ညနေပိုင်းမှာရော နောက်နေ့မှာပါ ထမင်းကောင်း၊ ဟင်းကောင်း ချက်ပြီး ပေးတယ်။ အဲဒီအခါ သူ့စိတ်နူးညံ့နေတာကို သိပြီး 'အရှင်၊ ရက်အနည်းငယ် ဒီအိမ်မှာပဲ နေကြမယ်'လို့ ပြောတယ်။ အဲဒီအိမ်မှာ နေတဲ့အခါ စားထက်ထက်နဲ့ သူ့ခုတင်မှာ ဖွဲ့ချည်ထားတဲ့ ကြိုးကြိမ်ကို အပေါင်အောက်မှာ ဟိုနေရာ ဒီနေရာ ဖြတ်တောက်တယ်။ ခုတင်က သူလာပြီးထိုင်ကာမျှမှာ အောက်ကို တွဲလျားကျသွားတယ်။ သူက မေးတယ်။

'ဒီခုတင်က ဘာလို့ ဒီလိုပြတ်ပြီး သွားတာလဲ'

'အိုအရှင်၊ ကလေးငယ်တွေကို မတားမြစ်နိုင်ပါ။ ဒီအိမ်မှာပဲ စုဝေးလာကြတယ်'

'အမိ၊ ငါ့ရဲ့ဒုက္ခက သင်တို့ကိုမှီပြီး ဖြစ်ရတယ်။ ဟုတ်တယ်၊ ငါဟာ အရင်က တစ်နေရာကိုသွားရင် တံခါးပိတ်ပြီး သွားတယ်'

'ချစ်သား၊ ဘာကိုလုပ်ရပါမလဲ။ တားမြစ်ခြင်းငှာ ငါဟာ မစွမ်းနိုင်ပါ'

အဲဒီမိန်းမက အဲဒီနည်းနဲ့ပဲ ၂ ရက်၊ ၃ ရက် ပတ်လုံး ဖြတ်တောက်ကာ ကုမ္ဘဃောသကက ကဲ့ရဲ့ရှုတ်ချပြောတဲ့အခါမှာလည်း

www.dhammaransi.com



အဲဒီအတိုင်းပဲ ပြောတယ်။ နောက်ထပ် ကြိုးငယ်တစ်ချောင်း နှစ်ချောင်း ချန်ကာ ကျန်ကြိုးတွေကို ဖြတ်တယ်။ အဲဒီနေ့မှာ ကုမ္ဘယောသက ထိုင်ကာမျှမှာပဲ ကြိုးအားလုံး မြေပေါ်ကျသွားတယ်။ ဦးခေါင်းက ပုဆစ် ဒူးဝန်းတွေနဲ့အတူ တစ်ပေါင်းတည်း ဖြစ်သွားတယ်။ ကုမ္ဘယောသကက နေရာမှထကာ ပြောတယ်။

'ငါဟာ ဘာလုပ်ရမလဲ၊ အခု ဘယ်ကိုသွားရမှာလဲ။ အိပ်ရာ ခုတင်ကိုလည်း သင်တို့က ပိုင်ရှင်မဲ့လို ပြုလုပ်ထားတယ်'

'ချစ်သား၊ ဘာလုပ်ရမလဲ။ အိမ်နီးနားချင်းကလေးတွေကို တား မြစ်ခြင်းငှာ မစွမ်းနိုင်ပါ။ ရှိပါစေ။ မပူပါနဲ့၊ ဒီလိုအချိန်မှာ ဘယ်ကို သင်သွားမှာလဲ'လို့ ပြောကာ သမီးကိုခေါ်ပြီး 'သမီး သင့်အစ်ကိုအတွက် အိပ်စရာနေရာကို လုပ်ပေးပါ'လို့ ပြောတယ်။ သမီးက တစ်ဖက်မှာ အိပ်ပြီး 'အို အရှင်၊ ဒီနေရာကို လာပါ'လို့ ပြောတယ်။ မိခင်ဖြစ်သူ ကလည်း 'ချစ်သား၊ သွားပါ၊ နှမနဲ့အတူ အိပ်ပါ'လို့ ပြောတယ်။ ကုမ္ဘယောသကက သမီးဖြစ်သူနဲ့အတူ ခုတင်တစ်ခုပေါ်အိပ်ပြီး အဲဒီည မှာပဲ ပေါင်းဖော်မှုကို ပြုတယ်။ သမီးဖြစ်သူက ငိုတယ်။ အဲဒီအခါ မိခင်က သမီးကိုမေးတယ်။

'သမီး၊ ဘာလို့ ငိုတာလဲ'

'အမေ၊ ဒီဟာ ဖြစ်သွားပါတယ်'

'သမီး ရှိပါစေ၊ဘာတတ်နိုင်မှာလဲ။ သမီးလည်း လင်တစ်ယောက် ရသင့်တယ်။ ဒီကုမ္ဘယောသကကလည်း မယားတစ်ယောက် ရသင့် တယ်'လို့ ပြောကာ ကုမ္ဘယောသကကို သမက်ဂုပ်လိုက်တယ်။ သူတို့ ဟာ ညီညီညွတ်ညွတ်နေထိုင်ကြတယ်။ မိခင်က ရက်အနည်းငယ် လွန်တဲ့အခါ မင်းထံ သတင်းပို့တယ်။

'အလုပ်သမားလမ်းမှာ ပွဲသဘင်ပြုလုပ်ကြပါစေ၊ ပွဲသဘင်မလုပ် တဲ့အိမ်မှာ ဒီလောက်ဒဏ်သင့်စေလို့ ကြွေးကြော်မှုကို ပြုခိုင်းပါ'

www.dhammaransi.com



မင်းက အဲဒီအတိုင်း လုပ်ခိုင်းတယ်။ အဲဒီအခါ သမက်ကို ယောက္ခမက ပြောတယ်။

'ချစ်သား၊ အလုပ်သမားလမ်းမှာ မင်းအာဏာနဲ့ ပွဲလုပ်ရမှာ ဖြစ်တယ်။ ငါတို့ ဘာလုပ်ကြမလဲ'

'အမေ၊ ကျွန်တော်ဟာ အစားလုပ်ပေမယ့်လည်း အသက်မွေးဖို့ မစွမ်းနိုင်ပါ။ ကျွန်တော် ဘာလုပ်ရမလဲ'

'ချစ်သား၊ အိမ်ထောင်သည်ဘဝမှာ နေသူတွေဆိုတာ ကြွေးကို လည်း ယူကြရတယ်၊ မင်းအာဏာကို မလုပ်လို့ မရ။ ကြွေးမှ တစ်နည်းနည်းနဲ့ လွတ်အောင်လုပ်လို့ရတယ်။ သွားပါ၊ တစ်နေရာရာက တစ်ကျပ်၊ နှစ်ကျပ်ကို ဆောင်ယူခဲ့ပါ'

ကုမ္ဘဃောသကဟာ ကဲ့ရဲ့ရှုတ်ချရင်း သွားကာ ဥစ္စာကုဋေ ၄၀ ထားရာနေရာက အသပြာတစ်ကျပ်ပဲ ဆောင်ယူခဲ့တယ်။ ယောက္ခမက အဲဒီအသပြာကို မင်းထံပို့ပြီး သူမရဲ့အသပြာနဲ့ ပွဲလမ်းသဘင် ပြုလုပ်တယ်။ နောက်ထပ် ရက်အနည်းငယ်လွန်တဲ့အခါ အဲဒီလိုပဲ သတင်းစကား ပို့တယ်။ နောက်ထပ် မင်းက အဲဒီလိုပဲ 'ပွဲကျင်းပကြပါ၊ မလုပ်ရင် ဒဏ်ဒီလောက်သင့်စေ'လို့ စေခိုင်းတယ်။ နောက်ထပ်လည်း ကုမ္ဘဃောသကဟာ ယောက္ခမရဲ့ ရှေးကအတိုင်းပဲပြောပြီး အနှိပ်စက်ခံရလို့ သွားကာ အသပြာ ၃ ကျပ်ကို သယ်ဆောင်လာတယ်။ ယောက္ခမက အဲဒီအသပြာတွေကိုလည်း မင်းထံပို့တယ်။ နောက်ထပ် ရက်အနည်းငယ် လွန်တဲ့အခါ အဲဒီလိုပဲ 'အခု ယောကျ်ားတွေကို စေလွှတ်ပြီး ဒီလူကို အခေါ်ခိုင်းပါ'လို့ သတင်းပို့လိုက်တယ်။ မင်းက စေလွှတ်တယ်။ ယောကျ်ားတွေက သွားပြီး 'ကုမ္ဘဃောသကဆိုတာ ဘယ်သူလဲ'လို့ မေးပြီး ရှာကြတဲ့အခါ သူ့ကိုမြင်ပြီး 'အမောင်၊ လာပါ၊ မင်းက သင့်ကိုခေါ်နေတယ်'လို့ ပြောကြတယ်။

ကုမ္ဘဃောသကက ကြောက်ပြီး 'ငါ့ကို မင်းကမသိပါ'စတဲ့

www.dhammaransi.com



စကားတွေကို ပြောပြီး မသွားချင်ပါ။ အဲဒီအခါ သူ့ကို အတင်းလက်စသည်ကို ကိုင်ဆွဲသွားကြတယ်။ အဲဒီမိန်းမက အဲဒီလူတွေကို မြင်ပြီး 'ဟဲ့ လူရိုင်းတွေ၊ သင်တို့က ငါ့သမက်ကို လက်စသည်မှာ ကိုင်ဖို့မသင့်'လို့ ခြိမ်းခြောက်ကာ 'ချစ်သား၊ လာပါ၊ မကြောက်ပါနဲ့၊ မင်းကိုမြင်ပြီး သင့်လက်စသည် ကိုင်သူတွေရဲ့လက်တွေကိုပဲ ငါဖြတ်ခိုင်းမယ်'လို့ပြောကာ သမီးကိုခေါ်ပြီး ရှေ့သွားတယ်။ မင်းနန်းတော်ကို ရောက်ပြီး အသွင်ပြောင်းကာ တန်ဆာအားလုံး တန်ဆာဆင်လျက် သင့်တင့်ရာအရပ်မှာ ရပ်နေတယ်။ ကုမ္ဘဃောသကကိုလည်း ဆွဲငင်ကာ ခေါ်ဆောင်သွားကြတာပါပဲ။ အဲဒီအခါ ရှိခိုးပြီး ရပ်တည်နေတဲ့ကုမ္ဘဃောသကကို မေးတယ်။

'သင်က ကုမ္ဘဃောသက မည်သလား'

'ဟုတ်ပါတယ်၊ အရှင်မင်း'

'သင်က ဘာကြောင့် များစွာသောဥစ္စာကို လှည့်ပတ်ပြီး စားနေတာလဲ'

'အရှင်မင်း၊ အခစားအလုပ် လုပ်ပြီး အသက်မွေးတဲ့ ကျွန်တော်မျိုးမှာ ဥစ္စာဘယ်မှာရှိပါ့မလဲ'

'ဒီလိုမလုပ်နဲ့၊ ငါတို့ကို မလှည့်စားနဲ့'

'အရှင်မင်း၊ မလှည့်စားပါ၊ အကျွန်ုပ်မှာ ဥစ္စာမရှိပါ'

အဲဒီအခါ သူ့အား မင်းက အဲဒီအသပြာတွေကိုပြပြီး 'ဒီအသပြာတွေက ဘယ်သူ့ဟာတွေလဲ'လို့မေးတယ်။ သူက ကောင်းကောင်းမှတ်မိပြီး 'ငါ မိုက်လေစွ၊ ဒီအသပြာတွေက မင်းလက်ထဲ ဘယ်လိုရောက်သွားကြတာလဲ'လို့တွေးရင်း ဟိုဟိုဒီဒီကြည့်လိုက်တယ်။ တန်ဆာဆင်ထားတဲ့ အဲဒီယောက္ခမနဲ့ ဇနီးကို တိုက်ခန်းတံခါးအနီးမှာ ရပ်နေတာကိုတွေ့ရပြီး 'ဒီအမှုက ဝန်လေးလေစွ၊ ဒီမိန်းမတွေကို မင်းကစေလွှတ်တာဖြစ်လိမ့်မယ်'လို့ တွေးတယ်။ အဲဒီအခါ ကုမ္ဘဃောသကကို မင်းကမေးတယ်။

www.dhammaransi.com



'အမောင်၊ ပြောပါ၊ ဘာလို့ဒီလိုလုပ်တာလဲ'

'အရှင်မင်း၊ ကျွန်ုပ်မှာ မိခိုစရာ မရှိပါ'

'ငါလိုမင်းက မိခိုစရာ မဖြစ်သင့်ဘူးလား'

'အရှင်မင်း၊ အရှင်မင်းက အကျွန်ုပ်ရဲ့ မိခိုစရာဖြစ်ရင် ကောင်းပါတယ်'

'အမောင်၊ ဖြစ်ပါတယ်၊ သင့်မှာ ဥစ္စာဘယ်လောက်ရှိလဲ'

'အရှင်မင်း၊ ကုဋေ ၄၀ ပါ'

'ဘာကိုရသင့်သလဲ'

'လှည်းတွေကိုပါ'

မင်းက လှည်းရာပေါင်းများစွာကို အတပ်ခိုင်းပြီး စေလွှတ်ကာ အဲဒီဥစ္စာကို သယ်ဆောင်ခိုင်းတယ်။ မင်းရင်ပြင်မှာ အပုံပုံခိုင်းတယ်။ ရာဇဂြိုဟ်နေလူတွေကို စုဝေးခိုင်းတယ်။

'ဒီမြို့မှာ တစ်စုံတစ်ယောက်မှာ ဒီလောက်ဥစ္စာရှိသလား'

'အရှင်မင်း၊ မရှိပါ'

'သူ့အား ဘာလုပ်သင့်သလဲ'

'အရှင်မင်း၊ ပူဇော်မှုကို ပြုသင့်ပါတယ်'

မင်းက ပူဇော်ဖွယ်အကြီးအကျယ်နဲ့ ကုမ္ဘဃောသကကို သူဌေးရာထူးမှာ ထားကာ သမီးကို ကုမ္ဘဃောသကအားပဲ ပေးတယ်။ ကုမ္ဘဃောသကနဲ့အတူ ဘုရားရှင်ထံသွားကာ ရှိခိုးပြီး လျှောက်တယ်။

'မြတ်စွာဘုရား၊ ဒီယောက်ျားကို ကြည့်တော်မူပါ။ ဒီလိုတည်ကြည်တဲ့ယောက်ျားဟာ မရှိပါ။ ဥစ္စာကုဋေ ၄၀ ရှိပေမယ့် ပလွှားခြင်း၊ ထောင်လွှားခြင်းမှုကို မပြုလုပ်ပါ။ သူဆင်းရဲလို အဝတ်နွမ်းကိုဝတ်ကာ အလုပ်သမားလမ်းမှာ အခစားအလုပ်ကိုလုပ်ပြီး အသက်မွေးနေတာကို တပည့်တော်ဟာ ဒီလိုနည်းနဲ့ သိရပါတယ်။ သိပြီး အခေါ်ခိုင်းကာ ဥစ္စာရှိကြောင်း ဝန်ခံခိုင်းပါတယ်။ အဲဒီဥစ္စာကို သယ်ဆောင်ခိုင်းပြီး

www.dhammaransi.com



သူဌေးရာထူးမှာ ထားပါတယ်။ သူ့အား သမီးကိုလည်း ပေးလိုက်ပါတယ်။ တပည့်တော်ဟာ ဒီလိုတည်ကြည်သူကို ရှေးကမတွေ့ဖူးပါ'

အဲဒီစကားကို ကြားရပြီး ဘုရားရှင်က ဒီလိုမိန့်ပါတယ်။

'ဒီလိုအသက်မွေးသူရဲ့ အသက်မွေးမှုဟာ တရားနဲ့ယှဉ်တဲ့အသက်မွေးမှုပဲ။ မင်းကြီး၊ ခိုးမှုစသည့်အမှုဟာ ဒီဘဝမှာရော၊ နောင်ဘဝမှာပါ နှိပ်စက်ညှဉ်းဆဲတယ်။ အဲဒါကြောင့် ချမ်းသာဆိုတာ မရှိ။ မှန်တယ်၊ ယောကျ်ားမှာ ဥစ္စာပျက်စီးတဲ့အခါ လယ်ထွန်မှု၊ အခစားအလုပ်လုပ်မှုကို ပြုလုပ်ကာ အသက်မွေးတာသာ တရားနဲ့ယှဉ်တဲ့ အသက်မွေးမှုမည်ပါတယ်။ ဒီလိုဝီရိယ၊ သတိနဲ့ပြည့်စုံ၊ ကိုယ်မှု နှုတ်မှု စင်ကြယ်၊ ပညာနဲ့ ရှုးစမ်းလုပ်၊ စောင့်စည်း၊ တရားသဖြင့် အသက်မွေး၊ သတိမလွတ်ဘဲ နေသူမှာ စည်းစိမ်ဥစ္စာ၊ ဂုဏ်သတင်းဟာ တိုးပွားနေတော့တာပါပဲ။'

အဲဒီတရားဒေသနာရဲ့အဆုံးမှာ ကုမ္ဘဃောသကဟာ သောတာပန်တည်သွားပါတယ်။ အခြားသူများစွာလည်း သောတာပန်စသည်ဖြစ်ကြပါတယ်။ အဲဒီနည်းနဲ့ တရားဒေသနာဟာ လူအများအတွက် အကျိုးရှိပါတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၁၄၇)

www.dhammaransi.com

# ပဋ္ဋဂ္ဂဒါယကပုဏ္ဏား

ဒီပုဏ္ဏားဟာ ကောက်ပင် လယ်ထဲတည်ရှိစဉ်မှာပဲ လယ်ဦးအလှူ လှူတယ်။ တလင်းထဲရောက်တဲ့အခါ တလင်းဦးအလှူ လှူတယ်။ (ကောက်လှိုင်းစည်းတွေကို နယ်တဲ့အခါ ဦးဦးဖျားဖျားလှူတယ်) နယ်ပြီး ကောက်တွေကို အစုအပုံပြုတဲ့အခါ ဦးဦးဖျားဖျား လှူတယ်။ ထမင်းအိုးထဲရောက်တဲ့အခါ ထမင်းအိုးဦးအလှူ လှူတယ်။ ထမင်းခွက်ထဲ ခူးတဲ့အခါ ခွက်ဦးအလှူ လှူတယ်။ အဲဒီဦးဦးဖျားဖျား အလှူငါးမျိုးကို လှူတယ်။ သူ့ထံရောက်လာသူအား မလှူဘဲ မစား။ ဒါကြောင့် သူ့ကို ပဋ္ဋဂ္ဂဒါယကာလို့ နာမည်မှည့်တယ်။ ဘုရားရှင်က အဲဒီပုဏ္ဏားရဲ့ရော၊ သူ့ဇနီးပုဏ္ဏေးမရဲ့ပါ ဖိုလ်သုံးပါးရနိုင်တဲ့ ရှေးပါရမီကို မြင်ရပြီး ပုဏ္ဏား ထမင်းစားတဲ့အခါ သွားပြီး တံခါးမှာရပ်တည်တယ်။ ပုဏ္ဏားကလည်း တံခါးအဝမှာ အိမ်အတွင်းဘက်မျက်နှာမူကာ ထိုင်ပြီး စားနေတယ်။ ဘုရားရှင် တံခါးမှာရပ်နေတာကို ပုဏ္ဏားက မမြင်ရ။

ပုဏ္ဏေးမက ပုဏ္ဏားကို ပြုစုလုပ်ကျွေးရင်း ဘုရားရှင်ကိုမြင်ကာ 'ဒီပုဏ္ဏားဟာ နေ့ရာ ၅ မျိုးမှာ အဦးအဖျားကို လှူပြီးစားတယ်။ အခုလည်း ရဟန်းဂေါတမက လာပြီး တံခါးမှာရပ်တည်တယ်။ ပုဏ္ဏားက ရဟန်းဂေါတမကိုမြင်ပြီး သူ့ထမင်းကိုဆောင်ယူကာ လှူလိုက်ရင် နောက်ထပ်လည်း ငါက မချက်နိုင်'လို့ တွေးတယ်။ ပုဏ္ဏေးမက 'ဒီလိုဆိုရင် ဒီပုဏ္ဏားဟာ ရဟန်းဂေါတမကို မမြင်လတ္တံ့'လို့ တွေးကာ ဘုရားရှင်အား ကျောပေးပြီး ပုဏ္ဏားနောက်က ပုဏ္ဏားကိုဖုံးကွယ်လျက် အောက်ညွတ်ကာ လပြည့်ဝန်းကို လက်နဲ့ဖုံးကွယ်ထားသလို ရပ်နေ

www.dhammaransi.com



တယ်။ အဲဒီလိုရပ်ရင်းပဲ 'ကြွသွားလေပြီလား'လို့ ဘုရားရှင်ကို တစ်ဝက် မျက်စိနဲ့ ကြည့်တယ်။ ဘုရားရှင်က အဲဒီအရပ်မှာပဲ ရပ်တည်နေတယ်။ ပုဏ္ဏားကြီးသွားမှာကြောက်လို့ ကန့်တော့ဆွမ်းပါလို့ မဆို၊ နောက်ဆုတ်ပြီး ဖြည်းဖြည်းလေးပဲ 'ကန်တော့ဆွမ်းပါ'လို့ ဆိုတယ်။

ဘုရားရှင်က 'ငါမသွားအံ့'လို့ ရည်ရွယ်ကာ ဦးခေါင်းကို လှုပ်တယ်။ လောကရဲ့ဆရာဗုဒ္ဓက 'ငါမသွားအံ့'လို့ ရည်ရွယ်ကာ ဦးခေါင်းကို လှုပ်တဲ့အခါ ပုဏ္ဏေးမက ထိန်းမထားနိုင်လို့ အကြီးအကျယ်ရယ်တယ်။ အဲဒီခဏမှာ ဘုရားရှင်က အိမ်ဘက်ရှေ့ရှုတဲ့ အရောင်အလင်းကို လွှတ်လိုက်တယ်။ ပုဏ္ဏားကလည်း ကျောပေးကာ ထိုင်နေတဲ့ပုဏ္ဏေးမရဲ့ရယ်သံကို ကြားရပြီး ရောင်ခြည်တော် ၆ ပါးရဲ့ အရောင်ကိုလည်း ကြည့်ကာ ဘုရားရှင်ကို ဖူးတွေ့ရတယ်။ မှန်တယ်၊ ဘုရားတွေဆိုတာ ရွာမှာဖြစ်စေ၊ တောမှာဖြစ်စေ ရှေးပါရမီကံအကြောင်းနဲ့ ပြည့်စုံသူတွေအား မိမိကိုယ်ကို ပြတော်မမူဘဲ ဖဲသွားတော်မမူကြပါ။

ပုဏ္ဏားလည်း ဘုရားရှင်ကို ဖူးတွေ့ရပြီး 'အရှင်မ၊ သင်က ငါ့ကိုဖျက်ဆီးတယ်၊ မင်းသားလာပြီး တံခါးမှာရပ်နေတာကို ငါ့အား မပြောတဲ့သင်ဟာ ကြီးလေးတဲ့အမှုကို ပြုလုပ်တယ်'လို့ပြောပြီး တစ်ဝက်စာ စားပြီး ထမင်းခွက်ကို ယူကာ ဘုရားရှင်ထံ သွားပြောတယ်။

'ရဟန်းဂေါတမ၊ တပည့်တော်ဟာ ငါးနေရာမှာ အဦးအဖျားကို လှူပြီးမှသာ စားပါတယ်။ ဒီထမင်းထဲက အလယ်ကခွဲကာ တပည့်တော်ဟာ တစ်ပိုင်းစာကိုသာ စားထားပါတယ်။ တစ်ပိုင်းကျန်ပါသေးတယ်။ တပည့်တော်ရဲ့ ဒီထမင်းကို ခံယူတော်မူပါ'

ဘုရားရှင်က 'ငါဟာ သင့်ထမင်းအကျန်ကို အလိုမရှိ'လို့ မမိန့်ဘဲ ဒီလိုမိန့်ပါတယ်။

'ပုဏ္ဏား၊ အဦးအဖျားလည်း ငါဘုရားအားသာ လျောက်ပတ်တယ်၊ အလယ်က ခွဲပြီး စားထားတဲ့ တစ်ဝက်ကျန်ထမင်းရော၊ နောက်ဆုံး

www.dhammaransi.com



ထမင်းခဲပါ ငါဘုရားအား လျှောက်ပတ်ပါတယ်။ မှန်တယ်၊ ပုဏ္ဏား၊ ငါဘုရားတို့ဟာ သူတစ်ပါးပေးတာကိုမှီပြီး အသက်မွေးတဲ့ ပြိတ္တာတွေနဲ့ တူကြတယ်'

ပုဏ္ဏားက အဲဒီစကားကို ကြားပြီးချင်းပဲ ကြည်ညိုစိတ်ဖြစ်ကာ 'ဩော် အံ့ဩဖွယ်ကောင်းပါပေစွ၊ ကျွန်းပိုင်ရှင်မင်းသားကတောင် 'ငါဟာ သင့်ထမင်းကျန်ကို အလိုမရှိ'လို့ မမိန့်ဘဲ အဲဒီလိုပြောဘိသေးတယ်'လို့ တွေးကာ တံခါးမှာရပ်ရင်းပဲ ဘုရားရှင်ကို ပြဿနာမေးပါတယ်။

'အရှင်ဂေါတမ၊ သင်တို့က သင်တို့ရဲ့တပည့်တွေကို ဘိက္ခုလို့ ပြောကြပါသလား။ ဘယ်အကြောင်းကြောင့် ဘိက္ခုမည်ပါသလဲ'

ဘုရားရှင်က 'ဒီပုဏ္ဏားအား ဘယ်လိုတရားက လျှောက်ပတ်သလဲ'လို့ စူးစမ်းတဲ့အခါ 'ဒီဇနီးမောင်နှံနှစ်ယောက်လုံးပဲ ကဿပဘုရားရှင်လက်ထက်က နာမ်ရုပ်လို့ ပြောသူတွေရဲ့စကားကို နားထောင်ခဲ့ကြတယ်။ နာမ်ရုပ်ကို မလွတ်ဘဲသာ (ပါဝင်စေလျက်သာ) သူတို့အား တရားဟောသင့်တယ်'လို့ တွေးကာ 'ပုဏ္ဏား၊ နာမ်တွေကိုရော ရုပ်တွေကိုပါ မတပ်မက်၊ မငြိကပ်သူ၊ နာမ်ရုပ်ပျက်စီးသွားလို့ ဝမ်းမနည်းသူဟာ ဘိက္ခုမည်တယ်'လို့ မိန့်တယ်။

တရားဒေသနာအဆုံးမှာ ပုဏ္ဏားဇနီးမောင်နှံနှစ်ယောက်လုံးပဲ အနာဂါမ် ဖြစ်သွားကြတယ်။ ရောက်လာတဲ့ပရိသတ်တွေမှာလည်း တရားဒေသနာဟာ အကျိုးရှိတယ်။ (ဓမ္မပဒ၊ ၄၊ ၃၊ ၃၆၉)

www.dhammaransi.com

# အနာထပိဏ်ရဲ့သား ကာလ

အနာထပိဏ်သူဌေးရဲ့သား ကာလဟာ သဒ္ဓါနဲ့ပြည့်စုံတဲ့သားဖြစ်ပြီး ဘုရားရှင်ထံ မသွားချင်။ အိမ်ကိုကြွလာတဲ့အခါ မဖူးချင်၊ တရားမနာချင်၊ သံဃာရဲ့ဝေယျာဝစ္စကို မလုပ်ချင်၊ ဖခင်က 'ချစ်သား၊ ဒီလိုမလုပ်နဲ့'လို့ ပြောပေမယ့်လည်း ဖခင့်စကားကို မနာယူ၊ အဲဒီအခါ ဖခင်က ဒီလိုကြံတယ်။

'ဒီသားကာလဟာ ဒီလိုအယူကို ယူပြီး လှည့်လည်ရင် အဝီစိရောက်လိမ့်မယ်။ ငါမြင်တွေ့ရပါလျက် ငါ့သား ငရဲရောက်ရမယ်ဆိုရင် မသင့်တော်၊ ဒီလောကမှာ ဥစ္စာပေးပြီး ဖျက်ခွဲလို့မရတဲ့ သတ္တဝါဆိုတာ မရှိပါ၊ ဥစ္စာနဲ့ သူ့ကိုဖျက်ခွဲမယ်'

အဲဒီအခါ ကာလကို ပြောတယ်။

'ချစ်သား၊ ဥပုသ်စောင့်ပြီး ကျောင်းသွားကာ တရားနာပြီး လာပါ။ သင့်အား အသပြာတစ်ရာ ပေးပါမယ်'

'အဖေ၊ ပေးပါမှာလား'

'ငါ့သား၊ ပေးမယ်'

ကာလက သုံးကြိမ်တိုင်အောင် ပဋိညာဉ်ကိုယူပြီး ဥပုသ်စောင့်ကာ ကျောင်းကိုသွားတယ်။ သူ့မှာ တရားနာဖို့ကိစ္စ မရှိ။ ချမ်းသာရာနေရာမှာ အိပ်ကာ နံနက်စောစောပဲ အိမ်ကိုသွားတယ်။ အဲဒီအခါ သူ့ဖခင်က 'ငါ့သားက ဥပုသ်သည်ဖြစ်တယ်။ သူ့အတွက် မြန်မြန် ယာဂုစသည်တွေကို ဆောင်ပေးကြပါ'လို့ ပြောကာ ပေးခိုင်းတယ်။ ကာလက 'အသပြာတွေကို မယူဘဲ မစားအံ့'လို့ သယ်ဆောင်လာသမျှ

www.dhammaransi.com



ကို ပယ်မြစ်တယ်။ အဲဒီအခါ သူ့ဖခင်က နှိပ်စက်တာကို သည်းမခံနိုင်တော့လို့ အသပြာထုပ်ကို ပေးခိုင်းတယ်။ ကာလက အဲဒီအသပြာထုပ်ကို ယူပြီးသာ စားဖွယ်ကိုစားတယ်။

အဲဒီအခါ ကာလကို နောက်နေ့မှာ သူဌေးက 'ချစ်သား၊ သင့်အား အသပြာတစ်ထောင် ပေးမယ်၊ ဘုရားရှင်ရှေ့မှာ တရားတစ်ပုဒ်ကို သင်ယူပြီး လာခဲ့ပါ'လို့ ပြောကာ လွှတ်လိုက်တယ်။ ကာလကလည်း ကျောင်းကိုသွားကာ ဘုရားရှင်ရှေ့မှာ ရပ်တည်ကာသာ တစ်ပုဒ်ကိုပဲ သင်ယူပြီး ပေးသွားချင်တယ်။ ဘုရားရှင်က ကာလကို မမှတ်မိအောင် လုပ်တယ်။ ကာလက အဲဒီပုဒ်ကို မမှတ်မိလို့ အထက်ပုဒ်ကို သင်ယူမယ်လို့ ရပ်တည်ပြီး နားထောင်သာနေတယ်။ သင်ယူမယ်လို့ နာယူသူသာ ရိုရိုသေသေ နာယူသူမည်ပါသတဲ့။ အဲဒီလို ရိုရိုသေသေ နာယူသူတို့အား တရားက သောတာပတ္တိစသည်တွေကို ပေးပါသတဲ့။ ကာလကလည်း သင်ယူမယ်လို့ ရည်ရွယ်ကာ နာကြားတယ်။ ဘုရားရှင်ကလည်း ကာလကို မမှတ်မိအောင် လုပ်တယ်။ ကာလက အထက်တရားတစ်ပုဒ်ကို သင်ယူမယ်လို့ ရပ်တည်ကာ နာယူရင်းပဲ သောတာပန် ဖြစ်သွားတယ်။

ကာလက နောက်နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာနဲ့အတူပဲ သာဝတ္ထိမြို့ထဲ ဝင်တယ်။ သူဌေးကြီးက ကာလကိုမြင်ပြီး 'ဒီနေ့ ငါ့သားရဲ့ အမူအရာက နှစ်သက်ဖွယ်'လို့ ကြံတယ်။ ကာလမှာလည်း ဒီလိုအကြံဖြစ်တယ်။

'ငါ့ဖခင်ဟာ ဒီနေ့ ဘုရားရှင်ထံမှောက် အသပြာတွေကို မပေးရင် ကောင်းလေစွ၊ အသပြာလိုချင်လို့ ငါဥပုသ်စောင့်တာကို ဖုံးကွယ်ထားရရင် ကောင်းလေစွ'

ဘုရားရှင်ကတော့ မနေ့ကပဲ ကာလဟာ အသပြာလိုချင်လို့ ဥပုသ်စောင့်တာကို သိသွားပါတယ်။ သူဌေးကြီးက ဘုရားအမှူးရှိတဲ့

ရဟန်းအပေါင်းအား ယာဂုလှူခိုင်းပြီး ကာလအားလည်း ပေးခိုင်းတယ်။ ကာလက ထိုင်ပြီး ဆိတ်ဆိတ်ဘဲ ယာဂုသောက်၊ ခဲဖွယ်ခဲ၊ ထမင်းစားတယ်။ သူဌေးကြီးက ဘုရားရှင်ရဲ့ဆွမ်းကိစ္စအပြီးမှာ ကာလရှေ့ အသပြာတစ်ထောင်ထုပ်ကို ထားခိုင်းတယ်။ 'ချစ်သား၊ သင့်အား ငါပေးမယ်လို့ ပြောပြီး ဉပုသ်စောင့်ခိုင်းပြီး ကျောင်းကိုလွှတ်ခဲ့တယ်။ ဒါက သင့်အတွက် တစ်ထောင်ပဲ'လို့ ပြောတယ်။ ကာလက ဘုရားရှင်ရှေ့မှာ အသပြာတွေပေးတာကို မြင်ရပြီး ရှက်တယ်။ 'ကျွန်တော် အသပြာတွေကို အလိုမရှိပါ'လို့ ပြောတယ်။ 'ချစ်သား၊ ယူပါ'လို့ ပြောပေမယ့် မယူပါ။ သူ့ဖခင်က ဘုရားရှင်ကို ရှိခိုးပြီး လျှောက်တယ်။

'မြတ်စွာဘုရား၊ ဒီနေ့ တပည့်တော်သားရဲ့ အမူအရာကို သဘောကျပါတယ်'

'သူဌေးကြီး ဘာဖြစ်တာလဲ'

'တပည့်တော်က ကာလကို အရင်နေ့က သင့်အား အသပြာတစ်ရာပေးမယ်လို့ ပြောကာ ကျောင်းကိုလွှတ်ခဲ့ပါတယ်။ နောက်နေ့မှာ အသပြာတွေကို မယူဘဲ ကာလက မစားချင်ပါ။ ဒီနေ့တော့ ပေးပေမယ့်လည်း အသပြာတွေကို သူက အလိုမရှိပါ'

'ဟုတ်တယ်၊ သူဌေးကြီး၊ ဒီနေ့ သင့်သားကာလရဲ့ သောတာပတ္တိဖိုလ်ကပဲ စကြဝတေးမင်းစည်းစိမ်ထက်ရော၊ နတ်ပြည်စည်းစိမ်၊ ဗြဟ္မာ့ပြည်စည်းစိမ်ထက်ပါ မြင့်မြတ်တယ်။'

ဒီတရားအဆုံးမှာ လူများစွာဟာ သောတာပန်စသည် ဖြစ်သွားကြပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၁၂၃)

၂၈၉၅

သာမဏေကျော်
တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၆၆ ခု
၂၅၊ ၁၁၊ ၂၀၀၄

www.dhammaransi.com

မာဂဏ္ဍိယပရိဗိုဇ်၊ ဇောတိကသူဌေး၊
ဗြဟ္မာယုပါမောက္ခ၊ အသောကမင်းကြီး၊
သီဟစစ်သူကြီး စသည့် ဥပါသကာ ၅ဦး
တို့၏ ဖြစ်စဉ်များ

